www.burmeseclassic.com

Quality စာအုပ်တိုက်မှ စီစဉ်သည်။

# သည်းထိတ်ရင်ဖို

ဝတ္ထုတို

မောင်ညိုမြင့်(သန်လျင်) မြဝတီ

မကွေး ညိုစိမ့် ဆွေမြင့်

ထောင်မှူးကြီး ဘိုန်းဝင်း ရဲမြတ်တင်

စိုးတင့်ထူး (မဒူပင်) မင်းနန္ဒရိုက်

ကျော်ဒေးဆွေ စိုး (မူဆယ်)

တွင်းကြီးသား တင်ဝင်းဦး ဂျီးနွန်းကို

BURMESE CLASSIC




www.burmeseclassic.com

www.burmeseclassic.com


# Quality Publishing House
## ၏ စီမံခန့်ခွဲမှုကောင်းမွန်စေသော စာအုပ်များ




အဝအောင်မြင်ရေးအတွက် အရေးအကြီးဆုံး
သင်ခန်းစာ [၁၀] ချက်
တန်ဖိုး - ၂၅၀၀ ကျပ်




လက်တွေ့ဘဝအတွက်
ပျော်ရွှင်ဖွယ် နည်းလမ်းများ
တန်ဖိုး - ၂၀၀၀ ကျပ်

တ် – ၅၀၈/၅၁၂ (၂–ခ) ပထမထပ်၊ ကုန်သည်လမ်း (ဆိပ်ကမ်းသာလမ်းထောင့်)
ံတံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၃၈၃၆၆၄၊ ၃၈၆၈၃၃ qualityph@gm




ဆက်ဆံရခက်သူများနှင့် ဆက်ဆံနည်း — တန်ဖိုး - ၂၀၀၀ ကျပ်

လူများကို အုပ်ချုပ်နည်း — တန်ဖိုး - ၂၀၀၀ ကျပ်

အချိန်ကို အောင်မြင်စွာ စီမံခန့်ခွဲနည်း — တန်ဖိုး - ၂၀၀၀ ကျပ်

ဆက်သွယ်...မြင့်တင်နည်း — တန်ဖိုး - ...


Quality စာအုပ်တိုက်မှ စီစဉ်သည်

Quality Publishing House

အမှတ်-၅၀၈/၅၁၂ (၂-ခ) ပထမထပ်
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်
သရဖီကွန်ဒို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၃၈၃၆၆၄၊ ၃၈၆၈၃၃

www.burmeseclassic.com

www.burmeseclassic.com

နှစ်တစ်ရာပြည့်
အထိမ်းအမှတ်
စိစစ်ထုတ်ထားပြီး
မှာယူသူများအား
အထူးနှုန်းဖြင့်
ရောင်းချပေးပါမည်



Quality Publishing House
အမှတ် ၅၀၈/၅၁၂ (၂-ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃။

http://Quality.myanmaronlinesales.com တွင်
တိုက်မှ ထုတ်ဝေသော စာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

October 1229


မောင်ညိုမှိုင်း (သန်လျင်)
ဘော်ဒီဇိတ် ၈

မောင်မှူးကြီး သိန်းဝင်း
အခန်းလူကြီး မြင့်ဦး ၂၄

ချောမြင့်
သွေးခွက်မှတ်တမ်း ၃၄

ကိုဦးနွန်းကို
သတ္တိခဲမလေး မိနို ၅၁

ရဲပြတ်တင်
အတ္တမျက်လုံး ၆၆

ဝိုး (မူဆယ်
ဆားပုလင်းနေမင်းဓါတ်နှင့် ရှုပ်ထွေးစိတ်သိန္နိုးအစု ၈၉

ဝိုးတင့်ထူး (မအူပင်)
ရိုးမကာလပွဲစား ၉၇

တွင်းကြီးသားတင့်ဝေ [illegible]
နွေလွင်ပြင်မှ နှင်း ၁၀၆

ကျော်ဒေးဝေ [illegible]
ရေစကြိုတံခါးများ ၁၂၄


မင်းနု [illegible]
ဥယျာဉ်ထဲက အသံရှင် ၁၃၄

[illegible]
အမဲလိုက်မုဆိုးရှန် ၁၄၄

မကြူးဦး [illegible]
ဟစ်ကောင်ကျွေး၊ သုံးကောင်စား၊ ကင်းဇုံကော် ၁၆၆


www.burmeseclassic.com

www.burmeseclassic.com




အဖမ်းခံရပြီး အချုပ်ထဲ ရောက်ခဲ့ကြတယ်။

⊙☺⊙

အနောက်ဘက်အချုပ်ထဲမှာ ကျွန်တော်၊အဘချစ်၊ကိုစင်မောင်လေးနဲ့ ကိုလှမြင့်ဦး။

အရှေ့ဘက်အချုပ်ထဲမှာ ကိုကျော်မြင့်နှင့် ကိုအေးသိန်း။

အချုပ်ထဲ ဝင်သည်နှင့် ပုံစံထိုင်ရတယ်။ ပုံစံအထိုင်မကျရင် အစန်းလူကြီးရဲ့အထုအထောင်းခံရတယ်လေ။

ကျွန်တော်ကကံကောင်းတယ်ဗျာ။

အချုပ်စန်းလူကြီး ကျော်သန်းက ကျွန်တော်ကတဲ့ စင်တင်ပြဇာတ်တွေ ကြည့်ဖူးပြီး ကျွန်တော့်ကိုသိနေလို့၊ ပြီး ကျွန်တော့်ညီ ကိုတရုတ်ကြီးနှင့်လည်း သိနေလို့ ပုံစံထိုင်ရတာ သက်သက်သာသာရှိလေရဲ့။

ခံရတာက အရှေ့ဘက်အစန်း ရောက်ကိုကျော်မြင့်နဲ့ ကိုအေးသိန်း။

"ဝုန်း-ဒိုင်း" သံတွေကြားရတယ်။

"ဖောင်း"

"အား"

"ပုံစံထိုင်ဆိုရင် ခါးကို မတ်ရတယ်ကွ"

"ဝုန်း"

"အား"

ဘုရား-ဘုရား-ဒါ-အချုပ်စန်းတဲ့လား။

ကျွန်တော်တို့ကိုကျော်သန်းပြောပြတဲ့အတိုင်း ပုံစံထိုင်ကြတယ်။

ကိုယ်ကိုမတ်မတ်ထား။

တင်ပြင်ခွေ၊ ဒူးပေါ်ကို လက်သီးမှောက်တင်၊

ရှေ့တည့်တည့်ကြည့်၊

"နာမည်"

"ရွှေတင်"

"အဖအမည်"

"ဦးသာဟန်"

"အမှု"

"မသိ"

ဟုတ်တယ်လေ၊ ဘာကြောင့်ဖမ်းခေါ်မှန်းမသိ၊ ခဏလေး-မေးစရာ ရှိလို့ ပါဆိုပြီး ခေါ်လာ၊ အချုပ်ထဲသွင်းကြတာ။

ရဲပါတယ်၊ ထောက်လှမ်းရေးပါတယ်၊ ရဲသတင်းတပ်ဖွဲ့ပါတယ်၊ ခဏလေးပါတဲ့၊ ဘာမှုမှန်းမသိရ၊ မေးလည်းမပြော၊



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနဲ့ - အချုပ်စည်းကမ်းကို ရှေ့က
နေ ပြောတယ်။
ချေးပါ၊ သေးပေါက်စည်းကမ်း။
ညဘက် အလှည့်ကျ ကင်းစောင့်
စည်းကမ်း။
ထမင်းဆွဲ၊ ညှိတွေ့စတာတွေကို
ရှင်းပြတယ်။ ကျွန်တော်တို့က အလွတ်
မှတ်ထားရတယ်။
ရေချိုးရင် ဖလားနဲ့ငါးခွက်၊
ချေးပါရင် ဖလားတစ်ခွက်သုံး။
စက္ကူ၊ အဝတ် မသုံးရ။
ညဘက် ချေးပါချင်ရင် ကင်းသမား
ကို ချေးပါလို့ အော်ပြော၊ ကင်းသမားက
(ဒါ)လို့ပြောရင် အိမ်သာကိုသွား။
ကိစ္စပြီးလို့ ကိုယ့်အိပ်ရာရှိရာ ပြန်
ရောက်ရင် "ရောက်" လို့အော်ရတယ်။
ကျွန်တော်တို့လည်း ညဘက်ကင်း
စောင့်ရတာပဲ၊ အချုပ်သားတိုင်း အလှည့်
ကျ နှစ်နာရီခွဲပြီး အိပ်နေတဲ့အချုပ်သား
တွေကို ပုဆိုးနဲ့ ခြင် ယမ်းပေးရတယ်။
အချင်းချင်း ပစ္စည်းမခိုးအောင်
စောင့်ကြည့်ပေးရတယ်။
အခု - ကျွန်တော်တို့ပုံစံထိုင်နည်းနဲ့
အချုပ်စည်းကမ်းကို သင်ပေးပြီး နေရာချ
ပေးတယ်။

သမံတလင်းပေါ်မှာ ဂုန်နီအိတ်ခင်း
ပြီးအိပ်။
ဒါ - အချုပ်။
စောင်မပေးဘူး။ ခေါင်းအုံးမပေးဘူး။
ဖျာမပေးဘူး။
အခန်းလူကြီးကပဲ ပုံစံပေးတယ်။
ကျွန်တော်တို့ ကံကောင်းချင်တော့
ဆေးလုံးကြီးရှာက ဓားပြဦးလေး မှတ်
ကြီးပါရှိနေတော့ အချုပ်ထဲမှာ အစက်
အခဲမရှိ။ စာရေးဆရာတွေ၊ ဂီတသမား
တွေမှန်းသိပြီး လေးလေးစားစား ဆက်
ဆံစံရတယ်ခင်ဗျ။
စံနေရတာက ကိုကျော်မြင့်နဲ့
ကိုအေးသိန်း။
သူတို့နှစ်ဦးပုံစံကလည်း အေးသိန်း
က စုတ်ဖွားဖွား။
ကိုကျော်မြင့်က အသံသြောင်နာနာ
မို့ အခန်းလူကြီးရဲ့ အရိုက်အနက် အထု
အထောင်းခံရတယ်။ အချုပ်ထဲလည်း
မရောက်ဘူးတော့ ကြောက်တာပေါ့။
ကြောက်တော့ အမှားအယွင်းတွေ
ဖြစ်၊

ဖြစ်ရမလားဆိုပြီးထု။
ဗုန်း၊ ခွမ်း၊ အီး၊ အား၊ အင့် တွေ
ညံနေပြီ။
"ဘာမှုလဲ"
"မသိ"
"မသိဦးကွာ"
"ဗုန်း"
"အင့်"
ကျွန်တော်တို့လူနှစ်ဦးကို ခေါင်းတုံး
နဲ့ ဗလကောင်းကောင်း၊ ဂင်တိုတိုလူက
မေးလိုက်၊ ကန်လိုက်။ မြင်ရရျက်မသက်
သာတော့ အခန်းလူကြီး ဦးလေးမှတ်
ကြီးနဲ့ ကိုကျော်သန်း (အို ဘားမား
ဘလပ်)ကို ပြောရတယ်ဗျ။
"ဦးလေး - အစအရိုက်ခံရတဲ့လူက
ကျွန်တော်တို့အဖွဲ့ကပါ၊ လူအေးလူ
ကောင်းပါ - ကူညီပါဦး ခင်ဗျ"
ကိုခင်မောင်လေးနဲ့ အဘချစ်က
လည်း ဝင်ပြောပြပေါ့။
ဒါနဲ့ - ကိုကျော်သန်းက အခန်း
လူကြီးချင်း ခေါ်ပြောရတယ်။
ဒီတော့မှ ကိုကျော်မြင့်တို့ အရိုက်
ခံရခြင်းက သက်သာသွားတယ်ဗျာ။
ဒါ - အချုပ်ပဲဗျာ။

99

ကျွန်တော်တို့ငါးဦး ကံကောင်းချင်
တော့ တစ်ခန်းတည်း အတူနေရတယ်။
အခန်းကကျဉ်းတော့ ငါးယောက်အိပ်
ရတာ ကျပ်တာပေါ့။ တိုက်ခန်းထဲရှိတာ
ဖျာစုတ်တစ်ချပ်။ ခြေရင်းမှာ ချေးအိုး
ဂန်ဖလား ပလတ်စတစ်ဇလုံနဲ့
သေးအိုး၊ ချေးအိုးက ချေးပါပြီး
ဖွဲပြာနဲ့ ပြန်အုပ်ထားတော့ ချေးနံ့က
ငွေ့ငွေ့ရနေတုန်းပေါ့ဗျာ။





www.burmeseclassic.com

www.burmeseclassic.com

အချုပ်ထဲ ဝင်လာသူကို ဦးကျိုးအောင် ဖမ်းနိုင်ကွပ်တာပဲ။

တရားတာ၊ မတရားတာ မပြောနဲ့။

ကိုကျော်မြင့်နဲ့ ကိုအေးသိန်းကိုပုံစံပေးနေတဲ့ အခန်းလူကြီးက လူသတ်သမားဗျ၊ လူသတ်သမားဆိုလို့ ရှယ်တူချင်း ဓားနဲ့ခုတ်၊ လုံနဲ့ထိုးသတ်တဲ့ လူသတ်သမားမဟုတ်ဘူး။

(၈)နှစ်အရွယ်ကလေးမလေးကို နားကပ်ချွတ်ယူပြီး ရေတွင်းထဲ ပစ်ချသတ်တဲ့လူ။

နောက်နေ့မနက်မိုးမလင်းခင် ကျွန်တော်တို့ကို ဒေါက်လှမ်းရေးနဲ့ ရဲသတင်းတပ်ဖွဲ့က မျက်နှာအဝတ်စွပ်ပြီး လာခေါ်သွားတော့မှ အဲဒီအခန်းလူကြီး လန့်သွားတယ်။

ဘာမှများပါလိမ့်။

မျက်နှာအဝတ်အိတ်စွပ်ပြီးလာခေါ်သွားတယ်ပေါ့၊

ဒါလိုမျိုး - သူတို့ မမြင်ဖူးဘူးလေ။

ကျွန်တော်တို့(၆)ဦးကိုသတ်ဖို့ခေါ်သွားတာလား။

စဉ်းစားကြသတဲ့၊ ဝမ်းနည်းကြသတဲ့၊

ကျွန်တော်တို့ မသေပါဘူးဗျာ၊ ထဲကြောရေးမှာတစ်နေ့တစ်ခုစစ်ပြီးအချုပ်ထဲပြန်ပို့ကြတယ်။

ဒီတော့မှ - ကျွန်တော်တို့(၆)ဦး (၈၈)အရေးအခင်းကိစ္စမှန်းသိပြီး သူတို့ ရှိန်သွားကြတယ်ဗျား။

☺☺☺

ကျွန်တော်တို့ ကံကောင်းတယ်ခင်ဗျ။

ကျွန်တော်တို့ အမှုကြီးတွေကို အင်းစိန်အကျဉ်းထောင် ပို့လိုက်တယ်။ ကံကောင်းချင်တော့ ထောင်ပုံစံခန်းကို မရောက်ခဲ့ရဘူး၊ တန်းပြီးတိုက်ထဲထည့်လိုက်ကြတယ်၊ ထောင်ပုံစံခန်းက မြို့အချုပ်ပုံစံထက် သာသတဲ့။

ကိုကျော်မြင့်နဲ့ ကိုအေးသိန်းက ဟိုကလေးသတ်တဲ့လူနဲ့ တစ်ခန်းထဲ အတူကျနေရတယ်။

အင်းစိန်တိုက်ထဲမှာလည်းငါးဦးနေရတဲ့အချိန်၊

(၈၈)အရေးအခင်းမှာ လှုပ်ရှားတဲ့ နိုင်ငံရေးသမားတွေ၊ လူသတ်ခေါင်းဖြတ်တွေကို တရကြမ်းဖမ်းထည့်ချိန်လို့၊



ကလေးသတ်တဲ့ လူသတ်သမား သူလည်းပါရော၊

တိုက်ထဲမှာကောင်းကောင်းအဖြင်းခံရသတဲ့၊

ကလေးကိုမှ သတ်ရမလားကွဆိုပြီးတိုက်ထဲ အလျင်ရောက်နေတဲ့ အာဂလူသတ်သမားကြီးတွေက ဝိုင်းဖွဲ့တာတဲ့၊

သင်းကောင်မလှုပ်ရဲဘူးတဲ့ဗျာ၊

ကိုကျော်မြင့်နဲ့ ကိုအေးသိန်းကိုတော့ ပုဒ်မ ၅(ည)မှန်းသိပြီး လေးလေးစားစား ဆက်ဆံကြလေရဲ့တဲ့၊

ဒီနေရာမှာကိုအေးသိန်းအကြောင်း ပြောချင်တယ်ဗျာ၊

ကျွန်တော်တို့ငါးဦး ကံကောင်းချင်တော့ တစ်ခန်းတည်း အတူနေရတယ်၊ အခန်းကကျဉ်းတော့ ငါးယောက်အိပ်ရတာကျပ်တာပေါ့၊ တိုက်ခန်းထဲရှိတာဗျာ ကုတ်တစ်ချပ်။

ခြေရင်းမှာ ချေးအိုးဂန်ဖလား လတ်စတစ်ဖလုံနဲ့ ဆေးအိုး၊ ချေးအိုးက ချေးပါပြီးဖွဲ့ပြာနဲ့ပြန်ဖုံးထားတော့ချေးနံ့တာ ငွေ့ငွေ့ရနေတုန်းပေါ့ဗျာ။

တစ်ယောက်များ ချေးပါနေရင် ကျန်လူလေးဦးက မျက်နှာလွှဲနေရတယ်၊ နှာခေါင်းပိတ်ထားရတယ်။

အစကနဦး တိုက်ထဲ ရောက်လာစကအလေးသွားလို့မရဘူး၊ ထမင်းစားလို့မရဘူး၊ ထမင်းဟင်းက တာလပေါ်ဟင်းအရည်ကျဲ၊ ငါးပိစိမ်းစားက လယ်သန်းများခန့်၊ ချဉ်ပေါင်က အရိုးအမြစ်မှာ ရွှံ့စွဲပါသေးတယ်။

ထောင်ဝင်စာလည်း ပိတ်ထားတော့ အိမ်သားတွေနဲ့ တွေ့ခွင့်မရ၊ အိမ်ကလည်း ဘာမှပို့လို့မရ၊ ဆေးလိပ်တောင် မသောက်ရ၊

နောက်ဆုံးအသက်မသေရအောင် ကြိတ်မှိတ်စားရတယ်၊

ချေးနံ့ကို ဂရုမစိုက်ပဲ မျိုချရတယ်။

ဗိုက်နာလာတော့လည်း မရုက်နိုင်တော့ဘူးဗျာ၊ ချေးအိုးဂန်ဖလားပေါ် တင်ပါးတင်ပြီး ပုဆိုးလှန်ယိုရတာပဲ၊

ဒီမှာ အရှက်ကြီးတဲ့ ကိုအေးသိန်း အီးပါလို့မရဘူး၊

အဲဒါ ရက်ကြာသွားတယ်ဗျာ၊

www.burmeseclassic.com

www.burmeseclassic.com

သူ လုံးဝဝမ်းမသွားတော့ဘူး၊ နောက်ဆုံး ဗိုက်နာလွန်းလို့ညစ်ပါလိုက်ရော၊ စမြင်းတောင့်ပြီး သွေးတွေ ပါလာတယ်၊ ဒီအချိန်တုန်းက ဆေးရုံကို ပြဖို့ လွယ်တဲ့အချိန်၊

ကိုအေးသိန်း သွေးဝမ်းတွေသွားပြီး လူလည်း ကြာလေ ရုပ်ပျက်လာတယ်၊ အနံ့အသက်ကလည်း ဆိုးလာ၊ ရေကလည်း မချိုးရတစ်ရက်၊ ချိုးရတစ်ရက်၊

ဒီလိုနဲ့ တိုက်ထဲမှာ နေရတဲ့ရက် ကြာလာတယ်၊

ရုံးချိန်းထွက်တော့ ကိုအေးသိန်းကို ကြည့်ပြီး သူ့မိန်းမက ငို၊ ရုံးချိန်းထွက်မှ အိမ်ထမင်းဟင်းလေး ကျွန်တော်တို့ စားရတယ်၊ ဝတ်ဝတ်နဲ့ စားတာကြည့်ပြီး မိသားစုတွေက မျက်ရည်ကျ၊

☺☺☺

တော်ပါသေးရဲ့ဗျာ၊

ကျွန်တော်တို့အားလုံး တိုက်ကနေ အဆောင်ကို ပြောင်းရပါရော၊

ဝမ်းသာလိုက်တာ၊ တိုက်ထဲမှာ လှောင်ပြီးယောက်အိပ်ရတာ၊ ချေးအိုး၊ သေးအိုးခြေရင်းထားပြီး အနံ့ခံအိပ်ရ၊ စားရတာလေဗျာ၊

အဆောင်ရောက်တော့ ပျော်တာပေါ့ဗျာ၊

ကျွန်တော်တို့နေရတဲ့အဆောင်က ထောင်အုတ်ရိုးနဲ့ကပ်လျက် နှစ်ထပ်ဆောင်ဗျ၊ ဟိုတုန်းက အမျိုးသမီးဆောင်တဲ့၊

(၈၈) အရေးတော်ပုံပြီးတော့ တိုက်ထဲက အချုပ်သားပုဒ်မ ၅(ည) နဲ့ လူသတ်ဓားပြအမှုကြီးတွေကိုထားတဲ့အဆောင်ဝင်ဗျ၊

ကျွန်တော်တို့က အပေါ်ထပ်မှာနေရတယ်၊

အပေါ်ထပ်မှာ တက္ကသိုလ်ကျောင်းသား ၅(ည) တွေနဲ့ အလုပ်သမား ၅(ည)၊ လူသတ်ခေါင်းဖြတ် အချုပ်သားတွေ အတူနေရတယ်၊

ကိုယ့်အစုလေးနဲ့ ကိုယ်ပေါ့ဗျာ၊

ထမင်းစားချိန်ရောက်ရင် အပေါ်ထပ်ကနေ အောက်ကိုဆင်း၊ မြေပြင်လမ်းကျယ်မှာ ထမင်းဆွဲရတယ်ဗျ၊

အပေါ်ထပ်အဆောင်ပေါ်မှာပဲ စုစားစား၊ မြေပြင်က သင့်ရာနေရာမှာပဲ စုစားစား၊ စားလို့ရတယ်၊

စားပြီးရင် မြေပြင်အဆောင်နံဘေးမှာ လမ်းလျှောက်မိတ်ဆွေသစ်တွေနဲ့ အသိဖွဲ့၊ သူ့အမှု၊ ကိုယ့်အမှု ပြောကြဆိုကြ၊ လေကောင်းလေသန့်လည်း ရှူရ၊

ကျွန်တော်တို့အဆောင်ရဲ့ အောက်ထပ်မှာက နယ်အလုပ်စခန်းက ပြန်လာတဲ့ အကျဉ်းသားတွေကိုထားတယ်၊

(၈၉) ခုနှစ်တုန်းက ဒီအဆောင်ကို "ဂ" ဆောင်လို့ ခေါ်ကြတယ်ဗျာ၊ နာမကျန်းဖြစ်နေတဲ့ အလုပ်စခန်းပြန်တွေ၊ ထောင်ပြောင်းတွေကိုထားတာ၊

အားလုံးနီးပါး ပိန်ချုံးပြီး မျက်တွင်းဟောက်ပက်နဲ့ချည်းပဲ၊

ဒီမှာ ကျွန်တော်တို့ရဲ့နေရင်းမြို့က ရောက်နေတဲ့ အချုပ်သားမြို့သားတွေလည်း ပြန်တွေ့ရပြီး ပျော်ကြပေါ့ဗျာ၊

ကိုစိုးမြင့်ကြီး ရောက်လာတယ်၊

အခန်းလူကြီးကိုကျော်သန်းကိုပြန်တွေ့ရတယ်၊

ကိုစိုးမြင့်ကြီးက ပုဒ်မ ၆(၁) နဲ့ ရောက်နေတာ၊ မြို့အချုပ်မှာတုန်းက ကိုစိုးမြင့်ကြီးကို ကျွန်တော်တို့ ကူညီ... တယ်လေ၊

အခန်းလူကြီးတစ်ဦးက ကိုစိုးမြင့် ကြီးကို နှိပ်စက်အနိုင်ကျင့်တယ်၊ ကိုစိုး မြင့်က ပြောရှာတယ်၊ ဝါလည်း ထောင် ပြန်ပါကွာ၊ ဘော်ဒါစိတ်လေးထားပါကွာ တဲ့၊

မရဘူးဗျာ၊

အခန်းလူကြီးတစ်ဦးက ထောင်ပြန် အချင်းချင်း ဘော်ဒါစိတ်မထားဘူး နောက်မှုနဲ့ အချုပ်ထဲရောက်ရင် အချုပ် သစ်ပဲတဲ့၊

ထောင်ကျဖူးတယ်ဆိုပြီး ခံပြောရ မလားဆိုပြီး ရိုက်တယ်၊ ကန်တယ်၊ ဗုံး ထိုင်ခိုင်းတယ်၊

သူတို့ချင်းလည်း သိပြီးသားတွေ ထောင်ကျဖက်တွေ၊ ကိုစိုးမြင့်ကြီးက ဓားစုတ်မှုနဲ့ အလျင်ထောင်ကျဖူးတယ် တဲ့၊

ကိုစိုးမြင့်ကြီးကို ပုံစံထိုင် တန် ကျောက်ပြီးမှ အိပ်သာနားမှာ သွားအိပ် လို့ အိပ်စရာနေရာချခဲ့တာကို၊

ကျွန်တော်တို့ စာရေး[illegible]ရာတွေ သူ့ကို သနားလို့ [illegible]စရာတွေ ပေး



www.burmeseclassic.com

www.burmeseclassic.com

"(၈၉)ခုနှစ်တုန်းက ဒီအဆောင်ကို "ဂ" ဆောင်လို့ ခေါ်ကြတယ်ဗျာ။ နာမကျန်းဖြစ်နေတဲ့ အလုပ်စခန်းပြန်တွေ၊ ထောင်ပြောင်းတွေကိုထားတာ။ အားလုံးနီးပါး ပိန်ချုံးပြီး မျက်တွင်းဟောက်ပက်နဲ့ ချည်းပဲ။ ဒီမှာ ကျွန်တော်တို့ရဲ့ နေရင်းမြို့က ရောက်နေတဲ့ အချုပ်သားမြို့သားတွေလည်း ပြန်တွေ့ပြီး ပျော်ကြပေါ့ဗျာ။



ဆေးလိပ်လေးတွေပေး၊ စောင့်ရှောက်ရတာပေါ့။

ဒီလိုပေးရတာလည်းအခန်းလူကြီး လုပ်တဲ့ သူ့ အရှေ့ခန်းကို ပြောင်းထည့်ထားလို့ပဲဗျ။ သူက စွာလွန်းအားကြီးတော့ ဒီအခန်းထဲမှာထားရင် ပြဿနာများမှာစိုးလို့ တာဝန်ရှိသူတွေက အခန်းပြောင်းပေးလိုက်တာ၊

သူ ဟိုဘက်အခန်းရောက်လို့ ကိုစိုးမြင့်ကြီးကို ကျွန်တော်တို့ဆေးလိပ်လေး၊ ကွမ်းလေး၊ စားစရာလေး ကူညီနိုင်တာ၊

ကိုစိုးမြင့်ကြီးလည်း ထောင်ထွက်လူမိုက်ပေမယ့် စကားပြောယဉ်ကျေးပါတယ်ဗျာ၊ လူကြီးလူကြီးမှန်း၊ လူငယ်လူငယ်မှန်း နားလည်တယ်၊

ဆဲရေးတိုင်းထွာ မရှိပါဘူး။

အချုပ်ထဲလူတွေက သူ့ကို သနားကြတာပေါ့၊

ကျွန်တော်တို့လည်း ပေးရဲ၊ ကျွေးရဲတာပေါ့ဗျာ၊

ဒီတုန်းက သူက ကျွန်တော်တို့ကို ပြောခဲ့တယ်၊

"ဆရာညို့မှိုင်းတို့၊ အဘချစ်တို့ရဲ့ ကျွန်တော်လည်းထောင်ခဏခဏကျခဲ့တဲ့လူပါဗျာ၊ ထောင်ကျအချင်းချင်း အကြောင်းအားလျော်စွာ အချုပ်ထဲ၊ ထောင်ထဲ ပြန်ဆုံကြရင် ဘော်ဒါစိတ်ထားရတယ်ဗျ၊ အနိုင်မကျင့်ရဘူး၊ ဒီကောင် အင်းစိန်ကိုရောက်ရင် တွေ့မှာပေါ့ဗျာ၊ ကျွန်တော်လည်း ဒီအမှုနဲ့ ထောင်ကျမှာ - ဆရာမှိုင်းရာ၊ ကျွန်တော်က ထောင်ထဲပြန်ရောက်ရင် ဆေးရုံကြီးမှာပြန်ကျမှာပါ၊ အလျင်တုန်းကလည်း ထောင်ကျဘဝနဲ့ထောင်ဆေးရုံမှာ ဆေးရုံအကူလုပ်ခဲ့ရတာပါ၊ ဆရာမှိုင်းတို့၊ အဘချစ်တို့လည်း အင်းစိန်ထောင်ကို ရောက်ရမှာပါ၊ တိုက်ထဲရောက်နေရင်တော့ ကျွန်တော်ကူညီလို့ရဘူးပေါ့၊ အဆောင်ကိုရောက်ရင် ကျွန်တော် လာတွေ့ပါ့မယ် - စိတ်ချ"

အခု - ကျွန်တော်တို့ အဆောင်ကို ရောက်နေပြီ၊

အဆောင်ရောက်တယ်ဆိုတော့ ကျွန်တော်တို့ အသိ ထောင်မှူးကြီး ဦးသန်းစိန် ရောက်လာပြီး လိုအပ်သလို အပ်နှံပြောဆိုသွားခဲ့၍ ကျွန်တော်တို့ အနေချောင်ခဲ့ရတယ်၊

ရုံးထုတ်အဆောင်မှာ ကြိုတင်ညအိပ်ရရင် အင်းစိန်သား အခန်းလူကြီး ကိုအောင်ကြီးက စောင့်ရှောက်တယ်၊ ကျွန်တော်တို့(၆)ဦး ပုံစံထိုင်စရာမလိုဘူး၊ ဖျာပေါ်မှာ လွတ်လပ်စွာ နေခွင့်ရတယ်၊

ကိုအောင်ကြီးက ရုံးညအိပ်ဆောင်မှာ ညအိပ်ရင် ကရေကရာမုန့်တွေ ရှာဖွေဖန်တီးယူလာပြီး ကျွေးသေးတယ်ခင်ဗျ၊

ကိုအောင်ကြီးရော၊ ဦးသန်းစိန်ရော ကျွန်တော်တို့ထောင်ထဲမှာရှိစဉ် စောင့်ရှောက်ကူညီကြတာ ကျေးဇူးတင်ရပါတယ်ဗျာ၊

ဟော - ကိုစိုးမြင့်ကြီး ရောက်လာပြီဗျာ၊

အလို - ကိုယ့်လူက ဂျူတီကုတ်ကြီးဝတ်လို့၊

ဆရာဝန်အလားထင်ရ၊

www.burmeseclassic.com

နောက်မှာလည်း နောက်တော်ပါ
တပည့်တွေနဲ့၊
"အဘချစ်"
"ဟာ - ကိုစိုးမြင့်"
"ဆရာမှိုင်း - ကိုစင်မောင်လေး"
နာမည်တွေခေါ်ပြီး အားရပါးရဖက်
လို့နှုတ်ဆက်တယ်ဗျာ၊
"အဘတို့ - ဆရာမှိုင်းတို့ (၇)
ဆောင်မှာ ရောက်နေကြပြီကြားလို့လာ
တာ ဘာအကူအညီလိုသလဲပြော၊ ဟော့
အခန်းလူကြီးလာစမ်းဟေ့၊ ဟောဒါ
ငါ့မိတ်ဆွေနဲ့ ဆရာသမား စာရေးဆရာ
တွေ စားရေးသောက်ရေး ကြည့်ပေး
နော်"
"စိတ်ချပါ - ကိုစိုး၊ ကျွန်တော်တို့
ကြည့်ပါတယ် ခင်ဗျ"
"အောင်ကြီး"
"အေး - စိုးမြင့်ကြီး - ပြော"
"ငါ့လူ စာရေးဆရာတွေ ကွာ
င်းလဲ"
"စိုးမြင့် - ငါရုံးထွက်အောင် ညအိပ်
ပိုင်း စောင့်ရှောက်ပါတယ်ကွ - မေး
ကြည့်"

"ဟုတ်တယ် - ကိုစိုးမြင့် ဈေး
ကိုအောင်ကြီးရော၊ ဦးသန်းတိုင်ရော
ဆရာကြီး ဦးထွန်းခင်တို့ရော စောင့်
ရှောက်ပါတယ်ကွယ်"
"ကိုအေးသိန်း နေမကောင်းဘူး
ဆို"
"ဟုတ်တယ် - ဟိုမှာ"
ကိုစိုးမြင့်ကြီး ကြမ်းပြင်ပေါ်မှာ လှဲ
နေတဲ့ ကိုအေးသိန်းကို မေးကြည့်တယ်၊
"ဘယ်လိုဖြစ်တာလဲ၊ ကိုအေးသိန်း
ရာဟင်"
"တိုက်ထဲမှာနေတုန်းက ဝမ်းသွား
ရမှာရှက်ပြီး အောင့်ထားရာက တကယ်
ဝမ်းသွားရော စမြင်းတစ်ပြီး သွေးပါတာ
ကနေ သွေးဝမ်း ဝမ်းကိုက်ဖြစ်သလိုမျိုး"
"ဆေးရုံတက်လို့ရအောင် ကျွန်
တော်လုပ်ပေးမယ် - အဘ"
ကိုစိုးမြင့်အကူအညီနှင့် ကိုအေး
သိန်းထောင်ဆေးရုံမှာတက်ခွင့်ရတယ်၊
သို့သော် တစ်ညပဲအိပ်ပြီး ကိုအေးသိန်း
ပြန်ပြေးခဲ့ပါရောဗျာ၊
အဲဒီနေ့ညက ဆရာဝန်ကြီး မရှိ
ဘူး၊

ကိုအေးသိန်း ဝမ်းရောဂါ "ဂီ" လူနာ
တွေနဲ့ အတူနေရတယ်၊ ဒီမှာ ချေးသေး
လူးလူး၊ နံနံစော်စော်၊ ပေပေရေရေတွေ
မြင်ပြီး ပြန်ပြေးခဲ့တာ၊
ဆေးရုံမတက်ပါရစေနဲ့တော့၊ ရှုံလွန်း
လို့ သေရပါလိမ့်မယ်တဲ့၊
နောက်ဆုံး ကိုစိုးမြင့်ကြီးကောင်းမှု
နဲ့ ဆေးရုံက ဝက်သားပြုတ် (စွပ်ပြုတ်)
နေ့တိုင်းစားရရှာတယ်ဗျာ၊
ဆေးရုံမကျန်းမာသူအတွက် စွပ်
ပြုတ်ဝက်သားတုံးက တော်တော်ကြီး
တယ်ဗျ၊ အဲဒီလူမမာက စွပ်ပြုတ်ဝက်
သားတုံးနဲ့ ကျွန်တော်တို့မျှဝေပြီး ထောင်
ထမင်း၊ ပဲဟင်း၊ ဘာလပေါ်နဲ့ ရက်အတန်
ကြာ စားခဲ့ရတယ်၊
ကျေးဇူးပါပဲ - ကိုစိုးမြင့်ရေ၊
ကိုအေးသိန်း၊ ဆေးရုံလူမမာစာ
လေးစားပြီး အသားအရည်စိုစပြုလာ
တယ်၊ သို့သော် သွေးဝမ်းက သွားနေ
တုန်းပဲ၊
တစ်နေ့လည်းကျရော မောင်အေး
သိန်းရောဂါကို ကုသမည့်ဆရာတစ်ဦး
ပေါ်လာ၊ ရောက်လာပါရောဗျာ၊

သူ့နာမည်က တရုတ်ကြီး၊
ကျောက်တန်းသား၊
သုဝဏ္ဏမြို့နယ် နာမည်ကြီးလူမိုက်
ဗျ၊
ကိုလှမြင့်ဦးရဲ့အသိ၊ ကိုလှမြင့်ဦးက
လည်း ကျောက်တန်းသားကိုး၊ တရုတ်
ကြီးက (၈၈) အရေးအခင်းမှာ လူသတ်
ခေါင်းဖြတ်တဲ့ လူကြမ်းလူမိုက်ဗျာ၊
အရေးအခင်းကာလ ထောင်ထွက်
လူရမ်းကားလူမိုက်တွေကို ခေါင်းဖြတ်
သတ်ခဲ့တဲ့လူ၊
သူ့မျက်နှာတစ်ပြင်လုံးကလည်း
ချုပ်ရိုးတွေ ပြည့်နေတာပဲ၊ လူကြမ်းမှန်း
သိတာပေါ့ဗျာ၊
အသားဖြူဖြူ ဗလကောင်းကောင်း
ဗျ၊
သဘောတော့ ကောင်းတယ်ဗျာ၊
ကိုလှမြင့်ဦးနဲ့ တွေ့ပြီး အဆောင်ထို
ရောက်လာတာ၊
ဒီမှာ - ကိုအေးသိန်းရဲ့ သွေးဝမ်း
ရောဂါအကြောင်း သိသွားပြီ -
"ဆေးရုံမတက်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com

"ရွံ့လို့ ပြန်ဆင်းလာခဲ့တယ် ကိုတရုတ်ကြီးရာ"

"ကိစ္စမရှိဘူး၊ ညနေ - ကျွန်တော် ဆေးယူရခဲ့တယ်။ နှစ်ရက်နဲ့ ပျောက်ရမယ်"

"လုပ်ပါ - ဆရာရယ်"

ညနေထမင်းစားချိန်ရောက်တော့ ကိုတရုတ်ကြီး ရောက်လာတယ်။လက်ထဲမှာ ဆေးပင်ပါလာတယ်။

"ဒါ - မီးတွင်းဂမုန်းခေါ်တယ် ကိုအေးသိန်း။ ခင်ဗျား ထမင်းစားရင်း နှစ်ရွက်လောက်ကို ငါးပိနဲ့ တို့စရာလုပ်ပြီးစား။ ဒီအတိုင်းစားလည်း ရတယ်ရော့"

မီးတွင်းဂမုန်းကို ကြားဖူးတယ်ဗျ။

အချို့အိမ်တွေမှာ စိုက်ထားတာ နှောင်အခါမြင်ရတယ်၊

ဒါနဲ့ - ညနေက ထမင်းနဲ့ မီးတွင်းဂမုန်းနှစ်ရွက်ကို ကိုအေးသိန်း ငါးပိစိမ်းစားနဲ့ တို့စားတယ်၊

ညအိပ်ပြီး မနက်မိုးလင်းလို့ အိမ်သာကိုသွားရော၊ အံ့ဩစရာပဲဗျာ။ ဝမ်းသွားတာ သွေးမပါတော့ဘူး။

ခမျာ ဝမ်းသာလွန်းလို့၊

ကိုတရုတ်ကြီးက နောက်နေ့ သတင်းလာမေးတယ်၊

သွေးဝမ်းရပ်သွားတယ်သိတော့ ထပ်ခူးလာပေးတယ်၊ ကိုအေးသိန်း ယုံယုံကြည်ကြည်ကိုစားတယ်။ဟော - ဝမ်းကောင်းသွားပြီ၊ နဂိုပုံမှန်ဝမ်းဖြစ်သွားပြီ။ ကိုတရုတ်ကြီးကို ကျွန်တော်တို့ ကျေးဇူးတင်လိုက်တာဗျာ။

"တောင်ထဲမှာ ဝမ်းကိုက်ရင် သွေးဝမ်းပါရင် ဒီမီးတွင်းဂမုန်းပဲ စားကြမယ် ဆရာ။ အပြင်ရောက်ရင် အိမ်မှာ စိုက်ထားပါ"

ကိုတရုတ်ကြီး တော်တယ်ဗျာ၊

သူ လူမိုက်ကြီးပါ၊ နာမည်ကျော် လူမိုက်ကြီးပါ၊

လူသတ်သမားစစ်စစ်ကြီးပါ၊

လူမိုက်တွေကို ဓားနှင့် ရှင်းခဲ့သူပါ၊

သို့သော် သူ့ရင်ထဲမှာ နလုံးသားလှလှရှိတယ်၊

သူ့ရင်ထဲမှာ ဘော်ဒါစိတ်ရှိတယ်၊

ကိုတရုတ်ကြီးတို့၊ ကိုစိုးမြင့်တို့၊ ကိုအောင်ကြီးတို့ဟာ ဆိုးမိုက်ပါသော်လည်းအရင်းခံစိတ်ကောင်းရှိတဲ့ဘော်ဒါ စိတ်က သူတို့ဘဝကို လှစေတာပဲ၊ လိုအပ်ရင် လူသားစိတ်ဓာတ် ထုတ်သုံးနေတာပဲ၊

ကိုတရုတ်ကြီးကို သေဒဏ်ချလိုက်တယ်လို့ ကျွန်တော်တို့ထောင်ကထွက်တော့ကြားရတယ်၊ စိတ်မကောင်းလိုက်တာဗျာ၊

ဟော - ကံကောင်းချင်တော့ ကိုတရုတ်ကြီး လွတ်ငြိမ်းချမ်းသာခွင့် ခံစားရပြီး နှစ်အတန်ကြာမှာ ထောင်က ပြန်ထွက်လာတယ်လို့ ကြားရတယ်၊

ဝမ်းသာလိုက်ပါဘိ၊

မောင်ညိုမှိုင်း(သန်လျင်)

- နေအိမ်အရှေ့ မြောက်မှာ ရွှေကျီးသာမှု လာဘ်ရဒုံး။
- ရှေ့ တူရူမှာသာလေလျှင် ချမ်းသူလာလတ္တံ့။
- မြောက်အရပ်ကသာမူ သတင်းကောင်း ကြားရလတ္တံ့။
- အိမ်ရှေ့ ကျီးသာလျှင် ကောင်းကျိုးပြုမည့် ဧည့်သည်လာတတ်သည်။
- အိမ်နောက်ဖေးက ကျီးသာမှု မိမိအိမ်မှာ ထမင်းစား၊ မိမိအိမ်မှ ပစ္စည်းချေးငှားပြီး ဒုက္ခပေးမည့် ဧည့်သည်လာလတ္တံ့။




www.burmeseclassic.com

www.burmeseclassic.com

# နာနာဘာဝ

ဝတ္ထုတိုများ




ဒဂုန်ရွှေမျှား







www.burmeseclassic.com

www.burmeseclassic.com

# စရိုက်စုံ လူစုံသော
# ထောင်တွင်းကမ္ဘာလေး
# တစ်ခု၏ ရှုပ်ထွေးပွေလီသော
# လူ့ဘဝစခန်းအကြောင်း
# တစ်စေ့တစ်စောင်း ..

**မြင့်ဦး** ဆိုတာက လူသတ်မှုနဲ့ ထောင်ကျပြီး သေဒဏ်ကလွတ်လို့ ထောင်အကျ်(၁၀)နှစ်ကျတဲ့ အကျဉ်းသားတစ်ဦးပါ။ ထောင်ထဲမှာက လူသတ်မှုဆိုတာ ဗိုဒ်မကောင်းတယ်။ စစ်တပ်က အမှုဖြစ်လို့ထောင်ကျလာရင်လည်းအမှုကောင်းတယ်။ ထောင်ပိုင်တွေကနေရာကျောင်းပေးပြီး ထောင်ထဲမှာ ကြည့်ရှုစောင့်ရှောက်ကြတယ်။ အဲဒီအချိန်အခါက သူတို့ခေတ်လေဗျာ။

ဒါကြောင့် – မြင့်ဦးကို ထောင်ပိုင်ကိုယ်တိုင်က အခန်းလူကြီး ပေးထားရတာ။ သူက ဗိုလ်မှူးသားလေး၊ ထောင်ထောင်မောင်းမောင်း ဇလကောင်းကောင်းနဲ့ ရုပ်ကလည်း ဖြောင့်ပါတယ်။ ခေါင်းတုံးဆံတောက်ဆံပင်နဲ့ နံ့စပ်တဲ့ လူလည်ကြီးသားသမီးပါပဲ၊ ထောင်ထဲကို ဝင်လိုက်ထွက်လိုက်နဲ့ မကြာခဏရောက်ဖူးနေတော့ ထောင်အရာရှိ ဝန်ထမ်းတွေနဲ့ပါ ခင်မင်ရင်းနှီးပြီး ထောင်တန်ခွေဖြစ်နေသူပေါ့။ မြင့်ဦးဆိုရင်ထောင်လောကမှာ ထောင်ဝန်ထမ်းအကျဉ်းသား၊ အချုပ်သားအားလုံး သိကြတာပေါ့ဗျာ။ ဒါကြောင့် မြင့်ဦးနေရာ ရတာယ်။ ထောင်ထဲမှာ လူတွင်ကျယ်လုပ်နိုင်တယ်။ တပည့်မွေးတယ်၊ အကြံအဖန်လုပ်တယ်။

ထောင်ဆိုတာကလည်း မတော်ထောင်သားသမီးကိုအုပ်ချုပ်ရတဲ့နေရာ အကြီးဆုံးက ထောင်တာဝန်ခံအရာရှိဖြစ်တဲ့ ထောင်ပိုင်ကြီး သူ့အောက်က ထောင်ပိုင်ကလေး ထောင်မှူးကြီးနဲ့ ထောင်မှူးတွေပဲ အောက်မှာ ဝန်ထမ်းအကြပ်၊ တပ်သားအဆင့်ဆင့်ရှိသေးတယ်။ ဥပမာအားဖြင့် အိပ်ဆောင်ကြီးတစ်ဆောင်မှာဆိုရင် အဆောင်မှူးကြီးက ထောင်မှူးကြီး၊ ထောင်မှူးကထောင်မှူးလေးပေါ့၊ အောက်တပ်ကြပ်ကြီးက ဒုတိယအဆောင်မှူး သူ့ဇာတ်မှာ ဝန်ထမ်းနဲ့ ရဲဘက်ဘုတ်အသီးသီး ရှိသေးတယ်။

အလျင်က အိပ်ဆောင်ကြီးတွေက အင်္ဂလိပ်ခေတ်လက်ရာနှစ်ထပ်အိပ်ဆောင်ကြီးတွေ အောက်ထပ်ကတော့ သမံတလင်းခင်းထားပြီး ပြောင်လက်နေတာပဲ၊ သန့်ရှင်းရေးဘုတ်က အမြဲတမ်းတိုက်ချွတ်နေရတာ၊ တိုင်လုံးကြီးတွေက (၁၂" × ၁၂")ပေပတ်လည် ပျဉ်းကတိုးအနှစ်၊ တိုင်လုံးကြီးတွေ ဖြောင့်ထွန်းညီညာနေတော့တာပဲ၊ အခန်းအပြင်ဘက်က လေဝင်ပေါက်အလင်းရောင်ဝင်ပေါက်)တွေကိုတော့ တစ်ကျပ်လုံး သံချောင်းတွေစိုက်ပြီး ဝါးမူးထု ထုတဲ့သံပြားတွေနဲ့ ဖောက်ပွပ်ထားတာအနိုင်အခန့်ပဲ၊ အတွင်းဘာသောတန်းကတော့ (၄" × ၂") ကျွန်းသားချောင်းတွေနဲ့ (၂")လက်မခြားပြီး ကာရံထားတာ၊ တစ်ဖက်အုတ်နံရံမှာလည်း တစ်ကျပ်လုံးသံတိုင်တွေနဲ့ အပေါက်ဖောက်ထားပေမယ့် အကာအရံ တံခါးပိတ်မရှိဘူး။ အဲ့ဒါမျိုးအကျယ်ပေ(၂၀')၊ အလျားပေ(၁၀၀')လောက်စီရှိတဲ့အခန်းကျယ်ကြီးလေးခန်း၊ အောက်ထပ်မှာရှိပြီး အပေါ်ထပ်မှာလည်း အလားတူအခန်းကျယ်ကြီး(၄)ခန်းပါရှိတယ်။ အပေါ်ထပ်ကတော့ ပျဉ်းကတိုးလျှာထိုးတွေ ခင်းထားတယ်။ ဒီဇယ်ဆီနဲ့မပြတ်သုတ်လိမ်းထားတော့ ရေနံ့ရည်ဝပြီး ပြောင်ချောနေတာပဲ။

ကျွန်တော်တို့ အင်းစိန်ထောင်ရောက်စ ၁၉၇၅ – ၇၆ ခုနှစ်လောက်တုန်းက ထိပ်ဆောင်အောက်ထပ် သမံတလင်းအပေါ်မှာ အကျဉ်းသားတစ်ဦးစီအတွက် (၂')အကျယ် (၆')အလျားရှိပြီး အမြင့်(၃')လောက်ရှိတဲ့ အိပ်ခုတင်တွေ ရှိတယ်။ နောက်ပိုင်း ၁၉၇၇ လောက်မှာ အကျဉ်းသားဦးရေများလာလို့ အိပ်



www.burmeseclassic.com

www.burmeseclassic.com

ခုတင်တွေကိုဖြုတ်သိမ်းပြီးသမံတလင်းပေါ်မှာ နီးရှောရှာခင်းပြီး အိပ်ကြရတာ ကျွန်တော်တို့ သိရှိမိလိုက်တယ်။ အိပ်ဆောင်ကြီးတွေအနီးမှာလည်း တိုးချဲ့အိပ်ဆောင်ကြီးတွေ ထပ်ပြီးဆောက်လာရတယ်၊ အမျိုးသားအိပ်ဆောင်ကြီး(၅)ဆောင်ကထမင်းချက်ဖိုကြီး(အဝိုင်းကြီး)ကို ထိပ်တိုက်ဝန်းရံပြီး တန်းစီစနစ်တကျတည်ဆောက်ထားတာ အုတ်ခဲနီရောင်ရဲရဲနဲ့အင်္ဂလိပ်ခေတ်ကအဆောက်အအုံတွေဖြစ်ကြပေမယ့် ရဲရဲနီပြီး သစ်လွင်တောက်ပနေတာပဲ။ တစ်ဆောင်နဲ့တစ်ဆောင်လည်း အပြိုင်အဆိုင် ရွက်လှပင်နဲ့ ပန်းမျိုးစုံ စိုက်ပျိုးထားကြတာ၊ ဝေဆာပြီးလှပနေတယ်၊ အဲဒီမှာအခရာကျတာက အဆောင်မှူးနဲ့ တန်းစီးပဲ၊ တန်းစီးက အဆောင်တစ်ဆောင်မှာ တစ်ယောက် စီပဲရှိတယ်၊ သူက ထောင်ပိုင်ကြီးကိုယ်တိုင် ရွေးချယ်ခန့်ထားတဲ့ နစ်ကြီး အကျဉ်းသားခေါင်းဆောင်။

အဲဒီတန်းစီးအောက်မှာမှ အခန်းလူကြီး၊ အခန်းစာရေးနဲ့ ဘာယာတွေ ရှိတယ်။ အင်္ဂလိပ်ခေတ်ကတော့ (၈) မှတ်(၁၀)မှတ်(၁၂)မှတ်စသဖြင့်တုတ်ကိုင်ရတဲ့ ဘာယာတွေရှိတယ်။ အခုခေတ်တော့မရှိတော့ပါဘူး၊ ထမင်းဘုတ်ကိုင်၊ သန့်ရှင်းရေးဘုတ်ကိုင်၊ ရေကန်ဘာယာ၊ မိလ္လာဘုတ်ကိုင်၊ အဆောင်တောင်ယာဘုတ်ကိုင်စသဖြင့်သူ့တာဝန်နဲ့သူပါဝါအာဏာရှိကြတယ်၊ ဒုအဆောင်မှူးလက်အောက်က အကျဉ်းသားခေါင်းဆောင်တွေပဲ။ နေရာတကာမှာ ဝန်ထမ်းအင်အားမသုံးဘူး၊ အဆင့်ဆင့်အကျဉ်းသားအင်အားနဲ့ အုပ်ချုပ်တာ၊ မီးကိုသေနေတာပဲ။

အလျင်က ဖိုဝိုင်းကြီးအထဲမှာ ဘွိုင်လာအိုးကြီးရှိတယ်၊ ဒေါးမှာလည်း အိပ်ဆောင်အလိုက် ထမင်းချက်လို့ရတဲ့လေးထောင့်သံမဏိ ထမင်းပေါင်းအိုးကြီးတွေ ရှိသေးတယ်၊ လုံးတီးဆန်ကိုအိတ်လိုက်ပေါင်းတာ၊ ရေနွေးငွေ့နဲ့ဆိုတော့ကျော့နေတာပဲ၊ နောက်ပိုင်းအချုပ်သား၊ အကျဉ်းသားအင်အား များလာပြီးဘွိုင်လာစနစ်မနိုင်တော့လို့ သံစည်ပိုင်းကြီးတွေကို အောက်ပိုင်း ရေထည့်၊ သံဆန်ကာခံပြီး ပွဲမီးဖိုအရှည်ကြီးနဲ့ပေါင်းရတာ၊ အလျင်ဘွိုင်လာစနစ်သုံးတုန်းကလည်းမီးပျိုးချိန်မှာထင်းနဲ့ပျိုးပေမယ့်အချိန်ရလာတော့ဖွဲမီး(စပါးခွံလောင်စာ)သုံးတာ၊ သုံးပြီးသားဖွဲပြာတွေကိုလည်း လွှင့်ပစ်တာ မဟုတ်ဘူး၊ စိုက်ပျိုးရေးသုံးမြေဩဇာနဲ့ မိလ္လာရောင်သုံးပစ္စည်းအဖြစ် ပြန်သုံးတာ၊ ဘယ်ဟာမှအလေအလွင့် မရှိစေရဘူး။ အင်္ဂလိပ်တွေကအလွန်စည်းကမ်းစနစ်နဲ့လူအများအတွက်လုပ်သွားတာ၊ အဲဒီဖွဲပြာတွေကိုအဆောင်တိုင်းရဲ့ မိလ္လာရောင်နားမှာဖုတ်တိုက်လို့ခေါ်တဲ့ အုတ်အဆောက်အအုံ ကလေးရှိတယ်။ အဲဒီအထဲမှာမိလ္လာသုံးဖွဲပြာတွေနဲ့ စိုက်ပျိုးရေးသုံးလက်နက်ကိရိယာတွေကို သိမ်းဆည်းထားတယ်၊ လုံခြုံရေးသော့ကိုတော့ဒုအဆောင်မှူးက ကိုင်တယ်၊ ဒီကိစ္စကလည်း အရေးကြီးတယ်၊ စိုက်ပျိုးရေးလက်နက်တွေအထဲမှာ ပေါက်ပြားနဲ့တူရွင်းတွေလည်းပါတော့ ထောင်ကိုဖောက်ထွင်းတဲ့လက်နက်အဖြစ် အသုံးပြုနိုင်တယ်လေ၊ ဒါကြောင့်အလွန်သတိထားရတယ်၊ မ,တစ်ထောင်သားတွေဆိုတော့ စိတ်မချရဘူး လေ။

✧✧✧

“

အပေါ့နဲ့အလေးကို တစ်ခါတည်း
မသွားရဘူး။ ဘာဖြစ်လို့လဲဆိုတော့
အလေးမစင်ထဲမှာ အပေါ့ရည်ပါလာ
ရင် မိလ္လာသိမ်းသူတွေ မနက်လာသိမ်း
တာနဲ့ ဘောင်ဘင်ခပ်ပြီး ဖိတ်ကျကုန်
မယ်။ မိလ္လာချောင်သွားတစ်လမ်းလုံး
ဖိတ်ကျပြီး နံစော်ကုန်လိမ့်မယ်။
အဲဒါကြောင့် အပေါ့ရည်ကသက်သက်
အလေးမစင်က သက်သက်ခွဲကြရ
တာဟာ အကျဉ်းသား၊
အချုပ်သားထုံးစံပဲ။





www.burmeseclassic.com

www.burmeseclassic.com

မိလ္လာဘုတ်ကိုင်ဆိုတာ နာမည်ဆိုးပေမယ့် ထောင်ထဲမှာတော့ အလွန်စားပေါက်ရောင်တဲ့နေရာပဲ၊ အချုပ်သား၊ အကျဉ်းသား ဘယ်သူမှရှောင်ကွင်းလို့မရတဲ့ နေရာလေ၊ လူဆိုတာ အစားအသောက်စားရင် အပေါ့သွားမယ်၊ အီးပါမယ်၊ အဲဒါတွေက မိလ္လာရှောင်မှာ စွန့်ပစ်ရတာ၊ ထောင်ဝင်စာမှန်တဲ့ လူချမ်းသာတွေလည်း မိလ္လာရှောင်မှာ အပေါ့အလေး စွန့်ကြရတာပဲ၊ အဲ–ထူးတာကတော့ ကိုယ်စွန့်ပြီးသား မစင်ကို တခြားသူတွေလို ဖွဲပြာနဲ့ ပြန်ဖုံးစရာ မလို၊ သန့်စင်ဖို့ရေကိုလည်း မိလ္လာအဖွဲ့က ခပ်ပေးတယ်၊ အဲဒီ့အတွက်တော့အပေါ့အလေးစွန့်သူက ဘုတ်ကိုင်ကို ကျားမသန်းဖွေဆေးပေါ့လိပ်နှစ်လိပ် ပေးရတယ်၊ အဆောင်တစ်ဆောင်မှာ လူပေါင်းထောင်ချီရှိနေတော့ မိလ္လာဘုတ်ကိုင်ရဲ့အခြေအနေကို တွက်လို့ရတယ်၊

နောက်တစ်ခါညရေးညတာအပေါ့အလေးသွားရာမှာ အခန်းမိလ္လာရှောင်မှာ သွားရတယ်၊ အပေါ့သွားဖို့ စဥ့်အိုးကြီးတွေ စီစဥ်ထားသလို အရေးပေါ်အလေးသွားဖို့တော့ မိလ္လာခုံအောက်မှာ စည်ပိုင်းပြတ်ကြီးတွေ ချထားတယ်၊ အလေးသွားမယ်ဆိုရင် ပထမစဥ့်အိုးကြီးတွေအထဲမှာအပေါ့အလျင်သွားပြီးမှ မိလ္လာခုံပေါ်တက်ပြီး အလေးသွားရတယ်၊ အပေါ့နဲ့အလေးကို တစ်ခါတည်း မသွားရဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အလေးမစင်ထဲမှာ အပေါ့ရည်ပါလာရင် မိလ္လာသိမ်းသူတွေမနက်လာသိမ်းတာနဲ့ ဘောင်ဘင်ခပ်ပြီး ဖိတ်ကျကုန်မယ်၊ မိလ္လာရှောင်သွားတစ်လမ်းလုံး ဖိတ်ကျပြီး နံစော်ကုန်လိမ့်မယ်၊ အဲ့ဒါကြောင့် အပေါ့ရည်ကသက်သက် အလေးမစင်ကသက်သက်စွန့်ကြရတာဟာ အကျဉ်းသား၊ အချုပ်သားထုံးစံပဲ၊

မိလ္လာရှောင်မှာလည်း အင်္ဂလိပ်ခေတ်ကတည်းက ဥပဒေပြဋ္ဌာန်းထားတာ၊ တစ်ပေခွဲအကျယ်၊ သုံးပေအနက်ရှိတဲ့ မိလ္လာမြောင်းရှည်ကြီးတွေတူးပြီး မစင်စွန့်ရတာ၊ အထပ်ထပ်ဖွဲပြာဖုံးပြီး မြောင်းပြည့်ခါနီးရင်မြေကြီးပုံးပြီးမြောင်းသစ်တူး၊ နေရာသစ်ရွှေ့ရတယ်။ အဲဒီ့နေရာဟောင်းတွေမှာ အဆောင်တော်ယာစိုက်ကြရတာ၊

သဘာဝလူ့မြေဩဇာဆိုတော့ ရာသီပေါ်အသီးအနှံတွေက အလွန်သန်စွမ်းတယ်၊ နံကိုဥကြီးတွေဆိုရင် လူကြီးလက်သီးဆုပ်လောက်ရှိတယ်၊ မုန်လာဥတွေဆိုရင် လူကြီးလက်မောင်းလောက်ပန်းဂေါ်ဖီတွေဆိုရင် ထွာဆိုင်ကျော်တယ်၊ ဂျပန်ဟင်းနုနွယ်ပင်ကြီးတွေဆိုရင် လူတစ်ရပ်နည်းနည်းမြင့်ပြီး လက်မောင်းလုံးလောက်တုတ်တယ်၊ တတယ့်သန်စွမ်းပြီး ကြီးထွားရတာ၊ လက်တစ်ဖက်စာလောက်ရှိတဲ့မုန်ညင်းထုပ်နဲ့ ထွာဆိုင်လောက်ရှိတဲ့ ဂေါ်ဖီပွင့်ကိုစားဖို့ချက်မယ်ဆိုရင်တော့ ရေစင်စင်ဆေးဖို့သတိထားပေရော့၊ ရေစင်အောင် မဆေးနိုင်ရင်တော့ အလက်ကြား၊ အပွင့်ကြားတွေမှာ မစင်ဖတ်တွေဘယ်တျန်နေရစ်တတ်တယ်၊

အကြောင်းသိ ကျွန်တော်တို့ကတော့ အဆောင်တောင်ယာက ထွက်တဲ့ အသီးအနှံတွေကို မစားဘူး၊ ပြင်ပကရောက်လာတတ်တဲ့ လူကြီးလူကောင်းဧည့်သည်တွေကတော့ ထောင်ထွက်ပစ္စည်းဆိုရင်အလွန်ကြိုက်ကြသတဲ့ဗျာ၊ အလကားလည်း လက်ဆောင်ရသလို ထောင်ထွက်အကျဉ်းသားလုပ်ပစ္စည်းတွေဖြစ်ကြတဲ့ပရိဘောဂပစ္စည်း၊ ခြေနင်းဖုံနဲ့ ဇေကာ်ဇောအမျိုးမျိုး၊ သားရေထည်ပစ္စည်း၊ ကြိုးပုတီး၊ အမျိုးသမီးဆောင်ထွက် လက်ထိုးအဝတ်အထည်ပစ္စည်းအမျိုးမျိုးတွေက ဈေးလည်း အလွန်ပေါပြီး အတော်လည်းခိုင်တော့ အသုံးခံပါတယ်၊ အကျဉ်းသား၊ အကျဉ်းသူတွေဘယ်လိုနည်းနဲ့ စီရင်ထားတယ်ဆိုတာကိုတော့ အပြင်ကလူတွေ မသိကြပါဘူး၊

ငါးမိုးသဓော်သားယိုးဒယားတွေ (ထိုင်းတွေလို့ နောက်မှခေါ်တာ)ကြဲဇန်ပြီးလုပ်ထားတဲ့ ပစ္စည်းလေးတွေအကြောင်းလည်း ပြောရဦးမယ်၊ သူတို့က လက်မှုပညာတော့ အတော်ကျွမ်းသဗျ ထောင်တွင်းကျွေးတဲ့ပုံစံပန်းကန်ပြားက ဒန်သတ္တုနဲ့လုပ်ထားတာ၊ အရင်ကတော့ ပုံစံပန်းကန်ပြားဆိုတာ သံပန်းကန်ကိုကြွေရည်သုတ်ထားတာ၊ အချုပ်သား အကျဉ်းသားတွေက သံပန်းကန်ပြားကိုဖျက်ပြီး ဓားသွေးပြီးဓားလုပ်ကြလို့ နောက်ပိုင်းသံပန်းကန် ဓားဒန်ပန်းကန်တွေကို ပြောင်းပြီးသုံးရတာ၊ အရင်က အကျဉ်းသားသုံးပစ္စည်းတွေကို ကြွေရည်သုတ်သံပန်းကန်ပြား ကြွေရည်သုတ်ဇလုံကြွေရည်သုတ်ဖလားခွက်တွေ

www.burmeseclassic.com

ပဲ အကြမ်းခံနိုင်အောင် ထုတ်ပေးထားတာ၊ ဒန်သတ္တုပစ္စည်းတွေကတော့ မေ့ပါးပြီး ပျက်စီးလွယ်တာပေါ့။ အဲ့ဒါတွေကို ကိုယ်တော်မြတ်ယိုးဒယားတွေကမိလ္လာချောင်မှာ မြေတွင်းတူးပြီး မီးနဲ့ အရည်ကျိုကြတယ်။

အရည်ကြိုပြီး ပုံစံသွင်းတယ်။ FANCY ပစ္စည်းတွေအဖြစ် လက်ကောက်၊ လော့ကက်သီး၊-သော့ချိတ်ကလေးတွေ အမျိုးမျိုးပေါ့။ လက်ရာလည်းအလွန်မြောက်တယ်။အချိုင့်တွင်းကလေးတွေနေရာမှာတော့ ကျောက်မျက်ရောင် စုံစီခြယ်ထားသလိုဖြစ်အောင် အချုပ်သား၊ အကျဉ်းသားတွေလုံးဝအသုံးပြုလို့မရတော့လို့ လွှင့်ပစ်ထားတဲ့ မိလ္လာချောင်အမှိုက်ပုံးထဲက ပစ္စည်းတွေကိုသုံးပြန်တယ်။အဲ့ဒါတွေတသွားပွတ်တံလက်ကိုင်ရောင်စုံကို အရည်ကျိုပြီး ကျောက်မျက်ရောင်စုံအဖြစ် ထည့်သွင်းတာ။ ရောင်ပြန်လိုအပ်ရင်လည်း အောက်က စီးကရက်ဘူးက ငွေရောင်ပြားကို သုံးကြသေးတယ်။ တကယ့်ပညာရှင်တွေပါပဲ၊ နောက်ပြီး ခုန်းသီးခွံအပေါ်ကအာပ်တဲ့အခွံမာရရင်လည်း ပုလင်းကွဲကလေးနဲ့ အချောကိုင်ပုံပေါ်ပြီး လူ့ရိုင်းပုံ၊ ဘုရင်မမျက်နှာစသဖြင့်လည်း သော့ချိတ်လုပ်ကြသေးတယ်၊ အဲ့ဒါတွေက ယိုးဒယားတွေရဲ့ လက်မှုပညာဖလှယ်ရေးပစ္စည်းတွေပဲ၊

မဆလခေတ်တုန်းက ယိုးဒယားငါးဖိုးသဘော်သားတွေကို နိပ်ကွပ်ထားတော့ သူတို့မျောတွေ အလွန်ဆင်းရဲရှာပါတယ်။ သူတို့သံရုံးကလည်း တစ်ခါတစ်ရံမှ လာတွေ့တာဆိုတော့ အစားအသောက်ဆင်းရဲတာပေါ့။ သံရုံးကပေးတဲ့ ထောင်ဝင်စာပစ္စည်းတွေ ကုန်တာနဲ့ အကြံအဖန်လုပ်စားကြရတော့တာပဲ၊ သူတို့က ကြွက်ဖမ်းလည်းအလွန်တော်တယ်။ ကြွက်တစ်ကောင်ရတာနဲ့ ဟင်းချက်ရောင်းတော့တာပဲ၊ ထောင်ထဲမှာက အသားဟင်း အလွန်ရှားတာကိုး။ အရောင်းအဝယ်လုပ်ရာမှာလည်း ထောင်ထဲမှာငွေကြေးမကိုင်ကြရတော့၊ ပစ္စည်းချင်း တန်ဖိုးသင့်ပြီး ဖလှယ်ကြရတာ။ ဒါတွေ ဘာကြောင့် ပြောနေရသလဲဆိုတော့ဒီအကြံအဖန်ကိစ္စတွေက



အုပ်ချုပ်သူတွေ မျက်ကွယ်ဖြစ်တဲ့ မိလ္လာချောင်က စတာလေ။ မိလ္လာချောင်မှ အကြံအဖန်သမားတွေ လူစုံတာကိုး။

ထောင်မှာ အလျင်က ထောင်မင်းသားတို့၊ တန်းစီးတို့ (၁၀)မှတ် (၁၂)မှတ်ဘာယာတွေရှိပေမယ့်ဒီဘက်ခေတ်မှာတော့ မရှိတော့ဘူး။ အခန်းတိုင်းမှာ အခန်းလူကြီး အခန်းစာရေးနဲ့ ဘာယာတွေ ဘုတ်ကိုင်တွေပဲ ရှိတော့တယ်။ အဆောင်တစ်ဆောင်ရဲ့ထိပ်ဆုံးအခန်းဟာ လူသစ်ပုံစံခန်းပဲ၊ အကျဉ်းသား၊ အချုပ်သားလူသစ်တွေဟာ ပုံစံခန်းဝင်ပြီး အကျဉ်းထောင်အတွင်း နေရေးထိုင်ရေးကိစ္စတွေကို သင်ယူကြရတယ်။

⟡◇⟡

လူသစ်မှတ်ပုံတင်၊ ဆရာဝန်ပြ၊ အလုပ်တာဝန်ခွဲကြရတယ်။ ဒါကြောင့် အဆောင်တစ်ဆောင်ရဲ့ ပုံစံအခန်းလူကြီးဆိုတာ အုပ်ချုပ်သူလူကြီးတွေနဲ့ အမြဲတမ်းထိတွေ့နေရပြီးအဆောင်သားမှန်သမျှသူ့ပုံစံခန်း၊ သူ့လက်အောက်ကထွက်တာချည်းပဲ။ ဒါကြောင့် ပုံစံအခန်းလူကြီး မြင့်ဦးဟာ အချုပ်သား အကျဉ်းသားတွေအပေါ်မှ ဩဇာညောင်းတယ်၊ အရာရှိနဲ့ ဝန်ထမ်းတွေကိုလည်း ထဲထဲဝင်ဝင် ပေါင်းသင်းနိုင်တဲ့အခွင့်အရေးရှိတယ်။ အထက်ရော အောက်ပါ ဝင်ဆန့်သူဆိုပါတော့၊ ဒါကြောင့်ပုံစံခန်း၊ အခန်းလူကြီး မြင့်ဦးတို့ တပည့်ပေါတယ်၊ အပေါင်းအသင်း၊ဆရာသမားများတယ်၊ လာဘ်လာဘ ရွှင်တယ်ဆိုပါတော့၊

၂/ဆောင်၊ ပုံစံခန်း အခန်းလူကြီးမြင့်ဦးရဲ့ဘုရားခန်းကြီးကလည်းအလွန်သပ္ပာယ်တယ်၊ ပန်းမျိုးစုံဝေနေတာပဲ။ မနက်တိုင်း အင်းစိန်ဈေးက ဘုရားပန်းတွေက သူ့အဆက်အသွယ်နဲ့သူ့ရောက်လာတတ်တယ်။ မြင့်ဦးရဲ့ အခန်းကိုရောက်လာတတ်တဲ့ အချုပ်သားအသစ်တွေကအရာရှိုးဝန်ထမ်းတွေနဲ့ပတ်သက်ဆက်နွယ်သူတွေကအလွန်များသကိုး။ တစ်ခါတစ်ရံ ထောင်ပိုင်ကြီးအထိထည်ဆိုသူတောင် ပါသေးတယ်၊ အဲဒီတော့



www.burmeseclassic.com

www.burmeseclassic.com

အခန်းလူကြီး မြင့်ဦး စန်းပွင့်တာပေါ့၊ ဒါကြောင့် တစ်ခါတစ်ရံ ကျွန်တော်က အချုပ်သား လူသစ်ကြည့်ရင်း–

"မြင့်ဦး – မင်းအခန်းက လူများလှချည်လား၊ လူဟောင်းတွေကို လျှော့ဦး" လို့ ပြောလိုက်ရင် မြင့်ဦး စိတ်ညစ်သွားမယ်ထင်ပါသလား၊ အဲဒီ့မြင့်ဦး ခွင်ပဲ၊ အပ်ထည်ဆိုပေမယ့် မပေးကမ်းနိုင်ရင် အခန်းအပြောင်းအရွှေ့ထဲ ပါကရော၊ မြင့်ဦးက အဲ့လိုကောင်၊ အခွင့်အရေးသမား၊ ဆက်ဆံရေးက အလွန်ညက်တယ်၊ သူ့အောက်မှာလည်း အခန်းစာရေးနှစ်ယောက်နဲ့ အခန်းထိန်းတွေက အင်အားအလွန်ကောင်းတာကိုး၊ မြင့်ဦးတို့နေ့လယ်စာညစာ စားရင်းသွားကြည့်နရသီဟဝတေ့ (တရုတ်ပြေးမင်း) လို ဟင်းခွက် (၁၀၀) မပြည့်ပေမဲ့ စုံနေတာပဲ၊ ညွှလူစစ်ဆေး၊ အိပ်တန်းပိတ်ပြီး ည (၉) နာရီအိပ် ချိန်မတိုင်မီ အခန်းလူကြီးမြင့်ဦးတို့ဘုရားခန်းက စကားဝိုင်းတာလည်း အလွန်စည်ကားတယ်၊ လက်ဖက်၊ ချင်းသုပ်၊ ချိုချဉ်၊ ရသာအစုံနဲ့ ရေနွေးကြမ်းဝိုင်း၊ မြင့်ဦးကို အနိပ်တော်စက်သူတွေကလည်း အတော်များတယ်။

ကျွန်တော် အဆောင် (၂) မှာ အဆောင်မှူးထောင်မှူး ဦးထွန်းခင်တဲ့၊ တစ်ကအရာခံဗိုလ်အဆင့်နဲ့ ပြောင်းလာတာ၊ နောက်တျပြီး ကံမကောင်းတော့ သူများတွေလို ထောင်မှူးကြီးမဖြစ်ဘဲ ထောင်မှူးအဆင့်သာ ရရှာတာ၊ ဒါကိုလည်း သူက ကျေနပ်ပုံမရပါဘူး၊ ပါတီကောင်စီ အစည်းအဝေးတွေ ကျရင် သူက တာဝန်ခံအရာရှိကိုတောင် ခနဲ့တဲ့တဲ့နဲ့ ရိတတ်တယ်။

ဦးထွန်းခင်နဲ့ အမြဲတမ်းတွဲတာက ကျွန်တော်တို့ အချုပ်ရုံးက တပ်ကြပ်စံသိန်းဆိုတာပဲ၊ သူကအသုဘကိုယ်တားလုယ်၊ အကျဉ်းသားအချုပ်သားကိစ္စတွေသာမက တစ်ထောင်လုံးမှာရှိတဲ့ အရာရှိဝန်ထမ်း၊ မိုရိုသူတွေရဲ့ နာရေးကိစ္စမှန်သမျှ အတုန် သူတာဝန်ယူတယ်၊ သူတို့ဆရာတပည့် နှစ်ယောက်တွဲပြီး ထောင်ကကားတစ်စီးတောင်းသွား၊ အပြန်အမြဲတမ်း မိုးချုပ်တာပါပဲ၊ အဲ့ဒါက ၁၉၈၆ ခုနှစ်လောက်ကပါ၊ ကိုကျော်သူတို့ ထောင်နာရေးကူညီမှု အသင်းတွေ မတည်ထောင်၊ မကူညီနိုင်ကြသေးပါဘူး၊ ဒါကြောင့် – ကျွန်တော် သူတို့နှစ်ဦးကို နောက်ကွယ်မှာ ချီးကျူးမိပါတယ်၊ အများတကာမလုပ်ချင်၊ မလုပ်နိုင်တဲ့ကိစ္စကို စိတ်ရောကိုယ်ပါကူညီကြတယ်ဆိုပြီးတော့ပေါ့။

အဲ – သူတို့နှစ်ယောက် ပြန်လာရင်တော့ စားသောက်ပြီး မူးလာကြတယ်၊ ဒါကလည်းကာယကံရှင်တွေက ကျေးဇူးတင်လွန်းလို့ ပြန်လည်ပြုစုလိုက်လို့ပဲ ထင်ပါတယ်၊ နောက်မှ အကြောင်းစုံသိရတာကတော့ ကျွန်တော်တို့အချုပ်ရုံးက အကျဉ်းသားခေါင်းဆောင်မှူနားကို ထောင်ပိုင်ကြီးက အကြံအဖန်လုပ်မှုနဲ့ တိုက်ပိတ်ပြီး အရေးယူတော့မှ ပေါ်လာတော့တာပဲ၊ မှူနားက သူတို့နှစ်ဦး အပြင်ထွက်သုံးနိုင်ဖို့အတွက် ရှာဖွေပေးရတယ်၊ အခန်းလူကြီး မြင့်ဦးက ထောက်ပံ့ပေးရတယ်၊ မှူနားကို စစ်ဆေးလို့ အဖြစ်မှန်ပေါ်လာပေမယ့်နောက်ဆုံးခေါ် ယူသတိပေးခံရတာက ကျွန်တော်ပါ၊ အောက်လက်ငယ်သားကို နိုင်နင်းစွာ ကိုင်တွယ်ပြီး မအုပ်ချုပ်နိုင်လို့တဲ့လေ၊ ကောင်းကြသေးရဲ့လားဗျာ၊

➻ ထောင်မှူးကြီး သိန်းဝင်း

- ကြွက်များ တစ်ကောင်အမြီးကို တစ်ကောင်က ကိုက်ဆွဲကာ အတွဲလိုက် ဖြစ်နေသည်ကိုမြင်လျှင် ထီပေါက်တတ်သည်။ နိမိတ်ကောင်း။
- မိမိထံသို့ ကြွက်သားအုပ်မ ပြေးလွှားလာပါက အဖိုးတန်ရတနာများ ရတတ်သည်။
- ကျွဲနှစ်ကောင်ခတ်နေသည်ကို မြင်ပါက မိုးရာနတ်များက မကျေနပ်၍ နှောင့်ယှက်တတ်သည်။ သို့မဟုတ် မိမိကို မကျေနပ်သူက နတ်စုန်းတို့နှင့် တိုက်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လူအချို့ကို
ပိပိရိရိသတ်ခဲ့သည့်
စိတ္တဇလူသတ်သမား
တစ်ယောက်၏
နောက်ဆုံးခြေလှမ်း ..

**တရုံး** ရုံးခန်းတစ်ခွင်လုံး တီးတိုးတီးတိုး သဖန်းပိုးအသံများသည် တစ်စတစ်စ တိတ်ဆိတ်စပြုလာချေပြီ။ လှုပ်ရှားမှုများသည် ပင်ပတောတိမ်မြုပ်သက်နေလေပြီ။

မကြာမီ တရားသူကြီး ထွက်လာတော့မည်ဟူသော အတွေးကိုယ်စီဖြင့် အတွင်းခန်းမ၏ တံခါးပေါက်ဘက်သို့ မကြာခဏ အကြည့်များ ရောက်ရှိသွားကြသည်၊ ရုံးခန်းတွင်းရှိ အမှုနှင့်ပတ်သက်သမျှ ပရိသတ်အားလုံး အကြီးအကျယ် စိတ်လှုပ်ရှားနေကြသည်။

မထင်မှတ်သောကာလတွင် အတွင်းခန်းမတံခါးပေါက်မှသပ်ရပ်သားနားစွာ ဝတ်စားဆင်ယင်ထားသော ပုဂ္ဂိုလ်တစ်ဦး ထွက်လာသည်၊ ထိုသူသည် စက်ရှင်တရားသူကြီး ဦးမင်းစည်သူဖြစ်ကြောင်းအထူးတလည်ကြော်ငြာနေစရာ မလိုပါချေ။

ရုံးခန်းတစ်ခုလုံးတွင် သူ့ထက်ပို၍ ဥပဓိရုပ်ကောင်းသော မှန်ရည်ခန့်ညားသူ ဟူ၍ ရှိနိုင်းစရာမရှိ၊ အားလုံးတစ်ယောက်မကျန် နှုတ်ဆက်သတိပေးစရာ မလိုပဲနှင့်တစ်ညီတစ်ညွတ်တစ်ပြိုင်နက်တည်း မတ်တတ်ရပ်လိုက်ကြသည်။

ဦးမင်းစည်သူကိုယ်တိုင် ထည်ဝါခမ်းနားသော ကနုတ်ပေါင်တပ်ကျွန်းသားကုလားထိုင်ကြီးပေါ်တွင် ကျေနပ်နှစ်သိမ့်စွာသမာဓိဖြင့် နေရာယူလိုက်သော

www.burmeseclassic.com

အခါကျမှ ရုံးခန်းတစ်ခွင်လုံး ပြန်လည်ထိုင်လိုက်ကြသည်။

တရားရုံး၏ ရှေ့ဘက်စာရေးသည် ပြုမြဲထုံးစံအတိုင်း တရားခံငမိုးဖြစ်ကြောင်း အတည်ပြု ကြေညာရသည်။ ထို့နောက် ဆက်လက်၍ ရှေ့ဘက်စာရေးက တရားခံငမိုးနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

“အခု - တရားသူကြီးမင်းက တရားခံငမိုးကို ပြစ်ဒဏ်စီရင်တော့မှာဖြစ်တဲ့အတွက် ရိုသေလေးစားစွာ နားကြားပါ” ဟု သတိပေးသည်။

ထိုအခါ တရားခံငမိုးသည် မတ်တတ်ရပ်လိုက်ပြီးလျှင် လက်ထိတ်ခတ်ထားသော လက်နှစ်ဖက်ကိုလက်အုပ်ချီသည့် အနေအထားမျိုးဖြင့် ရင်ဘတ်ရှေ့တွင် ထားရှိသည်။ ဦးခေါင်းကို တည့်မတ်စွာဖြင့် အမိန့်စီရင်ချက်ကို နာခံရန် အသင့်ဖြစ်နေလေပြီ။

စက်ရှင်တရားသူကြီး ဦးမင်းစည်သူသည် စီရင်ချက်ရေးထားသောအမိန့်စာရွက်ကို ဦးခေါင်းငုံ့လျက် ဖတ်နေသည်။ နောက်ဆုံးစာပိုဒ်ဖြစ်သည့် ...

“ပြစ်မှုကျူးလွန်သူ တရားခံငမိုးအား မသေမချင်း ကြိုးကွင်းစွပ်သတ်စေ”

ဟူ၍ ရွတ်ဖတ်လိုက်သည့်အခိုက်အတန့်တွင် တရားသူကြီးဦးမင်းစည်သူအနေနှင့် တရားခံတိုင်း၏မျက်နှာကို မကြည့်ဖြစ်စေရန် အတတ်နိုင်ဆုံး စိတ်ထိန်းချုပ်ထားရန် ကြိုးစားသည်။ သို့ရာတွင် ထိုကြိုးစားထိန်းချုပ်မှုမှာ မအောင်မြင်ခဲ့ပါချေ။ တရားခံ၏မျက်နှာကိုစတ္တန့်ပိုင်းမျှဖြစ်စေ ဖျတ်ခနဲ ကြည့်မိလေသည်။

ယင်းကဲ့သို့ကြည့်မိလိုက်သည်နှင့် တစ်ပြိုင်နက် သေမိန့်ပေးခြင်းခံရသော လူသတ်မှု တရားခံ၏မျက်နှာသည် အကြီးအကျယ် ကြေကွဲဝမ်းနည်းလျက် စိတ်ထိခိုက်မှု၏ အဆုံးစွန်သောခံစားမှုကြောင့်လုံးလုံးလျားလျားမျက်စိမျက်နှာပျက်သွားသည်။

သူနေထိုင်ခဲ့ရာ ကမ္ဘာလောကကြီးထဲမှ အပြီးတိုင် ထွက်ခွာရတော့မည်။ ပတ်သက်ရာ ပတ်သက်ကြောင်း တွယ်တာမှုသမုဒယသံယောဇဉ်များကိုလည်း တိတိပပ ဖြတ်တောက်ရတော့မည်ဖြစ်ကြောင်း အသိစိတ်တွင် အပြင်းအထန်ခံစားလိုက်ရသည်။

ယင်းသို့သော မျက်နှာအသွင်သဏ္ဌာန်တစ်ခုလုံး ပကတိညှိုးချုံးသွားသည်ကို မြင်လိုက်ရသော စီရင်ချက်ချမှတ်သူတရားသူကြီးသည်လည်းတရားခံ၏ခံစားမှုရောင်ပြန်ဟပ်ကာရင်ထဲတွင် ဝေဒနာ တနင့်တပိုး ဖြစ်ပေါ်သွားသည်။

ထိုအခါစီရင်ချက်ပြစ်ဒဏ်ရေးသားထားသောအမိန့်စာ၏အောက်ခြေလက်မှတ်ထိုးရမည့်နေရာတွင် ကလောင်တံဖြင့် ရေးထိုးလိုက်ပြီးလျှင် ထိုကလောင်တံ၏ နှစ်သွားကို စားပွဲပေါ်တွင် ဖိချိုးလိုက်ရသည်။

ထို နောက် တရားသူကြီးသည် ရုံးခန်းအတွင်းဘက် လက်ဆေးကြွေခွက်တွင် မိမိ၏လက်ချောင်းများ လက်ဖမိုးနှင့် လက်ဖဝါးတို့ကို ဆပ်ပြာဖြင့်ပယ်ပယ်နယ်နယ် ဆေးကြောပြီးနောက် စိုနေသောလက်တစ်စုံလုံး လက်သုတ်ပုဝါဖြင့် ခြောက်သွေ့သည်အထိ ပွတ်သုတ်သန့်စင်ရလေသည်။

ယင်းသို့သေမိန့်ပြစ်ဒဏ်စီရင်ချက်ကို လက်မှတ်ရေးထိုးခဲ့သည့် ကလောင်တံ၊ လက်ဆေးသောဆပ်ပြာ၊ လက်သုတ်သောပုဝါ အစရှိသည်တို့ကို ထိုနေ့အတွက် တစ်ကြိမ်သာလျှင် အသုံးပြုပြီးနောက် စွန့်ပစ်ဖယ်ရှားလိုက်ရသည်။

ဤသည်မှာ ဗြိတိသျှအစိုးရလက်ထက် စက်ရှင်တရားသူကြီးတို့၏လုပ်ရိုးလုပ်စဉ် (လူသားအချင်းချင်း သေဒဏ်စီရင်ချက် ချမှတ်ပြီးနောက်) စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဖြေဖျောက်သောနည်းလမ်းတစ်ခု ဖြစ်ခဲ့ဖူးသည်။

❀❀❀

စက်ရှင်တရားသူကြီး ဦးမင်းစည်သူသည် လူသတ်မှုတရားခံတို့အပေါ်တွင်သေဒဏ်စီရင်ချက် ချပြီးသည့်အခါတိုင်း ရက်သတ္တတစ်ပတ်မျှ ခွင့်တင်၍ အနားယူလေ့ရှိသည်။

အချိန်ကာလအားဖြင့်ကြာမြင့်လာသော စက်ရှင်တရားသူကြီးဘဝတွင် ဦးမင်းစည်သူသည် သူ၏အတွေးအာရုံထဲတွင်နက်ရှိုင်းသော သုံးသပ်မှုတစ်ရပ် အမြစ်တွယ်လာတော့သည်။

“ဘာကြောင့် - ဒီလိုပြစ်မှုတွေ ကျူးလွန်ကြတာလဲ၊ အဲဒီပြစ်မှုက ဘာဖြစ်လို့ မလွတ်နိုင်ရတာလဲ။ တကယ်တမ်းပြစ်မှုကျူးလွန်တဲ့လူကို တရားခံအဖြစ်နဲ့ ပြစ်ဒဏ်စီရင်မိတာမှ ဟုတ်ရဲ့လား။ ပြစ်မှုကျူးလွန်ပြီး လွတ်မြောက်နေတဲ့ လူသတ်သမားတွေရော မရှိနိုင်ဘူးလား၊ လူမသတ်ပဲနဲ့ လူသတ်မှုတရားခံအဖြစ် သေစားသေစေ ပြစ်ဒဏ်ချမှတ်ခြင်း





www.burmeseclassic.com

www.burmeseclassic.com

"
လျောင်အိမ်ထဲမှ သူ့လက်ကို
ပြန်ဆွဲထုတ်လိုက်သောအခါ
သူ့လက်တွင်းရှိ ကြက်တူရွေးလေး
သည် ဆန့်ငင်ဆန့်ငင်ဖြင့် နစ်ချက်မျှ
အကြောဆွဲပြီးနောက် လုံးဝအသက်ရှူ
ရပ်တန့်သွားသည်။ ထိုအခါ
သူ့လက်ချက်နှင့် ဇီဝိန်ကြွေသွားသော
ကြက်တူရွေးကို ဖျောက်ဖျက်
မြေမြှုပ်လိုက်ရသည်။



ခံသွားရသူတွေရော ဘယ်လောက်နစ်နာဆုံးရှုံးမှုတွေ များနေပြီလဲ"

ဟူ၍ဦးမင်းစည်သူသည်စမ်းသပ်မှုတစ်ခု ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ကြည့်ရန် သန္နိဋ္ဌာန် ချမှတ်လိုက်လေသည်။

၀၁၀

ဦးမင်းစည်သူအနေနှင့် ကနဦးအစတွင်လူသားတစ်ယောက်ကိုစမ်းသပ်ရန် အလွန်တရာ ဝန်လေးနေသည်။ ထို့ကြောင့် စစချင်း အခြားသက်ရှိ သတ္တဝါတစ်ကောင်ကိုပထမဆုံးဇီဝိန်ခြွေကြည့်ရန် ဆုံးဖြတ်ခဲ့သည်။

သူက ညှော်ခန်းဆောင်ထဲရှိ ဆိုဖာကြီးပေါ်တွင်ထိုင်လျက်သားအနေအထားဖြင့် ဧည့်ခန်းဝန်းကျင်ကို မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်သည်။ သူနှင့် ခြေသုံးလှမ်းစာအကွာတွင်ငှက်လျောင်အိမ်တစ်ခုထုပ်တန်းမှတွဲလောင်းထားသည်ကိုမြင်လိုက်ရသည်။

အစိမ်းရောင် လှပသစ်လွင်သောငှက်လျောင်အိမ်လေးဖြစ်သည်။အတော်အတန် ကျယ်ဝန်းသောကြောင့် အစိမ်းရောင် ကြက်တူရွေးတစ်ကောင်အဖို့သက်သာချောင်ချိစွာ နေထိုင်သည်။ လျောင်အိမ်ထဲတွင်အစာခွက်နှင့်ရေခွက်တစ်ခွက်စီပြည့်ပြည့်ဝဝ ထားပေးသည်။ လျောင်အိမ်ပြင်ပသို့ထွက်ခွင့်မရသည်မှအပ အစာရေစာ ပြည့်စုံစွာ စားသောက်နားနေနိုင်သည်။ ထိုကြက်တူရွေး၏အမည်ကို ရွှေဂဲဟုခေါ်ကြသည်။

ဦးမင်းစည်သူသည် သူ၏စိတ်ကိုယတိပြတ် ဆုံးဖြတ်ချက် ချလိုက်သည်။ သူ့ခြေလှမ်းကို ငှက်လျောင်အိမ်ရှိရာသို့ တုံ့ဆိုင်းခြင်းမရှိ၊ ပုံမှန်အတိုင်းလျှောက်သွားသည်။ လျောင်အိမ်တံခါးကို ဖွင့်လိုက်သည်။အတွင်းရှိကြက်တူရွေးလေးကို ဖမ်းရန် လက်လှမ်းသည်။

ထိုအခါ ကြက်တူရွေးလေးက ဦးမင်းစည်သူ၏လက်ညှိုးကို ဖျတ်ခနဲဆိတ်သည်။ ငှက်ပင်ဖြစ်သော်လည်း သူ့အား အန္တရာယ်ပြုမည့်လူထံမှ ထွက်ပေါ်နေသောအနံ့အသက် ရရှိသွားသောကြောင့်လား၊ သို့တည်းမဟုတ် ဦးမင်းစည်သူ၏အသွင်သဏ္ဍာန်က(ထိုအခိုက်အတန့်တွင်) ဆိုးသွမ်းရက်စက်ကြမ်းကြုတ်သည့်ရုပ် ဖြစ်ပေးနေ၍လားမသိ၊ ကြက်တူရွေးသည် (ခါတိုင်း ဦးမင်းစည်သူအား ယဉ်ပါးနေပါလျက်) ယခုအခါတွင် အထိတ်တလန့်ဖြင့် မိမိကိုယ်မိမိကာကွယ်သည့် အလား ရုတ်တရက်လှမ်းဆိတ်လိုက်ခြင်းဖြစ်သည်။

ဦးမင်းစည်သူသည် လျောင်အိမ်တွင်းမှသူ၏လက်ကိုချက်ချင်းပြန်ထုတ်လိုက်သည်။ ထိုနောက် သူ့လက်ညှိုးပထမအဆစ်တွင်အရေပြားအနည်းငယ်စုပ်၍ သွေးစို့နေသည်ကို တွေ့ရသဖြင့် ဒေါသဖြစ်သွားသည်။

ထို့ကြောင့် နောက်ထပ်တစ်ကြိမ်လျောင်အိမ်တွင်းသို့လက်ဖဝါးဖြန့်ထည့်ကာကြက်တူရွေးရှိရာသို့လက်တစ်ဆန့်ဆန့်လိုက်ပြီးနောက် ကြက်တူရွေး၏လည်ပင်းကို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်သည်။

လျောင်အိမ်ထဲမှသူ့လက်ကိုပြန်ဆွဲထုတ်လိုက်သောအခါ သူ့လက်တွင်းရှိကြက်တူရွေးလေးသည်ဆန့်ငင်ဆန့်ငင်ဖြင့် နစ်ချက်မျှ အကြောဆွဲပြီးနောက် လုံးဝအသက်ရှူရပ်တန့်သွားသည်၊ ထိုအခါ သူ့လက်ချက်နှင့် ဇီဝိန်ကြွေသွားသော ကြက်တူရွေးကို ဖျောက်ဖျက်မြေမြှုပ်လိုက်ရသည်။

ရွှေဂဲပျောက်ဆုံးခြင်းနှင့်ပတ်သက်၍ အိမ်သူအိမ်သားမိသားစုအားလုံး





www.burmeseclassic.com

www.burmeseclassic.com

က ဦးမင်းစည်သူကြောင့် မည်သူကမှ မထင်ကြပါချေ။ အိမ်ဖော်မလေးက လှောင်အိမ်ထဲသို့ အစာရေစာ ထည့်ပြီးနောက် လှောင်အိမ်တံခါးကို သေချာအံကျ မပိတ်ခဲ့သောကြောင့် ကြက်တူရွေး ပျံသန်းထွက်ပြေးသွားသည် ဟူ၍ အားလုံးက တစ်ညီတစ်ညွတ်တည်း သတ်မှတ်လိုက်ကြသည်။

၃ ၃

ဦးမင်းစည်သူ၏ ဒုတိယအကြိမ် စမ်းသပ်လေ့ကျင့်သောပစ်မှတ်မှာ အိမ်တွင် မွေးထားသော တယ်ရီယာအမျိုးအစား ခွေးပုလေး ဖြစ်သည်။ ချစ်ပုဟု အမည်ပေးထားသည်။ ချစ်ပုသည်အလွန်အလိုက်သိတတ်သောကြောင့်တစ်အိမ်လုံးက ချစ်ကြသည်။ ဦးမင်းစည်သူ၏ မြေးငယ် ဘောလုံးကန်သောအခါ ချုံပုတ်ထဲသို့ ဘောလုံးရောက်သွားလျှင် ချစ်ပုက ခြုံထဲသို့အပြေးအလွှားတိုးဝင်၍ ဘောလုံးကိုကိုက်ချီယူဆောင်ပေးသည်။

ဈေးဝယ်သွားသော အိမ်သူအိမ်သားများပြန်လာလျှင် ဆွဲခြင်းတောင်းကို ကူဆွဲပေးသည့် သဘောမျိုး၊ ဆွဲခြင်းလက်ကိုင်ကိုကိုက်ချီတတ်သည်။ ဦးမင်းစည်သူ မနက်စောစောတစ်ကြိမ် ညနေစောင်းတစ်ကြိမ် လမ်းလျှောက်ထွက်တော့မည့်အချိန်ရောက်သည့်အခါတိုင်း မည်သူကမျှ မခိုင်းမစေပဲနှင့် လမ်းလျှောက်တုတ်ကောက်ကိုကိုက်ချီသယ်ဆောင်ပေးသည်။

တစ်ညနေတွင်ဦးမင်းစည်သူသည် ချစ်ပုအမည်ရှိ ခွေးလေး သယ်ဆောင်ပေးသော တုတ်ကောက်ကို လှမ်းယူ၍ လမ်းလျှောက်ထွက်ခဲ့သည်။ ခွေးလေး ချစ်ပုက ရှေ့သို့ ဖြတ်ကျော်ပြေးလိုက်၊ တစ်ခါတစ်ရံ နောက်မှလိုက် လာလိုက် စသဖြင့် မြူးထူးပျော်ပါးလာသည်။

ဦးမင်းစည်သူအနေနှင့် သူ၏စမ်းသပ်မှုအတွက် ချစ်ပုကို ရာထားရန် အတော်ပင် ခဲခဲယဉ်းယဉ်း သန္နိဋ္ဌာန်ချရသည်။ စင်စစ်အားဖြင့် ချစ်ပုသည် တိရစ္ဆာန်ဖြစ်လင့်ကစား ဦးမင်းစည်သူတို့မိသားစုအတွက် ကလေးငယ်တစ်ယောက်ပမာ အားလုံးက သံယောဇဉ်တွယ်နေကြသည်၊ ထိုမိသားစုအားလုံးတွင် ဦးမင်းစည်သူလည်း ပါဝင်သည်။



မည်သို့ပင်ဖြစ်စေ၊ ဦးမင်းစည်သူသည် သူ၏စမ်းသပ်လေ့လာမှုအတွက် စိတ်ကို ယတိပြတ် သန္နိဋ္ဌာန်ချလိုက်သည်၊ ခွေးလေးချစ်ပုကို လှုပြတ်သော တစ်နေရာသို့အရောက် လေချွန်သံပေး၍ ခေါ်လိုက်သည်၊ ယင်းသို့ လေချွန်သံပေးခြင်းသည်ပင်လျှင် သူ့အား အစားအစာတစ်ခုခုကျွေးတော့မည်ဟူ၍ချစ်ပုက နားလည်ထားသည်၊

ထို့ကြောင့် ဝမ်းသာအားရဖြင့် ဦးမင်းစည်သူထံသို့ အပြေးအလွှားချဉ်းကပ်လာသည်၊ သို့ရာတွင် ဤတစ်ကြိမ်တွင် ချစ်ပုသည် သူမျှော်လင့်ယူဆထားသလို အစားအစာ မုန့်တစ်ခုခုမရရှိပဲ ဦးမင်းစည်သူ၏လက်ထဲမှတုတ်ကောက်သည်သာလျှင် သူ၏နာခေါင်းရိုးပေါ်သို့ ပြင်းထန်စွာ ကျရောက်လာသည်၊

တစ်ချက်တည်းနှင့် တမလွန်ဘဝသို့ ရောက်သွားသည်၊

သို့ရာတွင် ပို၍သေချာအောင် ဦးမင်းစည်သူက ဒုတိယအချက်ဖြင့်ပက်ပက်စက်စက်ရိုက်နက်လိုက်သေးသည်၊ ချစ်ပုခမျာ အကြောင်းမဲ့ သက်သက် အသက်ဆုံးသွားသည်၊ ဦးမင်းစည်သူ အနေနှင့် ချစ်ပု၏ သက်မဲ့ခန္ဓာကိုယ်ကို ကတုန်ကယင်ဖြင့် ငုံ့ကြည့်ကာ သက်ပြင်းမောတစ်ချက် ချလိုက်မိသည်၊ ကြက်တူရွေးရွှေဂဲ ဇီဝိန်ချွေစဉ်က စိတ်လှုပ်ရှားမှု မဖြစ်ခဲ့သော်လည်း ချစ်ပု အတွက် သူ၏ရင်တွင်း၌ ဝေဒနာတနင့် တပိုး ခံစားခဲ့ရသေးသည်၊

သို့ရာတွင် တစ်လတင်းတင်းကြာသောအခါ ထိုခံစားမှု ပျက်ပြယ်သွားခဲ့သည်၊

ထိုဖြစ်ရပ်နှင့် စပ်လျဉ်း၍ သူ၏အိမ်သူအိမ်သားများက ချစ်ပုကဲ့သို့သောခွေးလေးကို တစ်စုံတစ်ယောက်က တိတ်တဆိတ်ခိုးယူသွားခြင်းဖြစ်ပေလိမ့်မည်ဟု ထင်မြင်ယူဆကြသည်၊ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် သူတို့အိမ်ဂေဟာသို့ ချစ်ပု ပြန်ရောက်လာလိမ့်မည်ဟု တွေးထင်ထားကြသည်၊

မည်သို့ပင်ဖြစ်စေ၊ တစ်လမျှ ကြာသွားသည့်အချိန်တွင် ဦးမင်းစည်သူသည် သူ၏စမ်းသပ်မှုအတွက် တတိယ မြောက်သားကောင်ကို ရှာဖွေနေလေပြီ။

၃ ၃



www.burmeseclassic.com

www.burmeseclassic.com

အပြစ်ကင်းဆုံးလူသားဆိုသည်မှာ ကလေးသူငယ်ဘဝတွင်သာ ရှာဖွေတွေ့ရှိနိုင်မည်။ အထူးသဖြင့်ဖြူစင်သောစိတ်နေသဘောထားကို အခြားမည်သည့်ပေါင်းစပ်မှုမှ မပါဝင်စေရ။

အကယ်၍ ဆိုးသွမ်းသူများဖြစ်ကြသော ရက်စက်ကြမ်းကြုတ်သူ၊ ဒေါသကြီးသူ၊ လောဘသဏ္ဍာရထူပြောသူ၊ ကိလေသာဖုံးလွှမ်းသူ စသည် စသည်တို့နှင့် ရောနှောလိုက်သောအခါမျိုးတွင် ကလေးသူငယ်၏ဖြူစင်သောဘဝလေးမှာ ညစ်နွမ်းသွားရရှာတော့သည်။

မည်သို့ပင်ဖြစ်စေ၊ ဦးမင်းစည်သူသည် နံနက်စောစော အရုဏ်မတက်မီ လမ်းလျှောက်ထွက်သည့်အခါတိုင်း၌ ကလေးသူငယ်ကိုတွေ့နေကျဖြစ်သည်။ ဇို့ထက်ပို၍ ပြည့်စုံစွာ ဖြည့်စွက်ရမည်ဆိုပါက "ချို့ငဲ့နွမ်းပါးသော" ဟု ဖြစ်လိမ့်မည်၊ အသက်အားဖြင့် ငါးနှစ်ကျော်ခြောက်နှစ်ဝန်းကျင်ခန့် ရှိမည်။

ကလေးငယ်သည် ညောင်ကြတ်ပင်ကြီး၏အောက်ခြေတွင် အကာအရံမရှိ၊ ပကတိလေးတိုင် ထူထားပြီး အမိုးဆိုသည်မှာ သစ်ခက်၊ သစ်ကိုင်း၊ သစ်ရွက်များသာ ဖြစ်သည်။

ကလေးသူငယ်၏အမေသည် အကြော်ကြော်ရန် လိုအပ်သော မုန့်နှစ်များ၊ ဆီပုလင်း၊ ဒယ်အိုး၊ ဆီစစ်ဆန်ကာ၊ သီတန်၊ ဒယ်အိုးအပါအဝင်၊ ဘူးသီးစိတ်များ၊ ထောင်းထားသော ကုလားပဲခြမ်းများ၊ လှီးထားသောကြက်သွန်များ စသည်တို့ကို ပြည့်ပြည့်စုံစုံ စိစစ်ရသေးသည်။ ထိုအချိန်အတန့်တွင် အမေ မရောက်မီ ကလေးသူငယ်က ကြိုတင်ဝင်ရောက်နှင့်သည်။ မလှမ်းမကမ်းရှိ အလွန်တရာနက်ရှိုင်းသော တောအုပ်ထဲမှ သစ်ပင်ကြီးများ၏အောက်သို့ သွားရောက်၍ သစ်ကိုင်းခြောက်များကို ရှာဖွေကောက်ယူခဲ့ပြီးနောက် မီးမွှေးသည်။ မနီးမဝေး စမ်းချောင်းလေးထဲမှ ရေခပ်သည်။ မြေရေနွေးခရားဖြင့် ရေနွေးတည်ထားနှင့်သည်။

ကလေးသူငယ်သည် နေ့စဉ်လုပ်နေကျဝတ္တရားများ ဆောင်ရွက်နေချိန်၌ အကြော်တဲရှေ့မှဖြတ်လျှောက်သွားလေ့ရှိသော ဦးမင်းစည်သူနှင့် တစ်ခါတစ်ရံ အကြည့်ချင်းဆုံတတ်ကြသည်။ ရက်သတ္တပတ်ပေါင်းများစွာ မြင်နေကျဖြစ်သောကြောင့် စကားတစ်ခွန်းမှ မပြော

ဘူးသော်လည်း တစ်ယောက်နှင့်တစ်ယောက် မှတ်မိနေသည်။

သို့ရာတွင် နှုတ်ဆက်ခြင်းမရှိ၊ ပြုံးပြခြင်းပင်လျှင် မပြုခဲ့ကြပါချေ။ လွန်ခဲ့သော တစ်လခန့်ကမှ အပြောင်းအလဲတစ်ခု ဖြစ်ပေါ်လာသည်၊ ဦးမင်းစည်သူက စတင်၍ ကလေးသူငယ်ကို ပြုံးပြသည်။

အကြော်တဲရှေ့မှ ဖြတ်လျှောက်သွားသည့် ခြေလှမ်းများကို ရပ်တန့်ခြင်း မပြုပဲ ပြုံးပြလျက်ဖြင့် ဆက်လှမ်းသွားသည်။ ဦးမင်းစည်သူ၏အပြုံးတွင် ရည်ရွယ်ချက်ပါသည်။

ကလေးသူငယ်က ပြန်လည်ပြုံးပြခြင်း မပြုမိပါချေ။

ဦးမင်းစည်သူအနေနှင့် နစ်ပတ်တိုင်တိုင်နေ့စဉ်ရက်ဆက်မပျက်မကွက် ပြုံးပြခဲ့သော်လည်း ကလေးသူငယ်သည် ကြောင်တောင်တောင်ဖြင့်သာ လှမ်းကြည့်နေသည်၊ ထိုအခါ ဦးမင်းစည်သူအနေနှင့် နည်းဗျူဟာတစ်ခု ပြောင်းသည်၊

သူဝတ်ဆင်ထားသော လောင်းကုတ်ကြီး၏အိတ်ထဲတွင် အသင့်ထည့်လာသည့် တစ်ပြားတန်ကြေးပြားတစ်စေ့ကိုနိုက်ယူ၍ ကလေးသူငယ်၏ရှေ့သို့ ပစ်ချပေးခဲ့သည်။ ထို့နောက် သူသည် လျှောက်ရိုးလျှောက်စဉ်အတိုင်း ဆက်လျှောက်သွားသည်၊

ကလေးသူငယ်သည် အရုဏ်ဦးအလင်းရောင်ပိုးတဝါးထဲတွင် ကျောပေးထွက်ခွာသွားရသောလူကြီးကို တစ်လှည့်၊ မြေပြင်ပေါ်မှ ကြေးနီပြားစေ့ကို တစ်လှည့်ကြည့်နေစဉ်မှာပင် သူ့မြင်ကွင်းမှ ဦးမင်းစည်သူသည် တောအုပ်သစ်ပင်များအကြားသို့ ဝင်ရောက်ပျောက်ကွယ်သွားသောအခါကျမှ ကြေးပြားလေးကို ဆတ်ခနဲ ကောက်ယူလိုက်သည်။

ကလေးသူငယ်သည် ထိုပိုက်ဆံတစ်ပြားရရှိခြင်းကို သူ့မိခင်ဖြစ်သူအား ပြန်လည်ပြောမပြမိပါချေ၊ အဘယ်ကြောင့်ဆိုသော် သူ့မိခင်သည် စည်းကမ်းရှိသောမုဆိုးမဖြစ်သည်၊ "သူတစ်ပါးထံမှ အလကားရသောငွေကြေးကို လုံးဝမယူရ" ဟူ၍ သင်ကြားထားသည်၊ သို့ရာတွင် ကလေးသူငယ်သည် ကြေးပြားအသစ်လေးကို မက်မောနေသည်၊ အကယ်၍ မိခင်သိပါက ထိုလူကြီးကို ပိုက်ဆံကိုပြန်ပေးခိုင်းမှာ သေချာသည်၊ မည်





www.burmeseclassic.com

www.burmeseclassic.com

သည့်အခါကမျှ မရခဲ့ဘူးသောကြောင့် ဆုံးရှုံးသွားမှာကို နမြောနေသည်။ ထိုပိုက်ဆံတစ်ပြားသည် ဘူးသီးကြော်တစ်ခု ဝယ်စားနိုင်သည်။ ရွာထဲမှ နွမ်းပါးသူကလေးအချို့ဆိုလျှင် ဟင်းမချက်သောအခါမျိုးတွင် ဘူးသီးကြော်တစ်ခုနှင့်ပင် ထမင်းတစ်ပန်းကန် ကုန်စင်အောင်စားလေ့ရှိသည်ကို သူ တွေ့ဖူးသည်။

ကလေးက သူ့မိခင်ကွယ်ရာတွင် ကြေးနီပြားအသစ်လေးကို မကြာခဏ ထုတ်ကြည့်မိသည်။ ပိုက်ဆံ၏တစ်ဖက်တွင် ဦးထုပ်ဆောင်းထားသော လူတစ်ယောက်ပုံပါသည်။ ထိုဦးထုပ်မှာ သရဖူဖြစ်ကြောင်း ထိုလူကြီးသည် ရှေ့ဘုရင်ဖြစ်ကြောင်း သူမသိပါချေ။ ပိုက်ဆံ၏အခြားတစ်ဖက်တွင် ပန်းနှင့်စာပါသည်။ ထိုစာကို သူ မဖတ်တတ်သောကြောင့် အဓိပ္ပာယ်မသိ။ သူ့အနေနှင့် ကျောင်းမနေဘူးသောကြောင့် ဖြစ်၏။

ဦးမင်းစည်သူသည် သူ၏ဦးနှောက်ထဲတွင် စိုးမိုးနေသော လူသတ်မှုနှင့်ပတ်သက်သည့် ကိုယ်တွေ့သုတေသနပြုခြင်းမှအပ အခြားမည်သည့်ကြင်နာစိတ်၊ သက်ညှာစိတ်ဟူ၍ လုံးဝမရှိပါချေ။ တစ်ယူသန် တစ်ဇောက်ကန်း၊ တဖွတ်ထိုးစိတ်သာလျှင် ဖုံးလွှမ်းခဲ့သည်။

ရှေးလူကြီးများ၏ ရှေးထုံးတမ်းစဉ်လာအရ ပြောဆိုညွှန်ကြားခဲ့ကြသည်မှာ လူတစ်ယောက်လျှင် ကိုယ်စောင့်နတ် (၁၂)ပါးရှိသည်။ နတ်ဆိုး(၆)ပါးက ကောင်းမှုပြုရန်သာလျှင် နှိုးဆော်လေ့ရှိကြသည်။ ကျန်နတ်ဆိုး(၆)ပါးက မကောင်းမှုအကုသိုလ်များကိုသာပြုရန် သွေးဆောင်၍အတင်းအဓမ္မတိုက်တွန်းတတ်ကြသည်။ ထိုကြောင့်လူသားသည် မကောင်းမှုများကိုသာ အများအားဖြင့် ကျူးလွန်မိကြစမြဲဖြစ်ကြောင်း ဟူ၍ဖြစ်သည်။

ဦးမင်းစည်သူအား မကောင်းမှုပြုရန် သွေးဆောင်တိုက်တွန်း၍ အတင်းအဓမ္မစေခိုင်းကြသော နတ်ဆိုးတို့က အောင်မြင်သွားကြသည်။ ဆင်းရဲချို့ငဲ့ နွမ်းပါးသော အကြော်သည်မုဆိုးမတစ်ယောက်၏ကလေးသူငယ်သည် ချောင်းကမ်းစပ်တွင် သေဆုံးသည်ကို ရွာသားအချို့က တွေ့ခဲ့ကြသည်။ ထိုကလေးငယ်၏ခန္ဓာကိုယ်တွင် အသားအနည်းငယ်နှင့် အရိုးသာလျှင် ကျန်ခဲ့သည်။ အသားမှန်သမျှ အငမ်းမရ၊ ရှာဖွေကိုက်ခဲ စားသောက်လေ့ရှိကြသော တောခွေးအုပ်စု၏အစာ ဖြစ်သွားသည်ဟူ၍သာ ရွာသူကြီးနှင့်လူကြီးများက မှတ်ချက်ချခဲ့ကြသည်။

ထိုဖြစ်ရပ်တွင် ကလေးသူငယ်အနေနှင့် တောခွေးအုပ်စုနှင့် မတွေ့မီကတည်းက အသက်နှင့်ခန္ဓာ တကွဲတပြား ဖြစ်နေခဲ့ခြင်းကိုလည်းကောင်း ယင်းသို့ဖြစ်ရသည်မှာ ဦးမင်းစည်သူကဲ့သို့သော ဗြိတိသျှအစိုးရ၏ ဘက်တော်သား၊ ဂုဏ်သရေရှိစက်ရှင်တရားသူကြီးတစ်ယောက်နှင့် ပတ်သက်နေသလားဟူ၍လည်းကောင်း (မည်သူတစ်ဦးတစ်ယောက်ကမှ) သံသယအတွေးစဉ်းငယ်မျှပင် မရှိခဲ့ကြပါချေ။

၀၀၀

ဦးမင်းစည်သူ၏ စတုတ္ထသားကောင်ရှာဖွေမှုမှာ အလွန်တရာကြီးမမ်းအားထုတ်ခြင်း မပြုလိုက်ရပါချေ။ စင်စစ်အားဖြင့် အကုသိုလ်အရှိန်အဟုန် များနေသူအတွက် မကောင်းမှုဒုစရိုက်ဖြစ်ရပ်က အဆင်သင့် စောင့်ကြိုနေသည့်ပမာဖြစ်သည်။

သစ်တောအုပ်အတွင်း၌ သစ်ခုတ်နေသံမှန်မှန်သည် စီးချက်ကျကျ ထွက်ပေါ်နေသည်။ ထိုအသံကြားရာသို့ ဦးမင်းစည်သူက ခြေသံလုံလုံဖြင့် လျှောက်သွားခဲ့သည်။ သစ်ရွက်ခြောက်များကို ဖွဖွသာသာ နင်းသွားသည်။

သူလာရာဘက်သို့ ကျောပေးလျက် သစ်ခုတ်နေသောလူတစ်ယောက်သည် လက်ထဲမှရဲတင်းကိုတင်းတင်းကြပ်ကြပ် ဆုပ်ကိုင်လျက် ပင်စည်၏အရင်းမှ ခုတ်ဖြတ်နေသည်။ သူ့အာရုံနှင့်သူဖြစ်သောကြောင့် သူ့နောက်ကျောဘက်သို့ ချဉ်းကပ်လာသော ဦးမင်းစည်သူကို လုံးဝသတိမထားမိပါချေ။

ဦးမင်းစည်သူသည် ထိုကဲ့သို့ ထွားကျိုင်းသန်စွမ်းသော လူလတ်ပိုင်းတစ်ယောက်ကိုမိမိလက်ထဲရှိလမ်းလျှောက်တုတ်ကောက်၏ရိုက်ချက်မျှဖြင့်အသက်အန္တရာယ်ပြုရန် မလွယ်ကူပါချေ။ မည်ရောက်သောရိုက်ချက်သည် ထိုသူ၏ဒေါသစိတ်ကို အမြင့်ဆုံးဆွပေးရာ





www.burmeseclassic.com

www.burmeseclassic.com

ရောက်မည်။ အပြင်းထန်ဆုံးတုံ့ပြန်မှုဖြစ်ပေါ်ကာ မိမိသာလျှင် အသက်ဆုံးရှုံးနိုင်ပေလိမ့်မည်။

ထိုအချက်ကို ရေရေလည်လည်တွေးမိသော ဦးမင်းစည်သူသည် မိမိဖြစ်စေလိုသောဆန္ဒကို အကောင်အထည်ဖော်နိုင်မည့် လက်နက်တစ်ခုခု တွေ့လိုတွေငြား ပတ်ဝန်းကျင်သို့ မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်သည်။

အင်ကြင်းကျောက်တစ်တုံးကိုတွေ့လိုက်ရသည်၊ အရွယ်အစားမှာ လက်နက်အဖြစ်အသုံးပြုရန်သင့်တော်သည်။ ဦးမင်းစည်သူက လက်ထဲတွင် ပါသောလမ်းလျှောက်တုတ်ကောက်ကို အသာချ၍ထိုကျောက်တုံးကိုကောက်ယူသည်။ လက်နှစ်ဖက်ဖြင့် တောက်ယူဆုပ်ကိုင်လျက် အလေးချိန်ကို ဆကြည့်သည်။ တစ်ပိဿာ မပြည့်တပြည့်မျှဖြစ်သောကြောင့် အနေတော်ဖြစ်နေသည်။

ဦးမင်းစည်သူက သစ်ခုတ်နေသူ၏နောက်ကျောဘက်သို့ ခပ်သုတ်သုတ်သွား၍ လက်ထဲမှ ကျောက်တုံးကြီးဖြင့် နောက်စိကိုချိန်ကာ အရှိန်အဟုန်ဖြင့် ထုချပစ်ပေါက်လိုက်သည်။

ထိုသူသည်ဦးခေါင်းက ရှေ့သို့စိုက်ကျသွားပြီး လက်ထဲမှ ရဲတင်းလွတ်ကျသွားသည်။ ခန္ဓာကိုယ်အပေါ်ပိုင်းက ကုန်းလျက်သားအနေအထားမှ ဝမ်းလျားထိုးမှောက်ကျသွားလေသည်၊ ထိုအခါ သူခုတ်ထားသော တမလန်းသားထိပ်ချွန်ပိုင်းက ရင်ညွန့်ကိုဖောက်၍ထိုးဝင်သွားသည်။

"ပြုသူအသစ်၊ ဖြစ်သူအဟောင်း" ဟူသော မြန်မာတို့၏ ဆိုရိုးစကားအရသေသူသည် လွန်ခဲ့သောဘဝတွင် ပါဏာတိပါတကံကို ကျူးလွန်ခဲ့သောကြောင့်ဤဘဝတွင်သက်တမ်းစေ့မနေရပဲ အသက်တိုခြင်းဖြစ်သည်။

ထို့နည်းတူ ဤဘဝတွင် သူတစ်ပါးအသက်ကို သတ်ဖြတ်ခဲ့သောကြောင့် ဦးမင်းစည်သူသည် ပါဏာတိပါတကံထိုက်သည်။ နောင်ဘဝတွင်အသက်တိုလိမ့်မည်၊ ယခုဘဝ၌ပင်လျှင် အသက်ရှည်ရှည်နေနိုင်ရန် မသေချာပါတော့ချေ။



စေတုတ္တသားကောင်ကို ဖိစိန်ခြေပြီးသောအခါတွင် ဦးမင်းစည်သူအနေနှင့် နောက်ထပ်ကိုယ်တွေ့သုတေသနပြုလေ့လာရန် မလိုအပ်ကြောင်း သူ တိတိပပနားလည်သဘောပေါက်ခဲ့ရပေသည်။ အဘယ်ကြောင့်ဆိုသော်...

ထိုစေတုတ္တသားကောင်အသတ်ခံရသောအမှုသည်တရားသူကြီးဦးမင်းစည်သူ၏တရားရုံးတွင် စစ်ဆေးရန် တိုက်တိုက်ဆိုင်ဆိုင် ထူးထူးခြားခြားအကြောင်းဖြစ်ပေါ်လာသည်။ အသတ်ခံရသူ၏အမည်မှာ ကိုထွားကြီး ဖြစ်သည်။

သူသည်အသတ်မခံရမီလွန်ခဲ့သောတစ်ရက်က ကိုဖိုးအောင်ဆိုသောပန်းပုဆရာနှင့်အချင်းဖြစ်ပွားခဲ့သည်။ ကိုထွားကြီးက စရန်ပေး၍ထုခိုင်းထားသော (၉) လက်မအရွယ်အဆောင်နဂါးရုပ်ဘုတစ်ခုကို တန်ကြေးထက် နှစ်ဆပိုပေးသောမြို့သားတစ်ယောက်အား လက်ဝါဗိုပ်ထိုးရောင်းခဲ့သည်။ ထိုနောက် ကိုထွားကြီးအတွက် နောက်ထပ်နဂါးရုပ်တစ်ခုကို အချိန်မီပြီးစလွယ်ဖြစ်အောင်တာဝန်ယူပေးလိုက်သည်။

ထိုအကြောင်းနှင့်ပတ်သက်၍သိရှိသွားသောကိုထွားကြီးက ပန်းပုဆရာကိုဖိုးအောင်အား လူပုံလယ်တွင် ပက်ပက်စက်စက်ပြောသည်။ အနုပညာသည်တစ်ယောက် ဖြစ်ပါလျက်နှင့် ပြည့်တန်ဆာခေါင်းတစ်ယောက်ထက် အောက်တန်းကျသူဟူ၍ အရှက်ခွဲသည်။

ကိုထွားကြီး၏ကိုယ်ခန္ဓာသည်ဆင်တမျှကြီးမားသော်လည်း ဆိတ်အရွယ်ပမာကြံ့လှီသောပန်းပုဆရာကိုဖိုးအောင်က စိတ်မာန်တကြီးဖြင့် ကိုယ်ထိလက်ရောက် ထိုးကြိတ်ကန်ကြောက်ရန် ကြိုးစားသည်၊ သို့ရာတွင် သူ၏တိုက်ခိုက်မှုမှာအရာမရောက်ပါချေ၊ ပန်းပုဆရာသာလျှင် အလူးအလဲ ခံလိုက်ရသည်။

"ဒီနေ့ မင်းငါ့ကိုနိုင်ပေမယ့် နောက်တစ်နေ့ကျ ငါ့အလှည့်ပဲဟေ့၊ အကောင်ကြီးတိုင်းအနိုင်ရစတမ်းဆိုရင် လောကကြီးမှာ လူဝံတွေ၊ မျောက်ဝံတွေမင်းမူကြလိမ့်မယ် – ငထွားကြီးရေ။ ထမင်းသာဝအောင်စားထားပေတော့ မနက်ဖြန်ဆိုရင် မင်း အသက်ရှင်စရာ အကြောင်းမရှိဘူး"

ကိုဖိုးအောင်က ရွာဈေးတန်း၊ လူ



www.burmeseclassic.com

www.burmeseclassic.com

စည်ကားသောနေရာတွင်ကျယ်လောင်စွာ မြိမ်းခြောက်ခဲ့ကြောင်း၊ လူတိုင်းကကြားခဲ့ကြ၊ မြင်ခဲ့ကြသည်။ နောက်တစ်နေ့နံနက်စောစောတွင်ကိုထွားကြီးတောအုပ်ထဲသို့ တမလန်းခုတ်ရန် သွားပြီး မရေးမနှောင်းမှာပင် ကိုဖိုးအောင်သည်လည်း တောထဲသို့ ထွက်သွားသည်ကို ရွာသားအချို့က မြင်လိုက်ကြကြောင်း အခိုင်အမာ သက်သေခံနိုင်ကြသည်။

ထိုမျှမကသေးပဲ ကိုထွားကြီး၏ နောက်စိတွင်အင်ကြင်းကျောက်တုံးဖြင့် အထုခံရ၍ မှောက်လျက်သား သေဆုံးနေသောနေရာနှင့်မနီးမဝေးမှထွက်လာသော ကိုဖိုးအောင်ကို မြင်လိုက်ရသည့် ရွာသူအချို့က သက်သေခံသည်။ ထိုရွာသူများသည် တောထဲတွင် မျှစ်ချိုးခြင်း၊ စိန်တပေါ်ညွှန့်များခူးခြင်း စသည်တို့ကို မကြာခဏ သွားရောက်လုပ်ကိုင်နေကြသူများဖြစ်သည်။

ထိုအခါ ပန်းပုဆရာ ကိုဖိုးအောင်သည် အင်ကြင်းကျောက်နှင့်ထု၍သတ်သော လူသတ်တရားခံအဖြစ် ဖမ်းဆီးခြင်း ခံရသည်။ သက်သေခံထွက်ချက်များနှင့် လူသတ်လက်နက်ဖြစ်သော ကျောက်တုံးကိုပါရုံးတော်သို့ (လူသက်သေ၊ ပစ္စည်းသက်သေ) သတ်ရသည့် အခြေခံအကြောင်းရင်း MOTIVE စသည်ဖြင့် ပြည့်ပြည့်စုံစုံ တင်ပြနိုင်ခဲ့သည်။

ကိုထွားကြီး သေဆုံးသောအချိန် အတောအတွင်း၌ ကိုဖိုးအောင်သည် အခြားတစ်နေရာတွင် မည်သူနှင့်အတူရှိကြောင်း ALIBI အခိုင်အမာဖော်ပြနိုင်ခြင်းလည်း မရှိပါချေ။

ထိုအခါတရားသူကြီးဦးမင်းစည်သူ အနေနှင့် ကိုထွားကြီးကို သတ်သူသည် ကိုဖိုးအောင် မဟုတ်မှန်း သေချာပေါက် သိထားသည်၊ သို့ရာတွင် အချက်အလက် ခိုင်မာပြည့်စုံစွာဖြင့် စွဲဆိုချက်အရ လူသတ်တရားခံမှာ ကိုဖိုးအောင်သာလျှင် ဖြစ်နေသည်။

ထို့ကြောင့် ကိုဖိုးအောင်အား သေဒဏ်မပေးထိုက်သောလျှော့ပေါ့ပြစ်ဒဏ်အဖြစ် သက်ညှာစွာ စီရင်နိုင်ရန် ဦးမင်းစည်သူက ဥပဒေပညာရှင်အချို့နှင့် ဆွေးနွေးညှိနှိုင်းခဲ့ရသည်၊ ကံအားလျော်စွာ အချက်တစ်ခု ရရှိခဲ့သည်။ ထိုအချက်မှ ကျောက်တုံးဖြင့် ထုခံရသောဒဏ်ရာမှာ သေလောက်အောင်မကြီးကျယ်ကြောင်းနှင့် ကိုထွားကြီး အသက်သေဆုံးရခြင်းမှာ စူးရှန်မြသော တမလန်းသစ်ငုတ်သည် ကိုထွားကြီး၏ရင်ညွှန့်ကို ထိုးစူးဝင်သွား၍ ပွဲချင်းပြီးသေရကြောင်း စသည်ဖြင့် သက်ညှာမှု ရရှိခဲ့သည်။

သို့ဖြင့် တရားသူကြီး ဦးမင်းစည်သူသည် ကိုဖိုးအောင်အား လူသတ်တရားခံအဖြစ်မှ လူသေသောပြစ်မှုဖြင့် ထောင်ဒဏ်တစ်သက်တစ်ကျွန်း ပြစ်ဒဏ်စီရင်ခဲ့လေသည်။ ထိုပြစ်မှုကို စီရင်ဆုံးဖြတ်ပြီးနောက် ရက်သတ္တပတ်အနည်းငယ်ကြာခဲ့သောအခါဦးမင်းစည်သူသည်တရားသူကြီးအဖြစ်မှ (စိတ်ပိုင်းဆိုင်ရာ) ကျန်းမာရေးချို့ယွင်းမှု အကြောင်းပြချက်ဖြင့် အပြီးတိုင် နုတ်ထွက်ခဲ့လေသည်။

၁၆၁

ဖော်ပြခဲ့သောဖြစ်ရပ်များကိုဦးမင်းစည်သူသည် သူ၏ကိုယ်ရေးမှတ်တမ်းစာအုပ်ထဲတွင်လုံးစေ့ပတ်စေ့မှတ်သားထားခဲ့သေးသည်။ သူ စိတ်ကယောက်ချောက်ချားဖြင့်ကွယ်လွန်သွားပြီးနောက် သူ၏ကိုယ်ရေးမှတ်တမ်းစာအုပ်ကို သူ့အိမ်သူဇနီးကအခြားဂုဏ်သရေရှိတရားသူကြီးမိတ်ဆွေအချို့အားပြသခဲ့သည်၊

ထိုအခါ ဦးမင်းစည်သူ၏ အပေါင်းအသင်းမိတ်ဆွေများသည် ထိုစာအုပ်ပါ အချက်အလက်များသည် လုံးဝဖြစ်နိုင်စရာ မရှိကြောင်းနှင့် ဦးမင်းစည်သူ၏ စိတ်ကူးယဉ်မှတ်တမ်းမျှသာ ဖြစ်လိမ့်မည်ဟုတစ်ညီတစ်ညွတ်တည်းကောက်ချက်ချခဲ့ကြသည်၊

၁၆၁

ဦးမင်းစည်သူ ကွယ်လွန်ပြီးနောက် နှစ်ကာလ အတော်ကြာမြင့်လေသော အခါ သူ၏ အိမ်သူအိမ်သား၊ ဇနီးသားသမီးတို့သည် လက်ရှိစံအိမ်ကြီးနှင့် မြေကို အပြီးအပြတ် ရောင်းချ၍ ပိုမိုစည်ကားသောမြို့တော်သို့ ပြောင်းရွှေ့သွားခဲ့ကြသည်၊



www.burmeseclassic.com

www.burmeseclassic.com

ထိုခြံမြေနှင့်စံအိမ်ကြီးကိုသက်သာသောနှုန်းထားဖြင့်ဝယ်ယူခဲ့သောပုဂ္ဂိုလ်ကြီးသည် ဟောင်းနွမ်းအိုမင်းနေသော စံအိမ်ကြီးကို ဖြိုချ၍ အသစ်ဆောက်လုပ်ခဲ့သည်၊ ခြံဝင်းအတွင်း၌လည်းမြေကို တစ်ညီတစ်ညာတည်း ဖြစ်အောင် ညှိ၍ ပန်းပင်များနှင့် ရာသီသီးနံပင်များ စိုက်ပျိုးခဲ့သည်၊ ထိုအခါ ခြံဝင်း၏ အနောက်မြောက်ထောင့်ကျကျတစ်နေရာရှိ မြေမို့မို့လေးတစ်ခုကို မျက်နှာပြင်ညီစေရန် ကုန်းကို ဖြိုညှိလိုက်ရသည်၊ ထိုကုန်းမို့လေး၏ အောက်ခြေတစ်ပေခွဲမျှအနက်တွင်မြှုပ်နှံထားသော ဝက်ရိုးအရိုးကိုတွေ့လိုက်ကြရသည်၊ သို့ရာတွင် မည်သူကမှ အလေးအနက် မထားကြပါချေ၊

◆➔ ဆွေမြင့်

■ ဘဲကို သတ်နေသည်ကိုတွေ့ပါက ငွေကြေးအလိမ်ခံရတတ်သည်။ သို့မဟုတ် ငွေကြေးဆုံးရှုံးတတ်သည်။

■ မြင်းကိုမတွေ့ရဘဲ မြင်းဟီသံကြားရလျှင် အမှုကိစ္စများ အောင်နိုင်တတ်သည်။

■ ကင်းခြေများ မိမိရှေ့မှဖြတ်၍ပြေးလျှင် ကျေးဇူးမတင်းသူများ၊ တပည့်များ လာရောက်ပူဇော်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အငှားယာဉ်မောင်းသမား
## တစ်ယောက်ကို အမှုံးသမားများက
## အနိုင်ကျင့်ရာ ရုတ်တရက်
## လူအုပ်ကြားမှ ကောင်မလေး
## တစ်ယောက် ပေါ်လာရာ ..

# သရ

[illegible]
[illegible]
[illegible]

လောင်းဖြစ် ပြီး အံ့ဩသွားခဲ့ရသည်၊ ခေတ်အဆက်ဆက်က အားနွဲ့သူဟူ၍ သတ်မှတ်ခံထားရသော မိန်းမတစ်ယောက်၏ ရဲရဲတောက် ပြုမူချက်အပေါ် ဟုတ်မှဟုတ်ပါ့မလားဟု တွေးကာ သံသယစိတ်ဝင်လျက် တွေ့မြင်ခဲ့သူတချို့ကို အပြေးအလွှား သွားမေးကြည့်သည်၊ နောက်ပြီး –ကြုံတွေ့ခဲ့သော ကာယကံရှင်ကိုယ်တိုင်တလည်း သစ္စာရှေသောက်မတတ် ကျိန်တွယ်ပြောဆိုနေသဖြင့် ဟုတ်လိမ့်မည်ဟု ယုံကြည်ကာ ကော်ခံခဲ့ရပါသည်၊ သို့ပေသိ ယခုချိန်ထိ ထိုကိစ္စနှင့်ပတ်သက်ပြီး စိတ်ထဲနှလုံးထဲတွင် အံ့အားသင့်လျက်ရှိဆဲ၊ ဤမျှလောက်အထိ ရဲရင့်သွက်လက်သော မိန်းမပျိုလေး၏ ရုပ်ပုံလွှာကို စိတ်မှန်းဖြင့် မြင်ယောင်မိနေဆဲ၊ သို့ကြောင့်လည်း သူမကို ဂုဏ်ပြုသောအားဖြင့် ထိုဖြစ်ရပ်မှန်ဖတ်လမ်းလေးကို ခံစားမှုတစ်ခုနှင့် ဝတ္ထုတိုအဖြစ်သို့ ကူးပြောင်းကာ ရေးသားလိုက်ရပါကြောင်း၊

၁၃၁



မထင်၊ မထင်၊ ကိုမြင့်ရွှေထင်မထား။

ဘာမဟုတ်သည့်ကိစ္စကလေး အပေါ်ဤမျှလောက်အထိအငြိုးအတေးကြီးလိမ့်မည်ဟု၊ သူတို့ –သူတို့တွေမှာ စိတ်ရောဂါတစ်ခုခု သေချာပေါက် ခံစားနေရလို့သာ အခုလောက်အသည်းအသန်ဖြစ်နေကြတာဟူ၍ ကိုမြင့်ရွှေ တွေးမိသည်၊ သို့သော် လောလောဆယ်တွင် ထိုအတွေးက အရေးမပါ၊ အရေးလည်း မကြီး၊ အရေးကြီးသည်က သူတို့လက်မှနေ ကိုမြင့်ရွှေ လွတ်မြောက်ဖို့၊

ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်လိုက်တော့ လက်ဖက်ရည်ဆိုင်မှ လူများ၊ ကယ်ရီသမားများ၊ လမ်းသွားလမ်းလာ တချို့နှင့် လမ်းဘေးဈေးသည်များအားလုံး၏မျက်လုံးများက ကိုမြင့်ရွှေတို့ဆီမှာ၊

ဘာများဖြစ်နေပါလိမ့်၊ ဘာတွေဖြစ်တော့မလဲ၊

စသည်ဖြင့် သို့လောသို့လောတွေးတောကာ သိချင်နေကြပုံရသည်၊ တချို့တလေကလည်း ကိုမြင့်ရွှေအတွက် စိုးရိမ်ပူပန်နေကြသည်၊ သို့ပေမဲ့မည်သူကမျှ ပြေးလာကူညီခြင်းမရှိ၊ အခြေအနေကို အကဲခတ်နေကြ၏၊ ကိုမြင့်ရွှေအတွက် ကူကယ်ရာမဲ့ပါပေါ့၊

ပြဿနာအစက ကြီးကြီးမားမား လည်းမဟုတ်ပါ၊ ပြန်ပြောလျှင်ရယ်စရာပင် ကောင်းလိမ့်ဦးမည်၊ ကိုမြင့်ရွှေအဖို့တော့ ထိုကိစ္စက ပြန်ပြင်ပြောချင်စရာမကောင်းသော နိစ္စဓူဝအကြောင်းအရာတစ်ခု၊ ငှားရမ်းမှု အဆင်မပြေသည့် ပြဿနာလေးရယ်ပါ၊

အို –ပြဿနာလို့တောင် ခေါင်းစဉ်မတပ်သင့်တဲ့ကိစ္စ၊

ကိုမြင့်ရွှေက တက္ကစီသမား၊ အငှားကားမောင်းသူ၊ ရှိစုမဲ့စုပိုက်ဆံလေးဖြင့် ပရိုဘောက်ကားတစ်စီးကို ခြစ်ခြစ်ချုပ်ချုပ်ဝယ်ကာ အငှားကားဒရိုင်ဘာ ဟူသောဘွဲ့ထူးကို အရယူခဲ့သည်၊ ယခုကိုမြင့်ရွှေက အငှားကားဒရိုင်ဘာ၊ ကားထိုးရာ မှုသေနေရာက နေအိမ်နှင့် သုံးမှတ်တိုင်အကွာတွင်ရှိသောလူစည်ကားသည့် လမ်းဆုံလမ်းခွ၊

စီးပွားရေးကမဆိုးလှချေ၊ ကိုယ်ပိုင်ကားဖြစ်သဖြင့် ရသမျှကို အမြီးဖြတ်ခေါင်းဖြတ်လိုက်လျှင် တစ်နေ့တစ်သောင်း၊ နှစ်သောင်းတော့ ကျန်သည်၊

www.burmeseclassic.com

အလုပ်က ပင်ပန်းလှသည်ချည်းလည်း မဟုတ်၍ပြေလည်ရောင်ရှိသည်ဟုဆို ရမည်၊ သို့သော်ထိုစဉ်ကဘာပြဿနာမျှ မဖြစ်ခဲ့သောကြောင့် ယခုကဲ့သို့ အေး ဆေးသာယာနေခဲ့ခြင်းဖြစ်၏။

အမှန်က အငှားကားဒရိုင်ဘာဘဝ ဆိုတာ ကားချင်းငြိမိသည့်ကိစ္စကလွဲပြီး အခြားတက်စရာပြဿနာ ရှိလိမ့်မည် မဟုတ်ဟု ကိုမြင့်ရွှေ ထင်မှတ်ခဲ့သည်၊ ဟုတ်လည်း ဟုတ်တာပါပဲ၊ ဘယ်ကိစ္စ မဆို ကိုယ့်ဘက်က အလျှော့ပေးလိုက် လျှင် ပြဿနာဆိုတာ တက်စရာ အကြောင်းမရှိဟု ကိုမြင့်ရွှေ ယုံကြည်ခဲ့ သည်၊ ယူဆခဲ့သည်၊ သို့သော်လည်း ကိုမြင့်ရွှေ၏ အယူအဆများ လွဲနေ ကြောင်းကို ထိုလူငယ်တစ်သိုက်က သက်သေထူပြခဲ့၏။

၁၆

"ဟေ့လူ – ကားငှားမလို့"

ကားမှန်ကို ခပ်ပြင်းပြင်းခေါက်တာ ဆတ်တောက်တောက်ဆိုလိုက်သော စကားသံကြောင့်ကိုမြင့်ရွှေခေါင်းထောင် သွားသည်။လက်ထဲမှဖတ်လက်စစာအုပ် ကိုပိတ်လိုက်ပြီးမှန်လာခေါက်သောခရီး သည်ကိုအကဲခတ်လိုက်သည်၊

အသားက ဖြူဖြူ၊ အဝတ်အစားက လန်းလန်းနှင့် လူရည်သန့်အမျိုးသား ငယ်တစ်ယောက်၊

သို့ပေမဲ့ မသန့်သည်က သူ့စရိုက်၊ အရက်နံ့တို့မှာ သူ့ထံမှမစံမရပ်နိုင်အောင် လှိုင့်ပုံထွက်နေသည်။ မျက်နှာတစ်ခုလုံး လည်း ယမကာတန်ခိုးဖြင့် အနီးအရွေ့ ပျံလျက် နီမြန်းနေ၏၊ နောက်ပြီး လူငယ် က တစ်ယောက်တည်းလည်း မဟုတ်၊ နောက်မှာလည်း ရင်ဖော်လည် ဟိုက်၊ ဘောင်းဘီမပါသလောက် တိုပြတ်နေ သည့် ခေတ်လွန်အဝတ်အစားများနှင့် အမျိုးသမီးငယ်လေးနှစ်ဦးလည်းပါသေး တော့ –

"ဘယ်သွားမလို့လဲ ခင်ဗျာ့"

"တာမွေဘက်သွားမလို့"

တာမွေဘက်ဟု ကြားသိလိုက်ရ၍ ကိုမြင့်ရွှေ၏ဆုံးဖြတ်ချက်က ပို၍ ခိုင်မာ သွားသည်၊ တာမွေနှင့် မင်္ဂလာဒုံဆိုတာ နီးနီးနားနားခရီးမှမဟုတ်ဘဲ၊ နောက်ပြီး အချိန်ကလည်း ည(၉)နာရီရှိပြီပဲလေ၊ ကိုမြင့်ရွှေ၏ကားသိမ်းချိန်က (၁၀)နာရီ နောက်ဆုံးဖြစ်၍ ထိုမျှလောက်ခရီး ကိုမြင့်ရွှေမသွားလိုတော့ပါ၊တစ်ယောက် တည်းပြန်လာရမည့် အချိန်ကိုလည်း ထည့်တွက်မှဖြစ်မည်မဟုတ်လား၊

ကိုမြင့်ရွှေတွေဝေနေသည့်အခိုက် မှာပဲ လူငယ်က မှန်ကို ခပ်ဆတ်ဆတ် ခေါက်နေသည်၊ လူက ဟန်ချက်မညီဘဲ ဘယ်ညာယိမ်းနွဲ့နေသဖြင့် အမူးလွန်နေ ပုံပဲဟု ကိုမြင့်ရွှေ ခန့်မှန်းမိသည်၊ ခေတ် လွန်မိန်းကလေးနှစ်ယောက်က ထိုလူ ငယ်၏ခါးကိုတစ်ဖက်တစ်ချက်ဆီကနေ ပွေ့ဖက်ထိန်းထားကြ၏၊ ကလေးမနှစ် ယောက်၏ မျက်နှာအနေအထားနှင့် ဝတ်ပုံစားပုံများကတစ်မျိုးတစ်မည်တွေး ထင်ချင်စရာ၊

"စိတ်မကောင်းပါဘူး – ငါ့တူ၊ ဦးလေးက ဒီနားတင်နေတာဆိုတော့ အဲဒီလောက်အဝေးကြီးကို မလိုက်ချင် ဘူး၊ အပြန်ကားတွေ ရှိဦးမှာပါ၊ အဲဒါ တွေပဲ ငှားသွားလိုက်ပါ"

ကိုမြင့်ရွှေက မလိုက်လိုကြောင်းကို ချေချေငံငံပြန်ပြော၏၊ မှတ်မိပါသည်၊ မိမိပြောလိုက်သည့်စကားထဲ၌ ရင့်ရင့် သီးသီးတစ်လုံးပင် မပါကြောင်း ကိုမြင့် ရွှေမှတ်မိသည်၊ သို့သော် ထိုလူငယ်က ဘာကိုစိတ်တိုသွားသလဲမဆိုတတ်၊ ကိုမြင့်ရွှေ၏စကားကို ကြားသည့်အခါ ဘီယာနှင့်အရက်တို့ကြောင့်နီမြန်းလျက် ရှိသော သူ၏မျက်နှာသည် ပို၍နီမြန်း သွားပြီး –

"အောင်မာ – ခင်ဗျားကြီးက ရင့်လှ ချည်လား၊ အငှားကားသမားကများ မလိုက်နိုင်ဘူးလေး ဘာလေးနဲ့၊ ခင်ဗျား ပိုက်ဆံဘယ်လောက်လိုချင်လဲ၊ ပို့စရာရှိ ပို့ပေးစမ်းပါ"

လူငယ်ထံမှ ထွက်ကျလာသော စကားများကို နားထောင်ရင်း ကိုမြင့်ရွှေ အံ့ဩသွားသည်၊ မိမိ၏စကားက တစ် ဖက်လူကို ပုတ်ခတ်ထိခိုက်ခြင်းမရှိ၊ ပကတိသဘောရိုးဖြင့်ပြောဆိုလိုက်ခြင်း ဖြစ်၏၊ ဒါကိုတောင် ဘာကြောင့်များ စိတ်တိုသွားရပါလိမ့်၊ နောက်ပြီး – လူ ငယ်၏စကားလုံးများ။

လူငယ်ကအရက်ဝင်ကာအလကား နေရင်း သွေးကြွနေပုံရသည်၊ ၎င်း၏ ဦးလေးအရွယ်ခန့်ရှိမည့်မိမိကိုပင်ပဲဆေ





www.burmeseclassic.com

www.burmeseclassic.com

ပြောဆိုနေသည်၊ စကားပြောပုံသာရှိုင်းစိုင်းခြင်းမဟုတ်ဘဲ လူကိုယ်၌ကလည်း လက်သီးလက်မောင်းတန်းနေလေရာ လူငယ်အချင်းချင်းဆိုလျှင် ရန်ပွဲဖြစ်နေလောက်ပြီဟု ကိုမြင့်ရွှေ တွေးမိသည်၊ သို့သော် ကိုမြင့်ရွှေကတော့ ဥပေက္ခာသမားပီပီ သူ ဘာပဲပြောပြော ဂရုစိုက်မည်မဟုတ်၊ ဒေါသလည်း အနည်းငယ်ပင်မထွက်။

"စိတ်မကောင်းပါဘူး – ငါ့တူ၊ တခြား ကားပဲ ငှားသွားလိုက်ပါ"

ဆက်ပြောစရာစကား မရှိတော့သဖြင့်တစ်ဖက်သို့လှည့်လိုက်သည်၊ သူ့ကို အဖတ်မလုပ်တော့ဘဲ ဖတ်လက်စစာအုပ်ကို လှန်ကာဆက်ဖတ်နေလိုက်၏၊

"ဟာ – ခင်ဗျားကြီးကအဖက်မလုပ်တဲ့သဘောပေါ့လေ – ဟုတ်လား၊ တော်ဖော်တဲ့ – တစ်ဖော်ပဲရှိတယ်၊ ခင်ဗျားသေဖို့သာပြင်၊ ထမင်းဝအောင်သာမြိုထား"

"အာ – ကိုကြီးကလဲ – ရှုတ်စရာ၊ ဘာတွေအော်နေတာလဲ၊ လာပါ – အလကားဟာကြီးကို ထားလိုက်စမ်းပါ"

"ဟုတ်သားပဲ – ကိုကျော်ကလဲ၊ ဒီအဘိုးကြီးနဲ့ ရန်ဖြစ်မနေစမ်းပါနဲ့၊ တက္ကစီများ ပေါလွန်းလို့၊ ရိုက်သတ်တောင်မကုန်ဘူး"

"တောက်"

လူငယ်က ကားမှန်ကို တဒုန်းဒုန်းထုပြီး ချဲလင်းလုပ်လျက်ရှိစဉ် နံဘေးမှ ကလေးမနှစ်ဦးကပိုင်းဝန်းဖျန်ဖြေလေ၍ ပြဿနာငြိမ်းသွားသည်၊ ဒါတောင် တောက်တခေါက်ခေါက်ပြုလျက် မကျေမချမ်းဖြင့် ထွက်ခွာသွားခြင်းဖြစ်၏၊

ကိုမြင့်ရွှေကလည်း ထိုမျှဖြင့် အေးသွားသည်ကိုပင် ကျေးဇူးတင်မိပါ၏၊ ကိုမြင့်ရွှေအဖို့ကတော့ ထိုလူငယ်တို့ကိုလည်းစိတ်မဆိုး၊ ထိုလူငယ်၏စကားများအပေါ်လည်း အမှတ်အတော မရှိပေ၊ ကိုမြင့်ရွှေတစ်ယောက်အငှားကားသမားဘဝဖြင့် ကားမောင်းလာသည်မှာ (၆) နှစ်ကျော်ခဲ့ပြီဖြစ်ရာ ထို(၆)နှစ်အတွင်း၌ ထိုကဲ့သို့လူဆိုးလူရှုပ်များဖြင့်မကြာခဏ တွေ့ကြုံခဲ့ဖူးသည်၊ ထိုကဲ့သို့ စကားလုံးများနှင့်လည်း ခဏခဏ အကြိမ်းမောင်းခံရဖူးသည်မို့ စိတ်လှုပ်ရှားခြင်းမရှိ၊ တုန်လှုပ်ခြင်းမရှိ၊ မူလဗီဇကိုက ခပ်အေးအေးသမားမို့လား မပြောတတ်၊ ထိုကိစ္စအပေါ် မေ့မေ့ပျောက်ပျောက်သာ သဘောထားလိုက်၏၊ သို့သော်လည်း ...၊

ရင်သိမ့်တုန်ဖွယ်အဖြစ်အပျက်များ ဖြစ်ပွားခဲ့ရသည့် ထိုညနေကို ကိုမြင့်ရွှေ တယ့်နယ်လုပ်မေ့ပါ့မလဲ၊ ထိုညနေက ဆောင်းဒေဝါ၏ ဩဇာအောက်မှာ ငြိမ်ဝပ်စေးလျက် ဩကာသလောကတစ်ခုလုံး အအေးဓာတ်ကို လွှမ်းခြုံရစ်သိုင်းစေ၍ အနွေးဓာတ်ကိုယ်စီ ရှာဖွေနေကြသူတို့အနက်ကိုမြင့်ရွှေသည်လည်းတစ်ယောက်အပါအဝင်၊ ထိုနေ့ကမူနေ့လယ်ခင်းကတည်းက စိမ့်အေးလာသဖြင့် အငှားကား မထွက်ခင်၌ ကိုမြင့်ရွှေတစ်ယောက် အနွေးထည်ကြီးတစ်ထည်ကို ထုတ်ဝတ်လာခဲ့သည်၊ အနွေးထည်က ထူထူထဲထဲကြီး။

ထုံးစံအတိုင်း ကားထိုးနေကျလမ်းဆုံသို့ ရောက်သည့်အခါ ကိုမြင့်ရွှေကား ရပ်လိုက်၏၊ ကိုမြင့်ရွှေ၏ကားနံဘေးတွင် ဘဝတူကားသမား ကိုသန်းဖေ၏ကားလည်း ရောက်နေပြီ၊ ကိုသန်းဖေကလည်း ကိုမြင့်ရွှေနည်းတူ အိမ်ထောင်သည်လည်းဖြစ်၊ အငှားကားမောင်းသူလည်းဖြစ်၍နှစ်ယောက်သားမှာ ဘဝတူချင်းမို့ အထူးကို ပနံသင့်ကာ ပေါင်းဖော်ဖြစ်ကြသည်၊ တစ်နေရာတည်း၌ လုပ်ငန်းတူစီးပွားရှာဖက်များဖြစ်သော်လည်း တစ်ယောက်ကိုတစ်ယောက်ကျော်ခြင်း၊ နိုင်စားခြင်းမရှိ၊ ကိုယ့်အလှည့်၊ သူ့အလှည့်ခွဲကာ အငှားကားလိုက်ကြသည်၊ မျှမျှတတစီးပွားရှာကြသည်မို့စကားများစရာအကြောင်းလည်း မရှိပေ၊

"ဟာ – ကိုမြင့်ရွှေကြီး – ခုမှလာသလား၊ ကျုပ်က ခရီးသည်ရပြီဗျ၊ ကျုပ်လိုက်သွားလိုက်ဦးမယ်"

"အေးဗျာ – ကျုပ်လည်း အနွေးထည်ရှာဝတ်နေရတာနဲ့ နောက်ကျသွားတယ်၊ စကားတောင် မပြောလိုက်ရဘူး"

"ပြန်လာမှပဲ အချိန်ရရင် လက်ဖက်ရည်သောက်ကြတာပေါ့ – သွားပြီဗျို့"

"အိုကေ – ကိုသန်းဖေ"



www.burmeseclassic.com

www.burmeseclassic.com

ကိုမြင့်ရွှေ ကားဆိုက်ပြီး၍ မိနစ်ပိုင်းပင် မကြာသေး ကိုသန်းဖော်က စီးနေကျ ဖောက်သည်လာသဖြင့် မြောက်ဥက္ကလာဘက်သို့ ကားလိုက်သွားသည်။ ခရီးသည် မလာသေးလျှင် ဟိုဟိုသည်သည် စကားဖောင်ဖွဲ့မည်ဟု အတွေးရှိသော ကိုမြင့်ရွှေလည်း လေပန်းချင်စိတ်ကို မြို သိပ်ကာ ငေးမိငေးရာ ငေးနေမိ၏။

ကိုမြင့်ရွှေတို့ ကားဂိတ်ထိုးရာလမ်းဆုံက အမှတ်(၃)လမ်းမကြီး၏ နံဘေးတွင် တည်ရှိနေပြီး ရွာသာကြီးဘက်သို့ ခရီးပေါက်နိုင်သော လမ်းသွယ်တစ်ခု၏ အဆုံးသတ်နေရာလည်းဖြစ်သည်။ လမ်းကြောတစ်လျှောက် ဆိုင်တန်းများ၊ အိမ်တန်းများနှင့် စိုက်ခင်းများပြည့်လျက်ရှိ၍ စည်ကားသောဒေသတစ်ခုလည်းဖြစ်၏။ အထူးသဖြင့် ထိုလမ်းဆုံ၌ လက်ဖက်ရည်ဆိုင်များ၊ ကွမ်းယာဆိုင်များ ပေါသည်။ ဆိုင်ကယ်ကယ်ရီများလည်းပြည့်နက်နေသည်။ တက္ကစီဆွဲသူကတော့ သုံး၊ လေး၊ ငါးဦးသာ ရှိ၏။ ထိုအထဲတွင် ကိုမြင့်ရွှေကလည်း ပင်လယ်ရေခပ်သူတစ်ယောက်။

ပျားပန်းခတ် သွားလာနေသူများကို ငေးရင်းအတွေးနယ်ချဲ့လျက်ရှိစဉ် ကိုမြင့်ရွှေ၏အနားသို့ လူတစ်ယောက် ရောက်လာသည်၊ လူရိပ်တွေ၍ ကိုမြင့်ရွှေ သတိဝင်လာကာ လှည့်ကြည့်မိသည်၊

"ကားအားလား - ဇီညီ"

"အားပါတယ် - အစ်ကို - အားပါတယ်"

"ဒါဆို - ကျုပ်ကို ရွှေနံ့သာထဲ ပို့ပေးပါဗျာ။ ဟို - ခဏတော့စောင့်ဦး၊ အထုပ်တွေ သွားယူလိုက်ဦးမယ်၊ ဈေးနှုန်းကတော့ ထုံးစံအတိုင်းပေါ့"

ကားလာငှားသူက စီးနေကျထဲက တစ်ယောက်။ ထိုလူကို နာမည်မသိပေမဲ့ တစ်ပတ်တစ်ခါ၊ နှစ်ပတ်တစ်ခါ မြင်တွေ့ဖူးနေကျမို့ ရင်းနှီးနေပြီ၊ ကားလာငှားသည့်အခါတိုင်း အထုပ်အပိုးများ ပါလာတတ်သဖြင့် ကုန်ပစ္စည်း လက်လီလက်ကားရောင်းချသူတစ်ဦးသာဖြစ်လိမ့်မည်ဟု ကိုမြင့်ရွှေ တွက်ဆမိသည်၊ မကြာခဏ ငှားစီးနေကျလူမို့ ဈေးစကားပင် အခြေအတင် ဆွေးနွေးရန် မလိုတော့။

"ဟုတ်ကဲ့ - အစ်ကို၊ အဆင်ပြေပါတယ်။ ကျွန်တော် စောင့်နေပါ့မယ်"

ကားငှားရမ်းမှု အဆင်ပြေပြီးနောက် ကိုမြင့်ရွှေ၏အနားမှ ထိုလူပြန်ထွက်သွားသည်။ ပစ္စည်းများကို ပြန်သွားယူခြင်းဖြစ်၏။

ကိုမြင့်ရွှေလည်း ကားနောက်ဖုံးကို ဖွင့်ကာ အသင့်စောင့်နေလိုက်သည်၊ ဈေးဦးပေါက်မြန်သဖြင့် ယနေ့ညနေကို မင်္ဂလာညနေခင်းစာရင်းတွင်းသို့ ထည့်သွင်းရမည်ဟု စိတ်ကူးယဉ်လျက်ရှိ၏။ ထိုအခိုက်မှာပဲ ထင်မှတ်မထားသည့် ကိစ္စက ဖြစ်ပွားရန် အစချီခဲ့သည်။

ကိုမြင့်ရွှေက နောက်ဖုံးကိုကိုင်ကာ အေးအေးလူလူရပ်စောင့်နေစဉ် တစ်စုံတစ်ယောက်က မိမိ၏ပခုံးကို ခပ်ဆတ်ဆတ် ပုတ်လိုက်သည်။

ဘယ်သူပါလိမ့် - အပေါင်းအသင်းထဲကများလား။

ထိုအတွေးဖြင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့ မျက်နာပေါက်ဆိုးဆိုးနှင့် လူငယ်ငါးယောက်ကိုတွေ့လိုက်ရသည်။ ပုံစံတွေက မထီမဲ့မြင်နှင့်၊ ဝတ်စားထားပုံကလည်း ဂျလေဘီလိုလို ဂျစ်ပစီလိုလို၊ ရော့ကာလိုလို ပန့်လိုလို။ သေချာသည်က သူတို့ထံမှ တလှိုင်လှိုင်ထွက်လျက်ရှိသည့်အရက်နံ့များ၊

"ဒီမယ် - ကားငှားမယ်၊ ထောက်ကြံ့ကို သွားမလို့"

လူငယ်ငါးယောက်ထဲမှ အသားညို ညို ပိန်ညှော်ညှော်နှင့်တစ်ယောက်က ဆတ်တောက်တောက်ဆို၏။ အသံက ပီပီပြင်ပြင်မရှိ၊ ရီဝေဝေ ပလုံးပထွေးဖြစ်နေသည်၊ သည်အတိုင်းတောင် အရက်သမားငှားလျှင် ကိုမြင့်ရွှေ မလိုက်ချင်ပါ၊ တစ်ခါတစ်ရံ လုံးဝဈေးဦးမပေါက်မှသာ မဖြစ်မနေမို့ လိုက်လေ့ရှိသူ ကိုမြင့်ရွှေအဖို့ ယနေ့ညနေကတော့ ဈေးညှိပြီးသူလည်း ရှိနေပြီဖြစ်၍ လုံးဝနီး(No)ပင်၊

"ကားမအားပါဘူး၊ ငှားပြီးသူရှိလို့ပါ"

ကိုမြင့်ရွှေက ပုံမှန်အတိုင်းပြန်ပြောလိုက်ခြင်းဖြစ်ပေမယ့် တစ်ဖက် လူငယ်တစ်ဦးက မည်သို့ယူဆလေမသိ၊ မျက်နာတွေမည်းသွားကြ၏။ ဝူးဝူး ဝါးဝါးတွေ ဖြစ်သွားကြ၏။

"ဘာလဲ - ခင်ဗျားကြီးက အရက်သမားဆို ကြည့်မရတဲ့ သဘောလား။ ဘာသောက်ကြီးကျယ်နေတာလဲ"

"ဟုတ်ပ - သေချင်နေပြီထင်တယ်"

လူငယ်နှစ်ယောက်က ဒေါသကြီးအော်ဝေါက်လေသည်။ သူတို့အသံများ





www.burmeseclassic.com

www.burmeseclassic.com

က တိုးတိုးညင်ညင်မဟုတ်သဖြင့် ပတ်ဝန်းကျင်သို့ ပျံ့နှံ့သွားသည်။ ခပ်လှမ်းလှမ်းရှိ ဆိုင်ကယ်သမားနှစ်ယောက်ပင် အထိတ်တလန့် လှည့်ကြည့်ကြသည်။

ကိုမြင့်ရွှေကိုယ်တိုင်လည်း နည်းနည်းတော့လန့်သွား၏။ ပြဿနာမဟုတ်သည့်ကိစ္စကို ပြဿနာလုပ်နေသဖြင့် မည်သို့ဖြေရှင်းရမည်မသိ။ ယခုမှ ပို့ပေးပါ့မယ်ဟု ပြော၍လည်း မဖြစ်တော့။ တော်ကြာ - ထောက်ကြံ့ရောက်မှ ပိုင်းသမနေလျှင် ပိုဆိုးမည်မို့ တုံ့ဂျာဘာဝေငြိမ်နေလိုက်သည်။

"ဟာ - ဒီအဘိုးကြီး သောတ်ရှိုးကို မပြောဘူး။ ငါ တီးထည့်လိုက်ရ"

ဂျာကင်အမဲ့ည်းဝတ်ထားသည့်လူငယ်က ကိုမြင့်ရွှေ၏အနွေးထည်စကို ဆောင့်ဆွဲကာ ထိုးမည့်ဟန်ပြုသည်။ ကိုမြင့်ရွှေလည်း ရုတ်တရက်မို့ ကိုယ့်ကိုယ်ကိုယ် ကာကွယ်သည့်အနေဖြင့် ပြန်တွန်းလိုက်မိသည်။ အမှန်က ထိုသို့ တုံ့ပြန်ရန် စိတ်ကူးမရှိ။ သို့ပေမဲ့ - လူတို့၏ အလိုအလျောက် ကာကွယ်တတ်သည့် စိတ်အခြေခံကြောင့် ထိုသို့ပြန်တွန်းလိုက်မိခြင်းဖြစ်သည်။ ဒါကိုပဲ လူငယ်တွေကပြန်ခံလုပ်သည်ဟုသတ်မှတ်ကာ ဒေါသထွက်ကုန်ကြသည်၊ ပြဿနာ ပိုကြီးသွားသည်။

"အောင်မာ - သောက်အဘိုးကြီးက ငြိမ်ငြိမ်မနေဘဲ ချိုကြွနေပါလား။ ဟိတ်ကောင်တွေ - ဆုံးမမှရမယ့်ဟာကြီးကွ"

ထိုအခါမှပဲ ယင်းလူငယ်ကို ကိုမြင့်ရွှေမှတ်မိသွားသည်၊ အခြားလူမဟုတ်၊ ဟိုတစ်ခေါက်က ကလေးမနှစ်ယောက်နှင့် ကားလာငှားခဲ့သောတစ်ယောက်၊

တချို့တချို့သောသူတို့သည် ဘာမဟုတ်သည့်ကိစ္စလေးအား အမှတ်အတေးထားကာ အငြိုးအတေးလုပ်ကြသည်၊ ကလဲ့စားချေလိုကြသည်၊ တုံ့ပြန်ချင်ကြသည်။ ထိုသဘာဝကို ယခင်က ကိုမြင့်ရွှေအလေးအနက်မသိခဲ့ပါ။ ကိုယ့်ဘက်က ပြဿနာမလုပ်လျှင် ပြဿနာသည် ကိုယ့်ထံသို့ ရောက်မလာနိုင်ဟု ယုံကြည်ခဲ့မိသည်။ ယခုများတော့ ...။

ကိုမြင့်ရွှေအတွေးလွန်နေတုန်းမှာပဲ ထိုလူငယ်တစ်သိုက်က ကိုမြင့်ရွှေကို တွန်းလားထိုးလာလုပ်ကြသည်။ ခပ်မိုက်မိုက်တစ်ယောက်ကတော့ ကန်ဟယ်ကျောက်ဟယ်လုပ်သည်။ ကိုမြင့်ရွှေမှာ အများနှင့်တစ်ယောက် ဖြစ်နေ၍ ရှောင်ရတိမ်းရ ခက်နေပြီ၊ အားကိုးတကြီးနှင့် ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်မိတော့ မိမိတို့အဖြစ်အပျက်ကို လူတကာက ငေးကြည့်နေကြပေမဲ့ ဝင်လာပြီး ကူညီမည့်သူမရှိ၊ ဆိုင်ကယ်ကယ်ရီဆွဲသောလူငယ်လေးနှစ်ယောက်ပင် စိုးစိုးရွံ့ရွံ့နှင့် လှမ်းကြည့်နေပေသီ ဝင်မကူညီ၊ လူဆိုတာ ကိုယ့်အသက်၊ ကိုယ့်စီးပွားထိခိုက်မှာကို စိုးကြောက်ကြတာမှန်ပေမယ့် မျက်စိရှေ့က မတရားမှုကိုလက်ပိုက်ကြည့်နေတာကတော့ လုံးဝမဖြစ်သင့်ဟု ကိုမြင့်ရွှေထင်သည်၊ ကိုမြင့်ရွှေနေရာ၌တခြားတစ်ယောက်သာဆိုလျှင် ကိုမြင့်ရွှေဝင်ကူညီမိမှာအမှန်၊ သို့သော်လည်း ယခုများကျ ကိုမြင့်ရွှေကိုယ်တိုင် ဖြစ်နေလေတော့။

ကိုမြင့်ရွှေ၏အခြေအနေကိုအရက်သမားလူငယ်များကလည်း ရိပ်မိသွားကြပုံရသည်။ စောစောက လူမြင်ကွင်းကြီးဖြစ်နေ၍ မလုပ်ဝံ့ လုပ်ဝံ့ရှိကြပေမဲ့ ဝင်ကူညီမည့်သူ၊ ဖျန်ဖြေမည့်သူ မရှိသဖြင့် ပို၍ရောင့်တက်လာသည်။ လူငယ်

"

မောင်းချမားတဝီဝီလုပ်ကာ ရှေ့တိုးလာလျက်ရှိသော ဆံပင်အဝါနှင့် လူငယ်၏ခေါင်းကို ခွပ်ခနဲမြည်အောင် တီးထည့်လိုက်သလို ကိုမြင့်ရွှေ၏ နောက်မှ ဓားတိုနှင့်တွတ်ရန် ဟန်ရွယ်နေသော ဂျာကင်သမား၏ဗိုက်ကို လည်း ထိုသစ်သားတုတ်နှင့် ထိုးလိုက်၏။ (နောက်ဘက်၌ ထိုလူရှိနေမှန်း ကိုမြင့်ရွှေပင် မသိပါ) တစ်ဆက်တည်းမှာပဲ ကိုမြင့်ရွှေကိုလည်း စက်ကွင်းမလွတ်မှာ စိုး၍ထင် လမ်းတစ်ဖက်သို့ တွန်းဖယ်လိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်က ကိုမြင့်ရွှေကို ဆောင့်တွန်းလိုက်သဖြင့် ကိုမြင့်ရွှေခမျာ ကားနှင့်ဆောင့်မိကာ ကားနံဘေးတွင် အခွေသား လဲသွားသည်၊ ပုဆိုးမှာလည်း ကားဖုံးနှင့်ငြိကာ ရော့ရော့ရဲရဲဖြစ်သွား၏။

"အာ - အရေးထဲ ဒီပုဆိုးကလဲ"

ပုဆိုးက ကားဖုံးနှင့်ငြိပြီး ကျွတ်သွားခဲ့ပြီဖြစ်သည်၊ တော်သေးသည်မှာ ဝတ်လာသောအနွေးထည်ရှည်ရှည်ကြောင့် အရက်တကွ အကျိုးနည်း မဖြစ်၊

ပတ်ပတ်လည်မှ အနိုင်ကျင့်လျက်ရှိသောလူငယ်များကို ဂရုမစိုက်နိုင်တော့၊ လုံးလုံးကြီး ကျွတ်မကျခင်တွင် ပုဆိုးကို ဆွဲဖမ်းထားလိုက်ရသည်။ ဒါကိုပဲ ထိုလူငယ်တစ်သိုက်က မည်ကဲ့သို့ သဘောပေါက်သွားလဲဆိုတာ နားမလည်နိုင်၏။

"ခင်ဗျားကြီးက ဆဲတယ်ပေါ့လေ"

"ရှုပ်တယ်ကွာ၊ ဒီအဘိုးကြီးကို အသေလုပ်လိုက်တာ အေးတယ်"

အရက်သမား အမှားတစ်ရာဆိုသည့်စကားဟာ အမှန်ပင်ဖြစ်မှန်းယခုမှပဲ ကိုမြင့်ရွှေ သဘောပေါက်တော့သည်။ ထိုလူငယ်များသည် မမူးခင်က ဤမျှလောက် အတင့်ရဲချင်မှရဲမည်၊ လူလယ်ကောင်မှာလူသတ်ဝံ့သည်အထိသို့မဟုတ် မားထောက်ကာခြိမ်းခြောက်သည်အထိတော့ မိုက်ရူးရဲဆန်လိမ့်မည် မဟုတ်ပါ။ ယခုများတော့ အရက်ဆိုသည့်အရာက သူတို့၏ဒေါသကို ဆွပေး၍ထင်၊ ဘာကိုမှုမမြင်တော့၊

ဝိန်ညော်ညော်နှင့်တစ်ယောက်က မောင်းချဓားတစ်ချောင်း ထုတ်လိုက်သည်၊ ထိုဓားက အမှန်တကယ်ထိုးဖို့လား၊ခြိမ်းခြောက်ရုံသက်သက်ပဲလားဆိုတာတော့သူကိုယ်တိုင်သာ သိလိမ့်မည်။ သို့သော် ကိုမြင့်ရွှေကတော့ အတော်လေးကိုထိတ်လန့်သွားသည်၊ ပြဿနာ မဟုတ်သည့် ပြဿနာလေးကြောင့် အလကားနေရင်း အသတ်ခံရတော့မှာလားဟုတွေးကာ သွေးပျက်သွားသည်၊ အိမ်က မိန်းမနှင့် ကလေးများ၏မျက်နှာကို ပြေးမြင်လိုက်မိပြီး ပုဆိုးပင် မဝတ်နိုင်သေးဘဲ ပုဆိုးကိုင်ကာ ငိုင်ငိုင်ကြီးရပ်နေမိ၏၊ အနီးအနားမှလူများကလည်း ကူညီရန်စိတ်ကူးမရှိသည့်အပြင်ဇာတ်ကားထဲမှရန်ပွဲတစ်ခုကိုကြည့်နေသည့်အလား အကြောင်းသား ငေးကြည့်လို့။

"အား"

မယုံလျှင် ပုံပြင်မှတ်ပါဟူသော စကားကို ကြားခဲ့ဖူးပါသည်၊ သို့သော် ယခုကိစ္စက တကယ့်ကို ဖြစ်ရပ်မှန်။ သို့ပေမဲ့ အံ့ဩစရာကောင်းလွန်းသဖြင့် ယုံနိုင်ဖွယ်မရှိ၊ လူ(၁၀)ထက်မနည်းရှိသော လူအုပ်ကြီးသည် ကိုမြင့်ရွှေတို့ ရန်ပွဲကို ကူညီမည်၊ ဖြန်ဖြေမည်မတွေးဘဲကြောင် ငေးငေးလုပ်လျက်ရှိစဉ် ပြေးဝင်လာသူက မိနီ၊ လမ်းဆုံထိပ်တည့်တည့်တွင် ကွမ်းယာဆိုင်ဖွင့်ထားသော သတ္တိခဲမလေး မိနီ၊

မိနီကထမီကိုတိုတိုဝတ်ထားသည်၊ အပေါ်မှ ရှပ်အကျႌဖားဖားက ပြေးအလာမှာဝဲပျံနေသလို သူမက တစ်လံမကရှည်သော သစ်သားတုတ်ကြီးတစ်ချောင်းကို မြှောက်ကာ သံကုန်အော်လျက် ပြေးဝင်လာခြင်းဖြစ်သည်၊ ကိုမြင့်ရွှေအပါအဝင်လူငယ်ငါးယောက်လည်း အံ့ဩသွားကြရသည်။ မည်သူမျှ မကူညီသဖြင့် ရောင့်တက်လျက်ရှိနိုက် ထိုသို့ သစ်သားတုတ်ကြီးမြှောက်ကာပြေးဝင်လာသောမိနီကို တွေ့လိုက်ရ၍ လန့်လည်းလန့်၊ အံ့လည်း အံ့သွားပုံရသည်။

"ခွပ်"

"အင့်"

လျင်မြန်ပါပေ့ - မိနီ၊

မောင်းချဓားတဝီဝီလုပ်ကာ ရှေ့တိုးလာလျက်ရှိသော ဆံပင်အဝါနှင့် လူငယ်၏ခေါင်းကို ခွပ်ခနဲမြည်အောင် တီးထည့်လိုက်သလို ကိုမြင့်ရွှေ၏နောက်မှ ဓားတိုနှင့်တွတ်ရန် ဟန်ရွယ်နေသော ဂျာကင်သမား၏ဗိုက်ကိုလည်း ထိုသစ်သားတုတ်နှင့် ထိုးလိုက်၏။ (နောက်ဘက်၌ထိုလူရှိနေမှန်း ကိုမြင့်ရွှေပင် မသိပါ) တစ်ဆက်တည်းမှာပဲ ကိုမြင့်ရွှေကိုလည်း စက်ကွင်းမလွတ်မှာ စိုး၍ထင်၊ လမ်းတစ်ဖက်သို့ တွန်းဖယ်လိုက်သေးသည်၊ အသက်ဘေးမှ ကယ်တင်သဖြင့် မိနီကို ကျေးဇူးအနန္တတင်ပါသော်လည်း ပုဆိုးမဝတ်ရသေးဘဲ လမ်းဘေးသို့ တွန်းဖယ်ခံလိုက်ရ၍ ပုဆိုးက နေရာမှာ ကျန်ရစ်ခဲ့ပြီး ပုဆိုးတခြား၊ လူတခြားဖြစ်ကာ အရက်ကမူ ဖြန်းဖြန်းကွဲ၊ အနွေးထည်ကြီး ဝတ်လာမိ၍သာ တော်တော့၏၊

အမှန်က အရက်သမားလူငယ်များသည် ကြောက်ချေးပါသော ခွေးကြောက်များသာဖြစ်သည်၊ အရက်ငင်သဖြင့်

www.burmeseclassic.com

www.burmeseclassic.com

အနည်းငယ် မိုက်သွေးကြွနေစဉ် ယခင်က ဘာမဟုတ်သည့်ကိစ္စအပေါ် အငြိုးအတေးမှတ်ထားလျက်ပြဿနာလာရှာကြခြင်းဖြစ်သည်။ ကိုမြင့်ရွှေ၏ဘက်က လူနစ်ယောက်လောက် ပါလာမည်ဆိုလျှင် ချက်ချင်းလုညွှ်ပြေးကြမည့် ခပ်ရွံ့ရွံ့ သူဌေးသားများသာ။ သို့သော် ကိုမြင့်ရွှေ၏ဘက်မှာ လူမရှိ။ ခင်ခင်မင်မင်သူငယ်ချင်းကလည်း အပြင်ထွက်သွားပြီဖြစ်သလို ကျန်လူများကလည်း ကိုယ်နှင့်မဆိုင်ဟု သတ်မှတ်ကာ ရပ်ကြည့်နေကြသဖြင့် ထိုလူငယ်တစ်စုက အတင့်ရဲလာကြခြင်းဖြစ်သည်။ မိုက်သွေးကြွတာ ဓားမြှောင်ပင်ထုတ်လာကြသည်။ အကယ်၍ မိနီသာဝင်မကူညီလျှင် ရှူးရှူးမူးမူးအရက်သမားတစ်သိုက်၏လက်ချက်ဖြင့် ကိုမြင့်ရွှေမှာ အသက်သေရတော့မလို့။

မိနီ၏လက်ချက်ကြောင့် ကွဲပြဲလဲနေသော ထိုအမူးသမားတစ်သိုက်ကို ရပ်ကွက်လူကြီးများက ဖမ်းခေါ်သွားကြပြီဖြစ်သည်။ ထိုအခါမှပဲ မိနီ၏ရဲဝံ့မှုကို ဘေးထိုင်ပွဲကြည့်နေသူများက လက်ခုပ်တဖြောင်းဖြောင်းတီးကာ ချီးမွမ်းခန်းဖွင့်ကြသည်။ အမှန်မှာ မိနီကဲ့သို့ ၎င်းတို့လည်း ပြုလုပ်ခဲ့သင့်သည်ဟု ကိုမြင့်ရွှေ ဝေဖန်မိ၏။ ကိုယ်တိုင်ခံခဲ့ရ၍ စိတ်နာနာဖြင့် ယင်းတို့အပေါ် အပြစ်တင်ခြင်းလားဆိုတော့ မဟုတ်ပါ။ ယောကျ်ားများ၊ လူငယ်များဖြစ်ပြီး မတရားသည့်ကိစ္စကို သည်အတိုင်း ငေးကြည့်နေကြသည့်အတွက် ကိုမြင့်ရွှေ အံ့သြမိတာတော့ အမှန်ပင်။ ထိုစဉ် မိနီသာဝင်မကူညီလျှင် ကိုမြင့်ရွှေ၏ဘဝမှာ မတွေးဝံ့စရာ။ သူများတကာကို ဝေဖန်ကဲ့ရဲ့ရင်းမှ ကိုမြင့်ရွှေလည်း ကိုယ့်ကိုယ်ကိုယ် သေသေချာချာ ပြန် မေးကြည့်မိသည်။

ငါရော - အဲဒီလိုအခြေအနေမျိုးမှာ မိနီလို ဝင်ကူညီနိုင်ပါ့မလား။

ယခုချိန်ထိ ထိုမေးခွန်း၏အဖြေကို ကိုမြင့်ရွှေ မဖြေနိုင်သေးပါ။

ယခုဆို - ကိုမြင့်ရွှေ၏ သတင်းဖြန့်မှုကြောင့် မိနီ၏ကွမ်းယာဆိုင်လေးမှာ လက်မလည်အောင် စည်ကားနေပြီ။ လူအများကဟီးရိုးမလေးမိနီကိုလာရောက်ကြည့်ရှုကြသည်။ နီလာမှတ်တိုင်ရောက်တိုင်း သတ္တိခဲမလေး မိနီအကြောင်း ရှုးစမ်းမေးမြန်းကြသည်။ ထိုရန်ပွဲ၌ ပါဝင်အားဖြည့်ပေးခဲ့သော တစ်လံနီးပါးအရှည်ရှိသည့် သစ်သားတုတ်ကြီးဟာလည်း ဆိုင်အမိုးကိုထောက်မထားရင်းအရာရာကို လျစ်လျူရှုလျက် မထုံတတ်သေးရယ်။ သတ္တိခဲမလေးမိနီကလည်း မော်ကြွားခြင်း၊ ဝင့်ဝါခြင်းမရှိဘဲ ပုံမှန်အတိုင်း ကွမ်းယာရောင်းရင်း အေးအေးဆေးဆေးရယ်။

စေတနာ ရှေ့ထားလျက်


→ ဂျီးနွှန်းကို

- မိမိအိပ်ပျော်နေစဉ် ဖိုက်ပေါ်သို့ အိမ်မြှောင်ကျပါက ခွဲစိတ်ခံရတတ်သည်။
- မိမိ ခရီးသွားလာနေစဉ် မိန်းမချင်း ရန်ဖြစ်သည်ကို တွေ့ပါက သွားရသောကိစ္စများ မအောင်မြင်တတ်ပါ။
- မိမိလမ်းလျှောက်နေစဉ် ခွေးမစင်ပုံကိုနင်းမိပါက ငွေကြေးကိစ္စ အောင်မြင်မည်။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## သူတစ်ပါးအပေါ် မလိုမုန်းထား
# အကောက်ကြံသော်လည်း
## ကိုယ်ပြုသည့်ကံ ကိုယ့်ထံ
# ပြန်လည်သံသရာလည်ပုံကို
## ဖတ်ရှုရမည် ...

တစ်ခုသော တောင်ကြားလမ်းအတွင်း၌ လူတစ်ယောက်က မြင်း တစ်စီးနှင့် စီးနင်းလျက်ရှိလေသည်။ တောင်ကြားလမ်းက တစ်ခါတစ်ရံ ကျောက်တောင်များကြားမှ ဖြတ်သွားသည်။ ကျဉ်းမြောင်းစွာဖြတ်သန်းသွားရသည်ကလွဲပြီး ကြမ်းတမ်းဆိုးရွားလှသည်ဟု မဆိုသာပါ။ တောင်ကြော၏အနေအထားမှာမြင့်မားလှခြင်းမရှိလှသလို လမ်းတစ်လျှောက် သစ်ပင်တောအုပ်များဖြင့် ထူထပ်စွာ ပိတ်ဆည်းလွှမ်းအုပ်ထားခြင်းမျိုးလည်း မရှိပါချေ။ သို့သော် အဆင်းအတက်၊ အကွေ့အဝိုက်များကမူ အတော်ပင်များလွန်းလှသည်။ လမ်းက ကျောက်စရစ်လမ်းဖြစ်နေသည့်ပြင် မကြာခင်ကမှ မိုးသဲသဲမဲမဲရွာထားသဖြင့် လမ်းမျက်နှာပြင်က ချော်လျက်ရှိလေသည်။ ထိုလူက သူ့မြင်းကိုဖြည်းဖြည်းမှန်မှန်သာ စီးနင်လျက် ရှိသည်။

အတန်ကြာသော် တောင်ကြောလမ်းက ဆုံးသွားတော့သည်။ တောင်ဆင်ခြေလျှောသို့ ရောက်သွားခြင်းနှင့် အတူ ပွင့်လင်းကျယ်ဝန်းသောကွင်းပြင်ကြီးက သူ့ကို ဆီးကြိုနေတော့သည်။ ပြန့်ပြူးသောကွင်းပြင်ကြီးတစ်လျှောက် မြက်ခင်းပြင်များအား အစိမ်းတစ်ရစ်၊ အဝါတစ်ရစ် မြင်တွေ့နေရသည်။ တောင်မှူ တာတရှိန့်နှင့် သစ်ပင်စုစုတချို့ကိုမူ ဟိုနားတစ်ကွက်၊ သည်နားတစ်ကွက် တွေ့မြင်ရသည်။ ကောင်းကင်ကမူလင်းလင်းချင်းချင်းမရှိလှ။ မိုးရိပ်တိမ်သားများဖြင့် ခြယ်လှယ်ယှက်သန်းနေသည်။ မိုးကုတ်စက်ဝိုင်းတစ်နေရာ၌တိမ်ဖြူတွေအလိပ်လိုက် ထနေသည်။ မကြာခင် မိုးရွာဦးမည့် လက္ခဏာမျိုးပင်။

ကွင်းပြင်ထဲရောက်သည်နှင့်မြင်းကို ခပ်သော့သော့ နှင်လိုက်သည်။ ထို့ကြောင့် မကြာမီမှာပင် ကွင်းစပ်ဆီသို့ ရောက်သွားသည်။ ကွင်းစပ်၌ တောအုပ်ခပ်ပါးပါးကို တွေ့ရသည်။ ဂျုံခင်းစိမ်းစိမ်းနှင့် မုန်ညင်းခင်းဝါဝါတို့ကိုပါ လှမ်းတွေ့ရသည်။ လမ်းအတိုင်း ဆက်သွားလိုက်ရာ မီးခိုး တလူလူထွက်နေသော တဲအိမ်နှစ်လုံး သုံးလုံးခန့်ကို သူတွေ့လိုက်ရသည်။

တဲတစ်လုံး၏ရှေ့တွင် လှည်းတစ်စီး ရပ်ထားသည်ကို တွေ့ရသည်။ လှည်း ဘေးတွင် လူနှစ်ယောက်ကို တွေ့ရပြီး လှည်းပေါ်မှပစ္စည်းများအား အောက်သို့ သယ်ချနေကြသည်ကို တွေ့ရသည်။ မြင်းသမားက ထိုလူနှစ်ဦးအနီးတွင်မြင်း ကို ရပ်လိုက်သည်။ မြင်းပေါ်မှလည်း ခုန်ဆင်းလိုက်သည်။ သည်တော့မှ ထိုလူ နှစ်ဦးမှာ တစ်ယောက်သောသူက ကိုယ်လုံးသေးသေးကျစ်ကျစ်နှင့် အသက် (၅၀)ကျော်ခန့်လူကြီးတစ်ဦးဖြစ်နေပြီး ကျန်တစ်ဦးကအသားဖြူဖြူ၊ မျက်လုံးမျက်ခုံးကောင်းကောင်းနှင့် မိန်းကလေးတစ်ယောက် ဖြစ်နေသည်ကို တွေ့ရသည်။

လုပ်လက်စကိုရပ်၍အိမ်ရှင်လူကြီးက မြင်းသမားကိုလှမ်းကြည့်သည်။ နှုတ်မှလည်း ပြောလိုက်သည်။

"မြင်သာဘက်က လာခဲ့တယ်မှတ်တယ်။ ဘယ်ကိုတုံးဗျ"

"တောင်မှောက်ကြောဘက် တက်မလို့ပါ။ ခင်ဗျားပြောသလိုမြင်သာဘက် က လာခဲ့တာပါပဲ"

"တောင်မှောက်ကြောဆိုတော့ အဝေးကြီးပါလား။ ဒီမှာ အေးအေးဆေး ဆေး နားပါဦးလေ"

ထို့နောက်လုပ်လက်စကိုဆက်လုပ်လေသည်။ လှည်းပေါ်မှ ပြောင်းဖူးများကို အောက်မှခြင်းတောင်းကြီးထဲသို့ လက်ဖြင့် သယ်ချနေသည်။ မျက်လုံးနက်နက် နှင့်မိန်းကလေးက တစ်ချက်ဝင့်ကြည့် လိုက်စဉ်မြင်းသမားနှင့်အကြည့်ချင်းဆုံ သွားသည်။ သူမ၏မျက်နှာတွင် အပြုံး လေးတစ်ခု ပေါ်လာပြီးနောက် ခေါင်းကို ငုံ့ကာ လုပ်မြဲတိုင်း ဆက်လုပ်နေလေ သည်။ ဖော်ရွေဟန်တူသောထိုလူကြီး နှင့် ချစ်စဖွယ်ထိုမိန်းကလေးတို့ကို မြင်း သမားက မြင်မြင်ချင်းပင် သဘောကျ သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

ပတ်ဝန်းကျင်ကိုတစ်ချက်မျှလှည့်ပတ်ကြည့်လိုက်မိသည်။ ဤတဲအိမ်ကြီး၏ခေါင်းရင်းဘက်တွင်သီးသန့်တဲကလေးတစ်လုံးကိုတွေ့ရသည်။ အနောက်ဘက်ကိုက်တစ်ရာခန့်တွင်မှုရှည်မျောမျောနှင့် တဲကြီးတစ်လုံးကို တွေ့ရပြန်သည်။ ထိုတဲထဲတွင် လူတစ်ယောက်က ဆောင့်ကြောင့်ထိုင်လျက် နွားမကြီးတစ်ကောင်ထံမှ နွားနို့ညှစ်ယူနေသည်ကို တွေ့ရသည်။ နွားခြံဖြစ်ဟန်တူသည်။

မကြာမီ ပြောင်းဖူးများကို အကုန်လုံး ချပြီးသွားလေပြီ။ အိမ်ရှင်လူကြီးက လက်များကို ဖုတ်ဖက်ခါ၍ မြင်းသမားအား လှမ်းပြောလိုက်သည်။

"လာဗျာ - အထဲဝင်ရအောင်။ ပြောရင်းဆိုရင်း မိုးက မှုင်းလာပြန်ပြီ။ မိုးကလည်း ခုတလောမှ တယ်ကောင်းနေဗျယ်။ ဟိုသစ်ပင်အောက်က မြင်းထဲမှာ ပြောင်းရိုးနုနုလေးတွေ စင်းထည့်ထားတာရှိတယ်၊ ခင်ဗျားမြင်းကိုအဲဒီမှာသွားချည်ထားလိုက်ပါလား"

ပြောသည့်အတိုင်း မြင်းကို သွားချည်ထားလိုက်သည်။ ထို့နောက် အိမ်ရှင်နှင့်အတူ အတွင်းသို့ လိုက်ဝင်သွားလိုက်သည်။ တဲ၏ရှေ့ခန်းထဲတွင်ပြောင်းဖူးများဖြင့် တောင်ပုံရာပုံဖြစ်နေသည်။ ဝါးဖြင့်ပြုလုပ်ထားသော စားပွဲကြီးတစ်လုံးကိုလည်း တွေ့ရသည်။ ထိုစားပွဲ၏တစ်ဖက်တစ်ချက်တွင်ခုံရှည်တစ်ခုစီကိုချထားသည်။ ဝါးဖြင့်ပင်ပြုလုပ်ထားသည့်ခုံရှည်များ ဖြစ်ကြသည်။ မြင်းသမားနှင့်အိမ်ရှင်တို့က စားပွဲ၏တစ်ဘက်စီတွင်မျက်နှာချင်းဆိုင်ထိုင်လိုက်ကြသည်။

"ဆိုပါဦးဗျာ - တောင်မှောက်ကြောကိုဘာကိစ္စလာတာတုံး"

"သစ်မွှေးကိစ္စပါပဲဗျာ။ မိတ်ဆွေတစ်ယောက်က ခေါ်ထားလို့ပါ"

"ဟုတ်လား - နောက်ကိုလည်းကြုံတဲ့ အခါ ဝင်ပေါ့ဗျာ။ ကျုပ်နာမည် အုန်းကြိုင်တဲ့၊ မြင်သာရွာသားပါပဲ"

"ဟုတ်ကဲ့ - ကျွန်တော့်နာမည်ကလည်း မင်းဒင်ပါ၊ ဘယ်မှာတွေ့တွေ့ အကူအညီလိုတာရှိရင် ပြောပါ၊ ဒါထက် ဦးအုန်းကြိုင်က ခုလိုတောကြီးမျက်မည်းထဲမှာ လာနေတာ ကျွန်တော်ဖြင့် ထူးဆန်းနေသလိုပဲ"

"ကျုပ်က မုဆိုးတစ်ပိုင်း၊ တောင်သူတစ်ပိုင်းကိုးဗျ။ ဒီတော့ - ကိုယ့်လုပ်ငန်းရှိတဲ့နေရာမှာပဲ ကိုယ်လာနေရတာပေါ့ဗျာ။ ကျုပ်ကိုယ်တိုင်ကလည်းလူသူကင်းရှင်းပြီး ဆိတ်ဆိတ်ငြိမ်ငြိမ်နေရတာကိုအကြိုက်သားကိုး"

ဦးအုန်းကြိုင်စကားအဆုံးတွင် မင်းဒင်က အခန်းတွင်းသို့ အသာဝေ့ကြည့်လိုက်မိသည်။ တဲနံရံတစ်ပြင်လုံးမှာပင် တိရစ္ဆာန်ဦးချိုများ၊ အရေခွံများကို စီတန်းချိတ်ဆွဲထားသည်။ ဓား၊ လှံ၊ လေးမြားကဲ့သို့ လက်နက်များနှင့် ညှတ်ကွင်းများ၊ ထောင်ချောက်ပုံးများ၊ ပိုက်ကွန်းများကိုပါအစီအရီချိတ်ဆွဲထားသည်ကို တွေ့ရသည်။

ထိုအချိန်မှာပင် ခြေသံတစ်စုံကြားလိုက်ရသဖြင့် မင်းဒင်က လှည့်ကြည့်လိုက်သည်။ ခပ်ဝဝအမျိုးသမီးကြီးတစ်ယောက်က အတွင်းခန်းထဲမှ ထွက်လာသည်။ ထိုအမျိုးသမီးကြီးက လက်တွင်ကိုင်လာသော ရေနွေးကြမ်းအိုးနှင့် ပန်းကန်ပြားတစ်ချပ်ကို စားပွဲပေါ်တင်လိုက်သည်။ ထို့နောက်ဦးအုန်းကြိုင်ဘေးတွင် ကပ်ထိုင်လိုက်သည်။ မရှေးမနှောင်းပင် မျက်လုံးနက်နက်နှင့် မိန်းကလေးက ထပ်မံထွက်ပေါ်လာပြန်သည်။ သူမလက်ထဲတွင်လည်း ရေနွေးကြမ်းပန်းကန်များနှင့်ပန်းကန်လုံးကြီးတစ်လုံးကိုကိုင်လာသည်။ သူမက လက်ထဲမှပစ္စည်းများကို စားပွဲပေါ် အသာအယာတင်လိုက်ပြီး တာစောက အမျိုးသမီးကြီးဘေးတွင် ဝင်ထိုင်သည်။ ဦးအုန်းကြိုင်က -

"ဟောဒါက ကျုပ်ဇနီး၊ ဟောဒါကတော့ ကျုပ်သမီးပဲ။ အပြင်မှာ နွားနို့ညှစ်နေတဲ့ ကျုပ်ယောက်ဖတစ်ယောက် ရှိသေးတယ်။ အိမ်သားက စုစုပေါင်းလေးယောက်ပေါ့ဗျာ။ ကိုင်း - ကိုင်း - စားပါဦး၊ သောက်ပါဦး။ မုဆိုးအိမ်ဆိုတော့ တောစာနဲ့ပဲ ဧည့်ခံရတာပ။ ဒီဘက်က ဆတ်သားဖခြောက်၊ ဟိုဘက်ကဟာက ဝက်ဝံသားခြောက်။ ဝက်ဝံသားခင်ဗျားစားဖူးရဲ့လား၊ မြည်းကြည့်ပါဦး"

မင်းဒင်ကပြုံးလိုက်သည်။ မျက်လုံးကိုပါတစ်ချက်ဝင့်ကြည့်လိုက်ရာမဟူရာမျက်ဝန်းရှင်ကလေးနှင့် အကြည့်ချင်းဆုံသွားသည်။ သူမကပြုံးယောင်ယောင်မျက်နှာလေးဖြင့် မိမိအား မမိတ်မသုန်ကြည့်နေမှန်းတွေ့လိုက်ရသဖြင့်အတန်ငယ်စိတ်လှုပ်ရှားသွားမိသည်။ သူမ၏ဖွံ့ဖြိုးသောကိုယ်လုံးနှင့် စွဲမက်ဖွယ်အလှက ခုမှပို၍ထင်ပေါ်နေမှန်း သူ သတိပြုလိုက်မိသည်။ သူမအား စိတ်ထဲမှ "မဟူရာ" ဟုပင် အမည်ပေးလိုက်မိသည်။

ဝက်ဝံသားခြောက်တစ်ဖတ်ကို ပါးစပ်ထဲ ထည့်ဝါးလိုက်စဉ်မှာပင် မိုးက တဖြောက်ဖြောက် ကျလာတော့သည်။ သဲသဲမဲမဲတော့မဟုတ်၊ မိုးလုံးကလည်း မကြီးပါ။ မိုးသေးမိုးမွှားကလေးမျှသာ၊



www.burmeseclassic.com

www.burmeseclassic.com

“ ချောင်းထဲ၌ ရေက တဒီးဒီး ကျနေသည်။ ကမ်းနှစ်ဖက်လုံး ပေါင်းလန်အောင် လျှံထွက်နေသည်။ သစ်မြစ်ဆုံကြီးများ သစ်ပင်ခြောက်ကြီးများက ရေစီးကြောင်းထဲတွင် ကျွမ်းထိုးမှောက်ခုံ မျောပါလျက်ရှိသည်။ အလိပ်လိပ်ထနေသောလှိုင်းလုံးများက ကမ်းခြေမှ ကိုင်းပင်များကို ခေါင်းမထောင်နိုင်အောင် တရစပ်ရိုက်ဖိလျက်ရှိသည်။



သို့သော်မြူခိုးတွေက ထောင်းခနဲထလာသောကြောင့် အပြင်ဘက်၌ ခပ်မှောင်မှောင်ဖြစ်သွားတော့သည်။ ဦးအုန်းကြိုင်က တစ်စုံတစ်ခုကို သတိရလိုက်ဟန်ဖြင့် -

“ဟာ - နေဦးဗျို့၊ ခင်ဗျား တောင်မှောက်ကြောသွားမှာတော့ ဟုတ်ပါရဲ့၊ ကြိမ်ချောင်းကိုကော ဒီနေ့ ကျော်နိုင်ပါ့မလား။ ချောင်းထဲမှာ ရေများနေရင် ကျုပ်တို့သမားက ပို့ပေးလိမ့်မယ်မထင်ဘူး။ ညက မိုးတော်တော်ရွာထားတယ်လေ”

“ကြိမ်ချောင်းက တော်တော်ရေနက်သလား”

“နက်တာပေါ့၊ ချောင်းက ကျဉ်းတော့ရေစီးလည်းသန်တယ်။ မိုးရွာလိုက်လို့ ရေကြမ်းလာရင် ကျုပ်တို့သမားက ဘယ်ပို့ရဲလိမ့်မလဲ”

မဟူရာက မင်းဒင်မျက်နှာကိုကြည့်၍ဝင်ပြောလိုက်သည်။

“ကျွန်မတို့အိမ်မှာပဲ တစ်ရက်နှစ်ရက်လောက်တည်းနေပါဦးလား။ မိုးလေကင်းပြီးဆိုတော့မှ အစ်ကိုကြီးခရီးကိုဆက်လိုက်ပေါ့”

မင်းဒင်က သက်ပြင်းချလိုက်သည်။ သူမကိုလည်းကြင်နာသောအကြည့်ဖြင့် ကြည့်လိုက်သည်။ ဦးအုန်းကြိုင်က ပြောပြန်လေသည်။

“တည်းဖို့တော့ ဘာမှအားမနာနဲ့၊ ဒီအခန်းထဲမှာက ပြောင်းဖူးတွေနဲ့မို့ နေရာမရှိပေမဲ့ ခေါင်းရင်းက တဲကလေးက ဘယ်သူမှနေတာမဟုတ်ဘူး။ ခုတင်နဲ့ဘာနဲ့ အဆင်သင့်ပဲ၊ ကျုပ်သမီးပြောသလို အေးအေးဆေးဆေး တည်းခိုနေပါဦးလား - ကိုမင်းဒင်ရ”

မင်းဒင်က ခေါင်းကို အသာခါယမ်းပြလိုက်သည်၊ ကျေးဇူးတင်သော၊ အားနာသောစကားကိုလည်း အလိုက်သင့်ပြန်ပြောလိုက်သည်။

“မဖြစ်လို့ပါ - ဦး။ အလုပ်က သိပ်အရေးကြီးနေတယ်။ ဟိုကို အရောက်နောက်ကျလို့မဖြစ်ဘူး၊ ဟိုက သစ်မှေးသမားတွေက အရည်အသွေးမြင့်တဲ့ သစ်မှေးတွေကို အများကြီးရထားတဲ့အကြောင်း၊ သူများမဦးခင်အမြန်လာခဲ့ဖို့ အကြောင်းမှာထားလို့ပါ။ ဒီအခွင့်အရေးကိုအလွတ်ခံလို့မဖြစ်ဘူးပေါ့ဗျာ။ ဦးအုန်းကြိုင်ပြောသလိုဖြစ်နေရင်လည်း မဖြစ်၊ မဖြစ်အောင် စွန့်စားပြီး သွားကြည့်ရမှာပဲ”

“အေးလေ၊ ဒါလည်းဟုတ်တာပါပဲ။ တန်ဖိုးကြီးပစ္စည်းဆိုတော့လည်း မက်စရာပေါ့၊ ခင်ဗျားသဘောအတိုင်း သွားချင်လည်း သွားကြည့်လိုက်ဦးပေါ့”

“ကိစ္စပြီးတော့မှပဲ ညီမလေးတို့အိမ်မှာ အေးအေးဆေးဆေး ဝင်အနားယူမယ်လေ။ အဲဒီကျမှ ညော့်သည်ကို မနှင်ကောင်းပါဘူးနော် - ဟဲ - ဟဲ - ဟဲ”

မင်းဒင်နှင့် သူမက အကြည့်ချင်းဆုံ၍ရယ်လိုက်ကြသည်၊ ထို့နောက်အသားခြောက်နှင့် ရေနွေးကြမ်းကို ကျေနပ်အောင် စားသောက်ပြီးသည်နှင့် မင်းဒင်က ခရီးဆက်ရန် ပြင်လေသည်။ ထိုင်ရာမှထကာ သူ့မြင်းဆီသို့ လျှောက်လာခဲ့သည်။ ချည်ထားသောမြင်းကိုကြိုးဖြုတ်ကာ မြင်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက်သည်။ ထို့နောက် အပေါက်ဝတွင် ရပ်ကြည့်နေကြသောမိသားစုအား လက်မြှောက်ပြလိုက်ပြီး ခရီးကို စတင်လိုက်သည်။

ဦးအုန်းကြိုင်စကားအရဆိုလျှင်နေရာမှ ကြိမ်ချောင်းအထိ တောင်ခေါင်းတုံးတစ်ခုနှင့် တောတန်းတစ်ခုကို ကျော်ဖြတ်သွားရမည်၊ မြင်းဖြင့် ခပ်မှန်မှန်သာ သွားပါက ကြိမ်ချောင်းသို့ နာရီဝက်အတွင်း ရောက်မည်၊

* ❁ *

ကြိမ်ချောင်းရောက်လေသော် ဦးအုန်းကြိုင်စကား မှန်နေကြောင်းကို ဒိဋ္ဌပင် တွေ့ရလေသည်၊ ချောင်းထဲ၌ရေကတဒီးဒီးကျနေသည်၊ ကမ်းနှစ်ဖက်လုံး ပေါင်းလန်အောင် လျှံထွက်နေသည်၊


www.burmeseclassic.com

www.burmeseclassic.com

သစ်မြစ်ဆုံကြီးများ၊ သစ်ပင်ခြောက်ကြီးများက ရေစီးကြောင်းထဲတွင် ကျွမ်းထိုးမှောက်ခုံ မျောပါလျက်ရှိသည်။ အလိပ်လိပ်ထနေသောလှိုင်းလုံးများက ကမ်းခြေမှ ကိုင်းပင်များကို ခေါင်းမထောင်နိုင်အောင် တရစပ်ရိုက်ဖိလျက်ရှိသည်။

ထိုမြင်ကွင်းကြောင့်မင်းဒင်ကစိတ်ပျက်သွားသည်၊ သူ့လိုပင် ကူးတို့သမားအဖိုးကြီးကလည်း စိတ်ပျက်နေသည်၊

"ဒီနေ့ကောဆို သုံးရက်ရှိပြီဗျ။ ရေကကျကိုမကျနိုင်ဘူး။ မိုးကလည်းဘယ်တော့ကြည့်လိုက်ကြည့်လိုက် အထက်ဘက်မှာ မည်းနေတာပဲ တွေ့ရတယ်။ ဒီလိုသာ တစ်ပြားမှမဝင်တဲ့ရက်တွေဆက်နေရင် ကျုပ်တို့လည်း ဝတ်ကိန်းဆိုက်ဖို့ပဲ"

ထိုသို့ပြောပြီး အဖိုးကြီးက ချောင်းထဲသို့ မျှော်ကြည့်နေသည်၊ ချောင်းကကျယ်လှသည်တော့မဟုတ်၊ ချောင်း၏ဟိုဘက်ကမ်းနှင့် သည်ဘက်ကမ်းကိုမတ်လုံးခန့်ရှိသောစတီးကြိုးတစ်ချောင်းဖြင့် သွယ်တန်းထားသည်၊ ထိုစတီးကြိုးတွင်စက်သီးဘီးတစ်ခုကိုတပ်ဆင်ထားသည်၊ ကမ်းခြေတွင်အတော်အတန်ကြီးသော ဝါးဖောင်တစ်ခုရှိပြီး ထိုဖောင်၏ကြိုးကို စက်သီးဘီးနှင့် ချိတ်ဆက်ထားသည်၊ လူနှင့်တိရစ္ဆာန်များကို ဖောင်ပေါ်တင်ကာ ထိုစက်သီးဖြင့် ရွှေ့လျားမောင်းနှင်ပြီး တစ်ဖက်ကမ်းသို့ ပို့ဆောင်ပေးခြင်းဖြစ်သည်။

မတတ်နိုင်ပါ၊ အခြေအနေအရ မည်သို့မျှ ခရီးဆက်၍မဖြစ်တော့ပါ၊ နောက်ကြောင်းပြန်ရန်သာ ဆုံးဖြတ်လိုက်ရတော့သည်၊ ထို့ကြောင့် မင်းဒင်က ကူးတို့အဘိုးကြီးကို နှုတ်ဆက်ကာ လာလမ်းအတိုင်း မြင်းကိုပြန်နှင်ခဲ့သည်၊

ဦးအုန်းကြိုင်၏တဲစုသို့ ပြန်ရောက်သောအခါ နေဝင်ရီတရောအချိန်သို့ ရောက်နေလေပြီ၊ သို့သော်ရာသီဥတုက အနည်းငယ် ပြန်ကောင်းလာသည်ကို တွေ့ရသည်၊ ဝန်းကျင်က ပွင့်လင်းလျက်ရှိပြီး ခပ်ဖျော့ဖျော့ နေရောင်ခြည်ကိုပင် မြင်တွေ့နေရသည်၊

ရောက်ရောက်ချင်းပင် ထူးခြားမှုတစ်ခုကို တွေ့ရသည်။ ၎င်းက အလာတုန်းက သူ့မြင်းကို ချည်ခဲ့သောနေရာတွင် အခြားမြင်းတစ်ကောင် ရောက်နေခြင်းကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်၊ မြင်းမှာနီညိုရောင်မြင်းဖြစ်သည်၊ ထိုမြင်းက အစာကိုစားနေရာမှမင်းဒင်၏မြင်းကိုမြင်သည်နှင့် ခေါင်းကိုထောင်ပြီး ပြင်းထန်စွာ ဟီလိုက်လေသည်၊ မြင်းဟီသံကြောင့် အတွင်းမှ ဦးအုန်းကြိုင်က အပေါက်ဝ၌ ဖျတ်ခနဲ ပေါ်လာသည်၊



"ဟော - ကိုမင်းဒင် - ပြန်လှည့်လာပြီပေါ့၊ ကျုပ်မပြောလား၊ ကူးလို့မရပါဘူးဆို။ ကဲ - ကဲ - ခင်ဗျားမြင်းကိုဟိုသလဲပင်အောက်မှာ သွားချည်လိုက်၊ ကျုပ်ယောက်ဖမောင်ကိုက အစာကျွေးပေးပါလိမ့်မယ်"

မြင်းကိုသွားချည်ထားလိုက်သည်၊ ထို့နောက် ဦးအုန်းကြိုင်နှင့်အတူ တဲအတွင်းသို့ဝင်လိုက်ကြသည်၊ အတွင်း၌ လူစိမ်းတစ်ယောက်ကို တွေ့လိုက်ရပြီး ထိုလူစိမ်းက မဟူရာမိန်းကလေးနှင့် ဝါးစားပွဲတွင်အတူထိုင်ကာ ရယ်ရယ်မောမော စကားလက်ဆုံကျနေလေသည်၊ ဦးအုန်းကြိုင်၏ဇနီးကိုမူ မတွေ့ရပေ၊ မင်းဒင်က ထိုလူစိမ်းကိုအကဲခတ်လိုက်ရာ ဘောင်းဘီရှည်နှင့် ဂျာကင်အင်္ကျီကို စမတ်ကျကျ ဝတ်ဆင်ထားသောထိုလူစိမ်းမှာလူငယ်တစ်ယောက်မျှသာဖြစ်ပြီး ရုပ်ရည်အားဖြင့် လည်း အတော်ချောမောလှသည်ကို သတိပြုမိလိုက်သည်၊

ဦးအုန်းကြိုင်၏အသံက ပေါ်လာသည်၊

"ကိုင်း - ကိုမင်းဒင် - ဟောဒီသူငယ်က ကိုကိုလတ်တဲ့၊ ခင်ဗျားလိုပဲ တောင်မှောက်ကြောကို တက်မလို့တဲ့၊ အလုပ်ကလည်းခင်ဗျားလိုပဲ သစ်မွေးသွားဝယ်ဖို့ပဲတဲ့၊ ဟန်ကျတာပေါ့ဗျာ၊ ခင်ဗျားတို့နှစ်ယောက် ခရီးတူ၊ လုပ်ငန်းတူဆိုတော့ အဖော်ရသွားတာပေါ့"

မင်းဒင်စိတ်ထဲက အတော်ပင်အောင့်သွားသည်၊ ထိတ်လည်း ထိတ်လန့်သွားသည်၊ ထို့ကြောင့် မျက်မှောင်ကိုကြုတ်၍ ကိုကိုလတ်ဆိုသူကို စူးစူးဝါးဝါး စိုက်ကြည့်လိုက်မိသည်၊ ကိုကိုလတ်ကမူ ဖော်ရွေသောအပြုံးဖြင့် မင်းဒင်ကို လှမ်းကြည့်ပြီးပြောလိုက်သည်၊

"အတော်ပဲပေါ့၊ ကျွန်တော်နဲ့အစ်ကိုကြီးနဲ့ အတူတူသွားကြတာပေါ့ဗျာ၊ ကျွန်တော်လည်းသစ်မွေးသမားတစ်ယောက်က သစ်မွေးကောင်းကောင်းရထားတယ်၊ လာကြည့်ပါဦးဆိုလို့ အားချင်းထွက်လာခဲ့တာပဲ ခင်ဗျ"

မင်းဒင်က ဘာမျှပြန်မပြော၊ ကိုကိုလတ်ကို ခပ်မှုန်မှုန် ကြည့်မြဲကြည့်နေသည်၊ ထိုအခါ ကိုကိုလတ်က အနည်းငယ် မျက်နှာပျက်သွားပြီး တစ်ဖက်သို့ ပြန်လှည့်ကာ မဟူရာမိန်းကလေးနှင့် စကားဆက်ပြောနေတော့သည်၊ မဟူရာက မင်းဒင်ကို တစ်ချက်ပြုံးပြလိုက်သေးသော်လည်း ထိုအပြုံးကိုပီပြင်သောအပြုံးဟု မင်းဒင် မထင်၊

ထို့နောက် ဝါးစားပွဲတွင် ဝင်ထိုင်လိုက်ကြသည်၊ မင်းဒင်နှင့် ဦးအုန်းကြိုင်ကတစ်ဖက်၊ အခြားနှစ်ယောက်ကတစ်



www.burmeseclassic.com

www.burmeseclassic.com

ဖက် အသီးသီး စကားစမြည်ပြောဆိုနေကြသည်။ အတွင်းခန်းမှ အိုးသံခွက်သံတချို့ကို ကြားရသည်။ ဦးအုန်းကြိုင်၏ဇနီးက ဧည့်သည်များကို ညစာကျွေးရန်အတွက် မီးဖိုထဲတွင် အလုပ်ရှုပ်နေခြင်းပင်ဖြစ်မည်။

ခေတ္တမျှကြာသော် ဦးအုန်းကြိုင်ကတစ်ခုခုကို သတိရသွားပြီး -

"အော် - ဒါနဲ့ ခင်ဗျားအတွက်နေရာမပေးရသေးဘူး။ ခေါင်းရင်းကတဲကိုတော့ကိုကိုလတ်က ဦးသွားပြီပေါ့ဗျာ။ ခင်ဗျားက ကြိမ်ချောင်းကို သွားလိုက်တာကိုး။ နို့မဟုတ်ရင် ခင်ဗျားနေရာပေါ့၊ ခုတော့ခင်ဗျားက နွားတင်းကုပ်ပေါ်မှာပဲနေပေတော့။ လာ လာ - ကျုပ်လိုက်ပြဦးမယ်"

ဦးအုန်းကြိုင်က ဦးဆောင်ပြီး ခေါ်သွားသည်။ မင်းဒင်ကနောက်မှကပ်လိုက်သွားလိုက်သည်။ နွားတဲသို့ရောက်သော် ဦးအုန်းကြိုင်က အပေါ်ကို မော့ကြည့်ပြီးပြောလိုက်သည်။

"အဲဒီစင်ပေါ်မှာပဲ အိပ်ပေတော့။ စင်ရဲ့ဟိုဘက်ခြမ်းမှာစပါးအိတ်တွေရှိတယ်။ ဒီဘက်အခြမ်းမှာ နေရာတွေ အကျယ်ကြီး လွတ်နေပါသေးတယ်၊ အရင်ကတော့ ကျုပ်တာ နွားကျောင်းသားလေးတစ်ယောက် ခေါ်ထားသေးတယ်ဗျ။ သူက ဒီစင်ပေါ်မှာပဲ အိပ်တာပဲ"

မင်းဒင်က မော့ကြည့်လိုက်သည်။ အပေါ်တွင် စင်တစ်စင်ကို တွေ့ရသည်။ ထိုစင်က ခေါင်မိုးနှင့်ထိကပ်နေသဖြင့်အောက်မှကြည့်သော် အတန်ပင်မြင့်လှသည်။ ထိုစင်ပေါ်သို့တက်ရန် သစ်သားလှေကားတစ်ခု ထောင်ထားသည်ကိုပါတွေ့ရသည်။ ထိုအချိန်မှာပင်ဦးအုန်းကြိုင်၏ယောက်ဖဖြစ်သူက နွားများနှင့်အတူပြန်ရောက်လာသည်။ နွားများကို တင်းကုပ်ထဲသို့ မောင်းသွင်းကာ နွားတစ်ကောင်ချင်းအား သူ့တိုင်နှင့်သူ ချည်ထားလိုက်သည်။ တင်းကုပ်မှာ ခပ်ရှည်ရှည်ဖြစ်သည်။ တင်းကုပ်၏ အရှေ့ဘက်ခြမ်းတွင် နွားကို ချည်ထားခြင်းဖြစ်ပြီး လှေကားထောင်ထားသော စင်အောက်နေရာတွင်မူ နေရာများ လွတ်နေသည်။ ခြောက်သွေ့ပြီး သန့်ရှင်းလျက်ရှိသည်ကိုပါ တွေ့ရသည်။

သို့နှင့်မကြာမီပင်နေဝင်သွားသည်။ အမှောင်ထုက ရောက်ရှိလာသည်။ မိုးချုပ်ပြီးသည်နှင့် ထမင်းဝိုင်းကပါပြင်ဆင်ပြီးသား ဖြစ်သွားသည်။ ထမင်းဝိုင်းတွင် ဦးအုန်းကြိုင်နှင့် ဧည့်သည်နှစ်ယောက်တို့က အတူဆုံဖြစ်သွားသည်။ ဦးအုန်းကြိုင်ဇနီး ဖွယ်ဖွယ်ရာရာချက်ပြုတ်ထားသော ဟင်းထမင်းများကို အားရပါးရပင်စားလိုက်ကြသည်။ ခရီးဒဏ်ကြောင့်ပင်



ပန်းပြီး ဝမ်းဟာနေကြသူများပီပီ ထမင်းမြိန်သွားကြသည်။

ထမင်းစားပြီးသော် ရေနွေးကြမ်းဝိုင်းဆက်ကြသည်။ ရေနွေးကြမ်းဝိုင်းတွင် ဦးအုန်းကြိုင်က စကားတဖောင်ဖောင်နှင့် ဖော်ရွေနေသလောက် ဧည့်သည်နှစ်ယောက်ကမူ တစ်ဦးနှင့်တစ်ဦး အစေးမကပ်ကြချေ။ မင်းဒင်က ကိုကိုလတ်ကိုစကားပြောလိုစိတ်မရှိသလို ကိုကိုလတ်ကလည်း မင်းဒင်ကို ခပ်တည်တည်၊ ခပ်တန်းတန်းပင်လုပ်နေသည်။ အတန်ကြာသော် မင်းဒင်က ဦးအုန်းကြိုင်ကို နှုတ်ဆက်ကာ သူ့အတွက် ပေးလာသော ခေါင်းအုံးနှင့်စောင်များကိုယူ၍နွားတင်းကုပ်ဆီသို့ ထွက်လာတော့သည်။

ထောင်ထားသောလှေကားမှတစ်ဆင့်စင်ပေါ်သို့တက်လိုက်သည်။ စင်ပေါ်ရောက်သော် ဖယောင်းတိုင်ကို ထွန်း၍ အိပ်ရာခင်းလိုက်သည်။ ထို့နောက် အိပ်ရာပေါ်ပစ်လှဲကာ ဖယောင်းတိုင်မီးကို မှုတ်လိုက်သည်။ အိပ်ရာပေါ် ကျောခင်းကာ တောင်တောင်အီအီ စဉ်းစားနေမိသည်။ အထူးသဖြင့်ကိုကိုလတ်အကြောင်းကို စဉ်းစားနေမိသည်။ ထိုသို့စဉ်းစားနေစဉ် နှာခေါင်းထဲ၌ အောက်သိုးသိုးအနံ့လိုလို၊ နွားချေးနံ့လိုလို၊ စပါးခွံအနံ့လိုလို ရှူရှိုက်လိုက်ရသည်။ ချက်ချင်းပင် နှာမွှန်လာပြီး "ဟတ်ချိုး - ဟတ်ချိုး" ဟု နှာချေလိုက်ရသည်။ ကိုကိုလတ် ဆိုသည့် အကောင်ကို ပို၍မကျေမနပ်ဖြစ်သွားရသည်။ သည်ကောင်ရထားသည့်တဲမှာ အမှန်တော့ မိမိနေရမည့်တဲ ဖြစ်သည်။ သည်ကောင်ရောက်လာသောကြောင့် ယခုလို နွားတင်းကုပ်ပေါ်တက်နေရခြင်းဖြစ်သည်။

ထိုအခိုက် အိမ်ဘက်ဆီမှ စကားသံများက လေအသင့်တွင် ပျံ့လွင့်လာလေသည်။ ထိုစကားသံများထဲ၌ဦးအုန်းကြိုင်၏ခပ်ဩဩအသံကို တစ်ခါတစ်ရံမှသာ ကြားရသော်လည်း ကိုကိုလတ်အသံနှင့် မဟူရာမိန်းကလေး၏ အသံတို့ကိုမူ ပင်တိုင်လိုလိုကြားနေရသည်။ ပြောရင်းဆိုရင်း ရယ်မောလိုက်သည့် အသံများကိုပါထပ်မံပြီး ခပ်လွှင်လွှင် ကြားလိုက်ရပြန်သည်။ မင်းဒင်က သက်ပြင်းချမိရပြန်သည်။ အမှန်တော့ - သည်လို မဟူရာမလေးနှင့် ရင်းရင်းနှီးနှီး ရယ်မောပြောဆိုနေရမည့်သူက မိမိသာ ဖြစ်သင့်သည်။ သည်ကောင် ကြားဖောက်ပြီး ဝင်နှောက်လာသောကြောင့် မိမိဘေးလွင့်သွားရခြင်းဖြစ်သည်။ အပယ်ခံဖြစ်သွားရခြင်းဖြစ်သည်။

တွေးရင်းတွေးရင်း မင်းဒင်က ကိုကိုလတ်အပေါ် တဖြည်းဖြည်း ရှုပ်လာနေ



www.burmeseclassic.com

www.burmeseclassic.com

မိသည်၊ ချဉ်လာရုံမျှမက မုန်းတီးစိတ်ပါ ဝင်လာနေမိသည်။ တစ်ဖန် အရေးကြီး သောကိစ္စတစ်ခုကို ဆက်တွေးလိုက်မိ သောအခါတွင်မူ နဖူးကြောကြီးများ ထောင်ထလာသည်အထိဒေါသစိတ်က ဝင်လာမိတော့သည်၊ သည်ကောင်ကား မိမိအကြံ၊ မိမိရည်ရွယ်ချက်ကို ဖျက်ဆီး မည့်အကောင်၊ မိမိလုပ်ငန်းကို ဝင်ရှုပ် မည့်အကောင်၊ မိမိဈေးကွက်အတွင်း အတင်းဝင်ရောက်ပြီး ဝေစုခွဲသွားမည့် အကောင်။ စသည်ဖြင့် အတွေးပေါင်းစုံ ဖြင့် ရှာရှာလည်နေမိလေသည်။ ထိုသို့ တွေးတောနေမိရင်းမှပင် မသိမသာငိုက် မြည်းလာပြီး အိပ်ပျော်ခြင်းသို့ ရောက် မှန်းမသိ ရောက်သွားတော့သည်။

* ☸ *

နေမြင့်မှပင်အိပ်ရာကထဖြစ်တော့ သည်၊ နေမြင့်နေပြီဆိုသော်ငြား နေလုံး ကိုမြင်ရသည်တော့မဟုတ်။ သည်နံနက် တွင်လည်း ဝန်းကျင်က မိုးရိပ်တို့ဖြင့် မှုန် မှိုင်းနေဆဲ၊ အုံ့ဆိုင်းနေဆဲဖြစ်သည်။

ဦးအုန်းကြိုင်က ရေနွေးကြမ်းအိုး၊ အမြည်းပန်းကန်များဖြင့် အသင့်စောင့် ကြိုနေသည်။ ကိုကိုလတ်ကပါ ဦးအုန်း ကြိုင်နှင့်အတူထိုင်နေသည်။ မင်းဒင်ဝင် လာသည်ကို တွေ့သည်နှင့် ကိုကိုလတ် ကတစ်ချက်မျှ မော့ကြည့်ပြီး ဘာသိဘာ သာပင် ဆက်ထိုင်နေသည်၊ ဦးအုန်း ကြိုင်က –

"ဘယ့်နှယ်လဲ – ကိုမင်းဒင်၊ အိပ်လို့ ကောင်းရဲ့လား။ ခင်ဗျားက ကြိမ်ရှောင်း ကိုတောင် တစ်ခေါက်သွားလိုက်သေး တယ်ဆိုတော့ ပိုပင်ပန်းမှာပေါ့"

"ဟုတ်တယ်၊ အဲဒီ့ဒဏ်ကြောင့်ပဲ ဖြစ်မယ်၊ ညက တစ်ရေးမှမနိုးဘူး"

ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်၊ အမြည်းတချို့ကို ယူစားပြီး ရေနွေးကြမ်း ကိုပါ သောက်လိုက်သည်၊ ကိုကိုလတ် နှင့်အတူယှဉ်တွဲထိုင်နေရသည့်အတွက် မရိုးမရွဖြစ်သလိုလို၊ မသိုးမသန့်ဖြစ် သလိုလိုခံစားလိုက်ရသည်၊ နောက်ဆုံး တွင် စိတ်ကို မထိန်းနိုင်တော့ဘဲ မင်းဒင် ကကိုကိုလတ်ကိုခပ်စောင်းစောင်းကြည့် ရင်း မေးခွန်းထုတ်လိုက်တော့သည်၊

"နေပါဦး၊ ကိုယ့်လူက သစ်မွှေးသွား ဝယ်မှာဆိုတော့ ဘယ်သူ့အဆက်နဲ့သွား မှာလဲ"

"ကျွန်တော့် လူနဲ့ ကျွန်တော်ရှိပါ တယ်၊ ဒါ ပြောဖို့မလိုပါဘူး"

"မင်းလူဆိုတာ ဘယ်သူလဲ၊ ဘယ် သူကခေါ်လို့သွားမှာလဲ"

"ဒါလည်းခင်ဗျားသိစရာမလိုပါဘူး။ ကျွန်တော့်အစီအစဉ်နဲ့ ကျွန်တော်ရှိပြီး သားပါ"

"အေး – မှတ်ထား – ဟေ့ကောင်၊ ငါ့ကိုခေါ်လိုက်တဲ့သူကတော့ကိုစိန်ကြည် နဲ့ကိုသိန်းဒန်ဆိုတဲ့သူတွေပဲ၊ သူတို့ဆီကို တော့ယောင်လို့မှမကပ်ဖို့အကြောင်းကို တစ်ခါတည်း ပြောထားလိုက်မယ်"

"အံမာ – ခင်ဗျားက စကားပြော တယ်ရင့်ပါလား။ စီးပွားရေးလောကမှာ အစွမ်းအစချင်းပြိုင်ရတာကို ခင်ဗျား မသိဘူးလား၊ ခင်ဗျားရခင်ဗျားယူ၊ ကျွန် တော်ရ ကျွန်တော်ယူပေါ့"

"ကဲ – ကဲ – တော်ကြပါတော့၊ ကိုယ့် လူတို့မလဲ အချင်းချင်း ကတ်စရာမရှိ ကတ်နေကြတာကိုး၊ သမုဒ္ဒရာရေပဲများ၊ မှုမှုတတ ဝေမျှသောက်ကြလည်း ဖြစ် နေတဲ့ဥစ္စာ"

ဦးအုန်းကြိုင်ကြားဝင်လိုက်တော့မှ ပင်စကားလုံးတိုက်ပွဲကရပ်စဲသွားသည်။ သို့သော် မင်းဒင်က မျက်မှောင်ကိုကြုတ် ၍အသက်ရှူသံပြင်းနေသလိုကိုကိုလတ် ကလည်း နှုတ်ခမ်းကို တင်းတင်းစေ့ကာ အံသွားချင်း ဖိကြိတ်ထားလေသည်။

အမှန်မှာကနဦးတုန်းကကိုကိုလတ် အနေဖြင့် မင်းဒင်ပေါ်ဖော်ရွေဟန်၊ လိုက် လျောဟန်ပြခဲ့လေသော်ငြား မင်းဒင်က ခပ်တင်းတင်းဆက်ဆံလေသောကြောင့် သူ့အနေနှင့် ယခုကဲ့သို့ ခပ်မာမာတုံ့ပြန် လိုက်ရခြင်းဖြစ်လေသည်။

* ☸ *

နေ့လယ်ပိုင်းရောက်သော်ကောင်း ကင်၌ရုတ်တရက်တိမ်တွေကျဲသွားသည်၊ အပြာနရောင်ကောင်းကင်က ဘွားခနဲ ပေါ်လာသည်။ မြင်ရခဲလှသောနေရောင် ခြည်ရင့်ရင့်ကပါ ခပ်စူးစူးထိုးကျလာ သည်။ ထိုသို့ပွင့်လင်းသွားခြင်းနှင့်အတူ ကျေးငှက်တို့၏ ကျီကျီကျာကျာ မြည် ကြွေးသံ၊ တောကြက်တို့၏ တွန်ကျူးသံ တို့ကို ဟိုမှသည်မှ ကြားလာရသည်။

နေ့လယ်စာစားပြီးသည်နှင့် အဖွဲ့ တစ်ဖွဲ့ကလှည်းဖြင့်ခရီးထွက်ရန်ပြင်ဆင် နေလေသည်။ ထိုအဖွဲ့၌ဦးအုန်းကြိုင်၏ ဇနီးနှင့်သမီးတို့အပြင် ကိုကိုလတ်ပါ ပါဝင်သည်။ ဦးအုန်းကြိုင်ပြောစကားအရ သူတို့အဖွဲ့က တောင်ယာသို့ ပြောင်းဖူး သယ်ရန် သွားကြမည့်အကြောင်း၊ ကိုကို လတ်ကပြောင်းဖူးကူချိုးရန် လိုက်ပါသွား ခြင်းဖြစ်ကြောင်း၊ သူတို့အဖွဲ့မိုးချုပ်မှပြန် ရောက်ကြလိမ့်မည့်အကြောင်းများကို သိရလေသည်။ မကြာမီထိုလှည်းက ထွက် ခွာသွားလေရာ ကိုကိုလတ်က နောက်ပိုင်းရာ ဘေးတွင်ကပ်ထိုင်ပြီး လိုက်ပါသွားသည်





www.burmeseclassic.com

www.burmeseclassic.com

ကို တွေ့လိုက်ရသည်နှင့် မင်းဒင်က မျက်နှာကို ရှုံ့မဲ့လိုက်သည်၊ စိတ်ထဲမှလည်း "ခွေးမသား" ဟု ရေရွတ်လိုက်မိသည်။

ဦးအုန်းကြိုင်က ပြောသည်။

"ကိုင်း – ကိုမင်းဒင် – ခင်ဗျားလည်း တစ်ယောက်ထဲ နေခဲ့ရမယ့်တူတူ ကျုပ်နဲ့ တောထဲလိုက်ခဲ့ပေတော့။ ကျုပ်မနေ့က ထောင်ထားတဲ့ညွှတ်ကွင်းတွေကိုလိုက် ကြည့်မလို့၊ ခင်ဗျား အပြင်းလည်းပြေ၊ ဗဟုသုတလည်း ရပေါ့ဗျာ"

"ကောင်းသားပဲဗျာ – လိုက်ခဲ့မယ်လေ"

မင်းဒင်ကဦးအုန်းကြိုင်နှင့်လိုက်ရန် ပြင်သည်၊ ဦးအုန်းကြိုင်က မုဆိုးပစ္စည်းများဖြစ်သော ရေဘူး၊ ဒူးလေး၊ ဓားလှံတို့ကို ယူကာ ရှေ့မှထွက်လေသည်၊ နွားလွှတ်ပြီး ပြန်ရောက်လာသော ဦးအုန်းကြိုင်၏ယောက်ဖက အိမ်စောင့်အဖြစ် ကျန်ခဲ့လေသည်။

တောလမ်းအတိုင်းထွက်လာခဲ့ကြပြီး နာရီဝက်ခန့်အကြာတွင် တဲစုတစ်စုသို့ရောက်သွားကြသည်၊ ဦးအုန်းကြိုင်က အိမ်တစ်အိမ်သို့ဝင်ကာ ခေတ္တမျှ စကားစမြည်ပြောနေသည်၊ ဦးအုန်းကြိုင်နှင့် အိမ်ရှင်ယောကျ်ားတို့စကားပြောနေစဉ် ခပ်လှမ်းလှမ်းတွင်မိန်းမကြီးတစ်ယောက်က ထိုင်နေလေသည်၊ ထိုမိန်းမကြီးမှာ ကိုယ်ဝန်အရင့်အမာကြီးနှင့်ဖြစ်လေသည်။

"ကိုင်း – ဖိုးသောင်းတင် – သွားဦးမယ်ဟေ့၊ မင်းမိန်းမလည်း ဂရုစိုက်ဦး၊ နေ့စေ့လစေ့ကြီးနဲ့"

ဦးအုန်းကြိုင်က ထိုသို့ပြောလိုက်ပြီးနောက် နှစ်ယောက်သား ထိုတဲစုမှ ဆက်ထွက်ခဲ့ကြသည်၊ တဲစုကို လွန်သည်နှင့် တောက တစ်စတစ်စ နက်လာသည်၊ လမ်းကလည်း လှည်းလမ်းမှသည် လူသွားလမ်း၊ လူသွားလမ်းမှသည် တောများချုံများအတွင်းသို့ တဖြည်းဖြည်း တိုးဝင်လာခဲ့ကြသည်၊ တောရိပ်တောင်ရိပ်တို့ကြောင့် နေရောင်ခြည်က ပျောက်သွားကာ အလင်းရောင်ရှိသည်ဆိုရုံဖြစ်လာသည်၊

တောတိုးလာခဲ့ကြရင်း အတော်အတန်ကျယ်သော ကွင်းပြောင်ပြောင်တစ်ခုသို့အရောက်တွင် သူတို့ရပ်လိုက်ကြသည်၊ ထို့နောက် ဦးအုန်းကြိုင်က မင်းဒင်ကို လေသံမျှဖြင့် ပြောလိုက်သည်။

"ကျုပ်တောကောင်ထောင်ခဲ့တဲ့နေရာနားကို ရောက်ခါနီးပြီ၊ ခင်ဗျားဒီနေရာမှာ နေရစ်ခဲ့ဦး၊ ကျုပ်နဲ့မလိုက်ခဲ့နဲ့၊ ဘာကြောင့်လဲဆိုတော့ မတော်လို့ သားကောင်က ညွှတ်ကွင်းမှာမိနေရင် ကျုပ်လိုပဲ တခြားမုဆိုးက သားကောင်နားမှာ



ရောက်ချင်ရောက်နေတတ်တယ်၊ ကျားကိုပြော – ကျားကိုပြောတာ၊ ဒါကြောင့် ဘာလက်နက်မှမပါတဲ့ခင်ဗျားအတွက် အန္တရာယ်ရှိတယ် – သိပြီလား"

"ဟုတ်ကဲ့ – ဟုတ်ကဲ့"

မင်းဒင်က ခပ်တိုးတိုးပြန်ပြောသည်၊ ဦးအုန်းကြိုင်က ဒူးလေးကို အသင့်ကိုင်ကာ တောအုပ်ထဲသို့ ဖြည်းဖြည်းချင်း ဝင်ရောက်သွားသည်၊ မင်းဒင်က သစ်ပင်တစ်ပင်အောက်သို့သွားကာ ထိုင်နေလိုက်သည်၊ တောက ငြိမ်သက်လျက်ရှိသည်၊ ခါတွန်သံတချို့နှင့် ဘုတ်အီသံတချို့ကိုသာ အတော်ဝေးဝေးဆီမှ ခပ်သဲ့သဲ့ကြားရသည်၊

ဦးအုန်းကြိုင်က တော်တော်နှင့်ပေါ်မလာပေ၊ မင်းဒင်က ထိုင်စောင့်ရင်းပျင်းလာသည်၊ အနီးအနားသို့ ခဏတဖြုတ် လျှောက်သွားလိုစိတ်ဖြစ်ပေါ်လာသည်၊ ထို့ကြောင့် ထိုင်ရာမှထကာ တောစပ်အတွင်းသို့ တိုးဝင်လိုက်သည်၊ ဟိုဟိုသည်သည်ကြည့်ရှုရင်း လျှောက်လာခဲ့ရာ တစ်နေရာအရောက်တွင် ကနစိုးပင်နှစ်ပင် ယှဉ်တွဲပြီးပေါက်နေသည်ကို သူတွေ့လိုက်ရသည်၊ ကနစိုးပင်တစ်ပင်၏ အနီးတွင် လူတစ်ရပ်သာသာခန့် ချုံပုတ်တစ်ခုကိုပါ တွေ့လိုက်ရသည်၊ ထိုကနစိုးပင်နှစ်ပင်လုံးမှာပင် အသီးများက အတွဲလိုက်၊ အခိုင်လိုက်ပြွတ်ခဲနေတော့သည်၊ အပင်များကလည်း သိပ်မမြင့်လှပေ၊ မင်းဒင်ကအပင်ပေါ်တက်ကာကနစိုးသီးနှစ်တွဲသုံးတွဲခန့်ဖြုတ်ယူလိုက်သည်၊ ထို့နောက် အောက်သို့ ပြန်ဆင်းခဲ့သည်၊ အသီးကို အခွံနွှာပြီး စားကြည့်လိုက်ရာ အရည်ရွှန်းပြီး ချိုမြနေသည်ကို တွေ့ရသည်၊ ဤမျှအရသာရှိသော အသီးကို မည်သူမျှမတွေ့ရှိကြသည့်အဖြစ်အား အံ့ဩနေမိသည်၊ ကနစိုးသီး စားရင်းနှင့် ပင် ကွင်းစပ်သို့ပြန်လာခဲ့သည်၊

ကွင်းစပ်သို့ပြန်ရောက်သော်အချိန်ကိုက်ဆိုသလိုပင် ဦးအုန်းကြိုင်က ချေပေါက်ကလေးတစ်ကောင်ကိုထမ်းကာ တောအုပ်ထဲမှ ထွက်လာလေသည်၊ မင်းဒင်အနီးသို့ရောက်သည်နှင့်ဦးအုန်းကြိုင်က ပခုံးပေါ်မှ ချေပေါက်ကလေးကို မြေပြင်ပေါ်ပစ်ချလိုက်သည်၊

"ဗိုး – တော်တော်သန်တဲ့အကောင်ဗျ၊ ညွှတ်မှာမိနေတာတောင် လုံးနဲ့တော်တော်ထိုးယူရတယ်၊ ကိုယ်က လှမ်းထိုးလိုက်၊ သူက ရှောင်လိုက်နဲ့ သိုင်းကနေသလားအောက်မေ့ရတယ်"

ပြောပြီး မျက်နှာပေါ်မှ ချွေးပေါက်များကို ပုဆိုးစဖြင့် သုတ်နေလေသည်၊ မင်းဒင်က လက်ထဲမှ ကနစိုးသီးတွဲကို မြှောက်ပြကာ –



www.burmeseclassic.com

www.burmeseclassic.com

"ရော့ – ဦးအုန်းကြိုင် – အမောပြေ စားလိုက်ဦး၊ တော်တော်ချိုတဲ့အသီး တွေဗျ"

ဟု ပြောလိုက်သည်။ ဦးအုန်းကြိုင် က မင်းဒင်လက်ထဲမှ ကနစိုးသီးများကို မြင်သည်နှင့် ချက်ချင်းပင် မျက်နှာအမူအရာ ပြောင်းသွားသည်။ မျက်လုံးမြူးကာပါးစပ်အဟောင်းသားဖြစ်သွားသည်။ မင်းဒင်အားလည်း အလျင်စလိုပင် ပြန်မေးလိုက်သည်။

"ခင်ဗျား – ဟိုနားက ကနစိုးပင်နစ်ပင်ကနေ ခူးလာတာလား"

"ဟုတ်တယ် – ဘာဖြစ်လို့လဲ"

"ဘုရား – ဘုရား – ခင် ဗျား ဘာမှ မတွေ့ဘူးလား"

"ဟင့်အင်း – မတွေ့ပါဘူး"

"တော်သေးလို့ပေါ့။ အဲဒီကနစိုးပင်နားက ချုံတစ်ချုံမှာ ငန်းမြွေကြီးတစ်ကောင်ရှိတယ်။ သူ့အသိုက်ရှိတယ်။ သူ့ဥတွေလည်း ရှိတယ်"

"ဟာ – ဟုတ်လား – တော်သေးလို့ပေါ့။ ကျွန်တော်တော့ ဘာမှမတွေ့ခဲ့ဘူး။ ချုံရှိတာကိုတော့ သတိထားမိတယ်"

"ကံကောင်းလို့ပေါ့ – ကချွယ်လူ။ သူ အစာရှာထွက်နေတဲ့အချိန်နဲ့ ကြုံလို့ပါ။ နို့မို့လို့ကတော့ ခင်ဗျား ငါးပါးမှောက်ပြီးသားပဲ၊ အဲဒီကနစိုးပင်တွေကို ကျုပ်ယောက်ဖ မောင်ကိုအရင်ဆုံးတွေ့တာ။ မောင်ကိုက အသီးတွေခူးဖို့ ဆိုပြီးအပင်ပေါ်တက်မလို့ကြံခါရှိသေးရှူးခနဲ နှာမှုတ်သံကြီး ကြားလိုက်ရပြီး ငန်းမြွေကြီးက သူ့အသိုက်ထဲက ထိုးဆင်းလာတော့တာပဲ၊ ဘာပြောကောင်းမလဲဗျာ၊ မောင်ကိုလည်းတစ်ချိုးတည်း သုတ်ခြေတင်ရတော့တာပဲ၊ မောင်ကိုက ရှေ့ကပြေး၊ သူကနောက်ကလိုက်နဲ့တော်တော်ဝေးဝေးကို ရောက်တော့မှ မောင်ကိုက တောလည်သမားတချို့နဲ့ ဆုံမိသွားတယ်၊ အဲဒီတောလည်သမားတွေကပါ ဝိုင်းဝန်းခြောက်လှန့်ကြတော့မှ ဒီကောင်ကြီးက အလိုက်ရပ်သွားတော့ တာဆိုကို။ ဒါတောင်မှ ခပ်လှမ်းလှမ်းမှာ ပါးပျဉ်းကြီးထောင်ပြီး မာန်ဖီနေသေးသတဲ့"

မင်းဒင်ကျောထဲက စိမ့်ခနဲဖြစ်သွားသည်။

"တော်တော်ကြောက်စရာကောင်းတဲ့သတ္တဝါပဲ"

"ကြောက်စရာကောင်းရုံ ဘယ်ကလိမ့်မလဲ၊ ဒီကောင်မျိုးက အငြိုးလဲ သိပ်ကြီးတယ်၊ သူ့အသိုက်ထဲက ဥကို ယူသွားလို့ကတော့ ယူသွားတဲ့သူကိုမတွေ့တွေ့အောင် အနံ့ခံပြီးလိုက်ရှာသတဲ့၊ တွေ့တာနဲ့ ပေါက်သတ်သတဲ့"

"ဟာ – ဟုတ်လား"

"ဟုတ်တာပေါ့ဗျ။ ဒါကြောင့် – ဒီနားတစ်ဝိုက်မှာ တဲစုတွေမှန်သမျှကို ဒီကနစိုးပင်တွေနားမသွားကြဖို့ ကျုပ်က လိုက်ဆော်ဩထားရတာပေါ့။ ခင်ဗျား တော်တော်ကို ကံကောင်းတယ်။ ကိုင်း – ကိုင်း သွားကြစို့၊ ရှေ့မှာ အလုပ်နည်းနည်း ရှိသေးတယ်"

ထို့နောက် ထိုနေရာမှ ထွက်ခွာလာခဲ့ကြသည်၊ သိပ်ဝေးဝေးတော့ မသွားလိုက်ရပါ၊ တစ်နေရာအရောက်တွင် ဦးအုန်းကြိုင်က ရေးနည်းအတိုင်းမင်းဒင်အား ထားပစ်ခဲ့ပြီး သူ့ညွှတ်ကွင်းများရှိရာသို့ သားကောင်ကြည့်ရန် ထွက်သွားပြန်လေသည်၊ မင်းဒင်က တစ်ယောက်တည်း ကျန်ခဲ့ပြန်သည်၊

သည်တစ်ခါတော့ မင်းဒင်က သစ်ပင် တစ် ပင် ခြေရင်း တွ င် ထို င် ကာ အကြောင်းအရာတစ်ခုကို နက်နက်နဲနဲ စဉ်းစားနေမိသည်၊ အခြားမဟုတ်ပါ၊ ကနစိုးပင်အနီးမှ ငန်းသိုက်အကြောင်းကိုပင်ဖြစ်သည်၊ စဉ်းစားရင်းစဉ်းစားရင်း သူ့ခေါင်းထဲတွင် အကြံတစ်ခုက လက်ခနဲ ပေါ်လာသည်၊ ထိုအကြံနှင့်အတူ စိတ်ထဲကပါ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

ထို့နောက် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ကာ မင်းဒင်က စောစောက ကနစိုးပင်များရှိရာသို့ အမြန်ဆုံးပြေးထွက်သွားလေတော့သည်၊

❋ ❋ ❋

သူတို့အိမ်ပြန်ရောက်ချိန်တွင် နေဝင်ခါနီးလေပြီ။ ရာသီဥတုက တစ်ညနေခင်းလုံး သာသောကောင်းနေသည်။ ပွင့်လင်းကြည်သာနေသည်၊ ဦးအုန်းကြိုင် ယောက်ဖ မောင်ကိုအား ပြောင်းရိုးစင်းနေသည်ကိုတွေ့ရသည်၊ တောင်ယာသို့သွားသုံးယောက်အဖွဲ့ကား ယခုတိုင်ပြန်မရောက်လာသေးပေ၊

မောတွေမျှ အမောဖြေပြီးသည်နှင့် ဦးအုန်းကြိုင်က လုပ်ငန်းစရန် ပြင်သည်။ ကိုမောင်ကိုကိုလည်း လှမ်းခေါ်လိုက်သည်။ ကိုမောင်ကိုရောက်လာသော်ဓား များ၊ အိုးခွက်ဇလုံများကိုယူကာ ရလာသောအမဲကို ဖျက်ကြရန် အိမ်နောက်ဘက်ရေတွင်းဆီသို့ ထွက်ခွာသွားကြလေသည်၊ မင်းဒင်တစ်ယောက်သာ ကျန်ခဲ့သည်၊ မင်းဒင်က ရသည့်အခွင့်အရေးကို လျင်မြန်စွာ အသုံးချလိုက်သည်၊

ရှေ့နောက်ဝဲယာကိုတစ်ချက်အကဲခတ်လိုက်သည်၊ လူရှင်းနေသည်ကို တွေ့ရသည်နှင့် ကိုကိုလတ်အိပ်သော အရှေ့ဘက်တဲကလေးဆီသို့ ဖျတ်ခနဲ ချဉ်းကပ်လိုက်သည်၊ ထို့နောက်အတွင်းသို့ အသာလှမ်းဝင်လိုက်သည်၊ ပြီးလျှင် အလွန်အရေးပါသောအလုပ်တစ်ခုကို မင်းဒင်က ပြုလုပ်လိုက်လေသည်၊

မကြာမီပင် လှည်းသံတအီအီနှင့် စကားပြောသံ တညံညံအား ကြားလိုက်



www.burmeseclassic.com

www.burmeseclassic.com

ရသည်။ တောင်ယာသွားသည့်အဖွဲ့ပြန်လာရေပြီ။ မင်းဒင်က အမဲဖျက်သည့်နေရာသို့သွားကာ ဟန်မပျက် ရပ်ကြည့်နေလိုက်သည်။ တောင်ယာပြန်အဖွဲ့က လှည်းပေါ်မှ ပြောင်းဖူးများကိုတဲအတွင်းသို့စကားတပြောပြောဖြင့် သယ်ပို့နေကြလေသည်။

သို့နှင့် မိုးချုပ်ခဲ့လေပြီ။ ဦးအုန်းကြိုင်က အမဲဖျက်နေရင်းမှပင် ဝမ်းတွင်းသားများကို ဇနီးဖြစ်သူအား ချက်နိုင်းလိုက်သည်။ သို့သော် ကိစ္စဝိစ္စအားလုံးက ညဦးနက်မှပင် ပြီးစီးတော့သည်။ ထမင်းဝိုင်းကိုလည်း အတော်နောက်ကျမှပင် စဖြစ်တော့သည်။ ထမင်းဝိုင်း၌ မင်းဒင်က ထူးခြားစွာ တိတ်ဆိတ်လျက်ရှိသည်။ ထမင်းကိုလည်း နည်းနည်းသာ စားသည်။ ထမင်းစားပြီးသော ရေနွေးကြမ်းသို့မဝင်တော့ဘဲ နွားတင်းကုပ်ဆီသို့ လျှင်မြန်စွာ ပြန်သွားတော့သည်။ မင်းဒင်ကိုကြည့်ပြီး ဦးအုန်းကြိုင်က အံ့အားသင့်နေသည်။

မင်းဒင်ကား သူနေရာပြန်ရောက်သည်နှင့် အပြင်ဘက်မှအသံဗလံများကိုသာ နားစွင့်နေတော့သည်။ အိမ်သားများ၏ စကားသံကိုလည်းကောင်း၊ ကိုကိုလတ်၏ စကားသံကို လည်းကောင်း ပြတ်တောင်းပြတ်တောင်း ကြားနေရသည်။ သို့သော် ထမင်းဝိုင်းကညဦးနက်မှပြီးလေသည်မို့ စကားဝိုင်းကို ကြာကြာမဆက်နိုင်ကြတော့ပေ။ မကြာမီပင် စကားဝိုင်းကိုသိမ်းကာ အိပ်ရာဝင်ကြလေတော့သည်။ ထို့ကြောင့် ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်သွားပြီး အမှောင်ထုကသာ လွှမ်းအုပ်သွားတော့သည်။

မင်းဒင်က အမှောင်ထဲမှာပင် ငုတ်တုတ်ထိုင်နေသည်။ စီးကရက်ကို တစ်လိပ်ပြီးတစ်လိပ် ရှေ့မီးနောက်မီး ဆက်နေမိသည်။ သူ့စိတ်က ဂနာမငြိမ် ဖြစ်နေသည်။ သူ့ရင်က မသိမသာစွန်နေသည်။ နားကိုမူ အစွမ်းကုန်ဖွင့်ထားသည်။ စွင့်ထားသည်။ အပြင်ဘက်မှကြားရမည့် အသံ၊ သို့မဟုတ် ကိုကိုလတ် တဲဘက်မှ ကြားလာရမည့်အသံအား စူးစူးစိုက်စိုက်ပင် စောင့်မျှော်နေမိသည်။

ကိုကိုလတ် ဆိုသည့် အကောင်၊ အမင်္ဂလာအကောင်၊ မိမိအားမျက်စိစပါးမွေးစူးစေသည့်အကောင်၊ လည်ချောင်းထဲ ငါးအရိုးနင်သလို နင်စေခဲ့သည့် အကောင်။ သည်ကောင် မကြာခင် ကိစ္စပြတ်ရတော့မည်။ မပြန်လမ်းသို့ မြန်းရတော့မည်။ တောင်မှောက်ကြောမှ သစ်မွှေးတုံးကိုပင် မြင်ခွင့်မရနိုင်တော့ပဲ ကိစ္စချောရပေတော့မည်။ စသည်ဖြင့် မင်းဒင်က ကိုကိုလတ်၏မျက်နှာကို မြင်ယောင် လျက် စိတ်ထဲမှ ကြုံးဝါးနေမိလေသည်။



နာရီကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။ အချိန်မနည်းတော့ပြီ။ သူ့အိပ်ရာပေါ်ကျောခင်းလိုက်သည်။ အိပ်ကား မအိပ်၊ အိပ်ချင်စိတ်လည်းမရှိ။ ကိုကိုလတ်တဲဘက်မှ စူးစူးဝါးဝါး ထွက်ပေါ်လာမည့်အော်ဟစ်သံကိုသာ မျှော်လင့်နေမိသည်။ သည်လိုနှင့် အချိန်က တစ်နာရီပြီးတစ်နာရီ ကုန်လွန်သွားသည်။ ညဉ့်ကနက်သည်ထက် နက်လာလေပြီ။

စောင့်ရင်းစောင့်ရင်းနှင့်မင်းဒင်ဝိုက်ခနဲဖြစ်သွားသည်။ အိပ်လည်းအိပ်ပျော်သွားမိသည်။ သို့သော် နစ်နစ်မြိုက်မြိုက် ကြာရှည်ကြာမော အိပ်ပျော်သွားခြင်းတော့မဟုတ်။ အတန်ကြာသည်နှင့်ဖျတ်ခနဲ ပြန်နိုးလာခဲ့သည်။ နိုးနိုးချင်းပင် နာရီကိုကောက်ကြည့်လိုက်သည်။ အချိန်မှာ မနက်(၂)နာရီပင် ထိုးခါနီးလေပြီ။ အပြင်လောကကိုနားစွင့်ကြည့်လိုက်ရာ အခြေအနေက မည်သို့မျှမထူးခြားပဲ တိတ်ဆိတ်မြဲ၊ ငြိမ်သက်မြဲပင်ဖြစ်သည်။ သူ သက်ပြင်းချလိုက်သည်။ သံသယစိတ်က ပါဝင်စပြုလာသည်။

သည်အတိုင်းဆိုလျှင် ဦးအုန်းကြိုင် ပြောစကားက မှန်နိုင်ဖွယ်မရှိ။ ယုတ္တိကင်းသော ယုံတမ်းစကားသက်သက်မျှသာ ဖြစ်ရပေမည်၊ ငန်းမြွေတို့မည်သည်

“ လှေကားထစ်များပေါ်မှ တစ်ထစ်ချင်းနင်းပြီး ဆင်းလာခဲ့သည်။ အောက်ဆုံးလှေကားထစ်သို့အရောက်တွင် သူ့နှားထဲမှ “ ရှူး ” ခနဲအသံကြီးတစ်ခုကို ပီပီသသ ကြားလိုက်ရသည်။ တစ်ဆက်တည်းမှာပင် သူ့ခြေသလုံးတွင် မီးစကြီးနှင့် အထိုးခံလိုက်ရသလို ပူခနဲ ဖြစ်သွားသည်။ တဆစ်ဆစ် ကိုက်ခဲသော ဝေဒနာက ချက်ချင်းပင် တရှိန်ထိုးတက်လာသည်။





www.burmeseclassic.com

www.burmeseclassic.com

သူဥပျောက်သွားပါက မရမက အနံ့ခံပြီး ရေဆုံးရေဖျားအထိ လိုက်လာတတ်သည်ဆိုသည့်စကားမှာ လုံးဝမဖြစ်နိုင်ကြောင်း ထင်ရှားလေပြီ။ ထိုစကားသာ တကယ်မှန်ခဲ့ပါက ယခုလောက်ဆိုလျှင် ကိုကိုလတ်ဆိုသည့်အကောင် မာလကာရျန်ကြွပြီးသား ဖြစ်နေပေလိမ့်မည်။ မိမိကနစိုးပင်ဆီသို့ ပြန်သွားကာ ကြောက်ကြောက်လန့်လန့်၊ စွန့်စွန့်စားစားနှင့် အသိုက်ထဲမှ နှိုက်ယူခဲ့ရခြင်းမှာ ယခုတော့ ကြံဆောင်ရကျိုး မနပ်လေပြီ။ စသည်ဖြင့် စိတ်ပျက်လက်ပျက် တွေးတောနေမိလေသည်။ ထင်တိုင်းမပေါက်ဖြစ်ခဲ့ရသည့်အတွက်လည်း သူ့တစ်ကိုယ်လုံး အားလျော့သွားတော့သည်။

သူ့စိတ်ထဲတွင် ဦးအုန်းကြိုင်အပေါ်ကိုပါ မကျေမနပ်ဖြစ်သွားမိသည်။ သူပြန်အိပ်၍လည်း မရတော့ပြီ၊ သည်အတိုင်းပင် အမှောင်တွင်း၌ ငုတ်တုတ်ဆက်ထိုင်နေမိသည်၊ တောအလုံး တောင်အလုံးတို့ကား တိတ်ဆိတ်မြဲ တိတ်ဆိတ်နေလေသည်၊ လေငွေ့သောအခါများ၌သာ တောလှုပ်တောင်လှုပ် သံကိုဝေါခနဲ၊ ဝေါခနဲ တစ်ချက်တစ်ချက် ကြားရသည်။

ထိုအခိုက်မှာပင် သူ ဆီးသွားချင်စိတ် ပေါ်လာသည်၊ ထို့ကြောင့် အောက်ဆင်းရန်ပြင်လိုက်သည်။ ဓာတ်မီးကိုတိုင်ကာ လှေကားမှ ဖြည်းဖြည်းချင်း ဆင်းလာခဲ့သည်၊ လှေကားထစ်များပေါ်မှ တစ်ထစ်ချင်း နင်းပြီး ဆင်းလာခဲ့သည်။ အောက်ဆုံးလှေကားထစ်သို့အရောက်တွင် သူ့နားထဲမှ "ရှူး" ခနဲအသံကြီးတစ်ခုကို ပီပီသသ ကြားလိုက်ရသည်၊ တစ်ဆက်တည်းမှာပင် သူ့ခြေသလုံးတွင် မီးစကြီးနှင့် အထိုးခံလိုက်ရသလို ပူခနဲဖြစ်သွားသည်၊ တဆစ်ဆစ်ကိုက်ခဲသော ဝေဒနာက ချက်ချင်းပင်တရှိန်ထိုးတက်လာသည်၊ သူ လျှင်မြန်စွာပင် နောက်သို့လှည့်ပြီး ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။ ဤတွင် သူ့မျက်လုံးများက လင်ကွင်းတစ်ချပ်စာမက ပြူးကျယ်ပြန့်ကားသွားရလေတော့သည်။

သူတွေ့လိုက်ရသည်က လှေကားနှင့် နစ်တောင်ခန့်အကွာမှာ သတ္တဝါကြီးတစ်ကောင်၊ ထိုမည်းမည်းသတ္တဝါကြီးက ရုတ်တရက်ဆိုပါက ဧရာမကြိုးကြီးတစ်ချောင်း လေထဲမှာ ခါယမ်းနေသလိုလို၊ လူးလွန့်နေသလိုလို၊

ကြောက်အားလန့်အား အော်ဟစ်လိုက်သော မင်းဒင်၏အသံနက်ကြီးက အကာလညအမှောင်တွင်း၌ အရပ်ရှစ်မျက်နှာသို့ ပြေးလွှားရိုက်ခတ်သွားလေသည်။

"ငန်းမြွေကြီးဗျို့ - ငန်းမြွေကြီး၊ ကယ်ကြပါဦး - လုပ်ကြပါဦး"

* ❁ *

မင်းဒင်၏အော်သံကြောင့် အားလုံးပင် လန့်နိုးကုန်ကြသည်။ နွားတင်းကုပ်ဆီသို့လည်း ဓာတ်မီးကိုယ်စီဖြင့် ရောက်လာကြသည်၊ ရောက်ရောက်ချင်းပင် မြင်လိုက်ရသောမြင်ကွင်းကြောင့် အားလုံးပင် ကြက်သေသေသွားကြသည်။ မင်းဒင်ကားသတိလစ်ပြီးလှေကားရင်း၌ လဲနေလေပြီ။ ဟိုသတ္တဝါကြီးကားဒေါသမာန်ဟုန်ပြင်းစွာဖြင့် တရှူးရှူး တရဲရဲဖြစ်နေဆဲ၊

"ဟ - ဖာ - ငန်းမြွေကြီးဟ၊ နောက်ဆုတ်နေကြ၊ နောက်ဆုတ်နေကြ၊ မောင်ကို - ဒီကောင်ကြီးမျက်လုံးကို ဓာတ်မီးနဲ့ တည့်တည့်ထိုးထားစမ်း၊ ဒီကောင်ကြီးကို ငါဖမ်းမယ်"

ကိုမောင်ကိုက ဓာတ်မီးဖြင့်စိုက်ထိုးပေးထားသည်။ ဦးအုန်းကြိုင်က တဲသို့ အမြန်ပြန်ကာ မှဆိုးကိရိယာတစ်ခုကို သွားယူလာသည်၊ သို့နှင့် မကြာမီပင် ဦးအုန်းကြိုင်က ကျင်လည်စွာဖြင့် ငန်းမြွေကြီးအား ကွခနဲ့ ဖမ်းပြီးသား ဖြစ်သွားလေပြီ၊ ဖမ်းပြီးသော ထိုအကောင်ကြီးကို ထောလာအိတ်တစ်အိတ်အတွင်းသို့ ထည့်ကာ ကြိုးဖြင့် ချည်ထားလိုက်သည်။

တစ်ဖန် ဦးအုန်းကြိုင်ထံမှပင် အထိတ်တလန့်ပြောလိုက်သောအသံက ထွက်ပေါ်လာသည်၊

"ဟာ - သောက်ကျိုးနည်း၊ ဒီဂျပ်ထူစက္ကူပုံးထဲမှာ မြွေဥတွေ ရောက်နေပါလား၊ ဒီဂျပ်ထူစက္ကူပုံးကလဲ ဒီနေရာကို ဘယ်လိုလုပ်ရောက်နေရတာတုံး၊ ဒီစက္ကူပုံးကိုဒီစည့်သည်လေးအိပ်တဲ့အခန်းထဲ က ခုတင်အောက်မှာ ငါထားတာပါ"

ကိုမောင်ကို၏အသံက တုန်တုန်ရီရီ ထွက်ပေါ်လာသည်။

"အဲဒီခုတင်အောက်ကနေ မိုးချုပ်ခါနီးက ကျွန်တော်ယူလာတာဗျ။ ယူလာတုန်းကတော့ ဟိုမြေကျင်းထဲမှာ ဝပ်နေတဲ့ကြက်မကြီးကိုဒီစက္ကူပုံးထဲပြောင်းဝပ်နိုင်းမလို့ပဲ၊ ကြက်မကြီးကို ကြောင်လာဆွဲမှာစိုးလို့ဗျ၊ ကျွန်တော်လည်း စက္ကူပုံးကိုဒီနေရာမှာချထားပြီး နွားလွှတ်နေတာကို ပြန်ချည်နေရတာနဲ့ အဲဒီ့ကိစ္စကို မေ့သွားမိတယ်"

"သောက်ကျိုးနည်း၊ ဒုက္ခတွေတော့ ရောက်ကုန်ပြီ၊ ဒီမြွေဥတွေက ဒီပုံးထဲကို ဘယ်လိုလုပ်ရောက်လာရတာလဲ၊ ဒီလူ့ကိစ္စကိုဘယ်လိုလုပ်ကြမလဲ၊ ကိုကိုလတ် ကြံပါဦး"

ကိုကိုလတ်ကို လှမ်းပြောလိုက်သည်၊ ကိုကိုလတ်သာမက အခြားအမျိုးသမီးနှစ်ယောက်ကပါ ကြောက်လန့်နေကြသည်၊ မင်းဒင်ကို ဓာတ်မီးဖြင့် ထိုးကြည့်လိုက်ပြန်ရာ ပက်လက်ကြီးပင် သတိလစ်မြဲ လစ်နေသည်၊ ကိုကိုလတ်က -

www.burmeseclassic.com

"ဒီလူ မြွေဆိပ်တက်နေပြီဗျ။ နီးရာ ဆေးရုံကို ရောက်အောင် လှည်းနဲ့ ပို့ကြမလား။ ခရီးကတော့ ဝေးတယ်။ အချိန်ကော မီပါ့မလား"

"အဲဒါဟုတ်တယ်၊ ဒါပေမဲ့ - မတတ်နိုင်ဘူး။ ပို့တော့ပို့ရမှာပဲ၊ မောင်ကိုလှည်းတပ်ကွာ"

ဦးအုန်းကြိုင်စကားအဆုံးမှာပင် အရှေ့ဘက်လှည်းလမ်းဆီမှ လက်နှိပ်ဓာတ်မီးရောင်များကိုတွေ့လိုက်ရသည်။ လှည်းဝင်ရိုးသံတအီအီကိုပါကြားလိုက်ကြရသည်၊ ထိုမီးရောင်များအနီးသို့ရောက်လာသည်နှင့် ဦးအုန်းကြိုင်က လှမ်းအော်လိုက်သည်၊

"ဟေ့ - ဘယ်ကအဖွဲ့လဲကွ။ ညကြီးအချိန်မတော်"

"ကျုပ်တို့ပါဗျ၊ ဖိုးသောင်းတင်တို့ပါ။ ကျုပ်မိန်းမက ရုတ်တရက်ကြီး ဗိုက်နာလာလို့ ကုန်းကြီးက သားဖွားဆရာမကို ပင့်လာတာဗျို့"

"ဟာ - အတော်ပဲ၊ ဆရာမ - ဒီကို လာပါဦးဗျို့။ ဒီမှာ အရေးပေါ်ကိစ္စဖြစ်နေလို့"

လှည်းကရပ်သွားသည်၊ ထိုအဖွဲ့ကပါနွားတင်းကုပ်ဆီသို့ဓာတ်မီးတဝင်းဝင်းဖြင့် ရောက်လာကြသည်၊ ဦးအုန်းကြိုင်က ဖြစ်စဉ်ကို ဆရာမအား ရှင်းပြလိုက်သည်၊ ဆရာမကလူနာအားလိုအပ်သလိုကြည့်ရှုစမ်းသပ်ပေးသည်၊ ထို့နောက် -

"လူနာက ရှော့ဖြစ်သွားပြီရှင့်။ သွေးပေါင်ချိန် လုံးဝမရှိတော့ဘူး။ သွေးစမ်းလို့ရတယ်ဆိုရုံလေးပဲ ရှိတော့တယ်၊ ကျွန်မအမြင် ပြောရမှာဖြင့် ဒီလူနာကို ဟိုသွားပို့နေလည်း အပိုပဲဖြစ်လိမ့်မယ်"

ဟုပြောတာ မီးဖွားလူနာကလည်း အရေးကြီးနေသည်မို့ လှည်းပေါ်သို့ ပြန်တက်သွားလိုက်ကြသည်။ ဖိုးသောင်းတင်က ဦးအုန်းကြိုင်ကိုနှုတ်ဆက်ကာ လှည်းကို မောင်းသွားတော့သည်၊

သူတို့အဖွဲ့ကငိုင်တွေရင်းကျန်နေခဲ့ကြသည်၊ သူတို့အားလုံးပင် ဘာလုပ်ရမှန်းမသိပဲဖြစ်နေမိကြသည်။အတန်ကြာတော့မှ ဦးအုန်းကြိုင်က စတင်ပြီး လှုပ်လှုပ်ရှားရှား ဖြစ်လာသည်၊ မင်းဒင်ကို တစ်လှည့်၊ ဆာလာအိတ်ကြီးကို တစ်လှည့် ဓာတ်မီးဖြင့် ထိုးကြည့်နေသည်၊ ပြီးလျှင် စိတ်ပျက်လက်ပျက်ဖြစ်သံဖြင့်လည်း ညည်းညူလိုက်သည်၊

"အမှုတွေကလည်း အလကားနေရင်းတက်ပဲ တက်နိုင်လွန်းပါတယ်၊ ဒီလူ့ကိစ္စကို ဘယ်လို လုပ် ရပါ့ မလဲ ။ ဟိုအကောင်ကိုလည်း သူဥတွေနဲ့အတူ တောထဲသွားပြန်လွှတ်ရဦးမယ်။သောက်ကျိုးကြီးနည်းတာပါပဲကွာ၊ သောက်ကျိုးကြီး နည်းတာပါပဲ"

◆ ရဲမြတ်တင်




# ဘားပုလင်းနဲ့မှန်ပြောင်းနှင့် ရုပ်ရှင်နတ်သမီးအမှု

## စိုး (မုခဝယ်)

www.burmeseclassic.com

www.burmeseclassic.com

## ဖောက်ထွင်းခိုးယူပြီး
## ငွေများဖြင့် သိုသိုသိပ်သိပ်
## မနေဘဲ ထင်ထင်ပေါ်ပေါ်
## သုံးဖြုန်းနေထိုင်
## စားသောက်သောအခါ ..

# တစ်

နေသဉ္ဇ ကျွန်ုပ်သည် ကွမ်းတောင်ကုန်းဂါတ်ဝင်းအတွင်းရှိ ကျွန်ုပ်၏ရုံးခန်းအတွင်း၌ ကျွန်ုပ်နှင့်လွန်စွာရင်းနှီးသောမိတ်ဆွေဟောင်းကြီး ဆားပုလင်းနေမင်းခေါင်နှင့်အတူ ရှေး ဟောင်းနှောင်းဖြစ်အကြောင်းအရာများကို ပြောဆိုနေကြလေသည်။

ထိုအချိန်မှာပင် ဘူတာရပ်ကွက်၊ အမှတ်(၁၅)နေ ရွှေလာဘ်ပွင့်သီးနှံပွဲရုံ လုပ်ငန်းရှင်ကြီး ဦးမြသာဆိုသူသည် ရောက်လာပြီးလျှင် –

"ဆရာဦးမင်းစံတို့၊ ဆားပုလင်းနေမင်းခေါင်တို့ ကျုပ်ကို ကူညီကြပါဦးဗျာ၊ ကျုပ်တော့ ဒုက္ခရောက်ပြီဗျို့"

ဟုပြော၍ဝင်လာလေ၏။ ဦးမြသာသည် ကျွန်ုပ်တို့နှစ်ဦးစလုံးနှင့် လွန်စွာရင်းနှီးသူများဖြစ်လေသဖြင့် ဤသို့ပြောလိုက်ခြင်းဖြစ်လေသည်။ သူ၏ပုံစံမှာလည်း ကုန်သည်ပွဲစားကြီးတစ်ဦးကဲ့သို့ပင် မထင်မှတ်နိုင်လောက်အောင် ဖြစ်ကတတ်ဆန်းခေါင်းစုတ်ဖွားနှင့်သောကသည်ရှပ်ပေါက်နေလေသည်၊ ဆားပုလင်းနေမင်းခေါင်က –

"ဘယ်လိုတွေဖြစ်ရတာလဲ – ပွဲစားကြီးရယ်၊ ဖြစ်ခဲ့တာလေးတွေ ပြောပြစမ်းပါဦး" ဟုပြန်ပြောလိုက်လျှင် ဦးမြသာက –

"ပြောရမှာတောင် ခပ်ခက်ခက်ပါပဲ ဆားပုလင်းနေမင်းခေါင်ရယ်၊ အမှန်က ကျုပ်ရဲ့ပေါ့လျော့မှုပါပဲ ခင်ဗျာ၊ အို – ပေါ့လျော့တာမဟုတ်ပါဘူး၊ ကျုပ်လူတွေကို ကျုပ်ယုံမိတာပါ၊ ကျွန်ယုံတော့တစ်ဖက်ကန်းဆိုရုံမဟုတ်လားဗျာ" ဟုပြောလေလျှင် ကျွန်ုပ်က –

"ဒါနဲ့ – ကျုပ် လူ တွေ ဆို တာ က ဘယ်သူတွေတုံး"

"ဘယ်သူတွေဖြစ်ရမလဲ – ဦးမင်းစံရယ်၊ ကျုပ်တပည့်အောင်တင့်နဲ့အုံ့ကျော်တို့ပဲပေါ့ဗျာ၊ ဒါပေမဲ့ – ဒီကောင်တွေကို လေ့လာကြည့်တော့လည်း မသင်္ကာဖွယ်အနေအထားတွေ မတွေ့ရဘူးဗျ၊ ပုံမှန်အတိုင်းပဲ၊ ကျုပ်ပွဲရုံမှာ ဆက်ပြီး အလုပ်လုပ်နေကြတာပါပဲ၊ လုပ်ရိုးလုပ်စဉ်အတိုင်းပဲ တနင်္လာနေ့တိုင်း မနက်နှစ်နာရီဆိုရင် မြို့မဈေးကြီးထဲက ငါးဒိုင်ကိုလည်း ထသွားကြတာပါပဲ၊

ဟု ပြောလေလျှင် ဆားပုလင်းနေမင်းခေါင်က –

"နို့ – နေစမ်းပါဦး – ဦးမြသာရဲ့၊ အဲဒီ ခင်ဗျားတပည့်နှစ်ယောက်ဖြစ်တဲ့အောင်တင့်နဲ့အုံ့ကျော်က တနင်္လာနေ့မနက်နှစ်နာရီတိုင်း အဲဒီငါးဒိုင်ကို ဘာသွားလုပ်ကြတာလဲ"

"ကျုပ်ကိုယ်တိုင် သူတို့ကို တာဝန်ပေးထားတာပါပဲ၊ မြို့ပိုင်၊ နယ်မြေပိုင်မင်းများ၊ ရုံးစားဖိုဆောင်အတွက် တနင်္လာနေ့တိုင်း ငါးလေလံသွင်းတဲ့အလုပ်ကိုလည်း ကျုပ်က လုပ်သေးတယ်ဗျ"

ဟုပြောလေ၏။ ထိုအခါဆားပုလင်းနေမင်းခေါင်က –

"အခု ခင်ဗျား လာပြောနေတာက"

"ကျုပ်ရုံးခန်းဗီရိုကြီးထဲမှာ ထည့်သိမ်းထားတဲ့ ရှပီးငွေနှစ်သိန်းတိတိ ပျောက်သွားလို့ပါပဲဗျာ"

ဟု ကျွန်ုပ်က အံ့သြစွာ ရေရွတ်မိသောအခါ တည်ငြိမ်သောအမူအရာနှင့် ခေါင်းတဆတ်ဆတ်ညိတ်ပြီး ဆားပုလင်းနေမင်းခေါင်က –

"ဟုတ်တယ် – အိုင်ပီရေ၊ ဒါဖောက်ထွင်းခိုးယူအမှုထဲမှာ အကျုံးဝင်နိုင်လိမ့်မယ်ဗျ၊ ဖြစ်စဉ်ကလေး ပြောပြစမ်းပါဦး ဦးမြသာရယ်"

ဟုပြောပြီးလျှင် ဆားပုလင်းနေမင်းခေါင်သည် ကုလားအုတ်တံဆိပ်စီးကရက်ကို ဟန်ပါပါ ရှိုက်ဖွာနေလေသည်၊ ထိုအခါ ဦးမြသာက –

"ဒီလိုဗျ – အဲဒီညကလည်း ထုံးစံအတိုင်း ကျုပ်တစ်ယောက်တည်း စာရင်းဇယားတွေနဲ့ပဲ ရုံးခန်းထဲမှာ အလုပ်ရှုပ်နေမိတယ်၊ ညပိုင်းကိုးနာရီအထိ ဆိုပါတော့ဗျာ၊ ရုံးခန်းတံခါးကို သော့ပိတ်ပြီး ကျုပ်အိမ်ကို ပြန်တယ်၊ ပိုက်ဆံတွေကိုတော့ ဗီရိုကြီးထဲမှာပဲ ထည့်ထားခဲ့တာပါပဲ၊ အဲ – ဒါပေမဲ့ – ဗီရိုတံခါးမှာ သော့ခတ်ဖို့တော့ ကျုပ် ပေါ့လျော့ခဲ့မိတာပါပဲ၊ ဒါကလည်း အဆန်းမှ မဟုတ်ပဲဗျာ၊ ရုံဖန်ရံခါ

www.burmeseclassic.com

"ကိုကြီးကျော်ဝင်ပူးနေသည် ဆိုသော နတ်ဝင်သည် ဦးပေါကြီး လည်း ကြောင်အအနှင့် ကြည့်နေလေ၏။ ဆိုင်းသံတွေလည်း ရပ်တန့်ကုန်လေ၏။ ဝိုင်းအုံကြည့်နေကြသူတွေ လည်း အသံတိတ် အာရုံစိုက်ကြည့်ကုန်ကြလေ၏။ ဘသိုက်သည် အကြီးအကျယ် မျက်နှာပျက်လျက် ..



ဆိုသလို ဒီလိုထားနေကျပါ။ အခုတစ်ခါမှပဲ ပျောက်တော့တာဗျို့"

ဟု ပြောလေလျှင် လက်ဖျစ်တစ်ချက်တီးပြီး ဆားပုလင်းနေမင်းခေါင်က –

"ဟုတ်ပြီ – ဒါဆို – ရုံးခန်းဖွင့်ထားတဲ့ ပွဲရုံမှာ ညအိပ်ညဥ့်နေအလုပ်သမား ဘယ်နှယောက်ရှိသလဲ – ဦးမြသာ"

"အင်း၊ အရင်ကတော့ သုံးယောက်ဗျ။ အုံ့ကျော်ရယ်၊ ဘသိုက်ရယ်ပေါ့ဗျာ။ ဘသိုက်ကိုတော့ အလုပ်ထဲမှာ နိုလွန်းကပ်လွန်းလို့ ကျုပ် သဘောမတွေ့တာနဲ့ လွန်ခဲ့တဲ့တစ်ပတ်ကမှ အလုပ်ထုတ်ပစ်လိုက်တယ်။ ဒါပေမဲ့ – ဒီကောင်က ကျောထောက်နောက်ခံရှိတဲ့ သူမဟုတ်လေတော့ ကျုပ် ပွဲရုံအနီးအနားမှာပဲ ယောင်ပေပေနဲ့ မကြာခဏ တွေ့မိပါရဲ့။ ကျုပ်ကတော့ ဒီကောင့်ကို အလုပ်ထဲမှာ ပြန်ခန့်ထားဖို့ဒီတစ်သက် စိတ်ကူးမဝ့်တော့ဘူးဗျို့။ ထမင်းကျွေးတဲ့အလုပ်ကိုမှ မလေးစားတာပဲဗျာ"

ဟု ပြောလေသည်၊ ထိုအခါ ခေါင်းတညိတ်ညိတ်လုပ်ပြီး ဆားပုလင်းနေမင်းခေါင်က –

"ကဲ – အိုင်ပီရေ – အမှုလက်ခံလိုက်ပါ။ ကျုပ်ထင်တဲ့သူပဲ တရားခံဖြစ်မှာသေချာပါတယ်" ဟုပြောလေလျှင် ကျွန်ုပ်က –

"အိုင်ဆေး ကိုနေမင်းခေါင် – အမှုတောင်လက်မခံရသေးဘူး၊ တရားခံက ပေါ်နေပြီလားဗျ"

ဟု ခပ်ပျော်ပျော် ပြောလိုက်သောအခါ မြေ့ခနဲပြုံးပြီး ဆားပုလင်းနေမင်းခေါင်က –

"အမှုက ဘာမှစဥ်းစားစရာမလိုပဲ အိုင်ပီရယ်၊ အထောက်အထားကလေးနိုင်လုံအောင်လုပ်ပြီး တရားခံကို ဖမ်းလိုက်ရုံပါပဲ"

ဟု ခပ်ပေါ့ပေါ့အမူအရာနှင့် ပြောလေလျှင် ဦးမြသာသည် အံ့ဩဝမ်းသာစွာနှင့်ပြုံးပြုံးကြီး ဆားပုလင်းနေမင်းခေါင်အား လှမ်းကြည့်လေတော့၏။

ကျွန်ုပ်နှင့် ကျွန်ုပ်မိတ်ဆွေကြီး ဆားပုလင်းနေမင်းခေါင်တို့သည် ကွမ်းတောင်ကုန်းဂါတ်ပိုင် အော်စတင်ကားနက်ကလေးဖြင့် ဘူတာရပ်ကွက် (ယခုအမှတ် ၆ ရပ်ကွက်) သို့ ထွက်လာခဲ့ကြလေ၏။ ကျွန်ုပ်သည် ကားကိုပြည်တော်သာလမ်း (ယခုမြို့လယ်ဘူတာလမ်း) မကြီးမှသည် ကွက်သစ်ဈေးလမ်း (ယခုမြောက်ဇက်မြို့ ဦးကျောင်းလမ်းမကြီး) အတွင်းသို့ ချိုးဝင်သည့်အခါ၌ ကိုနေမင်းခေါင်က ကျွန်ုပ်၏ လက်ကို ရုတ်တရက်ပုတ်လိုက်ပြီးလျှင် –

"အိုင်ပီ – ကားကို ဒီနေရာမှာပဲ ရပ်ထားကြပြီး ဆင်းလျှောက်သွားကြည့်ရင် ကောင်းမယ်ထင်တယ်"

ဟု ပြောလေသဖြင့် ကျွန်ုပ်လည်း ကားကိုလမ်းဘေးကုက္ကိုပင်ကြီးအောက်၌ပင် ရပ်လိုက်ပြီးနောက် ခြေလျင်ဆက်လျှောက်ခဲ့ကြလေ၏။

"ကျုပ်တို့ကားကိုမြင်ရင် ပတ်ဝန်းကျင်ကလူတွေ သတိထားမိသွားနိုင်တယ်ဗျ"

ဟု ဆားပုလင်းနေမင်းခေါင်က လမ်းလျှောက်ရင်း မော်တော်ကားကိုရပ်ထားပစ်ခဲ့ရခြင်းရည်ရွယ်ချက်ကို ပြောပြလေ၏။ ခြံကျယ်ကြီးနှစ်ခုကျော်လွန်ပြီးသည်နှင့် ဦးမြသာပြောသောခြံသို့ရောက်လေ၏။ ၎င်းခြံ၏ အလယ်တည့်တည့် ဝင်းတံခါးပေါက်ကြီး ညာဘက်ဘေးခြံစည်းရိုးအတွင်းပိုင်း၌ (၅ × ၃) ခန့်ရှိ သစ်သားဆိုင်းဘုတ်ကြီးတစ်ခုကို စိုက်ထူထားတာတွေ့ရလေ၏။

⋆★⋆

ရွှေလာဘ်ပွင့် သီးနှံပွဲရုံ

ဟု ရေးသားထားလေ၏။ ခြံစည်းရိုးပတ်လည်အပြည့်လူတစ်ရပ်နီးပါးအမြင့်ရှိ သစ်သားချောင်းများနှင့် ခပ်စိပ်စိပ်ထောင်ကာစည်းရိုးကာရံထားလေသည်၊ ခြံကြီးအလယ်တွင် နှစ်ဆောင်ပြိုင်အိမ်ကြီးတစ်လုံးရှိပြီး ပွဲရုံအဆောက်အအုံထားရှိလေ၏။ အိမ်ကြီးရှေ့မြေကွက်လပ်တွင် ကုန်တင်ကားကြီးတစ်စီး ရပ်တန့်ထားပြီး အလုပ်သမားငါးဦးခန့်က ကုန်တင်ကားကြီးပေါ်မှ သရက်သီးခြင်းကြီးများ သယ်မထမ်းပိုးချပြီး အိမ်ကြီးထဲသွင်းနေကြတာ တွေ့ရလေသည်၊

ကျွန်ုပ်တို့နှစ်ယောက်သည် ခြံဝင်းတံခါးပေါက်ကြီးမှသည် အိမ်ကြီးဆီသို့ ဝင်ခဲ့ကြလေ၏၊ အိမ်ကြီးထဲ၌ကား ပုပုမည်းမည်းဂင်တိုတိုနှင့်အလုံးတူအရပ်တူ အုံ့ကျော်နှင့် အောင်တင့်ဟုခေါ်သော အလုပ်သမားနှစ်ဦးတို့လည်း တွေ့ရလေ၏။ ကျွန်ုပ်တို့သည် ထိုနှစ်ဦးစလုံးအား သိလိုသည်များ အသေးစိတ်မေးမြန်းလေသည်၊ ဆားပုလင်းနေမင်းခေါင်က –



www.burmeseclassic.com

www.burmeseclassic.com

"အဲလိုဆိုမှဖြင့် ခင်ဗျားတို့နှစ်ယောက်စလုံး တနင်္လာနေ့မနက်တိုင်း မြို့မဈေးကြီးထဲက ငါးဒိုင်ကို သွားကြတဲ့အချိန်တိုင်း ဒီပွဲရုံအဆောက်အအုံကြီးထဲမှာ လူစောင့်မရှိဖြစ်နေတာပေါ့ဟုတ်ရဲ့မှုလား" ဟု မေးလေရာ နှစ်ဦးပြိုင်တူ –

"ဟုတ်ပါတယ်"

ဟု ဖြေကြလေ၏။ ထို့နောက် ဆားပုလင်းနေမင်းခေါင်သည် ဦးမြသာ၏ရုံးခန်းအတွင်း၌အသေးစိတ်စစ်ဆေးကြည့်ရာတွင် မည်သည့်အရာမှ ဖျက်ဆီးထားခြင်းမရှိပဲပြတင်းပေါက်မှန်တံခါးတစ်ချပ်ထဲကိုသာ ထုရိုက်ခွဲပြီး အခန်းတွင်းသို့ဝင်ရောက်ကာ ဗီရိုကြီးအတွင်း ထည့်ထားသောငွေများကို ခိုးယူသွားခြင်းဖြစ်ကြောင်း တွေ့ရလေသည်။ ဆားပုလင်းနေမင်းခေါင်က –

"ပြစ်မှုကျူးလွန်သူဟာ ဒီပွဲရုံကြီးတစ်ခုလုံးမှာ လူစောင့်မရှိတဲ့အချိန်ကို အတွင်းကျကျသိထားသူသာဖြစ်ရမယ်ဗျ။ ခဏစောင့် – အိုင်ဗီ"

ဟုပြောကာ တစ်ဦးတည်းအခန်းအတွင်းမှပြန်ထွက်သွားလေပြီးအဆောင်ရှေ့မှ အလုပ်သမားတွေနှင့်ဝင်ရောနှောကာ ရင်းရင်းနှီးနှီးစကားတွေ ဖောင်ဖွဲ့ပြောဆိုနေတာ တွေ့ရလေသည်။ ခဏအကြာတွင် ဆားပုလင်းနေမင်းခေါင်သည် ပြုံးပြုံးရွှင်ရွှင်အမူအရာနှင့် ပြန်ရောက်လာပြီး –

"တရားခံကို အခုပဲ သွားဖမ်းကြစို့ အိုင်ဗီ"

ဟုဆိုကာ ကျွန်ုပ်အား ခေါ်ယူ၍ပွဲရုံဝင်းကြီးအတွင်းမှပြန်ထွက်ခဲ့ကြလေ၏။ ရပ်ထားပစ်ခဲ့သောကားဆီသို့ရောက်လျှင်ဒုင်းကိုယ်တိုင်ကားကိုမောင်းလျက် သျှင်ငယ်ပြေးရွာသို့ သွားလေ၏။ ရွာအနောက်တံခါးမကြီးမှ ကားကို စဝင်သည်နှင့် နတ်ဒိုးသီချင်းကို မြိုင်မြိုင်တီးနေသော ဆိုင်းသံတို့ ကြားရလေ၏။ ကျွန်ုပ်က –

"နတ်ကနားပွဲကြီး ပေးနေပုံရတယ်ဗျ"

ဟု ပြောလိုက်လေရာ ဆားပုလင်းနေမင်းခေါင်က –

"ဘုတာရပ်က နတ်ကနားစီးဦးပေါ်နဲ့မြို့လယ်က ဆိုင်းဆရာစိန်စိုးမောင်တို့တော့ ပွဲတွေ လက်ကုန်နွှဲနေကြပုံပဲ အိုင်ဗီရဲ့"

ဟု ပြောလေသည်။ ဆားပုလင်းနေမင်းခေါင်သည်မော်တော်ကားကိုရွာတွင်းလမ်းမကြီးအတိုင်း မောင်းဝင်လာခဲ့ရာ ရွာလယ်ပိုင်းရောက်လျှင် အိမ်ရှေ့ဧရိယာအတွင်း လမ်းမကြီးပေါ်သို့တိုင်တစ်ဝက်နင်း၍ မဏ္ဍပ်ကြီး ဟည်းနေအောင်ထိုးကာ နတ်ကနားပွဲ ကျင်းပနေသောနေရာသို့ရောက်လျှင် ဝိုင်းအုံစည်ကားနေကြသောလူအုပ်ကြီးအနီးနောက်နားတွင် ကားကို ထိုးရပ်လိုက်ပြီးလျှင်



အောက်သို့ဆင်းကာ ပရိသတ်အတွင်းသို့ထိုးဝင်သွားလေသည်။ ကိုကျော်ကြီးနတ်ပူးနေသော နတ်ဝင်သည်ဦးပေါ်ကြီးအားရိုကျိုးစွာ ရှပ်းငွေတွေ အထပ်လိုက်ကိုင်နတ်ရော့နေသော အရုပ်ဆိုးဆိုးဗလကောင်းကောင်း လူငယ်အနီး မျက်နှာချင်းဆိုင်ကာ –

"ဒီမှာ – ဘသိုက် – နတ်ဆက်နေတဲ့ငွေတွေ အားလုံးပြန်သိမ်းပြီး မင်း ငါနဲ့အခုလိုက်ခဲ့ပါ"

ဟုဆိုကာ လက်ထိတ်ခတ်လိုက်လေရာ ကိုကြီးကျော်ဝင်ပူးနေသည်ဆိုသော နတ်ဝင်သည် ဦးပေါ်ကြီးလည်းကြောင်အအနင့်ကြည့်နေလေ၏။ ဆိုင်းသံတွေလည်း ရပ်တန့်ကုန်လေ၏။ ဝိုင်းအုံကြည့်နေကြသူတွေလည်း အသံတိတ် အာရုံစိုက်ကြည့်ကုန်ကြလေ၏။ ဘသိုက်သည် အကြီးအကျယ် မျက်နှာပျက်လျက် –

"ကျုပ်မှာ ဘာအပြစ်ရှိလို့လဲဗျ"

ဟု ပြန်မေးလေရာ ဆားပုလင်းနေမင်းခေါင်က –

"ရွှေလာဘ်ပွင့်သီးနှံပွဲရုံက ရှပ်းငွေနှစ်သိန်း ဖောက်ထွင်းခိုးယူမှုပဲ"

"ခင် – ခင်ဗျား – ဘယ်သူလဲ"

"ငါ့နာမည်ဆားပုလင်းနေမင်းခေါင်ပါပဲ" ဟု ပြောလိုက်ရာ ဘသိုက်သည် မငြင်းနိုင်တော့ပဲ ခေါင်းငိုက်စိုက်ချကာ –

"ကိုကြီးကျော်လည်း မကယ်နိုင်ပါလား"

ဟု ညည်းတွားလိုက်လေတော့သည်။

★★★

ထို့နောက် ကျွန်ုပ်တို့သည် တရားခံရွှေလာဘ်ပွင့်သီးနှံပွဲရုံ၏အလုပ်သမားဟောင်း ဘသိုက်အား နယ်မြေပိုင်ဂါတ်တွင် အပ်နှံ၍ ကွမ်းတောင်ကုန်းဂါတ်သို့ပြန်လာခဲ့ကြလေ၏။ လမ်း၌ကျွန်ုပ်မရှင်းလင်းသောအချက်များကိုမေးမြန်းရလေသည်။

"အိုင်ဆေးကိုနေမင်းခေါင် – ဘသိုက်ကို ဘယ်လိုများ သဲလွန်စ ရသလဲဗျ"

"ခိုးမှုဖြစ်တဲ့အချိန်ကမနက်ခင်းပိုင်းနှစ်နာရီဝန်းကျင်ဗျ။ ပြတင်းတံခါးမှန်တစ်ချပ်တည်းကိုထုရိုက်ခွဲဖျက်ဆီးပစ်လိုက်ရုံနဲ့တင် ဒီကိစ္စပြီးမြောက်နိုင်တယ်ဆိုတာကြိုတင်တွက်ဆနိုင်တဲ့သူလည်း ဖြစ်ရမယ်ဗျ။ ပြီးတော့ – ဒီအချိန်မှာ ပွဲရုံတစ်ခုလုံး လူစောင့်မရှိတာကိုလည်း သိနေသူပါပဲ။ ဗီရိုကြီးထဲမှာ ငွေတွေကို ဦးမြသာထည့်သိမ်းဆည်းပေမယ့် လုံခြုံရေးသော့ခတ်လေ့မရှိတာကိုလည်း သိနေသူပါပဲ"

"အဲဒါတွေက ဘသိုက်တစ်ယောက်ဖြစ်ကြောင်း ဘယ်လိုဆက်စပ်သလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com

"ဆက်စပ်မှုတွေပေါ့ဗျာ။ အဲ့ကျော်၊ အောင်တင့်၊ ဘသိုက်တို့သုံးယောက်တည်းကိုပဲ ဦးမြသာက သူ့ပွဲရုံမှာ ညအိပ် ညဥ့်နေ ခွင့်ပြုထားတယ်ဆိုမှဖြင့် ဒီသုံးယောက်ဟာ ဘယ်လိုပဲဖြစ်ဖြစ် ဒီပွဲရုံကြီးတစ်ခုလုံးနဲ့ဦးမြသာရဲ့အကြောင်းတွေကိုတော့တခြားသူတွေထက်ပိုသိနေကြမှာ အမှန်ပဲ။ ပြီးတော့ – ဘသိုက်ရဲ့စရိုက်တွေကို မကြိုက်လို့ဦးမြသာက သူ့အလုပ်ထဲက ထုတ်ပစ်လိုက်တယ်။ ဒါပေမဲ့ ဘသိုက်ဒီပွဲရုံအနီးဝန်းကျင်က မခွာပဲ နိုအောင်းနေဆဲမှာပဲ၊ ဦးမြသာရဲ့ရုံးခန်းဗီရိုကြီးထဲက ရှပ်ီးငွေနစ်သိန်း ဖောက်ထွင်းခိုးယူခံရတယ်။ ကျုပ်နဲ့အိုင်ပီ ရွှေလာဘ်ပွင့်သီးနံ့ပွဲရုံကို သွားပြီးစစ်ဆေးကြတုန်းက ကျုပ် ကုန်တင်ကုန်ချလုပ်နေကြတဲ့ ပွဲရုံအလုပ်သမားတွေဆီ ဝင်ရောက်ပြီး မေးမြန်းခဲ့တာ အိုင်ပီ မှတ်မိမှာပေါ့"

ကျွန်ုပ်သည် ဆားပုလင်းနေမင်းခေါင်၏ အမှုသဲလွန်စကောက်ပုံ၊ စေ့စပ်သေချာခြင်းအား မချီးကျူးပဲ မနေနိုင်ပါ။ ဆားပုလင်းနေမင်းခေါင်သည် ဆက်၍ ပြောပြန်လေ၏။

"ဘသိုက်ဟာအလုပ်လက်မဲ့ဖြစ်နေပေမယ့် ရွှေထည်ပစ္စည်းတွေဝယ်တယ်။ လူသုံးကုန်ပစ္စည်းတွေ ဝယ်တယ်။ ငွေအမြောက်အမြားကို ကိုင်ပြီး လောင်းကစားမှုတွေကိုလည်း လုပ်နေတယ်။ ပြီးတော့ – နတ်ကနားပွဲကြီးကိုလည်း ကြီးကြီးကျယ်ကျယ် ရက်ရှည်ပေးနေတယ်လို့ အဲဒီအလုပ်သမားတွေက ပြောကြတယ်ဗျ – အိုင်ပီရဲ့"

"တွေးပုံကလေး တကယ်အကွက်စေ့ပါလား – ကိုနေမင်းခေါင်ရယ်။ ဆက်စပ်ပါဦး"

"ဆက်ပြီးမေးမြန်းကြည့်တော့ ဒီကောင်ခုတလောထီပေါက်တာလည်း မရှိဘူး၊ အမွေပစ္စည်းတွေရတာလည်း မဟုတ်ဘူး၊ ငွေဝင်ကောင်းတဲ့အလုပ်လည်းမရှိဘူး။ ဒီတော့ – ဒီငွေတွေ ဘယ်ကရသလဲ၊ တွေးကြည့်ပေါ့၊ အိုင်ပီရယ်"

"ရှင်းပြီဗျို့ – ဦးမြသာရဲ့ရုံးခန်းထဲက ခိုးယူရတဲ့ငွေတွေနဲ့ ဒီကောင် ရမ်းချင်တိုင်း ရမ်းနေတော့တာကိုး"

"တစ်သက်လုံး ဆင်းဆင်းရဲရဲ ချို့ချို့ငဲ့ငဲ့နဲ့ ကြီးပြင်းလာရတဲ့ လူအတော်များများဟာ အဲလို့ပဲ။ ကောက်ကာငင်ကာ ငွေကြေးအတော်များများလက်ဝယ်ကိုင်မိပြီဆိုမှဖြင့်ကမောက်ကမတွေလျှောက်လုပ်တော့တာပဲဗျို့"

ဟု ပြောပြီး ကျွန်ုပ်၏မိတ်ဆွေကြီး ဆားပုလင်းနေမင်းခေါင်သည် ကုလားအုပ်တံဆိပ်စီးကရက်အား အကျအနရှိုက်ဖွာနေလေတော့သတည်း။

ဇိနေဘမယုံ၊ ဇယံဒေတ

→ စိုး (မှုဆယ်)



www.burmeseclassic.com

www.burmeseclassic.com

# လူမှုဆိုးနှင့်

# တောဘုရင်တို့

# အသက်လုပွဲကြားမှ

# မေတ္တာတရားကို

# မျက်ဝါးထင်ထင် တွေ့ရမည် ..

နာမည်က ဦးအိုက်ထွန်း။ မိုးပုလဲရွာကလေးမှာ အဖေက သူရဲကောင်း။ ကျွန်တော် အဖေ့သားဖြစ်ရတာကို ဂုဏ်ယူခဲ့ကြွားခဲ့၏။ ရွာသားတွေက ဦးအိုက်ထွန်း၏သား ဟုဆို၍

အရေးပေးခဲ့ကြ၏၊ သွားရာလာရာမှာလည်း အဖေ့အရှိန်အဝါကြောင့် ကျွန်တော် မျက်နှာပွင့်လန်းခဲ့၏။

ကျွန်တော်တို့ မိုးပုလဲရွာကလေးမှာ ပဲခူးရိုးမတောင်ခြေရဲ့ အရှေ့ဘက်မှ ရွာကလေးဖြစ်၏။ အိမ်ခြေခြောက်ဆယ်ခန့်သာရှိပြီး ရွာသူရွာသားများမှာ သစ်ခုတ်ဝါးခုတ်အလုပ်အပြင် အမဲလိုက်ခြင်းနှင့် အသက်မွေးကြလေ၏။

အဖေဦးအိုက်ထွန်း၏ဇာတိမှာ ရှမ်းပြည်တောင်ပိုင်း ထန်ဆမ်းရွာသားတစ်ဦးဖြစ်ပြီး မြေပြန့်သို့အလာတွင် အမေနှင့် အကြောင်းပါခဲ့ခြင်းဖြစ်၏၊ ကျွန်တော့်ကို မွေးတော့ အမေက ကျန်းမာရေးမကောင်းလှ။ မွေးပြီး ကျွန်တော် ငါးနှစ်သားအရွယ်တွင် အမေ ဆုံးပါးခဲ့၏။

ထိုအခါ အမေ့ညီမ အဒေါ်ကြီးအေးပုံရင်ခွင်ထဲတွင် ကျွန်တော် ကြီးပြင်းခဲ့ရ၏။ အဖေက အမေဆုံးပြီးတတည်းက ကျွန်တော့်နားမှာ နေသည်မရှိ၊ တောအနှံ့တောင်အနှံ့ သွားလာရင်း အချိန်ကုန်ခဲ့၏၊ ဒေါ်ကြီးအေးပုံတွင် သားသမီးလေးယောက်ရှိ၏။ သူ့ခင်ပွန်းသည် ဦးကြီးမြထိုက်က အဖေ့လိုပဲ တောလိုက်မုဆိုးကြီးဖြစ်၏။

အဖေက ကျွန်တော့်ကို နို့တိုက်ပေးသည့် ဒေါ်ကြီးအေးပုံအတွက် တောလိုက်ပြီး ရလာသည့် သားကောင်တွေကို ပေးတတ်၏၊ အဖေ လာပြီဆိုလျှင် ဒေါ်ကြီးတို့ လှုံ့သိုက်အုစိုနေတတ်၏။ ဦးကြီးမြထိုက်ကလည်း အဖေနှင့်အတူတွဲပြီး တောလိုက်စရိုးထွက်တတ်၏၊ သို့ပေသည့် အဖေ့လောက်သားကောင်အထာမတျှမ်းသည်မို့ ဦးကြီးမြထိုက်က အဖေ့ကို ဆရာတင်ထားရ၏။

အဖေကလည်း တောလိုက်ရမည်ဆိုလျှင် အရာရာကို မေ့သွားတတ်၏၊ အဖေ တောလိုက်သွားပြီဆိုလျှင် ကျွန်တော် အမြဲပျော်ရ၏၊ တောလိုက်ရာမှ အဖေပြန်လာပြီဆိုလျှင် အမြဲဆိုသလို ဟင်းစားပါလာမြဲဖြစ်၏။

တကယ်ဆိုလျှင် အဖေ့မေတ္တာနှင့် ကျွန်တော် ငယ်ငယ်လေးထဲက ဝေးခဲ့ရသည်ဟု ဆိုရချေမည်၊ သို့သော် အဖေနှင့် ဘယ်လောက်ဝေးဝေး အဖေလာပြီဆိုသည်နှင့် ဒေါ်ကြီးအေးပုံ၏ရင်ခွင်က အတင်းရုန်းထွက်ပြီး အဖေရှိရာကို အပြေးအလွှားသွားတတ်၏။

အဖေက တစ်ခါတစ်ခါ စိတ်လိုလက်ရရှိပြီဆိုလျှင် ကျွန်တော့်ကို သူ့ပုခုံးကြွမ်းကြီးပေါ်တင်ကာ ရွာစဉ်လျှောက်လည်တတ်၏၊ ထိုအခါမျိုးဆိုလျှင် ကျွန်တော်ပျော်လိုက်သည်ဖြစ်ခြင်း၊ အဖေကလည်း လမ်းမှာ ကျွန်တော် စားချင်တာမှန်သမျှ ဝယ်ကျွေးတတ်၏၊ ကျွန်တော်က ကောက်ညှင်းပေါင်း သိပ်ကြိုက်တဲ့ကောင်၊ ဒါပေမဲ့ - အုန်းသီးဖြူးတာမကြိုက်၊ နမ်းထောင်းလေးနဲ့ကျိုကျိုကို စားချင်သူဖြစ်၏။

အဖေက ကျွန်တော့်ကို ရွာထိပ်မှာ ရောင်းသည့် ကောက်ညှင်းပေါင်းကို တစ်ဝတစ်ပြဲကျွေးတတ်၏၊ ထိုညမျိုးဆိုလျှင် ကျွန်တော် ဝမ်းမသွားနိုင်သည့် ဝေဒနာအကြီးအကျယ် ခံစားရဖူး၏။ အဖေက ကျွန်တော့်ကို ဤသို့ကျွေးပြီးသည့်နောက် ဒေါ်ကြီးအေးပုံက အဖေ့ကို ဆူတော့၏၊ အဖေကတော့ ပြုံးပြုံးပင်၊ တစ်ခါတစ်ရံ အမဲပစ်က အဖေ ပြန်လာလျှင် ယုန်ကလေးတွေ လေးငါးကောင် ပါလာတတ်၏။

ကျွန်တော်က ယုန်ကလေးတွေကို ကြည့်ပြီး သနားနေတတ်၏၊ အဖေကတော့ ယုန်အသေလေးတွေကို မြေထောက်နှစ်ချောင်းကကိုင်ကာ မြောင်ကြီးနှင့် အရေခွံကို တဖြိုဖြိုခွာနေ၏၊





www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ကတော့ အဖေ့အပြုအမူကို နားမလည်၊ သွေးရဲရဲဖြစ်နေသော ယုန်ကလေးတွေကိုကျွန်တော်မကြည့်ရဲ၊ သို့သော် ယုန်သားကြော်ကိုတော့ ကျွန်တော် အလွန်ကြိုက်၏၊ ဒါကို အဖေက သိ၏၊

နောက်တော့ အဖေ အမဲပစ်ထွက်ပြီဆိုလျှင် ယုန်လေးတွေပါလာစမြဲ။ ယုန်သားရေကိုခွာပြီး အမြဲနေလှမ်းတတ်၏။ ကျွန်တော်ကတော့ ယုန်သားကြော် ဝါးလိုက်၊ ယုန်သားကင်စားလိုက်နှင့်မိမ်တွေ့နေတတ်၏။ တစ်နေ့ အဖေကိုယ်တိုင် ယုန်သားရေကိုစပ်ကာကျွန်တော့်အတွက် ယုန်သားရေအကျီ ချုပ်ပေးခဲ့၏၊

ချုပ်ပြီးခါစတော့ ကျွန်တော် မဝတ်ရဲ၊ ယုန်ကလေးတွေသားရေကိုဝတ်ရမှာ သနားမိ၍ဖြစ်သည်၊ သို့သော် အဖေက အတင်းဝတ်ပေးသဖြင့် ဝတ်ကြည့်ရာ နွေးနွေးထွေးထွေးရှိလှသလို ဝတ်လို့လည်း ကောင်းလှ၏၊ အဲဒီ့အချိန်ကစပြီး အဖေ့ချုပ်ပေးသည့် ယုန်သားရေအကျီကို ဘယ်တော့မှ မချွတ်တော့၊ အဖေက လည်း တောလိုက်ပြီး ပြန်လာပြီဆိုလျှင် သူချုပ်ပေးထားသည့်အကျီကလေးဝတ်ထားမှ ကြိုက်တတ်သည်၊

သို့ဖြင့်ကျွန်တော် ဆယ်နှစ်သားခန့် အရွယ်ရောက်လာသောအခါ အဖေနှင့် အတူတောထဲလိုက်တတ်လာ၏။ အဖေက ကျွန်တော်ပါသည့်အခါတွင် တောနက်ကြီးထဲ ဘယ်တော့မှမသွား၊ ယုန်တွေ၊ သမင်တွေပေါသည့် တောအုပ်စပ်နားသာ ဝင်တတ်၏။

ပဲခူးရိုးမတောင်ရိုးကြီးက အမြဲတမ်း တောင်နိုးတွေ ဝေနေတတ်၏၊ သစ်ပင်ကြီးငယ်တွေကလည်း စိမ်းစိုအုပ်ဆိုင်းနေတတ်၏။ ကျွန်တော်အဲဒီ့တောကြီးထဲသို့ သွားရောက်လည်ပတ်ချင်သော်လည်း အဖေက လိုက်ခွင့်မပြု၊ သားရဲတိရစ္ဆာန်ကြီးတွေ ပေါလှသဖြင့် ကျွန်တော့်ကို ဘယ်တော့မှမခေါ်၊

ကျွန်တော့်စိတ်ထဲမှာတော့ အဲဒီ့ တောင်တန်းတောင်ရိုးကြီးထဲ တစ်နေ့ အဖေ့လိုပဲသွားရောက်အမဲလိုက်မည်ဟု ကြုံးဝါးထားမိ၏၊ ကျွန်တော် ရွာမှာ ကျန်ခဲ့စဉ် ဒေါ်ကြီးအေးပုံက ကျွန်တော့်ကို သူ့သားနှစ်ယောက်နှင့်အတူကျောင်းထားပေး၏၊ ကျွန်တော် ငယ်ငယ်က သတ္တဝါလေးတွေ သတ်ဖြတ်တာကို သနားခဲ့သော်လည်း အရွယ်ရလာသည့်အခါ အဖေ့လိုပဲ အမဲလိုက်ချင်စိတ်တွင် ဖြစ်ပေါ်နေမိ၏၊

ကျောင်းစာသင်နေရသော်လည်း စာကို စိတ်မဝင်စားခဲ့၊ ကျောင်းသွားချင်ယောင်ဆောင်ပြီး ရွာအပြင်ထွက်ခါ ငှုံးထောင်ကျိုး(ချိုး)ထောင်လုပ်ခဲ့၏၊ တစ်ရံတစ်ခါ ငါးရိုက်ဖားရိုက်လုပ်တတ်၏၊ အဖေကတော့ ကျွန်တော် ကျောင်းသားကြီးဖြစ်နေပြီမို့ ဝမ်းသာအားရဖြစ်နေမိတာ အမှန်ပင်၊ ကျွန်တော်က စာဖတ်ဖို့ ထက် လောက်လေးခွတစ်ချောင်းနှင့်ရွာအပြင်ထွက်ပြီး ဟိုပစ်ဒီပစ် လုပ်တာကို ဝါသနာပါ၏၊

တစ်နေ့ ကျွန်တော် ကျောင်းပြေးတာကို ဒေါ်ကြီးအေးပုံ မိသွား၏၊ ထိုအခါ ကျွန်တော့်ကို ဝါးခြမ်းပြားနှင့် ခပ်ကြမ်းကြမ်းရိုက်နက်လေရာ အဲဒီ့ည ကျွန်တော် စိတ်ကောက်ပြီး ထမင်းမစားဘဲ အိပ်ရာဝင်ခဲ့၏၊ ဒေါ်ကြီးအေးပုံက ကျွန်တော့်ကို ပြန်ချော့ပြီး ကျွေးမွေးသော်လည်း ကျွန်တော် ခေါင်းခါခဲ့၏၊ ထိုအခါ ဒေါ်ကြီးအေးပုံက ကျွန်တော့်ကို အဖေ့လိုပဲ လာမယ့်ကောင်လေးဟု မှတ်ချက်ပြုတတ်၏။ ထိုအခါ ကျွန်တော် ပီတိဖြစ်မိသလို ဂုဏ်ယူမိသလို ခံစားမိ၏။

အမှန်တော့ ကျွန်တော့်ကိုယ်၌က အဖေ့လို မုဆိုးကြီးဖြစ်ရမှာ ဝမ်းသာ၏။ ကျွန်တော်မုဆိုးကြီးဖြစ်လာလျှင်ဒူးလေးကောင်းကောင်းတစ်လက်၊ တစ်ထွေခွန်၊ နှစ်ထွေခွန် အဆိပ်လူးမြားအချောင်းနှစ်ဆယ်လောက် ထည့်ပြီး မားမြောင်တစ်ချောင်းနှင့် တောင်ရိုးတစ်လျှောက် လျှောက်သွားချင်၏။

ကျွန်တော်ပစ်ချင်သည့်အမဲကောင်က ယုန်တွေ သမင်တွေ မဟုတ်၊ သားကောင်ကြီးကြီးကိုမှ ရွေးပစ်ချင်၏။ ထိုသို့ အမဲလိုက်သွားရာတွင်လည်းသိုင်းပညာတတ်မှ ဖြစ်မည်ဟု စိတ်ကူးရ၏၊ ဘာကြောင့်ဆိုသော်တစ်ရှိန်က အဖေ တောထဲအမဲလိုက်သွားရင်း ဝက်ဝံပေါက်တစ်ကောင်နှင့် တိုးခဲ့ဖူး၏၊ ထိုအခါအဖေနှင့် ဝက်ဝံ နပန်းလုံးခဲ့ရာ ဒဏ်ရာအနာတရတွေ ရခဲ့၏။

ဝက်ဝံမှာလည်း အဖေ့လက်ချက်နှင့် သေဆုံးခဲ့ရ၏၊ ထိုစဉ်က ဝက်ဝံကို တောဈေးတွင် ပြန်လည်ရောင်းချကာ အဖေ့ကိုဆေးပြန်ကုခဲ့ရဖူး၏၊ ဒါကြောင့် ကျွန်တော် တောလိုက်သွားရင်း သား



www.burmeseclassic.com

www.burmeseclassic.com

ကောင်ကြီးတွေနှင့်တိုးလျှင် သိုင်းပညာဖြင့် ပြန်ချမှဖြစ်မည်ဟု တွေးမိ၏။ ထို့ကြောင့်လည်း ကျောင်းက လစ်လစ်ပြီး ရွာအနောက်ဘက်ရှိ ဘကြီးထင်ကျော် ဆီပြေးကာ သိုင်းပညာသင်ခဲ့၏။

ဘကြီးထင်ကျော်ကကျွန်တော့်ကို သိုင်းပညာ လိုလိုလားလား သင်ပေးခဲ့သဖြင့် ကျွန်တော် ဆယ့်လေးနှစ်သာ အတွင်းသိုင်းကွက်သုံးဆယ့်နှစ်ကွက်ကို ကောင်းမွန်စွာ ကစားနိုင်ခဲ့ပြီဖြစ်၏။ ဓားနစ်လက်ကိုင်ကာ ခုန်ပျံကျော်လွှားရင်း ရှောင်နိုင်ရှားနိုင် ခုတ်နိုင်ထစ်နိုင်ခဲ့ပြီဖြစ်၏။

အဖေပြန်လာတော့ကျွန်တော်သင်ထားသည့်သိုင်းပညာကို ကစားပြခဲ့၏။ အဖေကတော့ ကွမ်းတမြုံ့မြုံ့ဝါးရင်း သဘောကျနေတတ်သည်။ ထိုအချိန်ကစပြီး အဖေ့ကို ကျွန်တော် အမဲလိုက်ချင်သည်ဟု ပြောခဲ့၏။ အဖေကတော့ ငြင်းဆန်နေဆဲ၊ ကျွန်တော့်ကို လွယ်အိတ်လွယ်ပြီး ကျောင်းတက်နေတာပဲ မြင်ချင်ပုံရ၏။

သို့နှင့်ကျွန်တော်ကျောင်းကိုမတက်ချင်၊ တက်ချင်နှင့် အောင့်အည်းတက်ခဲ့ရ၏။ ဆရာကြီး သင်ကြားသောစာတွေကိုကျွန်တော်စိတ်မဝင်စား။ မျက်လုံးထဲတွင် အဖေ ပြင်ဆင်နေသော ထောင်ချောက်များ သားကောင်ပစ်ခတ်နည်းများသာ စိတ်ဝင်စားခဲ့၏။

တစ်နေ့အဖေကြက်တူရွေးတောင်ဘက် အမဲပစ်ထွက်သွား၏။ ဦးကြီးမြထိုက်လည်းပါသွား၏။ အဖေတို့နှစ်ဦး ထောင်ချောက်တွေဒူးလေးတွေ စားနပ်ရိက္ခာတွေပါ ပါသွားသဖြင့် အနည်းဆုံး တစ်ပတ်ခန့်တော့ ကြာပေလိမ့်မည်၊ ကျွန်တော်လိုက်ချင်သမှ အူကိုယားလို့၊ အဖေက ကျွန်တော်လိုက်မှာစိုးသဖြင့် အသိတောင်မပေး။

ကျွန်တော် ကျောင်းသွားနေသည့်အချိန်တွင်တောတက်သွားကြ၏။ အဖေတို့နှင့်အတူ ဗလကြီးလည်းပါသွားခဲ့၏။ ဗလကြီးကအဖေ့ရဲ့အချစ်တော်ခွေးကြီး၊ ရုတ်တရက်ကြည့်လျှင် ကျားကြီးတစ်ကောင်အလားပင်၊ အရောင်က နက်မှောင်နေ၏၊ အဖေက ဗလကြီးကို နေ့တိုင်း ကျားရိုးသွေးပြီး တိုက်ခဲ့၏။

ဒါကြောင့်လည်း ကျွန်တော်တို့နေ့သည့်ခြံနားလူစိမ်းသူစိမ်းမကပ်ရဲ။ ဗလကြီးက ကျွန်တော်တို့သားအဖကလွဲ၍ ဦးမြထိုက်ကိုပင် ရန်မူချင်သူဖြစ်၏။ ယခုလည်း ဗလတာအဖေ့ကိုယ်ရံတော်အဖြစ်ပါသွားလေပြီ၊ စင်စစ်အဖေတာကျွန်တော့်ကို ဗလလောက်တောင် အရာမထား၊ စိတ်ထဲတွင်မကျေမချမ်းဖြစ်မိတာအမှန်၊ ကျွန်တော်လည်းယခုဆို ဆယ့်ငါးနှစ်ပင် ပြည့်ခဲ့ပြီဖြစ်၏။

အရပ်ကလည်းအဖေ့နည်းတူထွားထွားကျိုင်းကျိုင်း။ သိုင်းပညာလည်း ကျွမ်းကျင်အောင် တတ်မြောက်ထားပြီဆိုတာ အဖေသိလျက်နဲ့ ကျွန်တော့်ကို အဖေ အရေးမထားတာ အဖေ့အပေါ် ကျွန်တော် စိတ်နာခဲ့၏။ အဲဒီနေ့က ကျွန်တော် ကျောင်းမတက်၊ ငါးမျက်ရှင်ချောင်းဘက်သွားပြီး ကြက်တူရွေးအုပ်ထောင်ခဲ့၏။

ထောင်ချောက်ဆင်ပုံကို အဖေက သင်ပေးထားသဖြင့် ဘာမှ ခဲယဉ်းလှသည်မဟုတ်၊ အရေးကြီးတာက မြွေအန္တရာယ်ပင်၊ ငါးမျက်ရှင်ချောင်းဘေးမှာ မာလကာခင်းရှိ၏။ အလေ့ကျပေါက်ရောက်နေသည်မို့ ရှုမည့်သူမရှိ၊ ဝါထိန်နေသောမာလကာသီးမှည့်ရှိန်ဆို အုပ်လိုက်ရောက်လာ၏၊ တစ်ခါတစ်ရံ တောင်ပေါ်မျောက်အုပ်တွေလည်းဆင်းလာတတ်၏။

ကျွန်တော့်တစ်ကိုယ်လုံး ထူပူသွား၏။ အဖေမရှိရင် ကျွန်တော် ဘယ်လိုလုပ်ရမလဲ။ ကျားကလည်း အတင့်ရဲပေစွ။ အဖေ့လို မုဆိုးကျော်ကြီးကိုတောင် သင်းက လုပ်ရက်လှ၏။ စိတ်ထဲတွင် ဒေါသတွေ ဟုန်းဟုန်းဆူလာ၏။ အဖေ့ကို ဆွဲသွားသည့်ကျားကို ကျွန်တော် လက်စားချေမှ ကျေနပ်နိုင်မည်။ တောကားလွန်းလှသည့်ကျားဆိုးကို အမြန်ဆုံး ရင်ဆိုင်ချင်နေသည်။



www.burmeseclassic.com

သို့ပေသည့် မြွေတွေက ပင်မြေမှာ တလျှောလျှောနှင့် သွားလာတတ်သည်မို့ သတိထားမှ တော်ရုံကျလှပေမည်။ ကျွန်တော်နှင့်အတူ ဖိုးတာတို့လူသိုက်လည်း ပါ၏၊ သူငယ်ချင်းတွေကြားတွင် ကျွန်တော်က ဆရာကြီး၊ အိမ်က ပိုက်တစ်အုပ်ကို လွယ်အိတ်ထဲ ဝှက်ယူလာပြီး မိုးလင်းကတည်းက ငါးမျက်ရှင်ရောင်းဘက် ထွက်ခဲ့ကြ၏။

ကျွန်တော်ထင်သည့်အတိုင်းပင် မာလကာခင်းထဲတွင် ကြက်တူရွေးအုပ်၏အသံဗလံတွေက ဆူပွက်နေ၏၊ ကျွန်တော်တို့သူငယ်ချင်းတစ်စု ခြေသံလုံအောင် မာလကာခင်းနားကပ်ခဲ့ပြီးပိုက်ထောင်လိုက်၏၊ ပိုက်ကို ငှက်တွေ ထပျံလောက်မည့်မာလကာခင်းမြောက်ဖျားမှ ဟာ၍ထောင်လိုက်သည်။ ထို့နောက် ဖိုးတာတို့လူစုက မာလကာခင်းထဲကိုခဲတွေ၊ တုတ်တွေ တရှီးရှီးနှင့် ပစ်သွင်းလိုက်ရာ ငှက်အုပ်က တကျိုကျိုအော်ရင်း ဝုန်းခနဲ ထပျံကုန်၏။

ကျွန်တော်က ပိုက်ကြိုးကို အဆင်သင့်ချည်နှောင်ထားသလို တစ်ဖက်က ချုပ်ကြိုးကို ကိုင်ထားပြီး ဝေါခနဲ ဝင်လာသော ငှက်အုပ်မြင်သည်နှင့် ချုပ်ကြိုးကို ဆွဲချ၏၊ ငှက်တွေက တကျိုကျိုအော်ရင်း ဟိုသည်အထိတ်တလန့်နှင့် ပျံနေကြ၏၊ ပိုက်ထဲက လွတ်လိုလွတ်ငြား ရုန်းကန်တိုးဝှေ့ပျံသန်းနေဆဲ။

ကျွန်တော်က ချုပ်ကြိုးကို ကိုင်ပြီး ငှက်အခြေအနေကိုကြည့်နေ၏၊ ထိုစဉ် ဖိုးတာတို့လူစု ရောက်လာကာ ငှက်တွေကိုမြင်ရတော့ အားရဝမ်းသာဖြစ်နေကြ၏။ ပိုက်ထဲမိလာသမျှငှက်တွေ ဖမ်းတာတောရေးမှာ သွင်းဖို့ တိုင်ပင်ကြ၏။ ထိုအချိန်တွင် အထက်ရောင်းရိုးအတိုင်း လူတစ်ဦးက တဗုန်းဗုန်းပြေးလာသည်ကို တွေ့လိုက်ရ၏။

"ဟေး၊ တောကျော်၊ တောကျော်"

"ဟင်"

ကျွန်တော့် နာမည်ခေါ်သံကြားသဖြင့် ပိုက်ထဲက ငှက်တွေ ဖမ်းနေစဉ် ဝုန်းခနဲ ထရပ်လိုက်၏၊ အသံက ဦးကြီးမြထိုက်အသံ၊ အမောတကော ပြေးလာပုံကိုကြည့်ပြီး ကျွန်တော့်ရင်တွေ ထိတ်သွား၏၊ သူ့တစ်ကိုယ်လုံး ပေကျံစုတ်ပြဲနေ၏၊ အနားရောက်သော် အမောပင်မပြေနိုင်။

"ဟို - ဟို"

"ဦးကြီး - ဘာ - ဘာဖြစ်လာတာလဲ"

"ဟို - ဟို - မင်းအဖေ"

"ဗျာ - အဖေ - ဘာဖြစ်လို့လဲ ဦးကြီး"

"ဟို - ဟို - ကျားဆွဲခံရလို့"

"ဗျာ"

ဦးကြီး၏စကားကြောင့် ကျွန်တော် အကြီးအကျယ် တုန်လှုပ်သွား၏၊ ကျွန်တော် ဘာလုပ်လို့လုပ်ရမှန်းမသိတော့၊ လက်ထဲကပိုက်ကိုပင် ယောင်၍လွှတ်ချလိုက်ရာ ငှက်တွေ ဝေါခနဲ ထပျံကုန်၏။

"ဦး - ဦးကြီး - တကယ်လား ဟင်"

"တကယ်ပါကွာ - ဒုက္ခပါပဲ၊ ကိုကြီးအိုက်တော့ မလွယ်ဘူး၊ ကျားက မျက်လုံးတစ်ဖက်ကန်းနေတဲ့ကျားကြီး"

"ဟင် - ဒုက္ခပါပဲ - ဘယ်လိုလုပ်ကြမလဲ"

"ဝါ - ဝါလဲ မပြောတတ်ဘူး"

"ဗျာ"

ကျွန်တော့်တစ်ကိုယ်လုံး ထုံ့ထူသွား၏၊ အဖေမရှိရင် ကျွန်တော် ဘယ်လိုလုပ်ရမလဲ၊ ကျားကလည်း အတင့်ရဲပေစွ၊ အဖေ့လို မုဆိုးကျော်ကြီးကိုတောင်သင်းက လုပ်ရက်လှ၏၊ စိတ်ထဲတွင် ဒေါသတွေဟုန်းဟုန်းဆူလာ၏၊ အဖေ့ကိုဆွဲသွားသည့်ကျားကို ကျွန်တော် လက်တားရေမှ ကျေနပ်နိုင်မည်၊ တော်ကားလွန်းလှသည့်ကျားဆိုးကို အမြန်ဆုံး ရင်ဆိုင်ချင်နေသည်။

"ဦး - ဦးကြီး"

"ဟေ"

"ဒီမှာ ခဏစောင့် - ကျွန်တော် လုံနဲ့ဒူးလေးပြန်ယူဦးမယ်"

"ဟင် - မင်း မင်း ဘာလုပ်မလို့လဲ"

"ဟို - ကျွန်တော် အဲဒီ ကျားကို ကလဲ့စားချေရမှ ကျေနပ်မယ်"

"ဖြစ် - ဖြစ်ပါ့မလား၊ မင်းက ငယ်ပါသေးတယ် - တောကျော်ရာ"

"ဟာ - ကျွန်တော်မကြောက်ပါဘူး ဦးကြီး၊ ဒီမှာ ခဏစောင့်"

ပြောပြောဆိုဆိုနှင့် ရွာဘက်ကိုပြန်ပြေးခဲ့၏၊ အဖေ အပိုသိမ်းထားခဲ့သော ဒူးလေးနှင့်မြားကျည်တောက်ကိုပခုံးတွင် လွယ်လိုက်၏၊ ထို့နောက် ကျွန်တော် တစ်ရပ်စာရှိသည့်လှံကြီးကိုယူသော အိမ်ထဲမှအပြေးထွက်ခဲ့၏၊ ဒေါ်ကြီးအေးပုံက

www.burmeseclassic.com

ကျွန်တော့်ကိုမြင်တော့တဟဲ့ဟဲ့တားနေသေး၏၊ ကျွန်တော်ဘာကိုမှမမှုနိုင်တော့။ အဓိကအရေးကြီးတာ အဖေ့နောက် လိုက်ဖို့ပဲ၊

ချောင်းရိုးနားရောက်တော့ ဦးကြီးမြထိုက်မှာ ကျွန်တော့်သွင်ပြင်ကိုကြည့်ပြီး မျက်လုံးပြူးနေ၏၊ ပီဘိမုဆိုးကြီးအလား၊ စိတ်ထဲမှာတော့ ဒူးလေးလွယ်ပြီး လှံကြီး ကိုင်ထားရသဖြင့်သွေးတွေကြွနေ၏၊ အဖေ့အတွက် ကျွန်တော် ကလဲ့စားချေရတော့မည်။

"ကဲ – သွားကြစို့ – ဦးကြီး"

"ဟာ – ဘာသွားလုပ်မှာလဲ။ အန္တရာယ်အရမ်းကြီးတယ် – တောကျော်ရာ"

"အို – ဘာအန္တရာယ်ရှိရှိဗျာ၊ ရှိလည်း ကျွန်တော် ဒီကျားကို မတွေ့မချင်း ရွာ မပြန်ဘူး"

"ဒုက္ခပါပဲကွာ"

"လာစမ်းပါ – ဦးကြီးရာ၊ ကျွန်တော့်ကို နေရာသာ ပြစမ်းပါ"

"ဟို – ဟို – ပုစွန်စာတောအုပ်ကြီးထဲမှာကွ – တောကျော်ရ – အဝေးကြီး"

"အို – ဘယ်လောက်ဝေးဝေး လာစမ်းပါ – ဦးကြီးရာ"

"ဟာ – ဒါဆို – ရွာက တစ်ယောက်နှစ်ယောက် ထပ်ခေါ်မှထင်တယ်"

"ဘာဖြစ်လို့လဲဗျ"

"ဟာ၊ ကျားက အတော်ကြီးတယ်ကွ။ တစ်ယောက်နှစ်ယောက်နဲ့ မလွယ်ဘူး"

"ဒါဆို – ကိုထွန်းကြိုင်တို့ကို ခေါ်လိုက်မလား"

"အေး – ထွန်းကြိုင်က မင်းအဖေနဲ့လဲ အမဲလိုက်ဖူးတယ်"

"ဒါဆို – ဗိုးတာ – မင်း အမြန်သွားခေါ်ကွာ"

"အေး – အေး"

သူငယ်ချင်းဗိုးတာရွာထဲအမြန်ပြေးကာ ကိုထွန်းကြိုင်တို့ကို သွားခေါ်၏၊ တစ်အောင့်အကြာတွင်ကိုထွန်းကြိုင်နှင့်အတူ ကိုသောင်းစိန်၊ ကိုဖူးခန့်တို့ ပါလာ၏၊ သူတို့လက်ထဲတွင်လည်း ဒူးလေးတွေ၊ လှံတွေ၊ ဓားတွေပါလာ၏၊ ကိုထွန်းကြိုင်က အနားရောက်လာသည်နှင့်ဖြစ်ပုံကို မေးမြန်းလာ၏၊ ဦးကြီးမြထိုက်က လေသံ ကတုန်ကယင်နှင့် ပြောပြလိုက်သည်၊

"ဟို – ငါတို့ ပုစွန်စာတောအုပ်ထဲ သမင်အုပ်တွေ့တာနဲ့မဲပြီးလိုက်တာကွာ။ အဲဒါ ငါနဲ့ ကိုကြီးအိုက်နှစ်ယောက် လမ်းမှာ လူချင်းကွဲသွားတယ်။ ဒီလိုနဲ့ တစ်အောင့်ကြာတော့ ကိုကြီးအိုက်ရဲ့အော်သံနဲ့ ကျားဟိန်းသံကိုပါ ကြားလိုက်ရတယ်၊ ငါလည်း အသံကြားရာကို ပြေးလိုက်ခဲ့တာပဲ၊ ငါလည်းရောက်ရောကျားပါးစပ်ထဲမှာ ကိုကြီးအိုက်သွေးစက်လက်နဲ့ ပါသွားတာ တွေ့လိုက်ရတယ်ကွာ"

"ဟင်"

ဦးကြီးစကားကြောင့် ကျွန်တော့်မျက်လုံးထဲတွင် အဖေ့အဖြစ်ကို မြင်ယောင်လာ၏၊ အံတကြိတ်ကြိတ် လက်သီးတဆုပ်ဆုပ်ဖြစ်လာ၏၊

"ကဲ – လာဗျာ – အဖေ့နောက်ကို လိုက်ကြရအောင်"

"အေး – ခုချိန်လိုက်ရင် အချိန်မီနိုင်တယ်ကွာ"

"ကဲလာ – သွားကြမယ်ဟေ့"

ပြောပြောဆိုဆိုနှင့် ကျွန်တော်တို့ ငါးဦး ရိုးမတောင်ခြေအတိုင်း တက်ခဲ့ကြ၏၊ တောင်ခြေတစ်လျှောက်သစ်ပင်ကြီးတွေက ဟီးထနေ၏၊ စိမ်းညို့အုံ့ဆိုင်းနေသဖြင့် နေရောင်ပင် မမြင်ရ၊

တစ်ချိန်က ကျွန်တော် သွားချင်လှသောရိုးမတောကြီး၊ ခုတော့ – ဒူးလေးတွေ၊ လှံတွေကိုင်ပြီး တောကြီးထဲဝင်ခဲ့ပြီဖြစ်သည်၊ စိတ်ထဲတွင် ကလဲ့စားချေလိုစိတ်တွေက ကြွနေ၏၊

ကျွန်တော်ဟာ မုဆိုးကြီးရဲ့သား၊ ကြောက်စိတ်မွေးနေလို့မဖြစ်၊ အဖေ့ကိုယ်စားကျားကြီးကိုကလဲ့စားချေမှဖြစ်မည်၊ ဒါ – ကျွန်တော့်ရဲ့သံမဏိဆုံးဖြတ်ချက်၊

တစ်စတစ်စနှင့် ကျွန်တော်တို့လူစုတောနက်ပိုင်းကြီးထဲ ရောက်လာ၏၊ တောလမ်းတစ်လျှောက် ရွက်ကြွေတွေကလည်း ဖွေးဖွေးလှုပ်လို့၊ လျှိုတွေ၊ ချောက်တွေ ကလည်း ပေါလှ၏၊

ဝါးရုံပင်ကြီးတွေကလည်းထွေးလုံးယှက်သိုင်းနေ၏၊ ပျဉ်းကတိုး၊ ကျွန်းနှင့်အခြားသစ်မာပင်များ ပိန်းပိတ်အောင်ပေါက်ရောက်နေ၏၊ ပုစွန်စာတောကြီးတ ကျွန်တော်တို့ ဖြတ်သန်းခဲ့သည့် တောအုပ်ထက်ပင် သစ်ပင်ကြီးများ ထူထပ်လှ၏၊

ဦးကြီးမြထိုက် ညွှန်ပြသည့်လမ်းအတိုင်း တောအုပ်ထဲ ဝင်ခဲ့ကြ၏၊ ငှက်





www.burmeseclassic.com

www.burmeseclassic.com

တစ်အုပ်မှာ ကျွန်တော်တို့လှူစု ဝင်လာသည်နှင့် ဝေါခနဲ ထပျံသွား၏။

ဦးကြီးက ခြေသံလုံလုံနင်းဖို့ ကျွန်တော်တို့ဘက်လှည့်ပြီးသတိပေးလာ၏။ ကိုထွန်းကြိုင်တို့လှူစုမှာ ပုစွန်စာတောအုပ်ထဲ ရောက်သည်နှင့် သတိကြီးကြီးထားကာ အခြေအနေကို အကဲခတ်ခဲ့ကြ၏။

တောအုပ်က ညှိုမှိုင်းမှိုင်းနေသည်။ တဖြည်းဖြည်းနှင့် ကျွန်တော်တို့လှူစု ချောင်းရိုးကလေးတစ်ခုအနား ရောက်လာ၏။ ချောင်းရေက ကြည်လင်လှပြီး ရေအောက်တွင် သွားလာနေကြသော ငါးရောင်စုံကိုပင် မြင်နေရသည်။

ထိုစဉ်ဦးကြီးမြထိုက်ကလေသံတိုးတိုးနှင့် ပြောလာ၏။

"ရှေ့ဘက်ချောင်းအထက်မှာငါတို့ကျားနဲ့တိုးတာပဲကွ။ သတိထားကြနော်။ ဟော့ကောင် တောကျော်"

"ဗျာ"

"မင်း အရမ်းမလုပ်နဲ့။ ငါ လုပ်ဆိုမှလုပ်"

"ဟုတ်ကဲ့ပါ - ဦးကြီးရဲ့"

"ကဲ - လာလာ"

ပြောပြောဆိုဆိုနှင့် ချောင်းရိုးကို ဆန်ပြီးတက်ခဲ့ကြ၏။ ချောင်းရိုးအထက်ပိုင်းတွင်မြေသားကမြင့်တက်လာသလို ရွက်ကြွေတွေကလည်း မြေပြင်ပေါ် အဖွေးသား ကျနေ၏။

ကျွန်တော်တို့လှူစုရွက်ခြောက်တွေကို သတိထားနင်းရင်း တောင်ပူစာပေါ် တက်ခဲ့ကြ၏။ တောင်အထက်ပိုင်းတွင် ကျောက်တုံးကျောက်ဆောင်များ အတွေ့များလာ၏။

ဦးကြီးမြထိုက်က မျက်စိကို အနားမထား။ ဟိုဟိုဒီဒီ ကြည့်နေ၏။ ထိုစဉ် ကျောက်ဆောင်နှစ်ခုကြားတွင် မြင်လိုက်ရသောအရာကြောင့် အားလုံး အံ့ဩသွား၏။

"ဟာ - အဖေ့ဒူးလေးပါလား"

"အေး - ဒါ မင်းအဖေကို ကျားကြီးဆွဲသွားတဲ့နေရာပဲကွ - သတိထားကြနော်"

ဦးကြီးမြထိုက်က ဒူးလေးကိုကောက်ယူပြီး ကြည့်လိုက်၏။ မြားဘူးလဲ အပိုင်းအစစ၊ ဒူးလေးလက်ကိုင်မှာလည်း ကျိုးပဲ့နေပြီဖြစ်၏။ ကျွန်တော်တို့လှူစု တောင်ကြားထဲမှာ ဖြည်းဖြည်းချင်း လျှောက်ခဲ့ကြ၏။

"ဟာ - ဟိုမှာ ပုဆိုးတစ်ပိုင်း"

မြင်ကွင်းကြောင့် ကျွန်တော့်ဒေါသတွေ ဟုန်းဟုန်းထနေ၏။ ကျားကြီးက အဖေ့ကို တစ်ပိုင်းတစ်စ ကိုက်ချီသွားသည့်ပုံပင်။

"ဝေါင်း - ဝေါင်း"

"ဟာ - ကျားသံဟေ့။ သစ်ပင်ပေါ် တက်နေကြစမ်း"

"ဟုတ် - ဟုတ်ကဲ့"

အသံကြောင့် ကျွန်တော်တို့အားလုံး ဆံပင်မွှေးတွေ ထောင်သွား၏။ စောစောကကလဲ့စားချေလိုစိတ် ဒေါသတွေပင် ကြက်ပျောက် ငှက်ပျောက်ဖြစ်သွား၏။

ဦးကြီးမြထိုက် ပြောသည့်စကားအတိုင်း ကျွန်တော်တို့လှူစု ကျောက်တုံးကျောက်ဆောင်များပေါ်တွင် တွယ်ကပ်ပေါက်ရောက်နေသော သစ်ပင်ကြီးတွေပေါ် တွယ်တက်ခဲ့ကြ၏။

ကျွန်တော်တို့လှူစု သစ်ပင်ပေါ် ရောက်ပြီးမိနစ်နှစ်ဆယ်ခန့်အကြာတွင် ကျောက်တုံးကျောက်ဆောင်ကြားပေါက်ရောက်နေသောမြက်ရိုင်းအုပ်တွေကြားမှ တလျှောလျှောနှင့် တောတိုးသံကို ကြားလိုက်ရ၏။

ဦးကြီးမြထိုက်က မြက်ရိုင်းပင်တွေလှုပ်ယမ်းနေသည့်နေရာကိုလည်းလက်ညှိုးထိုးပြလိုက်၏။ အားလုံးအကြည့်က မြက်ရိုင်းပင်တွေထဲ ရောက်နေ၏။

ထိုစဉ် အဝါရောင်အစင်းအစင်းနှင့် ကျားကြီးကို ရိုးတိုးရိပ်တိတ် မြင်လိုက်ရ၏။ တစ်အောင့်အကြာတွင်မြက်ရိုင်းအုပ်ထဲမှ သစ္စာဝါကြီးနှစ်ကောင် ထွက်လာသည်ကို တွေ့လိုက်ရ၏။

"ဟင်၊ ကျားက နှစ်ကောင်ပါလား"

"ရှူး - တိုးတိုးကွ"

ကျားကြီးနှစ်ကောင်မှာ မြေပြင်ကို နှာခေါင်းတရှုံ့ရှုံ့နှင့် ဟိုနမ်း သည်နမ်းလုပ်ရင်း ကျွန်တော်တို့ပုန်းနေသည့် သစ်ပင်အရှေ့ဘက် ကျောက်ဆောင်ပေါ် ခုန်တက်သွားကြ၏။

တအောင့်အကြာတွင် ကျွန်တော်တို့လှူစု သစ်ပင်ပေါ်မှ တဖြည်းဖြည်းချင်း



www.burmeseclassic.com

www.burmeseclassic.com

ဆင်းခဲ့ပြီး ကျားကြီးနှစ်ကောင် တက်သွားသော ကျောက်ဆောင်ပေါ်တက်ခဲ့ကြ၏။

"ဟာ - ဟို - ဟိုမှာ"

"ဘာလဲ"

"ဟိုမှာလေကွာ - အဲဒါ ကျားကြီးတွေနေတဲ့ဂူကြီးကွ"

"ဟင် - ဟုတ်ရဲ့လား"

"သေချာပါတယ်ကွာ - ဂူရှေ့ကမြေပြင်ပေါ်မှာ ကျားခြေရာပုံတွေ မြင်လား"

"ဟာ - ဟုတ်သားပဲ"

"ဒါ - ဒါဆို - ဘယ်လိုလုပ်ကြမလဲ"

"သတိထားပြီး လုပ်ကြတာပေါ့တော့ကျော်"

"ဗျာ"

"စိတ်မလောနဲ့နော်"

"ဟုတ် - ဟုတ်ကဲ့ - ဦးကြီး"

ကျားကြီးတွေကိုမြင်တော့ ကျွန်တော့်စိတ်ထဲ ကတုန်ကယင် ခံစားနေရ၏။ အဖေ့အတွက် သတ်မယ်ဖြတ်မယ် ပြောခဲ့တဲ့စိတ်တွေဘယ်ရောက်ကုန်မှန်းမသိတော့၊ တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်တွေ စို့လာ၏။

"သိပ်ကြောက်နေသလား - တောကျော်"

"ဟို - ဟို - မကြောက်ပါဘူး"

"ငါတို့နောက်က လိုက်ခဲ့"

"ဟုတ် - ဟုတ်ကဲ့"

ကျွန်တော်ကိုထွန်းကြိုင်တို့နောက်မှ ကုတ်ချောင်းကုတ်ချောင်းနှင့် လိုက်ခဲ့၏။ ကျောက်ဆောင်ကြီးတွေပေါ် ကျော်လွှားရင်း ဂူကြီးနှင့် အနီးဆုံးနေရာကို ကပ်ခဲ့ကြ၏။

"သေချာပြီဟေ့"

"ဘာလဲ - ဦးကြီး"

"ဟိုမှာ ဂူထဲမှာ ဖိနပ်တစ်ဖက်ကွ"

"အဲ - အဲဒါ အဖေ့ဖိနပ်ဗျာ"

"အင်း - မင်းအဖေ အသက်ရှင်ဖို့ မလွယ်တော့ပါဘူးကွယ်"

"ဗျာ - ဒါ - ဒါဆို"

"စိတ်မကောင်းမဖြစ်နဲ့၊ လူကလေး။ တို့တစ်တွေဟာ တောလိုက်မုဆိုးတွေဖြစ်ပေမယ့် တစ်ခါတစ်ရံ တိရစ္ဆာန်တွေကတို့ကိုပြန်လိုက်တဲ့အခါလည်းရှိတယ်ကွ။ ခုလည်းငါတို့နှစ်ယောက် မုဆိုးဘဝကနေ သားကောင်ဖြစ်ခဲ့ရတာပေါ့ကွာ။



တကယ်တော့ - ဒါဟာ သဘာဝဖြစ်စဉ်ကြီးပဲ။ ငါတို့မုဆိုးဖြစ်ရင် သူတို့သားကောင်ဘဝနဲ့လည်စင်းပေးရသလိုငါတို့သားကောင်ဖြစ်ခဲ့ရင်လည်းသူတို့ရှေ့မှာလည်စင်းပေးခဲ့ရတာပဲ၊ ဒါ - တောတွင်းသဘာဝပေါ့ - လူကလေးရာ၊ ဘာမှစိတ်မကောင်း ဖြစ်မနေနဲ့၊ မင်းကိုယ်စား ဦးကြီးကိုယ်တိုင် ကလဲ့စားချေပေးမယ်"

"ဟုတ် - ဟုတ်ကဲ့"

ဦးကြီးစကားကို အသေအချာနားထောင်ရင်း ကျွန်တော့်စိတ်ထဲ ငိုချင်သလိုလိုပင်၊ ထိုစဉ် ကျွန်တော်တို့လူစု ကျောက်ဆောင်တစ်ဆောင်ဘေးနား တအောင့်တနားနားရင်းအခြေအနေကို စောင့်ကြည့်ခဲ့ကြ၏။ ဦးကြီးမြထိုက်က -

"အင်း - ဒီအချိန် - ကျားကြီးတွေ မထွက်တော့ဘူးကွ"

"ဘာဖြစ်လို့လဲ - ဦးကြီးရဲ့"

"အမှန်ကတော့ စောစောကထွက်လာတာ ကျားဖိုနဲ့ ကျားမကွ၊ သူတို့ဟာရန်သူ အခြေအနေကို လာကြည့်တာ၊ အခု - ဂူထဲ ပြန်ဝင်ပြီး အိပ်နေကြပြီပေါ့၊ ကြေနတော့အထဲမှာကျားပေါက်ကလေးတွေ ရှိမှာသေချာတယ်"

"ဟင် - ဟုတ်လား"

"ဖြစ်နိုင်တယ် - ဦးကြီးထိုက်"

"ဟာ - ကျားဆိုတော့ညမှ အစာရှာထွက်တာကွ၊ ဒီတော့ - သူတို့ကလေးတွေ ဂူထဲမှာ ကျန်ခဲ့မှာ သေချာတယ်"

"ဟုတ်လား"

"ကဲ - နားကြတော့ - စားစရာရှိတာစားထားကြ၊ ဟေ့ကောင် - ထွန်းကြိုင်"

"ဗျာ"

"မင်းက သစ်ကိုင်းခြောက်တွေ ကောက်ထား"

"ဟုတ်ကဲ့"

ကျွန်တော်တို့လူစု သစ်ပင်ကြီးများနှင့် ကျောက်ဆောင်ကြီးများအကွယ်တွင် ထိုင်ကာ ယူလာသည့်စားစရာတွေကို စားသောက်လိုက်ကြ၏၊ ထိုထွန်းကြိုင်တို့လူစုက ထင်းခြောက်တွေ တစ်ပုံကြီး ကောက်လာ၏။

သို့နှင့်အချိန်ကတဖြည်းဖြည်း ကုန်ဆုံးသွားပေရာ အမှောင်ထုကလည်း တောအုပ်ကြီးထဲ ပြုံဆင်းလာ၏၊ တစ်ခါတစ်ရံတော့ တောအုပ်အရှေ့ဘက်များမှ ဂျီဟောက်သံ၊ သမင်ဟောက်သံများ သဲ့သဲ့ကြားနေရ၏။



www.burmeseclassic.com

www.burmeseclassic.com

လမင်းကြီးက တိမ်ညိုတွေကြားမှ ရုန်းထွက်လာ၏။ လရောင်ကြောင့်ကျွန်တော်တို့လူစုနှင့် ဝါးနှစ်ရိုက်အကွာတွင်ရှိသော ကျောက်ဂူကြီးကို လှမ်းမြင်နေရ၏။ ဂူဝက လူတစ်ကိုယ်စာမရှိ။

"ရှူး - ထွက်လာကြပြီ"

"ဟင်"

"ဟာ - ဟုတ်ပဲ့"

လရောင်အောက်တွင်ဂူထဲမှထွက်လာကြသော ကျားကြီးနှစ်ကောင်နှင့်သူတို့နောက်ဘက်တွင်ကျားပေါက်ကလေးသုံးကောင် ခုန်ပေါက်ကစားရင်း လိုက်လာ၏။ အရှယ်ကအိမ်မွေးကြောင်အရွယ်လောက်ရှိ၏။

ကျားကြီးတစ်ကောင်သည်ကလေးငယ်တွေကိုလက်တစ်ဖက်နှင့်လှမ်းပုတ်ရင်း ဂူထဲ ပြန်သွားခိုင်းနေ၏။ တအောင့်အကြာတွင် ကျားကလေးတွေ ဂူထဲ ပြန်ဝင်သွားကြ၏။

ထိုအခါ ကျားကြီးနှစ်ကောင်မှာ ဂူရှေ့ရပ်ကာ ဟိုဟိုဒီဒီ လိုက်ကြည့်ကြပြီး တောအုပ်ထဲ ဝင်သွားကြလေ၏။

"ကဲ - မြန်မြန်ဆင်းကြတော့ဟေ့၊ ဟို - ထောင်ချောက်တွေရော သစ်ကိုင်းချောက်တွေရော ယူခဲ့ကြ"

"ဟုတ်ကဲ့"

ကျွန်တော်တို့အားလုံး ပုန်းနေရာမှ ထွက်လိုက်ကြ၏။ ဂူရှေ့ရောက်သည်နှင့် ဦးကြီးမြထိုက်သည် ထောင်ချောက်လေးငါးခုကို အသင့်ထောင်လိုက်၏။ ပြီးသည်နှင့်ထောင်ချောက်မလှမ်းမကမ်းရှိ ဂူဝနားတွင် သစ်ကိုင်းချောက်တွေ ပုံကာ မီးတင်ရှို့လိုက်၏။

"ကဲဟေ့ - တို့စောစောကနေရာက ပုန်းပြီး ကျားကြီးတွေအလာကို စောင့်ကြည့်ကြစို့"

"လာ - လာ"

"မြန်မြန်လာကြကွ"

ပြောပြောဆိုဆိုနှင့်ကျောက်ဆောင်တွေဘက်သို့အပြေးအလွှားပြန်ခဲ့ကြပြီး ဒူးလေးတွေကြားတွင်လုံ့တွေအသင့်ချိန်ရွယ်ထား၏။

"ဝေါင်း - ဝေါင်း"

"ရှူး - ရှူး"

"ဟော - လာပြီဟေ့"

"သတိထားကြဟေ့"

မြက်ရိုင်းတောအုပ်ကိုဖြတ်ကာ တရှဲရှဲပြေးလာသော ကျားကြီးနှစ်ကောင်ကို အထင်းသား မြင်နေရ၏။ ဂူရှေ့က မီးပုံကြီးကလည်း တဟုန်းဟုန်း တောက်လောင်ကျွမ်းနေ၏။ မီးအရှိန်ကြောင့် တဖြောက်ဖြောက်မြည်သံတွေကလည်း ဆူညံနေ၏။

ကျားကြီးနှစ်ကောင်မှာ မြက်ရိုင်းတောမှအထွက်တွင် မီးပုံကြီးကိုမြင်လိုက်ရ၍ တဝေါင်းဝေါင်းနှင့် ဟိန်းလိုက်၏။

ထိုစဉ်ရှေ့မှ ကျားကြီးက မီးပုံကြီးကို အတင်းဖြတ်ဖို့ ကြိုးစားလေ၏။

"ဝေါင်း"

"ဖြောင်း"

"ဟာ - မိပြီကွ"

"ပစ် - ပစ်"

"ဝှစ် - ဝှစ်"

"ဒုတ် - ဒုတ်"

"ဝေါင်း - ဝေါင်း"

ဒူးလေးမြားတွေက မီးပုံဘေးတွင် အော်ဟစ်နေသော ကျားကြီးကိုယ်ထဲ မြုပ်ဝင်သွား၏။ မြားတန်းလန်းစိုက်နေသော်လည်းမမှု၊ တဝေါင်းဝေါင်းအော်ရင်း မီးပုံကို ဝုန်းခနဲ ဖြတ်ကာ ဂူထဲ အတင်းတိုးဝင်သွားတော့၏။

ကျွန်တော်တို့လူစုမှာ မြင်ကွင်းကြောင့်အံ့သြနေ၏၊ ကျားကြီးတစ်ကောင်က အပြင်ဘက်မှ တဝေါင်းဝေါင်းညာသံပေးနေခဲ့၏။ ထိုစဉ် ဂူထဲမှ ကျားကလေးတွေချီကာ ကျားကြီး ပြန်ထွက်လာ၏။ တစ်ကိုယ်လုံးမြားတွေစိုက်၊ မီးတွေစွဲနေသည်ကိုမမှု၊ ကျားကလေးတွေကို တစ်ကောင်ပြီးတစ်ကောင် ဂူအပြင်သို့ ဆွဲထုတ်နေ၏။

သုံးကောင်စလုံးအပြင်ရောက်လာသည်နှင့် ကျားပေါက်လေးတွေမှာ မြက်ရိုင်းစပ်နားရှိ ကျားကြီးထံ ပြေးသွား၏။ ထိုစဉ်ဂူဝမှ ကျားကြီးမှာ အပြင်သို့ထွက်လာစဉ်ထောင်ချောက်ကြီးတစ်ခုကိုနင်းမိသွား၏။

ကျားကြီးမှာလည်း မဟန်နိုင်တော့ဘဲ မီးပုံဘေးတွင် တဝေါင်းဝေါင်းအော်ရင်း လဲကျသွား၏။ ထိုစဉ် ကျားပေါက်ကလေးများမှာ မြက်ရိုင်းစပ်မှ ကျားကြီးနှင့်အတူ တောထဲ ပြေးဝင်သွားကြလေတော့၏။





www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့လူစုမြင်ကွင်းကိုကြည့်ပြီး အံ့ဩနေကြ၏။ မိနစ်နှစ်ဆယ်ခန့်အကြာတွင် ပုန်းနေရာမှ ထွက်ခဲ့ကြ၏။ မြေပြင်ပေါ်လဲကျနေသည့်ကျားကြီးအနီးသို့ လျှောက်ခဲ့ကြ၏။

"ဟာ - သေနေပြီကွ"

"ဟင် - ကျားက ကျားထီးကြီးဗျ။ မျက်စိတစ်ဖက် ကန်းနေတယ်"

အေး - အဲဒါ တောကျော်အဖေကို ကိုက်သွားတဲ့ကျားကြီးပဲ"

ကျွန်တော်က -

"ဟင် - ဟုတ်လား"

ကျားကြီးမှာတော့ လှံနှင့် မြားကြီးတွေက သူ့ခန္ဓာကိုယ်ထဲ မြုပ်ဝင်နေပြီး သွေးတွေက စီးကျနေ၏။ ခေါင်းကြီးမှာ မြေပေါ်စိုက်နေ၏။

"ဒီကျားထီးကြီးက တော်တော်အံ့ဩစရာပဲကွ"

"ဟုတ်ပါ့ဗျာ"

"အေးကွ - အထဲကကလေးတွေကို အတင်းခေါ်ထုတ်တာ အံ့ဩစရာပဲဗျာ။ သူ့အသက်တောင် သူမမှုဘူးဗျို့"

"အေး - အပြင်မှာ စောင့်နေတာ ကျားမကြီးကွ။ ကလေးတွေလည်းလွတ်ရော ထွက်ပြေးတော့တာပဲ"

"အင်း - သားသမီးအပေါ် အသက်စွန့်ပြီး ချစ်တတ်တဲ့ကျားကြီးကိုတော့ ရိုးကျိုးသကွာ"

"ကဲ - ကဲ - လုပ်စရာရှိတာ လုပ်ကြပေါ့"

"ဂူထဲ ဝင်ကြည့်မယ်ဗျာ"

"ဝင်လို့ရပါ့မလား"

"ရပါတယ်"

ကိုထွန်းကြိုင်တို့ဂူထဲဝင်သွားကြပြီး တအောင့်အကြာတွင် ပြန်ထွက်လာကြ၏။ သူတို့လက်ထဲတွင် အဖေ့၏အသုံးအဆောင်များနှင့်အတူ သွေးစွန်းနေသောအကျီ အပိုင်းအစတစ်ထည်ကို တွေ့လိုက်ရ၏။

ကျွန်တော် အဲဒီ့အရာတွေကို မြင်လိုက်ကတည်းက အဖေ ဘယ်နည်းနဲ့မှ အသက်မရှင်နိုင်တော့ကြောင်း သိလိုက်၏။ သို့နှင့် ကျွန်တော်တို့လူစု ကျားသေကြီးကိုဝါးစိမ်းတုတ်ကြီးနှင့်လျှိုထမ်းကာ ပုစွန်စာတောအုပ်ကြီးထဲမှ ပြန်ခဲ့ကြလေတော့သည်။

စိတ်ထဲမှာတော့ ကျွန်တော် ကလဲ့စားချေချင်လွန်းလှသော ကျားဆိုးကြီးစုတော့ ဦးကြီးမြထိုက်တို့၏လက်ချက်နှင့် သေဆုံးခဲ့ရပြီမို့ တစ်စိတ်တစ်ပိုင်းကျေနပ်မိသော်လည်း ကျားကြီးအပေါ် ကျွန်တော် စိတ်မကောင်းဖြစ်မိတာအမှန်ပင်။

သူလည်း ဖခင်ကောင်း ပီသလှ၏။ သားသမီးများကိုအသက်စွန့်ကယ်ထုတ်ကာ ရန်သူလက်ချက်နှင့် သေဆုံးခဲ့ရ၏။ ကျားကြီး၏မေတ္တာတရားကို ကျွန်တော်တစိမ့်စိမ့် တွေးမိလာ၏။ အဖေလည်း ကျွန်တော့်အပေါ် အသက် စွန့်ပြီး ရှာဖွေကျွေးမွေးခဲ့သည်ပင်။

ယင်းသို့အဖေ့မေတ္တာနှင့် ကျားကြီးမေတ္တာသဘောကို အပြန်ပြန် အလှန်လှန် တွေးမိသောအခါ နောက်ကပါလာတာကို ကြည့်လိုစိတ်မရှိတော့။

ရွာရောက်သည့်အခါတစ်ရွာလုံးက ကျွန်တော်တို့လုပ်ရပ်ကို ရိုးကျိုးကြသလို အဖေ့အတွက်လည်း စိတ်မကောင်းဖြစ်ကြရ၏။ ကျားသေကြီးကိုဖျက်ပြီးအောင်သေအောင်သား စားသောက်ဖို့ပြင်ဆင်နေကြ၏။

ကျွန်တော် ကတော့ ကျားကြီးအသားဟင်းကို တစ်စက်ကလေးပင် လက်နှင့်မတို့။ စိတ်ထဲတွင် ကြေကွဲခြင်း၊ တမ်းတခြင်း၊ ခွင့်လွှတ်ခြင်းတွေရောထွေးနေ၏။ ကလဲ့စားချေလိုခြင်းဆိုသောစိတ်ပင်လျှင် ကျားကြီးအဖြစ်ကို မြင်လိုက်ကတည်းက ကြက်ပျောက်ငှက်ပျောက် ပျောက်သွားခဲ့ချေပြီ။

ဒါသည်ပင် မေတ္တာတရား၏ စိုးမိုးဖမ်းစားမှုပေလားဟုကျွန်တော်မရေမရာနှင့် တွေးတောနေမိလေတော့သည်။

●➔ စိုးတင့်ထူး (မအူပင်)



www.burmeseclassic.com

www.burmeseclassic.com

# တွင်းကြီးသား သနပ်ခါး နွေလွင်ပြင်မှ

နင်း



မိဘမေတ္တာ၊
သားသမီးစေတနာဖြင့်
ငွေကြေးလိုအပ်ချက်အရ
အသက်ဖြင့်ရင်းကာ
အသိပ်ရှိမြေကို ဖမ်းဆီးရာ ..

ကိုဘအောင် ခြေလှမ်းတွေက သွက်လက်နေသည်၊ ခေါင်း၊ ခြေသလုံးနှင့် ခြေများတို့၏ လှုပ်ရှားမှုတွေသည် သူ၏ကျစ်လျစ်သော ကိုယ်ခန္ဓာကြီးကို တလိမ့်လိမ့် သယ်ယူနေသည်က အမှန်၊

ပခုံးပေါ် ထမ်းထားသော ပခြုပ်ကို ဘယ်ညာပြောင်းထမ်းရင်း ကျစီးလာသောချွေးများကို လက်တစ်ဖက်နှင့် သုတ်ပစ်လိုက်သည်၊ အသက်ကိုမှန်မှန်ရှူရင်း ဦးတည်ရာအရပ်ကို စူးစိုက်စွာကြည့်မိသည်၊

"ရောက်တော့မှာပဲ"

နှုတ်ကမပွင့်တပွင့်အသံထွက်သွားသည်၊ ကိုဘအောင်၏ဦးတည်ရာသည် ရွာနှင့် သုံးမိုင်ခန့်ဝေးသည့်သနပ်အိုကွင်း။ ထိုကွင်းသည်ကိုဘအောင်၏စားကျက်၊ သနပ်အိုကွင်းသည်နေပြင်းပြင်းအောက် ဝယ် စိမ်းစိုစွာနှင့် မြင်နေရသည်၊

သနပ်အိုကွင်းဟူသည်အမည်နာမနှင့် လိုက်ဖက်ညီစွာ သနပ်ပင်များ၊ ထနောင်းပင်၊ တမာပင်၊ ဈောက်ဆိပ်ပင်၊ မန်ကျည်းပင်များသည် ထိုကွင်း၏မင်းမှုကြီးစိုးရာအပင်များဖြစ်သည်၊

မြေပြင်မှာတော့ နဘူးချုံ၊ မိုးနံ့ချုံ၊ တောနာနတ်၊ တောသနပ်ခါးပင်၊ မြေပစ်ပင်၊ မြေစာနှင့် မုန်ညင်းတောတို့သည် မြေပြင်ကို လွှမ်းခြုံထားမည်က အမှန်၊



www.burmeseclassic.com

www.burmeseclassic.com

နေ့နေသည်မြင့်တက်လာပြီ။ ပူသည်ထက်ပူလာသည်။ လေကသိပ်ပြီးမတိုက်။ သည်တော့ - အိုက်ချင်းတိုင်းအိုက်၊ ပူချင်တိုင်း ပူပေတော့မည်။

သနပ်အိုကွင်းကိုရောက်ဖို့က အဓိက။ သိပ်မလိုတော့၊ မြင်ရပြီ။ သနပ်အိုကွင်းသည်တစ်မိုင်ခန့်အဝေးမှာ ကိုဘအောင်ကို ဆီးကြိုနေချေပြီ။

ကိုဘအောင်အနေနှင့် သနပ်အိုကွင်းကိုလာလို့သာ လာရသည်။ စိတ်ကအိမ်သို့ရောက်နေသည်။ သောကဖိစီးမှုတွေနှင့် ပူပန်မိပြန်သည်။ ပူပန်မိသောအကြောင်းအရာများကိုဖြေဖျောက်ရင်းမျိုသိပ်ထားမိသည်၊ ရင်ထဲက သောကတွေကို မတွေးလိုတော့။

လက်ရှိအခြေအနေအရ သနပ်အိုကွင်းရောက်ဖို့ဦးတည်ထားသည့်မှ ရည်မှန်းချက် ပစ်မှတ် ရဖို့။ သို့ကြောင့် ကိုဘအောင်သည်ခြေလှမ်းကိုစပ်သွက်သွက် လှမ်းလာရင်းရှိသည်။

မကြာပါ၊ လှည်းလမ်း၊ လူလမ်းကိုဖဲ့ပြီးဖြတ်လမ်းမှလာခဲ့ရာ သနပ်အိုကွင်းအနား ရောက်လာသည်။

သူဖြတ်သန်းလာခဲ့ရာဖြတ်လမ်းကိုကြည့်ပြန်တော့ သဲပြင်လမ်းဖြစ်နေသည်၊ သဲပြင်သည်နေရောင်ကြောင့်လက်လက်ထသည်အထိ ပူချစ်နေသည်၊

တိုတိနေပြီဖြစ်သော နောက်မြီးတိုဖိနပ်ကြောင့် ပူပြင်းသောသဲမှုန်များကဖိနပ်ကြား ဝင်ခဲ့ကြ၍ သူ၏ခြေဖဝါးသည်ပူလောင်လာသည်၊ နေပူ၊ သဲပူဒဏ်ကိုခံခဲ့ရသောသူ၏လာရာလမ်းသည်အရိပ်စိုးစဉ်းမျှ မရှိပါ။

ထန်းတောလမ်းအတိုင်းလာလျှင်ခရီးကဝေးမည်။ ဖြတ်လမ်းကအရိပ်မရှိ၊ သဲပြင်ပူ ပေမယ့် ဖြတ် လမ်းကို သာကိုဘအောင်ရွေးသည်၊ ခရီးရောက်ဖို့ရာက အဓိက။ ပစ်မှတ်ရဖို့က အဓိက။ ဘာကြောင့်များကိုဘအောင်အဘယ်ကြောင့်အပူပြင်ထဲဝယ် လှုပ်ရှားနေဘိသနည်း။ အကြောင်းရှိပါသည်၊ သားကြောင့် ရင်သွေးသားကြောင့်၊



မြရင်နှင့်အိမ်ထောင်ကျပြီးသည့်နှစ်ကတည်းက ကိုဘအောင်တို့လင်မယားသည် သီးခြားအိမ်ထောင်ခွဲခဲ့သည်။ ခွဲခွာခဲ့သောအိမ်ထောင်ရေးကိုထူထောင်ခြေချဖို့ပေါင်းသင်ရာမှာအိမ်ထောင်ဦးစီးဖြစ်သူ ကိုဘအောင် တာဝန်ဖြစ်သလို ဇနီးသည်ဖြစ်သူကလည်း တာဝန်ရှိကြောင်း လင်မယားနှစ်ယောက်စလုံး သိကြပါသည်၊

ထိုသို့နားလည်ထားသည့်အတိုင်း အိမ်ဦးနတ်ဖြစ်သည့်ကိုဘအောင်သည် ဦးဆောင်ဦးရွက်ပြုပြီး အင်အားကို ရင်းနှီးမြှုပ်နှံခဲ့ရသည်၊

“စီးတဲ့ရေ ဆည်တဲ့ကန်သင်း” ဆိုသလို လင်မယားနှစ်ယောက် ခြေကျညီညီ၊ လက်လှုပ်ညီညီနှင့် လှုပ်ရှားရုန်းကန်ခဲ့ပါသည်။

ဘဝပေး အကုသိုလ်ကံတရား၏ နှိမ့်ကျမှုကြောင့် ဆင်းရဲခဲ့ရသော သူတို့ဘဝ၏သိမ်ငယ်မှုကို အပြစ်မပြောခဲ့။ ကံကိုရိုးမယ်ဖွဲ့ကာ မနေခဲ့၊ မညည်းတွားခဲ့။ တားဆီးမရသော ပြုခဲ့သည့်အတိတ်ကံကို နားလည်ပေးမိရင်းမှ လတ်တလောလက်ရှိဘဝအခြေအနေကို တည့်မတ်ကြဖို့သာ နားလည်သည်၊

တည့်မတ်သာယာသောဘဝမျိုး ပိုင်ဖို့ဆိုတာ အလုပ်ရှိမှ၊ အလုပ်၊ မှန်ပါသည်၊ အချို့က အလုပ်သည် ကံဟုဆိုသည်။ စေတနာသည် ကံဟုဆိုပါသည်။ ဆင်းရဲတာ၊ ချမ်းသာတာ ကံကြောင့်ဟုဆိုလျှင်အလုပ်ကြောင့်သာဖြစ်နိုင်သည်ဟု ကိုဘအောင် ယုံကြည်သည်၊

သို့ကြောင့် အလုပ်ဆိုတာ ဘဝအတွက် မရှိမဖြစ်သည့်အရာမို့ ရှာဖွေရသည်။ ကြေးမဆို ဈေးမကိုင်ပါဘဲ ငွေရလျှင်ပြီးရောသဘောနှင့် အလုပ်လိုက်ရှာရသည်က အမော၊

ကြုံရာကျပန်း အလုပ်လုပ်ရင်း ဝင်ငွေကို မက်မောရသည်။ ရိုးသားစွာ၊ ဖြူစင်စွာနှင့် ရရှိခဲ့သောအလုပ်မှရသည့်ဝင်ငွေသည် သူတို့လင်မယားနှစ်ဦး၏ဝမ်းဝရေးအတွက်သာ ဖြစ်သည်၊ အလုပ်ရှိမှ ဝင်ငွေရှိမည်။ ဝင်ငွေရှိမှ ချက်ပြုတ်စားသောက်ဖို့ ဆန်၊ ဆီ၊ ဆား ဝယ်ကြရမည် မဟုတ်လား၊

“ကိုဘအောင်”



www.burmeseclassic.com

www.burmeseclassic.com

"ပြောလေ - ဘာလဲ - မြရင်"

"ကျုပ်တို့လေ"

"အင်း"

"ပါးစပ်ပေါက်တိုးတော့မယ်တော့၊ သားလား၊ သမီးလားတော့ မသိပါဘူးတော်"

"ဟေ - ဟုတ်ရဲ့လား၊ သေချာရဲ့လား၊ တကယ်လားဟာ"

ကိုဘအောင် ဝမ်းသာအားရမှုများ ဆင့်ကဲစွာနှင့် အဓိပ္ပာယ်တူသောစကားများကို ထပ်ဆင့်မေးလိုက်ရင် မြရင်ကို ရင်ခွင်ထဲ ဆွဲယူထွေးပွေ့ထားမိသည်။

အို - ဇနီးသည်ကိုယ်ဝန်ရှိပြီဆိုတော့ လင်သားဖြစ်သူအဘယ်မှာဝမ်းမသာဘဲ ရှိမည်နည်း။ သိပ်ပြီး ဝမ်းသာပါသည်။ အိမ်ထောင်တစ်ခုမှာ သားသမီးမွေးခြင်းသည် မိသားစု၏မင်္ဂလာတစ်ပါးမဟုတ်လား။ သားသမီးဆိုတာ အိမ်တစ်အိမ်၏ ဂီတသံ၊ မိဘနှစ်ပါး၏အင်အားတွေ မဟုတ်ပါလား။

မြရင်ကိုယ်ဝန်ရပြီဆိုသည့်နောက် တောထဲအထွက်မနိုင်းတော့။ အရင်ရက်တွေကဆိုရင် ကိုဘအောင်နှင့် အတူတူ တောထဲထွက်၊ ရလာသည့်တောကောင်ကိုရောင်း။ ယခုတော့ - ကိုဘအောင်က မြရင်ကို အိမ်မှာ နားစေချင်သည်။

ဟုတ်သည်၊ ကိုယ်ဝန်နှင့်ဆိုတော့ နေပူစပ်ခါးသွားလာနေလို့မဖြစ်၊ အလေးအပင် မ,လို့မရ။

ကိုဘအောင်ရဲ့လုပ်ငန်းကိုလည်း ကြည့်၊ တောလိုက်သည့်အလုပ်၊ တောလိုက်သည်ဆိုကတည်းကပင်ပန်းသည်၊ ဆင်းရဲသည်၊ တစ်ခါတစ်ရံ အသက်နှင့် ရင်းနီးရသည်။ ကြွက်တူး၊ ပုတတ်တူး၊ ငါးဖားပက်၊ ပြီးတော့ - တောကြောင် ထောင်၊ နောက် မြွေဖမ်း။

ဒါတွေက ကိုဘအောင်အတွက် ဘဝကကပေးဆပ်ထားသည့်သမိုင်းပေး အလုပ်တွေ၊ တောလိုက်လို့မရသည့် ရက်ဆိုလျှင် ရွာထဲလှည့်၊ ရေတွင်းတူး၊ အိမ်သာကျင်းတူး၊ ထင်းပေါက်၊ အလွှန် လိုက်နှင့် မနားရ၊ နားလို့လည်း မဖြစ်ခဲ့။ တောလိုက်စဉ်ကမြရင်ပါလာလျှင်ဟင်း ကောင်းရတတ်သည်၊ ယခုတော့ တော ကိုမခေါ်တော့၊



မြရင် ကိုယ်ဝန်ရှိပြီဆိုကတည်းက "ပါးစပ်ပေါက် တိုးတော့မှာပါလား" ဟူသောအသိကြောင့် ကြီးမားစွာသော မေတ္တာအားအင်ကို အရင်းခံပြီး အရင်ရက်တွေကထက် ကြိုးစားခဲ့သည်၊ ဒါ မမြင်ရသေးသော သားသမီးဖောကြောင့် ချစ်မေတ္တာအဟုန်ကြောင့်၊

ကိုဘအောင် အလုပ်ကြိုးစားရင်းနှင့် မိသားစုဘဝ ဖူလုံအောင် အားခဲရင်းက ဇနီး၏ကိုယ်ဝန်ကိုဂရုစိုက်ရသည်က အမော၊

အခ်ငန်အစပ် မစားဖို့၊ အလေးအပင် မ,မဖို့၊ ပြီးတော့ - ကိုယ်ဝန်သည်မိန်းမဆိုတာ တစ်ရက်ကို သရိုင်းကိုမျက်စောင်း သုံးခါထိုးသည်တဲ့၊

ဆိုလိုတာက ကိုယ်ဝန်ဆောင်စဉ်မှာအချိန်မရွေးသေစေနိုင်သည်ဆိုသည့် သဘော၊ အရိုန်မှန် ရေချိုးဖို့၊ ဆေးမြစ်စုံ လူးဖို့၊ ဆေးမြစ် အမြဲသွေးပေးရသည်၊ ဗိုက်နားကပ်ပြီး ကလေးအသက်ရှူသံ နားထောင်ရသည်၊

အို - ကိုဘအောင် မမောနိုင်ပါ၊ တောလည်ကအပြန်ဆိုလျှင်ရလာသည့် သားငါးကို လိုက်မရောင်းအား၊ ဇနီးကို ပြုစုရင်းနှင့် အချိန်ဖြုန်းသေးသည်၊ ပြီးမှ သားငါးအရောင်းထွက်သည်၊

ရွာထဲ၌ ငါးရောင်းလည်း ကိုဘအောင်၊ ကြွက်တို့၊ ငှက်တို့ရောင်းလည်း ကိုဘအောင်၊ ဟိုအရင်ကတော့ ဇနီးဖြစ်သူ ရောင်းရသည့်အလုပ်၊ ယခုတော့ - တောထဲလည်း သူ၊ ဈေးရောင်းတော့လည်း သူ၊ အို - မောပါစေတော့၊ မောစေတော့၊ ပင်ပန်းသည်ဟု သဘောမထား၊

မကြာပါ၊ ဇနီးဖြစ်သူ မီးဖွားလေသည်၊ သားယောကျ်ားလေး၊ သားဆိုတော့ လက်ရုံးတစ်ဆူရပြီဆိုသောအသိကြောင့်ပိုပြီးချစ်ရသည်၊ ပြုစုမှုတွေ ပိုခဲ့ရသည်၊ တိုင်းတာမပြနိုင်သော မေတ္တာအရိပ်အငွေ့တို့နှင့် အရိပ်တကြည့်ကြည့်၊

ကိုဘအောင်ပျော်သလို ဇနီးဖြစ်သူလည်း ပျော်ခြင်းများစွာဖြင့် သားကိုတစ်သားတည်းသားရင်း ပါးစပ်က ခေါ်သံသည် မိသားစု၏ အေးမြသော ဂီတသံများဆိုတာ ကိုဘအောင် နားလည်ပိုက်ပါသည်၊



www.burmeseclassic.com

www.burmeseclassic.com

အဖေရယ်၊ အမေရယ်၊ ရင်သွေးရယ် ဆိုတာ ထောင့်သုံးထောင့်ရှိသည့်မေတ္တာ တြိဂံဟု နားလည်လိုက်ပါပြီ။ သားကိုပြုစု လာခဲ့သည်မှာ ကျောင်းနေသည့်အရွယ် သို့ပင် ရောက်လာသည်။ ငါးနှစ်ပြည့်ခဲ့ပြီ။ ထိုအချိန်တွင် ဇနီးသည်မှာ ဒုတိယကိုယ် ဝန် ရှိလာပြန်သည်၊

"ကျုပ်တော့ ဒီတစ်ခါ သမီးလေးပဲ လိုချင်တယ်တော်၊ သားရယ်၊ သမီးရယ် ဆိုတော့ ပိုပြီးကောင်းတာပေါ့၊ သားကို အားဖြစ်စေချင်သလို သမီးကိုလည်းထီး ပဲ ဖြစ်စေချင်တယ်တော်"

ဇနီးဖြစ်သူက ပြောသည်။ သမီး မွေးဖို့ ဆုတောင်းသည်၊ ဇနီးသည်၏ ဆု တောင်းပြည့်ခဲ့ပါသည်။ သမီးလေးမွေး သည်၊ သည်တော့၊ တိုးလာသောပါးစပ် နှစ်ပေါက်အတွက် ပိုပြီးကြိုးစားပေးရ သော မိဘနှစ်ပါး၏လုပ်အားတွေသည် ကိုးဆယ်ဆ သာခဲ့ရပါသည်၊

သားအပေါ်ထားသည့် မေတ္တာ၊ သမီးအပေါ်ထားသည့်အချစ်သည်တူညီ မျှစွာနှင့် မျဉ်းပြိုင်နှစ်ကြောင်းလိုတူယှဉ် ခဲ့သည့်အတွက် မိဘနှစ်ပါး၏ အေးမြမှု တို့သည် အမျှင်မပြတ်ခဲ့၊ ပို၍တိုး၍ ချစ် ရင်းခင်ရင်းနှင့် ရင်သွေးများ၏ဝမ်းဝရေး၊ ခါးလှရေးကိုဦးစားပေးခဲ့ပါသည်၊ သူတစ် ပါးတလေးများနယ်တန်းတူနေနိုင်ရမည် ဆိုသောအသိကြောင့် ကြိုးစားခဲ့ရိုးအမှန်၊

ကိုဘအောင်တို့ နောက်ထပ်သား သမီးမယူတော့၊ အလုပ်နှင့်လက် မပြတ် အောင်လုပ်ရင်းဝမ်းရေးတိုက်ပွဲ ဆင်နွှဲခဲ့ ရသည်၊ အရင်ကလို ရွာထဲ၌ အလုပ်မရှိ က တောထွက်၊ ရွာထဲက အလုပ်ရှိက ရွာ ထဲအလုပ်လုပ်၊ တောထွက်ရသည်က များသည်၊ သည်တစ်ခါတော့ လင်မယား နှစ်ယောက် ခြေစုံကျကျနှင့် တောကို ထွက်သည်၊

ကိုဘအောင်ကြွက်တူးသွားလည်း ဇနီးပါသည်၊ ရလာသောကြွက်တွေကို ပလိုင်းထဲထည့်၊ ပုတတ်ရလည်းကောက် ထည့်၊ လင်းမြွေတွေလည်း မကြောက်၊ တောကြောင်တွေလည်း မမှုတော့၊ ရင် သွေးနှစ်ဦးလူတန်းစေ့နေနိုင်ဖို့က အဓိက၊ ဘဝပေးအခြေအနေနိမ့်ကျမှုမီးငြိမ်းဖို့က အဓိက၊ ရိုးသားစွာနှင့် တောကောင် လိုက်သည်ကလွဲ၍ သူတစ်ပါးပစ္စည်း ဥစ္စာကို နမ်းတစ်စေ့၊ မုရင်းတစ်စေ့စီးပို မပြောနှင့် စိတ်နှင့်ပင် မပြစ်မှား၊

သို့ဖြင့် သားသည် ငါးတန်း၊ သမီး သည် သုံးတန်းကို ရောက်ခဲ့ပြီ၊ ကျောင်း ဝင်ကြေး၊ ကျောင်းစာအုပ်ဖိုးနှင့် ကျောင်း ဝတ်စုံများ ဝယ်ရသည်၊

ကိုဘအောင်တို့ကတော့ ပင်ပန်း သည်၊ ကုန်ကျငွေများသည်ဟု မထင်ခဲ့၊ ရင်မှဖြစ်သော သားသမီးပေမို့ ရင်မှပင် လွယ်ပြီး မွေးထားရ၍ ရင်ထဲ၌ပင် လှိုက် လှဲနက်နဲစွာ ချစ်ခဲ့ရ၏၊

တစ်ရက် ... ဇနီးဖြစ်သူ မြရင်တစ်ဦး တည်း ဟင်းရွက်ရှာထွက်သွားသည်၊ ထို ရက်က ရွာထဲမှာ ရေတွင်းတူးရှိ၍ ကိုဘအောင် တောမထွက်ဖြစ်၊ မနေ့က တောလိုက်ရသည့် ကြွက်ကင်များကို မနက်ခင်းဈေးထဲထွက်ရောင်းပြီးနေမြင့် မှ ဟင်းရွက်ရှာထွက်သွားခြင်းပင်၊

ထိုရက်က ကျောင်းပိတ်သည်၊ သား ဖြစ်သူသည် မနက်အိပ်ရာကနိုးတော့ မိခင်ကိုမတွေ့၍ မေးသည်၊

"အမေ၊ ဘယ်သွားလဲ ဟင်၊ အဖေ"

"တောထဲ သွားတယ်လေ၊ ဟင်း ရွက်ရှာတဲ့"

သားသည်ဘာမှမပြော၊ အရန်သင့် ရှုပြီးသား ထမင်းဟင်းကို စားသည်၊ ညီမဖြစ်သူသည် အိမ်ရှေ့မှာ ဆော့နေ သည်၊

သားသည်ထမင်းစားပြီးနောက်အိမ် အပြင်သို့ထွက်သွားသည်၊ ကိုဘအောင် မသိလိုက်၊ အလုပ်က ပင်ပန်းထား၍ အိပ်ပျော်သွားသည်၊ ညနေခင်း အလုပ် ဆက်ရမည်မို့ အားမွေးသည့်သဘော၊

ကိုဘအောင် အိပ်ပျော်နေစဉ် သား ဖြစ်သူ ငိုရင်းပြန်လာသည်၊ ကြည့်စမ်း၊ သားတစ်ကိုယ်လုံး ရွှံ့နှင့်ရေတွေ ပေကျံ နေသည်၊ အကျိုးအကြောင်း မေးလိုက် တော့ -

"အမေ့ကိုလိုက်ရှာရင်း တောထဲ ရောက်သွားတယ် - အဖေ၊ အပင်တစ် ပင်မှာ ဆူးပုပ်ရွက်တွေ တွေ့တယ်၊ အဲဒါ သားက ခါးပုံစပြင်ပြီး ခူးတော့တာပေါ့၊ အဲဒီအချိန် မရိုးတိုင်းကျိုးကျပြီး မရိုးစေး တွေ မျက်လုံးထဲ ဝင်သွားတယ်"

"လူလေးရာ"

မချိတင်ကဲဖြစ်ကာ ဆတ်ဆတ်ခါ နာသွားသောအသံနှင့် သား၏မျက်လုံး ကိုကြည့်မိ၏၊ မျက်လုံးနှစ်ဖက်စလုံးနီရဲ မှည့်နေသည်၊ မျက်အိမ်မှာ ဖူးရောင်နေ သည်၊





www.burmeseclassic.com

www.burmeseclassic.com

“

ဟိုဘက် ကျွန်းအိုရွာမှာ
အလမ္မာယ်ဆရာ ရောက်နေတယ်။
အလမ္မာယ်ပြရင်း မြွေနှစ်ကောင်
သေသွားလို့တဲ့။ အဲဒါ မြွေဟောက်
ရအောင် ဖမ်းနိုင်မယ့်သူ ရှာနေတယ်။
ကျွန်းအိုရွာက လူတွေကလည်း
ဘယ်သူမှ မဖမ်းရဲကြဘူးလေ။
မြွေဟောက်က သိပ်ကြောက်စရာ
ကောင်းတာကိုး။ အဲ–မင်း
ဖမ်းလို့ရရင်တော့ တစ်သောင်း
နီးပါးတော့ရမယ်။



မရိုးပင်သည်ကြောက်စရာကောင်းသည်။ အရွက်မရှိဘဲ ကိုင်းဖျားအရိုးများဖြင့်သာ ရှင်သန်ရသည့်အပင်။ ထိုအရိုးများထဲတွင် အဖြူစေးများ ရှိသည်။ ထိုအစေးထိမိပါက အပူလောင်သလိုအနာများ ပေါက်တတ်သည်။ ကျွဲ၊ နွားတွေကို မရိုးစေးထိမိလျှင်အမွေးပင်ကျွတ်တတ်သည်။

အဲ–မျက်လုံးထဲ ဝင်ပါက မလွယ်၊ အခန့်မသင့်လျှင်အန္တရာယ်ဖြစ်နိုင်သည်၊ မျက်လုံးကန်းတတ်သည်။

“ဘာဖြစ်လို့ရှုံ့နဲ့ရေတွေ ပေပွလာရတာလဲ”

ဆက်ပြီး မေးမိပြန်သည်၊ သားက ဖြေသည်။

“မျက်လုံးကပူလာတော့ ပြန်ခဲ့တာပေါ့၊ အဲဒါ–သနပ်အိုကွင်းက ရေအိုင်မှာ ဆင်းပြီးမျက်နှာသစ်တယ်၊ မျက်နှာသစ်ရင်းနဲ့ ရေချိုးချင်စိတ်ရှိတာနဲ့ ချိုးလိုက်မိတာ ရေက သိပ်မရှိဘူး၊ ဒါကြောင့် ရှုံ့တွေပေပွကုန်တာပေါ့”

“တောက်–မင်းနယ်ကွာ”

ဟု သာ တီးတိုးပြောရင်း စိတ်မကောင်းစွာနှင့် ရေထပ်ချိုးပေးပြီး မျက်လုံးကို ပြုစုရသည်။

ပင်စိမ်းစေ့ကို ရှာသည်။ မျက်လုံးထဲ နမ်းစေ့ခန့်ရှိ ပင်စိမ်းစေ့ကို နှစ်စေ့သုံးစေ့ ထည့်သည်၊ မျက်လုံးပိတ်မှိန်းပြီး အသာအယာလှိမ့်သည်၊ မရိုးစေ့များသည် ပင်စိမ်းစေ့ကိုရစ်ပတ်ပြီးပါလာသည်။ အစေးကုန်သည်ဆိုပေမယ့် မျက်လုံးကမသက်သာ၊ ရဲမြွေဆဲပင်၊ နီမြဲနီဆဲ၊ ပူမြဲပူဆဲ၊ ပင်စိမ်းစေ့ထည့်အပြီး ရှားစောင်းလက်ပတ်အနှစ်များကိုယူပြီး မျက်ခွံပေါ်မှာအုံပြီး ကပ်ပေးသည်၊

ထိုညက သားသည် မျက်လုံးသက်သာပေမယ့် အပြင်းဖျားတော့သည်၊ အိုင်ထဲမှာလည်း ရေချိုး၊ အိမ်ရောက်တော့လည်း ဆက်ချိုး၊ အိုင်ထဲမှာ ရေချိုးအပြီး အပူလွှင်မြင်ကို ဖြတ်ပြန်လာသည့်သားတစ်ယောက် အပူရုပ်ပြီး ဖျားခဲ့ပြီ၊ ချွေးငုပ်သွားပြီထင်သည်၊ သားတစ်ယောက် ခေါင်းက ကိုက်၊ မျက်လုံးကလည်းမှုန်နှင့် တညည်းညည်း တညူညူ ဖြစ်နေရှာသည်၊

ဗမာဆေးအပြင်သားဖွားဆရာမကိုပါ ပင့်ပြီး ဆေးထိုးခဲ့ရသည်၊ ပထမရက် ဆေးထိုးသည်၊ မသက်သာ၊ ဆေးဖိုးမပေးရသေး၊ ဒုတိယရက်၊ သိပ်မသက်သာ၊ ဆေးဖိုးမရှင်းရသေး၊ ပထမရက်က ဆေးဖိုးနှင့်မှ ပေါင်းပြီးရှင်းမည်၊

ဟော–တတိယရက်၊ သားဖြစ်သူ သက်သာပါသည်၊ သို့သော် အဖျားပြတ်အောင်နှင့် ခေါင်းမူးပျောက်အောင် ဆေးနှစ်ရက် ဆက်ထိုးရသည်၊ စုစုပေါင်း ဆေးဖိုး လေးငါးထောင်ခန့် ပေးရမည်။

“ဆေးဖိုး ဘယ်လိုပေးကြမလဲ တိုဘအောင်”

ဟု အားအင်ချည့်နဲ့စွာနှင့် အမေးစကားမြူလာသည့် မြရင်ကို ပြုံးပြမိသည်၊

“ရင်ကဖြစ်လာတဲ့သားသမီး၊ ဘယ်သားသမီးအတွက်မဆိုလိုအပ်လာတဲ့လိုအပ်ချက်မှန်သမျှကို အရယူပေးရမယ် ဆိုတာ မိဘတိုင်း သိကြပါတယ်–မြရင်ရယ်၊ နင် စိတ်ပူမနေနဲ့”



www.burmeseclassic.com

www.burmeseclassic.com

"မြရင်ရယ် - နင် စိတ်မပူစမ်းပါနဲ့"

အသံထွက်ပြောနေမိစဉ်အတွင်း သားဖြစ်သူ အိပ်ရာထဲလဲနေသည့်ပုံကို မြင်ယောင်မိသည်၊ ပြီးတော့ - သိပ်ပြီး မသက်သာသေးသော မျက်လုံးရဲရဲ မျက်အိမ်မို့မို့ကိုပါမြင်မိနေပြီး အစ်ကို့အနီးတွင် ထိုင်ရင်း စိတ်မကောင်းစွာနှင့် ရှိနေမည့် သမီးလေးကိုပါ မြင်ယောင်မိပြန်သည်၊ စိတ်ထဲဝယ် တင်းကျပ်စွာ ခံစားရင်းနှင့် ခြေလှမ်းကို ကျဲနိုင်သမျှ ကျဲအောင် လှမ်းနေမိဆဲ၊

မကြာပါ၊ သနပ်အိုကွင်းစပ်ကို ရောက်ပြီ၊ သနပ်ပင်များ၊ ဂျုတ်ပင်ပုများ၊ မန်ကျည်းပင်ပု၊ ထနောင်းပင်များအပြင် အခြားအပင်ကြီးမျိုးများကို မြင်ရသည်၊ ချုံနွယ်များ ပြည့်နှက်နေသည့် သနပ်အိုကွင်းသည် စိမ်းစိုခြင်း သိပ်မရှိတော့၊ စိမ်းသည်ဆိုရုံစိမ်းနေသည်၊ အစိမ်းရောင်က အားပျော့ပျော့၊ နွေနေပူပူအောက်မှာ ငိုက်မျဉ်းနေဘိသည့်အလား၊

"ဒီမယ် - မောင်ဘအောင်၊ ကလေးဆေးဖိုးအတွက်များ ပူမနေပါနဲ့ကွာ၊ လွယ်ပါတယ်ကွယ့်၊ သနပ်အိုကွင်းမှာ မြေပဟောက်နှစ်ကောင်လောက်သာအရဖမ်းစမ်း၊ ရရင်တော့ ငွေဖြစ်ပြီသာမှတ်တော့၊ ဟိုဘက်ကျားအိုရွာမှာ အလမ္ပာယ်ဆရာ ရောက်နေတယ်၊ အလမ္ပာယ်ပြရင်း မြွေနှစ်ကောင်သေသွားလို့တဲ့၊ အဲဒါ မြွေပဟောက်ရအောင် ဖမ်းနိုင်မယ့်သူ ရှာနေတယ်၊ ကျားအိုရွာက လူတွေကလည်း ဘယ်သူမှ မဖမ်းရဲကြဘူးလေ၊ မြွေပဟောက်က သိပ်ကြောက်စရာကောင်းတာကိုး၊ အဲ - မင်းဖမ်းလို့ရရင်တော့ တစ်သောင်းနီးပါးတော့ရမယ်"

"ငွေတစ်သောင်း၊ ငွေတစ်သောင်း"

ဟုကိုဘအောင်နှုတ်က အသံထွက်မိသွားသည်၊

မနေ့ကကိုဘအောင်ဖခင်၏သူငယ်ချင်းဦးဘမောင်တစ်ယောက်အိမ်ရောက်လာပြီး အကျိုးအကြောင်း ရှင်းပြသွား၏၊

စုံစမ်းကြည့်တော့အလမ္ပာယ်ဆရာသည် တကယ်ပဲ မြွေပဟောက်နှစ်ကောင်သေသွား၏၊ သည်တော့၊ အလမ္ပာယ်ပြလို့မရတော့၊ မြွေရှာပေးနိုင်သူကို ထိုက်တန်စွာ ငွေပေးဆပ်မည်တဲ့၊

သို့ကြောင့် ကိုဘအောင်သည် သည်ကနေ့ ဆုံးဖြတ်ချက်နှင့်အတူ တောထဲထွက်ခဲ့ခြင်းပင်၊ လိုချင်သော မြွေပဟောက်ရှိတာက သနပ်အိုကွင်း၌သာ ပေါသည်၊

မြွေပဟောက်ဆိုတာ ကိုယ့်အရိပ်ကို ရန်သူထင်နေသည့်အကောင်မျိုး၊ လေတိုက်သံကြားရသည်ကိုပင် စိတ်ဆိုးပြီး ရန်မူတတ်သည့်အကောင်မျိုး၊ အမြေးသန်သလို လူကိုတွေ့လျှင် ခွေးကိုက်သလို (ခွေးဆွဲဆွဲတတ်သည့်)အကောင်မျိုး၊ မြွေပွေးလိုမဟုတ်၊ မြွေပွေးက သူ့ထိမှ ကိုက်သည့်အကောင်၊ သူ့ထိလို့ကတော့ ယင်ကောင်တောင် အလွတ်မခံသည့်အကောင်မျိုး မဟုတ်၊

ကိုဘအောင် မြွေပွေးဖမ်းပြီး ရောင်းဖူးသည်၊ လင်းမြွေဖမ်းပြီး ရောင်းဖူးသည်၊ အခြားမြွေအမျိုးကို သတ်ဖူးသည်၊ မြွေပဟောက်ကိုတော့ တွေ့ဖူးသည်၊ မဖမ်းဘူးပေ၊

"ဒီမယ် လူလေး - မြွေတကာ့ မြွေထဲမှာ မြွေပဟောက်ဟာ ကြောက်စရာအကောင်းဆုံးမြွေကွယ့်၊ ပြီးတော့ - ထူးလည်း ထူးဆန်းတယ်၊ တကယ်လို့ မြွေပဟောက်ကို တွေ့ပြီဆိုပါစို့၊ သတ်မိပြီဆိုရင် မြွေရဲ့မျက်လုံးကို ဖောက်ပစ်ရတယ်၊ ဘာဖြစ်လို့လဲဆိုရင် သတ်သူရဲ့အရိပ်၊ မျက်နှာပြင်ဟာသေတဲ့မြွေရဲ့မျက်လုံးထဲမှာ ဓာတ်ပုံရိုက်ယူထားသလို ပုံရိပ်ထင်နေတတ်တယ်၊ ကျန်တဲ့အကောင်က အဲဒီပုံရိပ်ကိုကြည့်ပြီး သတ်သူကို လိုက်ရှာပြီး လက်စားချေတော့တာပဲ၊ တစ်ကောင်နဲ့တစ်ကောင် သစ္စာရှိတဲ့သဘော၊ အငြိုးထားတတ်တဲ့သဘောပဲ"

လူလားမြောက်စက အဖေဖြစ်သူနှင့်တောထဲထွက်စဉ်ပြောခဲ့သည့်စကားများကို ကြားယောင်မိဆဲ၊

"မြွေပဟောက်ရှိတဲ့အရပ်မှာ အနံ့တစ်မျိုးမျိုး ထွက်တတ်တယ်၊ ဘယ်လိုအနံ့မျိုးလဲဆိုရင် အာလူးစိမ်းအနံ့မျိုးလိုလို၊ စိမ်းရွှေရွှေအနံ့မျိုးလိုလိုပေါ့ကွာ၊ အချို့ကလည်း သခွားသီးအနံ့မျိုး ရတယ်တဲ့၊ အသေအချာအနံ့ခံမှ ရတတ်တဲ့အနံ့မျိုး"

မြွေပဟောက်ဟာ ကြောက်စရာကောင်းတဲ့အကောင်မျိုးဆိုပေမယ့် ဒီကောင်တွေက ပြန်ကြောက်ရတဲ့အကောင်မျိုးတွေလည်း ရှိတယ်၊ အဲဒါ ဘယ်လိုအကောင်တွေလဲဆိုရင် မြွေပါ၊ ဒေါင်း၊ မျောက်တွေဆိုရင် ဒီကောင်တွေ





www.burmeseclassic.com

www.burmeseclassic.com

သိပ်ကြောက်ကြတာ၊ လူတွေဟာ မြေပါ တစ်မျိုးတည်းပဲ မြေကိုနိုင်တယ်ထင်တာ၊ ဒေါင်းဆိုရင်ကြည့်၊ ဒေါင်းဟာ မြေထောက် ရော နှုတ်သီးရော အသုံးပြုနိုင်တယ်။ ခုန်လည်း ခုန်နိုင်၊ ပျံလည်း ပျံနိုင်တယ်လေ။ မြေရဲ့လှုပ်ရှားမှုမြန်သလို ဒေါင်းကလည်း မြန်တာပဲ။ ဒီတော့ မြေနဲ့ဒေါင်းတွေ့ပြီဆိုရင် ဒေါင်းကချည်းပဲနိုင်တာ။ ပြီးတော့ မျောက်ဆိုရင် ကြည့်၊ မျက်စိနောက်အောင်ဆော့တဲ့အကောင်မျိုး၊ မြေနဲ့တွေ့ရင် သိပ်ပြီးမြန်တာ၊ မြေကိုမခံချင်အောင် စလိုက်၊ တို့လိုက် ထိလိုက်နဲ့ အသေကိုက် သတ်တော့တာပဲကွယ့်”

အဖေဖြစ်သူက သူ၏အတွေ့အကြုံတွေကို အိတ်သွန်ဖာမှောက်ပုံအောပြောခဲ့ဆည့်စကားတွေကို ကြားယောင်နေဆဲပင်။

ကိုဘအောင်သည် ဖခင်ထံမှရရှိထားသော စကားများကို အခြေခံပြီး မြွေပေါက်၏လှုပ်ရှားမှုကို ကြိုတင်သိထားပြီးသား၊ ဘယ်ပုံဘယ်နည်းဖမ်းရမည်ကို တွက်ဆထားပြီးသား၊ တွေးရင်းနှင့် သနပ်အိုတောထဲ ဝင်ခဲ့သည်၊ အနည်းအကျဉ်း စိုးရွံ့မိသည်၊ ယခင်ကတော့ ဘယ်မြွေပဲတွေ့တွေ့ တုတ်နှင့်ရိုက်၊ လေးခွနှင့်ပစ်၊ ပေါက်ပြားနှင့် ပေါက်သတ်ခဲ့ဖူးတာကိုး။ ခုဟာက လက်တွေ့အရှင်လတ်လတ် လိုချင်တဲ့အဖြစ်မျိုး။

ကိုဘအောင်သည် သနပ်အိုတောတွင်း ဝင်သည်နှင့် စိတ်ကို တည်ငြိမ်အောင် ထိန်းလိုက်သည်၊

မျက်စိကိုဖွင့်၊ နားကိုစွင့်သည်၊ အသက်မှန်မှန် ရှူပစ်လိုက်သည်၊ မျက်နှာတစ်ပြင်လုံးဖုံးလွှမ်းနေသည့်ချွေးများကို သုတ်လိုက်သည်၊ ပခုံးပေါ်က ပခြုပ်ကိုပြောင်းထမ်းလိုက်မိသည်၊ လွယ်အိတ်ထဲမှ ပစ္စည်းများကို စမ်းမိသည်။ လောက်စာလုံး၊ လေးခွ၊ တစ်တောင်ခန့်တုတ်တိုတစ်ချောင်း။ ပြီးတော့ - ဘူးခါးသီးနှင့် လုပ်ထားသည့် မြွေခေါ်တူရိယာတစ်ခု၊

---

နှာခေါင်းထဲ ဘာအနံ့မှမဝင်၊ အဖေပြောသလို သခွားသီးနံ့လည်းမရ၊ အာလူးအသီးစိမ်းအနံ့လည်းမဝင်။ ညှီစို့စို့သဘောမျိုးအနံ့သာ ရသည်ဟု ထင်သည်၊



စိတ်ထဲ ထူးခြားသည်က တောရှိုင်းယင်မည်းတစ်အုပ်တဝီဝီပျံသန်းနေသည်ကို ဂရုပြုနေမိသည်၊ ထူးဆန်းသလိုဖြစ်နေသည်ဟု ထင်သည်၊

“မြွေဆိုတာ အညှီအဟောက်စားတဲ့ကောင်ကွ၊ ယင်ရိုင်းတွေက အဲဒီမြွေရှိတဲ့နေရာအနီးမှာ နေတတ်ကြတယ်။ ဘယ်သူတွေ ဘာပြောပြော မြွေအနံ့က ညှီစို့စို့အနံ့ ရှိတာပါကွာ”

ဟု အဖေ့သူငယ်ချင်း တောလိုက်ကျွမ်းသူတစ်ဦး၏စကားကို ကြားမိသည်၊

ယခုလည်းကြည့်၊ ယင်ရိုင်းတွေက တဝီဝီ၊ တောကလည်းတောကြွက်မည်းတို့ပြေးသံကြားရပြီး ငုံးပျံသွားသည့်အသံ၊ ချိုးကူသံသာ ကြားရ၏၊ ငြိမ်လိုက်၊ လှုပ်ရှားလိုက်၊ လေတိုက်လိုက်၊ ပြန်ငြိမ်လိုက်၊

“အင်း - ဟောဟို တောင်ပို့ထဲမှာ မြွေဟောက်ရှိမှာ အသေအချာပဲ”

နဘူးချုံအောက်က တောင်ပို့ကိုကြည့်ရင်း ပခြုပ်ကို ချလိုက်သည်၊ လွယ်ထားသောလွယ်အိတ်ထဲမှ တုတ်တိုကိုယူပြီး ခါးမှာထိုးသည်၊ ဘူးခါးသီးတူရိယာကို ကိုင်ထားပြီး ဆောင်းထားသော ခမောက်ကို မြေပြင်မှာ ချလိုက်သည်၊

အပူရှိန်ခပ်ပြင်းပြင်း၊ တောသည် ငြိမ်ငြိမ်သက်သက်၊ လှုပ်ရှားသူဟူ၍ ကိုဘအောင်တစ်ဦးတည်း။

မျက်နှာမူရာအရပ်ရှိ နဘူးချုံဝန်းရံထားသည့်တောင်ပို့ကိုသာ စူးစိုက်ကြည့်နေသည်၊ ချုံက ကြီးလည်း ကြီး၊ ကျယ်လည်း ကျယ်၊ တောင်ပို့က လူတစ်ရပ်အမြင့်၊ တောင်ပို့အပေါက်များကို ကြည့်မိသည်၊ မြွေဝင်မြွေထွက်များထား၍ အပေါက်များ၏နှုတ်ခမ်းဝများသည် တမင်ပွတ်ထားသလို ပြောင်ချောနေသည်၊ မြွေဆိုတဲ့အကောင်တွေက ညမှာ အစာရှာထွက်ပြီး နာရီပြန်တစ်ချက်ထိုးမှာ ဝပ်ကျင်းကိုပြန်သည့်အကောင်မျိုး၊

ကိုဘအောင် နှာခေါင်းနှင့်အနံ့ခံရင်း မျက်လုံးများက သဘာဝပေးသည့်အသိနှင့် သွေးတိုးစမ်းကာ ရှာနေမိသည်၊

“သေချာပြီ၊ ဒီကောင်တွေ တောင်ပို့ထဲမှာ ရှိတယ်”

ကိုဘအောင်သည် ဘူးခါးသီးတူရိယာကိုပါးစပ်မှ တေ့သည်၊ လေဝအောင်ရှူရင်းမှ အသာအယာ မှုတ်လိုက်သည်၊

တူရိယာမှ ခပ်ညင်းညင်း ခပ်သွဲ့သွဲ့ ထွက်လာသည့်အသံသည် သာယာ

www.burmeseclassic.com

ကြည်နူးဖွယ်အပြည့်၊ ညှို့အားအပြည့်၊ ဆွဲဆောင်အားအပြည့်၊ ငါးမိနစ်ခန့် အကြာ နဘူးရုံဆီမှ ထူးခြားမှုဖြစ်လာသည်။

တောင်ပို့ပေါက်ဆီမှ အသံတစ်မျိုး ကြားရသည်။ နှာမှုတ်သံလိုလို၊ တောပေးသံလိုလို၊ လူမမာတစ်ဦး အသက်ရှူသံလိုလို၊ ခပ်ပြင်းပြင်းအသံ၊ အသံကိုနားထောင်ရင်း ကိုဘအောင်ပြုံးလိုက်သည်။ ကိုဘအောင်သည် ပြုံးရင်းနှင့် တူရိယာကို ဆက်ပြီးမှုတ်လိုက်သည်။ ထိုအခါ ပိုပြီးထူးခြားမှုပြလာသည်။ အသံသည် ကျယ်သည်ထက် ကျယ်လာသည်။

ထိုအချိန်တွင် တူရိယာသံသည်လည်း မရပ်၊ တောသံနှာသံကိုလည်း မပြတ်ကြားနေရသည်။

ကိုဘအောင်သည်ဆက်ပြီးမှုတ်နေလိုက်သည်။ ထိုအချိန်တွင် တောင်ပို့ အပေါက်မှ မြွေခေါင်းတစ်ခု ထွက်လာသည်။ အသေအချာကြည့်ရင်း တူရိယာကို ဆက်မှုတ်ပေးဆဲ။

"မြွေဟောက်ကြီးပါလား"

စိတ်ထဲမှာ ပြောနေမိသည်။ မှန်ပါသည်။ မြွေဟောက်ကြီးသည် ခေါင်းတိုး ထွက်လာပြီးတစ်ကိုယ်လုံးအပြင်ရောက်အောင် ထွက်လာချေပြီ၊ အပြင်ရောက်သည်နှင့် ချက်တောက်ပြီး ရပ်ထားသည်က လူတစ်ရပ်ကျော်ကျော်၊ ရပ်ထားရင်းနှင့် ကိုဘအောင်ထံ ရဲရဲမှည့်နေသည့် ဒေါသမျက်လုံးများနှင့် တပြူးတပြဲကြည့်ရင်း လှုပ်ရှားနေသည်။

တူရိယာအသံနှင့်အတူ ကနေသလိုမျိုး။ ယိမ်းကာနွဲ့ကာနှင့်လျှာမှာပြူတစ်ပြူ တစ်လုပ်နေပြီးပါးစပ်ကြီးကဖြဲထားသေးသည်။ ကိုဘအောင်သည် တူရိယာကို မမှုတ်တော့။

မြွေသည်သူ့ထံသို့တရွေ့ရွေ့လာနေသည်၊ ရန်ပြုတော့မည်၊ တိုက်ပွဲဝင်ရတော့မည်ကိုသိသည်၊ သို့ကြောင့် ဗိနပ်ကို ချွတ်လိုက်သည်၊ ပုဆိုးကို ပြင်ဝတ်လိုက်သည်၊ ခါးမှာ ထိုးထားသည့် တုတ်တိုကို စမ်းသည်၊

မြွေဟောက်ကြီးသည် –

"ဖြီး – ဖြီး" ဟူသောအသံကိုပေးရင်း ရှေ့ကိုတိုးလာလိုက်၊ ရပ်လိုက်၊ ခေါင်းယိမ်းလိုက်၊ ပါးစပ်ဖြဲလိုက်နှင့် လုပ်နေသည်။ လူကို စူးစိုက်ကြည့်နေပြီး တိုက်ကွက်အကဲခတ်နေချေပြီ။

ကိုဘအောင်သည် တုတ်တိုကို ကိုင်ထားရင်းမှ ရှေ့သို့ ခြေလှမ်းနှစ်လှမ်းခန့် တိုးလိုက်သည်၊ မြွေသည် ရှေ့မတိုးတော့။ ယိမ်းနွဲ့နေဆဲ၊

ရုတ်ခြည်းပင် ကိုဘအောင်သည် တုတ်တိုကိုင်ထားသောလက်ကို ယမ်းလိုက်သည်။ မြွေသည်လည်းခေါင်းယမ်းရင်းနှင့် လိုက်ပြီးယမ်းနေသည်။

ထိုအချိန်၌ ကိုဘအောင်သည် မြွေဆီကို ပြေးသွားသည်၊ မြွေသည်လည်း သူ့ထံ ပြေးလာသည်၊ လက်တစ်ကမ်း အကွာအရောက်တွင် ရုတ်ခြည်းရပ်လိုက်ပြီး ခန္ဓာကိုယ်ကို ဘယ်ညာယိမ်းပြသည်။

မြွေသည်လည်းအပြေးလာရင်းရပ်ပြီး လူ သား ယိမ်း သလို ယိမ်း၏၊ ကိုဘအောင်ယိမ်းခြင်းကိုရပ်လိုက်သည့် အချိန်တွင် မြွေသည် ဆတ်ခနဲ ခေါင်းတိုးဝင်ပြီး ဆတ်ခနဲ ပေါက်လိုက်သည်။

ကိုဘအောင်သည်မြွေ၏တိုက်ကွက်ကို ရှောင်ပေးလိုက်ပြီး မြွေ၏ခါးအလယ် တည့်တည့်အောက်ကိုတုတ်ထိုးသွင်းပြီး အပေါ်ကို မြှောက်လိုက်သည်။

ကိုဘအောင်၏လှုပ်ရှားမှုသည်မြွေ ထက်မြန်သည်၊ လျှပ်ပြက်သလိုသဘော မျိုး၊ လျင်မြန်သော၊ ဒေါသကြီးသောမြွေဟောက်သည်လေထဲကိုပင့်မြှောက်ခြင်း ခံလိုက်ရပေပြီ။

မြွေနှင့်အတူ ကိုဘအောင်သည်လည်း ခုန်လွှားရင်း မြှောက်တက်ပါသွား၏။ မြေပေါ်သို့ပြန်အကျ မြွေကြီးတွန့်လိမ်သွားသည်၊

ကိုဘအောင်သည် မြွေခေါင်းနောက်ကိုတုတ်နှင့်ပစ်ဖိထားရင်း လက်နှင့်ဆုပ်လိုက်သည်။ မြွေသည် ဒေါသံ၊ တောသံ၊ နှာသံပေးရင်း ကိုဘအောင်၏လက်ကို ရစ်ပတ်ဖို့ကြိုးစားသည်။

ကိုဘအောင်သည် တုတ်ကိုပစ်ချ တာ မြွေ၏ခါးကို ဆုပ်ကိုင်ပြီး ဘယ်ညာ ဆန့်ထားလိုက်သည်။ ပြီး – ပခြုပ်ဆီပြေးပြီးထည့်လိုက်၏၊ ထိုအချိန် –

"ဟာ – ဟိုမှာတစ်ကောင်ထွက်လာပြီ၊ ဟန်ကျလိုက်တာ"

ပခြုပ်ထဲသို့မြွေထည့်နေစဉ်တောင်ပို့ထဲမှ နောက်တစ်ကောင် ထွက်လာပြန်ချေပြီ၊ ကိုဘအောင် ကံကောင်းပါသည်၊

www.burmeseclassic.com

နှစ်ကောင်အပြိုင်ထွက်လာလျှင်အတော်ကြိုးစားရပေမည်။ ခုတော့ – တစ်ကောင်က ပခြုပ်ထဲ ရောက်နှင့်ပြီး၍ တော်သေးသည်။

ကိုဘအောင်သည် စောစောက ဖမ်းကွင်းဆီပြေးခဲ့သည်။ ထွက်လာသည့်မြွေသည် သူ့အဖော် မိသွားသည်ကိုမြင်၍လားမသိ၊ လူကိုအန္တရာယ်ပြုလို၍လားမသိ၊ ဒေါသအရမ်းကြီးကာ နှာသံတွေပေးနေသည်က သွေးပျက်စရာကောင်းသည်။ ကြောက်စရာကောင်းလှသည်။

ကိုဘအောင်သတိနှင့်ရပ်ကြည့်နေသည့်အချိန်တွင် မြွေကြီးသည် တစ်ရှိန်ထိုး ဝင်လာခဲ့ချေပြီ။

စောစောကလိုပင်ကိုဘအောင်သည် ချက်ထောက်ပြီး ရပ်ထားသော မြွေကို အမြေပျက်အောင် ကိုယ်ခန္ဓာအားယိမ်းထိုးအောင် လုပ်နေမိသည်။ မြွေသည် မျက်စိနောက်နေပေပြီ။ တိုက်ကွက်ဖော်လို့မရတော့။ လက်တစ်ကမ်းအကွာအထိ တိုးသွားရင်း ကိုယ်ရော လက်ပါ ခြေထောက်ရှေ့ခြင်းကိုပါ လုပ်ရင်းရှိသည်။

မြွေဟူသည် ဒေါသကြီးပြီး လှုပ်ရှားလေ တိုက်ကွက်ဖော်၍မရလေ၊ မျက်လုံးတွေဝေဝါးလေဖြစ်သည်ကိုကိုဘအောင်အသိ။

မြွေသည်ကိုဘအောင်ကိုဆတ်ခနဲပေါက်လိုက်သည်။ ခုန်ရှောင်ရင်းမှ မြွေအမြီးကိုဆွဲပြီး အပေါ်သို့ပစ်လိုက်သည်။ စိတ်ဆိုးမာန်ဆိုးနှင့် မြွေသည် အပေါ်ကိုမြောက်တက်သွားစဉ် ကိုဘအောင်ပါ အပေါ်ကို ခုန်တက်လိုက်သည်။

ဝုန်းခနဲ မြေပြင်ပေါ်အကျ မြွေ၏နောက်ကျောကိုလက်နှင့်ဆုပ်သည်။ ပြီး ခါးကို ဆုပ်ကိုင်သည်။ ခပ်ဆန့်ဆန့်ကိုင်ရင်း သက်ပြင်းချသည်။

ထို့နောက် ကိုဘအောင်သည် ဒုတိယမြွေအား ပခြုပ်အတွင်းသို့ ထည့်ပြီးသည့်အချိန်တွင်တော့ အားရပါးရ တစ်ချက်ပြုံးလိုက်မိလေသည်။

၊၆၊

ကိုဘအောင်၏ခြေလှမ်းတွေက သွက်လက်နေသည်။ ရွာကို မြင်ရပြီ။ သေမင်းနှင့် နှစ်ကြိမ်ရင်ဆိုင်ခဲ့ရသော မိမိအဖြစ်၊ မိမိလုပ်ရပ်သည့်ဖျားနေသော သားကြောင်၊ ယခု မြွေနှစ်ကောင်ရပြီ။ အလမ္ပာယ်ဆရာထံ အပ်မည်။ ငွေတစ်သောင်းနီးပါးရမည်။

သားရဲ့ဆေးဖိုး၊ ပြီးတော့ – ကျောင်းဝင်ကြေး၊ စာအုပ်ဖိုး၊ နောက် သမီးအဝတ်အစားဖို့၊ ကျောင်းဝင်ကြေး၊ စာအုပ်ဖိုး။

အတွေးများနှင့်လှမ်းခဲ့သော ခြေထောက်တွေသည် အက်အက်ကွဲတမျှ။

အလို – ဘုရားရေ – မြွေဖမ်းစဉ်က ချွတ်ထားခဲ့သောဖိနပ် ပြန်မစီးမိခဲ့။ ပြီးတော့ – ခမောက်လည်းပြန်မဆောင်းခဲ့။ ဒါ – သားသမီးတွေအတွက် ချစ်ဖော၊ ချစ်ဖော။

မှုပါစေတော့၊ လောင်ပါစေတော့၊ သေပါစေတော့၊ ပေးဆပ်ခဲ့ရသော မိဘနှစ်ပါး၏လုပ်ရပ်တွေသည် မှုပြင်းသော နွေလွင်ပြင်ကို အန်တုရင်း အမြဲထာဝရ အေးမြနေမည်ဆိုတာ သားသမီးတွေသိရင် ကျေနပ်ပြီ၊ ကိုဘအောင် ကျေနပ်ပြီလေ၊ ရင်ထဲမှာတော့ အေးမြကြည်နူး ကျေနပ်ဆဲ။ ။

**တွင်းကြီးသား တင်ဝင်းဦး**



www.burmeseclassic.com


www.burmeseclassic.com

# ရွှေဝင်နတ်ဘုရား




ဒဂုန်ရွှေမျှား

# ဝိညာဉ်လောက




ဒဂုန်ရွှေမျှား

www.burmeseclassic.com

www.burmeseclassic.com



ကျော်အေးရွှေ

www.burmeseclassic.com

www.burmeseclassic.com

ရွှေဟောင်း
ပစ္စည်းဖြစ်သည့်
ဗုဒ္ဓဆင်းတုတော်တစ်ဆူ
ခိုးယူခံရရာမှ
လောဘစိတ်ဝင်လာကာ ..

# ဓါတ်

[illegible]

[illegible]

“လာတော့ စီလီ၊ အမှုအခင်းမရှိလို့ ပျင်းနေပြီလား”

“ပျင်းဖို့အချိန်မရှိပါဘူး – အစ်ကို ဟာဒီရယ်”

“မပျင်းရအောင် ဘာတွေလုပ်နေရ လို့လဲ”

“အော် – အစ်ကိုဟာဒီရယ်၊ အာဏာ ရှိတဲ့သူက သူ့ငွေနဲ့ပေါင်းပြီး သူကြွယ်ဖြစ် အောင်လုပ်နေတဲ့ခေတ်၊ ငွေကြေးကြွယ် ဝတဲ့သူတွေက အာဏာရှိတဲ့သူနဲ့ပေါင်း ပြီးအာဏာရအောင်ဥပဒေကိုလက်တစ် လုံးခြားလုပ်နေတဲ့ခေတ်ကာလဆိုးကြီး ထဲမှာ အမှုကြီးတွေ မဖြစ်ပါစေနဲ့လို့ ဘုရားရှိခိုး ပုတီးစိပ် ဆုတောင်းနေရတာ နဲ့ ပျင်းဖို့အချိန်မရှိတော့ပါဘူးဗျာ၊ ပြီး တော့ – တတ်ထားတဲ့ကိုယ်ခံပညာလေး တွေကို ညနေတိုင်း ပြန်လေ့ကျင့်နေရ တယ်လေ”

စုံထောက်ဝီလီသိန်းစကားကြောင့် သဘောကျစွာ အားရပါးရ ရယ်လိုက်သူ ကတော့ ဌာနာအုပ်ကြီးဦးဟာဒီသာ ဖြစ် ပါလေ၏။

“ဟုတ်တယ်ဗျ၊ အမှုအခင်းမရှိတော့ စိတ်အေးလက်အေး စိတ်ချမ်းသာကိုယ် ချမ်းသာနဲ့ ဘုရားသွားကျောင်းတက် ကုသိုလ်ဖက်ပြီး ကိုယ့်နောက်ပါမယ့် အထုပ်ကလေးကို ရအောင်လုပ်နေရ တယ် – ဌာနာအုပ်ကြီးရေ”

စာသင်ကြီးဦးဖိုးဟိန်းကပါထောက် ခံလိုက်လေ၏။

“ဆရာတို့ – ရယ်လို့ပြီးပြီလား၊ ပြီး ရင် – ဧည့်သည်ရောက်နေတယ် ခင်ဗျ၊ လွှတ်လိုက်ရမလား”

ဌာနအုပ်ကြီး၏ ရုံးခန်းတံခါးဝမှ အစောင့်ပုလိပ်သားလေးက ခြေစုံရပ်ပြီး ပြောလိုက်သည်။

“ဟေ – ဘာကိစ္စတဲ့လဲ”

“ဘာမှမေးလို့မဖြေပါဘူး ခင်ဗျ၊ ဌာနာအုပ်ကြီးနဲ့တွေ့ပါရစေလို့ပဲပြောနေ ပါတယ်”

“လွှတ်လိုက်ကွာ – လွှတ်လိုက်”

ဌာနာအုပ်ကြီးဦးဟာဒီတစ်ယောက် မရယ်နိုင်တော့၊ စုံထောက်ဝီလီသိန်းကို သာ လှမ်းကြည့်လိုက်မိလေတော့၏။ ပုလိပ်သားလေးထွက်သွားပြီးမကြာခင် မှာပင် အသက်လေးဆယ်ကျော်ခန့် လူ တစ်ယောက်ဝင်လာလေသည်၊ စုံထောက် ဝီလီသိန်းက ကုလားထိုင်လွတ်တစ်လုံး တွင် ထိုင်နိုင်းလိုက်သည်။

“ခင်ဗျားနာမည် – အလုပ်အကိုင် ဘာကိစ္စဆိုတာ ပြောပါဦး”

ဌာနာအုပ်ကြီးက သူ့စားပွဲရှေ့တွင်ရှိ သော ကုလားထိုင်ပေါ်သို့ဝင်ထိုင်ရန်မြင် နေသော ဧည့်သည်ကို မေးလိုက်သည်။ ဧည့်သည်က ကုလားထိုင်ပေါ်သို့ ထိုင်ချ လိုက်ပြီး –

“ကျွန်တော့်နာမည် သန်းဒွေးပါ။ အလုပ်အကိုင်ကတော့ရှေးဟောင်းပစ္စည်း ရောင်းဝယ်တဲ့ဆိုင်လေးဖွင့်ထားပါတယ်၊ ကိစ္စကတော့ ကျွန်တော့်ဆိုင်လေးမှာ ဖောက်ထွင်းခိုးယူမှုဖြစ်သွားလို့လာတိုင် တာပါ”

သည်တော့မှ ဌာနာအုပ်ကြီးဦးဟာဒီ တစ်ယောက်စိတ်အေးသွားတော့သည်၊ ပြီးတော့ – စိတ်ထဲမှာပြောလိုက်မိတာက တော့ “တော်ပါသေးရဲ့ – အမှုကြီးမဖြစ်လို့”

“ခင်ဗျားဆိုင်က ဘယ်မှာဖွင့်ထား တာလဲ၊ ဘာပစ္စည်းတွေ ပါသွားလဲ”

“အောင်မင်္ဂလာလမ်းထဲမှာပါ၊ အောက်ထပ်မှာ ဆိုင်ဖွင့်ထားပြီး အပေါ်



www.burmeseclassic.com

ထပ်မှာ ကျွန်တော်နေပါတယ်။ တော်တော်များများပါသွားတယ် ခင်ဗျ"

"တော်တော်များများပါသွားတယ်လို့ ပြောလို့မရဘူး။ ဂါတ်မှာ အမှုဖွင့်ပြီးဆိုတာနဲ့ အခိုးခံရတဲ့ပစ္စည်းစာရင်းကို အတိအကျ ပြောနိုင်ရပါ့မယ်၊ ဒါမှ ထုခွဲရောင်းချတဲ့ နေရာတွေမှာ အခိုးခံလိုက်ရတဲ့ ခိုးရာပါပစ္စည်း ရောက်၊ မရောက် သိရမှာပါ။ ဒါ့ကြောင့် – ပစ္စည်းစာရင်းအတိအကျ ပြောပြီး တိုင်ချက် ဖွင့်ဖို့လိုပါတယ်"

စုံထောက်ဝီလီသိန်းက စိတ်ရှည်လက်ရှည် ရှင်းပြလိုက်လေ၏၊

"ဟုတ်ကဲ့ – သိပါပြီ ခင်ဗျ။ အခိုးခံရတာက ကိုးလက်မလောက်ဉာဏ်တော် အမြင့်ရှိတဲ့ မတ်ရပ်ရုပ်ပွားတော်တစ်ဆူ၊ ပျူခေတ်ရွှေပုတီးစေ့ဆယ်စေ့၊ ကုန်းဘောင်ခေတ်ရွှေဆွဲကြိုးကနှစ်ကုံး၊ ကုန်းဘောင်ခေတ်ရွှေဒင်္ဂါးက ခြောက်ပြား၊ နောက်ရွှေလက်စွပ်က နှစ်ကွင်းတို့ပါ။ မတ်ရပ်ဆင်းတုတော်က ကုန်းဘောင်ခေတ်နှောင်းပိုင်းလက်ရာပါ။ အဲဒါက ကျွန်တော်ပိုင်ပစ္စည်းပါ၊ ကျန်တဲ့ပစ္စည်းတွေက သူများက ရောင်းပေးဖို့အပ်ထားတဲ့ပစ္စည်းတွေပါ"

"သူခိုးလက်ပါသွားတဲ့မတ်ရပ်ဆင်းတုတော်က ဘာနဲ့သွန်းလုပ်ထားတာလဲ၊ ရွှေနဲ့လား၊ ကြေးနဲ့လား။ သေသေချာချာ ရှင်းပြပါဦး"

စုံထောက်ဝီလီသိန်းက ကုလားထိုင်လွတ်တစ်လုံးကို ဆွဲယူ၍ ထိုင်ရင်း မေးလိုက်လေ၏။

ကြေးနဲ့ သွန်းထားတာပါ၊ ငါးကျပ်သားအတိ ရှိပါတယ်။ နဖူးသင်းကျစ်တော်မှာ ရွှေစေ့အရွယ် ပတ္တမြားတစ်လုံး မြှုပ်နှံထားပါတယ်"

"မတ်ရပ်ဆင်းတုတော်မှာ တခြားဘာအမှတ်အသားတွေ ရှိသေးလဲ"

ဦးသန်းဌေးက စုံထောက်ဝီလီသိန်း၏အမေးကို ခဏမျှ စဉ်းစားပြီးနောက် ခေါင်းရမ်းပြလိုက်သည်၊ ဌာနာအုပ်ကြီးနှင့် စာသင်ကြီးတို့က စိတ်ဝင်စားစွာ နားထောင်နေကြလေ၏။

"ဘယ်အချိန်ကခိုးသွားတာလို့ထင်လဲ"

"ညက ကျွန်တော်အိပ်ရာဝင်တော့ ညဆယ့်တစ်နာရီထိုးနေပါပြီ။ မနက်အိပ်ရာထတော့ ခြောက်နာရီ၊ အောက်ထပ် ပစ္စည်းတွေသိမ်းတဲ့အခန်းတံခါးကို ဖွင့်ကြည့်လိုက်တော့ ပစ္စည်းတွေသိမ်းထားတဲ့ စားပွဲအံဆွဲသော့က ပျက်စီးနေပြီး အထဲက မတ်ရပ်ဆင်းတုတော်နဲ့ အခြားသူအပ်ထားတဲ့ပစ္စည်းတွေ ပျောက်ဆုံးနေတာ တွေ့လိုက်ရပါတယ်၊ ဒီတော့ သူခိုးဟာ ညဆယ့်တစ်နာရီနဲ့ မနက်(၆) နာရီကြားထဲမှာ ဝင်ခိုးသွားတာပါ – ဌာနာအုပ်ကြီးရယ်"

ဦးသန်းဌေးက ဝီလီသိန်းမေးသမျှ ဖြေလိုက်သည်၊ စုံထောက်ဝီလီသိန်းက ဌာနာအုပ်ကြီး၏ နောက်နံရံတွင် ချိတ်ထားသော ကားသော့ကို ဖြုတ်ယူလိုက်ပြီး –

"ကျွန်တော်တို့ ဦးသန်းဌေးအိမ်ကို လိုက်ပြီးစစ်ဆေးကြည့်ပါဦးမယ်"

ဟု ပြောလိုက်လေ၏။ စုံထောက်ဝီလီသိန်းနှင့်အတူ ဌာနာအုပ်ကြီးနှင့် စာသင်ကြီး ဦးဖိုးဟိန်းတို့ လိုက်လာကြလေ၏၊ ဂါတ်စာရေး ကိုမေးဆင်ကိုတော့

"အသက်(၆၀)ကျော်အဖိုးကြီးတစ်ယောက် လာရောင်းတာပါ။ ဆွေစဉ်မျိုးဆက်ကိုးကွယ်လာတဲ့ဘုရားလို့ပြောပါတယ်။ သူတို့ လက်ထက်ရောက်မှ စီးပွားရေးက အဆင်မပြေ၊ သားထောက်သမီးခံလည်း မရှိ၊ ကြပ်တည်းလှန်းတဲ့ဘဝကို ရောက်လာလို့ ဒီဆင်းတုတော်ကို မရောင်းချင်ပဲ ရောင်းရတာပါလို့ ပြောတာနဲ့ ဝယ်ထားလိုက်တာပါ။"





www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

ဂါတ်မှာ ထားခဲ့ကြသည်။ အသံပေါင်းစုံထွက်နေသော ဂျစ်ကားတလေးကို စုံထောက်ဝီလီသိန်းကိုယ်တိုင် မောင်းလေ၏။

"ဟိုရှေ့ကလမ်းက အောင်မင်္ဂလာလမ်းပါ။ အဲဒီလမ်းကိုရောက်ရင်ညာဘက်ကိုကွေ့လိုက်ပါ။ လေးအိမ်ကျော်ငါးအိမ်မြောက်က ကျွန်တော့်အိမ်ပါ"

ဦးသန်းဒွေးလမ်းညွှန်သည့်အတိုင်း မောင်းလိုက်သောအခါ နှစ်ထပ်တိုက်ခံပျဉ်ထောင်အိမ်တစ်လုံးရှေ့သို့ ရောက်သွားလေ၏။

"ရောက်ပြီ - ဆရာ - ရောက်ပြီ။ အဲဒါ ကျွန်တော့်အိမ်ပဲ။ အောက်ထပ်မှာ ဆိုင်ဖွင့်ထားတယ်။ အပေါ်ထပ်မှာ ကျွန်တော်နေတယ်"

ကားရပ်လိုက်သည်နှင့်ဦးသန်းဒွေးကအရင်ဆုံးဆင်းပြီး ခြံတံခါးကိုသွားဖွင့်လိုက်သည်။ ခြံကြီးဝန်းကျယ်နှင့်နေထိုင်သောလမ်းမို့ တစ်အိမ်နှင့် တစ်အိမ် ကပ်မနေ။

"ဒီအိမ်မှာ ခင်ဗျားတစ်ယောက်ထဲနေတာလား၊ မိသားစုနဲ့နေတာလား"

စုံထောက်ဝီလီသိန်းက စာသင်ကြီးနှင့်ယှဉ်၍ လျှောက်လာရင်း မေးလိုက်ခြင်းဖြစ်လေ၏။

"ကျွန်တော့်မှာ မိသားစုမရှိပါဘူး။ လူပျိုကြီးတော့မဟုတ်ပါဘူး။ တစ်ခုလပ်ပါခင်ဗျ"

"စားဖို့သောက်ဖို့၊ လျှော်ဖွပ်ဖို့ဘယ်သူက တာဝန်ယူလဲ"

"ဟဲဟဲ - စားတော့ထမင်းဆိုင်ပေါ့။ လျှော်ဖွပ်ဖို့တော့အမျိုးသမီးတစ်ယောက်ကိုပိုက်ဆံပေးပြီး ခိုင်းရတာပေါ့"

ဦးသန်းဒွေးက အိမ်တံခါးသော့ကိုဖွင့်ပြီး ရှေ့မှ ဝင်သွားသည်။ စုံထောက်ဝီလီသိန်းကလိုက်ဝင်မသွားပဲတိုက်ခံပျဉ်ထောင်အိမ်လေးကိုပတ်၍ကြည့်လေ၏။ သေချာစွာ စစ်ဆေးပြီးမှ အိမ်ထဲသို့ ဝင်လိုက်သည်။

"သူခိုးဝင်ခိုးသွားတာ ဒီအခန်းပါဆရာ"

အောက်ထပ်တွင် ဆိုင်ခန်းအဖြစ်ပြုလုပ်ထားသော အခန်းတစ်ခုကို ဦးသန်းဒွေးကတံခါးဖွင့်၍ပြလိုက်သည်။ အခန်းထဲတွင်မှန်ဗီရိုတစ်ခုနှင့်စားပွဲတစ်လုံး၊ ကုလားထိုင်သုံးလုံးချထားသည်ကိုတွေ့လိုက်ရလေ၏။ လေဝင်လေထွက်ကောင်းရန်အတွက် ပြတင်းပေါက်နှစ်ပေါက် တပ်ထားသည်ကို မြင်လိုက်ရ၍ ပြတင်းပေါက်နားသို့သွား၍ စစ်ဆေးကြည့်လိုက်သည်။ ပြတင်းပေါက်မှ ပျဉ်တစ်ချပ်ကိုခွာပြီး အထဲမှ ချက်ကိုဖွင့်၍ အခန်းထဲဝင်ခိုးသွားသည်ကိုတွေ့လိုက်ရသည်။

"သူခိုးလက်ပါသွားတဲ့ပစ္စည်းတွေက ဘယ်မှာထားတာလဲ"

"ဓနမှာတော့ ဟောဒီမှန်ဗီရိုထဲမှာပြထားပါတယ်။ ဆိုင်သိမ်းတော့ စားပွဲအံဆွဲထဲကိုအကုန်သိမ်းပြီးထည့်၊ သော့ခတ်ထားပါတယ်"

စုံထောက်ဝီလီသိန်းက စားပွဲအံဆွဲကို ကြည့်လိုက်သည်။ သော့ကို ဖျက်၍ဖွင့်ထားသည်ကို တွေ့လိုက်ရလေ၏။

"ဘုရားရုပ်ပွားတော်က ဘယ်ခေတ်လက်ရာလဲ"

"ကုန်းဘောင်ခေတ်လက်ရာပါ"

"အခိုးခံရတဲ့ ပစ္စည်းတွေထဲမှာ ဘုရားရုပ်ပွားတော်ကလွဲပြီး ကျန်တဲ့ရွှေထည်ပစ္စည်းတွေက ထုခွဲလို့လွယ်တယ်ဗျ။ အဲ - နိုင်ငံခြားနိုးထုတ်ရောင်းစားရင်တော့ရတာပေါ့ဗျာ။ ဒါကလည်းအဆက်အသွယ်ရှိမှ လွယ်တာပါ။ ခင်ဗျားပိုင်တဲ့မတ်ရပ်ဘုရားဆင်းတုတော်ကမိဘဘိုးဘွားပိုင်လား၊ ဒါမှမဟုတ် လာရောင်းလို့ဝယ်ထားလိုက်တာလား"

စုံထောက်ဝီလီသိန်းမေးခွန်းကြောင့် ဦးသန်းဒွေး မျက်နှာပျက်သွားသည်။

"အမှုနဲ့ဆိုင်တဲ့မေးခွန်းပဲ မေးပါလား"

ဦးသန်းဒွေးက မျက်နှာထားတင်းတင်းဖြင့် ပြောလိုက်သည်။

"အမှုနဲ့ဆိုင်၊ မဆိုင် ခင်ဗျားကို ရှင်းပြနေရဦးမှာလား၊ ကျွန်တော်မေးတာပဲဖြေပါ"

စုံထောက်ဝီလီသိန်းက အေးစက်စက်လေသံဖြင့် ပြောလိုက်သည်။ သည်တော့မှ ဦးသန်းဒွေးတစ်ယောက် သူ့အမှားကိုသိသွားပြီး မျက်နှာထားကိုပြင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"လာရောင်းလို့ဝယ်ထားလိုက်တာပါ။ အသက် (၆၀) ကျော်အဖိုးကြီးတစ်ယောက် လာရောင်းတာပါ။ ဆွေစဉ်မျိုးဆက်ကိုးကွယ်လာတဲ့ဘုရားလို့ ပြောပါတယ်။ သူတို့လက်ထက်ရောက်မှ စီးပွားရေးက အဆင်မပြေ၊ သားထောက်သမီးခံလည်း မရှိ၊ ကြပ်တည်းလွန်းတဲ့ဘဝကိုရောက်လာလို့ ဒီဆင်းတုတော်ကို မရောင်းချင်ပဲ ရောင်းရတာပါလို့ ပြောတာနဲ့ ဝယ်ထားလိုက်တာပါ၊ ရှေးဟောင်းပစ္စည်းတန်ဖိုးကိုနားမလည်တော့ ရွှေတန်ဖိုးနဲ့ပဲ ရောင်းသွားတာပါ ခင်ဗျာ"

"ဘုရားရုပ်ပွားတော် လာရောင်းတဲ့ အဖိုးကြီးရဲ့ နေရပ်လိပ်စာ မေးထားသေးလား"

"မေးပါတယ်၊ အထက်အညာက လို့ပဲ ပြောပါတယ်၊ အရေးကြီးတဲ့ကိစ္စ မဟုတ်တော့ ကျွန်တော်လည်း အလေးအနက်ထားပြီး ထပ်မမေးတော့ပါဘူး"

"ခင်ဗျားမှာ ဒီပစ္စည်းတွေရှိတယ်ဆိုတာ ဘယ်သူတွေသိလဲ၊ ပြီးတော့ ခင်ဗျားဆီကို အဝင်အထွက်လုပ်နေတဲ့သူတွေထဲမှာ မသင်္ကာစရာလူ ရှိလား"

"အရောင်းအဝယ်သမားဆိုတော့ ဝယ်ချင်တဲ့သူရှိရင် ထုတ်ပြရတဲ့ထုံးစံရှိတော့ အဝယ်သမားလာရင် ထုတ်ပြရတာဆိုတော့ ကျွန်တော့်မှာ ဒီပစ္စည်းတွေရှိမှန်းတော်တော်များများ သိကြတယ်ဗျ။ အဲ - မသင်္ကာစရာရှိလားဆိုတော့ ကျွန်တော့်အဝတ်အထည်တွေကို တစ်ပါတ်တစ်ခါ လျှော်ဖွပ်မီးပူတိုက်ပေးနေတဲ့သူတစ်ယောက်တော့ ရှိတယ်ဗျ။ သူ့နာမည်က မခင်လေးလို့ခေါ်တယ်၊ သူ့ရဲ့နေရာ လမ်းထဲမှာ နေတယ်"

"သူများက ရောင်းခိုင်းထားတဲ့ ရှေးဟောင်းရွှေထည်ပစ္စည်းတွေအတွက် ခင်ဗျား ဘာလုပ်မလဲ"

"ပိုင်ရှင်တွေကိုတော့ အကြောင်းကြားထားပြီးပါပြီ၊ သူခိုးလက်ပါသွားတာတော့ ဘယ်တတ်နိုင်ပါ့မလဲဗျာ။ ရန်သူမျိုးငါးပါးထဲက တစ်ပါးလေ"

ဦးသန်းဌေးက ပေါ့ပေါ့တန်တန်ပင် ပြောလိုက်သည်။

"သူခိုးဝင်ခိုးသွားတာ ဘယ်အချိန်မှာသိလဲ"

ဒုရာနာအုပ်ကြီးက မေးလိုက်သည်။

"မနက်အိပ်ရာထပြီး လမ်းထိပ်က ကာကာဆိုင်မှာ လက်ဖက်ရည်သွားသောက်ပါတယ်၊ ပြန်လာမှာ ဆိုင်ခန်းတံခါးကိုဖွင့်ပြီးဝင်လိုက်တော့ စားပွဲအံဆွဲသော့ကို ဖျက်ထားပြီး အံဆွဲက အပြင်ဘက်ကို ဆွဲထုတ်ထားတာကိုတွေ့လိုက်ရပါတယ်၊ အံဆွဲထဲမှာထည့်ထားတဲ့ပစ္စည်းတွေကတော့ မရှိတော့ပါဘူး။ သူခိုးလက်ပါသွားပါပြီ၊ ကျွန်တော်သိတဲ့အချိန်က မနက်ကိုးနာရီလောက်မှာပါ"

"နေပါဦး - ခုနက ခင်ဗျားပြောသွားတယ်၊ ခင်ဗျားအဝတ်အထည်တွေကို လျှော်ဖွပ်မီးပူတိုက်ပေးရတဲ့ မခင်လေးကို မသင်္ကာဘူးလို့လေ၊ ဘာဖြစ်လို့ မသင်္ကာတာလဲ"

စုံထောက်ဝီလီသိန်းက ကြားဖြတ်မေးလိုက်သည်။

"ဘာဖြစ်လို့လဲဆိုတော့ သူများအိမ်တွေမှာ လျှော်ဖွပ်မီးပူတိုက်ပြီး မိသားစုဝမ်းရေးကို ဖြေရှင်းနေရတဲ့ သူတစ်ယောက်အဖို့ ဘာမဆိုလုပ်ရဲတဲ့ သတ္တိရှိမှာပေါ့ဗျာ၊ မှန်ဘီရိုနဲ့ထည့်ထားတဲ့ပစ္စည်းတွေကို သူလည်း မြင်မှာပဲလေ၊ မြင်ရင် လိုချင်မှာပေါ့၊ သူက မိန်းမတစ်ယောက်ဖြစ်နေတယ်လေ"

"မရှိနိုးနိုးလို့ ဆိုချင်တာပေါ့ - ဟုတ်လား"

"ဒီသဘော သက်ရောက်သွားတာပေါ့ဗျာ"

"ခင်ဗျားပစ္စည်းတွေကို မခင်လေးသာ ခိုးသွားတာဆိုရင် ခဏလေးနဲ့ ပေါ်မှာပါ၊ ဘာဖြစ်လို့လည်းဆိုတော့ မခင်လေးက သူခိုးအလုပ်လုပ်တဲ့သူ မဟုတ်ဘူး၊ လိုချင်တပ်မက်တဲ့စိတ်ကြောင့်သာ ခိုးယူတာလို့ကောက်ချက်ဆွဲရမယ်၊ ပြီးတော့ - ခင်ဗျားအခိုးခံရတဲ့ပစ္စည်းတွေက ရှေးဟောင်းပစ္စည်းတွေ မခင်လေးက ရှေးဟောင်းပစ္စည်းရဲ့တန်ဖိုးကိုနားလည်မှာမဟုတ်ဘူး၊ ရွှေရေးတန်ဖိုးနဲ့ပဲ ရောင်းစားမှာ၊ ဒါမှမဟုတ် သူခိုးဈေးနဲ့ရောင်းချင်ရောင်းမှာ၊ သူခိုးပစ္စည်းကို ထုခွဲရောင်းချပေးတဲ့သူတွေကတစ်ဆင့် စုံစမ်းလိုက်ရင်ပေါ်လာမှာပါ၊ ခင်ဗျားလည်းတတ်နိုင်သမျှ စုံစမ်းကြည့်ပြီး ကျွန်တော်တို့ကို သတင်းပေးပါ၊ ကျွန်တော်တို့လည်း

www.burmeseclassic.com

ဒီသူခိုးကိုအမြန်ဆုံးဖော်ထုတ်နိုင်အောင် ကြိုးစားမှာပါ"

သည်နောက် ဌာနာအုပ်ကြီးနှင့် စုံထောက်ဝီလီသိန်းတို့သည်ဦးသန်းဌေးအားနှုတ်ဆက်ပြီးအသံပေါင်းစုံထွက်နေသော ဂျစ်ကားလေးနှင့် ဂါတ်သို့ပြန်လာခဲ့ကြလေ၏။

နောက်တစ်နေ့ထွက်သောသတင်းစာများတွင် ရှေးဟောင်းပစ္စည်းရောင်းသော ဦးသန်းဌေး၏ဆိုင်အားဖောက်ထွင်းခိုးယူခံရမှုသတင်း ပါလာလေတော့၏။

"သတင်းထောက်တွေက တယ်အနံ့ခံကောင်းပါလားကွ"

ဌာနာအုပ်ကြီး ဦးဟာဒီက သူ့စားပွဲရှေ့ကုလားထိုင်တွင် စမတ်ကျကျထိုင်နေသောစုံထောက်ဝီလီသိန်းကိုသတင်းစာတစ်စောင်ကိုလှမ်းပေးရင်းပြောလိုက်လေ၏။

"ဒါ - ဦးသန်းဌေးလက်ချက်ပဲဖြစ်မယ်၊ သူနဲ့ရင်းနှီးတဲ့သတင်းထောက်တစ်ယောက်ကိုခေါ်ပြီးသတင်းပေးလိုက်တာဖြစ်မယ် - အစ်ကိုဟာဒီ"

စုံထောက်ဝီလီသိန်းက သူခိုးခိုးခံရသည့်သတင်းအား ဖတ်ကြည့်ပြီး ပြောလိုက်ခြင်းဖြစ်သည်။

"ဘာလို့ ဒီလိုလုပ်ရတာလဲ"

"သူ့ဆိုင် ဖောက်ထွင်းခိုးယူခံရတာကို လူသိများစေချင်လို့ပေါ့။ ကျွန်တော် ဦးသန်းဌေးကိုမရိုးသားဘူးလို့ထင်တယ်၊ တကယ်အခိုးခံရတာကမတ်ရပ်ဆင်းတုတော်တစ်ဆူထဲပဲဖြစ်ရမယ်"

"ဘယ်လိုကြောင့် ဒီလိုပြောရတာလဲ"

"ဦးသန်းဌေးပုံက သူခိုးခိုးခံရလို့ ဝမ်းနည်းနေတဲ့ပုံမပေါ်ဘူးဗျ။ အခိုးခံရတဲ့ပစ္စည်းတန်ဖိုးက မနည်းဘူးနော်၊ အမှန်ဆိုရင် တရားခံသူခိုးကို ပစ္စည်းတွေ ထုခွဲမရောင်းချီအမြန်ဆုံးဖမ်းပေးဖို့သူပြောရမယ်ဗျ။ အခု - ဘာမှမပြောဘူး၊ ဝတ္ထုရေးကြေအမှုလာတိုင်တဲ့သဘော လုပ်သွားတာဗျ။ အစ်ကိုဟာဒီကတော့ ယုံချင်မှယုံမယ်၊ ကျွန်တော့်ဆဋ္ဌမအာရုံထဲမှာ ပေါ်လာတာက မတ်ရပ်ဆင်းတုတော်တစ်ဆူထဲဗျ။ ကိုယ့်အာရုံကိုယ်တော့ယုံတယ်ဗျာ။ ပြီးတော့ - ကျွန်တော် နာမည်ကြီးစောရေတွေနဲ့ သွားတွေ့တော့လည်း ဒီအမှုကို သူတို့ကျူးလွန်တာမဟုတ်ဘူးလို့ အခိုင်အမာငြင်းတဲ့အပြင် နယ်ကျော်ပြီး လာခိုးသွားတာလို့ ပြောကြတယ်၊ သူခိုးလက်စံအိမ်တွေကိုလည်း ရောက်တယ်။ အခုရက်ပိုင်းမှာ အရောင်းအဝယ်လုပ်တာတစ်ခုမှမရှိဘူးလို့သိရပြန်တယ်။ ဦးသန်းဌေးက မသင်္ကာဘူးလို့ ပြောတဲ့ မခင်လေးဆီကိုကျွန်တော်သွားခဲ့တယ်၊ ဦးသန်းဌေးရဲ့အဝတ်တွေကိုလျှော်ဖွပ်ပြီး မီးပူတိုက်ပေးရတာ မှန်ပါတယ်တဲ့၊ ဒါပေမဲ့ - အဝတ်တွေကို ဘယ်တော့မှ အိမ်ထဲဝင်မယူရဘူးတဲ့ဗျ။ ဦးသန်းဌေးကိုယ်တိုင်ယူပေးသလို ဦးသန်းဌေးမရှိတဲ့အချိန်ဆိုရင် အိမ်ရှေ့တံခါးအပြင်မှာ ပုဆိုးဟောင်းနဲ့ထုပ်ပြီး ချထားခဲ့လေ့ရှိတယ်လို့ပြောတယ်ဗျ။ မခင်လေးကသေသေချာချာပြောလိုက်တာရှိသေးတယ်၊ လျှော်ဖွပ်မီးပူတိုက်ပြီးတဲ့အဝတ်တွေကို ပြန်ပို့ရင်လည်း သူ ကိုယ်တိုင် စောင့်ယူသလိုအိမ်တံခါးဝမှာ ချထားခဲ့ရတာတွေရှိတယ်လို့ ရှင်းပြခဲ့တယ်"

"ဒီမခင်လေးဆိုတဲ့အမျိုးသမီးကို အိမ်ထဲအဝင်မခံတဲ့သဘောပေါ့"

ဌာနာအုပ်ကြီးက ဝင်ပြောလိုက်သည်။

"သူ့အိမ်ထဲကို လုံးဝမဝင်ဘူးတဲ့၊ သူ့ကို ဘာကြောင့် မသင်္ကာတဲ့သူလို့ ပြောရတာလဲဗျာ"

"ငါတို့ကိုအလုပ်ရှုပ်အောင်လမ်းလွှဲလိုက်တာပေါ့ကွာ"

"ဒါဆိုရင်တော့ - ဦးသန်းဌေးတစ်ယောက်အတွက် မှားသွားပြီဗျ။ ကျွန်တော်တို့ဂါတ်မှာ စုံထောက်ဝီလီသိန်းရှိနေတာကို သူ့ခမျာ မသိတာပဲ၊ ပြီးတော့ ဝီလီသိန်းအကြောင်းကိုလည်း သိပုံမရဘူးဗျ။ ကျွန်တော်တို့ပုလိပ်အဖွဲ့ကိုလည်း ခပ်ညံ့ညံ့ထင်နေပုံရပါတယ်"

တသင်ကြီးဦးဖိုးဟိန်းက ကိုယ့်ငါးချဉ် ကိုယ်ချဉ်လိုက်လေတော့၏။

စုံထောက်ဝီလီသိန်းက နဖူးကြောများရှုံ့



www.burmeseclassic.com

www.burmeseclassic.com

သွားဖဲ့အောင်မျက်မှောင်ကျုံ့၍စဉ်းစားနေရာမှ -

"အမှန်တကယ် အခိုးခံရတာက ဦးသန်းဒွေးပိုင်တဲ့ မတ်ရပ်ရုပ်ပွားတော် တစ်ဆူထဲပဲဖြစ်ရမယ်၊ ကျွန်တော်ရဲ့ ဆဋ္ဌမအာရုံမှာ ပေါ်လာတာလဲ မတ်ရပ်ရုပ်ပွားတော်တစ်ဆူထဲဆိုတာ အစ်ကိုဟာဒီ ပြောခဲ့ပြီးပါပြီ၊ ကျနော်တို့ရွှေထည်ပစ္စည်းတွေကို အခိုးခံရတဲ့အထဲမှာပြီး သူ ဖြောင်ထားတာပဲဖြစ်ရမယ်ဗျ၊ ကျွန်တော်လိုက်ခဲ့တဲ့အမှုတော်တော်များများမှာ ဆဋ္ဌမအာရုံမှာ ပေါ်လာတာတွေက မှန်နေတာတွေ့ရတယ်၊ ဘာဖြစ်လို့သူခိုးက တခြားအဖိုးတန်ရွှေထည်ပစ္စည်းတွေကိုမယူပဲ ရုပ်ပွားတော်တစ်ဆူထဲကိုရွေးခိုးသွားရတာလဲ၊ဒါကျွန်တော့်အတွေးကိုပြောတာနော်၊ အဲဒီအတွေးသာမှန်ရင် ဒီမတ်ရပ်ရုပ်ပွားတော်ကို ဦးသန်းဒွေးကိုယ်တိုင် မတော်မတရားကြံစည်ပြီး ရယူထားတာဖြစ်ရမယ်၊ ဒါ့ကြောင့် မူလပိုင်ရှင်က ပြန်ခိုး - အဲလေ - ပြန်ယူသွားတာဖြစ်ရမယ်၊ ဦးသန်းဒွေးကို သတ်မသွားတာ ကံကောင်းတယ်လို့ဆိုရမယ်"

"အင်း - မင်းတွေးတာလည်းဖြစ်နိုင်ပါတယ်၊ လူတွေကလောဘကိုမှမသတ်နိုင်တာ၊ မင်းဘာဆက်လုပ်မယ်လို့စိတ်ကူးထားလဲ"

"ဦးသန်းဒွေးဟာ ကျွန်တော်တွေးထားသလို သူများအပ်ထားတဲ့ ရွှေထည်ပစ္စည်းတွေကို ဖြောင်ထားတာမှန်ရင် ဘယ်နည်းနဲ့မှအပြင်ကိုပြန်ထုတ်ရောင်းမှာမဟုတ်သေးဘူး - အစ်ကိုဟာဒီ၊ လုံခြုံတဲ့နေရာမှာ သိမ်းထားလိမ့်မယ်၊ အခြေအနေကိုစောင့်ကြည့်နေမှာသေချာတယ်၊ ဦးသန်းဒွေးဖြောင်ထားတဲ့ ရွှေထည်ပစ္စည်းတွေအပြင်ထွက်လာမှမတ်ရပ်ရုပ်ပွားတော်ကို ဘယ်သူခိုးသွားလဲဆိုတာ ပေါ်လာမှာဗျ၊ မတ်ရပ်ရုပ်ပွားတော်ကို ခိုးသွားတဲ့သူကိုဦးသန်းဒွေးသိကိုသိရမယ်ဗျ၊ ဦးသန်းဒွေးကတော့ ရုပ်ပွားတော်ကိုခိုးသွားတဲ့ သူခိုးကို ဖမ်းမိစေချင်မှာမဟုတ်ဘူး - အစ်ကိုဟာဒီ"

"ဘာဖြစ်လို့လဲကွ"

"ရုပ်ပွားတော်ခိုးသွားတဲ့သူခိုးကိုမိရင်သူဖြောင်ထားတဲ့ရွှေထည်တွေကိစ္စက ပေါ်တော့မှာလေ၊ သူခိုးက ရုပ်ပွားတော်ကလွှဲပြီး တခြားရွှေထည်ပစ္စည်းတွေကို မခိုးပါဘူးလို့ ထွက်ဆိုရင် ဘာတတ်နိုင်တော့မှာလဲဗျာ၊ အဲဒီတော့ ကျွန်တော်တို့က ဦးသန်းဒွေးလှုပ်ရှားမှုကို စောင့်ကြည့်နေရတော့မှာပဲ"

ဗိုလ်နာအုပ်ကြီးက သဘောတူသည့်အနေဖြင့် ခေါင်းညိတ်ပြလိုက်လေတော့၏။

ဦးသန်းဒွေး၏ ရှေးဟောင်းပစ္စည်းရောင်းဝယ်ရေးဆိုင် ဖောက်ထွင်းခိုးယူခံရသည်မှာ ယနေ့ဆိုလျှင် တစ်ပါတ်တင်းတင်းပြည့်လေပြီ၊ တရားခံမဆိုထားနှင့် ခိုးမှုနှင့်ပတ်သက်သည့်သတင်းအစအနပင် မရ၊ မြို့ပေါ်မှ နာမည်ကြီးစာရင်းဝင်သူခိုးများကလည်း စုံထောက်ဝီလီသိန်းကို ကူညီ၍ စုံစမ်းပေးကြလေ၏၊ သူတို့ပေးသည့်သတင်းက မြို့ခံသူခိုးများလက်ချက်မဟုတ် တခြားမြို့ရွာမှ နယ်ကျော်၍ ခိုးယူခြင်းဖြစ်ကြောင်းပင်၊

စုံထောက်ဝီလီသိန်းကိုယ်တိုင် ရွှေထည်ပစ္စည်းရောင်းဝယ်သည့်ဆိုင်များနှင့် ခိုးယူလာသည့်ရွှေထည်ပစ္စည်းများကိုထုခွဲရောင်းချပေးလေ့ရှိသည့်သူများကိုလည်း အခိုးခံထားရသည့်ရွှေထည်ပစ္စည်းများ လာရောက်ရောင်းချပါက ဂါတ်သို့ လာရောက်သတင်းပေးရန် အကူအညီတောင်းခံထားပါသော်လည်း အကြောင်းမထူး၊

ယနေ့လည်း ဗိုလ်နာအုပ်ကြီးဦးဟာဒီ၏ရုံးခန်းထဲတွင် စုံထောက်ဝီလီသိန်း၊ စာသင်ကြီး ဦးဖိုးဟိန်း၊ ဂါတ်စာရေးကိုမေးဆင်တို့ရောက်ရှိနေကြလေသည်၊ ဦးသန်းဒွေး၏ရှေးဟောင်းပစ္စည်းရောင်းဝယ်ရေးဆိုင် ဖောက်ထွင်းခံရမှုနှင့်ပတ်သက်ပြီး ပြောဆိုနေကြခြင်းဖြစ်လေ၏၊

"မင်းပြောသလို သူတစ်ပါးအပ်ထားတဲ့ ရှေးဟောင်းရွှေထည်ပစ္စည်းတွေကို ဦးသန်းဒွေးကိုယ်တိုင်ဖြောင်ထားတာဆိုရင်တော့ တော်တော်နဲ့ ထုတ်ရောင်းမှာမဟုတ်ဘူးကွ၊ ပိုင်လောက်တဲ့အချိန်ရောက်မှ ထုတ်မှာသေချာတယ်၊ ဒါမှ

www.burmeseclassic.com

မဟုတ် အရည်ကျိုပြီးမှ ရောင်းလိုက်ရင် အခက်ကွ”

ဗ္ဗာနာအုပ်ကြီးက သူ့တွေးမိသမျှ ပြောလိုက်ခြင်းဖြစ်သည်။

“အဲဒါတော့ လုပ်မှာမဟုတ်ဘူးဗျ။ အရည်ကျိုလိုက်ရင် ရွှေပေါင်းပစ္စည်း တန်ဖိုးကမရှိတော့ဘူးလေ။ ရိုးရိုးရွှေဈေးပဲ ရတော့မှာပေါ့၊ ဦးသန်းဧဒွေးက ရွှေပေါင်းပစ္စည်းရောင်းဝယ်တဲ့သူဆိုတော့ သမိုင်းတန်ဖိုးကို နားလည်တယ်။ မိုက်မိုက်မဲမဲ အရည်ကျိုတဲ့အလုပ်ကိုတော့ လုပ်မှာမဟုတ်ပါဘူး – အစ်ကိုဟာဒီ၊ ဒီအတွက်တော့ မပူပါနဲ့”

ထိုစဉ်အစောင့်တာဝန်ကျနေသော ပုလိပ်ကလေးသံဘီးကဖြောင်းခနဲမြည်ရုံ ရပ်၍ သတိအနေအထားဖြင့် သတင်းပို့လာသည်။ သူ့နောက်တွင်အသက်လေးဆယ်ခန့် အသားညိုညို၊ ပုပုဝဝလူတစ်ယောက် ရပ်နေသည်ကို စုံထောက်ဝီလီသိန်း တွေ့လိုက်ရသည်။

“ဗ္ဗာနာအုပ်ကြီးနဲ့ တွေ့ခွင့်တောင်းနေပါတယ်”

ဗ္ဗာနာအုပ်ကြီးက အထဲဝင်လာရန် ခေါ်လိုက်သည်၊

“ကျွန်တော့်နာမည် ဦးငွေထွန်းပါ။ ဦးသန်းဧဒွေးတို့အိမ်ရဲ့ခေါင်းရင်းက အိမ်မှာ နေပါတယ်။ အခုမနက် ကိုးနာရီလောက်မှာ ဦးသန်းဧဒွေးအိမ်ထဲက ဆူဆူညံညံနဲ့ အော်ဟစ်ပြောဆိုနေတဲ့အသံတွေထွက်လာပါတယ်၊ ပြီးတော့ – ဦးသန်းဧဒွေးရဲ့ ကြောက်လန့်တကြားအော်သံတွေထွက်လာတာနဲ့ ရပ်ကွက်ထဲက လူကြီးလူငယ်တွေ ဦးသန်းဧဒွေးအိမ်ကို ဝိုင်းထားလိုက်ကြပါတယ်၊ ဘယ်သူမှလည်း အိမ်ထဲကို ဝင်မကြည့်ရဲကြတာနဲ့ အခုလို ဗ္ဗာနာအုပ်ကြီးတို့ကို လာအကြောင်းကြားတာပါ ခင်ဗျာ”

ဦးငွေထွန်းပုံစံက ပျာယာခတ်နေသည်၊

“အိမ်ထဲက ဘယ်သူမှထွက်လာတာ မတွေ့ရဘူးလား”

“ဟုတ်ကဲ့ – ထွက်လာတာ မတွေ့ဘူး။ ထွက်လာရင်လည်း ဝိုင်းဖမ်းဖို့စီစဉ်ထားခဲ့ပါတယ်”



စုံထောက်ဝီလီသိန်းက ဗ္ဗာနာအုပ်ကြီး၏အလုပ်စားပွဲနောက်နံရံတွင် ချိတ်ထားသော ဂျစ်ကားသော့ကို ဖြုတ်ယူလိုက်ပြီး –

“လာ – ကိုငွေထွန်း – ကျွန်တော်တို့နဲ့လိုက်ခဲ့”

အသံပေါင်းစုံထွက်နေသော ဂျစ်ကားလေးပေါ်တွင် ဗ္ဗာနာအုပ်ကြီး၊ စာသင်ကြီးနှင့်ဦးငွေထွန်း၊ ပုလိပ်သားရာဂျီ တို့ လိုက်ပါလာပြီး စုံထောက်ဝီလီသိန်း ကိုယ်တိုင် ကားမောင်းလာလေ၏။ ဦးသန်းဧဒွေး အိမ်ပတ်လည်တွင် တုတ်၊ ဓား၊ လက်နက်ကိုင်ဆောင်ထားသော လူအုပ်ကြီးကို တွေ့လိုက်ရလေသည်။ စုံထောက်ဝီလီသိန်းနှင့် ဗ္ဗာနာအုပ်ကြီး တို့က ကားပေါ်မှ အရင်ဆုံးဆင်းလိုက်သည်၊ နောက်မှ စာသင်ကြီး၊ ဦးငွေထွန်း နှင့် ပုလိပ်သားရာဂျီတို့က ဆင်းလိုက်သည်၊ ဦးသန်းဧဒွေးနေထိုင်သောတိုက်ခံ ပျဉ်ထောင်အိမ်လေးထဲမှ မည်သည့် အသံမျှမကြားရ၊ ငြိမ်သက်တိတ်ဆိတ်လို့နေသည်၊

“ဦးသန်းဧဒွေး – ဦးသန်းဧဒွေး”

စုံထောက်ဝီလီသိန်းတို့နှင့် အတူပါလာသော ကိုငွေထွန်းက လှမ်းခေါ်လိုက်သည်၊

ပြန်ထူးသံက ထွက်မလာ၊ နောက်တစ်ကြိမ် အသံမြှင့်၍ ခေါ်လိုက်သည်၊ သည်တော့မှ အသံထွက်လာသည်၊

“ဝင်လာခဲ့ကြပါ ခင်ဗျား”

“ဦးသန်းဧဒွေးအသံ မဟုတ်ဘူးဗျ”

ဦးငွေထွန်းကလေသံဖြင့်ပြောလိုက်၏။ စုံထောက်ဝီလီသိန်းက ခါးမှရိုတ်ထားသော သေနတ်ကို ဆွဲထုတ်လိုက်ပြီး အိမ်ထဲသို့ အရင်ဆုံးဝင်လိုက်သည်။ ဦးသန်းဧဒွေး၏အလုပ်စားပွဲ နောက်ကုလားထိုင်တစ်လုံးတွင် လူငယ်တစ်ယောက် ထိုင်နေသည်ကို တွေ့လိုက်ရလေသည်၊ လူငယ်က သူ၏လက်နှစ်ဖက်ကို စားပွဲပေါ်သို့တင်ထားသည်၊ စာသင်ကြီးဦးမိုးဟိန်းက ပြတင်းပေါက်တံခါးကို သွားဖွင့်လိုက်သည်၊ အန္တရာယ်ပြုမည့်ပုံ မတွေ့ရသောကြောင့် သေနတ်ကို ပြန်သိမ်းလိုက်ပြီးဦးသန်းဧဒွေးကိုမျက်လုံးကစား၍



www.burmeseclassic.com

www.burmeseclassic.com

ရှာကြည့်လိုက်သည်။ ကုလားထိုင်တွင် ကုန်ကြီးရရထိုင်နေသောလူငယ်က အကင်းပါးစွာဖြင့် "ခင်ဗျား ဦးသန်းဌေးကို ရှာနေတာလား၊ ဟော-ဟိုမှာ" ဟု လက်ညှိုးညွှန်၍ပြလိုက်သည်။ မျက်နှာတစ်ခုလုံး ဖူးရောင်နေပြီး သွေးများဖြင့် ဖုံးလွှမ်းနေသည့် ဦးသန်းဌေးကို မှန်ဗီရိုရှေ့နားတွင်လဲကျနေသည်ကိုတွေ့လိုက်ရလေတော့သည်။

"မင်းက ဘယ်သူလဲ၊ ဦးသန်းဌေးနဲ့ ဘာပြဿနာရှိခဲ့လဲ"

အသားဖြူဖြူ၊ ရုပ်ချောချောနှင့် လူငယ်လေးကို စေ့စေ့ကြည့်၍ စုံထောက်ဝီလီသိန်းက မေးလိုက်သည်။

"နောင်ကြီး-ရှေ့ကကုလားထိုင်မှာ အရင်ထိုင်ပါဦးဗျာ"

လူငယ်ကအကြောက်အရွံ့မရှိပြော လာသည်၊ စုံထောက်ဝီလီသိန်းက လူငယ်နှင့်မျက်နှာချင်းဆိုင်တွင်ဝင်ထိုင် လိုက်သည်။ ပြီးတော့-လူငယ်ကို သဘောကျစွာ ပြုံး၍ကြည့်နေလိုက်သည်။

"မသေပါဘူး ခင်ဗျ၊ မှတ်လောက်သားလောက်ရှိအောင် ဆုံးမထားတာပါ"

လဲကျနေသော ဦးသန်းဌေးကို စမ်းသပ်ကြည့်နေသော ဌာနာအုပ်ကြီးနှင့် စာသင်ကြီးကိုကြည့်၍ လူငယ်က ပြောလိုက်ခြင်းဖြစ်သည်၊

"ဘာဖြစ်လို့ အခုလိုလုပ်ရတာလဲကွာ"

"သူ့မိုးက လူ့လူ့ ဟစ်တာကိုးဗျ"

"တို့နားလည်အောင် ရှင်းပြစမ်းပါဦး"

ဌာနာအုပ်ကြီးက ဝင်မေးလိုက်သည်။

"ဟုတ်ကဲ့၊ ကျွန်တော် ရှင်းပြပါ့မယ်၊ ဒီဇာတ်လမ်းကိုစခဲ့တဲ့သူက ဦးသန်းဌေး အမည်ခံထားတဲ့ ဦးသောင်းအေးပါ၊ ကျွန်တော့်နာမည်က ကျော်စွာပါ၊ မိသားစုလေးယောက်ရှိပါတယ်၊ အဖေက ဦးမောင်မောင်ကြီး၊ အမေက ဒေါ်သီတာပါ၊ ကျွန်တော်တို့မိသားစုသုံးယောက်ကို အုပ်ထိန်းသူက အဘွား ဒေါ်တင်မကြီးပါ၊ ကျွန်တော်တို့မိသားစု မျိုးရိုးက ကုန်းဘောင်ခေတ်က စစ်သူကြီး ဗလကျော်ဇေါင်ရဲ့မျိုးဆက်တွေပါ၊ ကျွန်တော့်ရဲ့ အဘွားမှာ စစ်သူကြီး ဗလကျော်ဇေါင် ကိုးကွယ်ပူဇော်တဲ့ မတ်ရပ်ရုပ်ပွားတော်တစ်ဆူနဲ့ စစ်သူကြီးကိုယ်တိုင် စစ်ထွက်တဲ့အခါ အမြဲဆောင်လေ့ရှိတဲ့ဓားအိမ်ပပါတဲ့ ဓားမြှောင်တစ်လက် ရှိပါတယ်၊ မတ်ရပ်ရုပ်ပွားတော်ရဲ့ နဖူးသင်းကျစ်တော်မှာ ရွှေးစေ့လောက်ရှိတဲ့ ပတ္တမြားတစ်လုံး မြှုပ်နှံထားပါတယ်၊ ဓားမြှောင်လက်ကိုင်နဲ့ ဓားအိမ်မှာ အဖိုးတန်ကျောက်မျက်ရတနာတွေနဲ့ စီခြယ်ထားပါတယ်၊ မတ်ရပ်ရုပ်ပွားတော်ကိုတော့ ကြေးနဲ့ သွန်းလုပ်ထားပါတယ်"

"မတ်ရပ်ရုပ်ပွားတော်က ဘယ်လောက်ကြီးလဲ"

စုံထောက်ဝီလီသိန်းက ကြားဖြတ်ပြီးမေးလိုက်သည်။

"ကိုးလက်မတိတိ ရှိပါတယ်၊ အဲဒီရုပ်ပွားတော်နဲ့ ဓားမြှောင်ကို ကျွန်တော်တို့ဆွေစဉ်မျိုးဆက်ဆက်ထိန်းသိမ်းလာခဲ့တာပါ၊ အဘွားက နှစ်စဉ်နှစ်တိုင်း တန်ခူးလရောက်ရင် ရုပ်ပွားတော်ကို လူအများ ပူဇော်နိုင်အောင် စံအိမ်တော်ရှေ့မှာ မဏ္ဍပ်ထိုးပြီး ပြထားလေ့ရှိပါတယ်၊ ကျန်တဲ့အချိန်တွေမှာတော့ စံအိမ်တော်ပေါ်က ဘုရားကျောင်းဆောင်မှာပဲ ပူဇော်ထားပါတယ်"

"နေပါဦးကွဲ့-မောင်ကျော်စွာတို့က ဘယ်မှာနေတာလဲ"

ဌာနာအုပ်ကြီးက မေးလိုက်သည်၊

"စစ်ကိုင်းနဲ့ မုံရွာကြားက ရွာမှာနေပါတယ်၊ လွန်ခဲ့တဲ့တစ်နှစ်ကျော်လောက်က ကျွန်တော်တို့မိသားစုနေတဲ့ စံအိမ်တော်ကို ဦးသောင်းအေးဆိုတဲ့လူတစ်ယောက်ရောက်လာပြီး ဆွေစဉ်မျိုးဆက်ကိုးကွယ်လာတဲ့မတ်ရပ်ရုပ်ပွားတော်ကို ဖူးမြော်ကြည်ညိုခွင့်ပေးဖို့ ပြောလာတယ်၊ ဖွားတော်-အဲ-ကျွန်တော်က အဘွားကို ဖွားတော်လို့ခေါ်ပါတယ်၊ ဖွားတော်က ဖူးမျှော်ကြည်ညိုချင်တယ် ဆိုတော့ စံအိမ်တော်အပေါ်ထပ်မှာရှိတဲ့ဘုရားခန်းထဲ ခေါ်သွားပြီး ပူဇော်ခွင့်ပေးလိုက်





www.burmeseclassic.com

www.burmeseclassic.com

တယ်၊ အဲဒီအချိန်တုန်းက အဖေလည်း ရှိနေပါတယ်။ ဦးသောင်းအေးကမတ်ရပ်ရုပ်ပွားတော်ကိုသေသေချာချာကြည့်ပြီး "တော်တော်ကြည်ညိုတယ်ဗျာ" လို့ပြောလိုက်ပါတယ်။ အဖေက "မတ်ရပ်ရုပ်ပွား ရှိတယ်ဆိုတာ ဘယ်လိုသိလာတာလဲ" လို့ မေးလိုက်တော့ ဦးသောင်းအေးက ဖွားတော်ကိုကြည့်ပြီး –

"အဘွားရယ် – အဘွားတို့က တစ်နှစ်တစ်ခါမတ်ရပ်ရုပ်ပွားတော်ကိုအများပူဇော်နိုင်အောင် ခွင့်ပြုပေးနေတာ တစ်နယ်လုံးသိနေတာပဲဗျာ။ ပြီးတော့တန်ခိုးကြီးကြောင်း၊ ဆုတောင်းပြည့်ကြောင်း ပူဇော်ဖူးတဲ့သူတိုင်းကပြောနေကြတာ – အဘွားရဲ့ ဒီသတင်းကြားတာ ကြာပါပြီ။ အခုမှ လမ်းကြုံလို့ပူဇော်ခွင့်တောင်းတာပါခင်ဗျား"

လို့ ပြန်ဖြေလိုက်တယ်။ ပြီးတော့ ဖွားတော်ကိုဘုရားသမိုင်းအကြောင်းကို မေးတော့တာပါပဲ။ ဖွားတော်က ကုန်းဘောင်ခေတ်စစ်သူကြီးဝလကျော်ခေါင်ကိုး[illegible]ယ်လာတဲ့ရုပ်ပွားတော်ဖြစ်ကြောင်း နဲ့ဆွေစဉ်မျိုးဆက်လက်ဆင့်ကမ်းအမွေအဖြစ် ထိန်းသိမ်းစောင့်ရှောက်လာတဲ့ အကြောင်း ပြောပြလိုက်တယ်၊ အဲဒီအချိန်တုန်းကစံအိမ်တော်မှာကျွန်တော်က ရှိမနေဘူး။ ဒါပေမဲ့ – ဦးသောင်းအေး စံအိမ်တော်ကအထွက်မှာ ကျွန်တော် သူ့ကိုတွေ့လိုက်ရပါတယ်၊ တိုတိုပြောရရင်တော့ ဦးသောင်းအေးပြန်သွားပြီး သုံးရက်လောက်ရှိတော့ စံအိမ်တော်အပေါ်ထပ် ဘုရားခန်းထဲမှာ ပူဇော်ထားတဲ့ဆွေစဉ်မျိုးဆက်ထိန်းသိမ်းစောင့်ရှောက်ကိုးကွယ်လာတဲ့ မတ်ရပ်ရုပ်ပွားတော်ဟာ ပျောက်သွားတယ်၊ အမိုးခံလိုက်ရတယ်၊ ဖွားတော်လည်း စိတ်သောကရောက်သွားပြီး –

"သား – မောင်မောင်ကြီး – မေမေရဲ့ ဘေးတော်၊ ဘိုးတော်တွေ ထိန်းသိမ်းစောင့်ရှောက်ကိုးကွယ်လာတဲ့ မတ်ရပ်ရုပ်ပွားတော်ဟာမေမေ့လက်ထက်ရောက်မှပျောက်ဆုံးသွားတယ်ဆိုရင်မေမေညှိုးရာရောက်သွားလိမ့်မယ်၊ တွေ့အောင်ရှာစမ်း"

ဖွားတော်ဟာ ဖေဖေ့ကို နှိုင်းတော့တာပါပဲ။

"ဖွားတော်ရယ် – ဖေဖေကအသက်ကြီးနေပါပြီ၊ မြေးလေးတွေ့အောင်ရှာပါ့မယ်"

လို့ပြောပြီး ဖေဖေရယ်၊ ဖွားတော်နဲ့ကျွန်တော်တို့သုံးယောက်ဘယ်သူခိုးနိုင်သလဲဆိုတာ တိုင်ပင်ကြတော့ အဖြေက တစ်ခုပဲထွက်လာတယ်၊ နောက်ဆုံး ပူဇော်ခွင့်တောင်းတဲ့ ဦးသောင်းအေးဆိုတဲ့လူကြီးကို သွားတွေ့လိုက်ရတယ်။

"ဦးသောင်းအေးဆိုတာ ဟုတ်ပါပြီ – ဘယ်ကလာလို့ ဘယ်မှာနေမှန်းမသိတာ"

ကျွန်တော်က ခေါင်းကို လက်နဲ့ ကုတ်ရင်း ပြောလိုက်မိတယ်။

"မပူနဲ့ – ငါ့သား၊ ဦးသောင်းအေးပြန်မယ်လုပ်တော့သူ့ကိုဘယ်မှာနေတာလဲလို့ မေးလိုက်မိတယ်၊ ရန်ကုန်မြို့ဗိုလ်တထောင်မှာနေတယ်။ ရှေးဟောင်းပစ္စည်းဆိုင်ဖွင့်ထားတဲ့ ဦးသောင်းအေးဆိုရင် ဗိုလ်တထောင်မှာ မသိသူမရှိဘူးလို့ ပြောသွားတယ် – သား"

"ဖေဖေရယ် – သူခိုးက သူ့လိပ်စာအမှန်ကို ပြောပါ့မလား"

"ဟဲ့ မြေးလေးရဲ့ – သူ့လိပ်စာအမှန်ပြောတာဖြစ်မယ်ကွဲ့၊ နောက်မှ မတော်လောဘစိတ်က သူ့စိတ်ကိုအနိုင်ယူသွားတာဖြစ်မယ်။ ရှေးဟောင်းရုပ်ပွားတော်ဆိုတော့ လိုချင်တပ်မက်တဲ့စိတ်က များသွားပြီး ဘာမှမစဉ်းစားတော့ဘဲ ခိုးသွားတာနေမှာကွဲ့"

ဖွားတော်က သူ့အယူအဆကို ဝင်ပြောလိုက်တယ်၊ ဖွားတော်ပြောတာဖြစ်နိုင်ချေရှိတာမို့ ကျွန်တော်တို့သားအဖ ဖွားတော်စကားကို လက်ခံလိုက်တယ်၊ ဖွားတော်က မတွေ့တွေ့အောင်ရှာပြီး ရုပ်ပွားတော်ကို ပြန်ယူခဲ့ရမယ်ဆိုပြီး ငွေကြေးအလုံအလောက် ထုတ်ပေးတာနဲ့ ကျွန်တော် ရန်ကုန်ဆိုတဲ့မြို့ကြီးကို အရောက်သွားခဲ့တယ်၊ ဗိုလ်တထောင်ရောက်တော့ ရှေးဟောင်းပစ္စည်းရောင်းတဲ့ဦးသောင်းအေးဆိုတာဗိုလ်တထောင်လမ်းထဲကဦးစန်းမြင့်တိုက်အောက်ထပ်ကိုငှားပြီး ဆိုင်ဖွင့်ထားတယ်လို့ပြောလိုက်ကြတယ်၊ ဦးစန်းမြင့်တိုက်ရောက်




www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားကို ဘွားတော်က မသက်ာလို့ စုံစမ်းရှာဖွေခိုင်းတဲ့ အကြောင်း နောက်ဆုံး ပခုက္ကူမြို့မှာ ဦးသောင်းအေးကနေပြီး ဦးသန်းဌေးအဖြစ်နဲ့ ပြန်ပြီးတွေ့တာ ဖြစ်ကြောင်း အခြေအတင်ပြောတဲ့ အထိ ဖြစ်လာခဲ့တယ်။ သူကလည်း ဝန်မခံတဲ့အပြင် ကျွန်တော့်ကို ပြန်အော်တယ်။ ပုလိပ်ကို ခေါ်ပြီး ဖမ်းခိုင်းမယ်လို့လည်း ပြောတယ်။



လို့ စုံစမ်းလိုက်တော့ ပြောင်းသွားပြီလို့ ပြောပြန်ရော၊ ဒါနဲ့ – တိုက်ခန်းပိုင်ရှင် ဦးစန်းမြင့်ကို ဘယ်ပြောင်းသွားတာလဲ မေးလိုက်တော့ ပခုက္ကူမြို့ကိုလို့ ပြောပြလိုက်တယ်၊ ဒါနဲ့ – မိုလ်တထောင်ဆိပ်ကမ်းက ထွက်တဲ့ မင်းကြီးလို့နာမည်ပေးထားတဲ့ အညာဆန် သင်္ဘောကြီးက ပခုက္ကူကို ရောက်တယ်ဆိုတာနဲ့ အဲဒီ သင်္ဘောကြီးနဲ့ လိုက်ရတော့တာပေါ့ဗျာ၊ သင်္ဘောနဲ့ဆိုတော့ အချိန်ကုန်ပေမဲ့ ကျွန်တော့် အတွက် အကျိုးရှိပါတယ်၊ ဒီသင်္ဘောကြီးပေါ်မှာပါလာတဲ့ ပခုက္ကူမြို့က ကုန်သည်တစ်ယောက်နဲ့ ရင်းနှီးသွားပြီး ပခုက္ကူမြို့အကြောင်းမေးရင်းနဲ့ မသိမသာနဲ့ဦးသောင်းအေးအကြောင်းစုံစမ်းရတာပေါ့ဗျာ၊

"ပခုက္ကူမှာ ဦးသောင်းအေးဆိုတာတော့ မရှိဘူးကွ၊ ရေးပေါင်းပစ္စည်းအရောင်းအဝယ်လုပ်တဲ့ ဦးသန်းဌေးဆိုတာပဲရှိတယ်၊ အောင်မင်္ဂလာလမ်းထဲမှာ နေတယ်၊ သူကအိမ်က တိုက်စံပျဉ်ထောင်အိမ်ကွ၊ အောက်ထပ်ကို ရေးပေါင်းပစ္စည်းဆိုင် ဖွင့်ထားတယ်"

ကျွန်တော် တွေ့ချင်တဲ့ သူက ဦးသောင်းအေး၊ ကုန်သည်ပြောတဲ့လူက ဦးသန်းဌေး၊ ဦးသောင်းအေး မဟုတ်ရင်တော့ လမ်းစပျောက်လေပြီ၊ ကျွန်တော် စဉ်းစားကြည့်မိတယ်ဗျ၊ ဦးသောင်းအေးကနေဦးသန်းဌေးလို့နာမည်ပြောင်းထားတာ မဖြစ်နိုင်ဘူးလားလို့ပေါ့၊ ကျွန်တော် ဆုံးဖြတ်ချက်တစ်ခုချလိုက်မိတယ်၊ ဘာပဲဖြစ်ဖြစ် ဦးသန်းဌေးကို သွားတွေ့ပြီး ဦးသောင်းအေး ဟုတ်၊ မဟုတ် ကြည့်ရမယ်ပေါ့ဗျာ၊ ပခုက္ကူမြို့ရောက်တော့ မိုးချုပ်နေပြီ၊ ဈေးနားက ထမင်းဆိုင်မှာ ညစာစားပြီး ဘုန်းကြီးကျောင်းဝိုင်းတစ်ခုထဲမှာရှိတဲ့ ဇရပ်ပေါ်တက်ပြီး ညအိပ်လိုက်တယ်၊ နောက်တစ်နေ့ရောက်တော့ ဦးသန်းဌေးရဲ့ရေးပေါင်းပစ္စည်းရောင်းတဲ့ဆိုင်ကိုလိုက်ရှာလိုက်တယ်၊ ကုန်သည်ပြောတဲ့အတိုင်းပါပဲ၊ နှစ်ထပ်ပျဉ်ထောင်အိမ်တစ်လုံးရဲ့အောက်ထပ်မှာ ဆိုင်ခန်းဖွင့်ထားတာကို တွေ့လိုက်ရတယ်၊ ဆိုင်ကိုတော့ တွေ့ပြီပေါ့ဗျာ၊ ဦးသန်းဌေးဆိုတာ ဦးသောင်းအေး ဟုတ်၊ မဟုတ် ကြည့်ရတော့မယ်"

"မိတ်ဆွေလေး – ဘာလိုချင်လို့လဲ ရောင်းဖို့လား – ဝယ်ဖို့လား"

ဆိုင်ထဲဝင်လာတဲ့ ကျွန်တော့်ကို မေးလိုက်တဲ့သူကတော့ ဦးသန်းဌေးတဖြစ်လဲ ဦးသောင်းအေးဆိုတာကို သိလိုက်ရပါတယ်၊ သူက နာမည်ပြောင်းထားတာကိုး၊ ဒီနေရာမှာ ဖွားတော်ကြီးရဲ့ အမြော်အမြင်ကြီးမားပုံကို တွေ့လိုက်ရပါတယ်၊ ကျွန်တော် ဦးသောင်းအေး နောက်ကိုလိုက်မယ်ဆိုတော့ ဖွားတော်က ဓားမြှောင်တစ်ချောင်း ပေးလိုက်တယ်၊ ဓားအိမ်နဲ့ ဓားရိုးမှာ အဖိုးတန်ကျောက်မျက်ရတနာတွေ စီခြယ်ထားတဲ့ ရှေးဟောင်းဓားတစ်လက်ပါ၊

"ဦးသောင်းအေးနဲ့တွေ့ရင် ဒီဓားက မြေးလေးအတွက်အသုံးဝင်ပါလိမ့်မယ်၊ ဒီဓားက စစ်သူကြီး ဗလကျော်ဂေါင်ရဲ့ ကိုယ်နဲ့မကွာ၊ အမြဲဆောင်ထားတဲ့ဓားကွဲ့"

ဓားမြှောင်ကိုပေးရင်း ဘွားတော်က ပြောလိုက်တာပါ၊ ကျွန်တော်က လွယ်အိတ်ထဲမှာထည့်ယူလာတဲ့ဓားမြှောင်ကို ထုတ်ပြပြီး ရောင်းချင်တဲ့အကြောင်း

www.burmeseclassic.com

ပြောလိုက်တာပေါ့။ ဦးသောင်းအေးခေါ် ဦးသန်းဌေးက မားကို ယူကြည့်နေတဲ့ အချိန်မှာ ကျွန်တော်က မျက်လုံးကို အနားမပေးဘဲဆိုင်ထဲကိုလျှောက်ကြည့် လိုက်တော့ စံအိမ်တော်က ပျောက်သွားတဲ့ မတ်ရပ်ရုပ်ပွားတော်ကိုမှန်ဗီရိုတစ်ခု ထဲမှာ တွေ့လိုက်ရပါတယ်။ ကျွန်တော် အရမ်းဝမ်းသာသွားတယ်။ ဒီအချိန်မှာပဲ ဦးသန်းဌေးက မားဖြောင်ကိုမတန်တဆ ဈေးနဲ့ ဝယ်ပါတယ်။ ကျွန်တော်က စဉ်းစားပါရစေဦး။ ရောင်းမယ်ဆိုရင် မနက်ဖြန်ပြန်လာခဲ့ပါ့မယ်လို့ပြောပြီးညကအိပ်ခဲ့တဲ့ဇရပ်ကို ပြန်လာခဲ့ပါတယ်။ ရုပ်ပွားတော်ကို ဘယ်လိုပြန်ရအောင်လုပ်ရမလဲဆိုတာ စဉ်းစားနေမိတယ်။ နောက်ဆုံး သူ့နည်းနဲ့ သူ့ကို ပြန်လုပ်မယ်လို့ ဆုံးဖြတ်လိုက်ပြီး ညသန်းခေါင်ကျော်လောက်မှာ ဦးသန်းဌေးအိမ်ကို နောက်တစ်ခေါက် ပြန်သွားခဲ့တယ်။ အိမ်ထဲကို ဝင်ဖို့ လိုက်ကြည့်တော့ ဝင်လို့ရတာက ပြတင်းပေါက်ပဲ တွေ့လိုက်ရတယ်။ ပိတ်ထားတဲ့ပြတင်းပေါက်က ပျဉ်တစ်ချက်ကိုခွာပြီး တံခါးဖွင့်ပြီး ဝင်လိုက်တယ်။ ဦးသန်းဌေးကအပေါ်ထပ်မှာအိပ်နေတာဆိုတော့အသင့်ယူလာတဲ့ဖယောင်းတိုင်လေးကို မီးညှိပြီး မနက်က တွေ့ထားတဲ့ ဗီရိုထဲက ကျွန်တော်တို့မိသားစု ဆွေစဉ်မျိုးဆက် ကိုးကွယ်ခဲ့တဲ့ မတ်ရပ်ရုပ်ပွားတော်လေးကို ဦးချရှိခိုးပြီး ပြန်ယူလာပါတယ်။ ဖွားတော်လည်း သူကိုးကွယ်နေတဲ့ ရုပ်ပွားတော်လေး ပြန်ရလာလို့ ဝမ်းသာနေတာပေါ့ဗျာ။ မတ်ရပ်ရုပ်ပွားတော်လေးကို အမွှေးနံ့သာရည်တွေဖြန်းပြီး မှုလကိန်းဝပ်တဲ့ဘုရားဆောင်မှာ ပြန်ပူဇော်ထားလိုက်တယ်။

စုံထောက်ဝီလီသိန်းနှင့် ဌာနာအုပ်ကြီးတို့က စိတ်ဝင်စားစွာ နားထောင်နေကြသည်။

ဒါပေမဲ့ - ကျွန်တော့်မှာ ကြာကြာဝမ်းမသာနိုင်ပါဘူးဗျာ။ တစ်ပါတ်လောက်ရှိတော့ မတ်ရပ်ရုပ်ပွားတော်နဲ့ ရှေးဟောင်းရွှေထည်ပစ္စည်းတွေ အခိုးခံရတဲ့သတင်းပါတဲ့သတင်းစာကို ဖွားတော်ကြီးနဲ့ဖေဖေတို့ ဖတ်မိသွားပြီး ကျွန်တော့်ကိုခေါ်ပြီး -

"မင်း ဘာတွေလုပ်လာတာလဲ ကျော်စွာ။ ဘာဖြစ်လို့ သူတစ်ပါးပစ္စည်းကို ခိုးလာရတာလဲ၊ အဲဒီ့ပစ္စည်းတွေ ဘယ်မှာလဲ"

အဲဒီလိုမေးပြီး သတင်းစာထဲမှာပါတဲ့သတင်းကိုဖတ်ခိုင်းပါတယ်။ သတင်းစာကို ဖတ်လိုက်တော့မှ ကျွန်တော် မကျူးလွန်တဲ့အမှုကို ကျူးလွန်ပါတယ်ဆိုပြီး ရေးထားတာကို ဖတ်လိုက်ရပါတယ်။

"ဘွားတော် - ဖေဖေ - သတင်းစာထဲမှာပါတဲ့ရွှေထည်ပစ္စည်းတွေကို သားမယူခဲ့ဘူး။ သူတစ်ပါးဥစ္စာပစ္စည်းကိုငယ်ငယ်လေးထဲက စိတ်နဲ့တောင် မကြံရွယ်ခဲ့ဘူးဆိုတာ ဘွားတော်နဲ့ ဖေဖေတို့သိပါတယ်ဗျာ"

"ဒါဆို - ဘာလို့ - ရုပ်ပွားတော်နဲ့ အတူရွှေထည်ပစ္စည်းတွေခိုးယူခံရတယ်လို့ သတင်းစာထဲမှာ ပါလာရတာလဲ"

ဖေဖေ မျက်နှာဟာ ရှက်လို့ထင်ပါရဲ့ဗျာ - နီနေတာပဲ။

"ဒါတော့ - သား မသိဘူး - ဖေဖေ။ ဟိုသန်းဌေးဆိုတဲ့လူကြီး ကောက်ကျစ်တာပဲဖြစ်ရမယ်"

ကျွန်တော်က မတ်ရပ်ရုပ်ပွားတော်ကလွဲပြီးတခြားမည်သည့်ပစ္စည်းမှမယူခဲ့ကြောင်း ရှင်းပြလိုက်တော့ -

"မြေးလေး - မင်းတကယ်မယူခဲ့ဘူးဆိုတာ ဘွားတော်တို့ ယုံကြည်ပါတယ်။ ဒါပေမဲ့ - မြေးလေး - အဲဒီ့ကောင်ဆီ ပြန်သွားပြီး ဒီပြဿနာကို ရှင်းရမယ်၊ ကုန်းဘောင်ခေတ်စစ်သူကြီးဗလကျော်ခေါင်ရဲ့မျိုးဆက်တွေရဲ့သွေးထဲမှာ မဟုတ်မခံတဲ့စိတ်ရှိသလို လုပ်ရဲရင် ခံရဲတဲ့သတ္တိရှိတယ်ဆိုတာ မင်းပြခဲ့ရမယ်။ ငါတို့ဆွေတော်မျိုးတော်တွေဟာ သူခိုးမဟုတ်ဘူးဆိုတာရယ်၊ ဘယ်သူက သူခိုးဆိုတာ ငါ့မြေးလေး ပုလိပ်တွေကို ရှင်းပြခဲ့ - နားလည်လား"

အဲဒီလိုပြောပြီးပြန်လွှတ်လို့ပစ္စုပ္ပန်ကို နောက်တစ်ခေါက် ကျွန်တော် ပြန်ရောက်လာခဲ့ပါတယ်၊ ရောက်ရောက်ချင်း ဦးသန်းဌေးဆီကို တန်းသွားပြီး -

"ခင်ဗျားကျွန်တော်တို့ဆီကခိုးသွားတဲ့ရုပ်ပွားတော်တစ်ဆူကိုပဲ ပြန်ယူသွားတာဗျ။ ဘာလို့ တခြားရွှေထည်ပစ္စည်းတွေကိုပါခိုးသွားတယ်လို့ပုလိပ်ကိုသွားတိုင်ရတာလဲ"





www.burmeseclassic.com

www.burmeseclassic.com

ဒေါသဖြစ်ဖြစ်နဲ့ ပြောချင်တာတွေ ပြောချလိုက်မိတယ်။ ဦးသန်းဌေးက ဒေါသတကြီးနဲ့သူ့ဆိုင်ထဲဝင်လာပြီးပြောနေတဲ့ ကျွန်တော့်ကိုကြည့်ပြီး "မင်းက ဘယ်သူလဲ၊ ဘာတွေလာပြောနေတာလဲ" လို့ ပြန်မေးလာတော့တယ်။ ကျွန်တော်က စံအိမ်တော်ကို ဘုရားဖူးဖို့ ခွင့်တောင်းလာတဲ့ဦးသောင်းအေးကို ဖွားတော်က ဘုရားဖူးခွင့်ပေးပြီး သုံးရက်လောက်ရှိတော့ မတ်ရပ်ရုပ်ပွားတော် ပျောက်ဆုံးသွားကြောင်း၊ စံအိမ်တော်က ရုပ်ပွားတော်ကို ခင်ဗျားနောက်ဆုံးဖူးတဲ့ သူဖြစ်တဲ့အကြောင်း နောက်ဆုံးဖူးမြော်တဲ့ ခင်ဗျားကို ဖွားတော်က မသင်္ကာလို့ စုံစမ်းရှာဖွေခိုင်းတဲ့အကြောင်း နောက်ဆုံးပခုက္ကူမြို့မှာဦးသောင်းအေးကနေပြီး ဦးသန်းဌေးအဖြစ်နဲ့ ပြန်ပြီးတွေ့တာဖြစ်ကြောင်း အခြေအတင်ပြောတဲ့အထိဖြစ်လာခဲ့တယ်။ သူကလည်းဝန်မခံတဲ့အပြင် ကျွန်တော့်ကိုပြန်အော်တယ်။ ပုလိပ်ကို ခေါ်ပြီး ဖမ်းခိုင်းမယ်လို့လည်း ပြောတယ်။

"ဒါက ခိုးလို့ ခိုးတယ်ပြောတာကွ မင်းမခိုးဘူးလား"

"ဟုတ်တယ် ခိုးတယ်၊ ကျုပ်ခိုးတာက ခင်ဗျားကျုပ်တို့ဆီက ခိုးသွားတဲ့မတ်ရပ်ရုပ်ပွားတော်ကိုပဲ ပြန်ခိုးတာဗျ။ တခြားရွှေထည်ပစ္စည်းတွေကို လုံးဝမခိုးဘူး"

"မင်းမခိုးရင် ဒီရွှေထည်ပစ္စည်းတွေက ဘယ်ရောက်သွားလဲ"

"ဒါတော့ – ခင်ဗျားအသိဆုံးပေါ့ဗျာ"

ကျွန်တော့်စကားလည်းဆုံးရော ဦးသန်းဌေးဟာ စားပွဲပေါ်မှာရှိနေတဲ့ မျဉ်းလုံးနဲ့ ကောက်ရိုက်လိုက်တယ်။ အဲဒီမှာ ကျွန်တော် အသားနာလာတော့ ထိန်းထားတဲ့ဒေါသတွေ ပေါက်ကွဲသွားတာပေါ့ဗျာ။ ကျွန်တော် သတိထားမိလိုက်တော့ ဦးသန်းဌေးဟာ ဗီရိုရှေ့မှာ လဲကျနေပါပြီ၊ ကျော်စွာက တည်တည်ငြိမ်ငြိမ်နဲ့ ရှင်းပြသွားလေသည်။

"ညီလေးကျော်စွာ – မင်းတို့ပိုင်တဲ့ ရုပ်ပွားတော်ကိုပြန်ခိုးတာ မင်းမှားခဲ့တာပဲကွ။ ဦးသန်းဌေးဆီမှာရုပ်ပွားတော်တွေ့ပြီဆိုတာနဲ့ ဂါတ်ကို အကြောင်းကြားရမယ်။ မင်းတို့က အခိုးခံရတာလေ၊ ဂါတ်ကို လာအကြောင်းကြားရင် အခုလိုမျိုး ပြဿနာတွေမဖြစ်တော့ဘူးပေါ့။ ဥပဒေဘောင်ထဲက ဆောင်ရွက်မယ်ဆိုရင် အေးအေးချမ်းချမ်း ပြီးသွားမှာလေ"

စုံထောက်ဝီလီသိန်းက ရှင်းပြလိုက်သည်။

"ကျွန်တော့်အတွေးထဲမှာ ဆွေစဉ်မျိုးဆက်ကိုးကွယ်တဲ့ရုပ်ပွားတော်ကို ပြန်ရဖို့ပဲသိတယ်ဗျာ၊ ပုလိပ်ကိုတိုင်ပြီး ဥပဒေကြောင်းအရပြန်ယူဖို့ဆိုတာတွေးတောင်မတွေးမိပါဘူး၊ အခုတော့၊ မထင်မှတ်တာတွေ ဖြစ်လာတော့ ရင်ဆိုင်ရတော့မှာပေါ့"

"ဝီလီရေ – ဦးသန်းဌေး – သတိရလာပြီဟေ့"

ဌာနာအုပ်ကြီးက ပြောလိုက်သည်။

"ခင်ဗျားဘာပြောမလဲဦးသန်းဌေး။ မောင်ကျော်စွာက ခင်ဗျား ဂါတ်မှာ တိုင်ချက်ဖွင့်ထားတဲ့ ရွှေထည်ပစ္စည်းတွေကို သူ လုံးဝမယူဘူးလို့ ပြောနေတယ်၊ သူယူတာက မတ်ရပ်ရုပ်ပွားတော်တစ်ဆူထဲလို့အစစ်ခံထားတယ်။ ပြီးတော့ – အဲဒီ ရုပ်ပွားတော်ကလည်း ခင်ဗျား သူတို့ စံအိမ်တော်က ခိုးသွားတာလို့ ပြောနေတယ်။ လိုအပ်ရင် ခင်ဗျားဆိုင်ထဲမှာ ရှာဖွေဖို့ ဝရမ်းပါ ယူလာခဲ့တယ်နော်"

စုံထောက်ဝီလီသိန်းစကားဆုံးတော့ ဦးသန်းဌေးတစ်ယောက် မျက်လုံးပြူးသွားပြီး –

"ဟုတ်ပါတယ် – ရုပ်ပွားတော်ပြန်အခိုးခံရတော့ မတော်လောဘစိတ်တွေ ဝင်လာပြီး တစ်ပါးသူအပ်ထားတဲ့ ရှေးဟောင်းရွှေထည်ပစ္စည်းတွေကိုပါ အခိုးခံရပါတယ်ဆိုပြီး ရောကြိတ်လိုက်မိတာပါ။ ရွှေထည်ပစ္စည်းတွေအားလုံး ရှိပါတယ်၊ ကျွန်တော် ပြန်ပေးပါ့မယ်"

သည်တော့မှ ဌာနာအုပ်ကြီးဦးဟာဒီ၏ မျက်နှာပေါ်တွင် ကျေနပ်သည့် အပြုံးတစ်ချက် ဖြစ်ပေါ်လာလေတော့သည်။


◆ ကျော်အေးရွှေ



www.burmeseclassic.com


www.burmeseclassic.com

# နေ့ထွက် ဘုရင်မ




3 ဂုဏ် ရှေ့ မျှား



www.burmeseclassic.com

www.burmeseclassic.com

## တောထဲမှ ရိုင်းစိုင်းသော
## တောတိရစ္ဆာန်ဖြစ်သော်လည်း
## အဖော်ဖြစ်သူကို မေတ္တာအကြင်နာ
## သံယောဇဉ်ရှိတတ်၊
## ကြီးမားတတ်ပုံကို ..

**တော**ခေါင်းကြီး ဦးမြမောင် ဦးဆောင်သော သင်းသတ်မည့်အဖွဲ့ သားများသည် [illegible] တောအုပ်ကြီး ဦးခင်မောင သင်းသတ်အဖွဲ့သားများအား (STARTING-POINT)မြေပုံကိုအစိတ ထား၊ ကိုင်ဆောင်ရန် သတိပေးထားသဖြင့် ကျွန်ုပ်တို့အဖွဲ့သားများသည် ကိုယ်စီ ဆောင်ထားကြပါသည်၊ အတွေ့အကြုံ ရင့် တောခေါင်းကြီးလို ဝန်ထမ်းများ ပါရှိ နေသည့်အတွက် သင်းသတ်ရန်ကိစ္စ အတွက် မပူပင်ရ။

သစ်ပင်များ သင်းသတ်သည့်လုပ် ငန်းဆိုသည်မှာ ကျွန်းပင်သာမက အခြား သစ်ပင်များဖြစ်သည့် အင်၊ ကညင်၊ သက်န်း၊ ပိတောက်၊ ပျဉ်းကတိုး စသည် ဖြင့် အခြားသစ်တော်တော်များများကို လည်း သတ်၍ရပါသည်၊ ဥပမာအားဖြင့် ကျွန်းပင်ကို သင်းသတ်ရာတွင် မြေပြင်မှ အမြင့်ပေ (၆)လက်မကနေပြီး အပင်၏ အသားကုန်ပြီးအနှစ်သားပေါ်လာအောင် ရဲတင်း၊ ဓားဖြင့် ကျွန်းပင်တစ်ပင်လုံးရစ် တာကို သင်းသတ်သည်ဟု ခေါ်သည်။ သင်းသတ်ရခြင်းမှာ -

(၁) သဘာဝတောများကိုနှစ်(၃၀)ကြာ လျှင် တစ်ကြိမ်သင်းသတ်ခြင်းဖြင့် တောကွင်းမှာ ရှိနေသည့် သစ်ပင် များ၏အခြေအနေ အရပ်ရပ်နှင့် သစ်ပင်သစ်တောများ ပျက်စီးမှု၊ တိုးတက်မှုကို သိစေရန်၊

(၂) တောများကို တိုးတက်အောင် လိုအပ်သလို ပြုပြင်နိုင်ရန်၊

(၃) တောကွက်တစ်ကွက်မှာ ရှိသည့်၊ ချန်ထားသည့် အပင်စာရင်းကို တွက်ချက်၍ နှစ်စဉ် လိုအပ်သလို ထုတ်လုပ်နိုင်ရန်၊

(၄) သစ်ထုတ်လုပ်ရာတွင်ခြောက်သွေ့ ပေါ့ပါးပြီး ရေလမ်းမှ ဖောင်ဖွဲ့ထုတ် ယူနိုင်ရန်၊

(၅) သစ်လုံးမှခြောက်သွေ့အသားသေ နေပြီဖြစ်၍ချက်ချင်းခွဲစိတ်အသုံးပြု နိုင်ဖို့အစရှိသည့်အချက်၏အဓိက ကျသော အကြောင်းအရာများ ကြောင့် သင်းသတ်ရခြင်း၏ ရည် ရွယ်ချက်ပင် ဖြစ်သည်။

ထိုသို့သော အကြောင်းများဖြင့် တောခေါင်းကြီးတို့အဖွဲ့ ကျွန်းပင်များ တိုင်းတာရန် မှန်ထစ်ရန်၊ သင်းသတ်ရန်၊ ပီးကာကွယ်ရန်အတွက် အရှေ့ဘက် တောင်ရိုးစခန်းသို့ ရောက်ရှိနေကြပါ သည်။

"အူ - အူ - အူး"

"အူ - အူ - အူ - အူး"

တောင်ရိုးပေါ်မှ ညတစ်ည။

အဝေးရှိ မျှင်ဝါးတောင်ဘက်ဆီမှ တောကောင်ကြီးများ အစာရှာထွက်သံ၊ ကျားတစ်သံ၊ မျောက်မောင်းမခေါ်မျောက် လေဖွေများ တစ်ကောင်နှင့်တစ်ကောင် နေရာလှကိုက်ခဲကုတ်ခြစ်သံများ၊ ခွေးအ များ၏ အူသံများသည် တစ်ခါတစ်ရံ တောင်ရိုးဘက်သို့ ပျံ့လွင့်လာပါတော့ သည်။

အမှိုက်ထဲထိစိမ့်ဝင်အေးသောတောင် ရိုးလေပြည်သည် စခန်းရှေ့၌ မီးပုံကြီးနှစ် ပုံဖိုထား၍သာ ခံနိုင်ရည်ရှိကြပါသည်၊ ညဦးပိုင်းတွင် အလုပ်ကျ ကင်းစောင့် အိပ်ကျရင်း ယစ်မှုးရည်နှင့် ဝိုင်းဖွဲ့ကြ ရင်း ကျွန်ုပ်တို့စကားဝိုင်းမှာ အစမသတ် နိုင်သေး၊ ဆတ်သားခြောက်ဖုတ်တစ်ခွဲ ကိုက်ရင်း တောခေါင်းကြီးက သူ့[illegible]တော ကြုံအား -



www.burmeseclassic.com

www.burmeseclassic.com

"ဖိုးရန်နောင်ရေ - ဒီညတော့တို့လူတွေကို သတိရှိရှိ ကင်းစောင့်နိုင်းထား။ ငါ့စိတ်ထဲမှာနေ့လယ်ကဆလိုင်းတို့သားအဖ ပြောသွားတာကိုဘဝင်မကျချင်ဘူး။ ကျော်လွင်ဆိုတဲ့ကောင်က မူးလာရင် တစ်စက်မှ ကောင်းတာမဟုတ်ဘူး။ ငါနဲ့ ကသာကြိုးဝိုင်းဘက်မှာ တွဲခဲ့ဖူးတယ်။ လူကြီးအမိအရ ပေါင်းပြီး အခွင့်ရေးယူတဲ့ကောင်။ လောဘကြီးတယ်။ မိန်းမလည်းရှုပ်တယ်။အမြဲငွေလိုနေတဲ့ကောင်။ ဒီကောင် လက်သရမ်းတာ အရေးမကြီးဘူး။ ဝံသိုက်တက်ဖြိုတဲ့ကိစ္စကအန္တရာယ်မသေးဘူးနော်"

နေ့လယ်ကတောင်ရိုးစခန်းသို့ချင်းကြီးဆလိုင်းတို့သားအဖ ရောက်ရှိလာခဲ့သည်။ တောခေါင်းကြီးနှင့် ခေါင်းချင်းဆိုင် ဆွေးနွေးနေကြသည်။ အကြောင်းရင်းမှာ လွန်ခဲ့တဲ့ (၃)ရက်က တောင်ရိုးကျွန်းတောထဲတွင် ကျော်လွင်တို့အဖွဲ့ ဝံသိုက်ကို တက်နှိုက်ကြပြီး ဝံမတစ်ကောင်ကို ရရှိသွား၍ ကော်ပေါက်တိုးသွားကြောင်း။ ဝံဆိုတာမှာလည်း ခြေသည်းလက်သည်း၊ သည်းခြေကအစ အသုံးဝင်၍ အဖိုးတန်သဖြင့် ပြည်မကတရုတ်တွေအကြိုက် အရေခွံကအစ ဈေးကောင်းပေးဝယ်နေသည်၊ သို့သော် ဝံတို့မည်သည်မှာ ဒဏ်ရာရပြီဆိုသည်နှင့်သည်းခြေကိုအန်ထုတ်တတ်ကြသည်၊ ကိုယ့်အလုပ် ကိုယ်မသိသော အကျင့်ပျက်ဝန်ထမ်းကျော်လွင်တို့ကြောင့်အနီးပတ်ဝန်းကျင်ကိုဝံဖိုကြီး ဒုက္ခပေးမည်ကို ရည်ရွယ်၍ပြောခြင်း ဖြစ်ပေသည်၊

ဟုတ်ပါသည်၊ဝံတို့မည်သည်သွေးရင်းသားရင်းပေါ်တွင် လွန်စွာမှ သံယောဇဉ်ကြီးတတ်သလို၊ ရက်စက်ခြင်း၊ သံယောဇဉ်ကြီးခြင်းတို့တွင် လူနှင့် များစွာတူသည့်အချက်တို့ ရှိနေပါသည်၊ ကျော်လွင်ဆိုသည့် တောလိုက်အတွေ့အကြုံမတောက်တခေါက်နှင့်အန္တရာယ်ကိုဖိတ်ခေါ်လိုက်သဖြင့်ဝံဖိုကအငြိုးတောကြီးလိုက်လံလက်စားချေမည်ကိုသိနေသောကြောင့် ဆလိုင်းတို့သားအဖတို့ လာရောက်သတိပေးခြင်းဖြစ်သည်။

မိုးအကုန် ဆောင်းအကူးပေမို့လည်း တဟူးဟူး တိုက်ခတ်နေသော ရှိုးမလေပြည်ထဲတွင် နှင်းရနံ့နှင့်အတူ ဆိပ်ဖလူးပန်းနံ့၊ တောပန်းသဇင်ရနံ့များက ပါလာပြန်တော့လည်း တောသဘာဝထဲတွင် နစ်မျောနေမိသည်။ နှင်းစက်များက တဖြောက်ဖြောက်၊ မနက်ပြန်ကြရမည်ဖြစ်၍ ရွက်ဖျင်တဲအတွင်းသို့ ဝင်အိပ်ရန် ပြင်ဆင်လိုက်ပါသည်၊

"ဝူး - အု - အူ - အူး - အူး"


"အူး - အု - ဝူး - အူး - အူး - အု - အူး"

ခွေးမြည့်အက်ကွဲသောအသံရှည်ရှည်ကြီးကို ကြားလိုက်ရလေသည်။ထိုအသံသည် ဝေးကွာလိုက်၊ နီးလိုက်နှင့် စိတ်မချမ်းမြေ့ဖွယ် အူသံရှည်ကြီးကို ကြားလိုက်ရခြင်းဖြစ်သည်၊ ဆေးတံကြီးခဲနေသော တောခေါင်းကြီးမှာ ရုတ်တရက်ဦးခေါင်း ဆတ်ခနဲ ထောင်သွားသည်၊

ညဦးနက်သန်းခေါင်တွင်ကြားလိုက်ရသည့်အသံကြောင့်လွန်စွာမှစိတ်မချမ်းမြေ့ပ၊ သို့သော် အတွေ့အကြုံရင့်သော တောခေါင်းကြီးကဖြင့် မအိပ်နိုင်ရှာ။

# ၆၆

ခေါင်းပိုင်းနို့၍
အဖြူရောင်အမွေးအမှင်များ
မျက်နှာတွင် ဖုံးလွှမ်းနေပြီး
နှဖူးပြင်မောက်နေသော
ရုပ်ဆိုးဆိုးသတ္တဝါတစ်ကောင်။
အနီးစပ်ဆုံး ပြောရရင် မျောက်ကြီး
တစ်ကောင်အလား ဆူဖြိုးသော
ဝမ်းပိုက်မှာ ရှေ့သို့ထွက်နေ၏။







www.burmeseclassic.com

www.burmeseclassic.com

တစ်စုံတစ်ခုကိုစဉ်းစားတွေးတောအခြေ ရှာနေပုံရ၏။

"ဝင်းတင်၊ ကိုအေးနဲ့ စိုးအောင်တို့ မီးကိုမပြတ်စေနဲ့။ထင်းကိုပုံပြီးဂရုတစိုက် ထိုးထား။ ဟိုကောင် ကပွလီနဲ့ သံလုံးဝါး ပိုးထင်းတွေ စုထား"

"ဖောင်း - ဒိုင်း - ဖောင်း - ဝုန်း ဖောင်း"

ဝါးပိုးများပေါက်ကွဲသံနှင့်အတူရှက် ဖျင်တဲဝန်းကျင်သည် လင်းထိန်၍နေပါ သည်။ တောထဲတွင် မီးဖိုထားခြင်းသည် တောကောင်ကြီးများ၏အန္တရာယ်ကို အကာအကွယ်ပေးပါသည်။

ထို့ကြောင့် တောခေါင်းကြီးက သတိပေးခြင်းဖြစ်သည်။

ဤသို့ဖြင့် စိမ့်စိမ့်အေးအေးနှင့် တောင်ရိုးထဲမှာ တစ်ညဥ့်ကုန်လိုက်ကြ လေသည်။

ကျွန်ုပ်တို့သင်းသတ်ခြင်းစခန်းသိမ်း ပြီး တစ်ပတ်ခန့်အကြာတွင် တောင်ယာ ဉယျာဉ်ခြံရှင် ဦးဆွဲပန်း ရောက်ရှိလာပြီး -

"ဆရာလေးရေ၊တောခေါင်းကြီးတို့ ပြန်သွားပြီး ကျုပ် တောင်ယာထဲမှာ သီးနှံ တွေ မကြာခဏ ပျောက်နေတယ်"

"လက်သည်တရားခံရော သိလား"

"မပေါ်လို့ ခက်နေတာ၊ အဲ - တစ်ခု ထူးခြားတာက ဒီသူခိုးဟာ သတ္တဝါတစ် ကောင်ဖြစ်ဖို့များတယ်"

"ဗျာ - ဘယ်လို - လူမဟုတ်ဘဲ သတ္တဝါကခိုးတာ - ဟုတ်လား"

"ဟုတ်တယ်၊ဒီမနက်ဉယျာဉ်ထဲကို ကျုပ်အလုပ်သမားတွေနဲ့ သွားတော့ ကျုပ် တောင်ယာတဲမှာ ခြေရာလက်ရာ ပျက်နေတယ်။စပါးစေ့တွေထည့်တဲ့ပုတ် က ပေါက်ကျနေတယ်၊ ဆန်အိတ်ထား တဲ့နေရာမှာ ဆန်တွေ ပြန့်ကျဲနေတယ်၊ ဉယျာဉ်တောင်ယာထဲမှာ အစောင့် မထားဘူးလား"

"အိုဗျာ - ကျုပ်တို့အရပ်မှာတစ်သက် နဲ့တစ်ကိုယ် စောင့်အိပ်ရတယ်လို့ ကြား တောင် မကြားဖူးဘူး"

"ဒါဆိုရင်၊ဒီသူခိုးကိုဘယ်လိုစောင့် ဖမ်းမလဲ"



"ကျုပ်ကတော့ သူခိုးဆွဲသွားတဲ့ စပါးစေ့တွေကိုခြေရာခံပြီးလိုက်ရင်မှာ အသေအချာပဲဗျ"

"ကဲ - ဒီလိုဆိုရင် - ဦးဆွဲပန်း - မုဆိုး ဆလိုင်းကြီးကို အကြောင်းကြားထား လိုက်၊ ကျွန်တော်နဲ့ တောခေါင်းကြီးအဖွဲ့ ဉယျာဉ်တောင်ယာထဲကို လာခဲ့မယ်"

"ဟုတ်ကဲ့ - ဆရာလေး"

ထို့နောက် ကျွန်ုပ်တို့အဖွဲ့ ဉယျာဉ် တောင်ယာထဲ ဝင်မိုးနေသည့်သူခိုးကို ရှာဖွေကြရာ တဲအိမ်ပေါ်တွင် ဆန်စေ့၊ စပါးစေ့များပြန့်ကြဲနေသည်ကိုတွေ့ရ၏။ မြေတင်းပေါက်မှ တက်လာဟန်ရှိသည်။ အနီးတွင် သစ်ပင်တစ်ပင်ကို တွေ့၍ စူး စမ်းရာတွင် နီကြောင်ကြောင်အမွေးများ ကို တွေ့ရ၏။

စပါးစေ့များကို ခြေရာခံ တောတိုး လာခဲ့ကြရာ တစ်နေရာတွင် တောင်ခါး ပန်းအစွန်းနှင့် အင်တိုင်းတောဘက်မှ...

ဝေါခနဲ အသံနှင့်အတူ နီကြောင် ကြောင် အကောင်တစ်ကောင် ဖျတ်ခနဲ ခုန်ချထွက်ပြေးသွားသည်ကိုတွေ့သဖြင့် ကျွန်ုပ်တို့အဖွဲ့သားများ ချက်ချင်း အင် တိုင်းတောကို ဝိုင်းလိုက်၏။

ဆလိုင်းကြီးနှင့် ကျွန်ုပ်မှာ ချုံများ၊ ဝါးပိုးတောများကို တိုးဝှေ့ရင်း ရှေ့ကိုက် (၁၀၀)တွင် တောတိုးသံကို ထပ်မံကြား ရသည်။

အားလုံးပစ်မှတ်က ထိုနေရာဆီသို့ ကျရောက်သွားသည်။ ထိုအချိန်တွင် အရှေ့ဘက်ကမူလေးဆီဘက်မှ -

"အု - အူ - အူး - အူး - ဝူး"

ဆွဲဆွဲငင်ငင် ဆွေးမြည့်ကြေကွဲစွာ အူလိုက်သည့်အသံတစ်ခုကြားလိုက်၍ မကြာမီ အသံက တဖြည်းဖြည်း နီးလာ သည်။ ထိုအချိန်ရှေ့သစ်ပင်တစ်ပင်ပေါ်မှ "ဝုန်း - ဘုတ်" ဟူသောအသံနှင့် သတ္တဝါ တစ်ကောင် ခုန်ချလာပါသည်။

သတ္တဝါက ရင်ဘတ်မှ အဖြူကွက် ကိုထုံ၍ ရန်ပြုရန် လေးဖက်ထောက်ပြေး လာနေ၏။ ချင်းမုဆိုးကြီးဆလိုင်းမှ -

"ပစ်ကွင်းထဲနီးရင်သေချာစောင့်ပြီး အပိုင်ပစ်။ဒီကောင်မျိုးကဒေါသသိပ်ကြီး တာ"



www.burmeseclassic.com

www.burmeseclassic.com

လက်နက်ကိုယ်စီပြင်ရင်းပစ်ကွင်းနှင့် သေကွင်း သေကွက်ကို ရွေးရယ်လိုက်ပါသည်။ မြင်ကွင်းက မရှင်းသေး။ တဖြည်းဖြည်းကြည့်နေစဉ်မှာ ...

ထိုသတ္တဝါသည် ရုတ်တရက်မတ်တတ်ရပ်လိုက်ရာ ခေါင်းပိုင်းနီ၍ အဖြူရောင်အမွေးအမှင်များ မျက်နှာတွင် ဖုံးလွှမ်းနေပြီး နဖူးပြင်မောက်နေသော ရုပ်ဆိုးဆိုးသတ္တဝါတစ်ကောင်၊ အနီးစပ်ဆုံးပြောရရင်မျောက်ကြီးတစ်ကောင်အလားဆူဖြိုးသောဝမ်းဗိုက်မှာ ရှေ့သို့ထွက်နေ၏။ မုဆိုးဆလိုင်းကပင် –

“ပစ် – ပစ် – တော့”

ဟုပြောပြီး သူကပင် စ.ပစ်တော့၏။

“ဒိုင်း – ဒိုင်း – ဒိန်း”

“ဝီ – ဝစ် – ဝီး – ဒုတ်”

“ဒိန်း – ဒိုင်း”

“ဂီး – ဂျူး – ဂီး”

သေနတ်သံ၊ ဒူးလေးသံများ ရောညံလျက် ယမ်းခိုးများနှင့် မြင်ကွင်းကမှုန်ဝါးသွားသလို –

“အု – အူး – ဂီး – ရူး – ဂရူး”

“ဝူး – အူး – အူး”

သတ္တဝါကြီး၏အော်သံကလည်း နာကျင်မှုနှင့် နာကြည်းသံများ ရောစွက်နေသလို ဆူညံစွာ ထွက်ပေါ်လာပါသည်။

ရှေ့တိုက်(၂၀)ခန့်တွင် ရင်ဘတ်ကို ထုလျက် ပုံလျက်သား လဲကျနေသော သတ္တဝါကြီးမှာ သွေးအိုင်ထဲတွင် “အုအူး” ဆွဲငင်သံပေးလျက် တဖြည်းဖြည်း အသံတိမ်ဝင်သွားကာ ငြိမ်သက်သွားပါတော့သည်။

ထိုအခါကျမှ ဆလိုင်းကြီးနှင့် ကျွန်ုပ်တို့အဖွဲ့သားများ လက်နက်ကိုယ်စီပြင်လျက် သတ္တဝါကြီးနား တိုးကပ်သွားကြသောအခါ သွေးအိုင်ထဲတွင် အသက်ပျောက်နေသည်ကို တွေ့ရသည်၊ ချင်းမုဆိုးဆလိုင်းက ကြည့်ပြီး –

“ဟာ – ဒီကောင်က အထီးကြီးပဲ၊ ကျော်လွင်တို့ ရသွားတဲ့ဝံမရဲ့အဖော်ပဲ ဖြစ်မှာ၊ ဒါကြောင့် – အဖော်ကွဲလို့ လိုက်ရှာရင်းဒီတောင်ရိုးဘက်နယ်ကျွံလာတာ နေမှာ”



ကျွန်ုပ်သည် မျောက်လိုလိုအကောင်ကြီးအားကြည့်ပြီး သွေးရင်းသားရင်းအတွက် ဆိုလျှင် သတ္တဝါတွေတောင် သွေးမနည်းတတ်ပါလား၊ အမြိုးအဖေးအတွက် လက်စားချေရန် (သို့မဟုတ်) အဖော်ပျောက်လို့ လိုက်ရှာရင်း ဥယျာဉ်ခြံထဲသို့ရောက်ရှိလာခြင်း။ ညဘက်အစာရှာပြီး ဝံမကို အသံပေး၍ ရှာပုံတော်ဖွင့်၊ နေ့ဘက် ပုန်းအောင်းနေခဲ့၊ သို့သော် သေနတ်သမားများကိုမြင်ကာ သူ့စိတ်က ထိန်းမနိုင်ဖြစ်ပြီး ဝံမကို လက်စတုံးသွားတဲ့သူတွေဟုထင်ပြီးလက်စားချေဖို့ အလုပ်တွေ ယခုလို အသက်ဆုံးရှုံးသွားခြင်းပင် ဖြစ်ပုံရသည်၊

အမြင်သဏ္ဌာန်တပင် ဘဝက်မကောင်း၊ တိရစ္ဆာန်ဘဝဖြင့်ကပ်ငြိသန္ဓေတည်ခဲ့၍ လူ့ထက် နိမ့်ကျအောက်တန်းကျ၏။ အသိဉာဏ်ကင်းမဲ့ပေမယ့် လူနှင့်အနေနီးလျှင် အသိအလိမ္မာတိုးသော သတ္တဝါများ ရှိကြ၏။

သတ္တဝါတို့မှာ ကြီးကြီးငယ်ငယ် မိမိကိုယ်နိုင်စက်ညှည်းပန်းလျှင် သူတို့နလုံးသားမခံရပ်နိုင်အောင်နာကျင်သောအခါ အမိုက်မှောင်ဘက်သန်း၍ လူနှင့် ပတ်ဝန်းကျင်အား အရောင်ဆိုးစေတော့သည်။

ကြင်ဘက်အတွက် အမဲပစ်မုဆိုးနောက်ကိုလိုက်ရင်း ယခုကဲ့သို့ အသက်ဆုံးခဲ့ ရ၏။ ကျွန်ုပ်မှာ ကံအကြောင်းမကောင်း၍ အသက်ပေးသွားသော ဝံဖိုကြီးကို ကြည့်လျက် တိရစ္ဆာန်လောကတွင် ကြင်ဘက်အပေါ် အသက်ပေးချစ်ကြသည့်သတ္တဝါများရှိသလို၊ လူ့လောကဝန်းကျင်တွင်လည်း ဤကဲ့သို့အိမ်ထောင်ဘက်ပေါ်တွင် သစ္စာရှိကြမည်သာဆိုလျှင်လောကသည်သာယာလှပနေလိမ့်မည်ဟု တွေးမိလိုက်ပါတော့သည်။

◆▸ မင်းနှိုင်ရှိန်

www.burmeseclassic.com

www.burmeseclassic.com

# ထောင်မင်းသား

ဦးဘိုးထော်

ဒ ဂုန် ရွှေ မျှား





# မြင့်စေတနာ ဆေးတိုက်

(အရေပြားရောဂါမှန်သမျှ ဒိဋ္ဌပျောက်ကင်းစေရမည်။)

# ခရုသင်း(သမင်ဖြူ)

LEUCODERMA

ခရုသင်း(သမင်ဖြူ)၊ ဖြူ၊ နီ၊ နတ်ထွတ်များ၊
အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူနှင့်
အရေပြားရောဂါ အမျိုးမျိုးတို့ အာမခံနှင့် ကုသပေးသည်။

LEUCODERMA, LEPROSY, YAWS, FUNGUS,
PINTA, ECZEMA, RING WORM,
DERMATITIS,etc.

ဆရာဦးခင်မောင်မြင့် (မြင့်စေတနာဆေးတိုက်)
အမှတ်(၃)၊ ပိတောက်ရိပ်မြိုမ်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊
ကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ ရန်ကုန်မြို့။
ဖုန်း-၀၁ ၆၆၆၄၇၈၊ ၀၉ ၇၉၈၈၆၉၁၀၉။

ဌာနခွဲ
အမှတ်(၂)၊ ၆၂-လမ်း၊ ၂၈ × ၂၉ လမ်းကြား၊ အောင်တော်မူရပ်၊ မန္တလေးမြို့။
ဖုန်း-၀၂ ၂၂၅၁၅


www.burmeseclassic.com

www.burmeseclassic.com



## ကိုလိုနီခေတ်က ရှိုင်ပြည်နယ်တွင် ရက်စက်ကြမ်းကြုတ်လှသော တောတိရစ္ဆာန်များကို အသက်စွန့် အမဲလိုက်ပုံကို ..

[illegible]မိုးရောင်တောင်တန်းကြီးအထက်မှ တောင်ထွတ်ကြီးသည် မိုးပြင်သို့ စွင့်စွင့်ဖင့်ဖင့် ထက်လျက်ရှိ၏။ မြင့်မားသောကညင်းအပ်ကြီးစသည့်အပင်ကြီးများကား နေပြောက်မထိုးအောင် မှိုင်းအုပ်လျက်ရှိပြီး သတ္တဝါများအနေဖြင့် ယင်းသစ်ရိပ်ဝါးရိပ်အောက်တွင် ပျောက်ကွယ်လျက် ရှိနေတော့၏။

အချိန်ကား နံနက်(၈)နာရီဖြစ်သည်။

လူတစ်စုသည် တောင်ထွတ်ကြီး၏ တောင်ခြေတိရစ္ဆာန်သွားလမ်းအတိုင်း သွားလျက်ရှိသည်။ လူတစ်စုဆိုလင့်ကစား လူသုံးယောက်တည်းသာ ဖြစ်သည်။

ထိုနေရာသည် အမ်းမြို့နှင့် မြေပုံမြို့ အကြား ဂန္ဓာမည်သော တောင်ကြီးနှင့် တောင်တန်းဖြစ်၏။

သူတို့အထဲတွင် ခေါင်းဆောင်လုပ်လာသူကား မုဆိုးကြီး ထန်လိမ်းဖြစ်ကာ အဖွဲ့ဝင်အဖြစ် ဗိုလ်မင်းဆွေနှင့် ရခိုင်မျိုးချစ် ပြောက်ကျားခေါင်းဆောင်တစ်ဦးဖြစ်သည့် ဗိုလ်သာကျော်တို့ ဖြစ်၏။

အထူးသဖြင့်ကျောက်လက်ဝါးလွင်ထဲတွင် ပြောင်နှင့်တောဆိတ်အရှို့ကျက်စားနေကြောင်း သတင်းရသဖြင့် အမဲပစ်ရန် ထွက်လာကြခြင်းဖြစ်၏။

ဗိုလ်မင်းဆွေမှာ ဗမာ့တပ်မတော်မှ ရခိုင်မျိုးချစ်ရဲဘော်များနှင့် ဆက်သွယ်ရန် ရောက်နေခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

အချိန်အခါမှာ ၁၉၄၄-ခုနှစ်အတွင်း ဖြစ်သည်။ ဂျပန်စစ်တပ်များ အင်ဖာစစ်မြေပြင်မှ ဆုတ်ခွာနေရသလို ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်းတောဘက်တွင်လည်း ဂျပန်တပ်မ အမှတ်(၅၄)နှင့် ဗြိတိသျှတပ်မ အမှတ်(၁၅)နှင့် ယှဉ်ပြိုင်တိုက်ခိုက်နေသောအချိန်ပင်ဖြစ်သည်။

ကျောက်လက်ဝါး ...

ဤရိုးမကြီးအတွင်းတွင်ရှိသော ကျောက်တောင်ကြီးတစ်တောင်ဖြစ်သည်။ ကျောက်နံရံမှာ လက်ဝါးလက်ချောင်းပမာ ရှိနေသဖြင့် "ကျောက်လက်ဝါး" ဟုခေါ်ကြ၏။ တောမတျှမ်းကျင်သော ရခိုင်၊ မြန်မာ၊ ချင်းအမျိုးသားပင် မသိကြချေ။

နံနက် (၈) နာရီခွဲလောက်တွင် တောင်ခြေကို ကွေ့ပတ်သွားရသည့် တောင်ခါးပန်းလမ်းသို့ ရောက်လာ၏။ တောင်ခါးပန်းလမ်းမှာ လူတစ်ယောက် တိရစ္ဆာန်တစ်ကောင် လျှောက်နိုင်သည့် လမ်းဖြစ်သည်။ ကျောက်တုံးကျောက်သားများသဘာဝအလျောက်တည်ရှိနေပြီးတစ်ဖက်တွင်တောင်နံရံကြီးဖြစ်လျှက် တစ်ဖက်က အလွန်နက်သော ချောက်ကြီးဖြစ်သည်။ ချောက်ကြီး အောက်မှ ဝါးရုံနှင့် သစ်ပင်များ ကိုင်းဖျားများကထိုးလမ်းကလေးတစ်ဝက်တွင် ရောက်ရှိနေ၏။ မျောက်အော်သံများ ကြားနေရသည်။

"မိတ်ဆွေကြီးရေ - ဒီလမ်းကနေပြီး အမဲတစ်ကောင် ဖျက်ယူဖို့ မလွယ်ပါလား"

ဗိုလ်မင်းဆွေက ပြောလိုက်သဖြင့် မုဆိုးကြီး ထန်လိမ်းက "ဒီလမ်းက တစ်ကွေ့လောက် သွားပြီး တောင်မကြီးတောင်ကြောလမ်းကို ရောက်မှာပါ" ဟု ထန်လိမ်းက ပြောလိုက်၏။

ထန်လိမ်းသည်မျောက်တစ်ကောင်ပမာ ရှေ့မှ အလျင်အမြန် သွားနေသဖြင့် အမဲပစ်လက်နက်ကြီးများပါသော ဗိုလ်မင်းဆွေတို့အဖို့ အသည်းတယားယားဖြင့် အတော်ပင် ကြိုးစားကာ နောက်မှ လိုက်နေရ၏။

မုဆိုးကြီးထန်လိမ်းပြောလိုက်သော တစ်ကွေ့မှာ အဆင်းအတက်များပြီးနာရီဝက်ကျော်ကျော်သွားပြီးမှ တောင်ကြောလမ်းကျယ်နှင့် စမ်းချောင်းကြီးတစ်ချောင်း ရောက်လာသည်။

မုဆိုးကြီး ထန်လိမ်းက -

"ဒီစမ်းချောင်းကဖောင်နဲ့မျှောသွားရင်းကျောက်ဖလူးနားကိုရောက်ပါတယ်။ လမ်းသိအောင်ဖြတ်လမ်းကခေါ်လာတာပါ"

ယင်းနောက် ကျောက်လက်ဝါး တောင်ကြီးကို လက်ဖြင့် ညွှန်ပြလိုက်သည်။ တောင်ကြီးကို လက်ဖြင့် ညွှန်ပြလိုက်သည်။

လက်ချောင်းများပမာ တောင်နံရံတွင် ထိုးထိုးထောင်ထောင် ရှိနေသည့် ကျောက်လက်ဝါးတောင်ကြီးပင် ဖြစ်သည်။

"အစ်ကို - အင်္ဂလိပ်တွေ လျှို့ဝှက်ထားခဲ့တဲ့လက်နက်တွေဒီကျောက်လက်ဝါးနားမှာ ရှိတယ်ဆိုတာ သိရတယ်။ အစ်ကို - တွေ့ဖူးသလား"

ဗိုလ်သာကျော်က မုဆိုးကြီး ထန်လိမ်းအား မေးလိုက်သဖြင့် -

"ကျုပ်လည်း ကြားတာပဲရှိတယ် အစ်ကို။ ဒီလက်နက်တွေကို အင်္ဂလိပ်တွေစစ်ဆုတ်တဲ့အခါမြင်းတပ်နဲ့ဒီဘက်ကိုလမ်းပြတစ်ဦးက လမ်းပြရင်းရောက်ခဲ့တာတဲ့။ လက်နက်တွေကို ကျောက်လက်ဝါးဂူတစ်ဂူထဲ မြှုပ်ထားခဲ့တယ်လို့ပြောတယ်"

သူတို့သည် တောင်ကြားလမ်းအတိုင်း လာရာက ကျောက်လက်ဝါးတောင်ခြေသို့ ရောက်လာကြသည်။ ကျောက်လက်ဝါးဆိုသည့်အတိုင်း သဘာဝအလျောက်မိုးရေတိုက်စားရာမှ လက်ဝါးလက်ချောင်းများပမာ ဖြစ်ပေါ်နေခြင်းဖြစ်၏။

သူတို့သည်တောင်ခြေစမ်းချောင်းအထက် ကိုက်ငါးဆယ်ခန့်ရှိ ကျောက်လက်ဝါးတောင်အောက်ခြေတွင် စခန်းချလိုက်၏။ ယခုအခါမှစိတ်ရောကိုယ်ပါ အနားယူလိုက်ရသလို နံနက်စောစောစားထားသည့်ထမင်းဟင်းများပျောက်၍ ဆာလောင်လာတော့သည်။

ယင်းအချိန်မှာပင် မုဆိုးကြီး ထန်လိမ်းက ကျောက်လက်ဝါးလွှင်ထဲသို့ ရောက်လာသည့်ပြောင်နှင့်စိုင်အုပ်တစ်အုပ်အား ညွှန်ပြလျက် -

"ပြောင်နဲ့စိုင်ကိုနှစ်ကောင်လောက်စီ ပစ်ယူပြီး - အေး - အေး - ဆေးဆေးပြန်ကြတာပေါ့"

ယင်းသို့ပြောကာ အလျင်အမြန် ကျောက်လက်ဝါးအထက် ကျောက်တုံးများအား တွယ်တက်ပြီးနောက် ပျောက်သွားသည်။ မကြာမီ ကျောက်လက်ဝါးအထက်ဆီမှ မြင်းကြီးတစ်လုံး ကြီးဖြင့် ကျလာရာ ဗိုလ်သာကျော်က လှမ်းယူလိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com

ခြင်းကြီးထဲတွင် အမဲခြောက်များ၊ ပြောင်းဖူများ၊ဝါးဘူးနှင့်ထည့်ထားသည့် ဆားပါလာသည်။ ဗိုလ်သာကျော်က ဗိုလ်မင်းဆွေကို ပြောလိုက်သည်။

"မုဆိုးကြီးထန်လိမ်းကတောထဲမှာ အနေများတော့ သူတို့ရိက္ခာတွေကို နေရာအနှံ့ ခွဲထားတယ်ဗျ၊ ကျောက်လက်ဝါးဟာ သူ့ရဲ့ရိက္ခာထားတဲ့စခန်းလည်း ဖြစ်တယ်၊ အမဲလိုက်ရာမှာလည်း ဒီနေရာက ပိုလွယ်တယ်ဗျ"

ယင်းအခိုက် "ဝူး-ဝူး"ဟူသော အချက်ပေးသံ ထွက်လာသည်။

"ဝူ-ဝူ-ဝူ"

ကျောက်လက်ဝါးအထက်ဆီမှပြန်လည်အချက်ပေးလိုက်သည့်အသံ ပေါ်ထွက်လာသည်၊ ဗိုလ်သာကျော်ကခြင်းကြီးထဲမှ ရိက္ခာများယူပြီးနောက်ကြိုးကို လှုပ်လိုက်ရာ ခြင်းကြီးသည်တရွေ့တရွေ့ အိုးပေါ်သို့ တက်သွားတော့၏။

ယင်းအခိုက်အသက်(၁၈)နှစ်ခန့်ရှိ လူငယ်တစ်ဦးတောင်ကြောလမ်းအတိုင်း ပေါ်ထွက်လာသည်၊ သူသည် မုဆိုးကြီး ထန်လိမ်း၏သား ကေဆန်းပင်၊

ကေဆန်းသည် ရိက္ခာနှင့် ပစ္စည်းထည့်ခြင်းကြီးတစ်လုံး ကျောတွင်လွယ်ၡထားသည်၊ယင်းအခိုက်ထန်လိမ်းတစ်ယောက် ကျောက်လက်ဝါးတောင်ကပြန်မှ အလျှင်အမြန် ဆင်းလာသည်၊

"ကေဆန်း-မင်း ဘာရလာသလဲ"

ကေဆန်း အနားရောက်လာသည်နှင့်မုဆိုးကြီး ထန်လိမ်းက မေးလိုက်ခြင်းဖြစ်သည်၊ ကေဆန်းသည် သူ၏ကျောတွင် လွယ်ထားသောခြင်းကြီးကို ဖြုတ်လိုက်ပြီး အထဲမှ သတ္တဝါတစ်ကောင်ကို ဆွဲထုတ်လိုက်၏၊ခြင်းကြီးထဲမှ ဆွဲထုတ်လိုက်သောသတ္တဝါမှာ ထူးထူးခြားခြား ရရှိလာသည့်တောင်လိပ်ကြီးတစ်ကောင် ဖြစ်သည်။

"သူ့ကို လမ်းမှာတွေ့လို့ ကျွန်တော် ကောက်ယူလာတာ-အဖေ"

"တို့မှာ စားစရာတွေ ရှိပါတယ်ကွာ လွှတ်ပေးလိုက်ပါ"

တောင်လိပ်ကြီးသည် ပက်လက်လှန်ထားသဖြင့်ယက်ကန်ယက်ကန်နှင့် ဖြစ်နေသည်၊

ကေဆန်းက တောင်လိပ်ကြီးကို ဆွဲယူကာ ချုံကြီးတစ်ချုံဘေးသို့ ချထားလိုက်သည်၊လိပ်ကြီးသည်အလျှင်အမြန်ပင် တောအတွင်းသို့ ဝင်ရောက်သွားတော့၏၊

"ကေဆန်-ပြောင်းဆန်နဲ့ အသားတွေ ပြုတ်ထား၊ ငါတို့ ပြောင်သွားလိုက်ဦးမယ်"

ထန်လိမ်းက သူ့သားအား မှာထားကာ ဗိုလ်သာကျော်နှင့် ဗိုလ်မင်းဆွေကို ခေါ်၍ ကျောက်လက်ဝါးမြောက်ဘက်လွင်သို့ထွက်လာသည်၊ ကျောက်လက်ဝါးတောင်နှင့် တောင်တန်းသည် ဂန္ဓာတောင်တန်းအတွင်း တည်ရှိနေခြင်းဖြစ်သည်။

ပေပေါင်းငါးထောင်ကျော်မြင့်သည့် တောင်တန်းကြီးဖြစ်ပြီး တောတောင်အတွင်း သစ်ပင်ကြီးများ မြင့်မားသလောက် တောကောင် သားကောင်များ ပေါများလှသည်၊

ဗိုလ်မင်းဆွေသည်ဗြိတိသျှဒဿမ ၃၀၃ ရိုင်ဖယ်နှင့် ဒဿမ ၄၅ ခြောက်လုံးပြူးတစ်လက်၊ရှစ်ပေခွဲရှိသည့်ဓားမြှောင်တစ်ချောင်းပါသလို ဗိုလ်သာကျော်ကလည်းဗြိတိသျှဒဿမ ၃၀၃ ရိုင်ဖယ်၊တိုးမီလီမီတာ ပစ္စတိုတစ်လက်၊ အမဲလိုက်ဓားမြှောင်၊ လျှော်ကြိုးခွေတစ်ချောင်းပါသည်။ မုဆိုးကြီး ထန်လိမ်းမှာဒူးလေးနှင့် အမဲပစ်ဓားတိုတစ်ချောင်း ပါရှိ၏။

လွင်သို့ရောက်ရန် တဖြည်းဖြည်းနှင့် အောက်သို့ ဆင်းလာရသည်၊ ကျောက်ကမ်းပါးနံဘေးမှ ကွေ့ဆင်းလာတော့ တောင်ကြောလမ်းအတိုင်း အောက်သို့ ဆင်းလာစဉ်မုဆိုးကြီး ထန်လိမ်းက ဗိုလ်သာကျော်တို့အား အသံပြုလိုက်၏။

လူလောက်နီးပါးရှိသည့် ဝက်ဝံကြီး နှစ်ကောင်တောင်ကမ်းပါးယံလမ်းကွေ့မှ ပေါ်ထွက်လာခြင်းဖြစ်၏။ ဝက်ဝံကြီးများကလည်းထန်လိမ်းတို့အား ရင်ဆိုင်တွေ့လိုက်ရပြီးနောက် အော်လိုက်၏။

"ဝူး-ဝူး"

ထန်လိမ်းသည် ကျောက်ကမ်းပါးယံကြီးပေါ်ပြေးတက်သွား၏၊ ထန်လိမ်းကိုဝက်ဝံကြီးများကမော့ကြည့်လိုက်ကြသည်။

"ဂရှီး-ဂရှီး-ဂရှီး"

ဝက်ဝံကြီးများက အော်လိုက်ခြင်းမဟုတ်၊ထန်လိမ်းကအော်လိုက်ခြင်းဖြစ်၏။ ဝက်ဝံကြီးများသည်အလျှင်အမြန်ပင် ကျောက်ကမ်းပါးကြီးအောက်သို့ ဆင်းသွားကြသည်၊

ဗိုလ်သာကျော်က-

"ထန်လိမ်းဟာဝက်ဝံကြီးတွေလမ်းပြောင်းသွားအောင် လုပ်နိုင်တာတော့ ချီးကျူးစရာပဲဗျို့၊ သူက တောထဲမှာ အနေများတော့သားကောင်အကြောင်း သိထားတာများတယ်"

www.burmeseclassic.com

66 အသံမှာ ငှက်တစ်ကောင်၏ သာယာသောအသံနှင့် ခပ်ဆင်ဆင် တူလှသည်။ ကြံ့ကြီးသုံးကောင်နှင့် တောဆင်ရိုင်းအုပ်သည် တဖြောင်းဖြောင်းဖြင့် ရေကို ရိုက်ပုတ်ကစားနေရာမှ ခေါင်းမော့လျက်ရှိသည်။



ယင်းအခိုက် ထန်လိမ်း ကျောက်ကမ်းပါးမှ ဆင်းလာလျက် ပြောလိုက်၏။

"ဝက်ဝံတွေဟာ ကျောက်ကမ်းပါးကသူတို့အသံမျိုးပေးလိုက်ရင်းရန်သူကို ရှောင်သွားတတ်တဲ့ အကောင်မျိုးဗျ။ တကယ်တော့ - သူတို့က မလွှဲသာမှ အန္တရာယ်ပြုတာပါ"

မုဆိုးကြီး ထန်လိမ်းက ပြောလိုက်စဉ်ကျောက်ကမ်းပါးယံအောက် တောင်ကြောလမ်းဆီမှ အသံများ ပေါ်ထွက်လာသည်။

တောဆင်ရိုင်းများ အသံများပင်။

❖

တောဆင်ရိုင်းအကောင်သုံးဆယ်အုပ်သည် ဝါးတောကြီးအတွင်း တိုးဝင်သွားကာ တဖြောင်းဖြောင်းနှင့် ဝါးညွှန့်များ ချိုးစားနေကြ၏။

ပြောင်အုပ်နှင့်စိုင်အုပ်အချို့လွင်ထဲမှနေ၍ ချောင်းဘက်သို့ ဆင်းသွားသည်။

မုဆိုးကြီး ထန်လိမ်းနှင့် ဗိုလ်သာကျော်၊ ဗိုလ်မင်းဆွေတို့သည် ကျောက်ကမ်းပါးလမ်းမှ တောင်ကြောအောက်ခြေအထိ ဆင်းလာလျက် ပြောင်နှင့် စိုင်အုပ်များရေသောက်ရေကစားနေသည့်နေရာနှင့် ပေသုံးရာအကွာလောက်တွင် နေရာယူလိုက်ကြသည်။

စမ်းချောင်းအတွင်းရေရှိုးနေသော ပြောင်ပေါက်သုံးကောင်အနက် တစ်ကောင်ကို ဗိုလ်သာကျော်က ပစ်လိုက်သလို ပြောင်အုပ်နှင့် ကိုက်ငါးဆယ်ကွာတွင်ရှိသည့် စိုင်အုပ်ထဲမှ စိုင်တစ်ကောင်အား ဗိုလ်မင်းဆွေက ပစ်လိုက်၏။ ရိုင်ဖယ်သံများက တစ်တောလုံး ဟိန်းသွားသည်။

ဗိုလ်သာကျော်ပစ်လိုက်သည့် ပြောင်ပေါက်ကြီးသည် စမ်းချောင်းဘေးမှာပင် တုံးခနဲ လဲကျသွားသည်။ ပြောင်များ တရုန်းရုန်းဖြင့် ထွက်ပြေးသလို စိုင်များလည်း ထွက်ပြေးသွားသည်။

ဗိုလ်မင်းဆွေပစ်လိုက်သည့် စိုင်ပေါက်ကြီးမှာ ဒယီးဒယိုင်ဖြင့် လဲကျသွားစဉ် ဝါးတောကြီးအတွင်းမှ ဆင်ရိုင်းများအသံက ဆူညံစွာ ပေါ်ထွက်လာတော့၏။

တောဆင်ရိုင်းများသည် ဝါးတောကြီးမှတရုန်းရုန်းထွက်လာကာအနောက်ဘက် ပေါက်တောင်တန်းဘက်သို့ဆင်းသွားတော့၏။

ယင်းအခိုက် အော်သံအချို့ကြားလိုက်ရသည်။

ဗိုလ်သာကျော်နှင့် ဗိုလ်မင်းဆွေအား မုဆိုးကြီး ထန်လိမ်းက အလျင်အမြန် ပင် ကျောက်ကမ်းပါးယံအပေါ်သို့ ကျောက်တုံးများ၊ သစ်ပင်များဆွဲ၍တက်ခဲ့ပြီး အစွန်းထွက်နေသည့် ကျောက်ဆောင်ကြီးပေါ် တက်ခဲ့ကြ၏။

"ကျွီ - ဖူး - ဖူး"

ထိုအသံနှင့်အတူ မည်းနက်သည့် သတ္တဝါကြီးများ တဝုန်းဝုန်းဖြင့် ဗိုလ်သာကျော်တို့နေခဲ့သော တောင်ကြားလမ်းအတိုင်း ပြေးဆင်းလာကြ၏။ အကယ်၍ တောင်ကမ်းပါးယံအထက်သို့ မတက်မိပါက ထိုသတ္တဝါရိုင်းများနှင့် တိုးမိမည်ဖြစ်၏။

ယင်းသတ္တဝါများကား ကျွဲရိုင်းကြီးများဖြစ်ပြီး ကောင်ရေတစ်ရာကျော် ဖြစ်သည်။

"ဒိုင်း ..."

ဗိုလ်သာကျော်က ကျွဲရိုင်းတစ်ကောင်အား ပစ်ခတ်လိုက်၏။ ပစ်ခတ်ခံရသော ကျွဲရိုင်းသည် ပြေးလွှားရာမှ တုံးခနဲဖြစ်သွားပြီး ဝုန်းခနဲ လဲကျသွားသည်။ ကျွဲရိုင်းများသည် ခပ်စောစောက လွင်တစ်ဖက်တောထဲတွင် ရှိနေသည်။ သေနတ်သံကြောင့် ပြေးထွက်လာခြင်းဖြစ်၏။

www.burmeseclassic.com

တောရိုင်းကောင်များအဖို့ တစ်ကောင်ပြေးမိလျှင်အုပ်စုလိုက်ပြေးတတ်သည်။ အုပ်စုခေါင်းဆောင်ကဦးဆောင်တိုက်လျှင်လည်း အသေခံတိုက်ခိုက်တတ်သည့်သတ္တဝါများဖြစ်၏။ ယခုတွေ့ရသည့် ပြောင်နှင့်စိုင်၊ ကျွဲရိုင်းများသည် အဆိုးဆုံးသော အရိုင်းသတ္တဝါများဖြစ်သည်။

မကြာမီထန်လိမ်း၏သားကေဆန်းလိုက်လာရာ ရရှိထားသော ပြောင်တစ်ကောင်နှင့်စိုင်၊ ကျွဲတို့အားအလျင်အမြန်ဖျက်လိုက်၏။ ကေဆန်းသည်ပြောင်းနှင့်အမဲခြောက်များရောပြုတ်ထားသည့်အိုးကြီးကိုပါယူလာသဖြင့် စမ်းချောင်းဘေးမှာပင် လေးယောက်သား စားလိုက်ပြီးနောက်ရရှိသောအမဲရိက္ခာများသယ်ရန်အတွက် ထန်လိမ်းက ဝါးဖောင်လုပ်ရာ ဝိုင်းကူလိုက်သဖြင့် မကြာခင်ပြီးစီးသွားသည်။

ယင်းအချိန်တွင် ကေဆန်းက အသားများအား ခြင်းကြီးနှစ်ခြင်းတွင်ထည့်နေစဉ်လွင်ကြီးတစ်ဖက်ဝါးနှင့်ကျူတောကြီးအတွင်း "ဖူး–ဖူး–ဖူး" ဟူသော အသံများ ကြားလိုက်ရသည်။

"ဝုန်း–ဝုန်း–ဝုန်း"

ရုတ်တရက် ကျူတောကြီးအတွင်းမှမည်းနက်သည့်သတ္တဝါကြီးများအလျင်အမြန် ပြေးထွက်လာလေသည်။

"ဟာ–ကျွဲရိုင်းအုပ်"

မုဆိုးကြီး ထန်လိမ်း ပြောရင်း–

"ဖောင်ပေါ် မြန်မြန်တက် – အစ်ကိုရေ။ ဒီအုပ်က ပထမကျွဲရိုင်းအုပ်နဲ့ ဒုတိယအုပ်ပေါင်းပြီး တိုက်ခိုက်ရအောင် လာတာပဲ"

လွင်အတွင်းတွင် မြေမှုန့်များ တထောင်းထောင်းထလျက်ရှိသည်။ မြေမှုန့်နှင့်မည်းနက်သည့်အရောင်သည် ရောထွေးလျက်ရှိကာ ရှေ့ဆုံးကျွဲရိုင်းအုပ်ခေါင်းဆောင်မှာ လူတစ်ရပ်ကျော်ခန့်ရှိမည်ထင်ရသည်။

"ဖူး–ဖူး"

ကျွဲရိုင်းများ နှာခေါင်းမှုတ်သံ၊ "ကျွီ" ခနဲအော်သံ ဆူညံလျက်ရှိသည်၊ အလျင်အမြန်ပင် အသားခြင်းများကို ဝါးဖောင်ပေါ်တင်လျက် ဖောင်ကို ကမ်းမှ ထိုးဝါးဖြင့် တွန်းထုတ်လိုက်ကြ၏။

စမ်းချောင်းသည် ပေတစ်ရာကျော်ခန့်ကျယ်၍ ရေစီးသန်သည်၊ အလျင်အမြန်ပင် ဝါးဖောင်မှာ ရေစီးဖြင့် မျော ဆင်းလာသည်၊ ကျွဲရိုင်းအုပ်ကြီးနှင့်ကာ လွတ်မြောက်သွားပါလေသည်။ ရေစီးသန်သလို ကျောက်ဆောင်များအား မုဆိုးကြီး ထန်လိမ်းက ထိုးဝါးဖြင့် တွန်းကာ ရှောင်၍လာကြ၏။

စမ်းချောင်းသည်ကျောက်လက်ဝါးတောင်ခြေတွင် ကွေ့ပတ်စီးနေသလို တစ်နေရာတွင် သတ္တဝါကြီးအချို့အားတွေ့လိုက်ရသဖြင့် မျက်လုံးများပြူးသွားရသည်။

ယင်းသတ္တဝါများမှာ အလွန်ရှားပါးလှသည့်ကြံ့ကြီးသုံးကောင်တစ်အုပ်နှင့် မလှမ်းမကမ်းတွင် တောဆင်ရိုင်းဆယ်ကောင်အုပ်ဖြစ်သည်၊

"သူတို့ထွက်ပြေးအောင် သေနတ်သံ ပေးလိုက်ရမလား"

ဗိုလ်သာကျော်က ထန်လိမ်းအား မေးလိုက်ရာ–

"ဟာ–မလုပ်နဲ့–အစ်ကို၊ ကျူပ်လုပ်ပြမယ်၊ သူတို့မိတ်ဆွေမှန်းသိအောင် ကျူပ်ပြမယ်"

ထန်လိမ်းကပြောရင်း ပါးစပ်ကို လက်ဝါးဖြင့်အုပ်၍ အော်လိုက်သည်၊

"ဝူ–ဝေ–ဝေ–ဝေ"

"ဝူ–ဝေ–ဝေ–ဝေ"

အသံမှာ ငှက်တစ်ကောင်၏ သာယာသောအသံနှင့် ခပ်ဆင်ဆင်တူလှသည်။ ကြံ့ကြီးသုံးကောင်နှင့် တောဆင်ရိုင်းအုပ်သည် တဖြောင်းဖြောင်းဖြင့် ရေကို ရိုက်ပုတ်ကစားနေရာမှ ခေါင်းမော့လျက်ရှိသည်၊

အလျင်အမြန် ပြေးလွှားနေသည့် ဝါးဖောင်နှင့် လူတစ်စုမှာ အရိုင်းသတ္တဝါများရှေ့မှပင် ကျော်ဖြတ်သွားခဲ့ကြ၏။

"ဖြောင်း–ဖြောင်း–ဖြောင်း"

ဆင်ရိုင်းအုပ်မှ ရေပြင်ကို နှာမောင်းရိုက်ကာ နှုတ်ဆက်လိုက်သေးသည်၊

ကောင်းကင်ပြင်တွင် ရုတ်တရက် မိုးရိပ်များ တက်လာကာ လေက တိုက်လာသည်၊

"မိုးလေထဲမကျခင် ကျောက်ဖလူးရောက်ဖို့လိုတယ်–အစ်ကို"

ဗိုလ်သာကျော်က ပြောလိုက်သည်၊

စမ်းချောင်းသည် အောက်သို့ နိမ့်ဆင်းလာကာ ရေစီးက မြန်လာသည်၊ စမ်းချောင်းအတွင်းမှ ကျောက်ဆောင်ကြီးနှစ်ခုကို မြင်လာရသည်၊ ထိုနေရာတွင် ရေစီးလှိုင်းထန်လျက်ရှိ၏။

www.burmeseclassic.com

မုဆိုးအဖွဲ့ စီးလာသောဖောင်ကလေးသည် ထိုကျောက်ဆောင်ကြီးနှစ်ဆောင်ကြားမှ ဝင်သွားရမည်ဖြစ်၏။ ထန်လိမ်းက သတိပေးထားခဲ့၏။

❖

"ဝုန်း-ဝုန်း"

မုဆိုးတစ်သိုက်စီးလာသည့်ဖောင်ကလေးသည် ကျောက်ဆောင်ကြီးနှစ်ဆောင်အကြားထိုးမြောက်ကာမျောလာခဲ့၏။

ထိုကျောက်ဆောင်ကြီးနှစ်ဆောင်မှကျော်လာသည်နှင့် မိုးနှင့်လေကျလာတော့၏။ စမ်းချောင်းသည် အောက်သို့ ပိုပြီးနိမ့်ဆင်းလာသဖြင့် မုဆိုးတစ်စု စီးလာသော ဖောင်ကလေးမှာ ဝါးလုံးထိုးမျောလာတော့၏။ ဘေးနှစ်ဖက်ရှိ သစ်ပင်ကြီးငယ်များမှ လေထန်သဖြင့် တကျွမ်းကျွမ်းမြည်နေသည်။

စမ်းချောင်းမှတစ်ဆင့် ချောင်းရေပြင်ကျယ်သို့ ရောက်လာသည်။ မိုးနှင့်လေကြောင့်ဖောင်ကလေးမှာ ခုန်လျက်ရှိသည်။ မုဆိုးကြီး ထန်လိမ်းက ဖောင်ကလေးအား ကမ်းခြေသို့ကပ်ရန် ဝါးလော်တက်ဖြင့် လော်ခတ်ပဲ့ကိုင်ပေးသည်။

ကေဆန်းကလည်းရှေ့မှလော်ခတ်နေရာကမ်းသို့ရောက်လာသည်။ ထိုနေရာသည်မုဆိုးကြီးထန်လိမ်းပြောဆိုချက်အရ ကျောက်ဖလူးရွာနှင့် နီးသည်။ စမ်းချောင်းမှတက်၍ တောင်ကြောပေါ်သို့မရောက်မီ ရုတ်တရက် မမျှော်လင့်ဘဲ တောကောင်ကြီးတစ်ကောင်က လူတစ်ဦးအားလည်ကုပ်မှကိုက်ဆွဲချီလာသည်ကို ပက်ပင်းတိုးကြသည်။

"ဟာ-ကျောက်ဖလူးရွာသား ဆလိုင်းခမ်းပါလား"

တောကောင်ကျားကြီးမှာလည်းအံ့အားသင့်သွားပုံရသည်။ သူဆွဲချီလာသော ဆလိုင်းခမ်းအလောင်းကို ချ၍ မာန်တစ်ချက် သွင်းလိုက်၏။

"ဝေါင်း"

"ဒိုင်း-ဒိုင်း"

လက်မြန်သော ဗိုလ်သာကျော်နှင့် ဗိုလ်မင်းဆွေက လျှပ်တစ်ပြက်ဖြင့်တောကောင်ကြီးအား ဝါးလုံးထိုးပင် ဒသမ ၃၀၃ ဖြင့် ပစ်လိုက်၏။

သေနတ်သံကတော့တစ်တောလုံး ဟိန်းသွားသည်။ တောကောင်ကြီးမှာ မြောက်တက်သွားကာ မြေပေါ်သို့ကျ၍ အသက်ထွက်သွားသည်။



ဗြိတိသျှရိုင်ဖယ်ဒသမ၃၀၃ကျည်ဆန်သည် ချက်ကောင်းကို ထိပါမူ အမဲကြီးပစ်ရိုင်ဖယ်များကဲ့သို့ တုံးခနဲ လဲကျသွားစေနိုင်သည်။

"ဂူ-ဝေ့-ဂူ-ဝေ့"

အချက်ပေးသံနှင့်အတူ ကျောက်ဖလူးရွာသားအချို့အား ရွာခေါင်းကြီးခေါင်းဆောင်၍ရောက်လာသည်။ မုဆိုးကြီးထန်လိမ်းနှင့်ဗိုလ်သာကျော်တို့အား တွေ့သဖြင့် ဝမ်းသာအားရပြောလိုက်၏။

"ထန်လိမ်းနဲ့ အစ်ကိုသာကျော်ရေ ဆလိုင်းခမ်းကို ယာထဲမှာ ဒီကောင်ကြီး ဆွဲသွားတာကွာ။ အခုလိုသတ်လိုက်လို့ပေါ့။ မသတ်နိုင်ရင်နောက်ထပ်ဘယ်နှဦးစားဦးမယ်မသိဘူးကွာ"

ယင်းအချိန်တွင် မိုးနှင့်လေမှာ အနည်းငယ်ငြိမ်သွားပြီဖြစ်၏။

ကျောက်ဖလူးရွာအပြန်တွင် အမဲစုံလာသလိုတောကောင်ကြီးနှင့်ဆလိုင်းခမ်းအလောင်းပါ ထမ်းပြန်လာရတော့သည်။

❖ မြဝတီ

- မိမိ ကြွေးသွားတောင်းစဉ် လမ်း၌ သစ်ကိုင်းကျိုးကျလျှင် ကြွေးဆုံးတတ်ရုံသာမက မိမိအသက်ကိုပင် ဒုက္ခပေးတတ်သည်။
- မိမိအား အရှုံးမက မဖွယ်မရာပြသလျှင် ထိပေါက်တတ်သည်။
- ခေါင်းရင်းအိမ်က ယောကျ်ားသေပြီး ခြေရင်းအိမ်က မိန်းမသေလျှင် အလယ်အိမ်က ထိပေါက်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com

# တစ်ကောင်ကျွေး သုံးကောင်စား ကင်းပေါက်

မကျေးညိုမိမ့်






www.burmeseclassic.com

www.burmeseclassic.com

လူသတ်မှု၊ လိမ်လည်မှုတို့ဖြင့်
ရှုပ်ထွေးပွေလီလှသော
မြိုင်သာမြို့ကလေးမှ မှုခင်းများကို
ရဲများ၏ ကြိုးပမ်းမှုဖြင့်
ဖော်ထုတ်လိုက်သောဇာတ်လမ်း ...

# ကလင်

"ကလင် - ကလင်"

"ကလင် - ကလင် - ကလင်"

မြိုင်သာရဲစခန်းအတွင်းမှ ဖုန်းမြည်သံ အဆက်မပြတ် ပေါ်ထွက်လာသဖြင့် တာဝန်မှူးကျနေသော ရဲတပ်ကြပ်အမှုလိုက် မောင်ပိုက် ဖုန်းကို ကောက်ကိုင်လိုက်ပြီး မြိုင်သာရဲစခန်းမှဖြစ်ကြောင်း ပြောလိုက်ရာ တစ်ဖက်မှ ကြောက်လန့်တကြားဖြစ်နေသော အမျိုးသမီးတစ်ယောက်၏အသံက စူးစူးဝါးဝါးထွက်ပေါ်လာ၏။

"ကယ်ကြပါဦး ရှင်"

"ကယ်ပါဦး - ကျွန်မယောကျ်ား ကျွန်မယောကျ်ား"

"အား - အား - အား"

အမျိုးသမီး၏ ကြောက်အားလန့်အားအော်သံ ကြားရပြီး ဖုန်းလွှတ်၍ကျသံကြားရ၏။

ဖုန်းမှာ ကြိုးဖုန်းဖြစ်ရာ တွဲလောင်းကျနေဟန်တူ၏။ တစ်ဖက်မှ ပြောသံဆိုသံများ ဒီအတိုင်းကြားနေရသည်။

"မျောက်မထားတဲ့ကောင်မ - သေဖို့သာ ပြင်တော့"

"ကြောက်ပါတယ် - ယောကျ်ားရယ်။ ကျွန်မအသက်ကို ချမ်းသာပေးပါ။ နောက်မလုပ်တော့ပါဘူး"

"ကိုင်းဟာ - သေပေတော့"

"အား - အား - အား"

ထိုအသံများကိုကြားလိုက်ရသော အမှုလိုက်မောင်ပိုက်သည် အလန့်သံချောင်းခေါက်ကာ တာဝန်မှလွတ်နေသော ရဲသားအားလုံးအား ခေါ်လိုက်လေတော့၏။

"ဒေါင် - ဒေါင် - ဒေါင်"

( ၁ )

ခေါင်းပြတ်နေတဲ့အလောင်း

အမှုလိုက်မောင်ပိုက်ခေါင်းဆောင်သော မြိုင်သာရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်အားလုံးသည် (ရှိစီ)ရှိသောတိုက်ကြီးသို့ အချိန်တိုအတွင်း ရောက်ရှိလာ၏။

ရှိစီနေသောတိုက်မှာ နှစ်ထပ်တိုက်ဖြစ်၏။ မြိုင်သာမြို့၏ အစွန်တွင် ထည်ထည်ကြီး ရပ်တည်နေ၏။

ထိုတိုက်၏ပိုင်ရှင်မှာ ပွဲစားရဲဘုန်းမြတ်၏ တိုက်ဖြစ်၏။ ရဲဘုန်းမြတ်နှင့် ရှိစီတို့ လက်ထပ်ခဲ့သည်မှာ တစ်နှစ်သာရှိသေး၏။

ရဲဘုန်းမြတ် သည် မြိုင်သာမြို့၏ မျက်နှာဖုံးဖြစ်၏။ ကားပွဲစား၊ အိမ်ခြံမြေပွဲစား၊ ပဲနှမ်းဆီ စသည့် အညာဒေသထွက်သီးနှံများကိုလည်း ပွဲရုံထောင်၍ လုပ်ကိုင်နေသူဖြစ်ရာ လူချစ်လူခင်များပြီး အပေါင်းအသင်းဆန့်သူဖြစ်၏။

ရဲဘုန်းမြတ်တွင် မေပုလဲနှင့် ထွဋ်ခေါင်ဟု အမည်တွင်သော ကျောင်းနေဖက်သူငယ်ချင်းနှစ်ယောက် ရှိသည်၊ ထွဋ်ခေါင်သည် ရှေ့နေတစ်ယောက်ဖြစ်၏။ ရဲဘုန်းမြတ် အားအကိုးရဆုံးသော သူငယ်ချင်းဖြစ်သည်နှင့်အညီ လုပ်ကိုင်သောကိစ္စအားလုံး၏ မှုခင်းရေးရာနှင့် ပတ်သက်ပြီး ထွဋ်ခေါင်ကို လွှဲထား၏။

မေပုလဲကတော့ စိန်ပွဲစား၊ တွင်းထွက်ရတနာမှန်သမျှကို မေပုလဲနှင့် ဆက်သွယ်ပါက ကိစ္စအားလုံး ချောမောသွားပြီး၏။

ရဲဘုန်းမြတ်၊ ထွဋ်ခေါင်နှင့် မေပုလဲတို့မှာ တစ်ရွက်မှာ နှစ်လွှာဆက်သော (စွယ်တော်)ရွက်ကဲ့သို့ ခွဲ၍မရအောင် ချစ်ခင်ကြသောသူငယ်ချင်းများ ဖြစ်ကြ၏။

အမှုလိုက်မောင်ပိုက်တို့အဖွဲ့ခြံဝသို့ ရောက်သော် ခြံတံခါးမှာ အစဉ်သင့် ဖွင့်ထားသည်ကိုတွေ့ရသဖြင့် တိုက်ရှိရာသို့ ရဲကားကို ဆက်၍မောင်းလာ၏။





www.burmeseclassic.com

www.burmeseclassic.com

ခြံဝနှင့် တိုက်မှာ ကိုက်တစ်ရာခန့် ဝေး၏၊ ပိန္နဲ၊ မာလကာ၊ သရက်၊ နာနတ်ပင်များမှာ ခြံနှင့် အပြည့်စိုက်ထား၏။

လျှို့ဝှက် ဆန်းကြယ်သော တောနက်ကြီးထဲသို့ဝင်လာရသကဲ့သို့ချောက်ချောက်ချားချားရှိလှ၏၊ ပတ်ဝန်းကျင်နှင့် အဆက်ပြတ်လျက်ရှိသော နေရာဖြစ်၏။

စီးပွားရေး ပြီးပြည့်စုံသော ရဲဘုန်းမြတ်ကဲ့သို့သောပုဂ္ဂိုလ်များအတွက်မူ လွန်စွာနေထိုက်သောနေရာတစ်ခု ဖြစ်၏။

“ဟာ - သွေးတွေ - ဆရာ”

“ဟုတ်တယ် - ငါတို့ နောက်ကျသွားပြီ”

တိုက်၏ဆင်ဝင်အောက်တွင်အရွတ်တိုက်ဆွဲသွားသော (သွေးကြောင်း)ကြီးကို တွေ့ရ၏၊

လှေတံခါးထစ်များတွင်လည်းသွေးများ ပေကျံနေ၏၊

“တိုက်ထဲ မဝင်နဲ့ဦး၊ သွေးကြောင်းအတိုင်း လိုက်ကြည့်ကြစို့၊ ကျန်တဲ့တစ်ဖွဲ့ဝင်တချို့က ဒီအိမ်ကို ဝိုင်းထားလိုက်”

“ခွေးထွက်လာရင် ခွေးကိုဖမ်း”

“ကြောင်ထွက်လာရင် ကြောင်ကို ဖမ်း၊ သက်ရှိသတ္တဝါမှန်သမျှအကုန်ဖမ်းထား”

ဟု မှာကြားကာ တိုက်၏မြောက်ဘက်တောနက်ကြီးထဲသို့ လမ်းညွှန်နေသော သွေးစက်တိုင်း အမှုလိုက်မောင်ပိုက်တို့ လိုက်ခဲ့ကြသည်၊

လွန်စွာလေးလံသောအရာဝတ္ထုတစ်ခုကို ဒရွတ်တိုက် ဆွဲ ယူသွားရာ အလှစိုက်ထားသော မြက်ခင်းများမှာ ပိပြားနေပြီး (စွတ်ကြောင်း)ကြီး ပေါ်နေ၏၊

“ဟာ - ဟို မှာ - လက် တစ် ဖက် ထောင်လို့ - ဆရာ”

ရဲသားတစ်ဦးက အသစ်စက်စက် မြေဖို့ထားသော မြေစိုင်မြေခဲများထဲမှ လက်တစ်ဖက်ထောင်၍ထွက်နေသည်ကို မြင်ရသဖြင့် အမှုလိုက်မောင်ပိုက်ကို ပြောလိုက်ခြင်းဖြစ်၏။

အမှုလိုက် မောင်ပိုက်အပါအဝင် ရဲသားအားလုံးထိုထောင်ထွက်နေသော လက်ရှိရာသို့ သူထက်ငါဦး ပြေးလာခဲ့ကြလေ၏၊

ထိုစဉ်ခိုက် ကားတစ်စင်း တိုက်၏ ဆင်ဝင်အောက်သို့ဝင်လာသည်ကိုတွေ့ရ၏၊ ထို ကားပေါ်မှ ရပ်ကွက်ဥက္ကဋ္ဌ ဦးထွန်းဝေါနှင့်အဖွဲ့ဆင်းလာပြီးအမှုလိုက်မောင်ပိုက်တို့ရှိရာသို့ အပြေးအလွှား ရောက်ရှိလာ၏၊

“ဆရာရေ့ - ကျွန်တော်တို့လည်း အကြောင်းကြားကြားချင်းထွက်လာတာပဲ၊ နည်းနည်းနောက်ကျသွားတယ်”

“ဟာ - နောက်မကျပါဘူး - ဥက္ကဋ္ဌ၊ ကျွန်တော်တို့နဲ့ ရှေ့ဆင့်နောက်ဆင့်ပါပဲ၊ ဒီမှာ မြေမြှုပ်ထားတဲ့အလောင်းတစ်လောင်းတော့ တွေ့နေပြီ၊ အဲဒါ ဖော်ဖို့ ဥက္ကဋ္ဌတို့ကို စောင့်နေတာ”

“ဘာထိ - ဒီကိစ္စကို ဓာတ်ပုံရိုက်ပြီးပြီလား”

“ရိုက်ပြီးပြီ - ဆရာ”

“ကိုင်း - တူးကြကွာ”

ရပ်ကွက်ဥက္ကဋ္ဌနှင့်ပါလာသောမြို့နယ်ရဝတအမှုဆောင်များနှင့်အတူ ရဲများပါတွေ့ရာပစ္စည်းများဖြင့်ဖို့ထားသော မြေများကို ယက်ထုတ်ဖယ်ရှားကြလေ၏၊

မြှုပ်ထားသည်မှာ မကြာသေးသဖြင့်တူးဖော်ရသည်မှာလွယ်ကူလှ၏၊ မြေသားများမှာ မကျစ်လျစ်သေး၊

“ဟာ - ခေါင်းမရှိတော့ဘူး၊ အလောင်းအောက်ကမြေက မာနေပြီ”

“နေ့ - နေပါဦး - ဥက္ကဋ္ဌရဲ့ရှိစ်လို့ သေချာလို့လား”

“သေချာတာပေါ့ - အမှုလိုက်ကြီးရယ်၊ ဒီဘယ်ဘက်လက်သူကြွယ်မှာ ဝတ်ထားတဲ့စိန်လက်စွပ်ကြီးကို ကျွန်တော်ကောင်းကောင်းမှတ်မိပါတယ်”

ဟု ထောက်ထောက်ခံခံပြော၏။

ဖြစ်နိုင်ပါသည်၊ ဥက္ကဋ္ဌသည် ရှိစ်တို့နှင့်တပူးတွဲတွဲလုပ်ကိုင်နေသူဖြစ်သည်။ အိမ်အရောင်းအဝယ်ဖြစ်တိုင်းရောင်းသူဝယ်သူဥက္ကဋ္ဌရုံးခန်းသို့လက်မှတ်လာ၍ထိုးကြရ၏၊ ထိုအခါတွင် စားသောက်ဆိုင်သို့ သွားကာ အတူတူစားကြ၊ သောက်ကြသည်၊

ဤအိမ်ကြီးသို့ အဝင်အထွက်လည်းရှိ၏၊ ထို့ကြောင့်ရှိစ်ကိုကောင်းစွာမှတ်မိနေခြင်းဖြစ်၏။

အမှုလိုက်မောင်ပိုက်သည် ရှာဖွေပုံစံတွင် တွေ့ရှိပစ္စည်းအားလုံး ရေးသားမှတ်ယူပြီးဆေးစာရေးကာ ဆေးရုံသို့ရှိစ်၏အလောင်းဟု ထင်ရသော ခေါင်းမပါသည့် လူသေအလောင်းကို ပို့စေပြီး တိုက်၏အပေါ်ထပ်သို့တက်၍ကြည့်ရန် ထွက်ခဲ့ကြလေတော့သတည်း။





www.burmeseclassic.com

www.burmeseclassic.com

သွေးအိုင်ထဲက လူတစ်ယောက်

အမှုလိုက်မောင်ပိုက်နှင့်အဖွဲ့သည် အောက်ထပ်တွင် ရှာကြည့်ရာ ဘာမှ မတွေ့၍အပေါ်ထပ်သို့တက်ခဲ့၏။ အပေါ်ထပ်ဧည့်ခန်းတွင် သွေးအိုင်ထဲတွင် လဲကျနေသော လူတစ်ယောက်ကို တွေ့ရှိကြလေတော့၏။

သွေးအိုင်ထဲတွင် လူတစ်ယောက် မှောက်လျက်အနေအထားဖြင့် လဲကျနေ၏။

ညာဘက်လက်တွင် အသွားနစ်ဇက်ပါဓားမြှောင်တစ်ချောင်း ကိုင်ထားသည်။

တုတ်တုတ်မျှမလှုပ်၊ သတိမေ့နေ၏။

အမှုလိုက်မောင်ပိုက်နှင့် ဥက္ကဋ္ဌထွန်းပေါ်တို့ ထိုလူအနီးသို့ ကပ်သွားပြီး မည်သူဖြစ်သည်ကို သိရှိနိုင်ရန် မှောက်လျက်လဲနေသောအနေအထားမှ ပက်လက်လှန်လိုက်၏။

"ဟာ – ရဲဘုန်းမြတ်၊ အမှုလိုက်ကြီး ရဲဘုန်းမြတ်ပါလားဗျ"

ဟု အံ့သြစွာဖြင့် ဥက္ကဋ္ဌထွန်းပေါ်က ပြောလိုက်သည်။

"စိတ်တော့မကောင်းဘူးဗျာ၊ ရှိစီကသူ့မသေခင်ကလေးမှာသူ့ယောကျ်ားကသူ့ကိုသတ်ဖို့လုပ်နေပါတယ်လို့ပြောတယ်ဗျ" ဟု ပြန်ပြောပြ၏။

"အေးဗျာ – စိတ်တော့ မကောင်းစရာပဲ။ လွန်ခဲ့တဲ့သုံးလလောက်ကစပြီး သူ့မိန်းမရှိစီ ယောကျ်ားတစ်ယောက်နဲ့ ချိန်းချိန်းတွေ့ပြီး အိမ်ကငွေအရှို့လျှို့ဖုတ်ပေးနေတယ်လို့ ရဲဘုန်းမြတ်က ကျွန်တော့်ကို ပြောဖူးတယ်ဗျ"

"အဲဒီ့ကိစ္စက သူထင်သလိုဟုတ်ရဲ့လားဗျ"

"အင်း – ရှိစီအခြေအနေပျက်နေတာရယ်၊ ခြေလှမ်းပြောင်းလာတာရယ်ကိုတော့သူတို့အိမ်ကိုအသွားအလာများခဲ့တဲ့ ကျွန်တော် နည်းနည်းသတိထားမိတယ်"

"အင်းဗျာ – ယောကျ်ားတစ်ယောက်အဖို့က တို့ယ့်အသက်လောက်ချစ်ရတဲ့သူ၊ ကိုယ်က ယုံကြည်စိတ်ချနေသူတစ်ယောက်က အိမ်ထောင်ရေးဖောက်လွှဲဖောက်ပြန် လုပ်လာပြီဆိုတော့လည်း မှားတယ်၊ မှန်တယ် မစဉ်းစားနိုင်တော့ဘူးပေါ့ဗျာ"

"ကိုင်း – ရဲဘုန်းမြတ်ကို သတိရအောင် အရင်လုပ်ကြဦးပေါ့"

အမှုလိုက်မောင်ပိုက်က ပြောသဖြင့် ဓာတ်ပုံရိုက်၍ မှတ်တမ်းတင်ပြီး နောက် ရေတစ်ဖလားယူကာ ရဲဘုန်းမြတ်၏ မျက်နှာကို ရေဖြင့် လောင်းချလိုက်ရာ မကြာမီပင် – "အင်း – အင်း" ဖြင့် အသံထွက်လာပြီး ရဲဘုန်းမြတ် သတိရကာ ထ၍ထိုင်လေ၏။

"ဟာ – အမှုလိုက်ကြီးပါလား။ ဘယ်လိုလုပ်ပြီး ကျွန်တော့်အိမ်ကို ရောက်လာကြတာလဲ။ ဒါနဲ့ – ကျွန်တော့် ကျွန်တော့်မိန်းမ ရှိစီ – သူ – ရှိစီ – ဘယ်ရောက်နေသလဲ၊ ရှာပေးကြပါဦး"

ဟု ကယောင်ကတမ်း ပြောနေ၏။

"ခင်ဗျားမိန်းမ သေသွားပြီ။ ခင်ဗျားကိုယ်တိုင်ပဲ ခေါင်းဖြတ်သတ်ပြီး ဒီခြံထဲမှာပဲ မြှုပ်ထားတာ ကျွန်တော်တို့တွေ့လို့ ဆေးရုံပို့လိုက်ပြီ" ဟု အမှုလိုက် မောင်ပိုက်က ပြောသည်။

"ဟာ – မှားနေပြီ။ ကျွန်တော်ချစ်လို့ ယူထားတဲ့မိန်းမကို ကျွန်တော်က သတ်ပါ့မလားဗျ။ သူသေတာ မဖြစ်နိုင်ပါဘူး" ဟု ရဲဘုန်းမြတ်က ငြင်း၏။

"ဒါ – ဘာလဲ – ကြည့်ပါဦး"

ပလတ်စတစ်ဖြင့် ထည့်ထားသော ရှိစီ၏စိန်လက်စွပ်ကို ရဲဘုန်းမြတ်အား ပြလိုက်၏။

"ဟာ – အဲဒါ – ကျွန်တော့်မိန်းမရဲ့ စိန်လက်စွပ်ပဲ၊ ကျွန်တော် လက်ထပ်ခွင့်တောင်းတုန်းက သူ့ကိုပေးခဲ့တာ၊ အခု သူဘယ်မှာလဲ၊ ကျွန်တော် သူ့ကိုမသတ်ခဲ့ပါဘူး" ဟု အကြောက်အကန်ငြင်း၏။

"မပြေးသော်လည်း ကန်ရာက ရှိနေတယ်၊ ရဲဘုန်းမြတ် – ခင်ဗျားက သွေးအိုင်ထဲမှာ လဲနေတယ်၊ ခင်ဗျားလက်ထဲမှာ ဓားမြှောင်ကိုတွေ့ရတယ်၊ ခင်ဗျား သူ့ကိုမသတ်ခင်အချိန်ကလေးမှာ ခင်ဗျားမိန်းမကိုယ်တိုင်က သူ့ကို ခင်ဗျားသတ်ဖို့ လုပ်နေကြောင်းဖုန်းဆက်လို့ကျွန်တော်တို့ရောက်လာကြရတာပဲ၊ ကဲ – ကဲ – ခုခံမယ်မကြံနဲ့ – ရဲစခန်းကို အသာတကြည် သာ လိုက်ခဲ့တော့"

ဟု အမှုလိုက်မောင်ပိုက်က ပြောပြီး လက်ထဲမှဓားမြှောင်ကို ရှာဖွေပုံစံဖြင့် သိမ်းကာ ရပ်ကွက်ဥက္ကဋ္ဌ ဦးထွန်းပေါ်အား သက်သေအဖြစ် လက်မှတ်ထိုးနိုင်းပြီးနောက် လက်ထိတ်ခတ်၍ ရဲဘုန်းမြတ်အား ရဲစခန်းသို့ ခေါ်သွားခဲ့လေတော့သတည်း။




www.burmeseclassic.com

www.burmeseclassic.com

“ဘူး”တစ်လုံးဆောင် အိုတောင် မဆင်းရဲ

မြိုင်သာရဲစခန်းသို့ရောက်သော် စခန်းရုံးခန်းအတွင်းတွင် ရဲဘုန်းမြတ်ကို စစ်ဆေးကြ၏။

သေွးအိုင်ထဲမှာတွေ့ရသောရဲဘုန်းမြတ်အား အနာတရရှိ,မရှိ (ဒဏ်ရာ) ရှိ,မရှိ စစ်ဆေးကြည့်ရာတွင် မတွေ့ကြ။ အမှန်အားဖြင့် ရဲဘုန်းမြတ်မှာ အသေသက်လွန်၊ အမူးလွန်သွားပြီး လူမှန်းမသိ ဖြစ်သွားခြင်းဖြစ်သည်၊

“ဒီမှာ ရဲဘုန်းမြတ် – ခင်ဗျား အမှန်တိုင်းပြောမှ ကျွန်တော်တို့က ခင်ဗျားကို ကူညီနိုင်မှာဖြစ်ပါတယ်၊ ဒီတော့ – ကျွန်တော်တို့ကို အမှန်တိုင်းပြောပြပေးဖို့ မေတ္တာရပ်ခံပါတယ်”

ဟုလူဆိုးထိန်းမောင်ကြီးကလေရှိုသေွးကာ မေးလေ၏။

“ကိုမောင်ကြီးရယ် – ခင်ဗျားနဲ့ကျွန်တော်က အခုမှသိကြရတဲ့ လူတွေမှ မဟုတ်ပဲဗျာ၊ ကျွန်တော် – ရှိစီကို ဘယ်လောက်ချစ်တယ်ဆိုတာ ခင်ဗျား သိပါတယ်”

“ကျွန်တော်လိုသူဌေးတစ်ယောက်က စားသောက်ဆိုင်က အဆိုတော်ကို ယူတယ်ဆိုတာ တော်တော်တန်တန် မေတ္တာနဲ့ မယူပါဘူးဗျာ”

ရဲဘုန်းမြတ်က ရှင်းပြ၏၊

“ကိုရဲဘုန်းမြတ်ဘက်က ကြည့်တော့လည်း မှန်ပါတယ်၊ ဒါပေမဲ့ – ရှိစီမသေခင် မိနစ်ပိုင်းက ခင်ဗျားက သူ့ကိုသတ်ဖို့လုပ်နေပါတယ်လို့ ဖုန်းဆက်လို့ ဆရာပိုက်ကိုယ်တိုင် နားထောင်ရပြီး အခင်းဖြစ်တဲ့ နေရာကို သွားခဲ့တော့ ခေါင်းမပါတော့တဲ့ ရှိစီအလောင်းနဲ့ သွေးအိုင်ထဲ လဲကျနေတဲ့ ကိုရဲဘုန်းမြတ်၊ နောက်ပြီး – ကိုရဲဘုန်းမြတ်ရဲ့လက်ထဲကလည်း ရှိစီကိုသေစေနိုင်တဲ့ဓားမြှောင်ကို တွေ့ခဲ့ရတော့ ခင်ဗျား ဘယ်လောက်ပဲ မသတ်ပါဘူးငြင်းငြင်း ဥပဒေဘက်ကကြည့်ရင်တော့ ခင်ဗျားဟာ လူသတ်သမားပဲဖြစ်နေတယ် ကိုရဲဘုန်းမြတ်”

ဟု လူဆိုးထိန်းမောင်ကြီးက ရှင်းပြ၏။

“ကိုမောင်ကြီးတို့ဘက်ကကြည့်တော့လည်းကျွန်တော်သတ်ပါတယ်လို့ အထောက်အထားတွေကကောင်းလွန်းနေတော့ ဝတ္တုရားရှိတဲ့အတိုင်းသာ လုပ်ပါတော့”

“တစ်ခုတော့ – ကိုမောင်ကြီးကို အကူအညီတောင်းချင်ပါတယ်”

ပြောပါ – ကိုရဲဘုန်းမြတ်”

“ကျွန်တော့်မိန်းမကို ကျွန်တော် မသတ်တာအမှန်ပါ၊ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ကျွန်တော့်မိန်းမမသေတာ သေချာပါတယ်၊ ကျွန်တော့်ကိစ္စထက်ကျွန်တော့်မိန်းမကိစ္စကိုသာ အရင်ရှင်းပေးပါ။ ကျွန်တော့်မိန်းမ ဘယ်ရောက်နေသလဲ ရှာပေးကြပါ” ဟု ပြော၏၊


“ခက်ပါလား – ရဲဘုန်းမြတ်ရယ်၊ ဒီစိန်လက်စွပ်က ခင်ဗျားမိန်းမလက်စွပ် မဟုတ်လားဗျ”

“ဟုတ်ပါတယ်”

“ဟုတ်တယ်ဆိုရင် ဘာကြောင့် ခင်ဗျားမိန်းမ မသေသေးဘူးလို့ အကြောက်အကန်ငြင်းနေရတာလဲ”

“ကျွန်တော်မသတ်လို့ပဲ”

“ခေါင်းမပါတဲ့ အလောင်းမှာ ဝတ်ထားတဲ့စိန်လက်စွပ်က မင်းက ရှိစီကိုပေးထားတဲ့လက်စွပ် ဖြစ်နေတယ်။ သေဆုံးသူဟာ ရှိစီဆိုတာ ဘယ်လိုမှငြင်းလို့မရဘူး။ အမှုသွားအမှုလာကို ငါ သေသေချာချာစစ်ဆေးကြည့်လိုက်ကြတော့ ရှိစီကို မင်းကလွဲပြီး ဘယ်သူမှမသတ်ဘူးဆိုတာ ပေါ်လွင်နေတယ်။”





www.burmeseclassic.com

www.burmeseclassic.com

"ဘူးတစ်လုံးဆောင် အိုတောင် မဆင်းရဲဘူးဆိုတဲ့စကားကဟိုရှေးခေတ်တုန်းကမှန်ကောင်းမှန်လိမ့်မယ်၊ ရဲဘုန်းမြတ်၊ အခု – ခင်ဗျားလက်ထဲမှာ လူကို သေစေနိုင်တဲ့ ဓားကိုလည်း တွေ့ထားတယ်၊ ခင်ဗျားအိမ်ပိုင်းထဲမှာ ဒီစိန်လက်စွပ်ကို ပိုင်ဆိုင်တဲ့ပိုင်ရှင်အလောင်းကိုလည်း တွေ့ထားပါတယ်"

"အခု – ကျွန်တော်တို့ ခင်ဗျားကို လူသတ်မှု၊ မှုးယစ်ဆေးသုံးစွဲမှုနဲ့ ရုံးတင်စစ်ဆေးရမှာပဲ၊ ခင်ဗျား လွတ်လမ်းမမြင်ဘူး"

ဟု လူဆိုးထိန်းမောင်ကြီးက ပြောသည်။

"ကျွန်တော်လွတ်ခြင်း၊ မလွတ်ခြင်းက ကျွန်တော့်အတွက် ဘာမှမထူးခြားပါဘူး။ ကျွန်တော်အလိုရှင်ဆုံးဆန္ဒက ကျွန်တော့်မိန်းမ ရှိစီကို တွေ့အောင် ရှာပေးဖို့နဲ့ ကျွန်တော့်ရှေ့နေ၊ ထွန်းခေါင်နဲ့ ကျွန်တော့်သူငယ်ချင်း မေပုလဲကို ကျွန်တော်နဲ့တွေ့နိုင်အောင် စီစဉ်ပေးဖို့ တောင်းဆိုချင်ပါတယ်"

ဟု ရဲဘုန်းမြတ်က တောင်းဆို၏။

"အဲဒီကိစ္စ ကူညီဖို့က ကျွန်တော့်အဖို့ လွယ်ပါတယ်၊ မနက်ဖြန် တရားရုံးထုတ်တော့ တွေ့ရပါမယ်"

"ဂါတ်စာရေးဦးဘ – ဒီတရားခံကို နံပါတ်တစ်အခန်းထဲက လူသတ်ဓားပြတွေနဲ့ ရောထားလိုက်ပါ၊ နောက်ပြီး မနက်ဖြန် တရားရုံးထုတ်ဖို့လည်း စီရင်လိုက်ဗျာ"

ဟု လူဆိုးထိန်းမောင်ကြီးက မှူခင်းရဲစာရေးကြီးဦးဘကိုအမိန့်ပေးလိုက်ရာ လူသတ်မှုများထားရာတစ်နံပါတ်အချုပ်ခန်းအတွင်းသို့ ရဲဘုန်းမြတ်ကို ပို့လိုက်လေတော့၏။

❀ ❀

သံသယ ထောင်ချောက်

ဒီနေ့ – ရဲဘုန်းမြတ်ကို တရားရုံးထုတ်သည်။ တရားရုံးအချုပ်ခန်းအတွင်း ရဲဘုန်းမြတ်ရောက်နေခိုက် ရှေ့နေရဲထွန်းနှင့် မေပုလဲတို့နှစ်ယောက် ရောက်လာသည်၊

"ဟတောင် – ရဲဘုန်းမြတ် – မင်း ဘယ်လိုဖြစ်ပြီး လူသတ်လိုက်ရတာလဲ"

ရောက်မဆိုက်ရှေ့နေရဲထွန်းကမေးလိုက်သည်။

"ဘာလဲ – မင်းကပါ ငါ့ကို မယုံဘူးလား။ ငါချစ်လို့ယူထားတဲ့မိန်းမကို ငါက သတ်သတဲ့လား"

"အေး – မယုံလို့မဟုတ်ဘူး။ မင်းကို ငါကမှမယုံရင် ဘယ်သူက မင်းကို ယုံမှာတဲ့လဲ၊ အေး – တစ်ခုရှိတာက ရှိစီမသေခင်မှာ ရဲစခန်းကို သူ့ကို မင်းက သတ်ပါတော့မယ်လို့ဖုန်းဆက်တယ်လို့ ပြောတယ်"

"နောက်ပြီး – ခေါင်းမပါတဲ့ အလောင်းမှာ ဝတ်ထားတဲ့စိန်လက်စွပ်က မင်းက ရှိစီကိုပေးထားတဲ့လက်စွပ် ဖြစ်နေတယ်။ သေဆုံးသူဟာရှိစီဆိုတာ ဘယ်လိုမှငြင်းလို့မရဘူး"

"အမှုသွား၊ အမှုလာကို ငါ သေသေချာချာစစ်ဆေးကြည့်လိုက်ကြတော့ ရှိစီကို မင်းကလွဲပြီး ဘယ်သူမှ မသတ်ဘူးဆိုတာ ပေါ်လွင်နေတယ်။ ဒါပေမဲ့ – ငါ့အနေနဲ့တော့ အတတ်နိုင်ဆုံး မင်းအမှုကို လိုက်ပေးမယ်"

ဟု ရှေ့နေရဲထွန်းက ပြော၏။

"လူတစ်ယောက်လုံးကို သတ်ချင်လောက်အောင် မုန်းရတဲ့ အမုန်းတရားက ဘာလဲ ပြောပြစမ်းပါဦး – ကိုရဲဘုန်းမြတ်"

မေပုလဲက ဝင်မေး၏။

"အော်၊ လက်စသတ်တော့ ငါ့အချစ်ဆုံးသူငယ်ချင်းနှစ်ယောက်ကပါ ငါ့ကို မယုံကြပဲကိုး၊ ကိုင်း – သူငယ်ချင်းတို့ ငါ့ထိုက်နဲ့ ငါ့ကံ ရှိပေစေတော့၊ ဒီအမှုနဲ့ ပတ်သက်ပြီးငါ့အတွက်ငွေလည်းအကုန်မခံနဲ့တော့။ ပေးတဲ့အပြစ်ကိုလည်စင်းပြီး ခံလိုက်တော့မယ်"

ဟု ရဲဘုန်းမြတ်က ပြော၏၊

"ကျွန်မမေးတာ ရှင် မဖြေသေးပါလား – ကိုရဲဘုန်းမြတ်"

"ဖြစ်ရတဲ့အကြောင်းရင်းက ဒီလို ရှိစီက ဒီလပိုင်းမှာ ခြေလှမ်းတွေ တော်တော်ပျက်နေတယ်၊ ကျွန်တော် အပြင်ထွက်တဲ့ရက်ပိုင်းမှာ လူတစ်ယောက်ကို အိမ်မှာ ချိန်းချိန်းတွေ့နေပြီး ပိုက်ဆံတွေ ပေးနေတယ်"

"တစ်နေ့မှာကျွန်တော်အပြင်ထွက်ချင်ယောင်ဆောင်ပြီး ဖမ်းထားမယ်။ အဲဒီအကောင်က ခြံရဲ့နောက်ဖေးဘက်ကို ထွက်ပြေးတာတွေ့လို့ နောက်က လိုက်တော့ – လားလား – ဒီကောင်မက နောက်ဖေးဝင်းထရံမှာ လူတစ်ကိုယ်စာ ဝင်နိုင်ထွက်နိုင်အောင် ဝင်ပေါက်ကြီး လုပ်ထားတာ တွေ့ရတယ်"

"တိုက်နဲ့ ဝင်းထရံနဲ့ ကိုက်တစ်ရာ အဝေးရှိတဲ့အပြင် တောအုပ်ကြီးက ခြားနေတော့ အဲဒီအပေါက်ကို တိုက်ပေါ်ကနေ လှမ်းကြည့်ရင် မမြင်ရဘူး"





www.burmeseclassic.com

www.burmeseclassic.com

"အဲဒီ့ကိစ္စကို ပြောတော့ အဲဒီ့အပေါက်ကိုသူလုပ်ထားတာမဟုတ်ဘူးတဲ့၊ အဲဒီ့လူကိုလည်း သူမသိဘူးတဲ့။ ဘူးခံပြီးတော့ပဲ ငြင်းနေတယ်"

"ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့ စကားများရတာ နှစ်ချီနေပြီ။ ဒီနေ့တော့ - အပြတ်ရှင်းမယ်ဆိုပြီးကျွန်တော် ရဲဆေးထိုးတဲ့အနေနဲ့အရက်ကိုမူးအောင် သောက်ထားမှာ၊ အရက်ပုလင်းထဲမှာ ဒုဗလျှူမူးယစ်ဆေးတွေ အမှုန့်ပြုထည့်ထားတာကျွန်တော်မသိပဲသောက်လိုက်မိတယ်"

"ကျွန်တော် - သူ့ကို ဒီနေ့ ရိုက်မိသလား၊ မရိုက်မိဘူးလားတောင် ကျွန်တော်မသိပါဘူး။အရက်ကလူရဲ့သွေးကို ဆူစေပြီးကြွမ်းကြွမ်းတမ်းတမ်း ဆက်ဆံမိတာယ်၊ ဒုဗလျှူဆေးကတော့ လူကို ထိုင်းမှိုင်းစေပြီး မိန်းမောသွားစေတော့ ဆန့်ကျင်ဘက်စွမ်းအားနှစ်ခုကြောင့် ကျွန်တော် သတိမေ့သွားခဲ့တယ်"

"ကျွန်တော်သတိရတော့သွေးအိုင်ထဲ လဲနေပြီ၊ သူတို့က ရှိစီကို ကျွန်တော် သတ်ပါတယ်လို့ ဘယ်လိုပဲပြောပြော ကျွန်တော် သူ့ကိုသတ်ဖို့နေနေသာသာ ကျွန်တော့်ကိုယ် ကျွန်တော်တောင်မှ မထိန်းနိုင်ခဲ့ပါဘူး၊ ဒါ့ကြောင့် - ရှိစီကို ကျွန်တော်မသတ်တာတော့ အသေအချာပါပဲ - မေပုလဲရယ်"

ဟု ရဲဘုန်းမြတ်က ရှင်းပြ၏။

"အင်း - သေချာတာကတော့ ကိုရဲဘုန်းမြတ် - ရှိစီ့အပေါ်သံသယစိတ်တွေ များခဲ့တာပဲ၊ ဒီသံသယစိတ်ကို အခွင့်အရေးယူပြီး အကွက်ဆင်သွားတာကတော့ မရှိစီပဲ"

ဟု မေပုလဲက ပြော၏။

"ဖြစ်နိုင်တယ် - ကိုရဲဘုန်းမြတ်၊ ခင်ဗျားတစ်ယောက်ရှိစီရဲ့လှည့်ကွက်ထဲ ဝင်သွားခဲ့ရပြီဗျ။ အမှန်က ခင်ဗျားက သံသယတောင်ချောက်ထဲ တန်းတန်းမတ်မတ် ဝင်သွားတာပဲဗျို့"

"ကိုင်း - ကိုင်း - စိတ်အေးအေးသာထားတော့၊ အပြင်က အဓိကကျတဲ့ကိစ္စတွေအားလုံး ကျွန်တော်ကြည့်ရှင်းထားလိုက်မယ်၊ ဒီနေ့ စစ်တဲ့ဆေးတဲ့ အခါမှာ အဲဒါတွေအကုန်လုံး တရားသူကြီးကို ပြောပြထွက်ဆိုလိုက်၊ ဒါမှ သံသယအကျိုး ခင်ဗျား ခံရမှာ"

"ကိုင်း - ခွင့်ပြုဦး၊ ကျွန်တော် စီရင်စရာလေးတွေ သွားပြီးစီစဉ်လိုက်ဦးမယ်"

"ကျွန်မလည်း သွားလိုက်ဦးမယ်၊ နောက်မှ ထပ်ပြီးလာတွေ့ဦးမယ်နော်"

ဟု ရှေ့နေထွန်းခေါင်နှင့် မေပုလဲတို့ နှစ်ယောက် ရဲဘုန်းမြတ်ကို နှုတ်ဆက်ပြီး ထွက်သွားကြလေတော့၏။

အဓိကသက်သေ

ညနေသုံးနာရီတွင် တရားရုံးစာရေးမှ တရားခံ ရဲဘုန်းမြတ်ကို ရုံးထုတ်ရန် အမိန့်ကျသဖြင့် ရဲဘုန်းမြတ် တရားရုံးခုံရုံ အမှတ်တစ်ရှိ တရားခံနေရသော ဝက်မြံ အတွင်းသို့ ဝင်ရောက်နေရာယူရလေ၏။

တရားလိုမှာ အမှုလိုက်မောင်ပိုက်ဖြစ်၏၊ အသတ်ခံရသူဘက်မှ တိုင်မည့်သူမရှိသဖြင့် ရဲကပင် တာဝန်ယူ၍ ဤအမှုကို တရားလိုလုပ်ကာ တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

"မှန်ရာကို အစစ်ခံပါမည်"

"အမှန်ကို အစစ်ခံပါမည်"

"မမှန်မမှန် ထွက်ဆိုပါက ..."

"မမှန်မမှန် ထွက်ဆိုပါက ..."

"ကျမ်းစူးပါစေသား"

"ကျမ်းစူးပါစေသား"

"ကိုရဲဘုန်းမြတ်နဲ့ မရှိစီတို့ဟာ နေ့စဉ်ရက်ဆက်စကားများကြတယ်ဆိုတာ ဟုတ်ပါရဲ့လား"

"ဟုတ်ပါတယ်"

"အခင်းဖြစ်တဲ့နေ့က ကိုရဲဘုန်းမြတ် လူမှန်းမသိအောင် အရက်တွေ သောက်ထားတယ် ဆိုတာ ဟုတ်ပါသလား"

"ဟုတ်ပါတယ်"

"ကိုယ့်မိန်းမသတ်မိလိုက်တာမသိဘူးမဟုတ်လား"

"ဗျာ ..."

"အမူးလွန်နေတော့ကိုယ့်ဘာလုပ်လို့လုပ်မိမှန်း မသိလိုက်ဘူးမဟုတ်လား"

"ဒီလိုကြိုတင်နိမိတ်ပြမေးခွန်းမျိုး မေးတာကို ကျွန်တော် ကန့်ကွက်ပါတယ်"

ရှေ့နေထွန်းခေါင်က တား၏၊ တရားသူကြီးကလည်းထိုမေးခွန်းကိုကန့်ကွက်၏၊ မေးခွင့်မပေးသဖြင့် အခြားမေးခွန်းများဆက်လက်မေးကြားရာရဲဘုန်းမြတ်၏နောက်ဆုံးအဖြေမှာ ၎င်း၏ဇနီးရှိစီအား မိမိမသတ်ခဲ့ကြောင်းသာ ဖြစ်လေ၏။

www.burmeseclassic.com

ကျွန်တော်ကတော့ အဖေ့အပြုအမူကို နားမလည်၊ သွေးရဲရဲဖြစ်နေသော ယုန်ကလေးတွေကိုကျွန်တော်မကြည့်ရဲ၊ သို့သော် ယုန်သားကြော်ကိုတော့ ကျွန်တော် အလွန်ကြိုက်၏၊ ဒါကို အဖေက သိ၏၊

နောက်တော့ အဖေ အမဲပစ်ထွက်ပြီဆိုလျှင် ယုန်လေးတွေပါလာစမြဲ၊ ယုန်သားရေကိုခွာပြီး အမြဲနေလှမ်းတတ်၏။ ကျွန်တော်ကတော့ ယုန်သားကြော် ဝါးလိုက်၊ ယုန်သားကင်စားလိုက်နှင့်ဖိမ်တွေ့နေတတ်၏။ တစ်နေ့ အဖေကိုယ်တိုင် ယုန်သားရေကိုစပ်ကာကျွန်တော့်အတွက် ယုန်သားရေအင်္ကျီ ချုပ်ပေးခဲ့၏၊

ချုပ်ပြီးခါစတော့ ကျွန်တော် မဝတ်ရဲ၊ ယုန်ကလေးတွေသားရေကိုဝတ်ရမှာ သနားမိ၍ဖြစ်သည်၊ သို့သော် အဖေက အတင်းဝတ်ပေးသဖြင့် ဝတ်ကြည့်ရာနွေးနွေးထွေးထွေးရှိလှသလို ဝတ်လို့လည်း ကောင်းလှ၏၊ အဲဒီ့အချိန်ကစပြီး အဖေ ချုပ်ပေးသည့် ယုန်သားရေအင်္ကျီကို ဘယ်တော့မှ မချွတ်တော့၊ အဖေက လည်းတောလိုက်ပြီး ပြန်လာပြီဆိုလျှင် သူချုပ်ပေးထားသည့်အင်္ကျီကလေးဝတ်ထားမှ ကြိုက်တတ်သည်၊

သို့ဖြင့်ကျွန်တော် ဆယ်နှစ်သားခန့်အရွယ်ရောက်လာသောအခါ အဖေနှင့်အတူတောထဲလိုက်တတ်လာ၏။ အဖေက ကျွန်တော်ပါသည့်အခါတွင် တောနက်ကြီးထဲ ဘယ်တော့မှမသွား၊ ယုန်တွေ၊ သမင်တွေပေါသည့် တောအုပ်စပ်နားသာ ဝင်တတ်၏။

ပဲခူးရိုးမတောင်ရိုးကြီးက အမြဲတမ်းတောင်ခိုးတွေ ဝေနေတတ်၏၊ သစ်ပင်ကြီးငယ်တွေကလည်း စိမ်းစိုအုပ်ဆိုင်းနေတတ်၏။ ကျွန်တော်အဲဒီ့တောကြီးထဲသို့ သွားရောက်လည်ပတ်ချင်သော်လည်း အဖေက လိုက်ခွင့်မပြု၊ သားရဲတိရစ္ဆာန်ကြီးတွေ ပေါလှသဖြင့် ကျွန်တော့်ကို ဘယ်တော့မှမခေါ်၊

ကျွန်တော့်စိတ်ထဲမှာတော့ အဲဒီ့တောင်တန်းတောင်ရိုးကြီးထဲ တစ်နေ့ အဖေ့လိုပဲသွားရောက်အမဲလိုက်မည်ဟု ကြုံးဝါးထားမိ၏၊ ကျွန်တော် ရွာမှာ ကျန်ခဲ့စဉ် ဒေါ်ကြီးအေးပုံက ကျွန်တော့်ကို သူ့သားနှစ်ယောက်နှင့်အတူကျောင်းထားပေး၏၊ ကျွန်တော် ငယ်ငယ်က သတ္တဝါလေးတွေ သတ်ဖြတ်တာကို သနားခဲ့သော်လည်း အရွယ်ရလာသည့်အခါ အဖေ့လိုပဲ အမဲလိုက်ချင်စိတ်တွင် ဖြစ်ပေါ်နေမိ၏။

ကျောင်းစာသင်နေရသော်လည်း စာကို စိတ်မဝင်စားခဲ့၊ ကျောင်းသွားချင်ယောင်ဆောင်ပြီး ရွာအပြင်ထွက်ခါ ငုံးထောင်ကျိုး(ချိုး)ထောင်လုပ်ခဲ့၏၊ တစ်ရံတစ်ခါ ငါးရိုက်ဖားရိုက်လုပ်တတ်၏၊ အဖေကတော့ ကျွန်တော် ကျောင်းသားကြီးဖြစ်နေပြီမို့ ဝမ်းသာအားရဖြစ်နေမိတာ အမှန်ပင်၊ ကျွန်တော်က စာဖတ်ဖို့ထက် လောက်လေးခွတစ်ချောင်းနှင့်ရွာအပြင်ထွက်ပြီး ဟိုပစ်ဒီပစ် လုပ်တာကို ဝါသနာပါ၏၊

တစ်နေ့ ကျွန်တော် ကျောင်းပြေးတာကို ဒေါ်ကြီးအေးပုံ မိသွား၏၊ ထိုအခါ ကျွန်တော့်ကို ဝါးခြမ်းပြားနှင့် ခပ်ကြမ်းကြမ်းရိုက်နက်လေရာအဲဒီ့ည ကျွန်တော်စိတ်ကောက်ပြီး ထမင်းမစားဘဲ အိပ်ရာဝင်ခဲ့၏၊ ဒေါ်ကြီးအေးပုံက ကျွန်တော့်ကို ပြန်ချော့ပြီး ကျွေးမွေးသော်လည်း ကျွန်တော် ခေါင်းခါခဲ့၏၊ ထိုအခါ ဒေါ်ကြီးအေးပုံက ကျွန်တော့်ကို အဖေ့လိုပဲ လာမယ့်ကောင်လေးဟု မှတ်ချက်ပြုတတ်၏၊ ထိုအခါ ကျွန်တော် ပီတိဖြစ်မိသလို ဂုဏ်ယူမိသလို ခံစားမိ၏။

အမှန်တော့ ကျွန်တော့်ကိုယ်၌က အဖေ့လို မုဆိုးကြီးဖြစ်ရမှာ ဝမ်းသာ၏။ ကျွန်တော်မုဆိုးကြီးဖြစ်လာလျှင်ဒူးလေးကောင်းကောင်းတစ်လက်၊ တစ်ဖွေ့ခုန်၊ နှစ်ဖွေ့ခုန် အဆိပ်လူးမြားအချောင်းနှစ်ဆယ်လောက် ထည့်ပြီး ဓားမြှောင်တစ်ချောင်းနှင့် တောင်ရိုးတစ်လျှောက်လျှောက်သွားချင်၏။

ကျွန်တော်ပစ်ချင်သည့်အမဲကောင်က ယုန်တွေ သမင်တွေ မဟုတ်၊ သားကောင်ကြီးကြီးကိုမှ ရွေးပစ်ချင်၏။ ထိုသို့ အမဲလိုက်သွားရာတွင်လည်းသိုင်းပညာတတ်မှ ဖြစ်မည်ဟု စိတ်ကူးရ၏၊ ဘာကြောင့်ဆိုသော်တစ်ချိန်က အဖေ တောထဲအမဲလိုက်သွားရင်း ဝက်ဝံပေါက်တစ်ကောင်နှင့် တိုးခဲ့ဖူး၏၊ ထိုအခါ အဖေနှင့်ဝက်ဝံ နပန်းလုံးခဲ့ရာ ဒဏ်ရာအနာတရတွေ ရခဲ့၏။

ဝက်ဝံမှာလည်း အဖေ့လက်ချက်နှင့် သေဆုံးခဲ့ရ၏၊ ထိုစဉ်က ဝက်ဝံကို တောဈေးတွင် ပြန်လည်ရောင်းချကာ အဖေ့ကိုဆေးပြန်ကုခဲ့ရဖူး၏၊ ဒါကြောင့် ကျွန်တော် တောလိုက်သွားရင်း သား



www.burmeseclassic.com

www.burmeseclassic.com

ကောင်ကြီးတွေနှင့်တိုးလျှင် သိုင်းပညာဖြင့် ပြန်ချမှဖြစ်မည်ဟု တွေးမိ၏။ ထို့ကြောင့်လည်း ကျောင်းက လစ်လစ်ပြီး ရွာအနောက်ဘက်ရှိ ဘကြီးထင်ကျော်ဆီပြေးကာ သိုင်းပညာသင်ခဲ့၏။

ဘကြီးထင်ကျော်ကကျွန်တော့်ကို သိုင်းပညာ လိုလိုလားလား သင်ပေးခဲ့သဖြင့် ကျွန်တော် ဆယ့်လေးနှစ်သားအတွင်းသိုင်းကွက်သုံးဆယ့်နှစ်ကွက်ကို ကောင်းမွန်စွာ ကစားနိုင်ခဲ့ပြီဖြစ်၏။ ဓားနှစ်လက်ကိုင်ကာ ခုန်ပျံကျော်လွှားရင်း ရှောင်နိုင်ရှားနိုင် ခုတ်နိုင်ထစ်နိုင်ခဲ့ပြီဖြစ်၏။

အဖေပြန်လာတော့ကျွန်တော်သင်ထားသည့်သိုင်းပညာကို ကစားပြခဲ့၏။ အဖေကတော့ ကွမ်းတမြုံ့မြုံ့ဝါးရင်း သဘောကျနေတတ်သည်။ ထိုအချိန်ကစပြီး အဖေ့ကို ကျွန်တော် အမဲလိုက်ချင်သည်ဟု ပြောခဲ့၏။ အဖေကတော့ ငြင်းဆန်နေဆဲ၊ ကျွန်တော့်ကို လွယ်အိတ်လွယ်ပြီး ကျောင်းတက်နေတာပဲ မြင်ချင်ပုံရ၏။

သို့နှင့်ကျွန်တော်ကျောင်းကိုမတက်ချင်၊ တက်ချင်နှင့် အောင့်အည်းတက်ခဲ့ရ၏။ ဆရာကြီး သင်ကြားသောစာတွေကိုကျွန်တော်စိတ်မဝင်စား။ မျက်လုံးထဲတွင် အဖေ ပြင်ဆင်နေသော တောင်ချောက်များ သားကောင်ပစ်ခတ်နည်းများသာ စိတ်ဝင်စားခဲ့၏။

တစ်နေ့အဖေကြက်တူရွေးတောင်ဘက် အမဲပစ်ထွက်သွား၏။ ဦးကြီးမြထိုက်လည်းပါသွား၏။ အဖေတို့နှစ်ဦး တောင်ချောက်တွေ ဒူးလေးတွေ စားနပ်ရိက္ခာတွေပါ ပါသွားသဖြင့် အနည်းဆုံး တစ်ပတ်ခန့်တော့ ကြာပေလိမ့်မည်၊ ကျွန်တော် လိုက်ချင်သမှ အူကိုယားလို့၊ အဖေက ကျွန်တော်လိုက်မှာစိုးသဖြင့် အသိတောင်မပေး၊

ကျွန်တော် ကျောင်းသွားနေသည့်အချိန်တွင်တောတက်သွားကြ၏။ အဖေတို့နှင့်အတူ ဗလကြီးလည်းပါသွားခဲ့၏။ ဗလကြီးကအဖေ့ရဲ့အချစ်တော်ခွေးကြီး၊ ရှုတ်တရက်ကြည့်လျှင် ကျားကြီးတစ်ကောင်အလားပင်၊ အရောင်က နက်မှောင်နေ၏။ အဖေက ဗလကြီးကို နေ့တိုင်း ကျားရိုးသွေးပြီး တိုက်ခဲ့၏။

ဒါကြောင့်လည်း ကျွန်တော်တို့နေ့သည့်ခြံနားလူစိမ်းသူစိမ်းမကပ်ရဲ၊ ဗလကြီးက ကျွန်တော်တို့သားအဖကလွဲ၍ ဦးမြထိုက်ကိုပင် ရန်မူချင်သူဖြစ်၏။ ယခုလည်း ဗလတာ အဖေ့ကိုယ်ရံတော်အဖြစ် ပါသွားလေပြီ၊ စင်စစ်အဖေတာကျွန်တော့်ကို ဗလလောက်တောင် အရာမထား၊ စိတ်ထဲတွင်မကျေမချမ်းဖြစ်မိတာအမှန်၊ ကျွန်တော်လည်းယခုဆို ဆယ့်ငါးနှစ်ပင်ပြည့်ခဲ့ပြီဖြစ်၏။

အရပ်ကလည်းအဖေ့နည်းတူထွားထွားကျိုင်းကျိုင်း၊ သိုင်းပညာလည်း ကျွမ်းကျင်အောင် တတ်မြောက်ထားပြီဆိုတာ အဖေသိလျက်နဲ့ ကျွန်တော့်ကို အဖေ အရေးမထားတာ အဖေ့အပေါ် ကျွန်တော် စိတ်ခုခဲ့၏။ အဲဒီနေ့က ကျွန်တော် ကျောင်းမတက်၊ ငါးမျက်ရှင်ချောင်းဘက်သွားပြီး ကြက်တူရွေးအုပ်တောင်ခဲ့၏။

တောင်ချောက်ဆင်ပုံကို အဖေကသင်ပေးထားသဖြင့် ဘာမှ ခဲယဉ်းလှသည်မဟုတ်၊ အရေးကြီးတာက မြွေအန္တရာယ်ပင်၊ ငါးမျက်ရှင်ချောင်းဘေးမှာ မာလကာခင်းရှိ၏။ အလေ့ကျပေါက်ရောက်နေသည်မို့ ရှုမည့်သူမရှိ၊ ဝါထိန်နေသောမာလကာသီးမှည့်ရှိန်ဆို အုပ်လိုက် ရောက် လာ၏၊ တစ်ခါတစ်ရံ တောင်ပေါ်မျောက်အုပ်တွေလည်းဆင်းလာတတ်၏။

ကျွန်တော့်တစ်ကိုယ်လုံး ထူပူသွား၏။ အဖေမရှိရင် ကျွန်တော် ဘယ်လိုလုပ်ရမလဲ။ ကျားကလည်း အတင့်ရဲပေစွ။ အဖေ့လို မုဆိုးကျော်ကြီးကိုတောင် သင်းက လုပ်ရက်လေ၏။ စိတ်ထဲတွင် ဒေါသတွေ ဟုန်းဟုန်းဆူလာ၏။ အဖေ့ကို ဆွဲသွားသည့်ကျားကို ကျွန်တော် လက်စားချေမှ ကျေနပ်နိုင်မည်။ ခေါ်ကားလွန်းလှသည့်ကျားဆိုးကို အမြန်ဆုံး ရင်ဆိုင်ချင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့ပေသည့် မြွေတွေက ပင်မြေမှာ တလျှောလျှောနှင့် သွားလာတတ်သည်မို့ သတိထားမှ တော်ရုံကျလုပေမည်။ ကျွန်တော်နှင့်အတူ ဖိုးတာတို့လူသိုက်လည်း ပါ၏၊ သူငယ်ချင်းတွေကြားတွင် ကျွန်တော်က ဆရာကြီး၊ အိမ်က ပိုက်တစ်အုပ်ကို လွယ်အိတ်ထဲ ဝှက်ယူလာပြီး မိုးလင်းကတည်းက ငါးမျက်ရှင်ရောင်းဘက် ထွက်ခဲ့ကြ၏။

ကျွန်တော်ထင်သည့်အတိုင်းပင် မာလကာခင်းထဲတွင် ကြက်တူရွေးအုပ်၏အသံဗလံတွေက ဆူပွက်နေ၏၊ ကျွန်တော်တို့သူငယ်ချင်းတစ်စု ခြေသံလုံအောင် မာလကာခင်းနားကပ်ခဲ့ပြီးပိုက်ထောင်လိုက်၏၊ ပိုက်ကို ငှက်တွေ ထပျံလောက်မည့် မာလကာခင်းမြောက်ဖျားမှ ဖျာ၍ထောင်လိုက်သည်။ ထို့နောက် ဖိုးတာတို့လူစုက မာလကာခင်းထဲကို ခဲတွေ၊ တုတ်တွေ တရှိုးရှိုးနှင့် ပစ်သွင်းလိုက်ရာ ငှက်အုပ်က တကျိုကျိုအော်ရင်း ဝုန်းခနဲ ထပျံကုန်၏။

ကျွန်တော်က ပိုက်ကြိုးကို အဆင်သင့်ချည်နှောင်ထားသလို တစ်ဖက်က ချုပ်ကြိုးကို ကိုင်ထားပြီး ဝေါခနဲ ဝင်လာသော ငှက်အုပ်မြင်သည်နှင့် ချုပ်ကြိုးကို ဆွဲချ၏၊ ငှက်တွေက တကျိုကျိုအော်ရင်း ဟိုသည်အထိတ်တလန့်နှင့် ပျံနေကြ၏၊ ပိုက်ထဲက လွတ်လိုလွတ်ငြား ရုန်းကန်တိုးဝှေ့ပျံသန်းနေဆဲ။

ကျွန်တော်က ချုပ်ကြိုးကို ကိုင်ပြီး ငှက်အခြေအနေကိုကြည့်နေ၏၊ ထိုစဉ် ဖိုးတာတို့လူစု ရောက်လာကာ ငှက်တွေကိုမြင်ရတော့ အားရဝမ်းသာဖြစ်နေကြ၏။ ပိုက်ထဲမိလာသမျှငှက်တွေ ဖမ်းတာတောရေးမှာ သွင်းဖို့ တိုင်ပင်ကြ၏၊ ထိုအချိန်တွင် အထက်ရောင်းရိုးအတိုင်း လူတစ်ဦးက တဓုန်းဓုန်းပြေးလာသည်ကို တွေ့လိုက်ရ၏။

"ဟေး၊ တောကျော်၊ တောကျော်"

"ဟင်"

ကျွန်တော့် နာမည်ခေါ်သံကြားသဖြင့် ပိုက်ထဲက ငှက်တွေ ဖမ်းနေစဉ် ဝုန်းခနဲ ထရပ်လိုက်၏၊ အသံက ဦးကြီးမြထိုက်အသံ၊ အမောတကော ပြေးလာပုံကိုကြည့်ပြီး ကျွန်တော့်ရင်တွေ ထိတ်သွား၏၊ သူ့တစ်ကိုယ်လုံး ပေကျံစုတ်ပြဲနေ၏၊ အနားရောက်သော် အမောပင် မပြေနိုင်။

"ဟို - ဟို"

"ဦးကြီး - ဘာ - ဘာဖြစ်လာတာလဲ"

"ဟို - ဟို - မင်းအဖေ"

"ဗျာ - အဖေ - ဘာဖြစ်လို့လဲ ဦးကြီး"

"ဟို - ဟို - ကျားဆွဲခံရလို့"

"ဗျာ"

ဦးကြီး၏စကားကြောင့် ကျွန်တော် အကြီးအကျယ် တုန်လှုပ်သွား၏၊ ကျွန်တော် ဘာလုပ်လို့လုပ်ရမှန်းမသိတော့၊ လက်ထဲကပိုက်ကိုပင် ယောင်၍လွှတ်ချလိုက်ရာ ငှက်တွေ ဝေါခနဲ ထပျံကုန်၏။

"ဦး - ဦးကြီး - တကယ်လား ဟင်"

"တကယ်ပါကွာ - ဒုက္ခပါပဲ၊ ကိုကြီးအိုက်တော့ မလွယ်ဘူး၊ ကျားက မျက်လုံးတစ်ဖက်ကန်းနေတဲ့ကျားကြီး"

"ဟင် - ဒုက္ခပါပဲ - ဘယ်လိုလုပ်ကြမလဲ"

"ဝါ - ဝါလဲ မပြောတတ်ဘူး"

"ဗျာ"

ကျွန်တော့်တစ်ကိုယ်လုံး ထူပူသွား၏၊ အဖေမရှိရင် ကျွန်တော် ဘယ်လိုလုပ်ရမလဲ၊ ကျားကလည်း အတင့်ရဲပေစွ၊ အဖေ့လို မုဆိုးတော်ကြီးကိုတောင်သင်းက လုပ်ရက်လှ၏၊ စိတ်ထဲတွင် ဒေါသတွေဟုန်းဟုန်းထလာ၏၊ အဖေ့ကို ဆွဲသွားသည့်ကျားကို ကျွန်တော် လက်တားရေမှုကျေနပ်နိုင်မည်၊ ဇော်ကားလွန်းလှသည့်ကျားဆိုးကို အမြန်ဆုံး ရင်ဆိုင်ချင်နေသည်။

"ဦး - ဦးကြီး"

"ဟေ"

"ဒီမှာ ခဏစောင့် - ကျွန်တော် လုံနဲ့ ဒူးလေး ပြန်ယူဦးမယ်"

"ဟင် - မင်းမင်း ဘာလုပ်မလို့လဲ"

"ဟို - ကျွန်တော် အဲဒီ ကျားကို ကလဲ့စားချေရမှ ကျေနပ်မယ်"

"ဖြစ် - ဖြစ်ပါ့မလား၊ မင်းက ငယ်ပါသေးတယ် - တောကျော်ရာ"

"ဟာ - ကျွန်တော်မကြောက်ပါဘူး ဦးကြီး၊ ဒီမှာ ခဏစောင့်"

ပြောပြောဆိုဆိုနှင့် ရွာဘက်ကိုပြန်ပြေးခဲ့၏၊ အဖေ အပိုသိမ်းထားခဲ့သော ဒူးလေးနှင့်မြားကျည်တောက်ကိုပခုံးတွင် လွယ်လိုက်၏၊ ထို့နောက် ကျွန်တော် တစ်ရပ်စာရှိသည့်လှံကြီးကိုယူ၍ အိမ်ထဲမှအပြေးထွက်ခဲ့၏၊ ဒေါ်ကြီးအေးပုံက

www.burmeseclassic.com

ကျွန်တော့်ကိုမြင်တော့တဟဲ့ဟဲ့တားနေသေး၏၊ ကျွန်တော်ဘာကိုမှမမှုနိုင်တော့။ အဓိကအရေးကြီးတာ အဖေ့နောက်လိုက်ဖို့ပဲ၊

ချောင်းရိုးနားရောက်တော့ ဦးကြီးမြထိုက်မှာ ကျွန်တော့်သွင်ပြင်ကိုကြည့်ပြီး မျက်လုံးပြူးနေ၏၊ ပီဘိမုဆိုးကြီးအလား၊ စိတ်ထဲမှာတော့ ဒူးလေးလွယ်ပြီး လှံကြီး ကိုင်ထားရသဖြင့်သွေးတွေကြွနေ၏၊ အဖေ့အတွက် ကျွန်တော်ကလဲ့စားချေရတော့မည်။

"ကဲ – သွားကြစို့ – ဦးကြီး"

"ဟာ – ဘာသွားလုပ်မှာလဲ။ အန္တရာယ်အရမ်းကြီးတယ် – တောကျော်ရာ"

"အို – ဘာအန္တရာယ်ရှိရှိဗျာ၊ ရှိလည်းကျွန်တော် ဒီကျားကို မတွေ့မချင်း ရွာမပြန်ဘူး"

"ဒုက္ခပါပဲကွာ"

"လာစမ်းပါ – ဦးကြီးရာ။ ကျွန်တော့်ကို နေရာသာ ပြစမ်းပါ"

"ဟို – ဟို – ပုစွန်စာတောအုပ်ကြီးထဲမှာကွ – တောကျော်ရ – အဝေးကြီး"

"အို – ဘယ်လောက်ဝေးဝေး လာစမ်းပါ – ဦးကြီးရာ"

"ဟာ – ဒါဆို – ရွာက တစ်ယောက်နှစ်ယောက် ထပ်ခေါ်မှထင်တယ်"

"ဘာဖြစ်လို့လဲဗျ"

"ဟာ၊ ကျားက အတော်ကြီးတယ်ကွ။ တစ်ယောက်နှစ်ယောက်နဲ့ မလွယ်ဘူး"

"ဒါဆို – ကိုထွန်းကြိုင်တို့ကို ခေါ်လိုက်မလား"

"အေး – ထွန်းကြိုင်က မင်းအဖေနဲ့လဲ အမဲလိုက်ဖူးတယ်"

"ဒါဆို – ဗိုးတာ – မင်း အမြန်သွားခေါ်ကွာ"

"အေး – အေး"

သူငယ်ချင်းဗိုးတာရွာထဲအမြန်ပြေးကာ ကိုထွန်းကြိုင်တို့ကို သွားခေါ်၏၊ တစ်အောင့်အကြာတွင်ကိုထွန်းကြိုင်နှင့်အတူ ကိုသောင်းစိန်၊ ကိုဖူးခန့်တို့ ပါလာ၏၊ သူတို့လက်ထဲတွင်လည်း ဒူးလေးတွေ၊ လှံတွေ၊ ဓားတွေ ပါလာ၏၊ ကိုထွန်းကြိုင်က အနားရောက်လာသည်နှင့်ဖြစ်ပုံကို မေးမြန်းလာ၏၊ ဦးကြီးမြထိုက်က လေသံ ကတုန်ကယင်နှင့် ပြောပြလိုက်သည်၊

"ဟို – ငါတို့ ပုစွန်စာတောအုပ်ထဲ သမင်အုပ်တွေ့တာနဲ့မဲပြီးလိုက်တာကွာ။ အဲဒါ ငါနဲ့ ကိုကြီးအိုက်နှစ်ယောက် လမ်းမှာ လူချင်းကွဲသွားတယ်၊ ဒီလိုနဲ့ တစ်အောင့်ကြာတော့ ကိုကြီးအိုက်ရဲ့အော်သံနဲ့ ကျားဟိန်းသံကိုပါ ကြားလိုက်ရတယ်၊ ငါလည်း အသံကြားရာကို ပြေးလိုက်ခဲ့တာပဲ၊ ငါလည်းရောက်ရောကျားပါးစပ်ထဲမှာ ကိုကြီးအိုက်သွေးစက်လက်နဲ့ ပါသွားတာ တွေ့လိုက်ရတယ်ကွာ"

"ဟင်"

ဦးကြီးစကားကြောင့် ကျွန်တော့်မျက်လုံးထဲတွင် အဖေ့အဖြစ်ကို မြင်ယောင်လာ၏၊ အံတကြိတ်ကြိတ် လက်သီးတဆုပ်ဆုပ်ဖြစ်လာ၏၊

"ကဲ – လာဗျာ – အဖေ့နောက်ကို လိုက်ကြရအောင်"

"အေး – ခုချိန်လိုက်ရင် အချိန်မီနိုင်တယ်ကွာ"

"ကဲလာ – သွားကြမယ်ဟေ့"

ပြောပြောဆိုဆိုနှင့် ကျွန်တော်တို့ ငါးဦးရိုးမတောင်ခြေအတိုင်း တက်ခဲ့ကြ၏၊ တောင်ခြေတစ်လျှောက်သစ်ပင်ကြီးတွေက ဟီးထနေ၏၊ စိမ်းညို့အုံ့ဆိုင်းနေသဖြင့် နေရောင်ပင် မမြင်ရ၊

တစ်ချိန်က ကျွန်တော် သွားချင်လှသောရိုးမတောကြီး၊ ခုတော့ – ဒူးလေးတွေ၊ လှံတွေကိုင်ပြီး တောကြီးထဲဝင်ခဲ့ပြီဖြစ်သည်၊ စိတ်ထဲတွင် ကလဲ့စားချေလိုစိတ်တွေက ကြွနေ၏၊

ကျွန်တော်ဟာ မုဆိုးကြီးရဲ့သား၊ ကြောက်စိတ်မွေးနေလို့မဖြစ်၊ အဖေ့ကိုယ်စားကျားကြီးကိုကလဲ့စားချေမှဖြစ်မည်၊ ဒါ – ကျွန်တော့်ရဲ့သံမဏိဆုံးဖြတ်ချက်၊

တစ်စတစ်စနှင့် ကျွန်တော်တို့လူစုတောနက်ပိုင်းကြီးထဲ ရောက်လာ၏၊ တောလမ်းတစ်လျှောက် ရွက်ကြွေတွေကလည်း ဖွေးဖွေးလှုပ်လို့၊ လျှိုတွေ၊ ချောက်တွေ ကလည်း ပေါလှ၏၊

ဝါးရုံပင်ကြီးတွေကလည်းထွေးလုံးယှက်သိုင်းနေ၏၊ ပျဉ်းကတိုး၊ ကျွန်းနှင့် အခြားသစ်မာပင်များ ပိန်းပိတ်အောင် ပေါက်ရောက်နေ၏၊ ပုစွန်စာတောကြီးက ကျွန်တော်တို့ ဖြတ်သန်းခဲ့သည့် တောအုပ်ထက်ပင် သစ်ပင်ကြီးများ ထူထပ်လှ၏၊

ဦးကြီးမြထိုက် ညွှန်ပြသည့်လမ်းအတိုင်း တောအုပ်ထဲ ဝင်ခဲ့ကြ၏၊ ငှက်





www.burmeseclassic.com

www.burmeseclassic.com

တစ်အုပ်မှာ ကျွန်တော်တို့လူစု ဝင်လာသည်နှင့် ဝေါခနဲ ထပျံသွား၏။

ဦးကြီးက ခြေသံလုံလုံနင်းဖို့ ကျွန်တော်တို့ဘက်လှည့်ပြီးသတိပေးလာ၏။ ကိုထွန်းကြိုင်တို့လူစုမှာ ပုစွန်စာတောအုပ်ထဲ ရောက်သည်နှင့် သတိကြီးကြီးထားကာ အခြေအနေကို အကဲခတ်ခဲ့ကြ၏။

တောအုပ်ကညီမှိုင်းမှိုင်းနေသည်။ တဖြည်းဖြည်းနှင့် ကျွန်တော်တို့လူစု ချောင်းရိုးကလေးတစ်ခုအနား ရောက်လာ၏။ ချောင်းရေက ကြည်လင်လှပြီး ရေအောက်တွင် သွားလာနေကြသော ငါးရောင်စုံကိုပင် မြင်နေရသည်။

ထိုစဉ်ဦးကြီးမြထိုက်ကလေသံတိုးတိုးနှင့် ပြောလာ၏။

"ရှေ့ဘက်ချောင်းအထက်မှာငါတို့ ကျားနဲ့တိုးတာပဲကွ၊ သတိထားကြနော်၊ ဟော့ကောင် တောကျော်"

"ဗျာ"

"မင်း အရမ်းမလုပ်နဲ့၊ ငါ လုပ်ဆိုမှ လုပ်"

"ဟုတ်ကဲ့ပါ - ဦးကြီးရဲ့"

"ကဲ - လာလာ"

ပြောပြောဆိုဆိုနှင့် ချောင်းရိုးကို ဆန်ပြီးတက်ခဲ့ကြ၏။ ချောင်းရိုးအထက်ပိုင်းတွင်မြေသားကမြင့်တက်လာသလို ရွက်ကြွေတွေကလည်း မြေပြင်ပေါ် အဖွေးသား ကျနေ၏။

ကျွန်တော်တို့လူစုရွက်ခြောက်တွေကို သတိထားနင်းရင်း တောင်ပူစာပေါ် တက်ခဲ့ကြ၏။ တောင်အထက်ပိုင်းတွင် ကျောက်တုံးကျောက်ဆောင်များ အတွေ့များလာ၏။

ဦးကြီးမြထိုက်က မျက်စိကို အနားမထား၊ ဟိုဟိုဒီဒီ ကြည့်နေ၏။ ထိုစဉ် ကျောက်ဆောင်နှစ်ခုကြားတွင် မြင်လိုက်ရသောအရာကြောင့် အားလုံး အံ့ဩသွား၏။

"ဟာ - အဖေ့ဒူးလေးပါလား"

"အေး - ဒါ မင်းအဖေကို ကျားကြီးဆွဲသွားတဲ့နေရာပဲကွ - သတိထားကြနော်"

ဦးကြီးမြထိုက်က ဒူးလေးကိုကောက်ယူပြီး ကြည့်လိုက်၏။ မြားဘူးလဲ အပိုင်းအစစ၊ ဒူးလေးလက်ကိုင်မှာလည်းကျိုးပဲ့နေပြီဖြစ်၏။ ကျွန်တော်တို့လူစု တောင်ကြားထဲမှာ ဖြည်းဖြည်းချင်း လျှောက်ခဲ့ကြ၏။

"ဟာ - ဟိုမှာ ပုဆိုးတစ်ပိုင်း"

မြင်ကွင်းကြောင့် ကျွန်တော့်ဒေါသတွေ ဟုန်းဟုန်းဆူနေ၏။ ကျားကြီးက အဖေ့ကို တစ်ပိုင်းတစ်စ ကိုက်ချီသွားသည့်ပုံပင်။

"ဝေါင်း - ဝေါင်း"

"ဟာ - ကျားသံဟေ့၊ သစ်ပင်ပေါ် တက်နေကြစမ်း"

"ဟုတ် - ဟုတ်ကဲ့"

အသံကြောင့် ကျွန်တော်တို့အားလုံး ဆံပင်မွှေးတွေ ထောင်သွား၏။ စောစောက ကလဲ့စားချေလိုစိတ် ဒေါသတွေပင် ကြက်ပျောက် ငှက်ပျောက်ဖြစ်သွား၏။

ဦးကြီးမြထိုက် ပြောသည့်စကားအတိုင်း ကျွန်တော်တို့လူစု ကျောက်တုံးကျောက်ဆောင်များပေါ်တွင် တွယ်ကပ်ပေါက်ရောက်နေသော သစ်ပင်ကြီးတွေပေါ် တွယ်တက်ခဲ့ကြ၏။

ကျွန်တော်တို့လူစု သစ်ပင်ပေါ် ရောက်ပြီး မိနစ်နှစ်ဆယ်ခန့်အကြာတွင် ကျောက်တုံးကျောက်ဆောင်ကြားပေါက် ရောက်နေသော မြက်ရိုင်းအုပ်တွေကြားမှ တလျှောလျှောနှင့် တောတိုးသံကို ကြားလိုက်ရ၏။

ဦးကြီးမြထိုက်က မြက်ရိုင်းပင်တွေ လှုပ်ယမ်းနေသည့်နေရာကိုလည်းလက်ညှိုးထိုးပြလိုက်၏။ အားလုံးအကြည့်က မြက်ရိုင်းပင်တွေထဲ ရောက်နေ၏။

ထိုစဉ် အဝါရောင်အစင်းအစင်းနှင့် ကျားကြီးကို ရိုးတိုးရိပ်တိတ် မြင်လိုက်ရ၏။ တစ်အောင့်အကြာတွင်မြက်ရိုင်းအုပ်ထဲမှ သတ္တဝါကြီးနှစ်ကောင် ထွက်လာသည်ကို တွေ့လိုက်ရ၏။

"ဟင်၊ ကျားက နှစ်ကောင်ပါလား"

"ရှူး - တိုးတိုးကွ"

ကျားကြီးနှစ်ကောင်မှာ မြေပြင်ကို နှာခေါင်းတရှုံရှုံနှင့် ဟိုနမ်း သည်နမ်းလုပ်ရင်း ကျွန်တော်တို့ပုန်းနေသည့် သစ်ပင်အရှေ့ဘက် ကျောက်ဆောင်ပေါ် ခုန်တက်သွားကြ၏။

တအောင့်အကြာတွင် ကျွန်တော်တို့လူစု သစ်ပင်ပေါ်မှ တဖြည်းဖြည်းချင်း





www.burmeseclassic.com

www.burmeseclassic.com

ဆင်းခဲ့ပြီး ကျားကြီးနှစ်ကောင် တက်သွားသော ကျောက်ဆောင်ပေါ်တက်ခဲ့ကြ၏။

"ဟာ - ဟို - ဟိုမှာ"

"ဘာလဲ"

"ဟိုမှာလေကွာ - အဲဒါ ကျားကြီးတွေနေတဲ့ဂူကြီးကွ"

"ဟင် - ဟုတ်ရဲ့လား"

"သေချာပါတယ်ကွာ - ဂူရှေ့ကမြေပြင်ပေါ်မှာ ကျားခြေရာတွေ မြင်လား"

"ဟာ - ဟုတ်သားပဲ"

"ဒါ - ဒါဆို - ဘယ်လိုလုပ်ကြမလဲ"

"သတိထားပြီး လုပ်ကြတာပေါ့ တောကျော်"

"ဗျာ"

"စိတ်မလောနဲ့နော်"

"ဟုတ် - ဟုတ်ကဲ့ - ဦးကြီး"

ကျားကြီးတွေကိုမြင်တော့ ကျွန်တော့်စိတ်ထဲ ကတုန်ကယင် ခံစားနေရ၏။ အဖေ့အတွက် သတ်မယ်ဖြတ်မယ် ပြောခဲ့တဲ့စိတ်တွေဘယ်ရောက်ကုန်မှန်း မသိတော့၊ တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်တွေ စို့လာ၏။

"သိပ်ကြောက်နေသလား - တောကျော်"

"ဟို - ဟို - မကြောက်ပါဘူး"

"ငါတို့နောက်က လိုက်ခဲ့"

"ဟုတ် - ဟုတ်ကဲ့"

ကျွန်တော်ကိုထွန်းကြိုင်တို့နောက်မှ ကုတ်ချောင်းကုတ်ချောင်းနှင့် လိုက်ခဲ့၏။ ကျောက်ဆောင်ကြီးတွေပေါ် ကျော်လွှားရင်း ဂူကြီးနှင့် အနီးဆုံးနေရာကို ကပ်ခဲ့ကြ၏။

"သေချာပြီပေါ့"

"ဘာလဲ - ဦးကြီး"

"ဟိုမှာ ဂူထဲမှာ ဖိနပ်တစ်ဖက်ကွ"

"အဲ - အဲဒါ အဖေ့ဖိနပ်ဗျာ"

"အင်း - မင်းအဖေ အသက်ရှင်ဖို့ မလွယ်တော့ပါဘူးကွယ်"

"ဗျာ - ဒါ - ဒါဆို"

"စိတ်မကောင်းမဖြစ်နဲ့ လူကလေး။ တို့တစ်တွေဟာ တောလိုက်မုဆိုးတွေ ဖြစ်ပေမယ့် တစ်ခါတစ်ရံ တိရစ္ဆာန်တွေကတို့ကိုပြန်လိုက်တဲ့အခါလည်းရှိတယ်ကွ။ ခုလည်းငါတို့နှစ်ယောက်မုဆိုးဘဝကနေ သားကောင်ဖြစ်ခဲ့ရတာပေါ့ကွာ။ တကယ်တော့ - ဒါဟာ သဘာဝဖြစ်စဉ်ကြီးပဲ။ ငါတို့မုဆိုးဖြစ်ရင် သူတို့သားကောင်ဘဝနဲ့လည်စင်းပေးရသလိုငါတို့သားကောင်ဖြစ်ခဲ့ရင်လည်းသူတို့ရှေ့မှာလည်စင်းပေးခဲ့ရတာပဲ။ ဒါ - တောတွင်းသဘာဝပေါ့ - လူကလေးရာ။ ဘာမှစိတ်မကောင်း ဖြစ်မနေနဲ့။ မင်းကိုယ်စား ဦးကြီးကိုယ်တိုင် ကလဲ့စားချေပေးမယ်"

"ဟုတ် - ဟုတ်ကဲ့"

ဦးကြီးစကားကို အသေအချာနားထောင်ရင်း ကျွန်တော့်စိတ်ထဲ ငိုချင်သလိုလိုပင်၊ ထိုစဉ် ကျွန်တော်တို့လူစု ကျောက်ဆောင်တစ်ဆောင်ဘေးနား တအောင့်တနားနားရင်းအခြေအနေကို စောင့်ကြည့်ခဲ့ကြ၏။ ဦးကြီးမြထိုက်က -

"အင်း - ဒီအချိန် - ကျားကြီးတွေ မထွက်တော့ဘူးကွ"

"ဘာဖြစ်လို့လဲ - ဦးကြီးရဲ့"

"အမှန်ကတော့ စောစောကထွက်လာတာ ကျားဖိုနဲ့ ကျားမကွ။ သူတို့ဟာ ရန်သူ အခြေအနေကို လာကြည့်တာ။ အခု - ဂူထဲ ပြန်ဝင်ပြီး အိပ်နေကြပြီပေါ့။ ကေန့တော့အထဲမှာကျားပေါက်ကလေးတွေ ရှိမှာသေချာတယ်"

"ဟင် - ဟုတ်လား"

"ဖြစ်နိုင်တယ် - ဦးကြီးထိုက်"

"ဟာ - ကျားဆိုတော့ညမှ အစာရှာထွက်တာကွ။ ဒီတော့ - သူတို့ကလေးတွေ ဂူထဲမှာ ကျန်ခဲ့မှာ သေချာတယ်"

"ဟုတ်လား"

"ကဲ - နားကြတော့ - စားစရာရှိတာ စားထားကြ၊ ပေါ့ကောင် - ထွန်းကြိုင်"

"ဗျာ"

"မင်းက သစ်ကိုင်းခြောက်တွေ ကောက်ထား"

"ဟုတ်ကဲ့"

ကျွန်တော်တို့လူစု သစ်ပင်ကြီးများနှင့် ကျောက်ဆောင်ကြီးများအကွယ်တွင် ထိုင်ကာ ယူလာသည့်စားစရာတွေကို စားသောက်လိုက်ကြ၏၊ ထိုထွန်းကြိုင်တို့လူစုက ထင်းခြောက်တွေ တစ်ပုံကြီး ကောက်လာ၏။

သို့နှင့်အချိန်ကတဖြည်းဖြည်းကုန်ဆုံးသွားပေရာ အမှောင်ထုကလည်း တောအုပ်ကြီးထဲ ပြူဆင်းလာ၏၊ တစ်ခါတစ်ရံတော့ တောအုပ်အရှေ့ဘက်များမှ ဂျီဟောက်သံ၊ သမင်ဟောက်သံများ သဲ့သဲ့ကြားနေရ၏။





www.burmeseclassic.com

www.burmeseclassic.com

လမင်းကြီးက တိမ်ညိုတွေကြားမှ ရုန်းထွက်လာ၏၊ လရောင်ကြောင့်ကျွန်တော်တို့လူစုနှင့် ဝါးနှစ်ရိုက်အကွာတွင် ရှိသောကျောက်ဂူကြီးကို လှမ်းမြင်နေရ၏။ ဂူဝက လူတစ်ကိုယ်စာမရှိ။

"ရှူး - ထွက်လာကြပြီ"

"ဟင်"

"ဟာ - ဟုတ်ပါ့"

လရောင်အောက်တွင်ဂူထဲမှထွက်လာကြသောကျားကြီးနှစ်ကောင်နှင့်သူ တို့နောက်ဘက်တွင်ကျားပေါက်ကလေး သုံးကောင် ခုန်ပေါက်ကစားရင်း လိုက်လာ၏၊အရွယ်ကအိမ်မွေးကြောင်အရွယ် လောက်ရှိ၏၊

ကျားကြီးတစ်ကောင်သည်ကလေး ငယ်တွေကိုလက်တစ်ဖက်နှင့်လှမ်းပုတ် ရင်း ဂူထဲ ပြန်သွားခိုင်းနေ၏။ တအောင့် အကြာတွင် ကျားကလေးတွေ ဂူထဲပြန် ဝင်သွားကြ၏။

ထိုအခါ ကျားကြီးနှစ်ကောင်မှာ ဂူရှေ့ရပ်ကာ ဟိုဟိုဒီဒီ လိုက်ကြည့်ကြပြီး တောအုပ်ထဲ ဝင်သွားကြလေ၏၊

"ကဲ - မြန်မြန်ဆင်းကြတော့ဟေ့၊ ဟို - ထောင်ချောက်တွေရော သစ်ကိုင်း ချောက်တွေရော ယူခဲ့ကြ"

"ဟုတ်ကဲ့"

ကျွန်တော်တို့အားလုံး ပုန်းနေရာမှ ထွက်လိုက်ကြ၏။ ဂူရှေ့ရောက်သည်နှင့် ဦးကြီးမြထိုက်သည် ထောင်ချောက် လေးငါးခုကို အသင့်ထောင်လိုက်၏။ ပြီး သည်နှင့်ထောင်ချောက်မလှမ်းမကမ်းရှိ ဂူဝနားတွင် သစ်ကိုင်းခြောက်တွေပုံကာ မီးတင်ရှို့လိုက်၏၊

"ကဲဟေ့ - တို့တောတောကနေရာက ပုန်းပြီး ကျားကြီးတွေအလာကို စောင့် ကြည့်ကြစို့"

"လာ - လာ"

"မြန်မြန်လာကြကွ"

ပြောပြောဆိုဆိုနှင့်ကျောက်ဆောင် တွေဘက်သို့အပြေးအလွှားပြန်ခဲ့ကြပြီး ချုံလေးတွေကြားတွင်လုံ့တွေအသင့်ချိန် ရွယ်ထား၏။

"ဝေါင်း - ဝေါင်း"

"ရှူး - ရှူး"

"ဟော - လာပြီဟေ့"

"သတိထားကြဟေ့"

မြက်ရိုင်းတောအုပ်ကိုဖြတ်ကာ တရှဲရှဲပြေးလာသော ကျားကြီးနှစ်ကောင် ကို အထင်းသား မြင်နေရ၏။ ဂူရှေ့က မီး ပုံကြီးကလည်း တဟုန်းဟုန်း တောက် လောင်ကျွမ်းနေ၏။ မီးအရှိန်ကြောင့် တဖြောက်ဖြောက်မြည်သံတွေကလည်း ဆူညံနေ၏၊

ကျားကြီးနှစ်ကောင်မှာ မြက်ရိုင်း တောမှအထွက်တွင်မီးပုံကြီးကိုမြင်လိုက် ရ၍ တဝေါင်းဝေါင်းနှင့် ဟိန်းလိုက်၏။

ထိုစဉ်ရှေ့မှ ကျားကြီးကမီးပုံကြီးကို အတင်းဖြတ်ဖို့ ကြိုးစားလေ၏။

"ဝေါင်း"

"ဖြောင်း"

"ဟာ - မိပြီကွ"

"ပစ် - ပစ်"

"ဝုစ် - ဝုစ်"

"ဒုတ် - ဒုတ်"

"ဝေါင်း - ဝေါင်း"

ဒူးလေးမြားတွေက မီးပုံဘေးတွင် အော်ဟစ်နေသော ကျားကြီးကိုယ်ထဲ မြုပ်ဝင်သွား၏၊ မြားတန်းလန်းစိုက်နေ သော်လည်းမမှု၊တဝေါင်းဝေါင်းအော်ရင်း မီးပုံကို ဝုန်းခနဲ ဖြတ်ကာ ဂူထဲ အတင်း တိုးဝင်သွားတော့၏၊

ကျွန်တော်တို့လူစုမှာ မြင်ကွင်း ကြောင့်အံ့ဩနေ၏၊ ကျားကြီးတစ်ကောင် က အပြင်ဘက်မှ တဝေါင်းဝေါင်းညာသံ ပေးနေခဲ့၏၊ ထိုစဉ် ဂူထဲမှ ကျားကလေး တွေချီကာ ကျားကြီး ပြန်ထွက်လာ၏၊ တစ်ကိုယ်လုံးမြားတွေစိုက်၊ မီးတွေစွဲနေ သည်ကိုမမှု၊ ကျားကလေးတွေကို တစ် ကောင်ပြီးတစ်ကောင် ဂူအပြင်သို့ ဆွဲ ထုတ်နေ၏၊

သုံးကောင်စလုံးအပြင်ရောက်လာ သည်နှင့် ကျားပေါက်လေးတွေမှာ မြက် ရိုင်းစပ်နားရှိ ကျားကြီးထံ ပြေးသွား၏၊ ထိုစဉ်ဂူဝမှ ကျားကြီးမှာ အပြင်သို့ ထွက် လာစဉ်ထောင်ချောက်ကြီးတစ်ခုကိုနင်း မိသွား၏။

ကျားကြီးမှာလည်း မဟန်နိုင်တော့ ဘဲ မီးပုံဘေးတွင် တဝေါင်းဝေါင်းအော် ရင်း လဲကျသွား၏၊ ထိုစဉ် ကျားပေါက် ကလေးများမှာ မြက်ရိုင်းစပ်မှ ကျားကြီး နှင့်အတူ တောထဲ ပြေးဝင်သွားကြလေ လေတော့၏။





www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့လူစုမြင်ကွင်းကိုကြည့်ပြီး အံ့သြနေကြ၏။ မိနစ်နှစ်ဆယ်ခန့်အကြာတွင် ပုန်းနေရာမှ ထွက်ခဲ့ကြ၏။ မြေပြင်ပေါ်လဲကျနေသည့်ကျားကြီးအနီးသို့ လျှောက်ခဲ့ကြ၏။

"ဟာ - သေနေပြီကွ"

"ဟင် - ကျားက ကျားထီးကြီးဗျ။ မျက်စိတစ်ဖက် ကန်းနေတယ်"

ဗအား - အဲဒါ တောကျော်အဖေကို ကိုက်သွားတဲ့ကျားကြီးပဲ"

ကျွန်တော်က -

"ဟင် - ဟုတ်လား"

ကျားကြီးမှာတော့ လှံနှင့် မြားကြီးတွေက သူ့ခန္ဓာကိုယ်ထဲ မြုပ်ဝင်နေပြီး သွေးတွေက စီးကျနေ၏။ ခေါင်းကြီးမှာ မြေပေါ်စိုက်နေ၏။

"ဒီကျားထီးကြီးက တော်တော်အံ့သြစရာပဲကွ"

"ဟုတ်ပါ့ဗျာ"

"အေးကွ - အထဲကကလေးတွေကို အတင်းခေါ်ထုတ်တာ အံ့သြစရာပဲဗျာ။ သူ့အသက်တောင် သူမမှုဘူးဗျို့"

"အေး - အပြင်မှာ စောင့်နေတာ ကျားမကြီးကွ။ ကလေးတွေလည်းလွတ်ရော ထွက်ပြေးတော့တာပဲ"

"အင်း - သားသမီးအပေါ် အသက်စွန့်ပြီး ချစ်တတ်တဲ့ကျားကြီးကိုတော့ ရိုးကျိုးသကွာ"

"ကဲ - ကဲ - လုပ်စရာရှိတာ လုပ်ကြပေ့"

"ဂူထဲ ဝင်ကြည့်မယ်ဗျာ"

"ဝင်လို့ရပ့ါမလား"

"ရပါတယ်"

ကိုထွန်းကြိုင်တို့ဂူထဲဝင်သွားကြပြီး တအောင့်အကြာတွင် ပြန်ထွက်လာကြ၏။ သူတို့လက်ထဲတွင် အဖေ့၏အသုံးအဆောင်များနှင့်အတူ သွေးစွန်းနေသောအကျီ အပိုင်းအစတစ်ထည်ကို တွေ့လိုက်ရ၏။

ကျွန်တော် အဲဒီအရာတွေကို မြင်လိုက်ကတည်းက အဖေ ဘယ်နည်းနဲ့မှ အသက်မရှင်နိုင်တော့ကြောင်းသိလိုက်၏။ သို့နှင့် ကျွန်တော်တို့လူစု ကျားသေကြီးကိုဝါးစိမ်းတုတ်ကြီးနှင့်လျှိုထမ်းကာ ပုစွန်စာတောအုပ်ကြီးထဲမှ ပြန်ခဲ့ကြလေတော့သည်။

စိတ်ထဲမှာတော့ ကျွန်တော် ကလဲ့စားချေချင်လွန်းလှသော ကျားဆိုးကြီး ခုတော့ ဦးကြီးမြထိုက်တို့၏လက်ချက်နှင့် သေဆုံးခဲ့ရပြီမို့ တစ်စိတ်တစ်ပိုင်းကျေနပ်မိသော်လည်း ကျားကြီးအပေါ် ကျွန်တော် စိတ်မကောင်းဖြစ်မိတာ အမှန်ပင်။

သူလည်း ဖခင်ကောင်း ပီသလှ၏။

သားသမီးများကိုအသက်စွန့်ကယ်ထုတ်ကာ ရန်သူလက်ချက်နှင့် သေဆုံးခဲ့ရ၏။ ကျားကြီး၏မေတ္တာတရားကို ကျွန်တော်တစိမ့်စိမ့်တွေးမိလာ၏။ အဖေလည်း ကျွန်တော့်အပေါ် အသက်စွန့်ပြီး ရှာဖွေကျွေးမွေးခဲ့သည်ပင်။

ယင်းသို့အဖေ့မေတ္တာနှင့် ကျားကြီးမေတ္တာသဘောကို အပြန်ပြန် အလှန်လှန် တွေးမိသောအခါ နောက်ကပါလာတာကို ကြည့်လိုစိတ်မရှိတော့။

ရွာရောက်သည့်အခါတစ်ရွာလုံးက ကျွန်တော်တို့လုပ်ရပ်ကို ရိုးကျိုးကြသလို အဖေ့အတွက်လည်း စိတ်မကောင်းဖြစ်ကြရ၏။ ကျားသေကြီးကိုဖျက်ပြီးအောင်သေအောင်သားစားသောက်ဖို့ပြင်ဆင်နေကြ၏။

ကျွန်တော်ကတော့ ကျားကြီးအသားဟင်းကို တစ်စက်ကလေးပင် လက်နှင့်မတို့။ စိတ်ထဲတွင် ကြေကွဲခြင်း၊ တမ်းတခြင်း၊ ခွင့်လွှတ်ခြင်းတွေရောထွေးနေ၏။ ကလဲ့စားချေလိုခြင်းဆိုသောစိတ်ပင်လျှင် ကျားကြီးအဖြစ်ကို မြင်လိုက်ကတည်းက ကြက်ပျောက်ငှက်ပျောက်ပျောက်သွားခဲ့ချေပြီ။

ဒါသည်ပင် မေတ္တာတရား၏ စိုးမိုးဖမ်းစားမှုပေလားဟု ကျွန်တော်မရေမရာနှင့် တွေးတောနေမိလေတော့သည်။

◆➜ စိုးတင့်ထူး (မအူပင်)



www.burmeseclassic.com

www.burmeseclassic.com

# တွင်းကြီးသား

# နွေလွင်ပြင်မှ

# နင်း



မိဘမေတ္တာ၊
**သားသမီးစေတနာဖြင့်**
ငွေကြေးလိုအပ်ချက်အရ
**အသက်ဖြင့်ရင်းကာ**
အဆိပ်ရှိမြွေကို ဖမ်းဆီးရာ ..

**ကို**ဘအောင် ခြေလှမ်းတွေက သွက်လက်နေသည်၊ ခေါင်း၊ ခြေသလုံးနှင့် ခြေများတို့၏လှုပ်ရှားမှုတွေသည် သူ၏ကျစ်လျစ်သော ကိုယ်ခန္ဓာကြီးကို တလိမ့်လိမ့် သယ်ယူနေသည်က အမှန်။

ပခုံးပေါ် ထမ်းထားသော ပခြုပ်ကို ဘယ်ညာပြောင်းထမ်းရင်း ကျစီးလာသောချွေးများကို လက်တစ်ဖက်နှင့် သုတ်ပစ်လိုက်သည်၊ အသက်ကိုမှန်မှန်ရှူရင်း ဦးတည်ရာအရပ်ကို စူးစိုက်စွာ ကြည့်မိသည်။

"ရောက်တော့မှာပဲ"

နှုတ်ကမပွင့်တပွင့်အသံထွက်သွားသည်၊ ကိုဘအောင်၏ဦးတည်ရာသည် ရွာနှင့် သုံးမိုင်ခန့်ဝေးသည့်သနပ်အိုကွင်း။ ထိုကွင်းသည်ကိုဘအောင်၏စားကျက်။ သနပ်အိုကွင်းသည်နေပြင်းပြင်းအောက် ဝယ် စိမ်းစိုစွာနှင့် မြင်နေရသည်။

သနပ်အိုကွင်းဟူသည်အမည်နာမနှင့် လိုက်ဖက်ညီစွာ သနပ်ပင်များ၊ ထနောင်းပင်၊ တမာပင်၊ ဖျောက်ဆိပ်ပင်၊ မန်ကျည်းပင်များသည် ထိုကွင်း၏မင်းမှုကြီးစိုးရာအပင်များဖြစ်သည်။

မြေပြင်မှာတော့ နဘူးရုံ၊ မိုးနံ့ရုံ၊ တောနာနတ်၊ တောသနပ်ခါးပင်၊ မြေပစ်ပင်၊ မြေစာနှင့် မုန်ညင်းတောတို့သည် မြေပြင်ကို လွှမ်းခြုံထားမည်က အမှန်။



www.burmeseclassic.com

www.burmeseclassic.com

နွေနေသည်မြင့်တက်လာပြီ။ ပူသည်ထက်ပူလာသည်။ လေကသိပ်ပြီးမတိုက်။ သည်တော့ - အိုက်ချင်းတိုင်းအိုက်၊ ပူချင်တိုင်း ပူပေတော့မည်။

သနပ်အိုကွင်းကိုရောက်ဖို့က အဓိက။ သိပ်မလိုတော့၊ မြင်ရပြီ။ သနပ်အိုကွင်းသည်တစ်မိုင်ခန့်အဝေးမှာ ကိုဘအောင်ကို ဆီးကြိုနေချေပြီ။

ကိုဘအောင်အနေနှင့် သနပ်အိုကွင်းကိုလာလို့သာ လာရသည်။ စိတ်က အိမ်သို့ရောက်နေသည်။ သောကဖိစီးမှုတွေနှင့် ပူပန်မိပြန်သည်။ ပူပန်မိသောအကြောင်းအရာများကိုဖြေဖျောက်ရင်း မျိုသိပ်ထားမိသည်၊ ရင်ထဲက သောကတွေကို မတွေးလိုတော့။

လက်ရှိအခြေအနေအရ သနပ်အိုကွင်းရောက်ဖို့ဦးတည်ထားသည့်မှ ရည်မှန်းချက် ပစ်မှတ်ရဖို့။ သို့ကြောင့် ကိုဘအောင်သည်ခြေလှမ်းကိုစိပ်သွက်သွက် လှမ်းလာရင်းရှိသည်။

မကြာပါ၊ လှည်းလမ်း၊ လူလမ်းကိုဖဲ့ပြီးဖြတ်လမ်းမှလာခဲ့ရာ သနပ်အိုကွင်းအနားရောက်လာသည်။

သူဖြတ်သန်းလာခဲ့ရာဖြတ်လမ်းကို ကြည့်ပြန်တော့သဲပြင်လမ်းဖြစ်နေသည်၊ သဲပြင်သည်နေရောင်ကြောင့်လက်လက်ထသည်အထိ ပူရှိန်နေသည်၊

တိုတိုနေပြီဖြစ်သော နောက်မြီးတိုဖိနပ်ကြောင့် ပူပြင်းသောသဲမှုန်များကဖိနပ်ကြား ဝင်ခဲ့ကြ၍ သူ၏ခြေဖဝါးသည်ပူလောင်လာသည်၊ နေပူ၊ သဲပူဒဏ်ကိုခံခဲ့ရသောသူ၏လာရာလမ်းသည်အရိပ်စိုးစဉ်းမျှ မရှိပါ။

ထန်းတောလမ်းအတိုင်းလာလျှင် စရိတ်ကဝေးမည်။ ဖြတ်လမ်းက အရိပ်မရှိ၊ သဲပြင် ပူပေမယ့် ဖြတ်လမ်းကို သာ ကိုဘအောင်ရွေးသည်၊ ခရီးရောက်ဖို့ရာက အဓိက။ ပစ်မှတ်ရဖို့က အဓိက။ ဘာကြောင့်များကိုဘအောင်အဘယ်ကြောင့် အပူပြင်ထဲဝယ် လှုပ်ရှားနေဘိသနည်း။ အကြောင်းရှိပါသည်၊ သားကြောင့် ရင်သွေးသားကြောင့်၊

၂၆၂

မြရင်နှင့်အိမ်ထောင်ကျပြီးသည့်နှစ်ကတည်းက ကိုဘအောင်တို့လင်မယားသည် သီးခြားအိမ်ထောင်ခွဲခဲ့သည်။ ခွဲခွာခဲ့သောအိမ်ထောင်ရေးကိုထူထောင်ခြေချဖို့ပေါင်းသင်ရာမှာအိမ်ထောင်ဦးစီးဖြစ်သူ ကိုဘအောင် တာဝန်ဖြစ်သလို ဇနီးသည်ဖြစ်သူကလည်း တာဝန်ရှိကြောင်း လင်မယားနှစ်ယောက်စလုံး သိကြပါသည်၊

ထိုသို့ နားလည်ထားသည့်အတိုင်း အိမ်ဦးနတ်ဖြစ်သည့်ကိုဘအောင်သည် ဦးဆောင်ဦးရွက်ပြုပြီး အင်အားကို ရင်းနှီးမြှုပ်နှံခဲ့ရသည်၊

"စီးတဲ့ရေ ဆည်တဲ့ကန်သင်း" ဆိုသလို လင်မယားနှစ်ယောက် ခြေကျညီညီ၊ လက်လှုပ်ညီညီနှင့် လှုပ်ရှားရုန်းကန်ခဲ့ပါသည်၊

ဘဝပေး အကုသိုလ်ကံတရား၏ နိမ့်ကျမှုကြောင့် ဆင်းရဲခဲ့ရသော သူတို့ဘဝ၏သိမ်ငယ်မှုကို အပြစ်မပြောခဲ့။ ကံကို ရိုးမယ်ဖွဲ့ကာ မနေခဲ့၊ မညည်းတွားခဲ့၊ တားဆီးမရသော ပြုခဲ့သည့်အတိတ်ကံကို နားလည်ပေးမိရင်းမှ လတ်တလော လက်ရှိဘဝအခြေအနေကို တည့်မတ်ကြဖို့သာ နားလည်သည်၊

တည့်မတ်သာယာသောဘဝမျိုးပိုင်ဖို့ဆိုတာ အလုပ်ရှိမှ၊ အလုပ်၊ မှန်ပါသည်၊ အချို့က အလုပ်သည် ကံဟုဆိုသည်။ စေတနာသည် ကံဟုဆိုပါသည်၊ ဆင်းရဲတာ၊ ချမ်းသာတာ ကံကြောင့်ဟု ဆိုလျှင်အလုပ်ကြောင့်သာဖြစ်နိုင်သည် ဟု ကိုဘအောင် ယုံကြည်သည်၊

သို့ကြောင့် အလုပ်ဆိုတာ ဘဝအတွက် မရှိမဖြစ်သည့်အရာမို့ ရှာဖွေရသည်။ ကြေးမဆို ဈေးမကိုင်ပါဘဲ ငွေရလျှင်ပြီးရောသဘောနှင့် အလုပ်လိုက်ရှာရသည်က အမော။

ကြုံရာကျပန်း အလုပ်လုပ်ရင်း ဝင်ငွေကို မက်မောရသည်။ ရိုးသားစွာ၊ ဖြူစင်စွာနှင့်ရရှိခဲ့သောအလုပ်မှရသည့်ဝင်ငွေသည် သူတို့လင်မယားနှစ်ဦး၏ဝမ်းဝရေးအတွက်သာ ဖြစ်သည်၊ အလုပ်ရှိမှ ဝင်ငွေရှိမည်။ ဝင်ငွေရှိမှ ချက်ပြုတ်စားသောက်ဖို့ ဆန်၊ ဆီ၊ ဆား ဝယ်ကြရမည် မဟုတ်လား၊

"ကိုဘအောင်"





www.burmeseclassic.com

www.burmeseclassic.com

"ပြောလေ - ဘာလဲ - မြရင်"

"ကျုပ်တို့လေ"

"အင်း"

"ပါးစပ်ပေါက် တိုးတော့မယ်တော့၊ သားလား၊ သမီးလားတော့ မသိပါဘူး တော်"

"ဟေ - ဟုတ်ရဲ့လား၊ သေချာရဲ့လား၊ တကယ်လားဟ"

ကိုဘအောင် ဝမ်းသာအားရမှုများ ဆင့်ကဲစွာနှင့် အဓိပ္ပာယ်တူသောစကားများကို ထပ်ဆင့်မေးလိုက်ရင် မြရင်ကို ရင်ခွင်ထဲ ဆွဲယူထွေးပွေ့ထားမိသည်။

အို - ဇနီးသည်ကိုယ်ဝန်ရှိပြီဆိုတော့ လင်သားဖြစ်သူအဘယ်မှာဝမ်းမသာဘဲ ရှိမည်နည်း။ သိပ်ပြီး ဝမ်းသာပါသည်။ အိမ်ထောင်တစ်ခုမှာ သားသမီးမွေးခြင်းသည် မိသားစု၏မင်္ဂလာတစ်ပါးမဟုတ်လား။ သားသမီးဆိုတာ အိမ်တစ်အိမ်၏ ဂီတသံ၊ မိဘနှစ်ပါး၏အင်အားတွေ မဟုတ်ပါလား။

မြရင် ကိုယ်ဝန်ရပြီဆိုသည့်နောက် တောထဲအထွက်မနိုင်းတော့။ အရင်ရက်တွေကဆိုရင် ကိုဘအောင်နှင့် အတူတူ တောထဲထွက်၊ ရလာသည့်တောကောင်ကိုရောင်း။ ယခုတော့ - ကိုဘအောင်က မြရင်ကို အိမ်မှာ နားစေချင်သည်။

ဟုတ်သည်၊ ကိုယ်ဝန်နှင့်ဆိုတော့ နေပူစပ်ခါးသွားလာနေလို့မဖြစ်၊ အလေးအပင် မ,လို့မရ။

ကိုဘအောင်ရဲ့လုပ်ငန်းကိုလည်း ကြည့်၊ တောလိုက်သည့်အလုပ်၊ တောလိုက်သည်ဆိုကတည်းကပင်ပန်းသည်၊ ဆင်းရဲသည်၊ တစ်ခါတစ်ရံ အသက်နှင့် ရင်းနှီးရသည်၊ ကြွက်တူး၊ ပုတတ်တူး၊ ငါးဖားပက်၊ ပြီးတော့ - တောကြောင် ထောင်၊ နောက် မြွေဖမ်း။

ဒါတွေက ကိုဘအောင်အတွက် ဘဝကံကပေးဆပ်ထားသည့်သမိုင်းပေး အလုပ်တွေ၊ တောလိုက်လို့မရသည့် ရက်ဆိုလျှင် ရွာထဲလှည့်၊ ရေတွင်းတူး၊ အိမ်သာကျင်းတူး၊ ထင်းပေါက်၊ အလွှာ လိုက်နှင့် မနားရ၊ နားလို့လည်း မဖြစ်ခဲ့။ တောလိုက်စဉ်ကမြရင်ပါလာလျှင်ဟင်း ကောင်းရတတ်သည်၊ ယခုတော့ တော ကိုမခေါ်တော့။

မြရင် ကိုယ်ဝန်ရှိပြီဆိုကတည်းက "ပါးစပ်ပေါက် တိုးတော့မှာပါလား" ဟု သောအသိကြောင့် ကြီးမားစွာသော မေတ္တာအားအင်ကို အရင်းခံပြီး အရင် ရက်တွေကထက် ကြိုးစားခဲ့သည်၊ ဒါ မမြင်ရသေးသော သားသမီးဇောကြောင့် ချစ်မေတ္တာအဟုန်ကြောင့်၊

ကိုဘအောင် အလုပ်ကြိုးစားရင်းနှင့် မိသားစုဘဝ ဖူလုံအောင် အားခဲရင်းက ဇနီး၏ကိုယ်ဝန်ကိုဂရုစိုက်ရသည်က အမော၊

အံ့ငန်အစပ် မစားဖို့၊ အလေးအပင် မ,မဖို့၊ ပြီးတော့ - ကိုယ်ဝန်သည်မိန်းမဆိုတာ တစ်ရက်ကို သရိုင်းကို မျက်စောင်း သုံးခါထိုးသည်တဲ့၊

ဆိုလိုတာက ကိုယ်ဝန်ဆောင်စဉ်မှာအချိန်မရွေးသေစေနိုင်သည်ဆိုသည့် သဘော၊ အရိုန်မှန် ရေချိုးဖို့၊ ဆေးမြစ်စုံ လူးဖို့၊ ဆေးမြစ် အမြဲသွေးပေးရသည်၊ ဗိုက်နားကပ်ပြီး ကလေးအသက်ရှူသံ နားထောင်ရသည်၊

အို - ကိုဘအောင် မမောနိုင်ပါ၊ တောလည်ကအပြန်ဆိုလျှင်ရလာသည့် သားငါးကို လိုက်မရောင်းအား၊ ဇနီးကို ပြုစုရင်းနှင့် အချိန်ဖြုန်းသေးသည်၊ ပြီးမှ သားငါးအရောင်းထွက်သည်၊

ရွာထဲ၌ ငါးရောင်းလည်း ကိုဘအောင်၊ ကြွက်တို့၊ ငှက်တို့ရောင်းလည်း ကိုဘအောင်၊ ဟိုအရင်ကတော့ ဇနီးဖြစ်သူ ရောင်းရသည့်အလုပ်၊ ယခုတော့ - တောထဲလည်း သူ၊ ဈေးရောင်းတော့လည်း သူ၊ အို - မောပါစေတော့၊ မောစေတော့၊ ပင်ပန်းသည်ဟု သဘောမထား။

မကြာပါ၊ ဇနီးဖြစ်သူ မီးဖွားလေသည်၊ သားယောကျ်ားလေး၊ သားဆိုတော့ လက်ရုံးတစ်ဆူရပြီဆိုသောအသိကြောင့် ပိုပြီးချစ်ရသည်၊ ပြုစုမှုတွေ ပိုခဲ့ရသည်၊ တိုင်းတာမပြနိုင်သော မေတ္တာအရိပ်အငွေ့တို့နှင့် အရိပ်တကြည့်ကြည့်။

ကိုဘအောင်ပျော်သလို ဇနီးဖြစ်သူလည်း ပျော်ခြင်းများစွာဖြင့် သားကို တစ်သားတည်းသားရင်း ပါးစပ်က ခေါ်သံသည် မိသားစု၏ အေးမြသောဂီတသံများဆိုတာ ကိုဘအောင် နားလည်ပိုက်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

အဖေရယ်၊ အမေရယ်၊ ရင်သွေးရယ် ဆိုတာ ထောင့်သုံးထောင့်ရှိသည့်မေတ္တာ တြိဂံဟု နားလည်လိုက်ပါပြီ။ သားကိုပြုစု လာခဲ့သည်မှာ ကျောင်းနေသည့်အရွယ် သို့ပင် ရောက်လာသည်။ ငါးနှစ်ပြည့်ခဲ့ပြီ။ ထိုအချိန်တွင် ဇနီးသည်မှာ ဒုတိယကိုယ်ဝန် ရှိလာပြန်သည်။

"ကျုပ်တော့ ဒီတစ်ခါ သမီးလေးပဲ လိုချင်တယ်တော်။ သားရယ်၊ သမီးရယ် ဆိုတော့ ပိုပြီးကောင်းတာပေါ့။ သားကို အားဖြစ်စေချင်သလို သမီးကိုလည်း ထီးပဲ ဖြစ်စေချင်တယ်တော်"

ဇနီးဖြစ်သူက ပြောသည်။ သမီး မွေးဖို့ ဆုတောင်းသည်၊ ဇနီးသည်၏ ဆုတောင်းပြည့်ခဲ့ပါသည်။ သမီးလေးမွေးသည်၊ သည်တော့၊ တိုးလာသောပါးစပ် နှစ်ပေါက်အတွက် ပိုပြီးကြိုးစားပေးရသော မိဘနှစ်ပါး၏လုပ်အားတွေသည် ကိုးဆယ်ဆ သာခဲ့ရပါသည်။

သားအပေါ်ထားသည့် မေတ္တာ၊ သမီးအပေါ်ထားသည့်အချစ်သည်တူညီ မျှစွာနှင့် မျဉ်းပြိုင်နှစ်ကြောင်းလိုတူယှဉ် ခဲ့သည့်အတွက် မိဘနှစ်ပါး၏ အေးမြမှုတို့သည် အမျှင်မပြတ်ခဲ့၊ ပို၍တိုး၍ ချစ် ရင်းခင်ရင်းနှင့် ရင်သွေးများ၏ဝမ်းဝရေး၊ ခါးလှရေးကိုဦးစားပေးခဲ့ပါသည်၊ သူတစ် ပါးတလေးများနယ်တန်းတူနေနိုင်ရမည် ဆိုသောအသိကြောင့် ကြိုးစားခဲ့ရိုးအမှန်။

ကိုဘအောင်တို့ နောက်ထပ်သား သမီးမယူတော့၊ အလုပ်နှင့်လက်မပြတ် အောင်လုပ်ရင်းဝမ်းရေးတိုက်ပွဲ ဆင်နွှဲခဲ့ ရသည်။ အရင်ကလို ရွာထဲ၌ အလုပ်မရှိ ကတောထွက်၊ ရွာထဲက အလုပ်ရှိက ရွာ ထဲအလုပ်လုပ်၊ တောထွက်ရသည်က များသည်၊ သည်တစ်ခါတော့လင်မယား နှစ်ယောက် မြေစိုက်ကျကျနှင့် တောကို ထွက်သည်။

ကိုဘအောင်ကြွက်တူးသွားလည်း ဇနီးပါသည်၊ ရလာသောကြွက်တွေကို ပလိုင်းထဲထည့်၊ ပုတတ်ရလည်းကောက် ထည့်၊ လင်းမြွေတွေလည်း မကြောက်၊ တောကြောင်တွေလည်း မမှုတော့၊ ရင် သွေးနှစ်ဦးလူတန်းစေ့နေနိုင်ဖို့က အဓိက၊ ဘဝပေးအခြေအနေနိမ့်ကျမှုမီးငြိမ်းဖို့က အဓိက၊ ရိုးသားစွာနှင့် တောကောင် လိုက်သည်ကလွဲ၍ သူတစ်ပါးပစ္စည်း ဥစ္စာကို နှမ်းတစ်စေ့၊ မုရင်းတစ်စေ့စီး၍ မပြောနှင့် စိတ်နှင့်ပင် မပြစ်မှား၊



သို့ဖြင့် သားသည် ငါးတန်း၊ သမီး သည် သုံးတန်းကို ရောက်ခဲ့ပြီ။ ကျောင်း ဝင်ကြေး၊ ကျောင်းစာအုပ်ဖိုးနှင့် ကျောင်း ဝတ်စုံများ ဝယ်ရသည်။

ကိုဘအောင်တို့ကတော့ ပင်ပန်း သည်၊ ကုန်ကျငွေများသည်ဟု မထင်ခဲ့။ ရင်မှဖြစ်သော သားသမီးပေမို့ ရင်မှပင် လွယ်ပြီး မွေးထားရ၍ ရင်ထဲ၌ပင် လှိုက် လှဲနက်နဲစွာ ချစ်ခဲ့ရ၏။

တစ်ရက် ... ဇနီးဖြစ်သူမြရင်တစ်ဦး တည်း ဟင်းရွက်ရှာထွက်သွားသည်။ ထို ရက်က ရွာထဲမှာ ရေတွင်းတူးရှိ၍ ကိုဘအောင် တောမထွက်ဖြစ်။ မနေ့က တောလိုက်ရသည့် ကြွက်ကင်များကို မနက်ခင်းဈေးထဲထွက်ရောင်းပြီးနေမြင့် မှ ဟင်းရွက်ရှာထွက်သွားခြင်းပင်။

ထိုရက်က ကျောင်းပိတ်သည်၊ သား ဖြစ်သူသည် မနက်အိပ်ရာကနိုးတော့ မိခင်ကိုမတွေ့၍ မေးသည်။

"အမေ၊ ဘယ်သွားလဲ ဟင်၊ အဖေ"

"တောထဲ သွားတယ်လေ၊ ဟင်း ရွက်ရှာတဲ့"

သားသည်ဘာမှမပြော၊ အရန်သင့် ရှုပြီးသား ထမင်းဟင်းကို စားသည်၊ ညီမဖြစ်သူသည် အိမ်ရှေ့မှာ ဆော့နေ သည်။

သားသည်ထမင်းစားပြီးနောက်အိမ် အပြင်သို့ထွက်သွားသည်။ ကိုဘအောင် မသိလိုက်။ အလုပ်က ပင်ပန်းထား၍ အိပ်ပျော်သွားသည်၊ ညနေခင်း အလုပ် ဆက်ရမည်မို့ အားမွေးသည့်သဘော။

ကိုဘအောင် အိပ်ပျော်နေစဉ် သား ဖြစ်သူ ငိုရင်းပြန်လာသည်။ ကြည့်စမ်း၊ သားတစ်ကိုယ်လုံး ရွှံ့နှင့်ရေတွေ ပေကျံ နေသည်။ အကျိုးအကြောင်း မေးလိုက် တော့ -

"အမေ့ကိုလိုက်ရှာရင်း တောထဲ ရောက်သွားတယ် - အဖေ၊ အပင်တစ် ပင်မှာ ဆူးပုပ်ရွက်တွေ တွေ့တယ်၊ အဲဒါ သားက ခါးပုံစပြင်ပြီး ခူးတော့တာပေါ့၊ အဲဒီ့အချိန် မရိုးတိုင်းကျိုးကျပြီး မရိုးစေး တွေ မျက်လုံးထဲ ဝင်သွားတယ်"

"လူလေးရာ"

မရိုးတင်ကဲဖြစ်ကာ ဆတ်ဆတ်ခါ နာသွားသောအသိနှင့် သား၏မျက်လုံး ကိုကြည့်မိ၏၊ မျက်လုံးနှစ်ဖက်စလုံးအုံ၍ မှည့်နေသည်။ မျက်အိမ်မှာ ဖူးရောင်နေ သည်။

www.burmeseclassic.com

www.burmeseclassic.com

"

ဟိုဘက် ကျွန်းအိုရွာမှာ
အလမ္မာယ်ဆရာ ရောက်နေတယ်။
အလမ္မာယ်ပြရင်း မြွေနှစ်ကောင်
သေသွားလို့တဲ့။ အဲဒါ မြွေဟောက်
ရအောင် ဖမ်းနိုင်မယ့်သူ ရှာနေတယ်။
ကျွန်းအိုရွာက လူတွေဗလည်း
ဘယ်သူမှ မဖမ်းရဲကြဘူးလေ။
မြွေဟောက်က သိပ်ကြောက်စရာ
ကောင်းတာကိုး။ အဲ–မင်း
ဖမ်းလို့ရရင်တော့ တစ်သောင်း
နီးပါးတော့ရမယ်။



မရိုးပင်သည်ကြောက်စရာကောင်းသည်။ အရွက်မရှိဘဲ ကိုင်းဖျားအရိုးများဖြင့်သာ ရှင်သန်ရသည့်အပင်။ ထိုအရိုးများထဲတွင် အဖြူစေးများ ရှိသည်။ ထိုအစေးထိမိပါကအပူလောင်သလိုအနာများ ပေါက်တတ်သည်၊ ကျွဲ၊ နွားတွေကိုမရိုးစေးထိမိလျှင်အမွေးပင်ကျွတ်တတ်သည်၊

အဲ–မျက်လုံးထဲ ဝင်ပါက မလွယ်၊ အခန့်မသင့်လျှင်အန္တရာယ်ဖြစ်နိုင်သည်၊ မျက်လုံးကန်းတတ်သည်။

"ဘာဖြစ်လို့ရွှံ့နဲ့ရေတွေပေပွလာရတာလဲ"

ဆက်ပြီး မေးမိပြန်သည်၊ သားကဖြေသည်၊

"မျက်လုံးကပူလာတော့ပြန်ခဲ့တာပေါ့၊ အဲဒါ–သနပ်အိုကွင်းက ရေအိုင်မှာဆင်းပြီးမျက်နှာသစ်တယ်၊ မျက်နှာသစ်ရင်းနဲ့ ရေချိုးချင်စိတ်ရှိတာနဲ့ ချိုးလိုက်မိတာရေက သိပ်မရှိဘူး၊ ဒါကြောင့်၊ ရွှံ့တွေပေပွကုန်တာပေါ့"

"တောက်–မင်းနယ်ကွာ"

ဟုသာ တီးတိုးပြောရင်း စိတ်မကောင်းစွာနှင့် ရေထပ်ချိုးပေးပြီး မျက်လုံးကို ပြုစုရသည်၊

ပင်စိမ်းစေ့ကို ရှာသည်၊ မျက်လုံးထဲနမ်းစေ့ခန့်ရှိပင်စိမ်းစေ့ကို နှစ်စေ့သုံးစေ့ထည့်သည်၊ မျက်လုံးပိတ်နိုင်းပြီး အသာအယာလှိမ့်သည်၊ မရိုးစေ့များသည် ပင်စိမ်းစေ့ကိုရစ်ပတ်ပြီးပါလာသည်၊ အစေးကုန်သည်ဆိုပေမယ့်မျက်လုံးကမသက်သာ၊ ရဲမြဲဆဲပင်၊ နီမြဲနီဆဲ၊ ပူမြဲပူဆဲ၊ ပင်စိမ်းစေ့ထည့်အပြီး ရှားစောင်းလက်ပတ်အနှစ်များကိုယူပြီး မျက်ခွံပေါ်မှာအုံပြီးကပ်ပေးသည်၊

ထိုညက သားသည် မျက်လုံးသက်သာပေမယ့် အပြင်းဖျားတော့သည်၊ အိုင်ထဲမှာလည်း ရေချိုး၊ အိမ်ရောက်တော့လည်း ဆက်ချိုး၊ အိုင်ထဲမှာ ရေချိုးအပြီးအပူလှိုင်ပြင်ကို ဖြတ်ပြန်လာသည့်သားတစ်ယောက် အပူရှပ်ပြီး ဖျားခဲ့ပြီ၊ ချွေးငုပ်သွားပြီထင်သည်၊ သားတစ်ယောက်ခေါင်းက ကိုက်၊ မျက်လုံးကလည်းပူနှင့်တညည်းညည်း တညူညူ ဖြစ်နေရှာသည်၊

ဗမာဆေးအပြင်သားဖွားဆရာမကိုပါ ပင့်ပြီး ဆေးထိုးခဲ့ရသည်၊ ပထမရက်ဆေးထိုးသည်၊ မသက်သာ၊ ဆေးဖိုးမပေးရသေး၊ ဒုတိယရက်၊ သိပ်မသက်သာ၊ ဆေးဖိုးမရှင်းရသေး၊ ပထမရက်ကဆေးဖိုးနှင့်မှ ပေါင်းပြီးရှင်းမည်၊

ဟော–တတိယရက်၊ သားဖြစ်သူသက်သာပါသည်၊ သို့သော် အဖျားပြတ်အောင်နှင့် ခေါင်းမူးပျောက်အောင် ဆေးနှစ်ရက် ဆက်ထိုးရသည်၊ စုစုပေါင်းဆေးဖိုး လေးငါးထောင်ခန့် ပေးရမည်။

"ဆေးဖိုး ဘယ်လိုပေးကြမလဲ ကိုဘအောင်"

ဟု အားအင်ချည့်နဲ့စွာနှင့် အမေးစကားမြူလာသည့် မြရင်ကို ပြုံးပြမိသည်၊

"ရင်ကဖြစ်လာတဲ့သားသမီး၊ ဘယ်သားသမီးအတွက်မဆိုလိုအပ်လာတဲ့လိုအပ်ချက်မှန်သမျှကို အရယူပေးရမယ်ဆိုတာ မိဘတိုင်း သိကြပါတယ်–မြရင်ရယ်၊ နင် စိတ်ပူမနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com

"မြရင်ရယ် - နင် စိတ်မပူစမ်းပါနဲ့"

အသံထွက်ပြောနေမိစဉ်အတွင်း သားဖြစ်သူ အိပ်ရာထဲလဲနေသည့်ပုံကို မြင်ယောင်မိသည်၊ ပြီးတော့ - သိပ်ပြီး မသက်သာသေးသောမျက်လုံးရဲရဲ မျက်အိမ်မို့မို့ကိုပါမြင်မိနေပြီးအစ်ကို့အနီးတွင် ထိုင်ရင်း စိတ်မကောင်းစွာနှင့် ရှိနေမည့် သမီးလေးကိုပါ မြင်ယောင်မိပြန်သည်။ စိတ်ထဲဝယ် တင်းကျပ်စွာ ခံစားရင်းနှင့် ခြေလှမ်းကို ကျဲနိုင်သမျှကျဲအောင် လှမ်းနေမိဆဲ၊

မကြာပါ၊ သနပ်အိုကွင်းစပ်ကို ရောက်ပြီ၊ သနပ်ပင်များ၊ ဂျုတ်ပင်ပုများ၊ မန်ကျည်းပင်ပု၊ ထနောင်းပင်များအပြင် အခြားအပင်ကြီးမျိုးများကို မြင်ရသည်။ ချုံနွယ်များ ပြည့်နှက်နေသည့် သနပ်အိုကွင်းသည် စိမ်းစိုခြင်းသိပ်မရှိတော့၊ စိမ်းသည်ဆိုရုံစိမ်းနေသည်၊ အစိမ်းရောင်က အားပျော့ပျော့၊ နွေနေပူပူအောက်မှာ ငိုက်မျဉ်းနေဘိသည့်အလား။

"ဒီမယ် - မောင်ဘအောင်၊ ကာလေး ဆေးဖိုးအတွက်များ ပူမနေပါနဲ့ကွာ၊ လွယ်ပါတယ်ကွယ့်၊ သနပ်အိုကွင်းမှာ မြွေဟောက်နှစ်ကောင်လောက်သာအရ ဖမ်းစမ်း၊ ရရင်တော့ ငွေဖြစ်ပြီသာမှတ် တော့၊ ဟိုဘက်ကျွန်းအိုရွာမှာအလမ္မာယ် ဆရာ ရောက်နေတယ်၊ အလမ္မာယ်ပြ ရင်း မြွေနှစ်ကောင် သေသွားလို့တဲ့၊ အဲဒါ မြွေဟောက်ရအောင် ဖမ်းနိုင်မယ့်သူ ရှာ နေတယ်၊ ကျွန်းအိုရွာက လူတွေက လည်း ဘယ်သူမှ မဖမ်းရဲကြဘူးလေ၊ မြွေဟောက်က သိပ်ကြောက်စရာ ကောင်းတာကိုး၊ အဲ - မင်းဖမ်းလို့ရရင် တော့ တစ်သောင်းနီးပါးတော့ရမယ်"

"ငွေတစ်သောင်း၊ ငွေတစ်သောင်း"

ဟုကိုဘအောင်နှုတ်ကအသံထွက်မိသွားသည်။

မနေ့ကကိုဘအောင်ဖခင်၏သူငယ်ချင်းဦးဘမောင်တစ်ယောက်အိမ်ရောက်လာပြီးအကျိုးအကြောင်း ရှင်းပြသွား၏။

စုံစမ်းကြည့်တော့အလမ္မာယ်ဆရာသည်တကယ်ပဲ မြွေဟောက်နှစ်ကောင် သေသွား၏၊ သည်တော့၊ အလမ္မာယ်ပြ လို့မရတော့၊ မြွေရှာပေးနိုင်သူကို ထိုက်တန်စွာ ငွေပေးဆပ်မည်တဲ့၊

သို့ကြောင့် ကိုဘအောင်သည် သည်ကနေ့ ဆုံးဖြတ်ချက်နှင့်အတူ တောထဲထွက်ခဲ့ခြင်းပင်၊ လိုချင်သောမြွေ ဟောက်ရှိတာက သနပ်အိုကွင်း၌သာ ပေါသည်၊

မြွေဟောက်ဆိုတာ ကိုယ့်အရိပ်ကို ရန်သူထင်နေသည့်အကောင်မျိုး၊ လေ တိုက်သံကြားရသည်ကိုပင် စိတ်ဆိုးပြီး ရန်မူတတ်သည့်အကောင်မျိုး၊ အမြေး သန်သလို လူကိုတွေ့လျှင် ခွေးကိုက် သလို (ခွေးဆွဲဆွဲတတ်သည့်)အကောင် မျိုး၊ မြွေပွေးလိုမဟုတ်၊ မြွေပွေးက သူ့ ထိမှ ကိုက်သည့်အကောင်၊ သူ့ထိလို့က တော့ ယင်ကောင်တောင် အလွတ်မခံ သည့်အကောင်မျိုး မဟုတ်၊

ကိုဘအောင် မြွေပွေးဖမ်းပြီးရောင်း ဖူးသည်၊ လင်းမြွေဖမ်းပြီးရောင်းဖူးသည်၊ အခြားမြွေအချို့ကို သတ်ဖူးသည်၊ မြွေ ဟောက်ကိုတော့တွေ့ဖူးသည်၊ မဖမ်းဘူး ပေ၊

"ဒီမယ် လူလေး - မြွေတကာ့ မြွေ ထဲမှာ မြွေဟောက်ဟာ ကြောက်စရာ အကောင်းဆုံးမြွေကွယ့်၊ ပြီးတော့ - ထူး လည်း ထူးဆန်းတယ်၊ တကယ်လို့ မြွေ ဟောက်ကို တွေ့ပြီဆိုပါစို့၊ သတ်မိပြီဆို ရင် မြွေရဲ့မျက်လုံးကို ဖောက်ပစ်ရတယ်၊ ဘာဖြစ်လို့လဲဆိုရင် သတ်သူရဲ့အရိပ်၊ မျက်နှာပြင်ဟာသေတဲ့မြွေရဲ့မျက်လုံးထဲ မှာ ဓာတ်ပုံရိုက်ယူထားသလို ပုံရိပ်ထင် နေတတ်တယ်၊ ကျန်တဲ့အကောင်က အဲဒီပုံရိပ်ကိုကြည့်ပြီး သတ်သူကို လိုက် ရှာပြီး လက်စားချေတော့တာပဲ၊ တစ် ကောင်နဲ့တစ်ကောင် သစ္စာရှိတဲ့သဘော၊ အငြိုးထားတတ်တဲ့သဘောပဲ"

လူလားမြောက်စက အဖေဖြစ်သူ နှင့်တောထဲထွက်စဉ်ပြောခဲ့သည့်စကား များကိုကြားယောင်မိဆဲ၊

"မြွေဟောက်ရှိတဲ့အရပ်မှာ အနံ့ တစ်မျိုးမျိုး ထွက်တတ်တယ်၊ ဘယ်လို အနံ့မျိုးလဲဆိုရင် အာလူးစိမ်းအနံ့မျိုးလို လို၊ စိမ်းရွှေရွှေအနံ့မျိုးလိုလိုပေါ့ကွာ၊ အချို့ ကလည်း သစ္စားသီးအနံ့မျိုး ရတယ်တဲ့၊ အသေအချာအနံ့ခံမှ ရတတ်တဲ့အနံ့မျိုး"

မြွေဟောက်ဟာ ကြောက်စရာ ကောင်းတဲ့ အကောင်မျိုးဆိုပေမယ့် ဒီကောင်တွေက ပြန်ကြောက်ရတဲ့ အကောင်မျိုးတွေလည်း ရှိတယ်၊ အဲဒါ ဘယ်လိုအကောင်တွေလဲဆိုရင် မြွေပါ ခေါင်း၊ မျောက်တွေဆိုရင် ဒီကောင်တွေ





www.burmeseclassic.com

www.burmeseclassic.com

သိပ်ကြောက်ကြတာ၊ လူတွေဟာ မြေပါ တစ်မျိုးတည်းပဲ မြေကိုနိုင်တယ်ထင်တာ၊ ဒေါင်းဆိုရင်ကြည့်၊ ဒေါင်းဟာ မြေထောက် ရော နှုတ်သီးရော အသုံးပြုနိုင်တယ်။ ခုန်လည်း ခုန်နိုင်၊ ပျံလည်း ပျံနိုင်တယ်လေ၊ မြေရဲ့လှုပ်ရှားမှုမြန်သလို ဒေါင်းကလည်း မြန်တာပဲ၊ ဒီတော့ မြေနဲ့ဒေါင်းတွေ့ပြီဆိုရင် ဒေါင်းကချည်းပဲနိုင်တာ၊ ပြီးတော့ မျောက်ဆိုရင် ကြည့်၊ မျက်စိနောက် အောင်ဆော့တဲ့အကောင်မျိုး၊ မြေနဲ့တွေ့ရင် သိပ်ပြီးမြန်တာ၊ မြေကိုမခံချင်အောင် စလိုက်၊ တို့လိုက် ထိလိုက်နဲ့ အသေကိုက်သတ်တော့တာပဲကွယ့်"

အဖေဖြစ်သူက သူ၏အတွေ့အကြုံတွေကို အိတ်သွန်ဖာမှောက်ပုံအောပြော ခဲ့ဆည့်စကားတွေကို ကြားယောင်နေဆဲပင်။

ကိုဘအောင်သည် ဖခင်ထံမှရရှိထားသော စကားများကို အခြေခံပြီး မြေ ဟောက်၏လှုပ်ရှားမှုကို ကြိုတင်သိထားပြီးသား၊ ဘယ်ပုံဘယ်နည်းဖမ်းရမည်ကို တွက်ဆထားပြီးသား၊ တွေးရင်းနှင့် သနပ်အိုတောထဲ ဝင်ခဲ့သည်၊ အနည်းအကျဉ်း စိုးရွံ့မိသည်၊ ယခင်ကတော့ ဘယ်မြွေပဲတွေ့တွေ့ တုတ်နှင့်ရိုက်၊ လေးခွနှင့်ပစ်၊ ပေါက်ပြားနှင့် ပေါက်သတ်ခဲ့ဖူးတာကိုး၊ ခုဟာက လက်တွေ့အရှင်လတ်လတ် လိုချင်တဲ့အဖြစ်မျိုး၊

ကိုဘအောင်သည် သနပ်အိုတောတွင်း ဝင်သည်နှင့် စိတ်ကို တည်ငြိမ်အောင် ထိန်းလိုက်သည်၊

မျက်စိကိုဖွင့်၊ နားကိုစွင့်သည်၊ အသက်မှန်မှန် ရှူပစ်လိုက်သည်၊ မျက်နှာတစ်ပြင်လုံးဖုံးလွှမ်းနေသည့်ချွေးများကို သုတ်လိုက်သည်၊ ပခုံးပေါ်က ပခြုပ်ကိုပြောင်းထမ်းလိုက်မိသည်၊ လွယ်အိတ်ထဲမှ ပစ္စည်းများကို စမ်းမိသည်၊ လောက်စာလုံး၊ လေးခွ၊ တစ်တောင်ခန့်တုတ်တိုတစ်ချောင်း၊ ပြီးတော့ - ဘူးခါးသီးနှင့် လုပ်ထားသည့် မြွေခေါ်တူရိယာတစ်ခု၊

* * *

နာခေါင်းထဲ ဘာအနံ့မှမဝင်၊ အဖေပြောသလို သခွားသီးနံ့လည်းမရ၊ အာလူးအသီးစိမ်းအနံ့လည်းမဝင်၊ ညှီစို့စို့သဘောမျိုးအနံ့သာ ရသည်ဟု ထင်သည်၊



စိတ်ထဲ ထူးခြားသည်က တောရှိုင်းယင်မည်းတစ်အုပ် တဝီဝီပျံသန်းနေသည်ကို ဂရုပြုနေမိသည်၊ ထူးဆန်းသလိုဖြစ်နေသည်ဟု ထင်သည်၊

"မြွေဆိုတာ အညှီအဟောက်စားတဲ့ကောင်ကွ၊ ယင်ရိုင်းတွေက အဲဒီမြွေရှိတဲ့နေရာအနီးမှာ နေတတ်ကြတယ်၊ ဘယ်သူတွေ ဘာပြောပြော မြွေအနံ့က ညှီစို့စို့အနံ့ ရှိတာပါကွာ"

ဟု အဖေ့သူငယ်ချင်း တောလိုက်ကျွမ်းသူတစ်ဦး၏စကားကို ကြားမိသည်၊

ယခုလည်းကြည့်၊ ယင်ရိုင်းတွေက တဝီဝီ၊ တောကလည်း တောကြွက်မည်းတို့ပြေးသံကြားရပြီး ငုံးပျံသွားသည့်အသံ၊ ချိုးကူသံသာ ကြားရ၏၊ ငြိမ်လိုက်၊ လှုပ်ရှားလိုက်၊ လေတိုက်လိုက်၊ ပြန်ငြိမ်လိုက်၊

"အင်း - ဟောဟို တောင်ပို့ထဲမှာ မြွေဟောက်ရှိမှာ အသေအချာပဲ"

နဘူးချုံအောက်က တောင်ပို့ကို ကြည့်ရင်း ပခြုပ်ကို ချလိုက်သည်၊ လွယ်ထားသောလွယ်အိတ်ထဲမှ တုတ်တိုကို ယူပြီး ခါးမှာထိုးသည်၊ ဘူးခါးသီးတူရိယာကို ကိုင်ထားပြီး ဆောင်းထားသော ခမောက်ကို မြေပြင်မှာ ချလိုက်သည်၊ အပူရှိန်ခပ်ပြင်းပြင်း၊ တောသည် ငြိမ်ငြိမ်သက်သက်၊ လှုပ်ရှားသူဟူ၍ ကိုဘအောင် တစ်ဦးတည်း၊

မျက်နှာမူရာအရပ်ရှိ နဘူးချုံဝန်းရံထားသည့်တောင်ပို့ကိုသာ စူးစိုက်ကြည့်နေသည်၊ ချုံက ကြီးလည်း ကြီး၊ ကျယ်လည်း ကျယ်၊ တောင်ပို့က လူတစ်ရပ်အမြင့်၊ တောင်ပို့အပေါက်များကို ကြည့်မိသည်၊ မြွေဝင်မြွေထွက်များထား၍ အပေါက်များ၏နှုတ်ခမ်းဝများသည် တမင်ပွတ်ထားသလို ပြောင်ချောနေသည်၊ မြွေဆိုတဲ့အကောင်တွေက ညမှာ အစာရှာထွက်ပြီး နာရီပြန်တစ်ချက်ထိုးမှာ ဝပ်ကျင်းကိုပြန်သည့်အကောင်မျိုး၊

ကိုဘအောင် နှာခေါင်းနှင့်အနံ့ခံရင်း မျက်လုံးများက သဘာဝပေးသည့်အသိနှင့် သွေးတိုးစမ်းကာ ရှာနေမိသည်၊

"သေချာပြီ၊ ဒီကောင်တွေ တောင်ပို့ထဲမှာ ရှိတယ်"

ကိုဘအောင်သည် ဘူးခါးသီးတူရိယာကိုပါးစပ်မှ တေ့သည်၊ လေဝအောင် ရှူရင်းမှ အသာအယာ မှုတ်လိုက်သည်၊

တူရိယာမှ ခပ်ညင်းညင်း ခပ်သွဲ့သွဲ့ ထွက်လာသည့် အသံ သည် သာယာ



www.burmeseclassic.com

www.burmeseclassic.com

ကြည်နူးဖွယ်အပြည့်၊ ညှို့အားအပြည့်၊ ဆွဲဆောင်အားအပြည့်၊ ငါးမိနစ်ခန့် အကြာ နဘူးရုံဆီမှ ထူးခြားမှုဖြစ်လာသည်။

တောင်ပို့ပေါက်ဆီမှ အသံတစ်မျိုး ကြားရသည်။ နာမှုတ်သံလိုလို၊ တောပေးသံလိုလို၊ လူမမာတစ်ဦး အသက်ရှူသံလိုလို၊ ခပ်ပြင်းပြင်းအသံ၊ အသံကိုနားထောင်ရင်း ကိုဘအောင်ပြုံးလိုက်သည်။ ကိုဘအောင်သည် ပြုံးရင်းနှင့် တူရိယာကို ဆက်ပြီးမှုတ်လိုက်သည်။ ထိုအခါ ပိုပြီးထူးခြားမှုပြလာသည်။ အသံသည် ကျယ်သည်ထက် ကျယ်လာသည်။

ထိုအချိန်တွင် တူရိယာသံသည်လည်း မရပ်၊ တောသံနာသံကိုလည်း မပြတ်ကြားနေရသည်။

ကိုဘအောင်သည်ဆက်ပြီးမှုတ်နေလိုက်သည်။ ထိုအချိန်တွင် တောင်ပို့အပေါက်မှ မြွေခေါင်းတစ်ခု ထွက်လာသည်။ အသေအချာကြည့်ရင်း တူရိယာကို ဆက်မှုတ်ပေးဆဲ။

“မြွေဟောက်ကြီးပါလား”

စိတ်ထဲမှာ ပြောနေမိသည်။ မှန်ပါသည်။ မြွေဟောက်ကြီးသည် ခေါင်းတိုး ထွက်လာပြီးတစ်ကိုယ်လုံးအပြင်ရောက်အောင် ထွက်လာချေပြီ။ အပြင်ရောက်သည်နှင့် ချက်တောက်ပြီး ရပ်ထားသည် ကလှုတစ်ရပ်ကျော်ကျော်၊ ရပ်ထားရင်းနှင့် ကိုဘအောင်ထံ ရဲရဲမှည့်နေသည့် ဒေါသမျက်လုံးများနှင့် တပြူးတပြဲကြည့်ရင်း လှုပ်ရှားနေသည်။

တူရိယာအသံနှင့်အတူ ကနေသလိုမျိုး။ ယိမ်းကာနွဲ့ကာနှင့်လျှာမှာပြူတစ်ပြူ တစ်လုပ်နေပြီးပါးစပ်ကြီးကဖြဲထားသေးသည်။ ကိုဘအောင်သည် တူရိယာကို မမှုတ်တော့။

မြွေသည်သူ့ထံသို့တရွေ့ရွေ့လာနေသည်၊ ရန်ပြုတော့မည်၊ တိုက်ပွဲဝင်ရတော့မည်ကိုသိသည်၊ သို့ကြောင့် ဖိနပ်ကို ချွတ်လိုက်သည်၊ ပုဆိုးကို ပြင်ဝတ်လိုက်သည်၊ ခါးမှာ ထိုးထားသည့် တုတ်တိုကို စမ်းသည်၊

မြွေဟောက်ကြီးသည် –

“ဖြီး–ဖြီး” ဟူသောအသံကိုပေးရင်း ရှေ့ကိုတိုးလာလိုက်၊ ရပ်လိုက်၊ ခေါင်းယိမ်းလိုက်၊ ပါးစပ်ဖြဲလိုက်နှင့် လုပ်နေသည်၊ လူကို စူးစိုက်ကြည့်နေပြီး တိုက်ကွက်အကဲခတ်နေချေပြီ။

ကိုဘအောင်သည် တုတ်တိုကို ကိုင်ထားရင်းမှ ရှေ့သို့ ခြေလှမ်းနှစ်လှမ်းခန့် တိုးလိုက်သည်၊ မြွေသည် ရှေ့မတိုးတော့။ ယိမ်းနွဲ့နေဆဲ၊

ရုတ်ခြည်းပင် ကိုဘအောင်သည် တုတ်တိုကိုင်ထားသောလက်ကို ယမ်းလိုက်သည်။ မြွေသည်လည်းခေါင်းယမ်းရင်းနှင့် လိုက်ပြီးယမ်းနေသည်။

ထိုအချိန်၌ ကိုဘအောင်သည် မြွေဆီကို ပြေးသွားသည်၊ မြွေသည်လည်း သူ့ထံ ပြေးလာသည်၊ လက်တစ်ကမ်း အကွာအရောက်တွင် ရုတ်ခြည်းရပ်လိုက်ပြီး ခန္ဓာကိုယ်ကို ဘယ်ညာယိမ်းပြသည်။

မြွေသည်လည်းအပြေးလာရင်းရပ်ပြီး လူသားယိမ်းသလို ယိမ်း၏။ ကိုဘအောင်ယိမ်းခြင်းကိုရပ်လိုက်သည့် အချိန်တွင် မြွေသည် ဆတ်ခနဲခေါင်းတိုးဝင်ပြီး ဆတ်ခနဲ ပေါက်လိုက်သည်။

ကိုဘအောင်သည်မြွေ၏တိုက်ကွက်ကို ရှောင်ပေးလိုက်ပြီး မြွေ၏ခါးအလယ် တည့်တည့်အောက်ကိုတုတ်ထိုးသွင်းပြီး အပေါ်ကို မြှောက်လိုက်သည်။

ကိုဘအောင်၏လှုပ်ရှားမှုသည်မြွေထက်မြန်သည်၊ လျှပ်ပြက်သလိုသဘောမျိုး။ လျင်မြန်သော၊ ဒေါသကြီးသောမြွေဟောက်သည်လေထဲကိုပင့်မြှောက်ခြင်း ခံလိုက်ရပေပြီ။

မြွေနှင့်အတူ ကိုဘအောင်သည်လည်း ခုန်လွှားရင်း မြှောက်တက်ပါသွား၏။ မြွေပေါ်သို့ပြန်အကျ မြွေကြီးတွန့်လိမ်သွားသည်၊

ကိုဘအောင်သည် မြွေခေါင်းနောက်ကိုတုတ်နှင့်ပစ်ဖိထားရင်း လက်နှင့်ဆုပ်လိုက်သည်။ မြွေသည် ဒေါသံ၊ တောသံ၊ နာသံပေးရင်း ကိုဘအောင်၏လက်ကို ရစ်ပတ်ဖို့ကြိုးစားသည်။

ကိုဘအောင်သည် တုတ်ကိုပစ်ချတာ မြွေ၏ခါးကို ဆုပ်ကိုင်ပြီး ဘယ်ညာ ဆန့်ထားလိုက်သည်။ ဖြီး–ပခြုပ်ဆီပြေးပြီး ထည့်လိုက်၏၊ ထိုအချိန် –

“ဟာ–ဟိုမှာတစ်ကောင်ထွက်လာပြီ၊ ဟန်ကျလိုက်တာ”

ပခြုပ်ထဲသို့မြွေထည့်နေစဉ်တောင်ပို့ထဲမှ နောက်တစ်ကောင် ထွက်လာပြန်ချေပြီ၊ ကိုဘအောင် ကံကောင်းပါသည်၊



www.burmeseclassic.com

www.burmeseclassic.com

နစ်ကောင်အပြိုင်ထွက်လာလျှင်အတော်ကြိုးစားရပေမည်။ ခုတော့ - တစ်ကောင်က ပခြုပ်ထဲ ရောက်နှင့်ပြီး၍တော်သေးသည်။

ကိုဘအောင်သည် စောစောက ဖမ်းကွင်းဆီပြေးခဲ့သည်။ ထွက်လာသည့်မြွေသည် သူ့အဖော် မိသွားသည်ကိုမြင်၍လားမသိ၊ လူကိုအန္တရာယ်ပြုလို၍လားမသိ၊ ဒေါသအရမ်းကြီးကာ နှာသံတွေပေးနေသည်က သွေးပျက်စရာကောင်းသည်။ ကြောက်စရာကောင်းလှသည်။

ကိုဘအောင်သတိနှင့်ရပ်ကြည့်နေသည့်အချိန်တွင် မြွေကြီးသည် တစ်ရှိန်ထိုး ဝင်လာခဲ့ချေပြီ။

စောစောတလိုပင်ကိုဘအောင်သည် ချက်ထောက်ပြီး ရပ်ထားသော မြွေကိုအခြေပျက်အောင် ကိုယ်ခန္ဓာအားယိမ်းထိုးအောင် လုပ်နေမိသည်။ မြွေသည် မျက်စိနောက်နေပေပြီ။ တိုက်ကွက်ဖော်လို့မရတော့၊ လက်တစ်ကမ်းအကွာအထိ တိုးသွားရင်း ကိုယ်ရော လက်ပါ ခြေထောက်ရွှေ့ခြင်းကိုပါ လုပ်ရင်းရှိသည်။

မြွေဟူသည် ဒေါသကြီးပြီး လှုပ်ရှားလေ တိုက်ကွက်ဖော်၍မရလေ၊ မျက်လုံးတွေဝေဝါးလေဖြစ်သည်ကိုကိုဘအောင်အသိ။

မြွေသည်ကိုဘအောင်ကို ဆတ်ခနဲပေါက်လိုက်သည်။ ခုန်ရှောင်ရင်းမှ မြွေအမြီးကိုဆွဲပြီး အပေါ်သို့ပစ်လိုက်သည်။ စိတ်ဆိုးမာန်ဆိုးနှင့် မြွေသည် အပေါ်ကိုမြောက်တက်သွားစဉ် ကိုဘအောင်ပါ အပေါ်ကို ခုန်တက်လိုက်သည်။

ဗုန်းခနဲ မြေပြင်ပေါ်အကျ မြွေ၏နောက်ကျောကိုလက်နှင့်ဆုပ်သည်။ ပြီး ခါးကို ဆုပ်ကိုင်သည်။ ခပ်ဆန့်ဆန့်ကိုင်ရင်း သက်ပြင်းချသည်။

ထို့နောက် ကိုဘအောင်သည် ဒုတိယမြွေအား ပခြုပ်အတွင်းသို့ ထည့်ပြီးသည့်အချိန်တွင်တော့ အားရပါးရ တစ်ချက်ပြုံးလိုက်မိလေသည်။

၊၊၆၊၊

ကိုဘအောင်၏ခြေလှမ်းတွေက သွက်လက်နေသည်။ ရွာကို မြင်ရပြီ။ သေမင်းနှင့် နစ်ကြိမ်ရင်ဆိုင်ခဲ့ရသော မိမိအဖြစ်၊ မိမိလုပ်ရပ်သည်ဖျားနေသော သားကြောင်၊ ယခု မြွေနစ်ကောင်ရပြီ။ အလမ္ပာယ်ဆရာထံ အပ်မည်။ ငွေတစ်သောင်းနီးပါးရမည်။

သားရဲ့ဆေးဖိုး၊ ပြီးတော့ - ကျောင်းဝင်ကြေး၊ စာအုပ်ဖိုး၊ နောက် သမီးအဝတ်အစားဖို့၊ ကျောင်းဝင်ကြေး၊ စာအုပ်ဖိုး။

အတွေးများနှင့်လှမ်းခဲ့သော ခြေထောက်တွေသည် အက်အက်ကွဲတမျှ။

အလို - ဘုရားရေ - မြွေဖမ်းစဉ်က ချွတ်ထားခဲ့သောဖိနပ် ပြန်မစီးမိခဲ့၊ ပြီးတော့ - ခမောက်လည်းပြန်မဆောင်းခဲ့၊ ဒါ - သားသမီးတွေအတွက် ချစ်ဖေ၊ ချစ်ဖေ။

ပူပါစေတော့၊ လောင်ပါစေတော့၊ သေပါစေတော့၊ ပေးဆပ်ခဲ့ရသော မိဘနစ်ပါး၏လုပ်ရပ်တွေသည် ပူပြင်းသောနွေလွင်ပြင်ကို အနိတုရင်း အမြဲထာဝရအေးမြနေမည်ဆိုတာ သားသမီးတွေသိရင် ကျေနပ်ပြီ။ ကိုဘအောင် ကျေနပ်ပြီလေ။ ရင်ထဲမှာတော့ အေးမြကြည်နူးကျေနပ်ဆဲ ။

**တွင်းကြီးသား တင်ဝင်းဦး**



www.burmeseclassic.com

www.burmeseclassic.com

# ရွှေဝင် နတ်ဘုရား








3

ကုန်

ရှေ

များ

# ဝိညာဉ် လောက






3

ကုန်

ရှေ

များ

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ရွှေဟောင်း
ပစ္စည်းဖြစ်သည့်
ဗုဒ္ဓဆင်းတုတော်တစ်ဆူ
ခိုးယူခံရရာမှ
လောဘစိတ်ဝင်လာကာ ..

# ဂါတ်

ရှေ့တွင်ရှိနေသော အမှောင်ကြီးအတွင်းမှ ထွက်ပေါ်လာသော ဗြဲခြံအစမှသူ့ကို အမြဲစောင့်ကြည့်နေလေပြီ၊ “ဟာတော့ – စိတ်ပါ အမှုအခင်းမရှိလို့ ပျင်းနေပြီလား”

“ပျင်းဖို့အချိန်မရှိပါဘူး – အစ်ကို ဟာဒီရယ်”

“မပျင်းရအောင် ဘာတွေလုပ်နေရ လို့လဲ”

“အော် – အစ်ကိုဟာဒီရယ်၊ အာဏာ ရှိတဲ့သူက သူ့ငွေနဲ့ပေါင်းပြီး သူကြွယ်ဖြစ် အောင်လုပ်နေတဲ့ခေတ်၊ ငွေကြေးကြွယ် ဝတဲ့သူတွေက အာဏာရှိတဲ့သူနဲ့ပေါင်း ပြီး အာဏာရအောင်ဥပဒေကိုလက်တစ် လုံးခြားလုပ်နေတဲ့ခေတ်တာလဆိုးကြီး ထဲမှာ အမှုကြီးတွေ မဖြစ်ပါစေနဲ့လို့ ဘုရားရှိခိုး ပုတီးစိပ် ဆုတောင်းနေရတာ နဲ့ ပျင်းဖို့အချိန်မရှိတော့ပါဘူးဗျာ၊ ပြီး တော့ – တတ်ထားတဲ့ကိုယ်ခံပညာလေး တွေကို ညနေတိုင်း ပြန်လေ့ကျင့်နေရ တယ်လေ”

စုံထောက်ဝီလီသိန်းစကားကြောင့် သဘောကျစွာ အားရပါးရရယ်လိုက်သူ ကတော့ ဗြာနာအုပ်ကြီး ဦးဟာဒီသာ ဖြစ် ပါလေ၏။

“ဟုတ်တယ်ဗျ၊ အမှုအခင်းမရှိတော့ စိတ်အေးလက်အေး စိတ်ချမ်းသာကိုယ် ချမ်းသာနဲ့ ဘုရားသွားကျောင်းတက် ကုသိုလ်ဖက်ပြီး ကိုယ့်နောက်ပါမယ့် အထုပ်ကလေးကို ရအောင်လုပ်နေရ တယ် – ဗြာနာအုပ်ကြီးရေ”

စာသင်ကြီးဦးဖိုးဟိန်းကပါထောက် ခံလိုက်လေ၏။

“ဆရာတို့ – ရယ်လို့ပြီးပြီလား၊ ပြီး ရင် – ဧည့်သည်ရောက်နေတယ် ခင်ဗျ၊ လွှတ်လိုက်ရမလား”

ဗြာနအုပ်ကြီး၏ ရုံးခန်းတံခါးဝမှ အစောင့်ပုလိပ်သားလေးက ခြေစုံရပ်ပြီး ပြောလိုက်သည်။

“ဟေ – ဘာကိစ္စတဲ့လဲ”

“ဘာမှမေးလို့မဖြေပါဘူး ခင်ဗျ၊ ဗြာနာအုပ်ကြီးနဲ့တွေ့ပါရစေလို့ပဲပြောနေ ပါတယ်”

“လွှတ်လိုက်ကွာ – လွှတ်လိုက်”

ဗြာနာအုပ်ကြီးဦးဟာဒီတစ်ယောက် မရယ်နိုင်တော့၊ စုံထောက်ဝီလီသိန်းကို သာ လှမ်းကြည့်လိုက်မိလေတော့၏၊ ပုလိပ်သားလေး ထွက်သွားပြီးမကြာခင် မှာပင် အသက်လေးဆယ်ကျော်ခန့် လူ တစ်ယောက်ဝင်လာလေသည်၊ စုံထောက် ဝီလီသိန်းက ကုလားထိုင်လွတ်တစ်လုံး တွင် ထိုင်ခိုင်းလိုက်သည်၊

“ခင်ဗျားနာမည် – အလုပ်အကိုင် ဘာကိစ္စဆိုတာ ပြောပါဦး”

ဗြာနာအုပ်ကြီးက သူ့စားပွဲရှေ့တွင်ရှိ သော ကုလားထိုင်ပေါ်သို့ဝင်ထိုင်ရန်ပြင် နေသော ဧည့်သည်ကို မေးလိုက်သည်၊ ဧည့်သည်က ကုလားထိုင်ပေါ်သို့ ထိုင်ချ လိုက်ပြီး –

“ကျွန်တော့်နာမည် သန်းဒွေးပါ၊ အလုပ်အကိုင်ကတော့ ရှေးဟောင်းပစ္စည်း ရောင်းဝယ်တဲ့ဆိုင်လေးဖွင့်ထားပါတယ်၊ ကိစ္စကတော့ ကျွန်တော့်ဆိုင်လေးမှာ ဖောက်ထွင်းခိုးယူမှုဖြစ်သွားလို့ လာတိုင် တာပါ”

သည်တော့မှ ဗြာနာအုပ်ကြီးဦးဟာဒီ တစ်ယောက်စိတ်အေးသွားတော့သည်၊ ပြီးတော့ – စိတ်ထဲမှာပြောလိုက်မိတာက တော့ “တော်ပါသေးရဲ့ – အမှုကြီးမဖြစ်လို့”

“ခင်ဗျားဆိုင်က ဘယ်မှာဖွင့်ထား တာလဲ၊ ဘာပစ္စည်းတွေ ပါသွားလဲ”

“အောင်မင်္ဂလာလမ်းထဲမှာပါ၊ အောက်ထပ်မှာ ဆိုင်ဖွင့်ထားပြီး အပေါ်



www.burmeseclassic.com

www.burmeseclassic.com

ထပ်မှာ ကျွန်တော်နေပါတယ်။ တော်တော်များများပါသွားတယ် ခင်ဗျ"

"တော်တော်များများပါသွားတယ်လို့ပြောလို့မရဘူး။ ဂါတ်မှာ အမှုဖွင့်ပြီးဆိုတာနဲ့ အခိုးခံရတဲ့ပစ္စည်းစာရင်းကို အတိအကျပြောနိုင်ရပါ့မယ်၊ ဒါမှ ထုခွဲရောင်းချတဲ့နေရာတွေမှာ အခိုးခံလိုက်ရတဲ့ ခိုးရာပါပစ္စည်း ရောက်၊ မရောက် သိရမှာပါ။ ဒါ့ကြောင့် – ပစ္စည်းစာရင်းအတိအကျ ပြောပြီး တိုင်ချက် ဖွင့်ဖို့လိုပါတယ်"

စုံထောက်ဝီလီသိန်းက စိတ်ရှည်လက်ရှည် ရှင်းပြလိုက်လေ၏။

"ဟုတ်ကဲ့ – သိပါပြီ ခင်ဗျ။ အခိုးခံရတာက ကိုးလက်မလောက်ညာဏ်တော်အမြင့်ရှိတဲ့ မတ်ရပ်ရုပ်ပွားတော်တစ်ဆူ၊ ပျူခေတ် ရွှေပုတီးစေ့ဆယ်စေ့၊ ကုန်းဘောင်ခေတ်ရွှေဆွဲကြိုးက နှစ်ကုံး၊ ကုန်းဘောင်ခေတ်ရွှေဒင်္ဂါးက ခြောက်ပြား၊ နောက်ရွှေလက်စွပ်က နှစ်ကွင်းတို့ပါ။ မတ်ရပ်ဆင်းတုတော်က ကုန်းဘောင်ခေတ်နှောင်းပိုင်းလက်ရာပါ။ အဲဒါက ကျွန်တော်ပိုင်ပစ္စည်းပါ၊ ကျန်တဲ့ပစ္စည်းတွေက သူများက ရောင်းပေးဖို့အပ်ထားတဲ့ပစ္စည်းတွေပါ"

"သူခိုးလက်ပါသွားတဲ့ မတ်ရပ်ဆင်းတုတော်က ဘာနဲ့ သွန်းလုပ်ထားတာလဲ၊ ရွှေနဲ့လား၊ ကြေးနဲ့လား၊ သေသေချာချာ ရှင်းပြပါဦး"

စုံထောက်ဝီလီသိန်းက ကုလားထိုင်လွတ်တစ်လုံးကို ဆွဲယူ၍ ထိုင်ရင်း မေးလိုက်လေ၏။

"ကြေးနဲ့ သွန်းထားတာပါ၊ ငါးကျပ်သားအတိ ရှိပါတယ်။ နဖူးသင်းကျစ်တော်မှာ ရွှေစေ့အရွယ် ပတ္တမြားတစ်လုံး မြုပ်နှံထားပါတယ်"

"မတ်ရပ်ဆင်းတုတော်မှာ တခြားဘာအမှတ်အသားတွေ ရှိသေးလဲ"

ဦးသန်းဒွေးက စုံထောက်ဝီလီသိန်း၏အမေးကို ခဏမျှ စဉ်းစားပြီးနောက် ခေါင်းရမ်းပြလိုက်သည်၊ ဌာနာအုပ်ကြီးနှင့် စာသင်ကြီးတို့က စိတ်ဝင်စားစွာ နားထောင်နေကြလေ၏။

"ဘယ်အချိန်ကခိုးသွားတာလို့ထင်လဲ"



"ညက ကျွန်တော်အိပ်ရာဝင်တော့ ညဆယ့်တစ်နာရီထိုးနေပါပြီ။ မနက်အိပ်ရာထတော့ ခြောက်နာရီ၊ အောက်ထပ်ပစ္စည်းတွေသိမ်းတဲ့အခန်းတံခါးကို ဖွင့်ကြည့်လိုက်တော့ ပစ္စည်းတွေသိမ်းထားတဲ့ စားပွဲအံဆွဲသော့က ပျက်စီးနေပြီး အထဲက မတ်ရပ်ဆင်းတုတော်နဲ့ အခြားသူအပ်ထားတဲ့ပစ္စည်းတွေ ပျောက်ဆုံးနေတာ တွေ့လိုက်ရပါတယ်၊ ဒီတော့ သူခိုးဟာ ညဆယ့်တစ်နာရီနဲ့ မနက်(၆)နာရီကြားထဲမှာ ဝင်ခိုးသွားတာပါ – ဌာနာအုပ်ကြီးရယ်"

ဦးသန်းဒွေးက ဝီလီသိန်းမေးသမျှ ဖြေလိုက်သည်၊ စုံထောက်ဝီလီသိန်းက ဌာနာအုပ်ကြီး၏ နောက်နံရံတွင် ချိတ်ထားသော ကားသော့ကို ဖြုတ်ယူလိုက်ပြီး –

"ကျွန်တော်တို့ ဦးသန်းဒွေးအိမ်ကို လိုက်ပြီးစစ်ဆေးကြည့်ပါဦးမယ်"

ဟု ပြောလိုက်လေ၏။ စုံထောက်ဝီလီသိန်းနှင့်အတူ ဌာနာအုပ်ကြီးနှင့် စာသင်ကြီး ဦးဖိုးဟိန်းတို့ လိုက်လာကြလေ၏။ ဂါတ်စာရေး ကိုမေးဆင်ကိုတော့

> အသက်(၆၀)ကျော်အဖိုးကြီးတစ်ယောက် လာရောင်းတာပါ။ သွေးစဉ်မျိုးဆက်ကိုးကွယ်လာတဲ့ ဘုရားလို့ပြောပါတယ်။ သူတို့လက်ထက်ရောက်မှ စီးပွားရေးက အဆင်မပြေ၊ သားထောက်သမီးခံလည်း မရှိ၊ ကြပ်တည်းလွန်းတဲ့ဘဝကို ရောက်လာလို့ ဒီဆင်းတုတော်ကို မရောင်းချင်ပဲ ရောင်းရတာပါလို့ ပြောတာနဲ့ ဝယ်ထားလိုက်တာပါ။



www.burmeseclassic.com

www.burmeseclassic.com

ဂါတ်မှာ ထားခဲ့ကြသည်၊ အသံပေါင်းစုံထွက်နေသော ဂျစ်ကားတလေးကို စုံထောက်ဝီလီသိန်းကိုယ်တိုင် မောင်းလေ၏။

"ဟိုရှေ့ကလမ်းက အောင်မင်္ဂလာလမ်းပါ၊ အဲဒီလမ်းကိုရောက်ရင်ညာဘက်ကိုကွေ့လိုက်ပါ၊ လေးအိမ်ကျော်ငါးအိမ်မြောက်က ကျွန်တော့်အိမ်ပါ"

ဦးသန်းဒွေးလမ်းညွှန်သည့်အတိုင်း မောင်းလိုက်သောအခါ နှစ်ထပ်တိုက်ခံပျဉ်ထောင်အိမ်တစ်လုံးရှေ့သို့ ရောက်သွားလေ၏။

"ရောက်ပြီ – ဆရာ – ရောက်ပြီ၊ အဲဒါ ကျွန်တော့်အိမ်ပဲ၊ အောက်ထပ်မှာ ရှိုင်ဖွင့်ထားတယ်၊ အပေါ်ထပ်မှာ ကျွန်တော်နေတယ်"

ကားရပ်လိုက်သည်နှင့်ဦးသန်းဒွေးက အရင်ဆုံးဆင်းပြီး ခြံတံခါးကို သွားဖွင့်လိုက်သည်၊ ခြံကြီးဝန်းကျယ်နှင့်နေထိုင်သောလမ်းမို့ တစ်အိမ်နှင့် တစ်အိမ် ကပ်မနေ၊

"ဒီအိမ်မှာ ခင်ဗျားတစ်ယောက်ထဲနေတာလား၊ မိသားစုနဲ့နေတာလား"

စုံထောက်ဝီလီသိန်းက စာသင်ကြီးနှင့်ယှဉ်၍ လျှောက်လာရင်း မေးလိုက်ခြင်းဖြစ်လေ၏၊

"ကျွန်တော့်မှာ မိသားစုမရှိပါဘူး၊ လူပျိုကြီးတော့မဟုတ်ပါဘူး၊ တစ်ခုလပ်ပါခင်ဗျ"

"စားဖို့သောက်ဖို့၊ လျှော်ဖွပ်ဖို့ ဘယ်သူက တာဝန်ယူလဲ"

"ဟဲဟဲ – စားတော့ ထမင်းဆိုင်ပေါ့၊ လျှော်ဖွပ်ဖို့တော့ အမျိုးသမီးတစ်ယောက်ကို ပိုက်ဆံပေးပြီး ခိုင်းရတာပေါ့"

ဦးသန်းဒွေးက အိမ်တံခါးသော့ကို ဖွင့်ပြီး ရှေ့မှ ဝင်သွားသည်၊ စုံထောက်ဝီလီသိန်းကလိုက်ဝင်မသွားပဲတိုက်ခံပျဉ်ထောင်အိမ်လေးကိုပတ်၍ကြည့်လေ၏၊ သေချာစွာ စစ်ဆေးပြီးမှ အိမ်ထဲသို့ ဝင်လိုက်သည်၊

"သူခိုးဝင်ခိုးသွားတာ ဒီအခန်းပါ ဆရာ"

အောက်ထပ်တွင် ဆိုင်ခန်းအဖြစ် ပြုလုပ်ထားသော အခန်းတစ်ခုကို ဦးသန်းဒွေးကတံခါးဖွင့်၍ပြလိုက်သည်၊ အခန်းထဲတွင်မှန်ဗီရိုတစ်ခုနှင့် စားပွဲတစ်လုံး၊ ကုလားထိုင်သုံးလုံးချထားသည်ကို တွေ့လိုက်ရလေ၏၊ လေဝင်လေထွက်ကောင်းရန်အတွက် ပြတင်းပေါက်နှစ်ပေါက် တပ်ထားသည်ကို မြင်လိုက်ရ၍ ပြတင်းပေါက်နားသို့သွား၍ စစ်ဆေးကြည့်လိုက်သည်၊ ပြတင်းပေါက်မှ ပျဉ်တစ်ချပ်ကိုခွာပြီး အထဲမှ ချက်ကိုဖွင့်၍ အခန်းထဲဝင်ခိုးသွားသည်ကိုတွေ့လိုက်ရသည်၊

"သူခိုးလက်ပါသွားတဲ့ပစ္စည်းတွေက ဘယ်မှာထားတာလဲ"

"ဒီနေ့မှာတော့ ဟောဒီမှန်ဗီရိုထဲမှာ ပြထားပါတယ်၊ ဆိုင်သိမ်းတော့ စားပွဲအံဆွဲထဲကို အကုန်သိမ်းပြီးထည့်၊ သော့ခတ်ထားပါတယ်"

စုံထောက်ဝီလီသိန်းက စားပွဲအံဆွဲကို ကြည့်လိုက်သည်၊ သော့ကို ဖျက်၍ဖွင့်ထားသည်ကို တွေ့လိုက်ရလေ၏၊

"ဘုရားရုပ်ပွားတော်က ဘယ်ခေတ်လက်ရာလဲ"

"ကုန်းဘောင်ခေတ်လက်ရာပါ"

"အခိုးခံရတဲ့ ပစ္စည်းတွေထဲမှာ ဘုရားရုပ်ပွားတော်ကလွဲပြီး ကျန်တဲ့ရှေးထည်ပစ္စည်းတွေက ထုခွဲလို့လွယ်တယ်ဗျ၊ အဲ – နိုင်ငံခြားနိုးထုတ်ရောင်းစားရင်တော့ရတာပေါ့ဗျာ၊ ဒါကလည်းအဆက်အသွယ်ရှိမှ လွယ်တာပါ၊ ခင်ဗျားပိုင်တဲ့ မတ်ရပ်ဘုရားဆင်းတုတော်က မိဘဘိုးဘွားပိုင်လား၊ ဒါမှမဟုတ် လာရောင်းလို့ ဝယ်ထားလိုက်တာလား"

စုံထောက်ဝီလီသိန်းမေးခွန်းကြောင့် ဦးသန်းဒွေး မျက်နှာပျက်သွားသည်၊

"အမှုနဲ့ဆိုင်တဲ့မေးခွန်းပဲ မေးပါလား"

ဦးသန်းဒွေးက မျက်နှာထားတင်းတင်းဖြင့် ပြောလိုက်သည်၊

"အမှုနဲ့ဆိုင်၊ မဆိုင် ခင်ဗျားကို ရှင်းပြနေရဦးမှာလား၊ ကျွန်တော်မေးတာပဲ ဖြေပါ"

စုံထောက်ဝီလီသိန်းက အေးစက်စက်လေသံဖြင့် ပြောလိုက်သည်၊ သည်တော့မှ ဦးသန်းဒွေးတစ်ယောက်သူ့အမှားကိုသိသွားပြီး မျက်နှာထားကိုပြင်လိုက်သည်၊





www.burmeseclassic.com

www.burmeseclassic.com

"လာရောင်းလို့ဝယ်ထားလိုက်တာပါ။ အသက်(၆၀)ကျော်အဖိုးကြီးတစ်ယောက် လာရောင်းတာပါ။ ဆွေစဉ်မျိုးဆက်ကိုးကွယ်လာတဲ့ဘုရားလို့ ပြောပါတယ်။ သူတို့လက်ထက်ရောက်မှ စီးပွားရေးက အဆင်မပြေ၊ သားထောက်သမီးခံလည်း မရှိ၊ ကြပ်တည်းလွန်းတဲ့ဘဝကို ရောက်လာလို့ ဒီဆင်းတုတော်ကို မရောင်းချင်ပဲ ရောင်းရတာပါလို့ ပြောတာနဲ့ ဝယ်ထားလိုက်တာပါ၊ ရှေးဟောင်းပစ္စည်းတန်ဖိုးကိုနားမလည်တော့ ရွှေတန်ဖိုးနဲ့ပဲ ရောင်းသွားတာပါ ခင်ဗျာ"

"ဘုရားရုပ်ပွားတော် လာရောင်းတဲ့ အဖိုးကြီးရဲ့နေရပ်လိပ်စာ မေးထားသေးလား"

"မေးပါတယ်၊ အထက်အညာက လို့ပဲ ပြောပါတယ်၊ အရေးကြီးတဲ့ကိစ္စ မဟုတ်တော့ ကျွန်တော်လည်း အလေးအနက်ထားပြီး ထပ်မမေးတော့ပါဘူး"

"ခင်ဗျားမှာ ဒီပစ္စည်းတွေရှိတယ်ဆိုတာ ဘယ်သူတွေသိလဲ၊ ပြီးတော့ ခင်ဗျားဆီကို အဝင်အထွက်လုပ်နေတဲ့သူတွေထဲမှာ မသင်္ကာစရာလူ ရှိလား"

"အရောင်းအဝယ်သမားဆိုတော့ ဝယ်ချင်တဲ့သူရှိရင် ထုတ်ပြရတဲ့ထုံးစံရှိတော့ အဝယ်သမားလာရင် ထုတ်ပြရတာဆိုတော့ ကျွန်တော့်မှာ ဒီပစ္စည်းတွေရှိမှန်း တော်တော်များများ သိကြတယ်ဗျ။ အဲ - မသင်္ကာစရာရှိလားဆိုတော့ ကျွန်တော့်အဝတ်အထည်တွေကို တစ်ပါတ်တစ်ခါ လျှော်ဖွပ်မီးပူတိုက်ပေးနေတဲ့သူ တစ်ယောက်တော့ ရှိတယ်ဗျ။ သူ့နာမည်က မခင်လေးလို့ခေါ်တယ်၊ သူ့စရပ်ဟာ လမ်းထဲမှာ နေတယ်"

"သူများက ရောင်းခိုင်းထားတဲ့ ရှေးဟောင်းရွှေထည်ပစ္စည်းတွေအတွက် ခင်ဗျား ဘာလုပ်မလဲ"

"ပိုင်ရှင်တွေကိုတော့ အကြောင်းကြားထားပြီးပါပြီ၊ သူခိုးလက်ပါသွားတာတော့ ဘယ်တတ်နိုင်ပါ့မလဲဗျာ၊ ရန်သူမျိုးငါးပါးထဲက တစ်ပါးလေ"

ဦးသန်းဌေးက ပေါ့ပေါ့တန်တန်ပင် ပြောလိုက်သည်။

"သူခိုးဝင်ခိုးသွားတာ ဘယ်အချိန်မှ သိလဲ"

ဒုံနာအုပ်ကြီးက မေးလိုက်သည်။

"မနက်အိပ်ရာထပြီး လမ်းထိပ်က ကာကာဆိုင်မှာ လက်ဖက်ရည်သွားသောက်ပါတယ်၊ ပြန်လာမှာ ဆိုင်ခန်းတံခါးကိုဖွင့်ပြီးဝင်လိုက်တော့ စားပွဲအံဆွဲသော့ကို ဖျက်ထားပြီး အံဆွဲက အပြင်ဘက်ကိုဆွဲထုတ်ထားတာကိုတွေ့လိုက်ရပါတယ်၊ အံဆွဲထဲမှာထည့်ထားတဲ့ ပစ္စည်းတွေကတော့ မရှိတော့ပါဘူး။ သူခိုးလက်ပါသွားပါပြီ၊ ကျွန်တော်သိတဲ့အချိန်က မနက်ကိုးနာရီလောက်မှပါ"

"နေပါဦး - စောနက ခင်ဗျားပြောသွားတယ်။ ခင်ဗျားအဝတ်အထည်တွေကို လျှော်ဖွပ်မီးပူတိုက်ပေးရတဲ့ မခင်လေးကို မသင်္ကာဘူးလို့လေ၊ ဘာဖြစ်လို့ မသင်္ကာတာလဲ"

စုံထောက်ဝီလီသိန်းက ကြားဖြတ်မေးလိုက်သည်။

"ဘာဖြစ်လို့လဲဆိုတော့ သူများအိမ်တွေမှာ လျှော်ဖွပ်မီးပူတိုက်ပြီး မိသားစုဝမ်းရေးကို ဖြေရှင်းနေရတဲ့ သူ့တစ်ယောက်အဖို့ ဘာမဆိုလုပ်ရဲတဲ့ သတ္တိရှိမှာပေါ့ဗျာ၊ မှန်ဘီရိုနဲ့ထည့်ထားတဲ့ပစ္စည်းတွေကို သူလည်း မြင်မှာပဲလေ။ မြင်ရင်လိုချင်မှာပေါ့။ သူက မိန်းမတစ်ယောက်ဖြစ်နေတယ်လေ"

"မရှိခိုးနိုးလို့ ဆိုချင်တာပေါ့ - ဟုတ်လား"

"ဒီသဘော သက်ရောက်သွားတာပေါ့ဗျာ"

"ခင်ဗျားပစ္စည်းတွေကို မခင်လေးသာ ခိုးသွားတာဆိုရင် ခဏလေးနဲ့ ပေါ်မှာပါ။ ဘာဖြစ်လို့လည်းဆိုတော့ မခင်လေးက သူခိုးအလုပ်လုပ်တဲ့သူ မဟုတ်ဘူး။ လိုချင်တပ်မက်တဲ့စိတ်ကြောင့်သာ ခိုးယူတာလို့ ကောက်ချက်ဆွဲရမယ်။ ပြီးတော့ - ခင်ဗျားအခိုးခံရတဲ့ပစ္စည်းတွေက ရှေးဟောင်းပစ္စည်းတွေ မခင်လေးက ရှေးဟောင်းပစ္စည်းရဲ့တန်ဖိုးကိုနားလည်မှာမဟုတ်ဘူး။ ရွှေဈေးတန်ဖိုးနဲ့ပဲ ရောင်းစားမှာ၊ ဒါမှမဟုတ် သူခိုးဈေးနဲ့ရောင်းချင်ရောင်းမှာ၊ သူခိုးပစ္စည်းကို ထုခွဲရောင်းချပေးတဲ့သူတွေကတစ်ဆင့် စုံစမ်းလိုက်ရင်ပေါ်လာမှာပါ။ ခင်ဗျားလည်းတတ်နိုင်သမျှ စုံစမ်းကြည့်ပြီး ကျွန်တော်တို့ကို သတင်းပေးပါ။ ကျွန်တော်တို့လည်း





www.burmeseclassic.com

www.burmeseclassic.com

ဒီသူခိုးကိုအမြန်ဆုံးဖော်ထုတ်နိုင်အောင် ကြိုးစားမှာပါ”

သည့်နောက် ဗွာနာအုပ်ကြီးနှင့် စုံထောက်ဝီလီသိန်းတို့သည်ဦးသန်းဒွေး အားနှုတ်ဆက်ပြီးအသံပေါင်းစုံထွက်နေသော ဂျစ်ကားလေးနှင့် ဂါတ်သို့ပြန်လာခဲ့ကြလေ၏။

နောက်တစ်နေ့ထွက်သောသတင်းစာများတွင် ရှေးဟောင်းပစ္စည်းရောင်းသောဦးသန်းဒွေး၏ဆိုင်အားဖောက်ထွင်းခိုးယူခံရမှုသတင်း ပါလာလေတော့၏။

“သတင်းထောက်တွေက တယ်အနံ့ခံကောင်းပါလားကွ”

ဗွာနာအုပ်ကြီး ဦးဟာဒီက သူ့စားပွဲရှေ့ကုလားထိုင်တွင် စမတ်ကျကျထိုင်နေသောစုံထောက်ဝီလီသိန်းကိုသတင်းစာတစ်စောင်ကိုလှမ်းပေးရင်းပြောလိုက်လေ၏။

“ဒါ - ဦးသန်းဒွေးလက်ချက်ပဲဖြစ်မယ်။ သူနဲ့ရင်းနှီးတဲ့သတင်းထောက်တစ်ယောက်ကိုခေါ်ပြီးသတင်းပေးလိုက်တာဖြစ်မယ် - အစ်ကိုဟာဒီ”

စုံထောက်ဝီလီသိန်းက သူခိုးခိုးခံရသည့်သတင်းအား ဖတ်ကြည့်ပြီး ပြောလိုက်ခြင်းဖြစ်သည်။

“ဘာလို့ ဒီလိုလုပ်ရတာလဲ”

“သူ့ဆိုင် ဖောက်ထွင်းခိုးယူခံရတာကို လူသိများစေချင်လို့ပေါ့။ ကျွန်တော် ဦးသန်းဒွေးကိုမရိုးသားဘူးလို့ထင်တယ်။ တကယ်အခိုးခံရတာကမတ်ရုပ်ဆင်းတုတော်တစ်ဆူထဲပဲဖြစ်ရမယ်”

“ဘယ်လိုကြောင့် ဒီလိုပြောရတာလဲ”

“ဦးသန်းဒွေးပုံက သူခိုးခိုးခံရလို့ ဝမ်းနည်းနေတဲ့ပုံမပေါ်ဘူးဗျ။ အခိုးခံရတဲ့ပစ္စည်းတန်ဖိုးက မနည်းဘူးနော်၊ အမှန်ဆိုရင် တရားခံသူခိုးကိုပစ္စည်းတွေ ထုခွဲမရောင်းချီအမြန်ဆုံးဖမ်းပေးဖို့သူပြောရမယ်ဗျ။ အခု - ဘာမှမပြောဘူး၊ ဝတ္တုရားကြေအမှုလာတိုင်တဲ့သဘော လုပ်သွားတာဗျ။ အစ်ကိုဟာဒီကတော့ ယုံချင်မှယုံမယ်၊ ကျွန်တော့်ဆဌမအာရုံထဲမှာ ပေါ်လာတာက မတ်ရုပ်ဆင်းတုတော်တစ်ဆူထဲဗျ။ ကိုယ့်အာရုံကိုယ်တော့ယုံတယ်ဗျာ။ ပြီးတော့ - ကျွန်တော် နာမည်ကြီးစောရတွေနဲ့ သွားတွေ့တော့လည်း ဒီအမှုကို သူတို့ကျူးလွန်တာမဟုတ်ဘူးလို့ အခိုင်အမာငြင်းတဲ့အပြင် နယ်ကျော်ပြီး လာခိုးသွားတာလို့ပြောကြတယ်၊ သူခိုးလက်စံအိမ်တွေကိုလည်း ရောက်တယ်။ အခုရက်ပိုင်းမှာ အရောင်းအဝယ်လုပ်တာတစ်ခုမှမရှိဘူးလို့သိရပြန်တယ်။ ဦးသန်းဒွေးက မသင်္ကာဘူးလို့ ပြောတဲ့မခင်လေးဆီကိုကျွန်တော်သွားခဲ့တယ်၊ ဦးသန်းဒွေးရဲ့အဝတ်တွေကိုလျှော်ဖွပ်ပြီးမီးပူတိုက်ပေးရတာ မှန်ပါတယ်တဲ့၊ ဒါပေမဲ့ - အဝတ်တွေကို ဘယ်တော့မှ အိမ်ထဲဝင်မယူရဘူးတဲ့ဗျ၊ ဦးသန်းဒွေးကိုယ်တိုင်ယူပေးသလို ဦးသန်းဒွေးမရှိတဲ့အချိန်ဆိုရင် အိမ်ရှေ့တံခါးအပြင်မှာ ပုဆိုးဟောင်းနဲ့ထုပ်ပြီး ချထားခဲ့လေ့ရှိတယ်လို့ပြောတယ်ဗျ။ မခင်လေးကသေသေချာချာပြောလိုက်တာ ရှိသေးတယ်၊ လျှော်ဖွပ်မီးပူတိုက်ပြီးတဲ့အဝတ်တွေကို ပြန်ပို့ရင်လည်း သူ ကိုယ်တိုင် စောင့်ယူသလိုအိမ်တံခါးဝမှာ ချထားခဲ့ရတာတွေ ရှိတယ်လို့ ရှင်းပြခဲ့တယ်”

“ဒီမခင်လေးဆိုတဲ့အမျိုးသမီးကို အိမ်ထဲအဝင်မခံတဲ့သဘောပေါ့”

ဗွာနာအုပ်ကြီးက ဝင်ပြောလိုက်သည်။

“သူ့အိမ်ထဲကို လုံးဝမဝင်ဘူးတဲ့၊ သူ့ကို ဘာကြောင့် မသင်္ကာတဲ့သူလို့ ပြောရတာလဲဗျာ”

“ငါတို့ကိုအလုပ်ရှုပ်အောင်လမ်းလွှဲလိုက်တာပေါ့ကွာ”

“ဒါဆိုရင်တော့ - ဦးသန်းဒွေးတစ်ယောက်အတွက် မှားသွားပြီဗျ။ ကျွန်တော်တို့ဂါတ်မှာ စုံထောက်ဝီလီသိန်းရှိနေတာကို သူ့ခမျာ မသိတာပဲ၊ ပြီးတော့ ဝီလီသိန်းအကြောင်းကိုလည်း သိပုံမရဘူးဗျ။ ကျွန်တော်တို့ပုလိပ်အဖွဲ့ကိုလည်း ခပ်ညံ့ညံ့ထင်နေပုံရပါတယ်”

တာသင်ကြီးဦးဖိုးဟိန်းက ကိုယ့်ငါးချဉ် ကိုယ် ချဉ် လိုက် လေတော့၏။

စုံထောက်ဝီလီသိန်းက နဖူးကြောများရှုံ့





www.burmeseclassic.com

www.burmeseclassic.com

သွားအောင်မျက်မှောင်ကျုံ့စဉ်းစားနေ
ရာမှ -

"အမှန်တကယ် အခိုးခံရတာက
ဦးသန်းဒွေးပိုင်တဲ့ မတ်ရပ်ရုပ်ပွားတော်
တစ်ဆူထဲပဲဖြစ်ရမယ်။ ကျွန်တော်ရဲ့
ဆဋ္ဌမအာရုံမှာ ပေါ်လာတာလဲ မတ်ရပ်
ရုပ်ပွားတော်တစ်ဆူထဲဆိုတာ အစ်ကို
ဟာဒီ ပြောခဲ့ပြီးပါပြီ။ ကျွန်တော့်ရှေးထည်
ပစ္စည်းတွေကို အခိုးခံရတဲ့အထဲမှာပြီး
သူ ဖြောင်ထားတာပဲဖြစ်ရမယ်ဗျ။ ကျွန်
တော်လိုက်ခဲ့တဲ့အမှုတော်တော်များများ
မှာ ဆဋ္ဌမအာရုံမှာ ပေါ်လာတာတွေက
မှန်နေတာတွေ့ရတယ်။ ဘာဖြစ်လို့သူခိုး
ကတခြားအဖိုးတန်ရှေးထည်ပစ္စည်းတွေ
ကိုမယူပဲ ရုပ်ပွားတော်တစ်ဆူထဲကိုရွေး
ခိုးသွားရတာလဲ၊ ဒါကျွန်တော့်အတွေးကို
ပြောတာနော်။ အဲဒီအတွေးသာမှန်ရင်
ဒီမတ်ရပ်ရုပ်ပွားတော်ကို ဦးသန်းဒွေး
ကိုယ်တိုင် မတော်မတရားကြံစည်ပြီး
ရယူထားတာဖြစ်ရမယ်။ ဒါကြောင့် မူလ
ပိုင်ရှင်က ပြန်ခိုး - အဲလေ - ပြန်ယူသွား
တာဖြစ်ရမယ်။ ဦးသန်းဒွေးကို သတ်
မသွားတာ ကံကောင်းတယ်လို့ဆိုရမယ်"

"အင်း - မင်းတွေးတာလည်းဖြစ်နိုင်
ပါတယ်။ လူတွေကလောဘကိုမှမသတ်
နိုင်တာ၊ မင်းဘာဆက်လုပ်မယ်လို့စိတ်
ကူးထားလဲ"

"ဦးသန်းဒွေးဟာ ကျွန်တော်တွေး
ထားသလိုသူများအပ်ထားတဲ့ရှေးထည်
ပစ္စည်းတွေကို ဖြောင်ထားတာမှန်ရင်
ဘယ်နည်းနဲ့မှအပြင်ကိုပြန်ထုတ်ရောင်း
မှာမဟုတ်သေးဘူး - အစ်ကိုဟာဒီ၊ လုံခြုံ
တဲ့နေရာမှာ သိမ်းထားလိမ့်မယ်။ အခြေ
အနေကိုစောင့်ကြည့်နေမှာသေချာတယ်။
ဦးသန်းဒွေးဖြောင်ထားတဲ့ ရှေးထည်
ပစ္စည်းတွေအပြင်ထွက်လာမှမတ်ရပ်ရုပ်
ပွားတော်ကို ဘယ်သူခိုးသွားလဲဆိုတာ
ပေါ်လာမှာဗျ။ မတ်ရပ်ရုပ်ပွားတော်ကို ခိုး
သွားတဲ့သူကိုဦးသန်းဒွေးသိကိုသိရမယ်
ဗျ။ ဦးသန်းဒွေးကတော့ရုပ်ပွားတော်ကို
ခိုးသွားတဲ့ သူခိုးကို ဖမ်းမိစေချင်မှာ
မဟုတ်ဘူး - အစ်ကိုဟာဒီ"

"ဘာဖြစ်လို့လဲကွ"

"ရုပ်ပွားတော်ခိုးသွားတဲ့သူခိုးကို
မိရင်သူဖြောင်ထားတဲ့ရှေးထည်တွေကိစ္စ
က ပေါ်တော့မှာလေ၊ သူခိုးက ရုပ်ပွား
တော်က လွဲပြီး တခြားရှေးထည်ပစ္စည်း
တွေကို မခိုးပါဘူးလို့ ထွက်ဆိုရင် ဘာ
တတ်နိုင်တော့မှာလဲဗျ။ အဲဒီတော့
ကျွန်တော်တို့က ဦးသန်းဒွေးလှုပ်ရှားမှု
ကိုစောင့်ကြည့်နေရတော့မှာပဲ"

ဌာနာအုပ်ကြီးက သဘောတူသည့်
အနေဖြင့် ခေါင်းညိတ်ပြလိုက်လေတော့
၏။

ဦးသန်းဒွေး၏ ရှေးဟောင်းပစ္စည်း
ရောင်းဝယ်ရေးဆိုင် ဖောက်ထွင်းခိုးယူခံ
ရသည်မှာ ယနေ့ဆိုလျှင် တစ်ပါတ်တင်း
တင်းပြည့်လေပြီ။ တရားခံမဆိုထားနှင့်
ခိုးမှုနှင့်ပတ်သက်သည့်သတင်းအစအန
ပင် မရ။ မြို့ပေါ်မှ နာမည်ကြီးစာရင်းဝင်
သူခိုးများကလည်း စုံထောက်ဝီလီသိန်း
ကို ကူညီ၍ စုံစမ်းပေးကြလေ၏။ သူတို့
ပေးသည့်သတင်းကမြို့ခံသူခိုးများလက်
ချက်မဟုတ် တခြားမြို့ရွာမှ နယ်ကျော်၍
ခိုးယူခြင်းဖြစ်ကြောင်းပင်၊

စုံထောက်ဝီလီသိန်းကိုယ်တိုင် ရှေး
ထည်ပစ္စည်းရောင်းဝယ်သည့်ဆိုင်များ
နှင့် ခိုးယူလာသည့်ရှေးထည်ပစ္စည်းများ
ကိုထုခွဲရောင်းချပေးလေ့ရှိသည့်သူများ
ကိုလည်း အခိုးခံထားရသည့်ရှေးထည်
ပစ္စည်းများ လာရောက်ရောင်းချပါက
ဂါတ်သို့ လာရောက်သတင်းပေးရန်
အကူအညီတောင်းခံထားပါသော်လည်း
အကြောင်းမထူး။

ယနေ့လည်း ဌာနာအုပ်ကြီးဦးဟာ
ဒီ၏ရုံးခန်းထဲတွင် စုံထောက်ဝီလီသိန်း၊
စာသင်ကြီး ဦးဖိုးဟိန်း၊ ဂါတ်စာရေး
ကိုမေးဆင်တို့ရောက်ရှိနေကြလေသည်၊
ဦးသန်းဒွေး၏ရှေးဟောင်းပစ္စည်းရောင်း
ဝယ်ရေးဆိုင် ဖောက်ထွင်းခံရမှုနှင့်ပတ်
သက်ပြီး ပြောဆိုနေကြခြင်းဖြစ်လေ၏။

"မင်းပြောသလို သူတစ်ပါးအပ်ထား
တဲ့ ရှေးဟောင်းရှေးထည်ပစ္စည်းတွေကို
ဦးသန်းဒွေးကိုယ်တိုင်ဖြောင်ထားတာဆို
ရင်တော့ တော်တော်နဲ့ ထုတ်ရောင်းမှာ
မဟုတ်ဘူးကွ။ ပိုင်လောက်တဲ့အချိန်
ရောက်မှ ထုတ်မှာသေချာတယ်။ ဒါမှ



www.burmeseclassic.com

www.burmeseclassic.com

မဟုတ် အရည်ကျိုပြီးမှ ရောင်းလိုက်ရင် အခက်ကွ”

ဌာနာအုပ်ကြီးက သူတွေးမိသမျှ ပြောလိုက်ခြင်းဖြစ်သည်။

“အဲဒါတော့ လုပ်မှာမဟုတ်ဘူးဗျ။ အရည်ကျိုလိုက်ရင် ရွှေးဟောင်းပစ္စည်း တန်ဖိုးကမရှိတော့ဘူးလေ။ ရိုးရိုးရွှေရွှေး ပဲ ရတော့မှာပေါ့၊ ဦးသန်းဒွေးက ရှေး ဟောင်းပစ္စည်းရောင်းဝယ်တဲ့သူဆိုတော့ သမိုင်းတန်ဖိုးကို နားလည်တယ်။ မိုက် မိုက်မဲမဲ အရည်ကျိုတဲ့အလုပ်ကိုတော့ လုပ်မှာမဟုတ်ပါဘူး – အစ်ကိုဟာဒီ။ ဒီအတွက်တော့ မပူပါနဲ့”

ထိုစဉ်အစောင့်တာဝန်ကျနေသော ပုလိပ်ကလေးသံဘီးကဖြောင်းခနဲခြေစုံ ရပ်၍ သတိအနေအထားဖြင့် သတင်းပို့ လာသည်။ သူ့နောက်တွင်အသက်လေး ဆယ်ခန့် အသားညိုညို၊ ပုပုဝဝလူတစ် ယောက် ရပ်နေသည်ကို စုံထောက်ဝီလီ သိန်း တွေ့လိုက်ရသည်။

“ဌာနာအုပ်ကြီးနဲ့ တွေ့ခွင့်တောင်း နေပါတယ်”

ဌာနာအုပ်ကြီးက အထဲဝင်လာရန် ခေါ်လိုက်သည်။

“ကျွန်တော့်နာမည် ဦးငွေထွန်းပါ။ ဦးသန်းဒွေးတို့အိမ်ရဲ့ခေါင်းရင်းက အိမ်မှာ နေပါတယ်။ အခုမနက် ကိုးနာရီလောက် မှာ ဦးသန်းဒွေးအိမ်ထဲက ဆူဆူညံညံနဲ့ အော်ဟစ်ပြောဆိုနေတဲ့အသံတွေထွက် လာပါတယ်၊ ပြီးတော့ – ဦးသန်းဒွေးရဲ့ ကြောက်လန့်တကြားအော်သံတွေထွက် လာတာနဲ့ ရပ်ကွက်ထဲက လူကြီးလူငယ် တွေ ဦးသန်းဒွေးအိမ်ကို ဝိုင်းထားလိုက် ကြပါတယ်၊ ဘယ်သူမှလည်း အိမ်ထဲကို ဝင်မကြည့်ရဲကြတာနဲ့ အခုလို ဌာနာအုပ် ကြီးတို့ကို လာအကြောင်းကြားတာပါ ခင်ဗျာ”

ဦးငွေထွန်းပုံစံက ပျာယာခတ်နေ သည်။

“အိမ်ထဲက ဘယ်သူမှထွက်လာ တာမတွေ့ရဘူးလား”

“ဟုတ်ကဲ့ – ထွက်လာတာမတွေ့ပါ ဘူး။ ထွက်လာရင်လည်း ဝိုင်းဖမ်းဖို့စီစဉ် ထားခဲ့ပါတယ်”



စုံထောက်ဝီလီသိန်းက ဌာနာအုပ် ကြီး၏အလုပ်စားပွဲနောက် နံရံတွင် ချိတ် ထားသော ဂျစ်ကားသော့ကို ဖြုတ်ယူ လိုက်ပြီး –

“လာ – ကိုငွေထွန်း – ကျွန်တော်တို့ နဲ့လိုက်ခဲ့”

အသံပေါင်းစုံထွက်နေသော ဂျစ်ကားလေးပေါ်တွင် ဌာနာအုပ်ကြီး၊ စာ သင်ကြီးနှင့် ဦးငွေထွန်း၊ ပုလိပ်သားရာကျို တို့ လိုက်ပါလာပြီး စုံထောက်ဝီလီသိန်း ကိုယ်တိုင် ကားမောင်းလာလေ၏။ ဦးသန်းဒွေး အိမ်ပတ်လည်တွင် တုတ်၊ ဓား၊ လက်နက်ကိုင်ဆောင်ထားသော လူအုပ်ကြီးကို တွေ့လိုက်ရလေသည်။ စုံထောက်ဝီလီသိန်းနှင့် ဌာနာအုပ်ကြီး တို့က ကားပေါ်မှ အရင်ဆုံးဆင်းလိုက် သည်၊ နောက်မှ စာသင်ကြီး၊ ဦးငွေထွန်း နှင့် ပုလိပ်သားရာကျိုတို့က ဆင်းလိုက် သည်၊ ဦးသန်းဒွေးနေထိုင်သောတိုက်ခံ ပျဉ်ထောင်အိမ်လေးထဲမှ မည်သည့် အသံမျှမကြားရ၊ ငြိမ်သက်တိတ်ဆိတ် လို့နေသည်။

“ဦးသန်းဒွေး – ဦးသန်းဒွေး”

စုံထောက်ဝီလီသိန်းတို့နှင့် အတူပါ လာသော ကိုငွေထွန်းက လှမ်းခေါ်လိုက် သည်။

ပြန်ထူးသံက ထွက်မလာ၊ နောက် တစ်ကြိမ် အသံမြှင့်၍ ခေါ်လိုက်သည်၊ သည်တော့မှ အသံထွက်လာသည်၊

“ဝင်လာခဲ့ကြပါ ခင်ဗျား”

“ဦးသန်းဒွေးအသံ မဟုတ်ဘူးဗျ”

ဦးငွေထွန်းကလေသံဖြင့်ပြောလိုက် ၏။ စုံထောက်ဝီလီသိန်းက ခါးမှချိတ်ထား သောသေနတ်ကို ဆွဲထုတ်လိုက်ပြီး အိမ် ထဲသို့ အရင်ဆုံးဝင်လိုက်သည်။ ဦးသန်း ဒွေး၏အလုပ်စားပွဲ နောက်ကုလားထိုင် တစ်လုံးတွင် လူငယ်တစ်ယောက် ထိုင် နေသည်ကို တွေ့လိုက်ရလေသည်၊ လူငယ်က သူ၏လက်နှစ်ဖက်ကို စားပွဲ ပေါ်သို့တင်ထားသည်၊ စာသင်ကြီးဦးမိုး ဟိန်းက ပြတင်းပေါက်တံခါးကို သွားဖွင့် လိုက်သည်၊ အန္တရာယ်ပြုမည့်ပုံ မတွေ့ရ သောကြောင့် သေနတ်ကို ပြန်သိမ်း လိုက်ပြီး ဦးသန်းဒွေးကို မျက်လုံးကစား၍



www.burmeseclassic.com

www.burmeseclassic.com

ရှာကြည့်လိုက်သည်။ ကုလားထိုင်တွင် ကျုံ့ကျုံ့ရုံ့ရုံ့ထိုင်နေသော လူငယ်က အကင်းပါးစွာဖြင့် "ခင်ဗျား ဦးသန်းဒွေး ကို ရှာနေတာလား။ ဟော - ဟိုမှာ" ဟု လက်ညှိုးညွှန်၍ပြလိုက်သည်။ မျက်နှာ တစ်ခုလုံး ဖူးရောင်နေပြီး သွေးများဖြင့် ဖုံးလွှမ်းနေသည့် ဦးသန်းဒွေးကို မှန်ဗီရို ရှေ့နားတွင်လဲကျနေသည်ကိုတွေ့လိုက် ရလေတော့သည်။

"မင်းက ဘယ်သူလဲ။ ဦးသန်းဒွေးနဲ့ ဘာပြဿနာရှိခဲ့လဲ"

အသားဖြူဖြူ၊ ရုပ်ချောချောနှင့် လူငယ်လေးကို စေ့စေ့ကြည့်၍ စုံထောက်ဝီလီသိန်းက မေးလိုက်သည်။

"နောင်ကြီး - ရှေ့ကကုလားထိုင်မှာ အရင်ထိုင်ပါဦးဗျာ"

လူငယ်က အကြောက်အရွံ့မရှိပြော လာသည်။ စုံထောက်ဝီလီသိန်းက လူငယ်နှင့်မျက်နှာချင်းဆိုင်တွင်ဝင်ထိုင် လိုက်သည်။ ပြီးတော့ - လူငယ်ကို သဘောကျစွာ ပြုံး၍ကြည့်နေလိုက် သည်။

"မသေပါဘူး ခင်ဗျ၊ မှတ်လောက် သားလောက်ရှိအောင် ဆုံးမထားတာ ပါ"

လဲကျနေသောဦးသန်းဒွေးကိုစမ်း သပ်ကြည့်နေသော ဌာနာအုပ်ကြီးနှင့် စာသင်ကြီးကိုကြည့်၍ လူငယ်က ပြော လိုက်ခြင်းဖြစ်သည်။

"ဘာဖြစ်လို့ အခုလိုလုပ်ရတာလဲ ကွာ"

"သူမိုးက လူ့လူ ဟစ်တာကိုးဗျ"

"တို့နားလည်အောင် ရှင်းပြစမ်းပါ ဦး"

ဌာနာအုပ်ကြီးက ဝင်မေးလိုက် သည်။

"ဟုတ်ကဲ့၊ ကျွန်တော်ရှင်းပြပါ့မယ်၊ ဒီဇာတ်လမ်းကိုစခဲ့တဲ့သူက ဦးသန်းဒွေး အမည်ခံထားတဲ့ဦးသောင်းအေးပါ၊ ကျွန် တော့်နာမည်က ကျော်စွာပါ၊ မိသားစု လေးယောက်ရှိပါတယ်၊ အဖေက ဦးမောင် မောင်ကြီး၊ အမေက ဒေါ်သီတာပါ၊ ကျွန် တော်တို့မိသားစုသုံးယောက်ကို အုပ် ထိန်းသူက အဘွား ဒေါ်တင်မကြီးပါ၊ ကျွန်တော်တို့မိသားစု မျိုးရိုးက ကုန်း ဘောင်ခေတ်က စစ်သူကြီး ဗလကျော် ဂေါင်ရဲ့မျိုးဆက်တွေပါ၊ ကျွန်တော့်ရဲ့ အဘွားမှာ စစ်သူကြီး ဗလကျော်ဂေါင် ကိုးကွယ်ပူဇော်တဲ့ မတ်ရပ်ရုပ်ပွားတော် တစ်ဆူနဲ့ စစ်သူကြီးကိုယ်တိုင် စစ်ထွက် တဲ့အခါ အမြဲဆောင်လေ့ရှိတဲ့ဓားအိမ်ပ ပါတဲ့ ဓားမြှောင်တစ်လက် ရှိပါတယ်၊ မတ်ရပ်ရုပ်ပွားတော်ရဲ့နဖူးသင်းကျစ် တော်မှာ ရွှေးစေ့လောက်ရှိတဲ့ ပတ္တမြား တစ်လုံး မြှုပ်နှံထားပါတယ်၊ ဓားမြှောင် လက်ကိုင်နဲ့ ဓားအိမ်မှာ အဖိုးတန် ကျောက်မျက်ရတနာတွေနဲ့ စီခြယ်ထား ပါတယ်၊ မတ်ရပ်ရုပ်ပွားတော်ကိုတော့ ကြေးနဲ့ သွန်းလုပ်ထားပါတယ်"

"မတ်ရပ်ရုပ်ပွားတော်က ဘယ် လောက်ကြီးလဲ"

စုံထောက်ဝီလီသိန်းက ကြားဖြတ် ပြီးမေးလိုက်သည်။

"ကိုးလက်မတိတိ ရှိပါတယ်၊ အဲဒီ ရုပ်ပွားတော်နဲ့ ဓားမြှောင်ကို ကျွန်တော် တို့ဆွေစဉ်မျိုးဆက်ဆက်ထိန်းသိမ်းလာ ခဲ့တာပါ၊ အဘွားက နှစ်စဉ်နှစ်တိုင်း တန်ဆောင်မုန်းလရောက်ရင် ရုပ်ပွားတော်ကို လူ အများ ပူဇော်နိုင်အောင် စံအိမ်တော်ရှေ့ မှာ မဏ္ဍပ်ထိုးပြီး ပြထားလေ့ရှိပါတယ်၊ ကျန်တဲ့အချိန်တွေမှာတော့ စံအိမ်တော် ပေါ်က ဘုရားကျောင်းဆောင်မှာပဲ ပူဇော် ထားပါတယ်"

"နေပါဦးကွဲ့ - မောင်ကျော်စွာတို့က ဘယ်မှာနေတာလဲ"

ဌာနာအုပ်ကြီးက မေးလိုက်သည်။

"စစ်ကိုင်းနဲ့ မုံရွာကြားက ရွာမှာနေ ပါတယ်၊ လွန်ခဲ့တဲ့တစ်နှစ်ကျော်လောက် က ကျွန်တော်တို့မိသားစုနေတဲ့ စံအိမ် တော်ကို ဦးသောင်းအေးဆိုတဲ့လူတစ် ယောက်ရောက်လာပြီး ဆွေစဉ်မျိုးဆက် ကိုးကွယ်လာတဲ့မတ်ရပ်ရုပ်ပွားတော်ကို ဖူးမြော်ကြည်ညိုခွင့်ပေးဖို့ ပြောလာတယ်၊ ဖွားတော် - အဲ - ကျွန်တော်က အဘွားကို ဖွားတော်လို့ခေါ်ပါတယ်၊ ဖွားတော်က ဖူးမျှော်ကြည်ညိုချင်တယ် ဆို တော့ စံအိမ်တော်အပေါ်ထပ်မှာရှိတဲ့ ဘုရား ခန်းထဲ ခေါ်သွားပြီး ပူဇော်ခွင့်ပေးလိုက်





www.burmeseclassic.com

www.burmeseclassic.com

တယ်၊ အဲဒီအချိန်တုန်းက အဖေလည်း ရှိနေပါတယ်။ ဦးသောင်းအေးကမတ်ရပ်ရုပ်ပွားတော်ကိုသေသေချာချာကြည့်ပြီး "တော်တော်ကြည်ညိုတယ်ဗျာ" လို့ပြောလိုက်ပါတယ်။ အဖေက "မတ်ရပ်ရုပ်ပွားရှိတယ်ဆိုတာ ဘယ်လိုသိလာတာလဲ" လို့ မေးလိုက်တော့ ဦးသောင်းအေးက ဖွားတော်ကိုကြည့်ပြီး –

"အဘွားရယ် – အဘွားတို့က တစ်နှစ်တစ်ခါမတ်ရပ်ရုပ်ပွားတော်ကိုအများ ပူဇော်နိုင်အောင် ခွင့်ပြုပေးနေတာ တစ်နယ်လုံးသိနေတာပဲဗျာ။ ပြီးတော့တန်ခိုးကြီးကြောင်း၊ ဆုတောင်းပြည့်ကြောင်း ပူဇော်ဖူးတဲ့သူတိုင်းကပြောနေကြတာ – အဘွားရဲ့ ဒီသတင်းကြားတာ ကြာပါပြီ၊ အခုမှလမ်းကြုံလို့ပူဇော်ခွင့်တောင်းတာပါခင်ဗျား"

လို့ ပြန်ဖြေလိုက်တယ်။ ပြီးတော့ ဖွားတော်ကိုဘုရားသမိုင်းအကြောင်းကို မေးတော့တာပါပဲ။ ဖွားတော်က ကုန်းဘောင်ခေတ်စစ်သူကြီးဝလကျော်ခေါင်ကိုးကွယ်လာတဲ့ရုပ်ပွားတော်ဖြစ်ကြောင်း နဲ့ဆွေစဉ်မျိုးဆက်လက်ဆင့်ကမ်းအမွေအဖြစ် ထိန်းသိမ်းစောင့်ရှောက်လာတဲ့ အကြောင်း ပြောပြလိုက်တယ်၊ အဲဒီအချိန်တုန်းကစံအိမ်တော်မှာကျွန်တော်က ရှိမနေဘူး။ ဒါပေမဲ့ – ဦးသောင်းအေး စံအိမ်တော်ကအထွက်မှာ ကျွန်တော်သူ့ကိုတွေ့လိုက်ရပါတယ်၊ တိုတိုပြောရရင်တော့ ဦးသောင်းအေးပြန်သွားပြီး သုံးရက်လောက်ရှိတော့ စံအိမ်တော်အပေါ်ထပ်ဘုရားခန်းထဲမှာ ပူဇော်ထားတဲ့ဆွေစဉ်မျိုးဆက်ထိန်းသိမ်းစောင့်ရှောက်ကိုးကွယ်လာတဲ့ မတ်ရပ်ရုပ်ပွားတော်ဟာ ပျောက်သွားတယ်၊ အမိုးခံလိုက်ရတယ်၊ ဖွားတော်လည်း စိတ်သောကရောက်သွားပြီး –

"သား – မောင်မောင်ကြီး – မေမေရဲ့ အေးတော်၊ ဘိုးတော်တွေ ထိန်းသိမ်းစောင့်ရှောက်ကိုးကွယ်လာတဲ့ မတ်ရပ်ရုပ်ပွားတော်ဟာမေမေ့လက်ထက်ရောက်မှပျောက်ဆုံးသွားတယ်ဆိုရင်မေမေညို့ရာရောက်သွားလိမ့်မယ်၊ တွေ့အောင်ရှာစမ်း"

ဖွားတော်ဟာ ဖေဖေ့ကို နိုင်းတော့တာပါပဲ။

"ဖွားတော်ရယ် – ဖေဖေကအသက်ကြီးနေပါပြီ၊ မြေးလေးတွေ့အောင်ရှာပါ့မယ်"

လို့ပြောပြီး ဖေဖေရယ်၊ ဖွားတော်နဲ့ကျွန်တော်တို့သုံးယောက်ဘယ်သူခိုးနိုင်သလဲဆိုတာ တိုင်ပင်ကြတော့ အဖြေကတစ်ခုပဲထွက်လာတယ်၊ နောက်ဆုံး ပူဇော်ခွင့်တောင်းတဲ့ ဦးသောင်းအေးဆိုတဲ့လူကြီးကို သွားတွေ့လိုက်ရတယ်။

"ဦးသောင်းအေးဆိုတာ ဟုတ်ပါပြီ – ဘယ်ကလာလို့ ဘယ်မှာနေမှန်းမှ မသိတာ"

ကျွန်တော်က ခေါင်းကို လက်နဲ့ ကုတ်ရင်း ပြောလိုက်မိတယ်။

"မပူနဲ့ – ငါ့သား၊ ဦးသောင်းအေး ပြန်မယ်လုပ်တော့သူ့ကိုဘယ်မှာနေတာလဲလို့ မေးလိုက်မိတယ်၊ ရန်ကုန်မြို့က ဗိုလ်တထောင်မှာနေတယ်။ ရှေးဟောင်းပစ္စည်းဆိုင်ဖွင့်ထားတဲ့ ဦးသောင်းအေးဆိုရင် ဗိုလ်တထောင်မှာ မသိသူမရှိဘူးလို့ ပြောသွားတယ် – သား"

"ဖေဖေရယ် – သူခိုးက သူ့လိပ်စာအမှန်ကို ပြောပါ့မလား"

"ဟဲ့ မြေးလေးရဲ့ – သူ့လိပ်စာအမှန်ပြောတာဖြစ်မယ်ကွဲ့၊ နောက်မှ မတော်လောဘစိတ်ကသူ့စိတ်ကိုအနိုင်ယူသွားတာဖြစ်မယ်။ ရှေးဟောင်းရုပ်ပွားတော်ဆိုတော့ လိုချင်တပ်မက်တဲ့စိတ်က များသွားပြီး ဘာမှမစဉ်းစားတော့ဘဲ ခိုးသွားတာနေမှာကွဲ့"

ဖွားတော်က သူ့အယူအဆကို ဝင်ပြောလိုက်တယ်၊ ဖွားတော်ပြောတာဖြစ်နိုင်ချေရှိတာမို့ ကျွန်တော်တို့သားအဖ ဖွားတော်စကားကို လက်ခံလိုက်တယ်၊ ဖွားတော်က မတွေ့တွေ့အောင်ရှာပြီး ရုပ်ပွားတော်ကို ပြန်ယူခဲ့ရမယ်ဆိုပြီး ငွေကြေးအလုံအလောက် ထုတ်ပေးတာနဲ့ ကျွန်တော် ရန်ကုန်ဆိုတဲ့မြို့ကြီးကို အရောက်သွားခဲ့တယ်၊ ဗိုလ်တထောင်ရောက်တော့ ရှေးဟောင်းပစ္စည်းရောင်းတဲ့ဦးသောင်းအေးဆိုတာဗိုလ်တထောင်လမ်းထဲကဦးစန်းမြင့်တိုက်အောက်ထပ်ကိုငှားပြီး ဆိုင်ဖွင့်ထားတယ်လို့ပြောလိုက်ကြတယ်၊ ဦးစန်းမြင့်တိုက်ရောက်

www.burmeseclassic.com

“ခင်ဗျားကို ဘွားတော်က မသက်ာလို့ စုံစမ်းရှာဖွေခိုင်းတဲ့ အကြောင်း နောက်ဆုံး ပခုက္ကူမြို့မှာ ဦးသောင်းအေးကနေပြီး ဦးသန်းဌေးအဖြစ်နဲ့ ပြန်ပြီးတွေ့တာ ဖြစ်ကြောင်း အခြေအတင်ပြောတဲ့ အထိ ဖြစ်လာခဲ့တယ်။ သူကလည်း ဝန်မခံတဲ့အပြင် ကျွန်တော့်ကို ပြန်အော်တယ်။ ပုလိပ်ကို ခေါ်ပြီး ဖမ်းခိုင်းမယ်လို့လည်း ပြောတယ်။



လို့ စုံစမ်းလိုက်တော့ ပြောင်းသွားပြီလို့ ပြောပြန်ရော။ ဒါနဲ့ – တိုက်ခန်းပိုင်ရှင် ဦးစန်းမြင့်ကို ဘယ်ပြောင်းသွားတာလဲ မေးလိုက်တော့ ပခုက္ကူမြို့ကိုလို့ ပြောပြလိုက်တယ်။ ဒါနဲ့ – မိုလ်တထောင်ဆိပ်ကမ်းက ထွက်တဲ့ မင်းကြီးလို့နာမည်ပေးထားတဲ့ အညာဆန်သင်္ဘောကြီးက ပခုက္ကူကို ရောက်တယ်ဆိုတာနဲ့ အဲဒီသင်္ဘောကြီးနဲ့ လိုက်ရတော့တာပေါ့ဗျာ။ သင်္ဘောနဲ့ဆိုတော့ အချိန်ကုန်ပေမဲ့ ကျွန်တော့်အတွက် အကျိုးရှိပါတယ်။ ဒီသင်္ဘောကြီးပေါ်မှာပါလာတဲ့ ပခုက္ကူမြို့က ကုန်သည်တစ်ယောက်နဲ့ ရင်းနှီးသွားပြီး ပခုက္ကူမြို့အကြောင်းမေးရင်းနဲ့ မသိမသာနဲ့ဦးသောင်းအေးအကြောင်းစုံစမ်းရတာပေါ့ဗျာ။

“ပခုက္ကူမှာ ဦးသောင်းအေးဆိုတာတော့ မရှိဘူးကွ။ ရေးဟောင်းပစ္စည်းအရောင်းအဝယ်လုပ်တဲ့ ဦးသန်းဌေးဆိုတာပဲရှိတယ်။ အောင်မင်္ဂလာလမ်းထဲမှာနေတယ်။ သူကအိမ်က တိုက်ခံပျဉ်ထောင်အိမ်ကွ။ အောက်ထပ်ကို ရှေးဟောင်းပစ္စည်းဆိုင် ဖွင့်ထားတယ်”

ကျွန် တော် တွေ့ ချင် တဲ့ သူ က ဦးသောင်းအေး၊ ကုန်သည်ပြောတဲ့လူက ဦးသန်းဌေး၊ ဦးသောင်းအေး မဟုတ်ရင်တော့ လမ်းစပျောက်လေပြီ။ ကျွန်တော် စဉ်းစားကြည့်မိတယ်ဗျ။ ဦးသောင်းအေးကနေဦးသန်းဌေးလို့နာမည်ပြောင်းထားတာ မဖြစ်နိုင်ဘူးလားလို့ပေါ့။ ကျွန်တော် ဆုံးဖြတ်ချက်တစ်ခုချလိုက်မိတယ်။ ဘာပဲဖြစ်ဖြစ် ဦးသန်းဌေးကို သွားတွေ့ပြီး ဦးသောင်းအေး ဟုတ်၊ မဟုတ် ကြည့်ရမယ်ပေါ့ဗျာ။ ပခုက္ကူမြို့ရောက်တော့ မိုးချုပ်နေပြီ၊ ဈေးနားက ထမင်းဆိုင်မှာ ညစာစားပြီး ဘုန်းကြီးကျောင်းဝိုင်းတစ်ခုထဲမှာရှိတဲ့ ဇရပ်ပေါ်တက်ပြီး ညအိပ်လိုက်တယ်။ နောက်တစ်နေ့ရောက်တော့ ဦးသန်းဌေးရဲ့ရှေးဟောင်းပစ္စည်းရောင်းတဲ့ဆိုင်ကိုလိုက်ရှာလိုက်တယ်။ ကုန်သည်ပြောတဲ့အတိုင်းပါပဲ။ နှစ်ထပ်ပျဉ်ထောင်အိမ်တစ်လုံးရဲ့အောက်ထပ်မှာ ဆိုင်ခန်းဖွင့်ထားတာကို တွေ့လိုက်ရတယ်။ ဆိုင်ကိုတော့ တွေ့ပြီပေါ့ဗျာ၊ ဦးသန်းဌေးဆိုတာ ဦးသောင်းအေး ဟုတ်၊ မဟုတ် ကြည့်ရတော့မယ်”

“မိတ်ဆွေလေး – ဘာလိုချင်လို့လဲ ရောင်းဖို့လား – ဝယ်ဖို့လား”

ဆိုင်ထဲဝင်လာတဲ့ ကျွန်တော့်ကို မေးလိုက်တဲ့သူကတော့ ဦးသန်းဌေး တဖြစ်လဲ ဦးသောင်းအေးဆိုတာကို သိလိုက်ရပါတယ်၊ သူက နာမည်ပြောင်းထားတာကိုး။ ဒီနေရာမှာ ဖွားတော်ကြီးရဲ့ အမြော်အမြင်ကြီးမားပုံကို တွေ့လိုက်ရပါတယ်။ ကျွန်တော် ဦးသောင်းအေး နောက်ကိုလိုက်မယ်ဆိုတော့ ဖွားတော်က ဓားမြှောင်တစ်ချောင်းပေးလိုက်တယ်၊ ဓားအိမ်နဲ့ ဓားရိုးမှာ အဖိုးတန်ကျောက်မျက်ရတနာတွေ စီခြယ်ထားတဲ့ ရှေးဟောင်းဓားတစ်လက်ပါ။

“ဦးသောင်းအေးနဲ့တွေ့ရင် ဒီဓားက မြေးလေးအတွက်အသုံးဝင်ပါလိမ့်မယ်၊ ဒီဓားက စစ်သူကြီး ဗလကျော်ဂေါင်ရဲ့ ကိုယ်နဲ့မကွာ၊ အမြဲဆောင်ထားတဲ့ဓားကွဲ့”

ဓားမြှောင်ကိုပေးရင်း ဘွားတော်က ပြောလိုက်တာပါ၊ ကျွန်တော်က လွယ်အိတ်ထဲမှာထည့်ယူလာတဲ့ဓားမြှောင်ကို ထုတ်ပြပြီး ရောင်းချင်တဲ့အကြောင်း

www.burmeseclassic.com

www.burmeseclassic.com

ပြောလိုက်တာပေါ့။ ဦးသောင်းအေးခေါ် ဦးသန်းဌေးက ဓားကို ယူကြည့်နေတဲ့ အချိန်မှာ ကျွန်တော်က မျက်လုံးကို အနားမပေးဘဲဆိုင်ထဲကိုလျှောက်ကြည့် လိုက်တော့ စံအိမ်တော်က ပျောက်သွားတဲ့ မတ်ရပ်ရုပ်ပွားတော်ကိုမှန်ဗီရိုတစ်ခု ထဲမှာ တွေ့လိုက်ရပါတယ်။ ကျွန်တော် အရမ်းဝမ်းသာသွားတယ်။ ဒီအချိန်မှာပဲ ဦးသန်းဌေးက ဓားဖြောင်ကိုမတန်တဆ ဈေးနဲ့ ဝယ်ပါတယ်။ ကျွန်တော်က စဉ်းစားပါရစေဦး၊ ရောင်းမယ်ဆိုရင် မနက်ဖြန်ပြန်လာခဲ့ပါ့မယ်လို့ပြောပြီးညကအိပ်ခဲ့တဲ့ဇရပ်ကို ပြန်လာခဲ့ပါတယ်။ ရုပ်ပွားတော်ကို ဘယ်လိုပြန်ရအောင်လုပ်ရမလဲဆိုတာ စဉ်းစားနေမိတယ်။ နောက်ဆုံး သူ့နည်းနဲ့ သူ့ကို ပြန်လုပ်မယ်လို့ ဆုံးဖြတ်လိုက်ပြီး ညသန်းခေါင်ကျော်လောက်မှာ ဦးသန်းဌေးအိမ်ကို နောက်တစ်ခေါက် ပြန်သွားခဲ့တယ်။ အိမ်ထဲကို ဝင်ဖို့ လိုက်ကြည့်တော့ ဝင်လို့ရတာက ပြတင်းပေါက်ပဲ တွေ့လိုက်ရတယ်။ ပိတ်ထားတဲ့ပြတင်းပေါက်က ပျဉ်တစ်ချပ်ကိုခွာပြီး တံခါးဖွင့်ပြီး ဝင်လိုက်တယ်။ ဦးသန်းဌေးကအပေါ်ထပ်မှာအိပ်နေတာဆိုတော့အသင့်ယူလာတဲ့ဖယောင်းတိုင်လေးကို မီးညှိပြီး မနက်က တွေ့ထားတဲ့ ဗီရိုထဲက ကျွန်တော်တို့မိသားစု ဆွေစဉ်မျိုးဆက် ကိုးကွယ်ခဲ့တဲ့ မတ်ရပ်ရုပ်ပွားတော်လေးကို ဦးချရှိခိုးပြီး ပြန်ယူလာပါတယ်။ ဖွားတော်လည်း သူကိုးကွယ်နေတဲ့ ရုပ်ပွားတော်လေး ပြန်ရလာလို့ ဝမ်းသာနေတာပေါ့ဗျာ။ မတ်ရပ်ရုပ်ပွားတော်လေးကို အမွှေးနံ့သာရည်တွေဖြန်းပြီး မူလကိန်းဝပ်တဲ့ဘုရားဆောင်မှာ ပြန်ပူဇော်ထားလိုက်တယ်။

စုံထောက်ဝီလီသိန်းနှင့် ဌာနာအုပ်ကြီးတို့က စိတ်ဝင်စားစွာ နားထောင်နေကြသည်။

ဒါပေမဲ့ - ကျွန်တော့်မှာ ကြာကြာ ဝမ်းမသာနိုင်ပါဘူးဗျာ။ တစ်ပါတ်လောက်ရှိတော့ မတ်ရပ်ရုပ်ပွားတော်နဲ့ ရှေးဟောင်းရွှေထည်ပစ္စည်းတွေ အခိုးခံရတဲ့သတင်းပါတဲ့သတင်းစာကို ဖွားတော်ကြီးနဲ့ဖေဖေတို့ ဖတ်မိသွားပြီး ကျွန်တော့်ကိုခေါ်ပြီး -

"မင်း ဘာတွေ လုပ်လာတာလဲ ကျော်စွာ။ ဘာဖြစ်လို့ သူတစ်ပါးပစ္စည်းကို ခိုးလာရတာလဲ၊ အဲဒီပစ္စည်းတွေ ဘယ်မှာလဲ"

အဲဒီလိုမေးပြီး သတင်းစာထဲမှာပါတဲ့သတင်းကိုဖတ်ခိုင်းပါတယ်။ သတင်းစာကို ဖတ်လိုက်တော့မှ ကျွန်တော် မကျူးလွန်တဲ့အမှုကို ကျူးလွန်ပါတယ်ဆိုပြီး ရေးထားတာကို ဖတ်လိုက်ရပါတယ်။

"ဘွားတော် - ဖေဖေ - သတင်းစာထဲမှာပါတဲ့ရွှေထည်ပစ္စည်းတွေကို သားမယူခဲ့ဘူး။ သူတစ်ပါးဥစ္စာပစ္စည်းကိုငယ်ငယ်လေးထဲက စိတ်နဲ့တောင် မကြံရွယ်ခဲ့ဘူးဆိုတာ ဘွားတော်နဲ့ ဖေဖေတို့ သိပါတယ်ဗျာ"

"ဒါဆို - ဘာလို့ - ရုပ်ပွားတော်နဲ့ အတူရွှေထည်ပစ္စည်းတွေခိုးယူခံရတယ်လို့ သတင်းစာထဲမှာ ပါလာရတာလဲ"

ဖေဖေ မျက်နှာဟာ ရှက်လို့ထင်ပါရဲ့ဗျာ - နီနေတာပဲ။

"ဒါတော့ - သား မသိဘူး - ဖေဖေ၊ ဟိုသန်းဌေးဆိုတဲ့လူကြီး ကောက်ကျစ်တာပဲဖြစ်ရမယ်"

ကျွန်တော်က မတ်ရပ်ရုပ်ပွားတော်ကလွဲပြီးတခြားမည်သည့်ပစ္စည်းမှမယူခဲ့ကြောင်း ရှင်းပြလိုက်တော့ -

"မြေးလေး - မင်းတကယ်မယူခဲ့ဘူးဆိုတာ ဘွားတော်တို့ ယုံကြည်ပါတယ်၊ ဒါပေမဲ့ - မြေးလေး - အဲဒီကောင်ဆီ ပြန်သွားပြီး ဒီပြဿနာကို ရှင်းရမယ်၊ ကုန်းဘောင်ခေတ်စစ်သူကြီး ဗလကျော်ဂေါင်ရဲ့မျိုးဆက်တွေရဲ့သွေးထဲမှာ မဟုတ်မခံတဲ့စိတ်ရှိသလို လုပ်ရဲရင် ခံရဲတဲ့သတ္တိရှိတယ်ဆိုတာ မင်းပြခဲ့ရမယ်၊ ငါတို့ဆွေတော်မျိုးတော်တွေဟာ သူခိုးမဟုတ်ဘူးဆိုတာရယ်၊ ဘယ်သူက သူခိုးဆိုတာ ငါ့မြေးလေး ပုလိပ်တွေကို ရှင်းပြခဲ့ - နားလည်လား"

အဲဒီလိုပြောပြီးပြန်လွှတ်လို့ပစုတ္တူကို နောက်တစ်ခေါက် ကျွန်တော် ပြန်ရောက်လာခဲ့ပါတယ်။ ရောက်ရောက်ချင်း ဦးသန်းဌေးဆီကို တန်းသွားပြီး -

"ခင်ဗျားကျွန်တော်တို့ဆီကခိုးသွားတဲ့ရုပ်ပွားတော်တစ်ဆူကိုပဲပြန်ယူသွားတာဗျ။ ဘာလို့ တခြားရွှေထည်ပစ္စည်းတွေကိုပါခိုးသွားတယ်လို့ပုလိပ်ကိုသွား တိုင်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

ဒေါသဖြစ်ဖြစ်နဲ့ ပြောချင်တာတွေ ပြောချလိုက်မိတယ်။ ဦးသန်းဒွေးက ဒေါသတကြီးနဲ့သူ့ဆိုင်ထဲဝင်လာပြီးပြော နေတဲ့ ကျွန်တော့်ကိုကြည့်ပြီး "မင်းက ဘယ်သူလဲ၊ ဘာတွေလာပြောနေတာလဲ" လို့ ပြန်မေးလာတော့တယ်။ ကျွန်တော်က စံအိမ်တော်ကို ဘုရားဖူးဖို့ ခွင့်တောင်းလာတဲ့ဦးသောင်းအေးကို ဖွားတော်က ဘုရားဖူးခွင့်ပေးပြီး သုံးရက်လောက်ရှိတော့ မတ်ရပ်ရုပ်ပွားတော် ပျောက်ဆုံးသွားကြောင်း၊ စံအိမ်တော်က ရုပ်ပွားတော်ကို ခင်ဗျားနောက်ဆုံးဖူးတဲ့ သူဖြစ်တဲ့အကြောင်း နောက်ဆုံးဖူးမြော်တဲ့ ခင်ဗျားကို ဖွားတော်က မသင်္ကာလို့ စုံစမ်းရှာဖွေနိုင်းတဲ့အကြောင်း နောက်ဆုံးပရက္ကူမြို့မှာဦးသောင်းအေးကနေပြီး ဦးသန်းဒွေးအဖြစ်နဲ့ ပြန်ပြီးတွေ့တာဖြစ်ကြောင်း အခြေအတင်ပြောတဲ့အထိဖြစ်လာခဲ့တယ်။ သူကလည်းဝန်မခံတဲ့အပြင် ကျွန်တော့်ကိုပြန်အော်တယ်။ ပုလိပ်ကိုခေါ်ပြီး ဖမ်းခိုင်းမယ်လို့လည်းပြောတယ်။

"ငါက နိုးလို့ နိုးတယ်ပြောတာကွ မင်းမနိုးဘူးလား"

"ဟုတ်တယ် နိုးတယ်၊ ကျုပ်နိုးတာက ခင်ဗျားကျုပ်တို့ဆီက နိုးသွားတဲ့မတ်ရပ်ရုပ်ပွားတော်ကိုပဲ ပြန်နိုးတာဗျ။တခြား ရှေးထည်ပစ္စည်းတွေကို လုံးဝမနိုးဘူး"

"မင်းမနိုးရင် ဒီရှေးထည်ပစ္စည်းတွေက ဘယ်ရောက်သွားလဲ"

"ဒါတော့ - ခင်ဗျားအသိဆုံးပေါ့ဗျာ"

ကျွန်တော့် စကားလည်းဆုံးရော ဦးသန်းဒွေးဟာ စားပွဲပေါ်မှာရှိနေတဲ့ မျဉ်းလုံးနဲ့ ကောက်ရိုက်လိုက်တယ်။ အဲဒီမှာ ကျွန်တော် အသားနာလာတော့ ထိန်းထားတဲ့ဒေါသတွေ ပေါက်ကွဲသွားတာပေါ့ဗျာ။ ကျွန်တော် သတိထားမိလိုက်တော့ ဦးသန်းဒွေးဟာ ဗီရိုရှေ့မှာ လဲကျနေပါပြီ၊ ကျော်စွာက တည်တည်ငြိမ်ငြိမ်နဲ့ ရှင်းပြသွားလေသည်။

"ညီလေးကျော်စွာ - မင်းတို့ပိုင်တဲ့ ရုပ်ပွားတော်ကိုပြန်နိုးတာ မင်းမှားခဲ့တာပဲကွ။ဦးသန်းဒွေးဆီမှာရုပ်ပွားတော်တွေ့ပြီဆိုတာနဲ့ ဂါတ်ကို အကြောင်းကြားရမယ်။ မင်းတို့က အနိုးခံရတာလေ၊ ဂါတ်ကို လာအကြောင်းကြားရင် အခုလိုမျိုး ပြဿနာတွေမဖြစ်တော့ဘူးပေါ့။ ဥပဒေဘောင်ထဲက ဆောင်ရွက်မယ်ဆိုရင် အေးအေးချမ်းချမ်း ပြီးသွားမှာလေ"

စုံထောက်ဝီလီသိန်းကရှင်းပြလိုက်သည်။

"ကျွန်တော့်အတွေးထဲမှာ ရွှေစဉ်မျိုးဆက်ကိုးကွယ်တဲ့ရုပ်ပွားတော်ကို ပြန်ရဖို့ပဲသိတယ်ဗျာ၊ ပုလိပ်ကိုတိုင်ပြီး ဥပဒေကြောင်းအရပြန်ယူဖို့ဆိုတာတွေး တောင်မတွေးမိပါဘူး၊ အခုတော့၊ မထင်မှတ်တာတွေ ဖြစ်လာတော့ ရင်ဆိုင်ရတော့မှာပေါ့"

"ဝီလီရေ - ဦးသန်းဒွေး - သတိရလာပြီဟေ့"

ဌာနာအုပ်ကြီးက ပြောလိုက်သည်။

"ခင်ဗျားဘာပြောမလဲဦးသန်းဒွေး။ မောင်ကျော်စွာက ခင်ဗျား ဂါတ်မှာ တိုင်ချက်ဖွင့်ထားတဲ့ ရှေးထည်ပစ္စည်းတွေကို သူ လုံးဝမယူဘူးလို့ ပြောနေတယ်၊ သူယူတာက မတ်ရပ်ရုပ်ပွားတော်တစ်ဆူထဲလို့အစစ်ခံထားတယ်။ပြီးတော့ - အဲဒီရုပ်ပွားတော်ကလည်း ခင်ဗျား သူတို့စံအိမ်တော်က နိုးသွားတာလို့ ပြောနေတယ်၊ လိုအပ်ရင် ခင်ဗျားဆိုင်ထဲမှာ ရှာဖွေဖို့ ဝရမ်းပါ ယူလာခဲ့တယ်နော်"

စုံထောက်ဝီလီသိန်းစကားဆုံးတော့ ဦးသန်းဒွေးတစ်ယောက် မျက်လုံးပြူးသွားပြီး -

"ဟုတ်ပါတယ် - ရုပ်ပွားတော်ပြန်အနိုးခံရတော့ မတော်လောဘစိတ်တွေဝင်လာပြီး တစ်ပါးသူအပ်ထားတဲ့ ရှေးဟောင်းရှေးထည်ပစ္စည်းတွေကိုပါ အနိုးခံရပါတယ်ဆိုပြီး ရောကြိတ်လိုက်မိတာပါ။ ရှေးထည်ပစ္စည်းတွေအားလုံး ရှိပါတယ်၊ ကျွန်တော် ပြန်ပေးပါ့မယ်"

သည်တော့မှ ဌာနာအုပ်ကြီးဦးဟာဒီ၏ မျက်နှာပေါ်တွင် ကျေနပ်သည့် အပြုံးတစ်ချက် ဖြစ်ပေါ်လာလေတော့သည်။


◆➤ ကျော်အေးရွှေ




www.burmeseclassic.com

www.burmeseclassic.com

# နေ့ထွက် ဘုရင်မ



www.burmeseclassic.com

## တောထဲမှ ရိုင်းစိုင်းသော
## တောတိရစ္ဆာန်ဖြစ်သော်လည်း
## အဖော်ဖြစ်သူကို မေတ္တာအကြင်နာ
## သံယောဇဉ်ရှိတတ်၊
## ကြီးမားတတ်ပုံကို ..

**တော**ခေါင်းကြီး ဦးမြမောင် ဦးဆောင်သော သင်းသတ်မည့်အဖွဲ့ သားများသည် ရှိမအစစ်ရှိ ဥယျာဉ်တောင်သာမြို့ရှိ မသွားမီ တောအုပ်ကြီး ဦးခင်ဇော သင်းသတ်အဖွဲ့သားများအား (STARTING-POINT)မြေပုံကိုအစီတ ထား၊ ကိုင်ဆောင်ရန် သတိပေးထားသဖြင့် ကျွန်ုပ်တို့အဖွဲ့သားများသည် ကိုယ်စီ ဆောင်ထားကြပါသည်၊ အတွေ့အကြုံ ရင့် တောခေါင်းကြီးလို ဝန်ထမ်းများ ပါရှိ နေသည့်အတွက် သင်းသတ်ရန်ကိစ္စ အတွက် မပူပင်ရေ။

သစ်ပင်များ သင်းသတ်သည့်လုပ်ငန်းဆိုသည်မှာကျွန်းပင်သာမက အခြား သစ်ပင်များဖြစ်သည့် အင်၊ ကညင်၊ သက်န်း၊ ပိတောက်၊ ပျဉ်းကတိုး စသည်ဖြင့် အခြားသစ်တော်တော်များများကိုလည်း သတ်၍ရပါသည်၊ ဥပမာအားဖြင့် ကျွန်းပင်ကို သင်းသတ်ရာတွင် မြေပြင်မှ အမြင့်ပေ (၆)လက်မကနေပြီး အပင်၏ အသားကုန်ပြီးအနှစ်သားပေါ်လာအောင် ရဲတင်း၊ ဓားဖြင့်ကျွန်းပင်တစ်ပင်လုံးရစ်တာကို သင်းသတ်သည်ဟု ခေါ်သည်၊

သင်းသတ်ရခြင်းမှာ -

(၁) သဘာဝတောများကိုနှစ်(၃၀)ကြာလျှင် တစ်ကြိမ်သင်းသတ်ခြင်းဖြင့် တောကွင်းမှာ ရှိနေသည့် သစ်ပင်များ၏အခြေအနေ အရပ်ရပ်နှင့် သစ်ပင်သစ်တောများ ပျက်စီးမှု၊ တိုးတက်မှုကို သိစေရန်၊

(၂) တောများကို တိုးတက်အောင် လိုအပ်သလို ပြုပြင်နိုင်ရန်၊

(၃) တောကွက်တစ်ကွက်မှာ ရှိသည့်၊ ချန်ထားသည့် အပင်စာရင်းကို တွက်ချက်၍ နှစ်စဉ် လိုအပ်သလို ထုတ်လုပ်နိုင်ရန်၊

(၄) သစ်ထုတ်လုပ်ရာတွင်ခြောက်သွေ့ပေါ့ပါးပြီး ရေလမ်းမှ ဖောင်ဖွဲ့ထုတ်ယူနိုင်ရန်၊

(၅) သစ်လုံးမှခြောက်သွေ့အသားသေနေပြီဖြစ်၍ချက်ချင်းခွဲစိတ်အသုံးပြုနိုင်ဖို့အစရှိသည့်အချက်၏အဓိကကျသော အကြောင်းအရာများကြောင့် သင်းသတ်ရခြင်း၏ ရည်ရွယ်ချက်ပင် ဖြစ်သည်၊

ထိုသို့သော အကြောင်းများဖြင့် တောခေါင်းကြီးတို့အဖွဲ့ ကျွန်းပင်များ တိုင်းတာရန် မှန်ထစ်ရန်၊ သင်းသတ်ရန်၊ ပါးကာကွယ်ရန်အတွက် အရှေ့ဘက်တောင်ရိုးစခန်းသို့ ရောက်ရှိနေကြပါသည်၊

"အူ - အူ - အူး"

"အူ - အူ - အူ - အူး"

တောင်ရိုးပေါ်မှ ညတစ်ည၊

အဝေးရှိ မျှင်ဝါးတောင်ဘက်ဆီမှ တောကောင်ကြီးများ အစာရှာထွက်သံ၊ ကျားတစ်သံ၊ မျောက်မောင်းမခေါ်မျောက် လေမွေ့များ တစ်ကောင်နှင့်တစ်ကောင် နေရာလုကိုက်ခဲကုတ်ခြစ်သံများ၊ ခွေးအများ၏ အူသံများသည် တစ်ခါတစ်ရံ တောင်ရိုးဘက်သို့ ပျံ့လွင့်လာပါတော့သည်၊

အမိုးထဲထိစိမ့်ဝင်အေးသောတောင်ရိုးလေပြည်သည် စခန်းရှေ့မီးပုံကြီးနှစ်ပုံဖိုထား၍သာ ခံနိုင်ရည်ရှိကြပါသည်၊ ညဦးပိုင်းတွင် အလှည့်ကျ ကင်းစောင့်အိပ်ကျရင်း ယစ်မှူးရည်နှင့် ဝိုင်းဖွဲ့ကြရင်း ကျွန်ုပ်တို့စကားဝိုင်းမှာ အစမသတ်နိုင်သေး၊ ဆတ်သားခြောက်ဖုတ်တစ်ဖဲ့ ကိုက်ရင်း တောခေါင်းကြီးက သူ့ဇာတ်ကြောင်းကို ပြောပြပါသည်ကြပ်အား -

www.burmeseclassic.com

"ဖိုးရန်နောင်ရေ - ဒီညတော့ တို့လူတွေကို သတိရှိရှိ ကင်းစောင့်နိုင်းထား။ ငါ့စိတ်ထဲမှာ နေ့လယ်က ဆလိုင်းတို့သားအဖ ပြောသွားတာကို ဘဝင်မကျချင်ဘူး။ ကျော်လွင်ဆိုတဲ့ ကောင်က မူးလာရင် တစ်စက်မှ ကောင်းတာမဟုတ်ဘူး။ ငါနဲ့ ကသာကြိုးဝိုင်းဘက်မှာ တွဲခဲ့ဖူးတယ်။ လူကြီးအမိအဖ ရ ပေါင်းပြီး အခွင့်ရေးယူတဲ့ကောင်။ လောဘကြီးတယ်၊ မိန်းမလည်းရှုပ်တယ်။ အမြဲငွေလိုနေတဲ့ကောင်။ ဒီကောင် လက်သရမ်းတာ အရေးမကြီးဘူး။ ဝံသိုက်တက်ဖြိုတဲ့ကိစ္စက အန္တရာယ်မသေးဘူးနော်"


နေ့လယ်ကတောင်ရိုးစခန်းသို့ ချင်းကြီးဆလိုင်းတို့သားအဖ ရောက်ရှိလာခဲ့သည်။ တောခေါင်းကြီးနှင့် ခေါင်းချင်းဆိုင် ဆွေးနွေးနေကြသည်။ အကြောင်းရင်းမှာ လွန်ခဲ့တဲ့ (၃) ရက်က တောင်ရိုးကျွန်းတောထဲတွင် ကျော်လွင်တို့အဖွဲ့ ဝံသိုက်ကို တက်နှိုက်ကြပြီး ဝံမတစ်ကောင်ကို ရရှိသွား၍ ကော်ပေါက်တိုးသွားကြောင်း။ ဝံဆိုတာမှာလည်း ခြေသည်းလက်သည်း၊ သည်းခြေကအစ အသုံးဝင်၍ အဖိုးတန်သဖြင့် ပြည်မကတရုတ်တွေ အကြိုက် အရေခွံကအစ ဈေးကောင်းပေးဝယ်နေသည်။ သို့သော် ဝံတို့မည်သည်မှာ ဒဏ်ရာရပြီဆိုသည်နှင့်သည်းခြေကိုအန်ထုတ်တတ်ကြသည်။ ကိုယ့်အလုပ် ကိုယ်မသိသော အကျင့်ပျက်ဝန်ထမ်းကျော်လွင်တို့ကြောင့်အနီးပတ်ဝန်းကျင်ကိုဝံဖိုကြီး ဒုက္ခပေးမည်ကို ရည်ရွယ်၍ပြောခြင်း ဖြစ်ပေသည်။

ဟုတ်ပါသည်၊ ဝံတို့မည်သည် ဒွေးရင်းသားရင်းပေါ်တွင် လွန်စွာမှ သံယောဇဉ်ကြီးတတ်သလို၊ ရက်စက်ခြင်း၊ သံယောဇဉ်ကြီးခြင်းတို့တွင် လူနှင့် များစွာတူသည့် အချက်တို့ ရှိနေပါသည်။ ကျော်လွင်ဆိုသည့် တောလိုက်အတွေ့အကြုံမတောက်တခေါက်နှင့် အန္တရာယ်ကိုဖိတ်ခေါ်လိုက်သဖြင့် ဝံဖိုကအငြိုးတေးကြီးလိုက်လံလက်စားချေမည်ကို သိစေသောကြောင့် ဆလိုင်းတို့သားအဖက လာရောက်သတိပေးခြင်းဖြစ်သည်။

* * *

# ၆၆

ခေါင်းပိုင်းနီ၍
အဖြူရောင်အမွေးအမှင်များ
မျက်နှာတွင် ဖုံးလွှမ်းနေပြီး
နှုတ်ခမ်းပြင်မောက်နေသော
ရုပ်ဆိုးဆိုးသတ္တဝါတစ်ကောင်။
အနီးစပ်ဆုံး ပြောရရင် မျောက်ကြီး
တစ်ကောင်အလား ဆူဖြိုးသော
ဝမ်းဗိုက်မှာ ရှေ့သို့ထွက်နေ၏။



မိုးအကုန် ဆောင်းအကူးပေမို့လည်း တပျူးပျူး တိုက်ခတ်နေသော ရှိုးမလေပြည်ထဲတွင် နှင်းရနံ့နှင့်အတူ ဆိပ်ဖလူးပန်းနံ့၊ တောပန်းသဇင်ရနံ့များက ပါလာပြန်တော့လည်း တောသဘာဝထဲတွင် နစ်မျောနေမိသည်။ နှင်းစက်များက တဖြောက်ဖြောက်၊ မနက်ပြန်ကြရမည်ဖြစ်၍ ရွက်ဖျင်တဲအတွင်းသို့ ဝင်အိပ်ရန် ပြင်ဆင်လိုက်ပါသည်။

"ဝူး - အု - အူ - အူး - အူး"

"အူး - အု - ဝူး - အူး - အူး - အု - အူး"

ဆွေးမြည့်အက်ကွဲသောအသံရှည်ရှည်ကြီးကို ကြားလိုက်ရလေသည်။ ထိုအသံသည် ဝေးကွာလိုက်၊ နီးလိုက်နှင့် စိတ်မချမ်းမြေ့ဖွယ် အူသံရှည်ကြီးကို ကြားလိုက်ရခြင်းဖြစ်သည်။ ဆေးတံကြီးခဲနေသော တောခေါင်းကြီးမှာ ရုတ်တရက် ဦးခေါင်း ဆတ်ခနဲ ထောင်သွားသည်။

ညဦးနက်သန်းခေါင်တွင် ကြားလိုက်ရသည့်အသံကြောင့် လွန်စွာမှ စိတ်မချမ်းမြေ့ပေ။ သို့သော် အတွေ့အကြုံရင့်သော တောခေါင်းကြီးကဖြင့် မအိပ်နိုင်ရှာ။



www.burmeseclassic.com

www.burmeseclassic.com

တစ်စုံတစ်ခုကိုစဉ်းစားတွေးတောအဖြေရှာနေပုံရ၏။

"ဝင်းတင်၊ ကိုအေးနဲ့ စိုးအောင်တို့ မီးကိုမပြတ်စေနဲ့။ ထင်းကိုပုံပြီးဂရုတစိုက်ထိုးထား။ ဟိုကောင် ကပ္ပလီနဲ့ သံလုံးဝါးပိုးထင်းတွေ စုထား"

* * *

"ဖောင်း - ဒိုင်း - ဖောင်း - ဖုန်း ဖောင်း"

ဝါးပိုးများပေါက်ကွဲသံနှင့်အတူ ရှက်ဖျင်တဲဝန်းကျင်သည် လင်းထိန်၍နေပါသည်။ တောထဲတွင် မီးဖိုထားခြင်းသည် တောကောင်ကြီးများ၏အန္တရာယ်ကို အကာအကွယ်ပေးပါသည်။

ထို့ကြောင့် တောခေါင်းကြီးက သတိပေးခြင်းဖြစ်သည်။

ဤသို့ဖြင့် စိမ့်စိမ့်အေးအေးနှင့် တောင်ရိုးထဲမှာ တစ်ညဥ့်ကုန်လိုက်ကြလေသည်။

ကျွန်ုပ်တို့သင်းသတ်ခြင်းစခန်းသိမ်းပြီး တစ်ပတ်ခန့်အကြာတွင် တောင်ယာဥယျာဉ်ခြံရှင် ဦးဆွဲပန်း ရောက်ရှိလာပြီး -

"ဆရာလေးရေ၊ တောခေါင်းကြီးတို့ပြန်သွားပြီး ကျုပ် တောင်ယာထဲမှာ သီးနှံတွေ မကြာခဏ ပျောက်နေတယ်"

"လက်သည်တရားခံရော သိလား"

"မပေါ်လို့ ခက်နေတာ၊ အဲ - တစ်ခုထူးခြားတာက ဒီသူခိုးဟာ သတ္တဝါတစ်ကောင်ဖြစ်ဖို့များတယ်"

"ဗျာ - ဘယ်လို - လူမဟုတ် ဘဲ သတ္တဝါကခိုးတာ - ဟုတ်လား"

"ဟုတ်တယ်၊ ဒီမနက်ဥယျာဉ်ထဲကို ကျုပ်အလုပ်သမားတွေနဲ့ သွားတော့ ကျုပ် တောင်ယာတဲမှာ ခြေရာလက်ရာ ပျက်နေတယ်။ စပါးစေ့တွေထည့်တဲ့ပုတ်က ပေါက်ကျနေတယ်။ ဆန်အိတ်ထားတဲ့နေရာမှာ ဆန်တွေ ပြန့်ကျဲနေတယ်။ ဥယျာဉ်တောင်ယာထဲမှာ အစောင့်မထားဘူးလား"

"အိုဗျာ - ကျုပ်တို့အရပ်မှာတစ်သက်နဲ့တစ်ကိုယ် စောင့်အိပ်ရတယ်လို့ ကြားတောင် မကြားဖူးဘူး"

"ဒါဆိုရင်၊ ဒီသူခိုးကိုဘယ်လိုစောင့်ဖမ်းမလဲ"



"ကျုပ်ကတော့ သူခိုးဆွဲသွားတဲ့ စပါးစေ့တွေကိုခြေရာခံပြီးလိုက်ရင်မိမှာ အသေအချာပဲဗျ"

"ကဲ - ဒီလိုဆိုရင် - ဦးဆွဲပန်း - မုဆိုးဆလိုင်းကြီးကို အကြောင်းကြားထားလိုက်၊ ကျွန်တော်နဲ့ တောခေါင်းကြီးအဖွဲ့ ဥယျာဉ်တောင်ယာထဲကို လာခဲ့မယ်"

"ဟုတ်ကဲ့ - ဆရာလေး"

ထို့နောက် ကျွန်ုပ်တို့အဖွဲ့ ဥယျာဉ်တောင်ယာထဲ ဝင်မိုးနေသည့်သူခိုးတို့ ရှာဖွေကြရာ တဲအိမ်ပေါ်တွင် ဆန်စေ့၊ စပါးစေ့များပြန့်ကြဲနေသည်ကိုတွေ့ရ၏။ မြေတင်းပေါက်မှ တက်လာဟန်ရှိသည်။ အနီးတွင် သစ်ပင်တစ်ပင်ကို တွေ့၍ စူးစမ်းရာတွင် နီကြောင်ကြောင်အမွေးများကို တွေ့ရ၏။

စပါးစေ့များကို ခြေရာခံ တောတိုးလာခဲ့ကြရာ တစ်နေရာတွင် တောင်ခါးပန်းအစွန်းနှင့် အင်တိုင်းတောဘက်မှ...

ဝေါခနဲ အသံနှင့်အတူ နီကြောင်ကြောင် အကောင်တစ်ကောင် ဖျတ်ခနဲ ခုန်ချထွက်ပြေးသွားသည်ကိုတွေ့သဖြင့် ကျွန်ုပ်တို့အဖွဲ့သားများ ချက်ချင်း အင်တိုင်းတောကို ဝိုင်းလိုက်၏။

ဆလိုင်းကြီးနှင့် ကျွန်ုပ်မှာ ချုံများ၊ ဝါးပိုးတောများကို တိုးဝှေ့ရင်း ရှေ့ကိုက် (၁၀၀)တွင် တောတိုးသံကို ထပ်မံကြားရသည်။

အားလုံးပစ်မှတ်က ထိုနေရာဆီသို့ ကျရောက်သွားသည်။ ထိုအချိန်တွင် အရှေ့ဘက်ကမူလေးဆီဘက်မှ -

"အု - အူ - အူး - အူး - ဝူး"

ဆွဲဆွဲငင်ငင် ဆွေးမြည့်ကြေကွဲဖွယ် အူလိုက်သည့်အသံတစ်ခုကြားလိုက်၍ မကြာမီ အသံက တဖြည်းဖြည်း နီးလာသည်။ ထိုအချိန်ရှေ့သစ်ပင်တစ်ပင်ပေါ်မှ "ဝုန်း - ဘုတ်" ဟူသောအသံနှင့် သတ္တဝါတစ်ကောင် ခုန်ချလာပါသည်။

သတ္တဝါက ရင်ဘတ်မှ အဖြူကွက်တိုထု၍ ရန်ပြုရန် လေးဖက်ထောက်ပြေးလာနေ၏။ ချင်းမုဆိုးကြီးဆလိုင်းမှ -

"ပစ်တွင်းထဲနီးရင်သေချာစောင့်ပြီးအပိုင်ပစ်။ ဒီကောင်မျိုးကဒေါသသိပ်ကြီးတာ"



www.burmeseclassic.com

www.burmeseclassic.com

လက်နက်ကိုယ်စီပြင်ရင်းပစ်ကွင်းနှင့် သေကွင်း သေကွက်ကို ရွေးချယ်လိုက်ပါသည်။ မြင်ကွင်းက မရှင်းသေး။ တဖြည်းဖြည်းကြည့်နေစဉ်မှာ ...

ထိုသတ္တဝါသည် ရုတ်တရက်မတ်တတ်ရပ်လိုက်ရာ ခေါင်းပိုင်းနီ၍ အဖြူရောင်အမွေးအမှင်များ မျက်နှာတွင် ဖုံးလွှမ်းနေပြီး နဖူးပြင်မောက်နေသော ရုပ်ဆိုးဆိုးသတ္တဝါတစ်ကောင်။ အနီးစပ်ဆုံးပြောရရင်မျောက်ကြီးတစ်ကောင်အလားဆူဖြိုးသောဝမ်းဗိုက်မှာ ရှေ့သို့ထွက်နေ၏။ မှဆိုးဆလိုင်းကပင် –

"ပစ် - ပစ် - တော့"

ဟုပြောပြီး သူကပင် စ.ပစ်တော့၏။

"ဒိုင်း - ဒိုင်း - ဒိန်း"

"ဗို - ဗုစ် - ဗိုး - ဒုတ်"

"ဒိန်း - ဒိုင်း"

"ဂိုး - ဂရှူး - ဂိုး"

သေနတ်သံ၊ ဒုံးလေးသံများ ရောယှက်လျက် ယမ်းခိုးများနှင့်မြင်ကွင်းကမှုန်ဝါးသွားသလို –

"အု - အူး - ဂိုး - ရှူး - ဂရှူး"

"ဝူး - အူး - အူး"

သတ္တဝါကြီး၏အော်သံကလည်း နာကျင်မှုနှင့် နာကြည်းသံများ ရောစွက်နေသလို ဆူညံစွာ ထွက်ပေါ်လာပါသည်။

ရှေ့ကိုက်(၂၀)ခန့်တွင် ရင်ဘတ်ကိုထုလျက် ပုံလျက်သား လဲကျနေသော သတ္တဝါကြီးမှာ သွေးအိုင်ထဲတွင် "အု အူ - အူး" ဆွဲငင်သံပေးလျက် တဖြည်းဖြည်း အသံတိမ်ဝင်သွားကာ ငြိမ်သက်သွားပါတော့သည်။

ထိုအခါကျမှ ဆလိုင်းကြီးနှင့် ကျွန်ုပ်တို့အဖွဲ့သားများ လက်နက်ကိုယ်စီပြင်လျက် သတ္တဝါကြီးနား တိုးကပ်သွားကြသောအခါ သွေးအိုင်ထဲတွင် အသက်ပျောက်နေသည်ကို တွေ့ရသည်၊ ချင်းမုဆိုးဆလိုင်းက ကြည့်ပြီး –

"ဟာ - ဒီကောင်က အထီးကြီးပဲ၊ ကျော်လွင်တို့ ရသွားတဲ့ဝံမရဲ့အဖော်ပဲ ဖြစ်မှာ၊ ဒါကြောင့် - အဖော်ကွဲလို့ လိုက်ရှာရင်းဒီတောင်ရိုးဘက်နယ်ကျွံလာတာ နေမှာ"

ကျွန်ုပ်သည် မျောက်လိုလိုအကောင်ကြီးအားကြည့်ပြီး သွေးရင်းသားရင်းအတွက် ဆိုလျှင် သတ္တဝါတွေတောင် သွေးမနည်းတတ်ပါလား။ အပြီးအစေးအတွက် လက်စားချေရန် (သို့မဟုတ်) အဖော်ပျောက်လို့ လိုက်ရှာရင်း ဥယျာဉ်ခြံထဲသို့ရောက်ရှိလာခြင်း။ ညဘက်အစာရှာပြီး ဝံမကို အသံပေး၍ ရှာပုံတော်ဖွင့်၊ နေ့ဘက် ပုန်းအောင်းနေခဲ့၊ သို့သော် သေနတ်သမားများကိုမြင်ကာ သူ့စိတ်က ထိန်းမနိုင်ဖြစ်ပြီး ဝံမကို လက်စတုံးသွားတဲ့သူတွေဟုထင်ပြီးလက်စားချေဖို့ အလုပ်တွေ ယခုလို အသက်ဆုံးရှုံးသွားခြင်းပင် ဖြစ်ပုံရသည်၊

အမြင် သဏ္ဌာန် တပင် ဘဝကံမကောင်း၊ တိရစ္ဆာန်ဘဝဖြင့်ကပ်ငြိသန္ဓေတည်ခဲ့၍ လူ့ထက် နိမ့်ကျအောက်တန်းကျ၏။ အသိဉာဏ်ကင်းမဲ့ပေမယ့် လူနှင့်အနေနီးလျှင် အသိအလိမ္မာတိုးသောသတ္တဝါများ ရှိကြ၏။

သတ္တဝါတို့မှာ ကြီးကြီးငယ်ငယ်မိမိကိုယ် နိုင်စက်ညှဉ်းပန်းလျှင် သူတို့နလုံးသားမခံရပ်နိုင်အောင်နာကျင်သောအခါ အမိုက်မှောင်ဘက်သန်း၍ လူနှင့် ပတ်ဝန်းကျင်အား အရောင်ဆိုးစေတော့သည်။

ကြင်ဘက်အတွက် အမဲပစ်မုဆိုးနောက်ကိုလိုက်ရင်း ယခုကဲ့သို့ အသက်ဆုံးခဲ့ ရ၏။ ကျွန်ုပ်မှာ ကံအကြောင်းမကောင်း၍ အသက်ပေးသွားသော ဝံဖိုကြီးကို ကြည့်လျက် တိရစ္ဆာန်လောကတွင် ကြင်ဘက်အပေါ် အသက်ပေးချစ်ကြသည့်သတ္တဝါများရှိသလို လူ့လောကဝန်းကျင်တွင်လည်း ဤကဲ့သို့အိမ်ထောင်ဘက်ပေါ်တွင် သစ္စာရှိကြမည်သာဆိုလျှင်လောကသည်သာယာလှပနေလိမ့်မည်ဟု တွေးမိလိုက်ပါတော့သည်။

◆◆ မင်းနန္ဒရှိန်



www.burmeseclassic.com

www.burmeseclassic.com

# တောင်မင်းသား

ဦးဘိုးတော်

ဒဂုန်
ရွှေ
မျှား





## မြင့်စေတနာ ဆေးတိုက်

(အရေပြားရောဂါမှန်သမျှ ဓိဋ္ဌမျောက်ကင်းစေရမည်။)

## ခရုသင်း(သမင်ဖြူ)

LEUCODERMA

ခရုသင်း(သမင်ဖြူ)၊ ဖြူ၊ နီ၊ နတ်ထွတ်များ၊
အနာကြီးရောဂါ၊ ယားနာ၊ ခွေး၊ ဝဲ၊ နှင်းရှူနှင့်
အရေပြားရောဂါ အမျိုးမျိုးတို့ အာမခံနှင့် ကုသပေးသည်။

LEUCODERMA, LEPROSY, YAWS, FUNGUS,
PINTA, ECZEMA, RING WORM,
DERMATITIS,etc.


ဆရာဦးခင်မောင်မြင့် (မြင့်စေတနာဆေးတိုက်)
အမှတ်(၃)၊ ပိတောက်ရိပ်မြိမ်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊
ကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၆၆၆၄၇၈၊ ၀၉ ၇၉၈၈၆၉၁၀၉။

ဌာနခွဲ
အမှတ်(၂)၊ ၆၂-လမ်း၊ ၂၈ × ၂၉ လမ်းကြား၊ အောင်တော်မူရပ်ကွက်၊ မန္တလေးမြို့။
ဖုန်း - ၀၂ ၂၂၅၁၅


www.burmeseclassic.com

www.burmeseclassic.com

# အမဲလိုက် မုဆိုးရှိန်



## ကိုလိုနီခေတ်က ရှိုင်ပြည်နယ်တွင် ရက်စက်ကြမ်းကြုတ်လှသော တောတိရစ္ဆာန်များကို အသက်စွန့် အမဲလိုက်ပုံကို ..

စိမ်းရောင်တောင်တန်းကြီးအထက်မှ တောင်ထွတ်ကြီးသည် မိုးပြင်သို့ ဖွင့်ဖွင့်ဝင့်ဝင့် ထက်လျက်ရှိ၏။

မြင့်မားသောကညင်၊အင်ကြင်းစသည့်အပင်ကြီးများကား နေရောက်မထိုးအောင် မှိုင်းအုပ်လျက်ရှိပြီး သတ္တဝါများအနေဖြင့်ယင်းသစ်ရိပ်ဝါးရိပ်အောက်တွင် ပျောက်ကွယ်လျက် ရှိနေတော့၏။

အချိန်ကား နံနက်(၈)နာရီဖြစ်သည်၊

လူတစ်စုသည်တောင်ထွတ်ကြီး၏ တောင်ခြေတိရစ္ဆာန်သွားလမ်းအတိုင်း သွားလျက်ရှိသည်၊ လူတစ်စုဆိုလင့်ကစား လူသုံးယောက်တည်းသာ ဖြစ်သည်၊

ထိုနေရာသည် အမ်းမြို့နှင့် မြေပုံမြို့အကြား ဂန္ဓာမည်သော တောင်ကြီးနှင့် တောင်တန်းဖြစ်၏။

သူတို့အထဲတွင် ခေါင်းဆောင်လုပ်လာသူကား မုဆိုးကြီး ထန်လိမ်းဖြစ်ကာ အဖွဲ့ဝင်အဖြစ် ဗိုလ်မင်းဆွေနှင့် ရခိုင်မျိုးချစ် ပြောက်ကျားခေါင်းဆောင်တစ်ဦးဖြစ်သည့် ဗိုလ်သာကျော်တို့ ဖြစ်၏။

အထူးသဖြင့်ကျောက်လက်ဝါးလွင်ထဲတွင်မြောင်နှင့်တောဆိတ်အချို့ကျက်စားနေကြောင်း သတင်းရသဖြင့် အမဲပစ်ရန် ထွက်လာကြခြင်းဖြစ်၏။

ဗိုလ်မင်းဆွေမှာ ဗမာ့တပ်မတော်မှ ရခိုင်မျိုးချစ်ရဲဘော်များနှင့် ဆွေးနွေးရန် ရောက်နေခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

အချိန်အခါမှာ ၁၉၄၄ - ခုနှစ်အတွင်း ဖြစ်သည်၊ ဂျပန်စစ်တပ်များ အင်ဖာစစ်မြေပြင်မှ ဆုတ်ခွာနေရသလို ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်းတောဘက်တွင်လည်း ဂျပန်တပ်မ အမှတ်(၅၄)နှင့် ဗြိတိသျှတပ်မ အမှတ်(၁၅)နှင့် ယှဉ်ပြိုင်တိုက်ခိုက်နေသောအချိန်ပင်ဖြစ်သည်။

ကျောက်လက်ဝါး ...

ဤရိုးမကြီးအတွင်းတွင်ရှိသော ကျောက်တောင်ကြီးတစ်တောင်ဖြစ်သည်။ ကျောက်နံရံမှာ လက်ဝါးလက်ချောင်းပမာ ရှိနေသဖြင့် "ကျောက်လက်ဝါး" ဟုခေါ်ကြ၏။ တောမကျွမ်းကျင်သော ရခိုင်၊ မြန်မာ၊ ချင်းအမျိုးသားပင်မသိကြချေ။

နံနက် (၈) နာရီခွဲလောက်တွင် တောင်ခြေကို ကွေ့ပတ်သွားရသည့် တောင်ခါးပန်းလမ်းသို့ ရောက်လာ၏။ တောင်ခါးပန်းလမ်းမှာ လူတစ်ယောက် တိရစ္ဆာန်တစ်ကောင် လျှောက်နိုင်သည့် လမ်းဖြစ်သည်၊ ကျောက်တုံးကျောက်သားများသဘာဝအလျောက်တည်ရှိနေပြီးတစ်ဖက်တွင်တောင်နံရံကြီးဖြစ်လျက် တစ်ဖက်က အလွန်နက်သော ချောက်ကြီးဖြစ်သည်၊ ချောက်ကြီး အောက်မှ ဝါးရုံနှင့် သစ်ပင်များ ကိုင်းများများကထိုလမ်းကလေးတစ်ဝက်တွင် ရောက်ရှိနေ၏။ မျောက်အော်သံများ ကြားနေရသည်။

"မိတ်ဆွေကြီးရေ - ဒီလမ်းကနေပြီး အမဲတစ်ကောင် ဖျက်ယူဖို့ မလွယ်ပါလား"

ဗိုလ်မင်းဆွေက ပြောလိုက်သဖြင့် မှဆိုးကြီး ထန်လိမ်းက "ဒီလမ်းက တစ်ကွေ့လောက် သွားပြီး တောင်မကြီး၊ တောင်ကြောလမ်းကို ရောက်မှာပါ" ဟု ထန်လိမ်းက ပြောလိုက်၏။

ထန်လိမ်းသည်မျောက်တစ်ကောင်ပမာ ရှေ့မှ အလျင်အမြန် သွားနေသဖြင့် အမဲပစ်လက်နက်ကြီးများပါသော ဗိုလ်မင်းဆွေတို့အဖို့ အသည်းတယားယားဖြင့် အတော်ပင် ကြိုးစားကာ နောက်မှလိုက်နေရ၏။

မှဆိုးကြီးထန်လိမ်းပြောလိုက်သောတစ်ကွေ့မှာ အဆင်းအတက်များပြီး နာရီဝက်ကျော်ကျော်သွားပြီးမှ တောင်ကြောလမ်းကျယ်နှင့် စမ်းချောင်းကြီးတစ်ချောင်း ရောက်လာသည်၊

မှဆိုးကြီး ထန်လိမ်းက -

"ဒီစမ်းချောင်းကဖောင်နဲ့မျောသွားရင်းကျောက်ဖလူးနားကိုရောက်ပါတယ်၊ လမ်းသိအောင်ဖြတ်လမ်းကခေါ်လာတာပါ"



ယင်းနောက် ကျောက်လက်ဝါးတောင်ကြီးကို လက်ဖြင့် ညွှန်ပြလိုက်သည်၊ တောင်ကြီးကို လက်ဖြင့် ညွှန်ပြလိုက်သည်၊

လက်ချောင်းများပမာ တောင်နံရံတွင် ထိုးထိုးထောင်ထောင် ရှိနေသည့် ကျောက်လက်ဝါးတောင်ကြီးပင် ဖြစ်သည်၊

"အစ်ကို - အင်္ဂလိပ်တွေ လျှို့ဝှက်ထားခဲ့တဲ့လက်နက်တွေဒီကျောက်လက်ဝါးနားမှာ ရှိတယ်ဆိုတာ သိရတယ်၊ အစ်ကို - တွေ့ဖူးသလား"

ဗိုလ်သာကျော်က မှဆိုးကြီး ထန်လိမ်းအား မေးလိုက်သဖြင့် -

"ကျုပ်လည်း ကြားတာပဲရှိတယ် အစ်ကို၊ ဒီလက်နက်တွေကို အင်္ဂလိပ်တွေစစ်ဆုတ်တဲ့အခါမြင်းတပ်နဲ့ဒီဘက်ကိုလမ်းပြတစ်ဦးက လမ်းပြရင်းရောက်ခဲ့တာတဲ့၊ လက်နက်တွေကို ကျောက်လက်ဝါးဂူတစ်ဂူထဲ မြှုပ်ထားခဲ့တယ်လို့ပြောတယ်"

သူတို့သည် တောင်ကြားလမ်းအတိုင်း လာရာက ကျောက်လက်ဝါးတောင်ခြေသို့ ရောက်လာကြသည်၊ ကျောက်လက်ဝါးဆိုသည့်အတိုင်း သဘာဝအလျောက်မိုးရေတိုက်စားရာမှ လက်ဝါးလက်ချောင်းများပမာ ဖြစ်နေခြင်းဖြစ်၏၊

သူတို့သည်တောင်ခြေစမ်းချောင်းအထက် ကိုက်ငါးဆယ်ခန့်ရှိ ကျောက်လက်ဝါးတောင်အောက်ခြေတွင် စခန်းချလိုက်၏၊ ယခုအခါမှစိတ်ရောကိုယ်ပါ အနားယူလိုက်ရသလို နံနက်စောစောစားထားသည့်ထမင်းဟင်းများပျောက်၍ ဆာလောင်လာတော့သည်။

ယင်းအချိန်မှာပင် မုဆိုးကြီး ထန်လိမ်းက ကျောက်လက်ဝါးလွင်ထဲသို့ ရောက်လာသည့်ပြောင်နှင့်စိုင်အုပ်တစ်အုပ်အား ညွှန်ပြလျက် -

"ပြောင်နဲ့စိုင်ကိုနှစ်ကောင်လောက်စီ ပစ်ယူပြီး - အေး - အေး - ဆေးဆေးပြန်ကြတာပေါ့"

ယင်းသို့ပြောကာ အလျင်အမြန် ကျောက်လက်ဝါးအထက် ကျောက်တုံးများအား တွယ်တက်ပြီးနောက် ပျောက်သွားသည်၊ မကြာမီ ကျောက်လက်ဝါးအထက်ဆီမှ ခြင်းကြီးတစ်လုံး ကြိုးဖြင့်ချလာရာ ဗိုလ်သာကျော်က လှမ်းယူလိုက်သည်၊


www.burmeseclassic.com

www.burmeseclassic.com

ခြင်းကြီးထဲတွင် အမဲခြောက်များ၊ ပြောင်းဖူးများ၊ဝါးဘူးနှင့်ထည့်ထားသည့် ဆားပါလာသည်၊ ဗိုလ်သာကျော်က ဗိုလ်မင်းဆွေကို ပြောလိုက်သည်၊

“မုဆိုးကြီးထန်လိမ်းကတောထဲမှာ အနေများတော့ သူတို့ရိက္ခာတွေကို နေရာအနှံ့ ခွဲထားတယ်ဗျ၊ ကျောက်လက်ဝါးဟာ သူ့ရဲ့ရိက္ခာထားတဲ့စခန်းလည်း ဖြစ်တယ်၊ အမဲလိုက်ရာမှာလည်း ဒီနေရာက ပိုလွယ်တယ်ဗျ”

ယင်းအခိုက် “ဝူး-ဝူး” ဟူသော အချက်ပေးသံ ထွက်လာသည်၊

“ဝူ-ဝူ-ဝူ”

ကျောက်လက်ဝါးအထက်ဆီမှပြန်လည်အချက်ပေးလိုက်သည့်အသံ ပေါ်ထွက်လာသည်၊ ဗိုလ်သာကျော်ကခြင်းကြီးထဲမှ ရိက္ခာများယူပြီးနောက်ကြိုးကို လှုပ်လိုက်ရာ ခြင်းကြီးသည်တရွေ့ရွေ့ အပေါ်သို့ တက်သွားတော့၏။

ယင်းအခိုက်အသက်(၁၈)နှစ်ခန့်ရှိ လူငယ်တစ်ဦးတောင်ကြောလမ်းအတိုင်း ပေါ်ထွက်လာသည်၊ သူသည် မုဆိုးကြီးထန်လိမ်း၏သား ကေဆန်းပင်၊

ကေဆန်းသည် ရိက္ခာနှင့် ပစ္စည်းထည့်ခြင်းကြီးတစ်လုံး ကျောတွင်လွယ်၍ထားသည်။ယင်းအခိုက်ထန်လိမ်းတစ်ယောက် ကျောက်လက်ဝါးတောင်ကပြန်မှ အလျင်အမြန် ဆင်းလာသည်၊

“ကေဆန်း-မင်း ဘာရလာသလဲ”

ကေဆန်း အနားရောက်လာသည်နှင့်မုဆိုးကြီး ထန်လိမ်းက မေးလိုက်ခြင်းဖြစ်သည်၊ ကေဆန်းသည် သူ၏ကျောတွင် လွယ်ထားသောခြင်းကြီးကို ဖြုတ်လိုက်ပြီး အထဲမှ သတ္တဝါတစ်ကောင်ကို ဆွဲထုတ်လိုက်၏၊ ခြင်းကြီးထဲမှ ဆွဲထုတ်လိုက်သောသတ္တဝါမှာ ထူးထူးခြားခြား ရရှိလာသည့်တောင်လိပ်ကြီးတစ်ကောင်ဖြစ်သည်၊

“သူ့ကို လမ်းမှာတွေ့လို့ ကျွန်တော်ကောက်ယူလာတာ - အဖေ”

“တို့မှာ စားစရာတွေ ရှိပါတယ်ကွာ လွှတ်ပေးလိုက်ပါ”

တောင်လိပ်ကြီးသည် ပက်လက်လှန်ထားသဖြင့်ယက်ကန်ယက်ကန်နှင့် ဖြစ်နေသည်၊

ကေဆန်းက တောင်လိပ်ကြီးကို ဆွဲယူကာ ချုံကြီးတစ်ချုံဘေးသို့ ချထားလိုက်သည်၊လိပ်ကြီးသည်အလျင်အမြန်ပင် တောအတွင်းသို့ ဝင်ရောက်သွားတော့၏၊

“ကေဆန်း-ပြောင်းဆန်နဲ့ အသားတွေ ပြုတ်ထား၊ ငါတို့ ပြောင်သွားလိုက်ဦးမယ်”

ထန်လိမ်းက သူ့သားအား မှာထားကာ ဗိုလ်သာကျော်နှင့် ဗိုလ်မင်းဆွေကို ခေါ်၍ ကျောက်လက်ဝါးမြောက်ဘက် လွင်သို့ထွက်လာသည်၊ ကျောက်လက်ဝါးတောင်နှင့် တောင်တန်းသည် ဂန္ဓာတောင်တန်းအတွင်း တည်ရှိနေခြင်းဖြစ်သည်။

ပေပေါင်းငါးထောင်ကျော်မြင့်သည့် တောင်တန်းကြီးဖြစ်ပြီး တောတောင်အတွင်း သစ်ပင်ကြီးများ မြင့်မားသလောက် တောကောင် သားကောင်များ ပေါများလှသည်၊

ဗိုလ်မင်းဆွေသည်ဗြိတိသျှဒသသမ ၃၀၃ ရိုင်ဖယ်နှင့် ဒသသမ ၄၅ ခြောက်လုံးပြူးတစ်လက်၊ ရှစ်ပေခွဲရှိသည့်ဓားမြှောင်တစ်ချောင်းပါသလို ဗိုလ်သာကျော်ကလည်း ဗြိတိသျှဒသသမ ၃၀၃ ရိုင်ဖယ်၊ တိုးမီလီမီတာ ပစ္စတိုတစ်လက်၊ အမဲလိုက်ဓားမြှောင်၊ လျှော်ကြိုးခွေတစ်ချောင်းပါသည်။ မုဆိုးကြီး ထန်လိမ်းမှာ ဒူးလေးနှင့် အမဲပစ်ဓားတိုတစ်ချောင်း ပါရှိ၏။

လွင်သို့ရောက်ရန် တဖြည်းဖြည်းနှင့် အောက်သို့ ဆင်းလာရသည်၊ ကျောက်ကမ်းပါးနံဘေးမှ ကွေ့ဆင်းလာတော့ တောင်ကြောလမ်းအတိုင်း အောက်သို့ ဆင်းလာစဉ်မုဆိုးကြီး ထန်လိမ်းက ဗိုလ်သာကျော်တို့အား အသံပြုလိုက်၏၊

လူလောက်နီးပါးရှိသည့် ဝက်ဝံကြီးနှစ်ကောင်တောင်ကမ်းပါးယံလမ်းကွေ့မှ ပေါ်ထွက်လာခြင်းဖြစ်၏၊ ဝက်ဝံကြီးများကလည်းထန်လိမ်းတို့အား ရင်ဆိုင်တွေ့လိုက်ရပြီးနောက် အော်လိုက်၏။

“ဝူး-ဝူး”

ထန်လိမ်းသည် ကျောက်ကမ်းပါးယံကြီးပေါ်ပြေးတက်သွား၏၊ ထန်လိမ်းကိုဝက်ဝံကြီးများကမော့ကြည့်လိုက်ကြသည်၊

“ဂရူး-ဂရူး-ဂရူး”

ဝက်ဝံကြီးများက အော်လိုက်ခြင်းမဟုတ်၊ ထန်လိမ်းကအော်လိုက်ခြင်းဖြစ်၏၊ ဝက်ဝံကြီးများသည်အလျင်အမြန်ပင် ကျောက်ကမ်းပါးကြီးအောက်သို့ ဆင်းသွားကြသည်၊

ဗိုလ်သာကျော်က -

“ထန်လိမ်းဟာဝက်ဝံကြီးတွေလမ်းပြောင်းသွားအောင် လုပ်နိုင်တာတော့ ချီးကျူးစရာပဲဗျို့၊ သူက တောထဲမှာ အနေများတော့သားကောင်အကြောင်း သိထားတာများတယ်”



www.burmeseclassic.com

www.burmeseclassic.com

66

အသံမှာ ငှက်တစ်ကောင်၏ သာယာသောအသံနှင့် ခပ်ဆင်ဆင်တူလှသည်။ ကြံ့ကြီးသုံးကောင်နှင့် တောဆင်ရိုင်းအုပ်သည် တဖြောင်းဖြောင်းဖြင့် ရေကို ရိုက်ပုတ်ကစားနေရာမှ ခေါင်းမော့လျက်ရှိသည်။



ယင်းအခိုက် ထန်လိမ်း ကျောက်ကမ်းပါးမှ ဆင်းလာလျက် ပြောလိုက်၏။

"ဝက်ဝံတွေဟာ ကျောက်ကမ်းပါးကသူတို့အသံမျိုးပေးလိုက်ရင်းရန်သူကို ရှောင်သွားတတ်တဲ့ အကောင်မျိုးပျ။ တကယ်တော့ - သူတို့က မလွှဲသာမှ အန္တရာယ်ပြုတာပါ"

မုဆိုးကြီး ထန်လိမ်းက ပြောလိုက်စဉ်ကျောက်ကမ်းပါးယံအောက် တောင်ကြောလမ်းဆီမှ အသံများ ပေါ်ထွက်လာသည်။

တောဆင်ရိုင်းများ အသံများပင်။

❖❖❖

တောဆင်ရိုင်းအကောင်သုံးဆယ်အုပ်သည် ဝါးတောကြီးအတွင်း တိုးဝင်သွားကာ တဖြောင်းဖြောင်းနှင့် ဝါးညွန့်များ ချိုးစားနေကြ၏။

ပြောင်အုပ်နှင့်စိုင်အုပ်အချို့လွင်ထဲမှနေ၍ ချောင်းဘက်သို့ ဆင်းသွားသည်။

မုဆိုးကြီး ထန်လိမ်းနှင့် ဗိုလ်သာကျော်၊ ဗိုလ်မင်းဆွေတို့သည် ကျောက်ကမ်းပါးလမ်းမှ တောင်ကြောအောက်ခြေအထိ ဆင်းလာလျက် ပြောင်နှင့် စိုင်အုပ်များရေသောက်ရေကစားနေသည့်နေရာနှင့် ပေသုံးရာအကွာလောက်တွင် နေရာယူလိုက်ကြသည်။

စမ်းချောင်းအတွင်းရေချိုးနေသော ပြောင်ပေါက်သုံးကောင်အနက် တစ်ကောင်ကို ဗိုလ်သာကျော်က ပစ်လိုက်သလို ပြောင်အုပ်နှင့် ကိုက်ငါးဆယ်ကွာတွင်ရှိသည့်စိုင်အုပ်ထဲမှ စိုင်တစ်ကောင်အား ဗိုလ်မင်းဆွေက ပစ်လိုက်၏။ ရိုင်ဖယ်သံများက တစ်တောလုံး ဟိန်းသွားသည်။

ဗိုလ်သာကျော်ပစ်လိုက်သည့် ပြောင်ပေါက်ကြီးသည် စမ်းချောင်းဘေးမှာပင် တုံးခနဲ လဲကျသွားသည်။ ပြောင်များ တရုန်းရုန်းဖြင့် ထွက်ပြေးသလို စိုင်များလည်း ထွက်ပြေးသွားသည်။

ဗိုလ်မင်းဆွေပစ်လိုက်သည့် စိုင်ပေါက်ကြီးမှာ ဒယီးဒယိုင်ဖြင့် လဲကျသွားစဉ် ဝါးတောကြီးအတွင်းမှ ဆင်ရိုင်းများအသံက ဆူညံစွာ ပေါ်ထွက်လာတော့၏။

တောဆင်ရိုင်းများသည် ဝါးတောကြီးမှတရုန်းရုန်းထွက်လာကာအနောက်ဘက် ပေါက်တောင်တန်းဘက်သို့ ဆင်းသွားတော့၏။

ယင်းအခိုက် အော်သံအချို့ကြားလိုက်ရသည်။

ဗိုလ်သာကျော်နှင့် ဗိုလ်မင်းဆွေအား မုဆိုးကြီး ထန်လိမ်းက အလျင်အမြန် ပင် ကျောက်ကမ်းပါးယံအပေါ်သို့ ကျောက်တုံးများ၊ သစ်ပင်များဆွဲ၍တက်ခဲ့ပြီး အစွန်းထွက်နေသည့် ကျောက်ဆောင်ကြီးပေါ် တက်ခဲ့ကြ၏။

"ကျွီ - ဖူး - ဖူး"

ထိုအသံနှင့်အတူ မည်းနက်သည့် သတ္တဝါကြီးများ တဝုန်းဝုန်းဖြင့် ဗိုလ်သာကျော်တို့နေခဲ့သော တောင်ကြားလမ်းအတိုင်း ပြေးဆင်းလာကြ၏။ အကယ်၍ တောင်ကမ်းပါးယံအထက်သို့ မတက်မိပါက ထိုသတ္တဝါရိုင်းများနှင့် တိုးမိမည်ဖြစ်၏။

ယင်းသတ္တဝါများကား ကျွဲရိုင်းကြီးများဖြစ်ပြီး ကောင်ရေတစ်ရာကျော် ဖြစ်သည်။

"ဒိုင်း ..."

ဗိုလ်သာကျော်က ကျွဲရိုင်းတစ်ကောင်အား ပစ်ခတ်လိုက်၏။ ပစ်ခတ်ခံရသော ကျွဲရိုင်းသည် ပြေးလွှားရာမှ တုံးခနဲဖြစ်သွားပြီး ဝုန်းခနဲ လဲကျသွားသည်။ ကျွဲရိုင်းများသည် ခပ်စောစောက လွင်တစ်ဖက်တောထဲတွင် ရှိနေသည်။ သေနတ်သံကြောင့် ပြေးထွက်လာခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

တောရိုင်းကောင်များအဖို့ တစ်ကောင်ပြေးမိလျှင်အုပ်စုလိုက်ပြေးတတ်သည်။ အုပ်စုခေါင်းဆောင်ကဦးဆောင်တိုက်လျှင်လည်း အသေခံတိုက်ခိုက်တတ်သည့်သတ္တဝါများဖြစ်၏။ ယခုတွေ့ရသည့် ပြောင်နှင့်စိုင်၊ ကျွဲရိုင်းများသည် အဆိုးဆုံးသော အရိုင်းသတ္တဝါများဖြစ်သည်။

မကြာမီထန်လိမ်း၏သားကေဆန်းလိုက်လာရာ ရရှိထားသော ပြောင်တစ်ကောင်နှင့်စိုင်၊ ကျွဲတို့အားအလျင်အမြန်ဖျက်လိုက်၏။ ကေဆန်းသည်ပြောင်းနှင့် အမဲခြောက်များရောပြုတ်ထားသည့်အိုးကြီးကိုပါယူလာသဖြင့် စမ်းချောင်းဘေးမှာပင် လေးယောက်သား စားလိုက်ပြီးနောက်ရရှိသောအမဲရိက္ခာများသယ်ရန်အတွက် ထန်လိမ်းက ဝါးဖောင်လုပ်ရာ ဝိုင်းကူလိုက်သဖြင့် မကြာခင်ပြီးစီးသွားသည်။

ယင်းအချိန်တွင် ကေဆန်းက အသားများအား ခြင်းကြီးနှစ်ခြင်းတွင် ထည့်နေစဉ်လွင်ကြီးတစ်ဖက်ဝါးနှင့်ကျူတောကြီးအတွင်း "ဖူး-ဖူး-ဖူး" ဟူသော အသံများ ကြားလိုက်ရသည်။

"ဝုန်း-ဝုန်း-ဝုန်း"

ရုတ်တရက် ကျူတောကြီးအတွင်းမှမည်းနက်သည့်သတ္တဝါကြီးများအလျင်အမြန် ပြေးထွက်လာလေသည်။

"ဟာ-ကျွဲရိုင်းအုပ်"

မုဆိုးကြီး ထန်လိမ်း ပြောရင်း-

"ဖောင်ပေါ် မြန်မြန်တက်-အစ်ကို ရေ။ ဒီအုပ်ကပထမကျွဲရိုင်းအုပ်နဲ့ဒုတိယအုပ်ပေါင်းပြီး တိုက်ခိုက်ရအောင် လာတာပဲ"

လွင်အတွင်းတွင် မြေမှုန့်များ တထောင်းထောင်းထလျက်ရှိသည်။ မြေမှုန့်နှင့်မည်းနက်သည့်အရောင်သည် ရောထွေးလျက်ရှိကာ ရှေ့ဆုံးကျွဲရိုင်းအုပ်ခေါင်းဆောင်မှာ လူတစ်ရပ်ကျော်ခန့်ရှိမည်ထင်ရသည်။

"ဖူး-ဖူး"

ကျွဲရိုင်းများ နှာခေါင်းမှုတ်သံ၊ "ကျွိ" ခနဲအော်သံ ဆူညံလျက်ရှိသည်။ အလျင်အမြန်ပင် အသားခြင်းများကို ဝါးဖောင်ပေါ်တင်လျက် ဖောင်ကို ကမ်းမှ ထိုးဝါးဖြင့် တွန်းထုတ်လိုက်ကြ၏။

စမ်းချောင်းသည် ပေတစ်ရာကျော်ခန့်ကျယ်၍ ရေစီးသန်သည်။ အလျင်အမြန်ပင် ဝါးဖောင်မှာ ရေစီးဖြင့် မျော ဆင်းလာသည်။ ကျွဲရိုင်းအုပ်ကြီးနှင့်ကာ



လွတ်မြောက်သွားပါလေသည်။ ရေစီးသန်သလို ကျောက်ဆောင်များအား မုဆိုးကြီး ထန်လိမ်းက ထိုးဝါးဖြင့် တွန်းကာ ရှောင်၍လာကြ၏။

စမ်းချောင်းသည်ကျောက်လက်ဝါးတောင်ခြေတွင် ကွေ့ပတ်စီးနေသလို တစ်နေရာတွင် သတ္တဝါကြီးအချို့အား တွေ့လိုက်ရသဖြင့် မျက်လုံးများပြူးသွားရသည်။

ယင်းသတ္တဝါများမှာ အလွန်ရှားပါးလှသည့်ကြံ့ကြီးသုံးကောင်တစ်အုပ်နှင့် မလှမ်းမကမ်းတွင် တောဆင်ရိုင်းဆယ်ကောင်အုပ်ဖြစ်သည်။

"သူတို့ထွက်ပြေးအောင် သေနတ်သံ ပေးလိုက်ရမလား"

ဗိုလ်သာကျော်က ထန်လိမ်းအား မေးလိုက်ရာ-

"ဟာ-မလုပ်နဲ့-အစ်ကို။ ကျုပ်လုပ်ပြမယ်။ သူတို့မိတ်ဆွေမှန်းသိအောင် ကျုပ်ပြမယ်"

ထန်လိမ်းကပြောရင်း ပါးစပ်ကို လက်ဝါးဖြင့်အုပ်၍ အော်လိုက်သည်။

"ဝူ-ဝေ-ဝေ-ဝေ"

"ဝူ-ဝေ-ဝေ-ဝေ"

အသံမှာ ငှက်တစ်ကောင်၏ သာယာသောအသံနှင့် ခပ်ဆင်ဆင်တူလှသည်။ ကြံ့ကြီးသုံးကောင်နှင့် တောဆင်ရိုင်းအုပ်သည် တဖြောင်းဖြောင်းဖြင့် ရေကို ရိုက်ပုတ်ကစားနေရာမှ ခေါင်းမော့လျက်ရှိသည်။

အလျင်အမြန် ပြေးလွှားနေသည့် ဝါးဖောင်နှင့် လူတစ်စုမှာ အရိုင်းသတ္တဝါများရှေ့မှပင် ကျော်ဖြတ်သွားခဲ့ကြ၏။

"ဖြောင်း-ဖြောင်း-ဖြောင်း"

ဆင်ရိုင်းအုပ်မှ ရေပြင်ကို နှာမောင်းရိုက်ကာ နှုတ်ဆက်လိုက်သေးသည်။

ကောင်းကင်ပြင်တွင် ရုတ်တရက် မိုးရိပ်များ တက်လာကာ လေက တိုက်လာသည်။

"မိုးလေထဲမကျခင် ကျောက်ဖလူးရောက်ဖို့လိုတယ်-အစ်ကို"

ဗိုလ်သာကျော်က ပြောလိုက်သည်။

စမ်းချောင်းသည် အောက်သို့ နိမ့်ဆင်းလာကာ ရေစီးက မြန်လာသည်။ စမ်းချောင်းအတွင်းမှ ကျောက်ဆောင်ကြီးနှစ်ခုကို မြင်လာရသည်။ ထိုနေရာတွင် ရေစီးလှိုင်းထန်လျက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com

မုဆိုးအဖွဲ့ စီးလာသောဖောင်ကလေးသည် ထိုကျောက်ဆောင်ကြီးနှစ်ဆောင်ကြားမှ ဝင်သွားရမည်ဖြစ်၏။ ထန်လိမ်းက သတိပေးထားခဲ့၏။

❖

"ဝုန်း-ဝုန်း"

မုဆိုးတစ်သိုက်စီးလာသည့်ဖောင်ကလေးသည် ကျောက်ဆောင်ကြီးနှစ်ဆောင်အကြားထိုးမြောက်ကာမျောလာခဲ့၏။

ထိုကျောက်ဆောင်ကြီးနှစ်ဆောင်မှ ကျော်လာသည်နှင့်မိုးနှင့်လေကျလာတော့၏။ စမ်းချောင်းသည် အောက်သို့ ပို၍ပြီးနိမ့်ဆင်းလာသဖြင့် မုဆိုးတစ်စု စီးလာသော ဖောင်ကလေးမှာ ဝါးလုံးထိုးမျောလာတော့၏။ ဘေးနှစ်ဖက်ရှိ သစ်ပင်ကြီးငယ်များမှ လေထန်သဖြင့် တကျွမ်းကျွမ်းမြည်နေသည်။

စမ်းချောင်းမှတစ်ဆင့် ချောင်းရေပြင်ကျယ်သို့ ရောက်လာသည်။ မိုးနှင့်လေကြောင့်ဖောင်ကလေးမှာ ခုန်လျက်ရှိသည်။ မုဆိုးကြီး ထန်လိမ်းက ဖောင်ကလေးအား ကမ်းခြေသို့ကပ်ရန် ဝါးလော်တက်ဖြင့် လော်ခတ်ပဲ့ကိုင်ပေးသည်။

ကေဆန်းကလည်းရှေ့မှလော်ခတ်နေရာတမ်းသို့ရောက်လာသည်။ ထိုနေရာသည်မုဆိုးကြီးထန်လိမ်းပြောဆိုချက်အရ ကျောက်ဖလူးရွာနှင့် နီးသည်။ စမ်းချောင်းမှတက်၍ တောင်ကြောပေါ်သို့ မရောက်မီ ရုတ်တရက် မမျှော်လင့်ဘဲ တောကောင်ကြီးတစ်ကောင်က လူတစ်ဦးအားလည်ကုပ်မှကိုက်ဆွဲချီလာသည်ကို ပက်ပင်းတိုးကြသည်။

"ဟာ-ကျောက်ဖလူးရွာသား ဆလိုင်းခမ်းပါလား"

တောကောင်ကျားကြီးမှာလည်းအံ့အားသင့်သွားပုံရသည်။ သူဆွဲချီလာသော ဆလိုင်းခမ်းအလောင်းကို ချ၏။ မာန်တစ်ချက် သွင်းလိုက်၏။

"ဝေါင်း"

"ဒိုင်း-ဒိုင်း"

လက်မြန်သော ဗိုလ်သာကျော်နှင့် ဗိုလ်မင်းဆွေက လျှပ်တစ်ပြက်ဖြင့်တောကောင်ကြီးအား ဝါးလုံးထိုးပင် ဒဿမ ၃၀၃ ဖြင့် ပစ်လိုက်၏။

သေနတ်သံကတော့တစ်တောလုံးဟိန်းသွားသည်။ တောကောင်ကြီးမှာ မြောက်တက်သွားကာ မြေပေါ်သို့ကျ၍ အသက်ထွက်သွားသည်။



ဗြိတိသျှရိုင်ဖယ်ဒဿမ ၃၀၃ ကျည်ဆန်သည် ချက်ကောင်းကို ထိပါမှ အမဲကြီးပစ်ရိုင်ဖယ်များကဲ့သို့ တုံးခနဲ လဲကျသွားစေနိုင်သည်။

"ဂူ-ဝေ့-ဂူ-ဝေ့"

အချက်ပေးသံနှင့်အတူ ကျောက်ဖလူးရွာသားအချို့အား ရွာခေါင်းကြီးခေါင်းဆောင်၍ရောက်လာသည်။ မုဆိုးကြီးထန်လိမ်းနှင့်ဗိုလ်သာကျော်တို့အား တွေ့သဖြင့် ဝမ်းသာအားရပြောလိုက်၏။

"ထန်လိမ်းနဲ့ အစ်ကိုသာကျော်ရေ ဆလိုင်းခမ်းကို ယာထဲမှာ ဒီကောင်ကြီးဆွဲသွားတာကွာ၊ အခုလိုသတ်လိုက်လို့ပေါ့။ မသတ်နိုင်ရင်နောက်ထပ်ဘယ်နှဦးစားဦးမယ်မသိဘူးကွာ"

ယင်းအချိန်တွင် မိုးနှင့်လေမှာ အနည်းငယ် ငြိမ်သွားပြီဖြစ်၏။

ကျောက်ဖလူးရွာအပြန်တွင် အမဲစုံလာသလိုတောကောင်ကြီးနှင့်ဆလိုင်းခမ်းအလောင်းပါ ထမ်းပြန်လာရတော့သည်။

➜ မြဝတီ


■ မိမိ ကြွေးသွားတောင်းစဉ် လမ်း၌ သစ်ကိုင်းကျိုးကျလျှင် ကြွေးဆုံးတတ်ရုံသာမက မိမိအသက်ကိုပင် ဒုက္ခပေးတတ်သည်။

■ မိမိအား အရှုံးမက မဖွယ်မရာပြသလျှင် ထီပေါက်တတ်သည်။

■ ခေါင်းရင်းအိမ်က ယောကျ်ားသေပြီး ခြေရင်းအိမ်က မိန်းမသေလျှင် အလယ်အိမ်က ထီပေါက်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

လူသတ်မှု၊ လိမ်လည်မှုတို့ဖြင့်
ရှုပ်ထွေးပွေလီလှသော
မြိုင်သာမြို့ကလေးမှ မှုခင်းများကို
ရဲများ၏ ကြိုးပမ်းမှုဖြင့်
ဖော်ထုတ်လိုက်သောဇာတ်လမ်း ..

# ကလင်

"ကလင် - ကလင်"

"ကလင် - ကလင် - ကလင်"

မြိုင်သာရဲစခန်းအတွင်းမှဖုန်းမြည်သံ အဆက်မပြတ် ပေါ်ထွက်လာသဖြင့် တာဝန်မှူးကျနေသော ရဲတပ်ကြပ်အမှုလိုက် မောင်ပိုက် ဖုန်းကို ကောက်ကိုင်လိုက်ပြီး မြိုင်သာရဲစခန်းမှဖြစ်ကြောင်း ပြောလိုက်ရာ တစ်ဖက်မှ ကြောက်လန့်တကြားဖြစ်နေသော အမျိုးသမီးတစ်ယောက်၏အသံက စူးစူးဝါးဝါးထွက်ပေါ်လာ၏။

"ကယ်ကြပါဦး ရှင်"

"ကယ်ပါဦး - ကျွန်မယောကျ်ား ကျွန်မယောကျ်ား"

"အား - အား - အား"

အမျိုးသမီး၏ ကြောက်အားလန့်အားအော်သံ ကြားရပြီး ဖုန်းလွှတ်၍ကျသံကြားရ၏။

ဖုန်းမှာ ကြိုးဖုန်းဖြစ်ရာ တွဲလောင်းကျနေဟန်တူ၏။ တစ်ဖက်မှ ပြောသံဆိုသံများ ဒီအတိုင်းကြားနေရသည်။

"မျောက်မထားတဲ့ကောင်မ - သေဖို့သာ ပြင်တော့"

"ကြောက်ပါတယ် - ယောကျ်ားရယ်။ ကျွန်မအသက်ကို ချမ်းသာပေးပါ။ နောက်မလုပ်တော့ပါဘူး"

"ကိုင်းဟာ - သေပေတော့"

"အား - အား - အား"

ထိုအသံများကိုကြားလိုက်ရသော အမှုလိုက်မောင်ပိုက်သည် အလန့်သံချောင်းခေါက်ကာ တာဝန်မှလွှတ်နေသော ရဲသားအားလုံးအားခေါ်လိုက်လေတော့၏။

"ခေါင် - ခေါင် - ခေါင်"

၂

## ခေါင်းပြတ်နေတဲ့အလောင်း

အမှုလိုက်မောင်ပိုက်ခေါင်းဆောင်သော မြိုင်သာရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်အားလုံးသည် (ရှိစီ)ရှိသောတိုက်ကြီးသို့ အချိန်တိုအတွင်း ရောက်ရှိလာ၏။

ရှိစီနေသောတိုက်မှာ နှစ်ထပ်တိုက်ဖြစ်၏။ မြိုင်သာမြို့၏ အစွန်တွင် ထည်ထည်ကြီး ရပ်တည်နေ၏။

ထိုတိုက်၏ပိုင်ရှင်မှာ ပွဲစားရဲဘုန်းမြတ်၏ တိုက်ဖြစ်၏။ ရဲဘုန်းမြတ်နှင့် ရှိစီတို့ လက်ထပ်ခဲ့သည်မှာ တစ်နှစ်သာရှိသေး၏။

ရဲဘုန်းမြတ်သည် မြိုင်သာမြို့၏ မျက်နှာဖုံးဖြစ်၏။ ကားပွဲစား၊ အိမ်ခြံမြေပွဲစား၊ ပဲနမ်းဆီ စသည့် အညာဒေသထွက်သီးနှံများကိုလည်း ပွဲရုံထောင်၍ လုပ်ကိုင်နေသူဖြစ်ရာ လူချစ်လူခင်များပြီး အပေါင်းအသင်းဆန့်သူဖြစ်၏။

ရဲဘုန်းမြတ်တွင် မေပုလဲနှင့် ထွဋ်ခေါင်ဟု အမည်တွင်သော ကျောင်းနေဖက်သူငယ်ချင်းနှစ်ယောက် ရှိသည်။ ထွဋ်ခေါင်သည် ရှေ့နေတစ်ယောက်ဖြစ်၏။ ရဲဘုန်းမြတ် အားအကိုးရဆုံးသောသူငယ်ချင်းဖြစ်သည်နှင့်အညီ လုပ်ကိုင်သောကိစ္စအားလုံး၏ မှုခင်းရေးရာနှင့်ပတ်သက်ပြီး ထွဋ်ခေါင်ကို လွှဲထား၏။

မေပုလဲကတော့ စိန်ပွဲစား၊ တွင်းထွက်ရတနာမှန်သမျှကို မေပုလဲနှင့် ဆက်သွယ်ပါက ကိစ္စအားလုံးချောမောသွားပြီး၏။

ရဲဘုန်းမြတ်၊ ထွဋ်ခေါင်နှင့် မေပုလဲတို့မှာ တစ်ရွက်မှာ နှစ်လွှာဆက်သော (စွယ်တော်)ရွက်ကဲ့သို့ ခွဲ၍မရအောင် ချစ်ခင်ကြသောသူငယ်ချင်းများ ဖြစ်ကြ၏။

အမှုလိုက်မောင်ပိုက်တို့အဖွဲ့ခြံဝသို့ ရောက်သော် ခြံတံခါးမှာ အစဉ်သင့် ဖွင့်ထားသည်ကိုတွေ့ရသဖြင့် တိုက်ရှိရာသို့ ရဲကားကို ဆက်၍မောင်းလာ၏။





www.burmeseclassic.com

www.burmeseclassic.com

မြံဝနှင့် တိုက်မှာ ကိုက်တစ်ရာခန့် ဝေး၏၊ ပိန္နဲ၊ မာလကာ၊ သရက်၊ နာနတ် ပင်များမှာ မြံနှင့် အပြည့်စိုက်ထား၏၊

လျှို၄က်ဆန်းကြယ်သော တော နက်ကြီးထဲသို့ဝင်လာရသကဲ့သို့ချောက် ချောက်ချားချားရှိလှ၏၊ ပတ်ဝန်းကျင်နှင့် အဆက်ပြတ်လျက်ရှိသော နေရာဖြစ် ၏၊

စီးပွားရေး ပြီးပြည့်စုံသော ရဲဘုန်း မြတ်ကဲ့သို့သောပုဂ္ဂိုလ်များအတွက်မှ လွှန်စွာနေထိုက်သောနေရာတစ်ခု ဖြစ် ၏၊

"ဟာ - သွေးတွေ - ဆရာ"

"ဟုတ်တယ် - ငါတို့ နောက်ကျ သွားပြီ"

တိုက်၏ဆင်ဝင်အောက်တွင်ဒရွတ် တိုက်ဆွဲသွားသော (သွေးကြောင်း)ကြီး ကို တွေ့ရ၏၊

လှေတံခါးထစ်များတွင်လည်းသွေး များ ပေကျံနေ၏၊

"တိုက်ထဲ မဝင်နဲ့ဦး၊ သွေးကြောင်း အတိုင်းလိုက်ကြည့်ကြစို့၊ ကျုန်တဲ့တစ်ဖွဲ့ ဝင်တချို့က ဒီအိမ်ကို ဝိုင်းထားလိုက်"

"ခွေးထွက်လာရင် ခွေးကိုဖမ်း"

"ကြောင်ထွက်လာရင် ကြောင်ကို ဖမ်း၊ သက်ရှိသတ္တဝါမှန်သမျှအကုန်ဖမ်း ထား"

ဟု မှာကြားကာ တိုက်၏မြောက် ဘက်တောနက်ကြီးထဲသို့ လမ်းညွှန်နေ သော သွေးစက်တိုင်း အမှုလိုက်မောင် ပိုက်တို့ လိုက်ခဲ့ကြသည်၊

လွှန်စွာလေးလံသောအရာဝတ္ထု တစ်ခုကို ဒရွတ်တိုက် ဆွဲယူသွားရာ အလှစိုက်ထားသော မြက်ခင်းများမှာ ပိပြားနေပြီး (စွတ်ကြောင်း)ကြီး ပေါ်နေ ၏၊

"ဟာ - ဟို မှာ - လက် တစ် ဖက် ထောင်လို့ - ဆရာ"

ရဲသားတစ်ဦးက အသစ်စက်စက် မြေဖို့ထားသော မြေစိုင်မြေခဲများထဲမှ လက်တစ်ဖက်ထောင်၍ထွက်နေသည် ကိုမြင်ရသဖြင့် အမှုလိုက်မောင်ပိုက်ကို ပြောလိုက်ခြင်းဖြစ်၏၊

အမှုလိုက်မောင်ပိုက်အပါအဝင် ရဲသားအားလုံးထိုထောင်ထွက်နေသော လက်ရှိရာသို့ သူ့ထက်ငါဦး ပြေးလာခဲ့ ကြလေ၏၊

ထိုစဉ်မိုက် ကားတစ်စင်း တိုက်၏ ဆင်ဝင်အောက်သို့ဝင်လာသည်ကိုတွေ့ ရ၏၊ ထို ကားပေါ်မှ ရပ်ကွက်ဥက္ကဋ္ဌ ဦးထွန်းပေါနှင့်အဖွဲ့ဆင့်လာပြီး အမှုလိုက် မောင်ပိုက်တို့ရှိရာသို့ အပြေးအလွှား ရောက်ရှိလာ၏၊

"ဆရာရေ့ - ကျွန်တော်တို့လည်း အကြောင်းကြားကြားချင်းထွက်လာတာ ပဲ၊ နည်းနည်းနောက်ကျသွားတယ်"

"ဟာ - နောက်မကျပါဘူး - ဥက္ကဋ္ဌ၊ ကျွန်တော်တို့နဲ့ ရှေ့ဆင့်နောက်ဆင့်ပါပဲ၊ ဒီမှာ မြေမြှုပ်ထားတဲ့အလောင်းတစ် လောင်းတော့ တွေ့နေပြီ၊ အဲဒါ ဖော်ဖို့ ဥက္ကဋ္ဌတို့ကို စောင့်နေတာ"

"ဘာထိ - ဒီကိစ္စကို ဓာတ်ပုံရိုက်ပြီးပြီ လား"

"ရိုက်ပြီးပြီ - ဆရာ"

"ကိုင်း - တူးကြကွာ"

ရပ်ကွက်ဥက္ကဋ္ဌနှင့်ပါလာသောမြို့ သာရဝတအမှုဆောင်များနှင့်အတူ ရဲ များပါတွေ့ရာပစ္စည်းများဖြင့်ဖို့ထားသော မြေများကို ယက်ထုတ်ဖယ်ရှားကြလေ ၏၊

မြှုပ်ထားသည်မှာ မကြာသေး သဖြင့်တူးဖော်ရသည်မှာလွယ်ကူလှ၏၊ မြေသားများမှာ မကျစ်လျစ်သေး၊

"ဟာ - ခေါင်းမရှိတော့ဘူး၊ အလောင်းအောက်ကမြေက မာနေပြီ"

"နီ - နေပါဦး - ဥက္ကဋ္ဌရဲ့ရှိစီလို့ သေ ချာလို့လား"

"သေချာတာပေါ့ - အမှုလိုက်ကြီး ရယ်၊ ဒီဘယ်ဘက်လက်သူကြွယ်မှာ ဝတ်ထားတဲ့စိန်လက်စွပ်ကြီးကို ကျွန် တော် ကောင်းကောင်းမှတ်မိပါတယ်"

ဟု ထောက်ထောက်ခံခံပြော၏။

ဖြစ်နိုင်ပါသည်၊ ဥက္ကဋ္ဌသည် ရှိစီတို့ နှင့်တပူးတွဲတွဲလုပ်ကိုင်နေသူဖြစ်သည်။ အိမ်အရောင်းအဝယ်ဖြစ်တိုင်းရောင်းသူ ဝယ်သူဥက္ကဋ္ဌရုံးခန်းသို့လက်မှတ်လာ၍ ထိုးကြရ၏၊ ထိုအခါတွင် စားသောက် ဆိုင်သို့သွားကာ အတူတူစားကြ သောက်ကြသည်၊

ဤအိမ်ကြီးသို့ အဝင်အထွက် လည်းရှိ၏၊ ထို့ကြောင့်ရှိစီကိုကောင်းစွာ မှတ်မိနေခြင်းဖြစ်၏၊

အမှုလိုက်မောင်ပိုက်သည် ရှာဖွေ ပုံစံတွင် တွေ့ရှိပစ္စည်းအားလုံး ရေးသား မှတ်ယူပြီးဆေးစာရေးကာ ဆေးရုံသို့ရှိစီ ၏အလောင်းဟု ထင်ရသော ခေါင်းမပါ သည့် လူသေအလောင်းကို ပို့စေပြီး တိုက်၏အပေါ်ထပ်သို့တက်၍ကြည့်ရန် ထွက်ခဲ့ကြလေတော့သတည်း၊



www.burmeseclassic.com

www.burmeseclassic.com

သွေးအိုင်ထဲက လူတစ်ယောက်

အမှုလိုက်မောင်ပိုက်နှင့်အဖွဲ့သည် အောက်ထပ်တွင် ရှာကြည့်ရာ ဘာမှ မတွေ့၍အပေါ်ထပ်သို့တက်ခဲ့၏။ အပေါ်ထပ်ဧည့်ခန်းတွင် သွေးအိုင်ထဲတွင် လဲကျနေသော လူတစ်ယောက်ကို တွေ့ရှိကြလေတော့၏။

သွေးအိုင်ထဲတွင် လူတစ်ယောက် မှောက်လျက်အနေအထားဖြင့် လဲကျနေ၏။

ညာဘက်လက်တွင် အသွားနှစ်ဖက်ပါဓားမြှောင်တစ်ချောင်း ကိုင်ထားသည်။

တုတ်တုတ်မျှမလှုပ်၊ သတိမေ့နေ၏။

အမှုလိုက်မောင်ပိုက်နှင့် ဥက္ကဋ္ဌထွန်းပေါ်တို့ ထိုလူအနီးသို့ ကပ်သွားပြီး မည်သူဖြစ်သည်ကို သိရှိနိုင်ရန် မှောက်လျက်လဲနေသောအနေအထားမှ ပက်လက်လှန်လိုက်၏။

"ဟာ - ရဲဘုန်းမြတ်၊ အမှုလိုက်ကြီး ရဲဘုန်းမြတ်ပါလားဗျ"

ဟု အံ့သြစွာဖြင့် ဥက္ကဋ္ဌထွန်းပေါ်က ပြောလိုက်သည်၊

"စိတ်တော့မကောင်းဘူးဗျာ၊ ရှိစီကသူမသေခင်ကလေးမှာသူ့ယောကျ်ားကသူ့ကိုသတ်ဖို့လုပ်နေပါတယ်လို့ပြောတယ်ဗျ" ဟု ပြန်ပြောပြ၏၊

"အေးဗျာ - စိတ်တော့ မကောင်းစရာပဲ၊ လွန်ခဲ့တဲ့သုံးလလောက်ကစပြီး သူ့မိန်းမရှိစီ ယောကျ်ားတစ်ယောက်နဲ့ ချိန်းချိန်းတွေ့ပြီး အိမ်ကငွေအရှို့လျှို့ ဖှက်ပေးနေတယ်လို့ ရဲဘုန်းမြတ်က ကျွန်တော့်ကို ပြောဖူးတယ်ဗျ"

"အဲဒီ့ကိစ္စက သူထင်သလိုဟုတ်ရဲ့လားဗျ"

"အင်း - ရှိစီအခြေအနေပျက်နေတာရယ်၊ ခြေလှမ်းပြောင်းလာတာရယ်ကိုတော့သူတို့အိမ်ကိုအသွားအလာများခဲ့တဲ့ ကျွန်တော် နည်းနည်းသတိထားမိတယ်"

"အင်းဗျာ - ယောကျ်ားတစ်ယောက်အဖို့က တိုယ့်အသက်လောက်ချစ်ရတဲ့သူ၊ ကိုယ်က ယုံကြည်စိတ်ချနေသူတစ်ယောက်က အိမ်ထောင်ရေးဖောက်လွှဲဖောက်ပြန် လုပ်လာပြီဆိုတော့လည်း မှားတယ်၊ မှန်တယ် မစဉ်းစားနိုင်တော့ဘူးပေါ့ဗျာ"



"ကိုင်း - ရဲဘုန်းမြတ်ကို သတိရအောင် အရင်လုပ်ကြဦးဟော့"

အမှုလိုက်မောင်ပိုက်က ပြောသဖြင့် ဓာတ်ပုံရိုက်၍ မှတ်တမ်းတင်ပြီး နောက် ရေတစ်ဖလားယူကာ ရဲဘုန်းမြတ်၏ မျက်နှာကို ရေဖြင့် လောင်းချလိုက်ရာ မကြာမီပင် - "အင်း - အင်း" ဖြင့် အသံထွက်လာပြီး ရဲဘုန်းမြတ် သတိရကာ ထ၍ထိုင်လေ၏။

"ဟာ - အမှုလိုက်ကြီးပါလား၊ ဘယ်လိုလုပ်ပြီး ကျွန်တော့်အိမ်ကို ရောက်လာကြတာလဲ၊ ဒါနဲ့ - ကျွန်တော့် ကျွန်တော့်မိန်းမ ရှိစီ - သူ - ရှိစီ - ဘယ်ရောက်နေသလဲ၊ ရှာပေးကြပါဦး"

ဟု ကယောင်ကတမ်း ပြောနေ၏။

"ခင်ဗျားမိန်းမ သေသွားပြီ၊ ခင်ဗျားကိုယ်တိုင်ပဲ ခေါင်းဖြတ်သတ်ပြီး ဒီခြံထဲမှာပဲ မြှုပ်ထားတာ ကျွန်တော်တို့တွေ့လို့ ဆေးရုံပို့လိုက်ပြီ" ဟု အမှုလိုက် မောင်ပိုက်က ပြောသည်၊

"ဟာ - မှားနေပြီ၊ ကျွန်တော်ချစ်လို့ယူထားတဲ့မိန်းမကို ကျွန်တော်က သတ်ပါ့မလားဗျ၊ သူသေတာ မဖြစ်နိုင်ပါဘူး" ဟု ရဲဘုန်းမြတ်က ငြင်း၏။

"ဒါ - ဘာလဲ - ကြည့်ပါဦး"

ပလတ်စတစ်ဖြင့် ထည့်ထားသော ရှိစီ၏စိန်လက်စွပ်ကို ရဲဘုန်းမြတ်အား ပြလိုက်၏။

"ဟာ - အဲဒါ - ကျွန်တော့်မိန်းမရဲ့ စိန်လက်စွပ်ပဲ၊ ကျွန်တော် လက်ထပ်ခွင့်တောင်းတုန်းက သူ့ကိုပေးခဲ့တာ၊ အခု သူဘယ်မှာလဲ၊ ကျွန်တော် သူ့ကိုမသတ်ခဲ့ပါဘူး" ဟု အကြောက်အကန်ငြင်း၏။

"မပြေးသော်လည်း ကန်ရာက ရှိနေတယ်၊ ရဲဘုန်းမြတ် - ခင်ဗျားက သွေးအိုင်ထဲမှာ လဲနေတယ်၊ ခင်ဗျားလက်ထဲမှာ ဓားမြှောင်ကိုတွေ့ရတယ်၊ ခင်ဗျား သူ့ကိုမသတ်ခင်အချိန်ကလေးမှာ ခင်ဗျားမိန်းမကိုယ်တိုင်က သူ့ကို ခင်ဗျားသတ်ဖို့လုပ်နေကြောင်းဖုန်းဆက်လို့ကျွန်တော်တို့ရောက်လာကြရတာပဲ၊ ကဲ - ကဲ - ခုခံမယ်မကြံနဲ့ - ရဲစခန်းကို အသာတကြည်သာ လိုက်ခဲ့တော့"

ဟုအမှုလိုက်မောင်ပိုက်ကပြောပြီး လက်ထဲမှဓားမြှောင်ကို ရှာဖွေပုံစံဖြင့် သိမ်းကာ ရပ်ကွက်ဥက္ကဋ္ဌ ဦးထွန်းပေါ်အား သက်သေအဖြစ် လက်မှတ်ထိုးနိုင်းပြီးနောက်လက်ထိတ်ခတ်၍ရဲဘုန်းမြတ်အား ရဲစခန်းသို့ ခေါ်သွားခဲ့လေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

"ဘူး" တစ်လုံးဆောင် အိုတောင် မဆင်းရဲ

မြိုင်သာရဲစခန်းသို့ရောက်သော် စခန်းရုံးခန်းအတွင်းတွင် ရဲဘုန်းမြတ်ကို စစ်ဆေးကြ၏။

သေွးအိုင်ထဲမှာတွေ့ရသောရဲဘုန်းမြတ်အား အနာတရရှိ,မရှိ (ဒဏ်ရာ) ရှိ,မရှိ စစ်ဆေးကြည့်ရာတွင် မတွေ့ကြ။ အမှန်အားဖြင့် ရဲဘုန်းမြတ်မှာ အသေက်လွန်၊ အမူးလွန်သွားပြီး လူမှန်းမသိ ဖြစ်သွားခြင်းဖြစ်သည်၊

"ဒီမှာ ရဲဘုန်းမြတ် – ခင်ဗျား အမှန်တိုင်းပြောမှ ကျွန်တော်တို့က ခင်ဗျားကို ကူညီနိုင်မှာဖြစ်ပါတယ်၊ ဒီတော့ – ကျွန်တော်တို့ကို အမှန်တိုင်းပြောပြပေးဖို့ မေတ္တာရပ်ခံပါတယ်"

ဟုလူဆိုးထိန်းမောင်ကြီးကလေရှိသေွးကာ မေးလေ၏။

"ကိုမောင်ကြီးရယ် – ခင်ဗျားနဲ့ကျွန်တော်က အခုမှသိကြရတဲ့ လူတွေမှ မဟုတ်ပဲဗျာ၊ ကျွန်တော် – ရှိစီကို ဘယ်လောက်ချစ်တယ်ဆိုတာ ခင်ဗျား သိပါတယ်"

"ကျွန်တော်လိုသူဌေးတစ်ယောက်က စားသောက်ဆိုင်က အဆိုတော်ကို ယူတယ်ဆိုတာ တော်တော်တန်တန် မေတ္တာနဲ့ မယူပါဘူးဗျာ"

ရဲဘုန်းမြတ်က ရှင်းပြ၏၊

"ကိုရဲဘုန်းမြတ်ဘက်က ကြည့်တော့လည်း မှန်ပါတယ်၊ ဒါပေမဲ့ – ရှိစီမသေခင် မိနစ်ပိုင်းက ခင်ဗျားက သူ့ကိုသတ်ဖို့လုပ်နေပါတယ်လို့ ဖုန်းဆက်လို့ ဆရာပိုက်ကိုယ်တိုင် နားထောင်ရပြီး အခင်းဖြစ်တဲ့ နေရာကို သွားခဲ့တော့ ခေါင်းမပါတော့တဲ့ ရှိစီအလောင်းနဲ့ သွေးအိုင်ထဲ လဲကျနေတဲ့ ကိုရဲဘုန်းမြတ်၊ နောက်ပြီး – ကိုရဲဘုန်းမြတ်ရဲ့လက်ထဲကလည်း ရှိစီကိုသေစေနိုင်တဲ့ ဓားမြှောင်ကို တွေ့ခဲ့ရတော့ ခင်ဗျား ဘယ်လောက်ပဲ မသတ်ပါဘူးငြင်းငြင်း ဥပဒေဘက်က ကြည့်ရင်တော့ ခင်ဗျားဟာ လူသတ်သမားပဲဖြစ်နေတယ် ကိုရဲဘုန်းမြတ်"

ဟု လူဆိုးထိန်းမောင်ကြီးက ရှင်းပြ၏၊

"ကိုမောင်ကြီးတို့ဘက်ကကြည့်တော့လည်းကျွန်တော်သတ်ပါတယ်လို့ အထောက်အထားတွေကကောင်းလွန်းနေတော့ ဝတ္ထုရေးရှိတဲ့အတိုင်းသာ လုပ်ပါတော့"

"တစ်ခုတော့ – ကိုမောင်ကြီးကို အကူအညီတောင်းချင်ပါတယ်"

ပြောပါ – ကိုရဲဘုန်းမြတ်"

"ကျွန်တော့်မိန်းမကို ကျွန်တော် မသတ်တာအမှန်ပဲ၊ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ကျွန်တော့်မိန်းမမသေတာ သေချာပါတယ်၊ ကျွန်တော့်ကိစ္စထက်ကျွန်တော့်မိန်းမကိစ္စကိုသာ အရင်ရှင်းပေးပါ။ ကျွန်တော့်မိန်းမ ဘယ်ရောက်နေသလဲ ရှာပေးကြပါ" ဟု ပြော၏၊


"ခက်ပါလား – ရဲဘုန်းမြတ်ရယ်၊ ဒီစိန်လက်စွပ်က ခင်ဗျားမိန်းမလက်စွပ် မဟုတ်လားဗျ"

"ဟုတ်ပါတယ်"

"ဟုတ်တယ်ဆိုရင် ဘာကြောင့် ခင်ဗျားမိန်းမ မသေသေးဘူးလို့ အကြောက်အကန်ငြင်းနေရတာလဲ"

"ကျွန်တော်မသိတ်လို့ပဲ"

> ခေါင်းမပါတဲ့ အလောင်းမှာ ဝတ်ထားတဲ့စိန်လက်စွပ်က မင်းက ရှိစီကိုပေးထားတဲ့လက်စွပ် ဖြစ်နေတယ်။ သေဆုံးသူဟာ ရှိစီဆိုတာ ဘယ်လိုမှငြင်းလို့မရဘူး။ အမှုသွားအမှုလာကို ငါ သေသေချာချာစစ်ဆေးကြည့်လိုက်ကြတော့ ရှိစီကို မင်းကလွဲပြီး ဘယ်သူမှမသတ်ဘူးဆိုတာ ပေါ်လွင်နေတယ်။







www.burmeseclassic.com

www.burmeseclassic.com

"ဘူးတစ်လုံးဆောင် အိုတောင်မဆင်းရဲဘူးဆိုတဲ့စကားကဟိုရှေးခေတ်တုန်းကမှန်ကောင်းမှန်လိမ့်မယ်၊ရဲဘုန်းမြတ်၊ အခု – ခင်ဗျားလက်ထဲမှာ လူကိုသေစေနိုင်တဲ့ ဓားကိုလည်း တွေ့ထားတယ်၊ ခင်ဗျားအိမ်ပိုင်းထဲမှာ ဒီစိန်လက်စွပ်ကို ပိုင်ဆိုင်တဲ့ပိုင်ရှင်အလောင်းကိုလည်း တွေ့ထားပါတယ်"

"အခု – ကျွန်တော်တို့ ခင်ဗျားကိုလူသတ်မှု၊ မှုးယစ်ဆေးသုံးစွဲမှုနဲ့ ရုံးတင်စစ်ဆေးရမှာပဲ၊ ခင်ဗျား လွတ်လမ်းမမြင်ဘူး"

ဟု လူဆိုးထိန်းမောင်ကြီးက ပြောသည်။

"ကျွန်တော်လွတ်ခြင်း၊မလွတ်ခြင်းက ကျွန်တော့်အတွက်ဘာမှမထူးခြားပါဘူး။ ကျွန်တော်အလို ချင်ဆုံးဆန္ဒက ကျွန်တော့်မိန်းမ ရှိစီကို တွေ့အောင် ရှာပေးဖို့နဲ့ ကျွန်တော့်ရှေ့နေ၊ ထွန်းခေါင်နဲ့ ကျွန်တော့်သူငယ်ချင်း မေပုလဲကို ကျွန်တော်နဲ့တွေ့နိုင်အောင် စီစဉ်ပေးဖို့ တောင်းဆိုချင်ပါတယ်"

ဟု ရဲဘုန်းမြတ်က တောင်းဆို၏။

"အဲဒီကိစ္စ ကူညီဖို့က ကျွန်တော့်အဖို့ လွယ်ပါတယ်။ မနက်ဖြန် တရားရုံးထုတ်တော့ တွေ့ရပါမယ်"

"ဂါတ်စာရေးဦးဘ – ဒီတရားခံကိုနံပါတ်တစ်အခန်းထဲက လူသတ်ဓားပြတွေနဲ့ ရောထားလိုက်ပါ၊ နောက်ပြီးမနက်ဖြန် တရားရုံးထုတ်ဖို့လည်း စီရင်လိုက်ဗျာ"

ဟု လူဆိုးထိန်းမောင်ကြီးက မှုခင်းရဲစာရေးကြီးဦးဘကိုအမိန့်ပေးလိုက်ရာ လူသတ်မှုများထားရာတစ်နံပါတ်အချုပ်ခန်းအတွင်းသို့ ရဲဘုန်းမြတ်ကို ပို့လိုက်လေတော့၏။

။ ။

သံသယ ထောင်ချောက်

ဒီနေ့ – ရဲဘုန်းမြတ်ကို တရားရုံးထုတ်သည်။ တရားရုံးအချုပ်ခန်းအတွင်း ရဲဘုန်းမြတ်ရောက်နေခိုက် ရှေ့နေရဲထွန်းနှင့် မေပုလဲတို့နှစ်ယောက် ရောက်လာသည်။

"ဟကောင် – ရဲဘုန်းမြတ် – မင်း ဘယ်လိုဖြစ်ပြီး လူသတ်လိုက်ရတာလဲ"

ရောက်မဆိုက် ရှေ့နေရဲထွန်းကမေးလိုက်သည်။

"ဘာလဲ – မင်းကပါ ငါ့ကို မယုံဘူးလား။ ငါချစ်လို့ယူထားတဲ့မိန်းမကို ငါက သတ်သတဲ့လား"

"အေး – မယုံလို့မဟုတ်ဘူး။ မင်းကို ငါကမှမယုံရင် ဘယ်သူက မင်းကို ယုံမှာတဲ့လဲ၊ အေး – တစ်ခုရှိတာက ရှိစီမသေခင်မှာ ရဲစခန်းကို သူ့ကို မင်းက သတ်ပါတော့မယ်လို့ဖုန်းဆက်တယ်လို့ ပြောတယ်"

"နောက်ပြီး – ခေါင်းမပါတဲ့ အလောင်းမှာ ဝတ်ထားတဲ့စိန်လက်စွပ်က မင်းက ရှိစီကိုပေးထားတဲ့လက်စွပ်ဖြစ်နေတယ်။ သေဆုံးသူဟာရှိစီဆိုတာ ဘယ်လိုမှငြင်းလို့မရဘူး"

"အမှု သွား၊ အမှု လာကို ငါ သေသေချာချာစစ်ဆေးကြည့်လိုက်တြေတော့ ရှိစီကို မင်းကလွဲပြီး ဘယ်သူမှ မသတ်ဘူးဆိုတာ ပေါ်လွင်နေတယ်၊ ဒါပေမဲ့ – ငါ့အနေနဲ့တော့ အတတ်နိုင်ဆုံး မင်းအမှုကို လိုက်ပေးမယ်"

ဟု ရှေ့နေရဲထွန်းက ပြော၏။

"လူတစ်ယောက်လုံးကို သတ်ချင်လောက်အောင် မုန်းရတဲ့ အမုန်းတရားက ဘာလဲ ပြောပြစမ်းပါဦး – ကိုရဲဘုန်းမြတ်"

မေပုလဲက ဝင်မေး၏။

"အော်၊လက်စသတ်တော့ငါ့အချစ်ဆုံးသူငယ်ချင်းနှစ်ယောက်ကပါ ငါ့ကို မယုံကြပဲကိုး၊ ကိုင်း – သူငယ်ချင်းတို့ ငါ့ထိုက်နဲ့ ငါ့ကံ ရှိပစေတော့၊ ဒီအမှုနဲ့ ပတ်သက်ပြီးငါ့အတွက်ငွေလည်းအကုန်မခံနဲ့တော့၊ပေးတဲ့အပြစ်ကိုလည်စင်းပြီးခံလိုက်တော့မယ်"

ဟု ရဲဘုန်းမြတ်က ပြော၏။

"ကျွန်မမေးတာ ရှင် မဖြေသေးပါလား – ကိုရဲဘုန်းမြတ်"

"ဖြစ်ရတဲ့အကြောင်းရင်းက ဒီလိုရှိစီက ဒီလပိုင်းမှာ ခြေလှမ်းတွေ တော်တော်ပျက်နေတယ်၊ ကျွန်တော် အပြင်ထွက်တဲ့ရက်ပိုင်းမှာ လူတစ်ယောက်ကိုအိမ်မှာ ချိန်းချိန်းတွေ့နေပြီး ပိုက်ဆံတွေပေးနေတယ်"

"တစ်နေ့မှာကျွန်တော်အပြင်ထွက်ချင်ယောင်ဆောင်ပြီး ဖမ်းထားမယ်၊ အဲဒီအကောင်က ခြံရဲ့နောက်ဖေးဘက်ကို ထွက်ပြေးတာတွေ့လို့ နောက်ကလိုက်တော့ – လားလား – ဒီကောင်မက နောက်ဖေးဝင်းထရံမှာ လူတစ်ကိုယ်စာ ဝင်နိုင်ထွက်နိုင်အောင် ဝင်ပေါက်ကြီးလုပ်ထားတာ တွေ့ရတယ်"

"တိုက်နဲ့ ဝင်းထရံနဲ့ ကိုက်တစ်ရာအဝေးရှိတဲ့အပြင် တောအုပ်ကြီးက ခြားနေတော့ အဲဒီအပေါ်ကို တိုက်ကနေလှမ်းကြည့်ရင် မမြင်ရဘူး"





www.burmeseclassic.com

www.burmeseclassic.com

"အဲဒီ့ကိစ္စကို ပြောတော့ အဲဒီ့ အပေါက်ကိုသူလုပ်ထားတာမဟုတ်ဘူး တဲ့၊ အဲဒီ့လူကိုလည်းသူမသိဘူးတဲ့။ ဘူး ခံပြီးတော့ပဲ ငြင်းနေတယ်"

"ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော် တို့ စကားများရတာ နစ်ချီနေပြီ။ ဒီနေ့ တော့ - အပြတ်ရှင်းမယ်ဆိုပြီးကျွန်တော် ရဲဆေးထိုးတဲ့အနေနဲ့အရက်ကိုမူးအောင် သောက်ထားမှာ၊ အရက်ပုလင်းထဲမှာ ဒဗလျူမူးယစ်ဆေးတွေ အမှုန့်ပြုထည့် ထားတာကျွန်တော်မသိပဲသောက်လိုက် မိတယ်"

"ကျွန်တော် - သူ့ကို ဒီနေ့ ရိုက်မိ သလား၊ မရိုက်မိဘူးလားတောင် ကျွန် တော်မသိပါဘူး။အရက်ကလူရဲ့သွေးကို ဆူစေပြီးကြွမ်းကြွမ်းတမ်းတမ်း ဆက်ဆံ မိစေတယ်၊ ဒဗလျူဆေးကတော့ လူကို ထိုင်းမှိုင်းစေပြီး မိန်းမောသွားစေတော့ ဆန့်ကျင်ဘက်စွမ်းအားနှစ်ခုကြောင့် ကျွန်တော် သတိမေ့သွားခဲ့တယ်"

"ကျွန်တော်သတိရတော့သွေးအိုင် ထဲ လဲနေပြီ၊ သူတို့က ရှိစီကို ကျွန်တော် သတ်ပါတယ်လို့ ဘယ်လိုပဲပြောပြော ကျွန်တော် သူ့ကိုသတ်ဖို့နေနေသာသာ ကျွန်တော့်ကိုယ် ကျွန်တော်တောင်မှ မထိန်းနိုင်ခဲ့ပါဘူး၊ ဒါ့ကြောင့် - ရှိစီကို ကျွန်တော်မသတ်တာတော့ အသေ အချာပါပဲ - မေပုလဲရယ်"

ဟု ရဲဘုန်းမြတ်က ရှင်းပြ၏။

"အင်း - သေချာတာကတော့ ကိုရဲ ဘုန်းမြတ် - ရှိစီ့အပေါ်သံသယစိတ်တွေ များခဲ့တာပဲ၊ ဒီသံသယစိတ်ကို အခွင့် အရေးယူပြီး အကွက်ဆင်သွားတာက တော့ မရှိစီပဲ"

ဟု မေပုလဲက ပြော၏။

"ဖြစ်နိုင်တယ် - ကိုရဲဘုန်းမြတ်၊ ခင်ဗျားတစ်ယောက်ရှိစီရဲ့လှည့်ကွက်ထဲ ဝင်သွားခဲ့ရပြီဗျ။ အမှန်က ခင်ဗျားက သံသယတောင်ချောက်ထဲ တန်းတန်း မတ်မတ် ဝင်သွားတာပဲဗျို့"

"ကိုင်း - ကိုင်း - စိတ်အေးအေးသာ ထားတော့၊ အပြင်က အဓိကကျတဲ့ ကိစ္စ တွေအားလုံး ကျွန်တော် ကြည့်ရှင်းထား လိုက်မယ်၊ ဒီနေ့ စစ်တဲ့ဆေးတဲ့ အခါမှာ အဲဒါတွေအကုန်လုံး တရားသူကြီးကို ပြောပြထွက်ဆိုလိုက်၊ ဒါမှ သံသယ အကျိုး ခင်ဗျား ခံရမှာ"

"ကိုင်း - ခွင့်ပြုဦး၊ ကျွန်တော် စီရင် စရာလေးတွေ သွားပြီးစီစဉ်လိုက်ဦး မယ်"



"ကျွန်မလည်း သွားလိုက်ဦးမယ်၊ နောက်မှ ထပ်ပြီးလာတွေ့ဦးမယ်နော်"

ဟု ရှေ့နေထွန်းခေါင်နှင့် မေပုလဲတို့ နှစ်ယောက် ရဲဘုန်းမြတ်ကို နှုတ်ဆက် ပြီး ထွက်သွားကြလေတော့၏။

၂၂

အဓိကသက်သေ

ညနေသုံးနာရီတွင် တရားရုံးစာရေး မှ တရားခံ ရဲဘုန်းမြတ်ကို ရုံးထုတ်ရန် အမိန့်ကျသဖြင့် ရဲဘုန်းမြတ် တရားရုံးခုံရုံ့ အမှတ်တစ်ရှိ တရားခံနေရသော ဝက်မြံ အတွင်းသို့ ဝင်ရောက်နေရာယူရလေ ၏။

တရားလိုမှာ အမှုလိုက်မောင်ပိုက် ဖြစ်၏။ အသတ်ခံရသူဘက်မှ တိုင်မည့် သူမရှိသဖြင့် ရဲကပင် တာဝန်ယူ၍ ဤ အမှုကို တရားလိုလုပ်ကာ တရားစွဲဆိုခဲ့ ခြင်းဖြစ်သည်။

"မှန်ရာကို အစစ်ခံပါမည်"

"အမှန်ကို အစစ်ခံပါမည်"

"မမှန်မမှန် ထွက်ဆိုပါက ..."

"မမှန်မမှန် ထွက်ဆိုပါက ..."

"ကျမ်းစူးပါစေသား"

"ကျမ်းစူးပါစေသား"

"ကိုရဲဘုန်းမြတ်နဲ့ မရှိစီတို့ဟာ နေ့စဉ်ရက်ဆက် စကားများကြတယ်ဆို တာ ဟုတ်ပါရဲ့လား"

"ဟုတ်ပါတယ်"

"အခင်းဖြစ်တဲ့နေ့က ကိုရဲဘုန်း မြတ် လူမှန်းမသိအောင် အရက်တွေ သောက်ထားတယ် ဆိုတာ ဟုတ်ပါ သလား"

"ဟုတ်ပါတယ်"

"ကိုယ့်မိန်းမသတ်မိလိုက်တာမသိ ဘူးမဟုတ်လား"

"ဗျာ ..."

"အမူးလွန်နေတော့ကိုယ့်ဘာလုပ် လို့လုပ်မိမှန်း မသိလိုက်ဘူးမဟုတ် လား"

"ဒီလိုကြိုတင်နိမိတ်ပြမေးခွန်းမျိုး မေးတာကို ကျွန်တော် ကန့်ကွက်ပါ တယ်"

ရှေ့နေထွန်းခေါင်က ထား၏။ တရား သူကြီးကလည်းထိုမေးခွန်းကိုကန့်ကွက် ၏။ မေးခွင့်မပေးသဖြင့် အခြားမေးခွန်း များဆက်လက်မေးကြားရာရဲဘုန်းမြတ် ၏နောက်ဆုံးအဖြေမှာ ၎င်း၏ဇနီးဖြစ်သူ အား မိမိမသတ်ခဲ့ကြောင်းသာ ဖြစ်လေ ၏။

www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် ရက်ချိန်းဆိုလာရာ ခြောက်လကြာခဲ့၏။ အမှုမှာ သံသယဖြစ်စရာများသာ တွေ့ရှိနေ၏။ အမှု၏မှုတာမှာ -

"ကလေး"

"အရွှန်းနှင့် ကျပ်မပြည့်သူတို့၏ ထွက်ဆိုချက်များကို အမှန်မယူဆ"

ရှေ့ဓနရဲထွန်းက ရဲဘုန်းမြတ်အား ထိုစဉ်က တဒင်္ဂဆေးကြောင်နေပြီး အရွှန်းတစ်ပိုင်းဖြစ်နေကြောင်းနှင့် အရက်ကြောင်ကြောင်၍ ရူးနေသူဖြစ်ကြောင်း အမှုပေါ့လျော့အောင် လျှောက်လွှဲချက်ပေးနေလေရာ ရဲဘုန်းမြတ်တစ်ယောက် အမှုမှ (တရားရှင်) လွတ်တော့မည့်ကဲ့သို့ ဖြစ်နေ၏။ တရားရှင်ဆိုသည်က လိုအပ်လျှင့် ပြန်၍ဖမ်းလို့ရ၏။ ရဲဘုန်းမြတ်နှင့် မေပုလဲတို့က ရှေ့ဓနရဲထွန်းအား ကျေးဇူးမိတော်အနန္တဖြစ်နေ၏။

ထိုစဉ်ရိုက်တွင် တရားရုံးထဲသို့ တဘက်၊ စောင်ကို ခေါင်းတွင်ပေါင်းထားသော တောသားကြီးတစ်ယောက် ဝင်လာပြီး ရဲဘုန်းမြတ်က ရိုစီအား သတ်ခဲ့သည်ကို သူကိုယ်တိုင် မျက်မြင်ဖြစ်ကြောင်း ထွက်ဆိုလေ၏။

လာရောက်နားထောင်သူအားလုံး စုတ်တသပ်သပ်ဖြင့် အံ့ဩထိတ်လန့်သွားကြလေ၏။

ဤသက်သေအားအမှုလိုက်မောင်ပိုက် ရှာလာခြင်းဖြစ်၏။

"တရားသူကြီး ခင်ဗျား - မျက်မြင်သက်သေတစ်ယောက် ပေါ်လာပါသဖြင့် လျှောက်လွှဲတင်ပြ ထွက်ဆိုခွင့်ပြုပါ" ဟု အသိပေး၏။

တရားသူကြီးက ခွင့်ပြုလိုက်ရာ ထိုခေါင်းပေါင်းနှင့်လူက အောက်ပါအတိုင်း ထွက်ဆိုလေတော့၏။

"ကျွန်တော့်နာမည် လူကြီးမောင်ပါ"

"ကျွန်တော်က ရိုစီရဲ့ဦးလေးပါ"

"ရိုစီ (၁၇) နှစ်သမီးအရွယ်မှာ သူ့အမေ ဆုံးသွားတော့ ရိုစီကို ကျွန်တော့် သမီးအဖြစ် မွေးစားခဲ့တာပါ"

"ရိုစီက ရန်ကုန်မြို့ သိမ်ကြီးဈေးအပေါ်ထပ်က သံအမတ်ကြီးစားသောက်ဆိုင်မှာ သီချင်းဆိုပါတယ်။ သူဆိုလို့ရ သမျှပိုက်ဆံကို ကျွန်တော့်ဆီ အပ်တော့ ကျွန်တော်တို့မိသားစုမှာ စားဝတ်နေရေး ပြေလည်ခဲ့ပါတယ်"

"အဲဒီ့နောက်ပိုင်း ရဲဘုန်းမြတ်နဲ့ရ သွားတော့ ယခင်ကလို ကျွန်တော်တို့မှာ စားဝတ်နေရေး မပြေလည်တော့ပါဘူး"

"ရိုစီခမျာ ပေါ်ပေါ်တင်တင် ကျွန်တော်တို့ကို မထောက်ပံ့နိုင်တော့ပါဘူး။ ဒါကြောင့် - တစ်ပတ်တစ်ခါ၊ တစ်လတစ်ခါ၊ ခြောက်လတစ်ခါ ရဲဘုန်းမြတ် မရှိခင်မှာ ချိန်းတွေ့ပြီး ပိုက်ဆံပေးပါတယ်"

"တစ်နေ့မှာ မမျှော်လင့်ဘဲ ရဲဘုန်းမြတ်အလုပ်က ပြန်လာတာ ကြုံကြိုက်လို့ ကျွန်တော် ခွေးပြေးဝက်ပြေးပြေးခဲ့ရပါတယ်"

"တော်သေးတာက အိမ်ဝိုင်းကြီးက ကျယ်ပြီး သစ်ကြီးဝါးကြီးတွေရှိတော့ ကျွန်တော်ပြေးလို့လွတ်ခဲ့ပါတယ်။ လွတ်ရတဲ့အကြောင်းရင်းက အိမ်နောက်ဖေးဝင်းထရံကို ကျွန်တော် ဝင်လို့ထွက်လို့ရအောင် လူတစ်ကိုယ်စာ အပေါက်ဖောက်ထားလို့ပါ"

"အဲဒီ့နေ့ကစပြီး ရဲဘုန်းမြတ်က ကျွန်တော့်တူမကို နှိပ်စက်တော့တာပါပဲ။ အခင်းဖြစ်တဲ့နေ့ကတော့ ကျွန်တော် ချိန်းထားလို့ ပိုက်ဆံလာအယူမှာ မမျှော်လင့်ဘဲ သူတို့လင်မယား သတ်ပုတ်နေတာ တွေ့ရပါတယ်"

"ရဲဘုန်းမြတ်က ဓားနဲ့ထိုးဖို့ တကဲကဲလုပ်နေတာမှာ ကျွန်တော့်တူမက မြိုင်သာရဲစခန်းကို ဖုန်းဆက်ပြီး တိုင်ကြားနေတုန်း ကျွန်တော့်တူမရဲ့လည်ပင်းကို နောက်ကနေ ဓားမြှောင်နဲ့ ထိုးချလိုက်တာ ကျွန်တော် တွေ့မြင်လိုက်ပါတယ်"

"ကျွန်တော် လည်း တော်တော်ကလေးလန့်သွားခဲ့ပါတယ်။ ကျွန်တော့်တူမက ရဲကို အကြောင်းကြားထားတာဆိုတော့ မကြာခင် ရဲများ ရောက်လာတော့မှာပဲဆိုပြီး ကျွန်တော် ထွက်ပြေးခဲ့ပါတယ်"

"နောက်ထပ်ပြီး - ရဲဘုန်းမြတ် ဘာတွေဆက်လုပ်တယ်ဆိုတာတော့ ကျွန်တော် မမြင်ရတော့ပါဘူး။ ပန်းသတင်းလေညင်းဆောင်၊ လူ့သတင်း လူချင်းဆောင်ဆိုသလိုပါပဲ။ လူသတ်သမားဟာ လွတ်တော့မလိုလို သတင်းကြားရလို့ ကျွန်တော့်တူမကိုယ်စား ကလဲ့စားချေဖို့ တရားရုံးမှာအမှန်တရားတွေလာရောက်ထွက်ဆိုတာပါ"

ဟု လူကြီးမောင်က ရဲရဲတင်းတင်း ကျမ်းကိုင်ကာ ထွက်ဆိုလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

ရှေ့ဘာတ်စာရေးက လူကြီးမောင်၏ ထွက်ဆိုချက်များကို လက်နှိပ်စက်သံက တဖြောင်းဖြောင်းမြည်အောင်ရိုက်၍ မှတ်တမ်းတင်လိုက်၏။

ရမန်ကြီး တစ်ပတ်ပေးလိုက်ပြီး နောက်အပတ်တွင် ဆုံးဖြတ်ချက်ချမည် ဟုပြောကာ ရက်ချိန်းလိုက်၏။

လူကြီးမောင်၏ထွက်ဆိုချက်ကြောင့် ရဲဘုန်းမြတ်တစ်ယောက်ကြက်ကို လည်လိမ်ချိုးလိုက်သကဲ့သို့ အရှုပ်ကြီးပြတ်ကျသွားလေတော့သတည်း။

" "

"ယုံမိလို့ ပုံအပ်မိပါတယ်"

လူကြီးမောင်၏ထွက်ဆိုချက်ကြောင့် ဇင်းက သက်မဲ့သက်သေခံ ပစ္စည်းများ၏လူသတ်ရန်အကြောင်းရင်း ခိုင်လုံနေမှုကြောင့်လည်းကောင်း၊ သက်ရှိ လူသေအလောင်းကို တွေ့ရှိရသဖြင့် လည်းကောင်း ရဲဘုန်းမြတ်လူသတ်မှု (၃၀၂)ပုဒ်မဖြင့်အလုပ်ကြမ်းနှင့်ထောင် (၁၀)နှစ်ချလိုက်လေတော့၏။

"စိတ်မကောင်းပါဘူး-ရဲဘုန်းမြတ်။ ကျွန်တော် ကြိုးစားပေမယ့် သက်သေခံ ပစ္စည်းတွေက ခိုင်လုံလွန်းနေတော့ကျွန်တော်ဘယ်လိုမှမတတ်နိုင်တော့တာကို ခွင့်လွှတ်ပါဗျာ"

ဟု ရှေ့နေထွန်းခေါင်က စိတ်မကောင်းခြင်းများစွာဖြင့် ပြောလေ၏။

"ဆယ်နှစ်ဆိုတဲ့ခရီးက မနီးလှပြီး ကိုထွန်းခေါင်-ကျွန်တော့်ရဲ့လည်ပတ်နေတဲ့စီးပွားရေးတွေ ပျက်သွားနိုင်ပါတယ်။ ကျွန်တော်လုပ်သမျှကိစ္စအဝဝကို ကိုထွန်းခေါင်ပံ့ပိုးမှု၊ ကူညီမှုတွေနဲ့ လုပ်ထားတာဆိုတော့ကျွန်တော့်ရဲ့စီးပွားရေးအားလုံး ကိုထွန်းခေါင်၊ အပ်ကျတာက အစ အကုန်သိနေတာဆိုတော့ ကျွန်တော့်ကိုယ်စား ကိုထွန်းခေါင် ဆက်ပြီး ထိန်းသိမ်းစောင့်ရှောက် ဦးစီးပြီး လုပ်သွားစေချင်ပါတယ်"

"ဟာ-ဒီအတွက်တော့ စိတ်ချပါ ရဲဘုန်းမြတ်၊ မင်းနဲ့ငါတို့က သူငယ်တန်းကတည်းက ဘွဲ့ရတဲ့အထိ အတူတူကြီးပြင်းလာခဲ့ကြတဲ့သူတွေပဲ"

"တစ်မိသားစုတွေဆီက ပေါက်ဖွားလာခဲ့ကြပေမယ့် ခင်ဗျားတို့၊ ကျွန်တော်တို့က ညီအစ်ကိုအရင်းလို ချစ်ခဲ့ကြတာပဲ။ ခင်ဗျားစီးပွားရေးက ကျွန်တော့်စီးပွားရေးပဲပေါ့ဗျာ၊ အဲ-တစ်ခုတော့ရှိတယ်"

"ပြောပါ-ကိုထွန်းခေါင်-အားမနာပါနဲ့၊ ကျွန်တော် ဘာလုပ်ပေးခဲ့ရမလဲ"

"ခင်ဗျားနဲ့ ဆက်သွယ်နေတဲ့လူတွေ၊ ကုမ္ပဏီတွေ၊ အလုပ်သမားတွေ နောက်ပြီး-ဘဏ်တွေက ကျွန်တော့်ကို ယုံကြည်အောင် ခင်ဗျားရဲ့လုပ်ငန်းကိုင်ငန်းအားလုံး ကျွန်တော့်ကိုလွှဲခဲ့ကြောင်း လုပ်ပိုင်ခွင့်စာချုပ်တော့ လုပ်ပေးခဲ့ရလိမ့်မယ်"

"ဟုတ်လိုက်လေ-ကိုထွန်းခေါင်ရယ်၊ အဲဒါက အရေးကြီးဆုံးအချက်ပဲပေါ့၊ ကဲဗျာ-သရက်ထောင်ကိုမပို့ခင် အဲဒီကိစ္စပြီးအောင် လုပ်လိုက်ကြရအောင်"

အစစအရာရာရှေ့နေထွန်းခေါင်ကို ယုံကြည်သဖြင့် လွန်စွာခိုင်လုံသော အလုပ်လွှဲစာစာချုပ်ကိုရှေ့နေထွန်းခေါင်ထံ အပ်လိုက်လေ၏။ လွှဲပြောင်း၍ ပေးလိုက်လေတော့၏။

ဤသို့ဖြင့် မိမိ၏လုပ်ငန်းကြီးနှင့် ပတ်သက်ပြီးစိတ်ချသွားရပြီဖြစ်ရာစိတ်ဖြောင့်ဖြောင့်ဖြင့် သရက်ထောင်သို့ ရဲဘုန်းမြတ်တစ်ယောက် ခေါင်းအေးအေးဖြင့် သွားနိုင်ခဲ့လေ၏။

သရက်ထောင်သို့ မသွားမီ ထွန်းခေါင်အား အကူအညီတစ်ခုတော့ တောင်းခဲ့သေး၏။

"ဒီမယ် ကိုထွန်းခေါင်-ကျွန်တော် ရိုစီကိုမသတ်ခဲ့ဘူးဗျ။ ဟိုလူ လူကြီးမောင်ဆိုတဲ့အကောင်ဟာ သက်သေအလိမ်ကြီးဗျ။ မဟုတ်မှုလွှဲရော လူကြီးမောင်ဆိုတဲ့အကောင်နဲ့ ကျွန်တော့်မိန်းမ ရိုစီ နှစ်ယောက် ပေါင်းပြီးကြံစည်တယ်လို့ပဲထင်တယ်"

"ဒါကြောင့်-ရိုစီကို တွေ့အောင်ရှာပြီးသေ,မသေ ကျွန်တော့်ထံအကြောင်း ပြန်ပေးပါဦးဗျာ"

ဟု မှာခဲ့ရာ၊ ရှေ့နေရဲထွန်းကလည်း ထိုကိစ္စကို ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အထပ်ထပ် အခါခါ ကတိပေးလိုက်ပေတော့သတည်း။

" "

မနက်ဖြန်ဆိုလျှင် ရဲဘုန်းမြတ်ကို သရက်ထောင်သို့ ပို့တော့မည်ဖြစ်၏။

မြို့သာရဲစခန်းအတွင်းသို့ ရှေ့နေရဲထွန်းခေါင် ရောက်လာပြီး ရဲဘုန်းမြတ်ကို အားပေးစကား လာပြောသည်။





www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် လုံးဝမကျေနပ်ဘူးကို ရဲထွန်း၊ ကျွန်တော့်မှာ လူလည်းမသတ်ရပဲ လူသတ်မှုနဲ့ ထောင်ထဲမှာ ဒုတိယအရွယ် ကုန်ဆုံးရတော့မယ်။ အဆိုးဆုံးက ကျွန်တော်တော့ ဖနီးကို ဘယ်လိုကောင်က မကောင်းကြံပြီး ဘယ်ခေါ်သွားမှန်းမသိတာကိုသိအောင် လုပ်ချင်တယ်ဗျာ"

ဟု ရဲဘုန်းမြတ်က ပြော၏။

"ဒီကိစ္စနဲ့ပတ်သက်ပြီး ခင်ဗျားဆန္ဒပြင်းပြနေရင်တော့ ကျွန်တော်တစ်ခုကြံဆောင်နိုင်တယ်၊ ခင်ဗျားသဘောတူနိုင်မလား"

ရဲထွန်းက ရဲဘုန်းမြတ်ကို တိုင်ပင်ကြည့်၏။

"ဘာအကြံအစည်ရှိလည်း ပြောဗျာ၊ ကျွန်တော် ထောင်ထဲမှာ ဘဝကိုမြှုပ်နှံရမယ့်အစား အပြင်ထွက်ပြီးလက်စားချေချင်တယ်"

"ကောင်းပြီ – မနက်ဖြန် သရက်ထောင်အပို့ စကားတောင်ကိုးကွေ့အရောက်မှာ ခင်ဗျားကိုလာကယ်မယ်။ ခင်ဗျားသိထားရမှာက အချုပ်ကားပေါ်က အမြန်ဆုံးဆင်းပြီး ဧရာဝတီမြစ်ကမ်းနဖူးကိုသာ ဆင်းခဲ့ပေတော့၊ မော်တော်ဘုတ် အဆင်သင့်လုပ်ထားမယ်၊ အဲဒီကမှ ကျွန်တော်တို့ သင့်သလို ပြေးကြတာပေါ့"

ဟု ရှေ့နေရဲထွန်းက ပြော၏။

"ကောင်းပြီလေ – ခင်ဗျား ဆက်ဆက်သာ လာခဲ့ပေတော့၊ ကျွန်တော်အဆင်သင့်ပြင်ဆင်ထားမယ်"

ဟုရဲဘုန်းမြတ်က ပြောပြ၏၊ ထိုသို့တိုင်ပင်ဆွေးနွေးပြီးနောက် ရှေ့နေရဲထွန်းခေါင် ပြန်ထွက်သွား၍မကြာမီပင် မေပုလဲ ရောက်ရှိလာလေ၏၊

"ဟော – မေပုလဲပါလား၊ အခုလေးတင် – ရဲထွန်းခေါင် ပြန်သွားတယ်"

"ဟုတ်ကဲ့ – လမ်းမှာ ကားချင်းရှောင်ခဲ့တယ်၊ သူနဲ့ စကားတော့ မပြောဖြစ်လိုက်ဘူး၊ ဒါနဲ့ – ကိုရဲထွန်းက ဘာတွေပြောသွားသေးလဲ"

ရှေ့နေရဲထွန်း ပြောပြသွားသမျှကို ရဲဘုန်းမြတ်က ပြန်ပြောပြ၏၊

"ကျွန်မတော့ ကိုရဲထွန်းကိုမသင်္ကာဘူး"

"အဲဒါ ဘာစကားလဲ – မေပုလဲ"

"ရှင်ပိုင်ဆိုင်သမျှပစ္စည်းအားလုံး သူ့အမည်နဲ့ ပိုင်ဆိုင်မှုတွေ ပြောင်းပစ်လိုက်ပြီ၊ သူပြောတဲ့ကိစ္စကြီးက ကျွန်မအဖို့တော့မသင်္ကာစရာ၊ တွေးတောစရာတွေ များနေတယ်"

"အော် – ဖြစ်ရလေ – မေပုလဲရယ်။ ကျွန်တော့်အတွက် စိုးရိမ်ပေးတာ ဝမ်းသာပါတယ်။ ကျွန်တော်ကပဲ သူ့အလုပ်လုပ်လို့အဆင်ပြေအောင်ပိုင်ဆိုင်မှုအားလုံး သူ့အမည်ပြောင်းထားဖို့ လုပ်ခဲ့တာပါ"

"သတိဆိုတာ ပိုတယ်လို့တော့ မရှိပေဘူး၊ အဲဒီ့နေ့မှာ ရှင် သတိတော့နည်းနည်းထားရလိမ့်မယ်ထင်တယ်"

ဟု မေပုလဲက သတိပေး၏၊ ဤသို့ဖြင့် တခြားကိစ္စများ ပြောဆိုပြီးနောက် မေပုလဲ ပြန်သွားခဲ့၏။

ရဲဘုန်းမြတ်တစ်ယောက် မေပုလဲ ပြောသွားသည်များကို အမျိုးမျိုးစဉ်းစားကြည့်မိ၏၊ မိမိတို့ သုံးယောက်မှာ ကလေးဘဝကတည်းက အတူတူပေါင်းသင်းလာသူများဖြစ်၍ တစ်ယောက်အကြောင်း တစ်ယောက်သိနေ၏၊

ငယ်ငယ်ကတည်းက ထွန်းခေါင်သည် အများတကာထက် လက်တစ်လုံးကြောရမှ ကျေနပ်သူဖြစ်၏၊ ၎င်းအတွက် အကျိုးအမြတ်ရမည့်ကိစ္စဆိုလျှင် ကြီးသည်၊ ငယ်သည်၊ စင်သည်၊ မစင်သည်ကို ဂရုစိုက်နေသူမဟုတ်၊ သူဖြစ်ချင်တာ၊ သူယူချင်တာ ဖြစ်အောင် ရအောင် လုပ်တတ်သူဖြစ်၏။

သို့သော် မေပုလဲနှင့် မိမိ၏အပေါ်တွင်တော့ သူဘာယ်တော့မှမလုပ်ခဲ့၊ မိမိတို့ဘက်မှ မှားမှားမှန်မှန် မားမားမတ်မတ်ရပ်တည်ခဲ့သူဖြစ်၏။

"အို – တွေးနေရင် မောပါတယ်၊ နောင်ခါလာ၊ နောင်ချေးပေါ့" ဟု စိတ်ဆုံးဖြတ်ကာ နောက်နေ့တွင် သရက်ထောင်သို့ လိုက်ပါနိုင်ရန် ပြင်ဆင်ပြီး အိပ်ရာဝင်လိုက်တော့၏၊

၊ ၊

ထိပ်ချုမှ ဓားပြမှန်းသိ

ရဲဘုန်းမြတ်အား တင်လာသော အချုပ်ကားမှာ ပြည်မြို့သို့ ကျော်လာခဲ့ပြီဖြစ်၏၊ အချုပ်ကား၏ရှေ့ခန်းတွင် သင်တန်းဆင်းပြီး စဖြစ်သော ဒုလုံမှူးတစ်ယောက်နှင့် ဒရိုင်ဘာတပ်ကြပ်တစ်ယောက် ပါလာသည်၊

အချုပ်ခန်းထဲတွင် ထောင်ကျ(၁၀) ယောက် ပါပြီး ထိုအချုပ်သားများ အား စောင့်ကြပ်လိုက်ပါသူ (၃) ယောက်ပါ၏။

www.burmeseclassic.com

အချုပ်သားတရားခံ(၁၀) ယောက်နှင့် ရဲသား(၃)ယောက်ကို သံဆန်ကာခြား ထားသည်။ ၎င်းတို့၏ အပြင်ဘက်၊ နောက်ပိတ်တံခါးမှာ သွပ်ပြားဖြင့် အလုံ ပိတ်ထားပြီး တရားခံနှင့် ရဲသားများအား အပြင်မှ သော့ခတ်ထားလေ၏။

မည်သို့မှ လွတ်လမ်းမရှိသဖြင့် တရားခံများအား လက်ထိတ်ခတ်မထားပေ။ အောင်လံမြို့သို့ရောက်ရန်မှာ (၃၂) မိုင်ဝေးသေး၏။ အောင်လံမြို့ရောက်မှ စက်လှေဖြင့် သရက်မြို့ဘက်သို့ ကူးရမည်ဖြစ်၏။

ထို အချုပ်ကား၏နောက်တွင် (SURF)ကားအနက်တစ်စင်းပါလာ၏။ ထိုကားကို မောင်းလာသူမှာ မေပုလဲဖြစ်သည်။

မေပုလဲသည် ထွင့်ခေါင် သာတွေကြံစည်ထားသည်ကို သိချင်၍ အချုပ်ကားနောက်ကိုက်တစ်ရာအကွာမှလိုက် လာခြင်းဖြစ်၏။

မေပုလဲသည် လိုရမည်ရဖော သဘောဖြင့် ဆေးပစ္စည်းအစုံ ယူလာသည့်အပြင် ရဲဘုန်းမြတ်အတွက်အဝတ်အစားအပိုများ ယူလာခဲ့သည်။

မကြာမီ အချုပ်ကားသည် စကားတောင်ကိုးကွေ့သို့ ရောက်လာ၏။

ထိုအကွေ့မှာ ဂငယ်ကွေ့ ဖြစ်၏။ အဆစ်အကွေ့(၃)ကွေ့ရှိ၏။ အောင်လံမြို့မှလာလျှင် ညာဘက်၊ ပြည်မြို့မှလာလျှင် ဘယ်ဘက်သည် ချောက်ကမ်းပါးကြီးဖြစ်၏။ မည်သည့် အတားအဆီး အကာအရံမှမရှိ။

လမ်းကလည်း ကျဉ်းမြောင်း၏။ အကွေ့သို့ရောက်လျှင် ကားတစ်စီးက ရပ်ပေးမှရှောင်၍ရ၏။ ချောက်ထဲသို့ကျသွားပြီဆိုလျှင်တော့ ဧရာဝတီမြစ်ထဲသို့ ရေသောက်ဆင်းရပြီသာ မှတ်ပေရော့။

တစ်ခုတော့ရှိသည်။ ချောက်ထဲတွင်သစ်ဆိမ့်ပင်ကြီးများ၊ ဒဟတ်ပင်ကြီးများ၊ ဝါးရုံပင်များ စသည်ဖြင့် သစ်ကြီးဝါးကြီးတို့ ထူထပ်စွာ ပေါက်နေ၏။

ဤအကွေ့သို့ရောက်လျှင် မျက်နှာချင်းဆိုင်ကားသိရန် ကားဟွန်းတီး၍ အချက်ပေးရ၏။ ကွေ့ဖြစ်သဖြင့် ကား တစ်စီးနှင့်တစ်စီး မမြင်ရ၊ အချက်မပေးဘဲ မောင်းလာပါက တိုက်ပြီသာမှတ်တော့။

ဤစကားတောင်ကိုးကွေ့မှာအလွန် အန္တရာယ်ကြီး၏။ ဤတတိယအကွေ့မှာ အောင်လံဘက်မှလာလျှင်လည်း အဆင်း၊ ပြည်ဘက်မှလာလျှင်လည်း အဆင်းဖြစ်၏။ ကားသမားများ သတိထားရဆုံးနေရာဖြစ်၏။

အချုပ်ကားမှာ ထိုကွေ့ကို ရောက်လာပြီဖြစ်သဖြင့် သတိထားမောင်းနေစဉ် တစ်ဖက်မျက်နှာချင်းဆိုင်မှ ကျယ်လောင်ပြင်းပြတဲ့ ကားဟွန်းသံကြီးကြားလိုက်ရသဖြင့် အချုပ်ကားမောင်းသမား လန့်သွား၏။

"ဘော် - ဘော် - ဘော်"

ဆယ်ဘီးကားကြီးက အဆင်းမှာပင် ထိန်းထိန်းသိမ်းသိမ်း မောင်းလာခြင်း မရှိပဲ ဇရမ်းဇတာမောင်းလာသည့်အပြင် ကိုယ်မောင်းရမည့်ညာဘက်ကမမောင်းပဲ ဘယ်ဘက်ယာဉ်ကြောမှ မောင်းလာရာ ညာဘက်မှ မောင်းလာသော အချုပ်ကားမှာ ကြောက်လန့်ပြီး ဘယ်ဘက်ယာဉ်ကြောကို မောင်းလိုက်ရာ ဂငယ်ကွေ့ဖြစ်နေသဖြင့် ချောက်ကမ်းပါးထဲသို့ ထိုးဆင်းသွားတော့၏။

"ဝုန်း"

"အောင်မယ်လေး - သေပါပြီဗျ"

"ဖြော - ဖြော - ဖြော"

အချုပ်ကား ချောက်ထဲသို့ကျသွားသောအခါ ဆယ်ဘီးကားကြီးက ချက်ချင်းရပ်လိုက်ပြီး ကားရှေ့ခန်းမှ ရှေ့နေရဲထွင့် ဆင်းလာပြီး အချုပ်ကားကြီးကျသွားရာဆီသို့ဆင်းသွားသည်ကိုတောင်ကမူလမ်းထိပ်တွင်ရပ်နေသော ကားပေါ်မှ မေပုလဲက ကောင်းစွာ မြင်တွေ့ရလေ၏။

ရှေ့နေရဲထွင့်ဆင်းသွားသောအခါ ဆယ်ဘီးကားကြီးက ရှေ့သို့ဆက်မောင်းလာ၏။ ကားကြီးက မေပုလဲ၏ကားကို ဖြတ်ကျော်သွားသောအခါကားအတွင်းမှ မေပုလဲက ဆယ်ဘီးကားမောင်းသူအား ကြည့်လိုက်သောအခါ မယုံကြည်နိုင်စွာမြင်လိုက်ရသဖြင့်အံ့ဩထိတ်လန့်သွားခဲ့၏။

ဆယ်ဘီးကားမောင်းသူမှာ ရဲဘုန်းမြတ်တစ်ယောက် လူသတ်မှုနိုင်လုံရန်အတွက် မျက်မြင်သက်သေ ထွက်ဆိုခဲ့သော လူကြီးမောင်ဆိုသူဖြစ်နေသောကြောင့်ဖြစ်၏။

မေပုလဲသည်ကားမှောက်နေရာသို့ ချက်ချင်းဆင်း၍ လိုက်သွားလိုပါသော်လည်းထိုကားသမားကိုမြင်လိုက်ရလေရာ နဂိုကတည်းက ရှေ့နေရဲထွင့်အား မသင်္ကာဖြစ်နေရာ ယခုပို၍မသင်္ကာသဖြင့် ကားပေါ်မှပဲစောင့်ကြည့်နေတော့လေ၏။



www.burmeseclassic.com

www.burmeseclassic.com

ရဲထွဋ်ခေါင်သည် မှောက်နေသော ကားဆီသို့ဆင်းသွားပြီး ကားရှေ့ခန်းတွင် သတိမေ့နေသော ရဲအုပ်ထံမှ ခြောက်လုံးပြူးသေနတ်ကိုယူပြီး အချုပ်ကား၏ နောက်ခန်းတံခါးရှိ သော့ခလောက်ကို သေနတ်ဖြင့် ပစ်ဖျက်ပြီး ကားတံခါး ဖွင့်လိုက်သည်။

ကားထဲတွင်ရှိသောလူအားလုံး သတိမေ့နေကြ၏။ တရားခံများလည်း တစ်ယောက်ပေါ်တစ်ယောက် ထပ်နေကြသည်။ ထိုအထဲမှ တစ်ယောက်က လှုပ်လှုပ်ရွရွဖြစ်နေသည်။ ထိုသူမှာ ရဲဘုန်းမြတ်ဖြစ်သည်။

"ဟာ - မင်းရောက်လာပြီလား ထွဋ်ခေါင်။ ငါ့ကို ကယ်ပါဦး"

"ဟား - ဟား - ဟား - ရဲဘုန်းမြတ် မင်းက တော်တော်အယုံအကြည်လွယ်တဲ့ကောင်ကိုးကွ။ မင်းကို သေဒဏ်ပေးလိမ့်မယ်လို့ ငါက ထင်ခဲ့တာ။ သေဒဏ်မပေးတော့ ငါကိုယ်တိုင်လာပြီးသတ်ရတော့တာပေါ့ကွာ။ မင်းက ကားမှောက်တာလည်း မသေတော့။ ဒီကိစ္စက ငါ့အဆုံးသတ်မှုပြီးမယ့်ကိစ္စ ဖြစ်နေတယ် သူငယ်ချင်း။ မင်းပစ္စည်းတွေကငါ့လက်ထဲမှာ ရောက်နေပြီဆိုတော့ မကျေနပ်လည်း နောက်ဘဝမှ လာရှင်းပေတော့ သူငယ်ချင်း"

"ဒိုင်း"

"အား"

"ဒိုင်း"

"ဂျောက် - ဂျလောက်"

ရှေ့နေထွဋ်ခေါင်က ရဲဘုန်းမြတ်ကို သေနတ်ဖြင့် ပစ်သတ်ပြီး သေနတ်ကို ပစ်ချပေးခဲ့ကာ ကားပေါ်မှ ဆင်း၍ ရောဝတီမြစ်ကမ်းနဖူးတွင် အသင့်စောင့်နေသော ပဲ့ထောင်ရှိရာသို့ ခဲရာခဲဆစ် ဆင်းသွားခဲ့လေ၏။

ထွဋ်ခေါင်ဆင်းသွားသည်ကိုတွေ့မှ မေပုလဲသည် အချုပ်ကားရှိရာသို့ ဆင်းခဲ့လေ၏။ မေပုလဲ အချုပ်ကားအနီးသို့ ရောက်သောအခါ အချုပ်ကားကြီးမှာ လှုပ်လာပြီးအောက်သို့တစ်ဆင့်ကျသွားပြန်၏။ သစ်ကြီးဝါးကြီးထူထပ်၍သာ ကားက အောက်သို့ ချက်ချင်းကျသွားခြင်းမရှိခဲ့ပေ။

ထွဋ်ခေါင် ကားပေါ်တက်စဉ်က လည်းကားကြီးမှာလှုပ်ယမ်းသွားခဲ့သေး၏။ ထိုစဉ်ကလည်းပထမနေရာမှဒုတိယနေရာသို့ကျခဲ့သေး၏။ ကားကြီးသာပြိမ်နေပါက ရဲဘုန်းမြတ်သည် ထွဋ်ခေါင်၏ လက်ချက်ဖြင့် သေနိုင်၏။

ထွဋ်ခေါင်သည် ရဲဘုန်းမြတ်အား ပထမတစ်ချက် သေနတ်ဖြင့် ပစ်စဉ်က ကားလှုပ်ခါသွားသဖြင့် ထွဋ်ခေါင်လဲကျမည်ကဲ့သို့ဖြစ်ရာမှ သေနတ်ပစ်လိုက်ရာတွင် ပထမတစ်ချက်က ရဲဘုန်းမြတ်၏ ညာဘက်ပခုံးကို ထိသွား၏။ ဒုတိယတစ်ချက်ပစ်သောအခါတွင် ရဲဘုန်းမြတ်သည် မိမိ၏အနီးတွင်ရှိသော တရားခံတစ်ယောက်ကို ဆွဲယူပြီး ကျည်ကာလုပ်လိုက်ရာ ထိုတရားခံနောက်ကျောဘက်မှ ကျည်ဆန်ဖောက်ထွက်လာပြီး ရဲဘုန်းမြတ်၏ဘယ်ဘက်ပခုံးထဲသို့ လက်တစ်ဆစ်စာ ဝင်သွားခဲ့ရာ ရဲဘုန်းမြတ်သည် အားခနဲ တစ်ချက်အော်ကာ သေချင်ဟန်ဆောင်လိုက်သည်။ ထွဋ်ခေါင်ကားပေါ်မှ ဆင်းသွားမှ မနည်းရုန်းကန်ပြီး လေးဖက်ထောက်ကာ ကားပေါ်မှ ထွက်လာရာ ကားကြီးမှာလှုပ်ယမ်းပြီးအောက်သို့ တဖြည်းဖြည်းကျနေခြင်းဖြစ်သည်။

"ရဲဘုန်းမြတ်"

"ရဲဘုန်းမြတ်"

မေပုလဲက ရဲဘုန်းမြတ်၏နာမည်ကိုခေါ်ပြီးဝါးပင်များကိုင်ကာဒရွတ်တိုက် လျှော၍ဆင်းခဲ့၏။

"မေပုလဲ - သူငယ်ချင်း - ငါ မသေဘူး - ဝါလာနေပြီ"

ဟုပြောကာ ရဲဘုန်းမြတ် အချုပ်ကား၏နောက်မီးမှခေါင်းပြူ၍ထွက်လာသည်။

မေပုလဲသည် ရဲဘုန်းမြတ်၏လက်ကိုဆွဲကာ ကုန်းပေါ်သို့ ခဲရာခဲဆစ်တက်ခဲ့ကြသည်။ ရဲဘုန်းမြတ်၏တစ်ကိုယ်လုံးမှာ သွေးချင်းချင်းနီနေ၏။

မိနစ်ပေါင်းများစွာ ရုန်းကန်ပြီးမှ မေပုလဲ၏ကားအနီးသို့ ရောက်လာ၏။

"ရှုံမှာ နင့်အတွက် အဝတ်အစားတွေလည်း ယူလာတယ်၊ ဆေးတွေလည်းယူလာတယ်။ ကားပေါ်ရောက်ရင် သွေးစွန်းနေတာတွေလဲပစ်လိုက်၊ သွေးမထွက်အောင် အရင်လုပ်ရမယ်"ဟု မေပုလဲက ပြောသည်။

"နေစမ်းပါဦး - ငါဒီလိုဖြစ်လိမ့်မယ်လို့နင်က ဘယ်လိုလုပ်ပြီးကြိုသိနေတာလဲ"

"နင်က အော၊ ငနံပဲဟ"

www.burmeseclassic.com

"လူဆိုတာ ပါးစပ်နဲ့ညာလို့ရတယ်။ အမူအရာနဲ့ညာလို့ရတယ်။ ဒါပေမဲ့ - နင် မသေမချင်းမှတ်ထား၊ လူ့မျက်လုံးက ဘယ်တော့မှညာမရဘူး - ရဲဘုန်းမြတ်"

"လူတစ်ယောက်ရဲ့ မျက်လုံးကို ကြည့်လိုက်ရင် သူ လိမ်နေတာလား၊ ဒေါသထွက်နေတာလား၊ ပျော်ရွှင်နေတာလားဆိုတာ လိမ်လို့မရဘူး။ အကုန်ပေါ်တယ်"

"ထွန်းခေါင် - နင့်ဆီက ပစ္စည်းတွေ အားလုံးလွှဲစာရလို့ဝမ်းသာပီတိဖြစ်နေပုံ၊ သူစီမံလိုက်တဲ့ ခွင်ထဲ၊ အကွက်ထဲ နင် ဝင်လာလို့ သူ ဝမ်းသာသွားပုံတွေဟာ မျက်လုံးမှာ အထင်းသားပေါ်လာတယ် ရဲဘုန်းမြတ်။ အဲဒါတွေနင်ဘာမှဂရုမစိုက်ခဲ့ဘူး"

မေပုလဲပြောပြောဆိုဆိုဖြင့်ကားကို ပြည်ဘက်သို့ ပြန်မောင်းလာ၏။

ရဲဘုန်းမြတ်သည် ပခုံးထဲ စိုက်ဝင်နေသော ကျည်ဆန်ကို ဇာဂနာဖြင့် ဆွဲထုတ်ပြီး အနာပေါ်သို့ အရက်ပျံများ လောင်းချပြီးနောက် ပတ်တီးကို မိမိဘာသာပဲ စည်းလိုက်သည်။

ထို့နောက် သွေးစွန်းနေသော အကျီ၊ လုံချည်များကို လဲဝတ်ပြီး လုံးထွေးကာ ကားလမ်းဘေး တောအုပ်ထဲသို့ ပစ်ချလိုက်သည်။

"အခု ဘယ်သွားမလို့လဲ"

"ရန်ကုန်သွားပြီး ငါ့အိမ်မှာ နင် ပုန်းနေရမယ်။ ဒီကိစ္စကိုမီးနိုးကြွက်လျှောက် ငါတို့ လိုက်ရမယ်" ဟု မေပုလဲကပြောကာ ကားကို လူ့ရှင်းလျှင် ကီလို (၁၀၀) ကျော်မောင်းပြီး လူရှုပ်သောနေရာတွင် ကီလို (၈၀) မောင်း၍ ဘေးလူများ မရိပ်မိအောင်မောင်း၍လာခဲ့လေ၏။ ဤသို့ဖြင့် ရွှေတောင်မြို့ကို ကျော်လာခဲ့သည်။

"နင်တို့ကို တိုက်မယ်လုပ်တဲ့ဆယ်ဘီးကားကြီးကို ဘယ်သူမောင်းလာတယ်ထင်သလဲ"

"ငါတို့က အချုပ်ခန်းထဲမှာဥစ္စာ ဘယ်မြင်မလဲဟ"

"အေး - မှတ်ထား - နင် ထောင်ကျအောင် မတရားသက်သေလိုက်သွားခဲ့တဲ့ လူကြီးမောင်ဆိုတဲ့လူပဲ"

"ဟေ - ဘာပြောတယ်၊ လူကြီးမောင် - ဟုတ်လား"

"အေး - ဟုတ်တယ်"

"ဒါဖြင့် - ဒီကောင်ကိုမတရားသက်သေထွက်ဖို့ ဒီအကောင် ထွန်းခေါင် စီစဉ်တာပဲနေမှာပေါ့"

"အေး - ဟဲ့ - နင်ဆိုတဲ့အကောင်က တော့လေ - ထိပ်ချမှ မားပြမှန်းသိ ဆိုသလိုပဲ။ ထိပ်ချရုံမကဘဲ အသေသတ်ဖို့ ကြံမှ နင်က သိတာကိုး"

"အေးဟာ - နင်တို့ ငါတို့က ငယ် ငယ်ကတည်းက ချစ်ခဲ့၊ ခင်ခဲ့ကြတာဆိုတော့ ငါ့အပေါ် ဒီလိုလုပ်လိမ့်မယ် ဘယ်ထင်မလဲဟ"

"အေး - လူတစ်ယောက်မှာမစ္ဆရိယ စိတ်ဝင်လာရင် မှားတယ်၊ မှန်တယ် မစဉ်းစားတော့ဘူးဟဲ့။ သူက ရှေ့နေကြီး ဖြစ်သွားရင် ငါတို့ထက် ဂုဏ်ရှိမယ်၊ ပိုက်ဆံ ချမ်းသာမယ်၊ ငါတို့နှစ်ယောက်က သူ့ကို ပိုပြီးလေးစားလာမယ်ထင်နေတာ"

"ငါတို့က ငါတို့စိတ်ရင်းအတိုင်း ကြိုးစားလို့ ချမ်းသာလာတယ်။ သူ့ထက် လုပိုပြီး အလေးစားခံရတယ်၊ သူ့ထက် ပိုပြီး လူရာဝင်လာတာကို သူ မခံစားနိုင်တော့ဘူး။ မနာလိုဝန်တိုစိတ်တွေ ပွားလာပြီး သူ မလုပ်သင့်၊ မလုပ်ထိုက်တာတွေ လုပ်လာတော့တာပေါ့ဟာ"

"အေး - ဟုတ်တယ်။ ဒါဆို - ငါ့မိန်းမကို သူသတ်ပြီး ငါသတ်တယ်ဖြစ်အောင် အကွက်ဆင်လိုက်တာပေါ့နော်"

"အဲဒါကတော့မသေချာဘူး။ ဟိုလူကြီးမောင်ဆိုတဲ့လူကြီးကို တွေ့အောင် ရှာပြီး တို့ စစ်ဆေးကြည့်ရမယ်။ ဒါဆိုမှ ငါတို့ဖာတ်ရေလည်မှာ"

"ဟုတ်တယ် - ငါတို့အဲဒီလူကိုတွေ့အောင်ရှာပြီး ဖမ်းရမယ်"

"ကိုင်း - နင် ပင်ပန်းနေပြီ - အိပ် လိုက်ဦး"

"အေး - ငါ အနားယူပြီး အားမွေးရမယ်"

ဟုပြောကာ ထိုင်ခုံကို ပက်လက်လှန်ချလိုက်ပြီး မျက်လုံးစုံမှိတ်ကာ အိပ်ချင်စိတ်ကို မွေးလိုက်လေတော့သတည်း။

မစ္ဆရိယမုဆိုး

မိုးက အုံ့နေသည်။

မီးခိုးလုံးကြီးက တောင်အရပ်မှတိုက်ခတ်လာသောလေနှင့်အတူ မြောက်အရပ်သို့ လွင့်မျောလာ၏။ ထိုမီးခိုးလုံးများနှင့်အတူ ညှီစို့စို့အနံ့များနှင့်အတူ လူ၏အရိုးပြာများက မေပုလဲ၏အိမ်ဝိုင်း အတွင်း ပျံနှံ့လာ၏။



www.burmeseclassic.com

www.burmeseclassic.com

မေပုလဲသည်ဤအိမ်ဝိုင်းအားရှည်ရှယ်ချက်တစ်ခုဖြင့်ဝယ်ထားခြင်းဖြစ်၏။ မေပုလဲ၏၏အိမ်ဝိုင်းသို့ သွားလိုပါက တရုတ်သချိုင်း၊ ကုလားသချိုင်းနှင့် ခရစ်ယာန်သချိုင်းတို့ကို ဖြတ်ကျော်ပြီးမှ ရောက်ရှိ၏။ အိမ်ဝိုင်းမှာ အောင်မင်္ဂလာအဝေးပြေးကားဂိတ်၏ မြောက်ဘက်တွင်တည်ရှိ၍စက်မှုလက်မှုဇုန်နှင့်နီး၏။ ထိုစက်မှုလက်မှုဇုန်တွင် ရှေ့နေထွန်းခေါင်၏ ပဲဆီကြိတ်စက်၊ စက်ရုံကြီးရှိ၍ ဤအိမ်ဝိုင်းအား ဝယ်ထားခြင်းဖြစ်သည်။

ထိုစက်ရုံနှင့် (၃)မိုင်ခန့်တော့ ဝေး၏။ မေပုလဲ၏အိမ်တွင် မုတ်ဆိတ်မွေးဗလဗျစ်၊ ဆံပင်ကကုပ်ထောက်၊အသားဖြူဖြူ၊ ထောင်ထောင်မောင်းမောင်းနှင့် ဂုဏ်တစ်ယောက် ရှိသည်။ ထိုလူသည် မေပုလဲ၏အိမ်၌ဥယျာဉ်မှူးဟန်ဆောင်၍ပုန်းခိုနေသော ရဲဘုန်းမြတ်ဖြစ်သည်။

ရဲဘုန်းမြတ်ပုန်းခိုရန် ရန်ကုန်မြို့ဆင်ခြေဖုံးအရပ်ကို ရွေးချယ်ရခြင်းမှာ ရန်ကုန်ရှိလူအားလုံးသည်လူမှုရေးစိတ်ဓာတ်ကင်းမဲ့ကြပြီးစပ်စပ်စုစုမလုပ်တတ်ကြသောကြောင့် ရွေးချယ်လိုက်ခြင်းဖြစ်၏။

ရန်ကုန်မှလူများသည် ကျောချင်းကပ်၊ မျက်နှာချင်းဆိုင် နေထိုင်ကြသော်လည်းတစ်ယောက်နာမည်တစ်ယောက် မသိကြ၊ ဘာလုပ်သည်၊ ဘာကိုင်သည် မသိကြ၊ ဘာသိဘာသာ နေထိုင်ကြသူများဖြစ်ကြလေရာ ခေတ္တပုန်းလျှိုနေသော ရဲဘုန်းမြတ်အဖို့ အထူးသင့်လျော်သောနေရာ ဖြစ်၏။

ရဲဘုန်းမြတ်သည် အိမ်ဝိုင်းအတွင်းမှအိမ်ပြင်သို့ လုံးဝမထွက်။ ထွန်းခေါင်နှင့် လှကြီးမောင်တို့၏အသွားအလာ၊ အနေအထိုင်တို့ကိုသာ လေ့လာနေ၏။

မိမိ၏စည်းစိမ်များဖြင့် လူတစ်လုံး၊ သူတစ်လုံး လုပ်နေသော မစ္ဆရိယသမား ထွန်းခေါင်အားအသေဖမ်းပြီးအရေဆုတ်ပစ်ရန်သာ၊ နေ့ရှိသရွေ့ကြံဆောင်နေသော (မစ္ဆရိယမုဆိုး)တစ်ယောက် အဖြစ် လေ့ကျင့်မှုကောင်းကောင်း လုပ်နေခြင်းဖြစ်၏။

ထွန်းခေါင်နှင့် လှကြီးမောင်တို့စိတ်ထဲတွင်ရဲဘုန်းမြတ်မရှိတော့။ ထွန်းခေါင်သည် (ခရေပင်လမ်းမ)ပေါ်တွင် ပေ (၂၀၀)ပတ်လည်အိမ်ဝိုင်းကြီးဝယ်ထားပြီး ဟိုတယ်ပုံ သဏ္ဍာန် တိုက်ကြီး ဆောက်ထား၏။

အားကစားလေ့ကျင့်ရေးအခန်း၊ ဝေါက်ရိုက်သောအခန်း၊ ရေကူးကန်တို့ကို ထိုတိုက်အတွင်းမှာပင် ပြုလုပ်ထား၏။

အိမ်ဝိုင်းပတ်ပတ်လည်တွင် အုန်းပင်များ စိုက်ထားပြီး ထိုအုန်းပင်၏ ပင်စည်တွင် စတ္တုပြန်းအနီအဝါတို့ကို ကပ်စိုက်ထားရာ စတ္တုပြန်းရောင်စုံတို့က ထိုအုန်းပင်များကို တွယ်ကပ်နေရာ အပွင့်များကြောင့် လှပနေ၏။

အောက်ခြေတွင်မူ ပလတ်စတစ်ပန်းအိုးများဖြင့် သစ်ခွပန်းအစုံတို့ကို အနိမ့်အမြင့် အစီအရီ ချထားရာ အပွင့်မျိုးစုံကြောင့် အထူးလှပနေ၏။

ထွန်းခေါင်သည် အညာမှ ပဲနမ်းတို့ကိုဝယ်ပြီးရန်ကုန်စက်မှုဇုန်တွင်ဆီကြိတ်စက် ထောင်ထားကာ ရသမျှဆီများကို (အိမ်သူ့လက်စွဲ)ဟူ၍အမည်တံဆိပ်ရိုက်နှိပ်ကာ ရန်ကုန်၊ နေပြည်တော်၊ ပဲခူး၊ မန္တလေးမြို့ကြီးများသို့ (FUSO) ဖူဆိုတစ်ဆယ့် ခြောက်ဘီးကားကြီးဖြင့် လှကြီးမောင်အား အပို့ခိုင်း၏။

လှကြီးမောင်သည် ညနေခြောက်နာရီတွင် ရန်ကုန်မှ ထွက်လေ့ရှိ၏။

နေပြည်တော်လမ်းမကြီးအပေါ်မှ မိုင်တိုင်(၃၉)သို့ ည(၇)နာရီခွဲတွင် အချိန်မှန်မှန်ရောက်၏။ နေပြည်တော်လမ်းပေါ်မှ ထိုမိုင်တိုင်(၃၉)သည် (ဘုရားကြီး)လမ်းခွဲဖြစ်၏။ ထိုစခန်းတွင် စားသောက်ဆိုင်အသစ်များဖွင့်ထားသည်။ ထိုကဲ့သို့ လှကြီးမောင် သွားတတ်လာတတ်သည်ကို မေပုလဲသည် နာရီအတိအကျ မှတ်သားထားသည်။

ထို့နောက် ရဲဘုန်းမြတ်နှင့် လှကြီးမောင်အား မည်သို့ဖမ်းရမည်ကို ဆွေးနွေးတိုင်ပင်လျက်ရှိကြ၏။ ချွတ်ချော်သွားပါက မဖြစ်၊ ထို့ကြောင့် သေသေချာချာဖြင့် အကွက်ချ ဆောင်ရွက်နေကြခြင်းဖြစ်၏။

မစ္ဆရိယသားကောင်နှင့် မစ္ဆရိယမုဆိုး ဘယ်သူက အနိုင်ရမည်ကို စောင့်ကြည့်နေသူတစ်ဦးရှိ၏။ ထိုသူမှာ မြိုင်သာရဲစခန်းမှ (လူဆိုးထိန်းမောင်ကြီး) ဖြစ်၏။

လူဆိုးထိန်းမောင်ကြီးသည် အိမ်ကြက်ချင်းအိုးမည်းသုတ်၍ခွပ်လက်ကို စောင့်ကြည့်နေခြင်းဖြစ်ပေသတည်း။



www.burmeseclassic.com

www.burmeseclassic.com

လူဆိုးထိန်းမောင်ကြီးနှင့် ခေါင်းမပါတဲ့အလောင်း

လူဆိုးထိန်းမောင်ကြီးသည် မြို့ဂ်သာယာဆေးရုံကြီးမှ ရင်ခွဲရုံတွင် လူသေများကို ဗိုက်ခွဲပေးရသော ဆေးရုံအလုပ်သမား (ခွေးသိုး)နှင့် နှစ်ယောက်သား အလုပ်ရှုပ်ခဲ့၏။

ခေါင်းမပါသောအမျိုးသမီးအလောင်းမှာကိုယ်လုံးတီးဖြစ်နေသည်။ လူသေအလောင်းအား လူဆိုးထိန်းမောင်ကြီးသည်ရှေ့တည့်တည့်ကိုလည်းကောင်း၊ နောက်ကျောဘက်သို့လည်းကောင်း၊ဘယ်ညာဘေးစောင်းကိုလည်းကောင်း သေသေချာချာ စစ်ဆေးပြီး ဓာတ်ပုံရိုက်၍ မှတ်တမ်းတင်လိုက်၏။

သေချာစစ်ဆေးကြည့်သောအခါ အမျိုးသမီး၏ ရင်သားများပေါ်တွင် အသည်း၏အလယ်သို့ မြားတစ်စင်းဝင်စိုက်နေသော ဆေးမင်ကြောင်များ တွေ့ရ၏။

ထိုဆေးမင်ကြောင်ပါသော စနေနံပစ္စည်းနှစ်လုံးအား အနီးကပ်နှစ်ပုံ ရိုက်ထားပြီးသေသူအမျိုးသမီး၏ ဘယ်ညာလက်ဗွေရာများ သေချာနှိပ်ယူခဲ့ပြီး အလောင်းအား မဖျက်ဆီးပဲထားရန် မှာကြားထားခဲ့၏။

ဤကဲ့သို့စနေနံများပေါ်သို့ဆေးမင်ကြောင်ထိုးသူများကိုအမျိုးကောင်းသားသမီးများမထိုးတတ်။ ကိုယ်ခန္ဓာဖြင့်ရင်းနှီးစားသောက်နေထိုင်ကြသော ညဥ့်ငှက်၊ အပြာမယ်၊ မိန်းမပျက်များသာ ထိုးလေ့ရှိသည်ကို စဉ်းစားမိ၏။

ထို့ကြောင့်ဤအလောင်းသည် ရိုးရိုး၏အလောင်းမဖြစ်နိုင်ဟု တွက်ချက်စဉ်းစားတွေးတောမိသဖြင့် ဓာတ်ပုံနှင့်လက်ဗွေရာများကို အင်းစိန် (C.I.D.) စုံထောက်ဌာနသို့ မြို့သာရဲစခန်းမှ ရိုးရိုးတပ်သား ဇမောင်အား လူကိုယ်တိုင်လွှတ်၍ စုံစမ်းခိုင်းခဲ့လေရာ၊

(C.I.D) စုံထောက်ဌာနကိုလည်း အရေးကြီးကိစ္စဖြစ်သဖြင့် ချက်ချင်းအကြောင်းပြန်ကြားပေးပါရန် အစီရင်ခံစာပါ ရေးပေးလိုက်ရာ တစ်ပတ်ခန့်ကြာသောအခါ (C.I.D) စုံထောက်မှ အကြောင်းပြန်ကြားချက်အား ရဲသားဇမောင်နှင့်အတူပြန်ပါလာရာ အကြောင်းပြန်ကြားချက်အားစစ်ဆေးကြည့်လိုက်သည်တွင် အောက်ပါအတိုင်း တွေ့ရှိရလေ၏။

(၁) သေဆုံးသူအမျိုးသမီး၏ အမည်မှာ (ဖြူနှင်းဖွေး)ခေါ်(မိစန်း)ခေါ် (မိသန်း)ဖြစ်ကြောင်း။

၂။ ၎င်းအမျိုးသည် (ဇိမ်မယ်) အမှုဖြင့် ထောင်(၃)ခါကျဖူးကြောင်း။

၃။ ၎င်းအမျိုးသမီးသည် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ မီးရထားသံလမ်းဘေးရှိဇိမ်ခေါင်း(သံတံတား)(မပု) ၏လက်စွဲတော် (မန်နေဂျာ) တစ်ဦးဖြစ်ကြောင်း။

၄။ ၁၉၆၈ – ခုနှစ်၊ ဇူလိုင်လ(၂၇) ရက်နေ့က မပုထံမှတစ်ဆင့် (Oder) (အော်ဒါ)လိုက်သွားရာမှ သံတံတား (မပု)ထံသို့ ပြန်မလာပဲ ပျောက်နေကြောင်း။

၅။ ၎င်းအမျိုးသမီးသည် သာမန်လူများနှင့် မဆက်ဆံပဲ ငွေရှင်ကြေးရှင်သူဌေးများနှင့်သာ ဆက်ဆံတတ်ကြောင်းနှင့် ရဲစခန်းများသို့ လူပျောက်တိုင်ထားကြောင်းအကြောင်းပြန်ကြားချက်ရလေတော့၏။

၎င်းပြန်ကြားချက်အား ဖတ်ရှုပြီးနောက် လူဆိုးထိန်းမောင်ကြီးသည် ဤအမှုနှင့်ပတ်သက်ပြီးရဲများမှ ဘာမှမလုပ်ကြတော့ရန် (ခေတ္တ)ဆိုင်းငံ့ထားရန်၊ မှုခင်းစာရေးကြီးကို မှာကြားရာ မှုခင်းစာရေးကြီးမှာ ဘာမှနားမလည်သဖြင့် လူဆိုးထိန်းမောင်ကြီးကိုမေးရာ –

"ရှင်းရှင်းကလေးပဲ – မှုခင်းစာရေးကြီးရေ၊ ဒီအမှုမှာ ရိုစီလည်း မသေသေးဘူး။ ရဲဘုန်းမြတ်လည်း မသေသေးဘူး"

"ယုံစားပြီး သူ့လုပ်ငန်းတွေကို အပ်ခဲ့တဲ့ ရွှေနေထွန်းခေါင်ရဲ့ လုပ်ကြံဖန်တီးထားတဲ့ဇာတ်လမ်းဇာတ်ရှုပ်ကြီးပဲဗျ"

"ကိုယ့်ထက်သာ မနာလိုတဲ့ မစ္ဆရိယစိတ်တွေ တစ်ကိုယ်လုံး ဖုံးလွှမ်းနေတဲ့ရွှေနေထွန်းခေါင်အကွက်ဆင်သမျှ ရဲဘုန်းမြတ် ခံလိုက်ရတာ"

"ဒီအရှုပ်အထုပ်ကိစ္စကြီးကို သူတို့ဘာသာ ဖြေရှင်းသွားလိမ့်မယ်၊ ကျွန်တော်တို့က ရွှေနေထွန်းခေါင်ကို ဖမ်းဖို့ဆိုတာကလည်း နိုင်လုံတဲ့ သက်သေ လိုတယ်။ သက်သေမခိုင်လုံပဲ သွားဖမ်းရင် ငွေနဲ့ပေါက်ပြီး လွှတ်အောင်လုပ်သွားလိမ့်မယ်"

"ဒီတော့ – ခင်ဗျားတို့၊ ကျွန်တော်တို့ ရဲတွေပဲ နာမည်ပျက်မယ် – မှုခင်းစာရေးကြီး"

"ဒါဆို – ကျွန်တော်တို့က ဘာဆက်ပြီးလုပ်ရမလဲ – လူဆိုးထိန်းမောင်ကြီး"

"အိမ်ကြက်ချင်း၊ အိုးမည်းသုတ်လိုက်ရုံပေါ့ဗျ"

"ဗျာ"





www.burmeseclassic.com

www.burmeseclassic.com

"အော် - တရေးကြီးရယ် - မှုခင်းဌာနမှာ အလုပ်လုပ်နေပြီး ဒီလောက်တောင် ဖုံးဝေးရသလားဗျာ"

"ပဟေဠိတွေ ဖွက်မနေပါနဲ့၊ ကျွန်တော်နားလည်အောင် ရှင်းရှင်းလင်းလင်း ပြောပြပါလားဗျာ - လူဆိုးထိန်းမောင်ကြီးရာ"

"ဒီလိုဗျ - ရဲဘုန်းမြတ်အကြောင်းကို ခင်ဗျားလည်း သိပြီးသားပဲ၊ သူဟာ ရိုးရိုးသားသားနဲ့ ကြိုးစားပြီး ရှာဖွေခဲ့လို့ ချမ်းသာခဲ့တာဗျ၊ လူတစ်ဖက်သားကိုလည်း အရမ်းကူညီချင်တယ်၊ သနားလည်း သနားတတ်တယ်၊ ဒါ့ကြောင့်လည်း (Restaurent) စားသောက်ဆိုင်က မိန်းမလည်၊ သိန်းကြွယ်ဖြစ်တဲ့ ရိုစီကို မယားမှတ်မှတ်၊ သားမှတ်မှတ် လက်ထပ်ပေါင်းသင်းယူခဲ့တာပေါ့"

"ဒီရိုစီနဲ့တွေ့အောင် ဖန်တီးပေးခဲ့တာကလည်း ရှေ့နေထွန်းခေါင်ပဲဗျ၊ ရှေ့နေထွန်းခေါင်ကို ရဲဘုန်းမြတ်က သူ့ညီအစ်ကိုမောင်နှမတွေထက် ယုံကြည်တယ်၊ ချစ်တယ်"

"ရှေ့နေထွန်းခေါင်ဆိုတဲ့ကောင်ကလည်း မိန်းမတော်တော်ရှုပ်တာ၊ အပေါက်ပါရင်၊ ဝါးလုံးတင်တဲ့ကားတောင် သူ့ရှေ့က ဖြတ်မမောင်းရဲဘူး"

"ဟား - ဟား - ဟား - လူဆိုးထိန်းမောင်ကြီးကတော့ ပေါက်တတ်ကရ ပြောတော့မယ်ဗျာ"

"ကျွန်တော်ပြောတာ မဟုတ်လို့လား၊ ထောင်ကျတော့မယ့်တရားခံတွေက သူ့ကို ရှေ့နေလိုက်ဖို့ငှားရင် အဲဒီတရားခံတွေရဲ့မိန်းမတွေနဲ့မလွတ်မကင်းဖြစ်ပြီး ပြဿနာပေါင်း သောင်းခြောက်ထောင်ဖြစ်ခဲ့တာ ခင်ဗျားလည်း အသိပဲလေဗျာ"

"အဲဒါတော့ ဟုတ်ပါတယ်ဗျာ၊ ကျွန်တော် မငြင်းပါဘူး - ဟဲ - ဟဲ - ဟဲ"

"အခု - ဒီရိုစီကိုကျော့ကွင်းလုပ်ပြီး ရဲဘုန်းမြတ်ကို အမှုပတ်အောင် စီစဉ်လိုတ်တာပဲဗျ၊ ရဲဘုန်းမြတ်ကလည်း လူရိုးစိတ်တိုသမား၊ ကြက်ခေါင်းဆိတ်မခံတဲ့ လူမျိုး၊ ရဲဘုန်းမြတ်နဲ့ ရှေ့နေထွန်းခေါင်တို့နှစ်ယောက်ကို စောင့်ကြည့်နေလိုက်ရင် ဒီအမှုက ရှင်းသွားမှာပါ"

"ရှင်းရှင်းပြောရရင်တော့ အိမ်ကြက်ချင်း အိုးမည်းသုတ်ပြီး ခွပ်နိုင်းတဲ့သဘောပေါ့ - ဟား - ဟား - ဟား"

ထိုသို့ပြောပြီး လူဆိုးထိန်းမောင်ကြီးက လွယ်လွယ်ပြောသွားသော်လည်း စကားဝှက်တွေ များစွာပါဝင်နေသဖြင့် ကျန်ခဲ့သော အကြပ်နှင့်တပ်သားများကတော့ ဘာမှနားမလည်ကြ၊

သို့သော် လူဆိုးထိန်းမောင်ကြီးသည်အမြော်အမြင်ကြီးသူတစ်ယောက်ဖြစ်၍ စောင့်ကြည့်နေရုံမှတစ်ပါး တခြားဘာမှမရှိပါပေတကား၊

။ ။

မြို့သာရဲစခန်းအတွင်းတွင် ခေါင်းမပါသောအမျိုးသမီးအလောင်းကို လူဆိုးထိန်းမောင်ကြီးက ရဲတပ်ဖွဲ့ဝင်များအား အကျိုးအကြောင်း နိုင်လုံစွာ ရှင်းပြနေ၏။

ဤသုံးပွင့်ဆိုင် ဇာတ်ရှုပ်ကြီးမှာ လက်တစ်လုံးခြားလှည့်ကွက်များစွာပါဝင်နေကြောင်းနှင့် မိမိတို့အနေဖြင့် ထိုင်ကြည့်နေရုံနှင့် အမှုကိုရှင်းရှင်းလင်းလင်းကြီး တွေ့ရှိနိုင်မည်ဖြစ်ကြောင်း၊

ဤကိစ္စမှာ အပင်ပန်းခံနေစရာမလိုပဲ အိမ်ကြက်ချင်း အိုးမည်းသုတ်၍တိုက်လိုက်ရုံသာဖြစ်ကြောင်း စိတ်ရှည်စွာဖြင့်သည်းခံပြီး စောင့်ကြည့်နေပါက ဤအမှုကိစ္စမှာ ချောချောမောမောဖြင့် ပြီးဆုံးသွားမည်ဖြစ်ကြောင်း လူဆိုးထိန်းမောင်ကြီးက ရှင်းလင်းပြသ ပြောဆိုနေလေ၏၊

ထိုသို့ လူဆိုးထိန်းမောင်ကြီးတို့ ဆွေးနွေးနေချိန်တွင် ရဲဘုန်းမြတ်တစ်ယောက်မှာ အလုပ်ရှုပ်လျက်ရှိ၏၊

ရဲဘုန်းမြတ်သည် ရှေ့နေထွန်းခေါင်ကိုသတ်ရန် ရက်ပေါင်းများစွာ၊ လပေါင်းများစွာ လေ့လာသုံးသပ်နေခဲ့၏။ လိုအပ်ချက်များကို မေပုလဲက စုံစမ်းပြီး မည်သို့မည်ပုံလုပ်ရမည်ကို အသေးစိတ် ပုံစံချ၍ ပေးနေ၏၊

ရဲဘုန်းမြတ်သည် ရှေ့နေထွန်းခေါင်၏အိမ်ဝိုင်းအတွင်းသို့ဝင်းထရံတွင် ကပ်လျက်ပေါက်နေသောသရက်ပင်အကိုင်းအခက်များပေါ်မှတက်ကာ ဝင်လာခဲ့၏။

အရိပ်အခြည်ကို သေချာစွာ စောင့်ကြည့်နေစိုက် အမျိုးသမီးတစ်ယောက် ရေကူးဝတ်စုံဝတ်လျက်ရေကူးကန်အနီးသို့လျှောက်လာသည်ကိုတွေ့ရှိရလေရာ ချောမောလှပသဖြင့်လည်းကောင်း၊ သေဆုံးသွားသော မိမိ၏ဇနီးသည် ရိုစီနှင့်တူနေသဖြင့်လည်းကောင်း သေချာစွာ ချောင်းမြောင်း၍ကြည့်မိ၏၊

ရိုစီသည် ဒိုင်ဗင်ဘုတ်ပေါ်သို့တက်သွားပြီးနောက် လက်ကို ဆန့်ချိကွေးချိ

www.burmeseclassic.com

လုပ်ပြီး ရှိန်ဆပြီးနောက် ရေထဲသို့ ဒိုင်ဗင် ထိုးချလိုက်လေ၏။

ထို စဉ် ရိ က် အဝေပါ်ပိုင်းဗလာ၊ အောက်ပိုင်းဘောင်းဘီတိုဝတ်လျက် ထွန်းခေါင် ထွက်လာပြီး ရှိစီရေကူးလာသော နေရာမှရပ်၍ စောင့်နေ၏။

ရှိစီသည် ရေကူးကန်ပေါင်တွင် ကပ်လျက်ရှိသော လှေတံခါးမှတစ်ဆင့် ရေကူးကန်အုတ်ပေါင်ပေါ်သို့ တက်လာ၏။

ထွန်းခေါင်က လက်ကမ်းပေးလိုက်ရာ ရှိစီက ထွန်းခေါင်၏လက်ကို ဆွဲယူပြီး အပေါ်သို့ ရောက်အောင် တက်လိုက်သည်။ ရွှဲစိုနေသောရေများက ပြစ်မျိုးမဲ့ မထင်လုံးလုံးကျစ်ကျစ်ဖြစ်လျက်ရှိသော ကိုယ်ခန္ဓာ၏ အကြိုအကြားမှ စီးဆင်းလျက်ရှိလေ၏။

ရဲဘုန်းမြတ် အသက်ရှူရန်ပင် မေ့နေ၏။ ရှိစီမှ ရှိစီဖြစ်နေ၏။ ထိပ်ချုမှ မားပြမှန်းသိဆိုသကဲ့သို့ရှိစီနှင့်ထွန်းခေါင်ကို တွေ့မှ "တောက် - ဖွတ်ထွက်မှ တောင်ပို့မှန်းသိဆိုသလိုပဲ။ ဒီကောင်နဲ့ ဒီကောင်မ ပေါင်းပြီး ငါ့ကို ဒုက္ခပေးသွားကြတာပဲ။ အေးပေါ့လေ - မင်းတို့ ငါ့အကြောင်း ကောင်းကောင်းသိကြရမှာပေါ့"

ဟုစိတ်ထဲမှ ပြောဆိုပြီး ဝင်းထရံကို ကျော်တက်ကာ အိမ်သို့ပြန်ခဲ့လေတော့၏။ မိမိ၏စိတ်ထဲမှာတော့ လုံးဝမကျေနပ်။

( ၃ )

နေပြည်တော်လမ်းကြီးက ဖြောင့်ဖြူးနေသည်။

တံတားတစ်ခုခုကို ကျော်မည်ဆိုလျှင်လျှပ်စစ်မီးများက ထိန်ထိန်လင်းနေ၏။ အခြားနေရာတွင် မီးရောင်မရှိ၊ မှောင်မည်းနေ၏။ ဤလမ်းကြီးကို ဖောက်လုပ်သော ကန်ထရိုက်များ ငွေနိုလိုက်သည်လားမသိ။ ခြောက်စင်းသွားလမ်းကျယ်ကြီးမှ တံတားအနီးသို့ရောက်သော် ရုတ်တရက်ကျဉ်းသွားပြီး နှစ်စင်းသွားလုပ်ထားရာ ညမှောင်မှောင်တွင် ကားမီးရောင်အလင်းဖြင့် အရှိန်ပြင်းစွာ မောင်းလာသောကားများ၊ ကျဉ်းမြောင်းလှသောတံတားထိပ်သို့ ရောက်သော် တံတားကို ခြောက်လမ်းသွားဟု ထင်မှတ်ကာ အရှိန်ပြင်းစွာ မောင်းလာရာမှ ကျဉ်းသောတံတားကို တွေ့သောအခါ အရှိန်မထိန်းနိုင်ပဲ ကားစီရာရင်(လက်ကိုင်)ကို မနိုင်တော့ပဲ ချောင်းထဲသို့ ထိုးဆင်းသွားရလေတော့၏။ ဤသို့ဖြင့် ဤလမ်းတွင် သေဆုံးသူများ မနည်းတော့။ ခတ်သိ ကားသမားများသည် ဤသို့ အချိုးမပြေပြစ်သောလမ်းအကြောင်းကို သိသဖြင့်ထိန်းနိုင်ကြ၏။ ထိုလူများအထဲတွင် မေပုလဲနှင့် ရဲဘုန်းမြတ်လည်း ပါသည်။

မေပုလဲနှင့်ရဲဘုန်းမြတ်သည်ယနေ့ လုကြီးမောင်တစ်ယောက် စားဆီဖြန့်မည့်နေ့မှန်းသိ၍ ၎င်း၏ရှေ့မှ ကြိုတင်ပြီး ထွက်ခဲ့ကြလေ၏။ (ဘုရားကြီး) လမ်းခွဲ (၃၉)မိုင်သို့ ညဦး(၆)နာရီခွဲတွင် ရောက်နေကြသည်။ လုကြီးမောင်ကတော့ ၎င်း၏ထုံးစံအတိုင်းညနေ(၆)နာရီမှရန်ကုန်မှ ထွက်ခဲ့လေရာ (၇)နာရီခွဲတွင် (၃၉)မိုင်သို့ ရောက်ရှိသည်။

(၃၉)မိုင်မှာ ဆိုင်များ စုံလင်စွာ မရောက်ရှိကြသေး၊ တစ်ဆိုင်တည်းပင် ရှိသေးလေရာမေပုလဲနှင့်ရဲဘုန်းမြတ်တို့ ထိုင်သောဆိုင်သို့ဝင်ရောက်၍အနားယူလေ၏။

လုကြီးမောင်ဝင်လာသည်ကို မေပုလဲနှင့် ရဲဘုန်းမြတ်တို့ ကြည့်နေ၏။ ဆိုင်တွင် လူစီးဟီးနိုးကားများ ဆိုက်ကပ်ခနရာ ပျားပန်းခတ်မျှ လူဝင်လူထွက်များ နေသဖြင့် လုကြီးမောင်မှာ မေပုလဲတို့ကို ဂရုမစိုက်မိ။

ထုံးစံအတိုင်း ဘီယာတစ်ဂျား မှာလိုက်ပြီးနောက် ကြက်ဆီထမင်းတစ်ပွဲမှာပြီး စားသောက်နေ၏။ နာရီဝက်မျှကြာသော် စားသောက်အပြီး ငွေရှင်းနေချိန်တွင် မေပုလဲနှင့် ရဲဘုန်းမြတ်တို့ နှစ်ယောက်က မိမိတို့ကားရှိရာသို့ သွားရောက်ပြီး လုကြီးမောင်၏ရှေ့မှ ကြို၍ နေပြည်တော်ဘက်ဆီသို့ကားကိုကီလိုမီတာ(၁၀၀)တင်ကာ စက်ရှိန်မြှင့်၍ မောင်းထွက်ခဲ့လေတော့၏။

နာရီဝက်ခန့်မောင်းမိသောအခါ ပေတစ်ရာကျယ်သော တံတားတစ်ခုသို့ ရောက်ရာ ကားကို တံတားထိပ်တွင် ခေတ္တရပ်ပြီး လုကြီးမောင်၏ကားကို စောင့်မျှော်နေကြတော့သည်။

နာရီဝက်အကြာတွင် (Fuso) ကားကြီးမောင်းလာသည်ကို တစ်မိုင်အကွာမှာ ကားမီးကိုမြင်တွေ့ရလေရာ မေပုလဲသည်ကားကိုတံတားအလယ်သို့မောင်းသွားပြီး လမ်းပေါ်တွင် ကန့်လန့်ကြီးရပ်ထားလိုက်၏။

ရဲဘုန်းမြတ်သည် တံတားပက်ယမ်းဘောင်တွင် ပုန်းကွယ်၍နေလေ၏။





www.burmeseclassic.com

www.burmeseclassic.com

မေပုလဲသည်ကားကိုရပ်ပြီးနောက်ကား စက်ဖုံးကိုဖွင့်ပြီးဘက်ထရီကြိုးကို ဖြုတ်ထားလိုက်သည်။

(Fuso) ကားကြီးမှာ တံတားထိပ်သို့ရောက်သော် ရေမှ ကန့်လန့်ခံထားသောကားရှိနေသဖြင့်ဆက်၍မောင်းမရတော့သဖြင့်ကားကိုရပ်လိုက်ပြီးနောက် လှကြီးမောင်သည် ကားပေါ်မှ ဒေါသတကြီး ဆင်းလာပြီး ရေမှ ကန့်လန့်ခံနေသောကားဆီသို့ လာခဲ့တော့၏။

မေပုလဲသည်လှကြီးမောင်ကို ခရီးဦးကြိုပြုလိုက်ပြီး -

"အတော်ပဲ - ဦးလေးရေ၊ ကျွန်မကား ဘာဖြစ်သွားမှန်းမသိလို့ တဆိတ်လောက်ကြည့်ပေးစမ်းပါ"

ဟု အကူအညီတောင်းလိုက်၏။

လှကြီးမောင်သည် အချိုးအဆစ်ပြေပြစ်လှပသော မေပုလဲကို လှရှင်းသုရှင်း တစ်ယောက်တည်း တွေ့လေရာ သွားသုံးဆယ့်ခြောက်ချောင်းပေါ်အောင် ပြုံးဖြီးနေလျက်၊

"မှန်းမှန်း - ကျွန်တော် ကြည့်ပေးမယ်"

ဟုပြောကာ ကားခေါင်းထဲသို့ ငုံ့၍ ကြည့်လိုက်၏။

"ဟာ - ဘာမှမဖြစ်ဘူးဗျ။ ဘက်ထရီကြိုးပြုတ်နေတာဗျ။ ပေးပေး - ဌပေး။ ကျွန်တော် လုပ်လိုက်မယ်"

ဟုပြောပြီး ဝက်အူကိုဖြုတ်လိုက်ပြီး ဘက်ထရီကြိုးကို ခေါင်းငုံ့တပ်နေစိုက် ရဲဘုန်းမြတ် ရောက်လာပြီး လက်ဝါးစောင်းဖြင့် လှကြီးမောင်၏လည်ပင်းအနီးရှိ မေ့ကြောကို ခုတ်ချလိုက်ရာ "အင့်" ခနဲ အသံတစ်ချက်သာ ထွက်နိုင်ပြီး သတိမေ့ကျသွားလေတော့၏။

ရဲဘုန်းမြတ်သည် သတိမေ့နေသော လှကြီးမောင်ကို မိမိတို့၏ကားနောက်မီးပစ္စည်းထည့်သောအခန်းထဲသို့ ထည့်လိုက်၏။

ထို့နောက်လှကြီးမောင်မောင်းလာသော (Fuso) ကားကြီးကို စက်နှိုးကာ လီဘာပေါ်သို့ အုတ်ခဲအကျိုးဖြင့် ဖိထားပြီး နံပါတ်(၂)ဂီယာကိုထိုးကာ ကားကို တံတား၏တစ်ဖက်ချောက်ထဲသို့မောင်းချလိုက်၏။

ထိုသို့ရဲဘုန်းမြတ် လုပ်ကိုင်နေချိန်တွင် မေပုလဲကလည်း အစဉ်သင့် ယူဆောင်လာသော ပလတ်စတစ်ဘူးဖြင့် ထည့်ယူလာသောခတ်ဆီများကိုကား၏အနောက်ခန်းတွင်ပါသော ဆီပီပါများပေါ်သို့တင်ကာ မီးရှို့လိုက်ကြလေ၏။



ကားစတင်ထွက်သည်နှင့် မေပုလဲနှင့် ရဲဘုန်းမြတ်တို့နှစ်ယောက်သည် ကားပေါ်မှ ခုန်ချ၍နေရစ်ခဲ့ပြီး မိမိတို့ကားထိ ပြေးဝင်ကာ ကားကို ရန်ကုန်မြို့ဘက်သို့ မောင်းခဲ့ကြလေတော့၏။

လှကြီးမောင်၏ကားကြီးမှာ အရှိန်ဖြင့် ချောက်ထဲ ကျသွားပြီး ဒီဇယ်တိုင်ကီကျိုးပဲ့ပျက်စီးကာ တစ်ကားလုံး မီးစွဲလောင်တော့သည်။

လှကြီးမောင် ပါလာသော ကားကလေးမှာ ရဲဘုန်းမြတ်တို့၏အိမ်ထဲသို့ အေးဆေးစွာ မောင်းဝင်ခဲ့လေတော့သတည်း။

"ဖြော - ဖြော"

"ဖလူး - ဖလူး"

"အား"

ရဲဘုန်းမြတ်က လှကြီးမောင်၏ မျက်နှာကို ရေဖြင့် လောင်းပက်လိုက်သည်။

သတိမေ့နေရာမှ လှကြီးမောင်တစ်ယောက် ရေဖြင့် ထိတွေ့မှုကြောင့် သတိပြန်ရလာ၏။

သတိရလျှင်ရချင်း ထရန်ပြင်ဆင်၏။ သို့သော် လှကြီးမောင်၏လက်နှင့် ခြေထောက်များကိုကုလားထိုင်၏လက်တန်းနှင့် ကုလားထိုင်ခြေထောက်တို့ကို မူးတွဲပြီး (ဆိုလိုတိတ်)များဖြင့် အထပ်ထပ် ရစ်ပတ်ချည်နှောင်ထားခဲ့ရာ မည်သို့မှ ရုန်းထွက်မရဖြစ်နေ၏။

ဦးခေါင်းတွင် ရွှဲစိုနေသောရေများကိုခါထုတ်လိုက်မှ မိမိ၏မျက်စိမြင်ကွင်းမှာ ရှင်းလင်းစွာ မြင်ရတော့သည်။

"မင်း - မင်း - ရဲဘုန်းမြတ်"

မိမိ၏ရှေ့တည့်တည့်တွင်ထိုင်နေသော ရဲဘုန်းမြတ်အား မမျှော်လင့်ဘဲ မြင်တွေ့လိုက်ရသည်တွင် အံ့ဩထိတ်လန့်၍သွားလေ၏။

"ဟား - ဟား - ဟား - ဘာလဲ ခင်ဗျားတို့သတ်လို့ သေပြီထင်ခဲ့တာလားဗျာ။ ခင်ဗျားတို့က ရွှေကို ယူသည်၊ ငွေကို ယူသည်၊ ပြီးတော့ - ကျွန်တော့်ဇနီးကိုပါ ယူသည်ဆိုတဲ့လူတွေပဲ"

"ငါငါ - ငါက ထွန်းခေါင်မိုင်းသမျှ လုပ်ရတဲ့ကောင်ပါကွာ။ ငါ့အသက်ကို ချမ်းသာပေးပါ"

"ခင်ဗျား အသက်သေခြင်း၊ မသေခြင်းက ခင်ဗျားအပေါ်မှာ မူတည် တယ် လှကြီးမောင်"

"အေး - အေး - အေး - ပါကွာ၊ မင်းခိုင်းတာ ငါအကုန်လုပ်ပါ့မယ်၊



www.burmeseclassic.com

www.burmeseclassic.com

ဟိုအကောင် ထွင့်ခေါင်ကို သတ်ပေးဆိုရင်လည်း ငါသတ်ပေးပါ့မယ်၊ ငါ့အသက်ကိုတော့ ချမ်းသာပေးပါ"

"ဟင်း - ဟင်း - ဟင်း - ထွင့်ခေါင်ကို ခင်ဗျား သတ်ပေးဖို့မလိုပါဘူး၊ ဒီအယုတ်တမာကောင်ကို ကျုပ်လက်နဲ့ ကျုပ်ကိုယ်တိုင်သတ်မှာဗျာ့"

"ဒါဖြင့် - မင်းအတွက် ငါ ဘာလုပ်ပေးရမလဲ၊ ပြောသာပြောပါ၊ ငါ့အသက်ကိုချမ်းသာပေးမယ်ဆိုရင်ငါအကုန်လုပ်ပါ့မယ်"

"ခင်ဗျားပြောတဲ့ စကား ခင်ဗျား တကယ်တည်ရမယ်နော်"

"စိတ်ချပါ - ရဲဘုန်းမြတ်ရယ်၊ ငါ့ကတိ ငါတည်ပါ့မယ်"

"ရော့ - ခင်ဗျားတို့ ကျွန်တော် သောက်တဲ့အရက်ထဲမှာ ထည့်တိုက်လိုက်တဲ့ဆေးပြားတွေ ခင်ဗျားသောက်လိုက်"

ရဲဘုန်းမြတ်က ဆေးပြားလက်တစ်ဆုပ်စာ ယူ၍ပေးလေ၏။

"ဟာ - ဒါတွေ ငါအကုန်သောက်ရမှာလား"

"ဟုတ်တယ်လေဗျာ"

"ဒါတွေသောက်လိုက်ရင် ငါသေမှာပေါ့ကွ"

"ခင်ဗျားသေမှာတော့ ကြောက်သလား"

"သေမှာမကြောက်ဘူးလို့ပြောတဲ့ကောင်ကတော့ ရူးနေလို့ပဲဖြစ်မှာပဲ ရဲဘုန်းမြတ်"

"ဟား - ဟား - ဟား - မသေချင်သေးဘူးဆိုရင်တော့ ကျွန်တော့်ကို အမှန်အတိုင်းပြန်ပြောပြ၊ နောက်ပြီး ကျွန်တော်မေးတာလည်း အမှန်တိုင်းဖြေ"

"မေးပါကွာ - ငါ အမှန်တိုင်းဖြေပါ့မယ်"

"ခင်ဗျားနဲ့ရှိစီ - တကယ်တူဝရီးတော်သလား"

"ကြံ့ကြံ့စည်ရာကွာ၊ သူက မော်လမြိုင်သူ၊ ငါက ကျောက်ပန်းတောင်းသားကွ၊ ဘာမှမတော်ဘူး"

"ဒါဖြင့် - တရားရုံးမှာတုန်းကတော့ ခင်ဗျားတို့က ဆွေမျိုးဆိုဗျ"

"အဲဒါတွေက ထွင့်ခေါင် ထွက်ဆိုနိုင်းသလို ငါက ထွက်ဆိုပေးရတာပါ"

"ကိုင်း - ဒါဖြင့် - ခေါင်းပြတ်နေတဲ့ အမျိုးသမီးအလောင်းက"

"အဲဒါက ရှိစီ့အလောင်းပါကွ"

"ဖြောင်း"

"ဖြောင်း"

"အား"

ရဲဘုန်းမြတ်တစ်ယောက် လိမ်ညာထွက်ဆိုနေသော လှကြီးမောင်၏ပါးကို ဘယ်ပြန်ညာပြန် ရိုက်ပစ်လိုက်သည်၊

ထို့နောက် ခါးကြားတွင် ထိုးလာသော (ချိုင့်)ရှာမှလုပ်သည့် (မကွေးချိုင့်နစ်ဖက်သွား)ဓားမြှောင်ကို ထုတ်ပြီး လှကြီးမောင်၏လည်ပင်းကို စတီဖြတ်လိုက်ရာ သွေးများ ဖေါက်ဖေါက်ပန်း၍ ထွက်လာ၏။

"အား"

"သေပါပြီဗျ - ပြောပါ့မယ် - ပြောပြပါ့မယ်၊ ငါ့ကိုမသတ်ပါနဲ့၊ ငါအမှန်အတိုင်း မင်းမေးသမျှ ဖြေပါ့မယ်"

လှကြီးမောင်သည်ကုလားထိုင်ပျဉ်တွဲ ၍ချည်ထားသော လက်နှင့်ခြေထောက်ကိုရုန်းလိုက်ရာ အပေါ်ယံအရေပြားများ ကွာထွက်ကုန်ပြီး လက်နှင့်ခြေထောက်များ သွေးများဖြာထွက်ကျလာ၏၊ ရစ်ပတ်ထားသောတိတ်ကြိုးခွေများမှာ နည်းနည်းမျှမလျှော့ပ်၊

"ထွင့်ခေါင်ရဲ့ခြံဝင်းအဝင်အထွက် အပေါက်ကိုစောင့်တာ ကျုပ်ရဲ့ဒရိုင်ဘာ တောက်ထိန် မဟုတ်လား"

"ဟုတ်ပါတယ်"

"ပြော - လက်စသတ်တော့ ကျုပ်နောက်ကျောကို ကပ်ပြီးဓားနဲ့ထိုးတဲ့လူတွေရှည့်ပါလားဗျ၊ အေးပေါ့လေ - လူယုံသတ်တယ်ဆိုတာ ဒါပဲပေါ့ဗျာ၊ အမှန်တော့ - ဒါတွေက မဆန်းလှပါဘူး"

"ခရစ်တော်ယေရှုကိုလုပ်ကြံခဲ့တာက သူ့ရဲ့တပည့်တော်လူယုံ (၁၂) ယောက်ထဲက (ယုဒ)ဆိုတဲ့လူပဲ၊ ခရစ်တော်ရဲ့နောက်ပါးမှာ အမြဲမပြတ် ခစားနေပြီးမှ ခရစ်တော်ယေရှုရဲ့ရန်သူတွေလက်ထဲကို ထည့်လိုက်ခြင်းခံခဲ့ရတယ်"

"ဂျူးလီယက်ဆီဇာဆိုရင်လည်း ရောမသမိုင်းမှာ အကျော်ကြားဆုံးစစ်သူရဲကောင်းတစ်ယောက်ပဲ၊ ဘယ်လောက်ထိ ကျော်ကြားသလဲဆိုရင် အီဂျစ်နဲ့ ဂေါမကို နိုင်အောင်တိုက်ခဲ့ပြီး ရောမအင်ပါယာကြီးကို အမြင့်မားဆုံးနိုင်ငံတော်ကြီးဖြစ်အောင် ထူထောင်နိုင်ခဲ့တဲ့သူရဲကောင်းတစ်ယောက်ပဲ၊ သူလည်း သူယုံကြည်လှပါတယ်ဆိုတဲ့ မှူးကြီးမတ်ရာ သေနာပတိတွေက ဝိုင်းပြီး တုတ်နဲ့ရိုက်၊ ဓားနဲ့ခုတ်လို့ သေခဲ့ရတယ်"

"အဆိုးဆုံးက သူအချစ်ဆုံး သူယုံကြည်ရဆုံး လူယုံတော်ဖြစ်တဲ့ (ဘရုတပ်စ်)ကိုယ်တိုင်က ဝန်ကြီးများကို





www.burmeseclassic.com

www.burmeseclassic.com

စည်းရုံးပြီးသူကိုယ်တိုင်ကိုပဲဂျူးလိယတ်ဆီဇာရဲ့နောက်ကျောကနေ မသေသမျှင်း အချက်ပေါင်းများစွာ ထိုးသတ်ခဲ့တာပဲ"

"မြန်မာရာဇဝင်မှာလည်းပြန်ကြည့်လိုက်စမ်း၊ ဘုန်းတန်ခိုး ဘယ်လောတ်ကြီးသလဲဆိုရင်လက်ညှိုးညွှန်ရာရေဖြစ်စေတဲ့ အလောင်းစည်သူမင်းကြီးမှာ သားတော်ကြီး မင်းရှင်စော၊ သားလတ်နရသူနဲ့ အငယ်ဆုံးသားတော် ထောက်လေှကားဆိုတဲ့ သားတော်(၃)ပါး ရှိခဲ့တယ်"

"အဲဒီသားတော်တွေထဲတမှ နရသူကို အချစ်ဆုံးမို့ သားကြီး မင်းရှင်စောကို ထီးနန်းလွှဲအပ်ရမှာမလွှဲအပ်ပဲ (ထွန်တုံးပူတက်)အရပ်ကို နယ်နှင်ဒဏ်ပေးပြီး သူချစ်တဲ့နရသူကို နန်းတင်ခဲ့တယ်၊ အလောင်းစည်သူမင်းကြီးဟာနရသူကို လုံးဝဥသုံယုံကြည်ခဲ့တယ်၊ သူယုံကြည်တဲ့ သူ့သားကပဲ အလောင်းစည်သူမင်းကြီးကို (ရွှေဂူကြီး)ဘုရားထဲမှာ မင်းကြီးရဲ့မျက်နှာကို ခေါင်းအုံးနဲ့ ဖိသတ်ခြင်းခံခဲ့ရတယ်"

"ဒါတွေဟာ လူယုံသတ်လို့သေခဲ့ရတာတွေပဲ၊ အခုလည်းကြည့် – ကျွန်တော်အယုံကြည်ရဆုံးကျွန်တော်အချစ်ရဆုံးမိန်းမနဲ့ သူငယ်ချင်းက ကျွန်တော်ယုံကြည်အားကိုးမှုကို အခွင့်ကောင်းယူပြီး ကျွန်တော့်ဘဝကို ဖျက်ဆီးခဲ့တယ်"

"အခုကြည့်စမ်း – ဘာမှမဟုတ်တဲ့ ကျွန်တော့် ဒရိုင်ဘာ တောက်ထိန်က တောင်မှ ထွင့်ခေါင်ဘတ်က ပါသွားတယ်"

ဟုရဲဘုန်းမြတ်က မကျေမနပ်ပြောနေ၏၊

"ခင်ဗျားရဲ့ထင်မြင်ယူဆချက်က မှားနေပြီ၊ခင်ဗျားကိုလုပ်တာကျွန်တော်ရယ်၊ ရိုစီရယ်၊ ထွင့်ခေါင်ရယ် ဒီသုံးယောက်ပေါင်းလုပ်တာ၊ဒီကိစ္စ ဘယ်သူမှမသိဘူး၊တောက်ထိန်က ခင်ဗျားကားမှောက်လို့ သေသွားပြီထင်ပြီး အခုအလုပ်ကို လက်ခံလိုက်တာပဲ"

ဟု လူကြီးမောင်က ရှင်းပြသည်၊

"သူကျွမ်းကျင်တဲ့ဒရိုင်ဘာအလုပ်ကို မလုပ်ပဲ ဘာ့ကြောင့်အပေါက်စောင့်အလုပ်ကို လုပ်နေတာလဲ"

ဟု သေရာအောင် ရဲဘုန်းမြတ်က မေးလိုက်သည်၊

"ထွင့်ခေါင်က တောက်ထိန်လို့ မယုံလို့ မနိုင်းတာ၊ တော်နေကြာ – ကားကိုချောက်ထဲ မောင်းချပစ်ရင် ဘယ်လိုလုပ်မလဲ"

"ကဲ – ကဲ – ဒါကိုထားလိုက်ပါတော့၊ ခေါင်းပြတ်သွားတဲ့ ကောင်မလေး အကြောင်း ပြောစမ်းပါဦး"

ဟု ရဲဘုန်းမြတ်ကမေးရာ လူကြီးမောင်က မိမိတို့သုံးယောက်ပေါင်းစည်းပြီးရဲဘုန်းမြတ်အားအကောက်ကြံခဲ့ပုံကို အောက်ပါအတိုင်း ရှင်းပြလေတော့၏၊

၅၇

"ခွမ်း"

"ဝုန်း"

"ဖျော – ဖျော"

ရဲဘုန်းမြတ် ရွှဲနေပြီဖြစ်သည်၊ လူမှန်းသူမှန်းမသိတော့၊ Red Rabel အရက်ပုလင်းတစ်ဝက်ကျသွားပြီ၊ ၎င်းအရက်အား ရေမရောပဲ သောက်နေရာ ဝမ်းထဲတွင် မီးတောက်နေပြီ၊

ပို၍ဆိုးသည်က ရိုစီ၏စီမံကိန်းထဲတွင် ရဲဘုန်းမြတ်ရောက်သွားသောကြောင့်ဖြစ်သည်၊

မူးယစ်ထုံထိုင်းပြီး စိတ်ကိုကြွစေသော (၈၈)ဆေးပြားက တစ်ဝက်၊ (၁)ဆေးပြားကတစ်ဝက်၊ ၎င်း(၈၈)နှင့်(၁) အမှတ်တံဆိပ်ပါဆေးပြားနှစ်ခုကိုအမှုန့်ကြိတ်ပြီး ၎င်းအမှုန့်အား ရဲဘုန်းမြတ်သောက်သုံးသော Red Rabel အရက်ပုလင်းထဲသို့ ရောစပ်ထားသည်ကို ရဲဘုန်းမြတ် မသိလိုက်၊

ရိုစီ့အပေါ်ရဲဘုန်းမြတ်၏မကျေနပ်ချက်များက များနေသည်၊ မိမိ မလစ်လိုက်နှင့်၊ လစ်လိုက်သည်နှင့်တစ်ပြိုင်လူတစ်ယောက်နှင့် ချိန်းတွေ့နေသည်၊ နောက်ယောင်ခံ၍ ရိုစီ၏နောက်သို့ ရဲဘုန်းမြတ်လိုက်ကြည့်ပြီး အမိဖမ်းရန်ကြိုးစားသော်လည်း လက်တစ်လုံးခြားလွတ်လွတ်သွားခဲ့၏၊

စိတ်ညစ်တော့ – အရက်ကို မပြတ်သောက်ဖြစ်သည်၊မိမိ၏လုပ်ငန်းများပင် လစ်ဟင်းလာခဲ့သည်၊ ယနေ့ညတော့ အပြတ်ရှင်းတော့မည်ဟု စိတ်ကူးပေါက်ကာ အပြင်မှာကတည်းက အရက်ကို မူးအောင်သောက်ခဲ့သည်၊

အိမ်ရောက်တော့ ဧည့်ခန်းတွင် ရိုစီကိုအဆင်သင့်တွေ့ရလေရာ မျောက်မျက်နှာမြင် ရိုက်ချင်ဆိုသည့်အတိုင်း အရက်ကို ထပ်၍သောက်သည်တွင် ရဲဘုန်းမြတ်တစ်ယောက် ဒုက္ခလှလှတွေ့ရတော့သည်၊

(၈၈)နှင့် (၁) အမှတ်တံဆိပ် စိတ်ကြွဆေးများ၏ တန်ခိုးအာနိသင်ပြလေ





www.burmeseclassic.com

www.burmeseclassic.com

ရာ ရဲဘုန်းမြတ် စိတ်မထိန်းတော့ပဲ ရှိုစီကို သတ်ရန်ကြံရွယ်တော့၏။

ဤအတ်လမ်း ဇာတ်ကွက်ဖြစ်လာဖို့ ရှိုစီကြိုတင်၍ကြံစည်ခဲ့ရာ ရှိုစီအတွက် အောင်မြင်မှုတစ်ရပ် ဖြစ်နေတော့လေ၏။

ရဲဘုန်းမြတ်သည် ပုလင်းများ၊ ဇန်ခွက်များ၊ အမြည်းပန်းကန်များဖြင့် ရှိုစီကို ပစ်ပေါက်ခဲ့၏။ ရဲဘုန်းမြတ်မှာ လူမှန်းမသိအောင် မူးနေသဖြင့် ရှိုစီအား တစ်ချက်မှ မထိ၊ မမှန်ခဲ့၊ နောက်တော့ ရဲဘုန်းမြတ် ကြမ်းပြင်ပေါ်သို့ မူးလဲကျသွားရာ ဆေးတန်ခိုးဖြင့် လူမှန်းမသိအောင် မေ့လဲသွားလေတော့၏။

"ကယ်ကြပါဦးရှင်"

"ကယ်ကြပါဦး၊ ကျွန်မယောက်ျားက ကျွန်မကို သတ်တော့မယ်"

"ရှင်"

"ဟုတ်ကဲ့ရှင် - ကျွန်မနာမည် ရှိုစီပါ"

"သမုဒယရိပ်မြုံမှာ နေပါတယ်"

"အမြန်လာခဲ့ကြပါ"

"ကျွန်မယောက်ျား - ကျွန်မယောက်ျား"

"အား - အား - အား"

"ဂျောက်"

"ဂျလောက် - ဂျလောက်"

တယ်လီဖုန်းက ကြိုးတန်းလန်းဖြင့် ပြုတ်ကျသွား၏။ ရှိုစီက (အကယ်ဒမီရှော့)ဖြင့် သရုပ်ဆောင်လိုက်သည်။

ကြောက်လန့်တကြားပုံသဏ္ဍာန်ဖြင့် မြို့ပ်သာရဲစခန်းသို့ ဖုန်းဆက်ခေါ်လိုက်ပြီး ယောက်ျားက လိုက်သတ်၍ ကြောက်အားလန့်အား ထွက်ပြေးရသည့်သဏ္ဍာန်ဖုန်းကိုလွှတ်ချလိုက်ခြင်းဖြစ်၏။

လှကြီးမောင်နှင့် ထွဋ်ခေါင်တို့နှစ်ယောက်သည်ပြည့်တန်ဆာမဖြူနှင်းဖွေးကိုခေါ်လာ၏။ ဖြူနှင်းဖွေးသည်ကြမ်းပြင်ပေါ်တွင် လဲကျနေသော ရဲဘုန်းမြတ်ကိုလည်းကောင်း၊ ဧည့်ခန်းတစ်ခန်းလုံးတွင် ဇန်ခွက်ကွဲအပိုင်းအစများ၊ ပုလင်းကွဲအပိုင်းအစများနှင့် အရက်အိုင်ထွန်းနေသည်ကိုတွေ့ရှိသည့်ပြင် နေရာအတည်တကျမဟုတ်တော့ပဲဖရိုဖရဲဖြစ်နေသော စားပွဲ၊ ကုလားထိုင်များကို မြင်တွေ့လေရာ အံ့သြနေ၏။

သို့သော်လည်း ကြာကြာပင်မအံ့သြနိုင်လိုက်ပေ၊ လှကြီးမောင်သည် ဖြူနှင်းဖွေး၏နောက်ကျောဘက်မှ ဇက်ပိုးကို ဓားဖြင့် ခုတ်ချလိုက်ရာ ဖြူနှင်းဖွေး၏ဦးခေါင်းသည် ၎င်း၏ကိုယ်ခန္ဓာနှင့် အဆက်ပြတ်ပြီး ကြမ်းပေါ်သို့ ဝုန်းခနဲ ကျသွားပြီး ကိုယ်ခန္ဓာကြီးက ရဲဘုန်းမြတ်၏ ကိုယ်ပေါ်သို့ မှောက်လျက်လဲကျသွားလေ၏။

လည်ပင်းမှ သွေးများ ပေါက်ပေါက်ပန်းထွက်နေ၏။ ရဲဘုန်းမြတ်၏ပတ်ပတ်လည်တွင် သွေးများ အိုင်ထွန်းနေသည်။

ထွဋ်ခေါင်နှင့် လှကြီးမောင်သည် ပြတ်သွားသော ခေါင်းကို ယူခဲ့ပြီး ဖြူနှင်းဖွေး၏အလောင်းကို ခြေနစ်ချောင်းမှ ဆွဲယူသွားရာ ဖြူနှင်းဖွေး၏သွေးများက ကြမ်းပြင်ပေါ်တွင်လည်းကောင်း၊ လှေတံခါးတစ်လျှောက်တွင်လည်းကောင်း၊ မြေမြုပ်ရာ မြေကြီးတစ်လျှောက်တွင်လည်းကောင်း စွတ်ကြောင်းရာကြီး ထင်နေတော့၏။

ဤသို့ သွေးစွတ်ကြောင်းထင်အောင် တမင်လုပ်ခဲ့ခြင်းဖြစ်သည်။ သို့မှသာ ရောက်လာသောရဲများ အမှုလမ်းကြောင်းလွဲသွားရန်နှင့် ရှိုစီသေပြီဟု ထင်မြင်ယူဆရန် လုပ်ခဲ့ခြင်းဖြစ်၏။

ရဲဘုန်းမြတ်၏လက်ထဲသို့ သွေးများ သုတ်လိမ်းထားသော ဓားမြှောင်တစ်ချောင်း ထည့်ခဲ့ပြီး အားလုံးခြေစလက်စများ ဖျောက်၍ လူသတ်မှုကို ရဲဘုန်းမြတ်၏အပေါ်သို့ ပုံ၍ချလိုက်ခြင်း ဖြစ်ပေသတည်း။

ဋ ဌ

လှကြီးမောင်က အထက်ပါအတိုင်း ခရေစေ့တွင်းကျ မိမိတို့လုပ်ခဲ့သမျှတို့ကို ပြန်ပြောပြလေ၏။

"ခင်ဗျားတို့ တော်တော်သွေးအေးပြီး ရက်စက်တဲ့လူတွေပဲ၊ ကျွန်တော့်အတွက်နဲ့ အပြစ်မရှိတဲ့ဖြူနှင်းဖွေး သေရတာပေါ့နော်"

ဟု ရဲဘုန်းမြတ်က လှကြီးမောင်ကို ပြော၏။ လှကြီးမောင်က ဘာမှပြန်မပြော။ ယခုမှ စိတ်မကောင်းသည့်ဟန်ပြနေ၏။

"ဒီမယ် - လှကြီးမောင်"

"ဗျာ - ကျွန်တော့်ကို လွှတ်ပေးတော့မလား"

"လွှတ်ပေးရတော့မှာပေါ့ဗျာ၊ ဒါနဲ့ ကျွန်တော်တို့ရှင်တော်ဂေါတမမိန့်မြွက်ကြားခဲ့တဲ့စကားတစ်ခွန်းကို ခင်ဗျားမှတ်မိမလားမသိဘူး"

ဟု လှကြီးမောင်ကို မေး၏။

"မြတ်စွာဘုရားက မိန့်ကြားခဲ့တဲ့ စကားတွေကများတော့ ဘာကိုခင်ဗျားဆိုလိုတယ်ဆိုတာ ကျွန်တော်မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com

"အော် – ဟော် – ဟုတ်ပေတာပေါ့။ အင်း – အင်း – ဒါဆို – ကျွန်တော်က အစ ဖော်ပေးရမှာပေါ့ဗျာ"

"ဒီလို ဗျ – ဗုဒ္ဓမြတ်စွာဘုရားတ သဒိသံ ပါကံ ဇနေတိ – တဲ့ဗျ။ သဒိသံ ဆိုတာက တူသော – တဲ့၊ ပါကံ – ဆိုတာ က အကျိုးပေး၊ ဇနေတိ – ဆိုတာက ဖြစ် စေ၏ – တဲ့ – လုကြီးမောင်ရဲ့"

"အားလုံးကို စုပေါင်းပြီး အဓိပ္ပာယ် ဖော်ရမယ်ဆိုရင်တော့ တံတူအကျိုးပေး လို့ ဆိုလိုတာပေါ့ဗျာ"

"ကိုယ်က ကောင်းတာလုပ်ရင် ကောင်းတဲ့အကျိုး ကိုယ်က ပြန်ရမယ်၊ ကိုယ်ကမကောင်းတာလုပ်ရင်မကောင်း တာ"

"ဗျာ …"

"ဒါ – ဒါ – ဒါဖြင့် – တျုပ် က ဖြုန်းခနဲဖွေး သေရသလို ပြန်သေရမယ် ဖွပ်ါ"

တုန်တုန်ရင်ရင်ဖြင့် လုကြီးမောင် ပြောသည်။ လူတစ်ဖက်သားကို သတ် ခဲ့စဉ်က ကြက်ကလေး၊ ငှက်ကလေး သတ်ခဲ့တဲ့လူတစ်ယောက်က ကိုယ့် အလှည့်ရောက်တော့ ကြောက်နေပြီး ဖြစ်၏။

"ရှေ့နေတစ်ယောက်ရဲ့တာပည့်လို့ မပြောရဘူး။ တစ်ထွာပြရင် တစ်လံမြင် တတ်ပဲကိုးဗျာ"

"ဟား – ဟား – ဟား – ခင်ဗျား ဖြုန်းခနဲဖွေးလို့တော့ မသေရဘူး၊ အေး အေးချမ်းချမ်း သေရပါမှာဗျာ – ဟား ဟား – ဟား"

ရဲဘုန်းမြတ်သည် လုကြီးမောင် အား ထိုင်ခုံပေါ်မှ ဖြုတ်ပြီး လက်ပြန်ကြိုး တုပ်ကာ ရေချိုးခန်းထဲသို့ ခေါ်သွား၏။

ရေချိုးခန်းထဲ သို့ ရောက် သော် ရေချိုးကန်အတွင်းသို့ လုကြီးမောင်၏ ဦးခေါင်းကို နှစ်၍သတ်လိုက်လေ၏။

ထိုသို့သတ်ပြီး ကား၏နောက်အခုံး ထဲသို့ ထည့်ကာ ရှေ့နေထွန်းခေါင်၏ တိုက်ရှိရာသို့ကားကိုမောင်းခဲ့လေတော့ သတည်း။

"ဟာ – ဆရာ ရဲဘုန်းမြတ် – ဆရာ မသေဘူးလား"

"ဘာလဲ – တောက်ထိန် – မင်းကပါ ငါ့ကို သေစေချင်နေတာလား"

မမျှော်လင့်ပဲ ရဲဘုန်းမြတ်ကို မြင် တွေ့ရသဖြင့် အံ့ဩသွား၏။

"ဟာ – မဟုတ်ရပါဘူး – ဆရာရယ်။ ဆရာ့ကို ထောင်ထဲမှာ သေသွားပြီလို့ ရှေ့နေထွန်းခေါင်က ပြောလို့ပါ"

"ကိုင်း – ဒီကိစ္စတွေ ထားလိုက် တော့၊ ငါ့ပစ္စည်းတွေ ငါပြန်ရဖို့မင်းကူညီ မှဖြစ်မယ်"

"ကူညီပါ့မယ် – ဆရာ၊ ဆရာ ကျွန်တော့်အပေါ် ကောင်းခဲ့တာတွေ အများကြီးရှိပါတယ်၊ ဆရာ့အတွက်ဆို ရင် ကျွန်တော့်အသက်ကိုပေးဖို့ ကျွန် တော် လက်မတွန့်ပါဘူး"

"အေး – ဒီလို ဆို ရင် ကောင်းပြီ ငါ့ကားနောက်ခန်းထဲမှာ လုကြီးမောင် အလောင်းပါတယ်၊ အဲဒီအလောင်းကို ရေချိုးကန်ထဲရောက်အောင် မင်းကူညီ ပါ"

"ကောင်းပြီ – ဆရာ၊ ကျွန်တော် ကူညီပါ့မယ်"

"ဟိုအကောင် ထွန်းခေါင် မရှိဘူး မဟုတ်လား"

"မရှိဘူး – ဆရာ၊ ကားမှောက်တဲ့ နေရာကို သွားတယ်"

"ဒါဖြင့် – ဒီမှာ ရီစီတစ်ယောက်ထဲ ရှိတာပေါ့"

"ဟုတ်တယ် – ဆရာ"

"အေး – ငါမသေသေးတာ မင်းတစ် ယောက်ပဲ သိပါစေ၊ ရီစီနဲ့ ထွန်းခေါင် မသိစေနဲ့"

"ဟုတ်ကဲ့ – ဆရာ"

"ကိုင်း – ငါတို့ကိစ္စတွေ စတင်လုပ် ကြစို့"

နှစ်ယောက်သား ကားနောက်ဖုံး ထည့် လာသော လုကြီးမောင်၏ အလောင်းကိုရီစီတို့၏ရေကူးကန်ထဲသို့ တိတ်တဆိတ်ချထားခဲ့၏။

အမှန်တော့ – ရဲဘုန်းမြတ်က လုကြီးမောင်အား ရေနစ်၍သေသည့် ပုံသဏ္ဍာန်ပြုလုပ်လို၍ရေနစ်သတ်ပြီးမှ ယူလာခြင်းဖြစ်၏။

"ဒီည ငါပြန်လာခဲ့မယ်။ မင်း ဣန္ဒြေ မပျက်နေပါ"

ဟုပြောကာ ထွန်းခေါင်၏အိမ်မှပြန် ခဲ့လေတော့သတည်း။

ရီစီသည် ညနေစောင်းပြီဖြစ်၍ ရေကူးကန်ဆီသို့ လာခဲ့လေ၏။

မိမိဝတ်လာသောအဝတ်များကို ချွတ်ပြီး ရေကူးဝတ်စုံများလဲပြီးနောက် ရေချိုးခန်းထဲသို့ဝင်ပြီး ကိုယ်လုံးကို

www.burmeseclassic.com

www.burmeseclassic.com

ရေများ စိုရွှဲသွားအောင် ရေခေါင်းဖွင့်ပြီး ပထမအဆင့် ကုန်းပေါ်မှာပင် ရေချိုး လိုက်သည်။

ထိုသို့ချိုးပြီးနောက်ရေထဲသို့ဒိုင်ဗင် ထိုးဆင်းရန် ဒိုင်ဗင်ဘုတ်ပေါ်သို့ တက်ခဲ့ သည်။

ဒိုင်ဗင်ဘုတ်ပေါ်မှ ရေချိုးကန် အတွင်းသို့လှမ်း၍ကြည့်လိုက်သည်တွင် ပက်လက်ကြီး ရေပေါ်ပေါ်နေသော လုကြီးမောင်၏အလောင်းကိုမမျှော်လင့် ဘဲ မြင်တွေ့လိုက်ရသည်တွင် -

"ဟာ - ရေထဲမှာ ဘာကြီးတုံး"

ရေကန်ထဲတွင် ပက်လက်ကြီးပေါ် နေသော လုကြီးမောင်၏အလောင်းကို မြင်တွေ့လိုက်ရလေရာ ထိတ်လန့်သွား တော့၏။

"ဟင် - လု - လု - လုကြီးမောင် အောင်မယ်လေး - ငါဘာဖြစ်သွားပြီလဲ၊ မူး - မူး - မူးလိုက်တာ - လုပ်ကြပါဦး ကယ်ကြပါဦး"

"ဝုန်း"

"ဗွမ်း"

"ဖြော - ဖြော - ဖြော"

ရှိစီ ဒိုင်ဗင်ဘုတ်ပေါ်မှ ခြေပစ်လက် ပစ် ကျသွားသည်။ လေထဲမှာပင် သတိ မေ့သွားတော့၏။

ကွယ်ရာမှ ချောင်းကြည့်နေသော ရဲဘုန်းမြတ်နှင့် တောက်ထိန်တို့နှစ် ယောက် အလျင်စလို ပြေးထွက်လာကြ ပြီး ရှိစီ ကျသွားသော ရေကန်ပေါင်အနီး သို့ သွားရောက်ကြည့်ရှုကြ၏။

"ဟာ - တောက်ထိန်"

"ဗျာ"

"ဒီကောင်မ သေလို့မဖြစ်သေးဘူး ကွ။ ဒီကောင်မကို စိတ်ဒုက္ခအမျိုးမျိုးပေး ပြီးမှ သေစေမယ်၊ ရေထဲ ဆင်းပြီး ကယ်စမ်း"

"ဟုတ်ကဲ့ - ဆရာ"

"ဝုန်း"

"ဖြော"

ကန်ရေအောက်ခြေတွင် သတိမေ့ နေသော ရှိစီရှိရာသို့ တောက်ထိန် ကျွမ်း ထိုးဆင်းသွားပြီး ဆယ်ယူလာခဲ့၏။

ရေမျက်နှာပြင်ပေါ်သို့ရောက်သော် ရဲဘုန်းမြတ်က ကူညီဆွဲယူပြီး ပခုံးပေါ် ထမ်း၍ခုန်ပြီး ရှိစီအား ရေများအန်ထွက် စေ၏။

"တောက်ထိန်"

"ခင်ဗျာ"

"ရှေးဦးသူနာပြုနည်းနဲ့ ရအောင် ကုလိုက်၊ သူငါ့ကို မြင်သွားလို့မဖြစ်ဘူး။ ညကျမှ ငါပြန်လာမယ် - ကြားလား"

"ဟုတ်ကဲ့ - ဆရာ"

တောက်ထိန်သည် ရှိစီ၏ရင်ဘတ် ကို လက်နှစ်ဖက်ဖြင့် အားစိုက်၍ဖိပေး ရာ ရှိစီ၏ပါးစပ်မှ ရေများ ဒလဟော ကျ လာ၏။ ထို့နောက် ရှိစီ၏ပါးစပ်နှင့် မိမိ၏ ပါးစပ် တေ့ဆက်ပြီး လေများ မှုတ်သွင်း လိုက်တော့လေရာ ရှိစီမှာ "အင်း" ခနဲ အသံထွက်၍ အသက်ရှူလာသည်ကို တွေ့ရလေ၏။

"အင်း - ဟင်း - ဟင်း"

"မမလေး - မမလေး - သတိရလာ ပြီလား"

"အေး - အေး - ဟဲ့ တောက်ထိန် ကန်ထဲမှာ - ကန်ထဲမှာ လုကြီးမောင် မဟုတ်လား"

"ဟုတ်တယ် - မမလေး"

"ဒီလူ ဘယ်လိုဖြစ်ပြီး ဒီကန်ထဲ ရောက်နေတာတုံး"

"သူ့ကြောင့် မမလေးတို့ စီးပွားရေး ပျက်စီးသွားတော့ စိတ်ညစ်ပြီး ကိုယ့် ကိုယ်ကိုယ် သတ်သေတာရှိမှာပေါ့"

"ဟင် - ဟုတ်လား၊ လာလာ - ငါ့ကို ကူပါဦး။ ဒီအလောင်းကို ရဲတွေမလာခင် ငါတို့ ဖျောက်ပစ်ရအောင်"

ရှိစီသည် လုကြီးမောင်၏ အလောင်းကို ရေထဲမှ ဆယ်ယူပြီး မြစ်၏ စနေထောင့်တွင် မြဲစောင့်တောက်ထိန် ၏အကူအညီကိုယူကာ မြေမြှုပ်ပြီး အလောင်းဖျောက်လိုက်လေတော့၏။

( )

လင်တော်မောင် ထွန်ရှိခေါင်က လည်းပြန်မလာသေး။

ရှိစီတစ်ယောက်တည်း စိတ်တွေ ချောက်ချားနေ၏၊ တစ်ကိုယ်လုံးလည်း နတ်ပူးသကဲ့သို့ တုန်ခါနေသည်၊ မနေ့က အဖြစ်အပျက်သည် ယနေ့ဖြစ်နေသကဲ့ သို့ခံစားနေရ၏၊ တစ်ညလုံးအိပ်၍မပျော် ခဲ့သဖြင့် မိုးသာ စင်စင်လင်းသွားသည် တစ်မှေးမှ မမှေးရသေး။

ဝမ်းဗိုက်ထဲမှာလည်း အစာက မရှိ၊ နံနက်မိုးလင်းလာသဖြင့် မအိပ်ရသေး သော်လည်း ထုံးစံအတိုင်း မျက်နှာသစ် ရန် ရေချိုးခန်းသို့ဝင်၍ ရေစင် (ဘေစင်) ရှေ့ရပ်လိုက်ပြီးမိမိ၏ပုံရိပ်ကိုကြည့်လိုက် သည်တွင် မိမိ၏နောက် မှ မည်သို့မှ မမျှော်လင့်ခဲ့သောလူတစ်ယောက်၏ မျက်နှာကို မြင်လိုက်ရလေရာ ရှိစီတစ် ယောက် သတိလက်လွတ်ဖြစ်သွားကာ အသက်ပင် မှန်အောင် မရှူနိုင်တော့။

မှန်ထဲတွင် ပေါ်လာသောပုံရိပ်မှာ မျက်နှာပြင်တစ်ခုလုံး ဖြူဖွေးနေပြီး မျက်

www.burmeseclassic.com

www.burmeseclassic.com

လုံးနှင့်ပါးစပ်သာ ထင်ထင်ရှားရှားမြင်ရသော ရဲဘုန်းမြတ်၏ပုံရိပ်ဖြစ်နေသော ကြောင့်ဖြစ်၏။

"အောင်မယ်လေး – သရဲ – သရဲ သရဲ"

ကြောက်အားလန့်အား အော်ဟစ်ပြီးနောက်သို့လှည့်ကြည့်လိုက်ရာ ဘာမှ မတွေ့။

ဘာမှမတွေ့သဖြင့်မှန်ကိုပြန်ကြည့်လိုက်သောအခါတွင် ရဲဘုန်းမြတ်၏ပုံက ပြန်ပေါ်နေပြန်လေရာ ရှိစီတစ်ယောက် သတိလက်လွတ်ဖြစ်ကာ ရေချိုးခန်းထဲတွင် မေ့လဲသွားလေတော့၏။

ရဲဘုန်းမြတ်သည် ရှိစီကို ပွေ့ချီပြီး ၎င်း၏အိပ်ရာထဲသို့ အရောက်ပို့ခဲ့ပြီးနောက် တောက်ထိန်ကိုခေါ်ကာ သတိရအောင် လုပ်ခိုင်းခဲ့ပြီး အိမ်သို့ ပြန်ခဲ့လေတော့၏။

---

"ဘယ်လိုမှမဖြစ်နိုင်ဘူး – ရှိစီ၊ ဒီအကောင်ကို ငါကိုယ်တိုင် သေနတ်နဲ့ ပစ်သတ်ခဲ့တာကွ"

"ရှင်ပစ်သတ်တာကျွန်မလည်းမြင်တာပဲ။ ဒါပေမဲ့ – သူ ကျွန်မမှန်ထဲမှာ ပေါ်လာတာ သေချာတယ်"

"ဒါဖြင့် – ဒီကောင်သူ့ပစ္စည်းတွေကို စွဲလမ်းပြီး သရဲဖြစ်နေပြီထင် တယ်"

ထွန်းခေါင် ပြန်လာတော့ အိမ်တွင်ဖြစ်ပျက်နေသမျှအားလုံးကို ပြန်ပြောပြ၏။

လုကြီးမောင်၏အလောင်းမြှုပ်သောနေရာကိုလည်းလိုက်ပြ၏။ ရဲဘုန်းမြတ် မသေသေးကြောင်း အကြောင်းအကန် ငြင်းဆို ပြောပြပါသော်လည်း ထွန်းခေါင်က လုံးဝမယုံကြည်။

အမှန်တော့ – ထွန်းခေါင် သံသယဖြစ်နေ၏။ လုကြီးမောင်၏အလောင်းကကားမှောက်သည့်နေရာတွင်သာ ရှိရမည်ဖြစ်ပြီး ဘယ်ကဲ့သို့သောအကြောင်းဖြင့် မိမိ၏အိမ်ဝိုင်းအတွင်းမှ ရေချိုးကန်ထဲရောက်နေရလေသနည်း၊ အဖြေရှာ၍မရဖြစ်နေ၏။

ရှိစီပြောသကဲ့သို့ပင် ရဲဘုန်းမြတ် မသေသေးသည်လား၊ သို့လောသို့လော တွေးတောစရာ ဖြစ်နေသည်။

သို့သော် နောက်ဆုံးတွင် သူကိုယ်တိုင် သေသေချာချာ သေနတ်ဖြင့် အနီးကပ်ပစ်သတ်ခဲ့ခြင်းဖြစ်သဖြင့် သေချာပေါက် သေဆုံးသွားခဲ့ပြီဟု သတ်မှတ်လိုက်ပြီး ရှိစီတစ်ယောက်လုကြီးမောင်၏ အလောင်းကို တွေ့ရှိရသဖြင့် သည်းခြေပျက်ပြီး ရူးသွားပြီ၊ ပုံမှန်စိတ် မရှိတော့ဟု သတ်မှတ်လိုက်လေတော့သတည်း။

---

ရှိစီသည် စိတ်များ ကယောင်ချောက်ချားဖြစ်နေ၏၊ အိပ်နေသည့်အခါတွင်လည်း ရဲဘုန်းမြတ်က အိပ်မက်ထဲမှာ ပေါ်လာ၏၊ မိတ်ကပ်လိမ်းရန် မှန်ရှေ့ထိုင်လိုက်သည့်အခါတွင်လည်း မှန်ထဲ ပေါ်လာ၏။

ရှိစီ၏တိုက်မှာ ကျယ်ဝန်းလှ၏။ ထိုတိုက်အကျယ်ကြီးထဲတွင် ရဲဘုန်းမြတ်အား ရိပ်ခနဲ၊ ရိပ်ခနဲ ဖြတ်သန်းသွားလာနေသည်ကို မြင်ရလေရာ ကြာတော့ ရှိစီတစ်ယောက် သွေးလေချောက်ချားနေတော့၏။

လူရိပ်လူယောင်ကို မြင်တွေ့ရသည်သာမက မကြာခဏလည်း တယ်လီဖုန်းဆက်၍ ရဲဘုန်းမြတ်က မိမိ၏ပစ္စည်းများကို ပြန်ပေးရန်နှင့် တောင်းနေသည့်အပြင် ရှိစီ၏အသက်ကိုပင် ခြိမ်းခြောက်နေလေတော့ရာ ရှိစီတစ်ယောက် သွေးပျက်နေပြီး မည်သူ့ကိုမှ မယုံတော့ပေ။

လင်ဖြစ်သူ ထွန်းခေါင်အိမ်တွင်ရှိနေပါက အနည်းအကျဉ်းတော်သေး၏။ ထွန်းခေါင် ခရီးထွက်သွားပါက တော်တော်ဆိုးလေ၏။ ဤကိစ္စများကို ထွန်းခေါင်အား ပြောပြပါသော်လည်း ထွန်းခေါင်က ဂရုမစိုက်သည့်အပြင် မိမိကိုပင် အရူးစာရင်း သွင်းနေပြီဖြစ်၏။

တစ်နေ့က စိတ္တဇဆေးရုံသို့ ခေါ်သွားသဖြင့် လမ်းမှာပင် စကားများ ရန်ဖြစ်ခဲ့ကြရသေး၏။ စကားအကြီးအကျယ်များကြရာတွင် ထွန်းခေါင်က စိတ်ကိုငြိမ်အောင်ထိန်းဖို့ မိမိအားပြော၏။ စိတ်ကို မထိန်းနိုင်ပါက မိမိကို သတ်မည်ဟု ပြောသဖြင့် ရှိစီက ထွန်းခေါင်ကို လုံးလုံးမယုံကြည်တော့။

ထွန်းခေါင်၏ကိုယ်ခန္ဓာထဲ စီးဆင်းနေသော သွေးများမှာ သုစရိုက်၊ ဒုစရိုက်များနှင့် မလိုလောဘ မောဟ၊ ဒေါသများ ရောပြွမ်းနေသဖြင့် လူသတ်ရမှာ လက်မနှေးတော့သည်ကို သိ၏။ ထွန်းခေါင်သည် ပြောလျှင်ပြောသလိုလုပ်သူဖြစ်ရာ မိမိ၏အသက်အန္တရာယ်မှာ စိုးရိမ်နေရပြီဖြစ်ကြောင်း ရှိစီ စဉ်းစားမိ၏။

မည်သို့ပင်ဖြစ်စေ၊ မိမိက လက်ဦးမှ ဖြစ်မည်ဟု စိတ်အကြံပေါက်ကာ ရှိစီတစ်ယောက် ဓားမြှောင်တစ်ချောင်းကို "မြ" နေအောင် "သွေး" ၍ထားလေတော့၏။

www.burmeseclassic.com

ထိုသို့ တစ်ယောက်တည်း စိတ်ကယောက်ကယက်ဖြစ်နေချိန်တွင်ရုတ်တရက် တယ်လီဖုန်းမြည်သံကြားလိုက်ရလေရာ လွန်စွာတုန်လှုပ်ချောက်ချားသွားပြီး လန့်၍ခုန်မိလေ၏။

"ကလင် - ကလင် - ကလင်"

"သောက် - ပလုတ် - တုတ် - တုတ် အောင်မယ်လေး လန့်လိုက်တာ၊ သောက် - တယ်လီဖုန်းက လာပြန်ပြီ"

ဟု မြည်တွန်တောက်တီးပြီး တဝွမ်ဝွမ် တတီတီမြည်နေသော တယ်လီဖုန်းကို ကောက်၍ကိုင်လိုက်၏။

"ဟဲလို - မရှိစီလား"

"ဟုတ်ကဲ့ - ဘယ်သူပါလဲရှင့်"

"ကျွန်တော် - ကျားကြီးပါ"

"ရှင် - ဘယ်သူ"

"ကျားကြီးပါ"

"ရှင့်ကို ကျွန်မ မသိဘူး။ နောက်ဆိုရင် မဆက်ပါနဲ့"

"နေ - နေ - နေပါဦး၊ ဖုန်းမချလိုက်ပါနဲ့၊ ကျွန်တော့်ကို ခင်ဗျားယောကျ်ားတလူသတ်ဖို့ ငှားထားလို့"

"ရှင် ..."

"ဟုတ်တယ် - အစ်သတ်ဖို့ငှားထားတာက မရှိစီကိုပဲ ခင်ဗျာ"

"ရှင်"

"ခင်ဗျားက ဈေးပိုပေးရင်တော့ ခင်ဗျားဘက်က ကျွန်တော်ပါဖို့ အသင့်ပဲ"

"ရှင် - ရှင်က ကျွန်မတို့ကြားမှာ ကတုန်းကတိုက်လုပ်နေတာလား"

"ခင်ဗျားမယုံဘူးဆိုရင်တော့ ခင်ဗျားကို သက်သေပြဖို့ ပစ္စည်းတွေ ကျွန်တော့်မှာ အများကြီးရှိပါတယ်"

"သက်သေ - ဟုတ်လား"

"ဟုတ်တယ် - တစ်ခုတော့ ခင်ဗျားသိအောင်ပြောထားရဦးမယ်"

"ဘာများလဲရှင့်"

"ခင်ဗျားကို ကျွန်တော်သတ်ပြီးရင် ကျွန်တော်လည်း သေရမှာပဲဗျ"

"အဲဒါက ဘာစကားလဲ"

"ဗုဒ္ဓမြတ်စွာဘုရားက ဟောထားတာ ရှိတယ်လေဗျာ၊ အင်း - ဘာတဲ့ သဒိသံ၊ ပါကံ၊ ဒဓနတိ တဲ့ဗျ"

"ရှင့်ဟာက ဘာတွေတုံး၊ ကျွန်မကို ရှင်းရှင်းပြောစမ်းပါ"

"ကိုယ်က သူများမကောင်းကြံရင် ကိုယ်လည်းမကောင်းကြံခံရမှာကိုပြောတာဗျ။ ရှင်းရှင်းပြောရရင် တုသောအကျိုးခံစားရမယ်ဆိုတာပေါ့ဗျာ၊ ဥပမာပြရင် ခင်ဗျားက ရဲဘုန်းမြတ်အပေါ်လှည့်စားပြီးအကောက်ကြံခဲ့ပြီး ချမ်းသာသည်ထက် ချမ်းသာအောင် လုပ်ခဲ့တယ်။ ဟောအခု - ကိုထွန်းခေါင်က ခင်ဗျားကို မကောင်းကြံပြီးသူကအငယ်အနှောင်းနဲ့ ဇိမ်ကျကျနေဖို့လုပ်နေပြီ"

"ခင်ဗျားကို ကျွန်တော်ကသတ်ပြီးတဲ့နောက် လုကြီးမောင်ကိုသတ်တဲ့အမှုကို မပေါ်အောင်ကျွန်တော့်ကိုနှုတ်ပိတ်ဖို့ လူတစ်ယောက်ငှားပြီးသွားပြီ"

"လုကြီးမောင်ကို သတ်တာ ရှင်ပေါ့"

"ဟုတ်တယ် - လုကြီးမောင်ကို သတ်ပြီး ခင်ဗျားတို့ရေချိုးကန်ထဲ ထည့်နိုင်းလို့ ထည့်ခဲ့ရတာကျုပ်ပဲ"

"ဘယ်သူကသတ်ခိုင်းပြီး ဘယ်သူက ထည့်ခိုင်းတာလဲ"

"ခင်ဗျားယောကျ်ားပေါ့"

"ရှင် ..."

"ခင်ဗျားယောကျ်ား သူ့အတွင်းရေးမှူးမလေးနဲ့ ရှုပ်နေတဲ့ဓာတ်ပုံတွေ ကျွန်တော့်ဆီမှာရှိတယ်။ အဲဒါတွေသက်သေအဖြစ် ကျွန်တော်ပေးမယ်။ ဒါဆို ခင်ဗျား ကျွန်တော့်ကို ယုံလိမ့်မယ်ထင်တယ်"

ရှိစီ တွေဝေသွားပြီး၊ ဒီလူပြောနေတာတွေ ဟုတ်မဟုတ်၊ မှန်မမှန် သိချင်သွားခဲ့ပေပြီ။ ဒီဓာတ်ပုံတွေကိုမှ ဒီလူပြနိုင်ရင်တော့ သူပြောတာတွေ မှန်နေပြီတတယ်လို့ ဒီဓာတ်ပုံတွေ မပြနိုင်ရင်တော့ ...။

"ကိုင်း - ဘယ်အချိန်၊ ဘယ်နေရာမှာ တွေ့ကြမလဲ"

"ခင်ဗျားယောကျ်ား အစ်ခရီးထွက်နေတုန်း တွေ့ကြရအောင်"

"ရှင် - ကျွန်မကို မသတ်ဘူးဆိုတာ သေချာလား"

"ကျွန်တော့်အတွက် ငွေသုံးသိန်း ယူခဲ့"

"သုံးသိန်း"

"ဟုတ်တယ်လေဗျာ - ခင်ဗျားယောကျ်ားက ခင်ဗျားကိုသတ်ဖို့ကျုပ်ကို ငွေနှစ်သိန်း ပေးထားတာဗျ"

"ကောင်းပြီ - ဘယ်နေရာလာရမလဲ"

"ထောက်ကြံ့မြို့က မော်ဘီ - ပဲခူးလမ်းခွဲလမ်းဘေးက တိုက်ပျက်ကို ဒီနေ့ ညနေ ခြောက်နာရီအရောက်လာခဲ့"

"ကောင်းပြီ - လာခဲ့မယ်။ ရှင်ကျွန်မကို ..."

"အော် - မရှိစီကလည်းဗျာ - ကျွန်တော် ကြိုက်တဲ့ငွေအရေအတွက်ရရင် ကျွန်တော်က ခင်ဗျားကို သတ်ဖို့မ[illegible]တော့ဘူးလေဗျာ၊ စိတ်ချလက်ချသာ လာခဲ့"





www.burmeseclassic.com

www.burmeseclassic.com

"ဂျောက်"

"ဂျလောက်"

တစ်ဖက်မှ ဖုန်းချသွားသော်လည်း ရှိစီတစ်ယောက် မှင်တက်မိနေသည်။

ဖုန်းကိုင်ထားသော လက်များလည်း တုန်နေသည်၊ နဖူးမှ ဇောချွေးများလည်း ကျနေ၏၊

မစံချင်စိတ်က ပြင်းပြနေသည်။

ကျားကြီးပြောထားသော ငွေသုံးသိန်းကို မိမိ၏ပိုက်ဆံအိတ်ထဲ ထည့်လိုက်၏။

ခေါက်ထားသောမှာ ကလောင်ကို လည်း ပိုက်ဆံအိတ်ထဲ ထည့်လိုက်ပြီး မီးဖိုခန်းထဲတွင်ထားသော စိတ်ငြိမ်ဆေးကိုယူသောက်ကာကျားကြီးချိန်းဆိုထားသော ထောက်ကြံ့မြို့ရှိ မော်ဘီ - ပဲခူးလမ်းခွဲသို့ သွားရန်ပြင်ဆင်၍ နေလေတော့သတည်း။

ရှိစီ စီးလာသော (SURF) ကားကလေးက ပဲခူး - မော်ဘီ - ရန်ကုန်လမ်းသုံးခွစုံကိုကျော်၍ မောင်းလာ၏၊ ၎င်းလမ်းသုံးခွစုံသို့ရောက်သော် မော်ဘီမြို့ဘက်သို့ ဆက်မောင်းလာပြီး (၃)မာလုံခန့် မောင်းမိသောအခါ ပဲခူးလမ်းခွဲအတွင်းသို့ ကွေ့၍ဝင်လိုက်၏။

ရန်ကုန်မြို့ကြီးကို ရေပေးသော ဂျိုးဖြူရေပိုက်လိုင်းကြီးကို ကျော်လိုက်သောအခါ သီဟိုပင်တောကြီးသို့ရောက်ရှိလေရာ ထိုသီဟိုပင်ခြံဘက်သို့ကွေ့ဝင်၍မောင်းခဲ့လေတော့၏။

ထိုသီဟိုခြံထဲတွင် တစ်ပိုင်းတစ်စဆောက်လက်စတိုက်အိုကြီးတစ်လုံး ရှိ၏။ ထိုခြံကြီးမှာ ဂျပန်ကုမ္ပဏီတစ်ခုမှ စီမံကိန်းတစ်ခုဖြင့် မြေငှားပြီး ဆောက်နေဆဲကာလတွင် မြေပိုင်ရှင်နှင့် ဘာပြဿနာရှိသည်မသိ၊ ဂျပန်များ ဆက်မဆောက်တော့ပဲထားခဲ့ရာမှခြံပိုင်ရှင်က သီဟိုပင်များစိုက်ထားခြင်းဖြစ်သည်၊

သရက်ပင်၊ မာလကာပင်၊ ဆူးပုပ်ပင်များလည်း စိုက်ထားရာ ခြံဧကက ကျယ်လွန်းသဖြင့် တောကြီးဖြစ်နေတော့၏။

ကျားကြီးသည် ထိုတိုက်ပျက်ကြီးထဲမှ ရှိစီအလာ စောင့်နေရာ ရှိစီ စီးလာသောSURFကားကကွေ့ဝင်လာသဖြင့် စီးကြိုပြီး တိုက်ပျက်နံရံတစ်ခုအနားသို့ ခေါ်လာပြီး မိမိယူလာသော ဓာတ်ပုံများကို ရှိစီအား ထုတ်၍ပြလိုက်၏။

"ထောက်"

ဓာတ်ပုံများကိုကြည့်ကာ ရှိစီ တက်ခေါက်လိုက်သည်၊

"ဒီဓာတ်ပုံတွေ ရှင် ဘယ်ကရလာသလဲ"

"ကျုပ်ကို နောက်ကျောကနေ ဓားနဲ့ထိုးနေတဲ့လူကို မျက်ခြေမပြတ် စောင့်ကြည့်နေရတာပေါ့ဗျ"

ဓာတ်ပုံများက ထွဋ်ခေါင်နှင့် သူ၏ စာရေးမကလေးတို့နှစ်ယောက် အချစ်နယ်ကျွံနေကြပုံများဖြစ်၏၊

"ဖျင်း - ဖျင်း"

ဓာတ်ပုံများကို ရှိစီက ဆုတ်ဖြဲလိုက်သည့်အခိုက်အတန့်တွင် သေနတ်သံတစ်ချက် ထွက်လာ၏၊

"ဒိုင်း"

"အား"

ကျားကြီး၏ ညာဘက်ရင်အုံ ပွင့်ထွက်သွားပြီး သွေးများက ရှိစီ၏မျက်နှာကို စွန်းပေသွား၏၊

"ရှိစီ - ပြေးပြေး - လွတ်အောင်ပြေး"

ရှိစီက ကြောင်၍ကြည့်နေသဖြင့် ကျားကြီးကအော်ဟစ်တွန်းထိုးလိုက်ပြီး ရှိစီ၏ခြေရင်းတွင်ခွေခနဲလဲကျသွားလေ၏၊

ရှိစီ နတ်ပူးသကဲ့သို့ တစ်ကိုယ်လုံး တုန်ခါသွား၏။ ကျားကြီးက တွန်းထိုးလွှတ်လိုက်မှ သတိပြန်ဝင်လာပြီး ကားဆီသို့ ပြေးသွားပြီး အိမ်သို့ လာလမ်းအတိုင်း မောင်း၍ပြန်ခဲ့လေတော့သတည်း။

"ဟား - ဟား - ဟား - ကျားကြီးကတော့ကွာ - သရုပ်ဆောင်ပုံရိုက်ချက်ကတော့ ရုပ်ရှင်သာဆိုရင် အကယ်ဒမီရှော့ပဲဟေ့"

တိုက်ပျက်တစ်နေရာမှ ပုန်းနေသောရဲဘုန်းမြတ်နှင့် မေပုလဲတို့ ထွက်လာပြီးသရုပ်ဆောင်ကောင်းသော ကျားကြီးကိုချီးကျူးထောပနာပြုနေလေ၏၊

ကျားကြီးကလည်း သွေးအိုင်ထဲမှ လူးလဲထပြီး စုတ်ပြတ်ပြီး သွေးစွန်းနေသောအင်္ကျီကို ချွတ်ပြီး ရဲဘုန်းမြတ်နှင့် မေပုလဲတို့ကို ကြိုဆိုလိုက်၏။

၎င်းတို့သုံးယောက်သည် ရှိစီ စီးသွားသောကားအိမ်ဝိုင်းအပြင်ရောက်မှ တစ်ယောက်နှင့်တစ်ယောက်တွေ့ကြခြင်းဖြစ်၏၊



www.burmeseclassic.com

www.burmeseclassic.com

"
ဒုတိယအချစ်ကိုထိတော့
ထွန်းခေါင် အုနှကျွဲခတ်ဖြစ်ရပြီ။
ထွန်းခေါင်သည် လဲကျသွားသော
သူ၏ဒုတိယအချစ်ထံ ပြေးသွားပြီး
ဆွဲထူလိုက်၏။ ကောင်မလေးမှာ
ရှိစီ၏ကန်ချက်က ပြင်းထန်သဖြင့်
ၔင်း၏ဦးခေါင်းချိုစောင်းနှင့်
အုတ်နံရံတို့ ထိခိုက်မိရာ
ချိုခေါင်းမှ သွေးထွက်နေ၏။



အမှန်တော့ - ကျားကြီးသည်ဗီဒီယို ဇာတ်ကားများတွင် သေနတ်မှန်ခန်း ရိုက်ကူးရာတွင်အသုံးပြုသောနည်းစနစ်ကို သုံးစွဲလိုက်ကြခြင်းဖြစ်၏။

ကျားကြီးသည် မိမိဝတ်ထားသော ရှပ်အင်္ကျီအောက်တွင် ကားတာယာခံထားပြီး တာယာအပေါ်မှ ပေါက်ကွဲစေသောယမ်းထုပ်ကို တင်ထားကာ ဝါယာကြိုးအသေးဖြင့် ဆက်သွယ်ထားပြီး ယမ်းထုပ်၏အပေါ်တွင် ဆိတ်သွေးများကို ဖလတ်စတစ်ဖြင့် ထုပ်ပိုးပြီး တင်ထားရာ ယမ်းထုပ်အား ဘက်ထရီဖြင့် ရှော့တိုက်ပြီးဖောက်ခွဲလိုက်ရာ သွေးများပန်းထွက်လာခြင်းဖြစ်၏။

ဓာတ်ပုံများမှာလည်း ထွန်းခေါင်တည်းခိုလေ့ရှိသော တည်းခိုခန်းမှ မန်နေဂျာကိုပိုက်ဆံအနည်းငယ်ပေးပြီး လျှို့ဝှက်ကင်မရာများ တပ်ဆင်ထားကာ ရိုက်ကူးထားခြင်းဖြစ်၏။

ရဲဘုန်းမြတ်သည် မိမိစံခဲ့ရသည်များကို တဖြည်းဖြည်းချင်း ပုံစံချ၍လုပ်နေခြင်းဖြစ်၏။ လူတစ်ဖက်သား၏စီးပွားဥစ္စာကို မတရားနည်းဖြင့် မပင်မပန်းပဲ ရယူထားရာ လွယ်လွယ်ရသောပိုက်ဆံကို ထွန်းခေါင်တစ်ယောက် လွယ်လွယ်ပင် သုံးစွဲနေခြင်းဖြစ်၏။

ရဲဘုန်းမြတ်သည် ရှိစီနှင့် ထွန်းခေါင်ကို ပညာသားပါပါ သွေးခွဲနေခြင်း ဖြစ်သည်။ စနစ်တကျစီမံပြီးမှ လုပ်ဆောင်နေခြင်းဖြစ်ရာ ရဲဘုန်းမြတ် ရွှေ့နေသော ကျားကွက်အတိုင်း ရှိစီတို့ အရွှေ့ခံနေရပြီဖြစ်၏။

ရှိစီသည် ကျားကြီးနှင့် ရဲဘုန်းမြတ်တို့နှစ်ဦး ပေါင်းပြီး လိမ်ညာခဲ့သည်ကို လုံးဝမရိပ်စားမိပဲ ဒေါသတကြီးဖြင့် ခရေပင်လမ်းမကြီးပေါ်တွင်ရှိသော မိမိ၏နေအိမ်သို့ ပြန်ခဲ့၏။

ထွန်းခေါင်ပြန်လာပါက ဓာတ်ပုံများကိုပြပြီး အပြတ်စာရင်းရှင်းမည်ဟုတွေးဆကာ ကားကို ကီလိုမီတာ(၁၀၀)ထိ တင်၍ စက်ရှိန်ပြင်းစွာ မောင်းလာခဲ့သည်။

ရှိစီသည်ကားကိုပြည်လမ်းအတိုင်း မောင်းလာရာမှ ခရေပင်လမ်းခွဲသို့ ရောက်သော် အောင်မင်္ဂလာအဝေးပြေး ကားလမ်းဘက်သို့ ချိုးကွေ့ဝင်လိုက်သည်။

ထိုသို့ရှိစီ ခရေပင်လမ်းခွဲသို့ရောက်သည့်အချိန်တွင် ရဲဘုန်းမြတ်နှင့်မေပုလဲတို့ကားက ရှိစီ၏ကားနောက်မှ (၃) ဖာလုံခွာမှ လိုက်လာလျက်ရှိသကဲ့သို့ ထွန်းခေါင်ကလည်း ခရီးထွက်ရာမှ ပြန်လာကြရာ အိမ်ဝိုင်းအတွင်းသို့ ကားဝင်လာခဲ့ခြင်းဖြစ်၏။

"ဟေ့ကောင် - တောက်ထိန် - မင်းအစ်မ အိမ်မှာရှိသလား"

တိုက်တံခါးမကြီးအဝင်တွင် တံခါးလာဖွင့်ပေးသော တောက်ထိန်ကို ထွန်းခေါင်က မေးလိုက်သည်။

"မရှိဘူး - ဆရာ၊ ပဲခူးကိုတစ်ညအိပ်သွားမယ်ပြောသွားတယ် - ဆရာ"

ဟုပြောကာ တံခါးဖွင့်ပေးလိုက်၏။ ထိုစကားကို ကြားရသော ထွန်းခေါင်နှင့် ၎င်း၏စာရေးမကလေးကဝမ်းသာအားရ ဖြစ်ခဲ့လေ၏။

ကားကို ဆင်ဝင်အောက်တွင် ရပ်လိုက်ပြီး တိုက်ခန်းတံခါးကိုဖွင့်ကာ နှစ်ယောက်သားခါးကိုဖက်၍အပေါ်ထပ်သို့ တက်သွားခဲ့သည်။

အိမ်ခန်းထဲသို့ ရောက်သော် ထွန်းခေါင်သည် သူ၏စာရေးမကလေးအား မိမိ၏အင်္ကျီကြယ်သီးများကို ဖြုတ်ခိုင်းနေ၏။

ထိုသို့ပြုလုပ်နေခိုက် ရှိစီ၏ကားက အိမ်ဝိုင်းတံခါးမကြီးနားသို့ ရောက်လာ၏။ ခြံတံခါးစောင့်တောက်ထိန်အား ထွန်းခေါင် ရောက်ပြီလားမေးရာ ရောက်ရှိကြောင်း ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

"တောက်ထိန် – နင့်ဆရာရောက်ပြီလား"

"ရောက်ပြီ – ဆရာကတော်"

"သူ့ကောင်မရော ပါလား"

"ပါတယ် – ဆရာကတော်"

"တောက်"

ရှိစီ၏ဒေါသများက ငယ်ထိပ်သို့ ရောက်သွား၏။

ရှိစီသည် ထွန့်ခေါင်၏ကားဖင်ပိုင်း အနီးတွင် မိမိ၏ကားကို ရပ်လိုက်ပြီး ကားပေါ်မှာပင် ပိုက်ဆံအိတ်ထဲမှဓား မြှောင်ကို ထုတ်လိုက်ပြီး အိမ်ထဲသို့ ဒရောသောပါး ဝင်သွားခဲ့သည်။

ထွန့်ခေါင်သည် သူ၏စာရေးမ ကလေးကိုအကြင်နာပေးနေ၏။ နောက် ကျောဘက်မှ ရှိစီ ရောက်လာသည်ကို မသိ။

"သစ္စာဖောက် – လောက်ကောင် သေပေတော့"

"အား"

"ဝိုး"

"ဖုန်း"

အားခနဲ အော်ဟစ်ကာ ရှိစီက ဓား မြှောင်ဖြင့် ထွန့်ခေါင်၏နောက်ကျောကို ထိုးလိုက်၏။

အသံပေး၍ဓားဖြင့် ထိုးလိုက်သည် က ရှိစီ၏အမှား ဖြစ်သွား၏။

ထွန့်ခေါင်သည် အသံကြားသဖြင့် စာရေးမကလေးအား အကြင်နာပေးနေ ရာမှ ရှိစီကို လက်ပြန်ရိုက်ချလိုက်ရာ ထွန့်ခေါင်၏ညာလက်က ရှိစီ၏နားရင်း ကို ပြင်းထန်စွာ ရိုက်မိလေရာ ထိုဒဏ် ချက်ဖြင့် ရှိစီတစ်ယောက် တံခါးဝသို့ လွင့်ထွက်သွား၏။

လက်ထဲကဓားက လွတ်ကျမသွား။ ထွန့်ခေါင်၏စာရေးမကလေးသည် ထို အဖြစ်အပျက်ကိုမြင်တွေ့လသောအခါ နိုးထုပ်နိုးထည်နှင့် မိ၍ ပိုင်ရှင်တွေ့သွား သဖြင့်ကြောက်အားလန့်အားအပြေးမှာ ရှိစီလဲကျနေသော အပေါက်တစ်ပေါက် သာရှိသော အပေါက်သို့အရောက်တွင် ရှိစီက ခြေနစ်ချောင်းဖြင့် ဆောင့်၍ကန် လိုက်၏။ ပြေးလာသောကောင်မလေး၏ ဆီးစပ်သို့ ကန်မိပြီး ကောင်မလေးမှာ အဝေးသို့ လွင့်စဉ်ကျသွားလေ၏။

"ဘုန်း"

"အင့်"

"သေပါပြီရှင့်"

ဒုတိယအချက်ကိုထိတော့ထွန့်ခေါင် အူနကျွံဝတ်ဖြစ်ရပြီ။ ထွန့်ခေါင်သည် လဲကျသွားသောသူ၏ဒုတိယအချက်ထံ ပြေးသွားပြီး ဆွဲထူလိုက်၏။

ကောင်မလေးမှာ ရှိစီ၏ကန်ချက် က ပြင်းထန်သဖြင့် ဗိုက်၏ဦးခေါင်း ချိုစောင်းနှင့် အုတ်နံရံတို့ ထိခိုက်မိရာ ချိုစောင်းမှ သွေးထွက်နေ၏။

"ဘာဖြစ်သွားသေးလဲ"

"ဘာမှမဖြစ်ဘူး – ဘာမှမဖြစ်ဘူး"

"ဟာ – ထိုးပြီ၊ နောက်က ထိုးပြီ"

ရှိစီဓားဖြင့်ထွန့်ခေါင်ကိုထိုးရန်ပြေး ဝင်လာ၏။ ကောင်မလေးကမြင်၍သတိ ပေးလိုက်ရာ ထွန့်ခေါင်သည် ချက်ချင်း လှည့်၍ လက်သီးဖြင့် ထိုးလိုက်၏။

"ဝိုး"

"ရွှတ်"

"အင့်"

"ဖောင်း"

"အား"

ထွန့်ခေါင်ထိုးလိုက်သောလက်သီး ကိုရှိစီသည်ငုံ့၍ရှောင်လိုက်ပြီးထွန့်ခေါင် ၏ဝမ်းဗိုက်ကို ဓားဖြင့် ပွတ်၍ဆွဲချလိုက် ရာ ထွန့်ခေါင်၏ဝမ်းဗိုက် ပြတ်သွားပြီး သွေးများ ပန်းထွက်လာ၏။

သွေးများကို ဂရုမစိုက်ပဲ ထွန့်ခေါင် က ဘယ်ခြေကိုဝိုက်၍ ရှိစီ၏နားထင်ကို မိမိရရ ကန်လိုက်ရာ ချက်ကောင်းထိ သွားပြီး ရှိစီတစ်ယောက် နတင်စောင်း ဖြင့် ဦးခေါင်းဆောင့်မိပြီး သတိမေ့သွား လေ၏။

ထွန့်ခေါင်သည်သူ၏ကောင်မလေး ကို ဆွဲထူပြီး အပြေးခိုင်းလေ၏။

"ပြေးပြေး – ရဲတွေ ရောက်မလာခင် ပြေး"

"အစ်ကို – အစ်ကို – ဘာဖြစ်သွား"

"ငါ့ကို ဂရုမစိုက်နဲ့ – နင်လွတ် အောင်ပြေး"

ထွန့်ခေါင်က ဖွတ်တွန်းထုတ်သဖြင့် ကောင်မကလေး တိုက်ပေါ်မှ ဆင်းပြေး လေ၏။

တံခါးမှူး တောက်ထိန်၏အနီးသို့ ရောက်သော် –

"ကိုတောက်ထိန် – တိုက်ပေါ်မှာ တော့ သတ်ကုန်ကြပြီ – သွားကြည့်ဦး"

ဟုပြောကာတိုက်၏အပြင်သို့ထွက် ပြေးလေတော့၏။ ကောင်မကလေး အဝေးသို့ ရောက်သွားသောအခါတွင် ရဲဘုန်းမြတ်နှင့် မေပုလဲတို့ စီးလာသော ကားက ထွန့်ခေါင်တို့ တိုက်တံခါးဝသို့ ရောက်လာ၏။

"တောက်ထိန် – အခြေအနေ ဘယ် လိုရှိလဲကွ"

www.burmeseclassic.com

"ပွဲသိမ်းနေပြီ - ဆရာ၊ ကျွန်တော်က ရိုစီပွဲရှုမသွားပဲ ပွဲရှုထွက်သွားတယ်၊ ညအိပ်လိမ့်မယ်လို့ ပြောလိုက်တော့ ထွန်းခေါင်တို့နှစ်ယောက် စိတ်လွတ်ကိုယ်လွတ် ပျော်ပါးနေတုန်း ရိုစီရောက်လာတာ၊ ကျွန်တော် ချောဆီထည့်လိုက်တာ အခုပေါ်မှာ ဆော်ပလော်တီးကုန်ကြပြီ - ဆရာ"

ဟု တောက်ထိန်က ရဲဘုန်းမြတ်ကို သတင်းကောင်း ပို့လိုက်၏။

ရဲဘုန်းမြတ်သည် ကားကို ဆင်ဝင်အောက်သို့ မောင်းသွားပြီး ရိုစီ၏ ကားနောက်မှ ရပ်လိုက်ပြီး ရိုစီနှင့် ထွန်းခေါင်တို့ရှိသောအခန်းသို့မေပုလဲနှင့်အတူဝင်သွား၏။

ထွန်းခေါင်သည် သတိမေ့နေသော ရိုစီ၏ ကိုယ်ခန္ဓာအပေါ်တွင် တက်ခွပြီး ရိုစီ၏လည်ပင်းကို ညှစ်၍သတ်နေ၏။ ထွန်းခေါင်၏ဝမ်းဗိုက်မှကျသော သွေးများက ရိုစီ၏ကိုယ်ခန္ဓာပေါ်တွင် စီးယိုဖိတ်ကျနေ၏။

ရဲဘုန်းမြတ်သည် ရိုစီအား လည်ပင်းညှစ်သတ်နေသောထွန်းခေါင်ကိုမြင်တွေ့လိုက်သောအခါတွင် ၎င်းတို့အနီး၌ကျနေသောဓားမြှောင်ကိုကောက်ယူပြီး ထွန်းခေါင်၏ ဘယ်ဘက်လက်ဖျံကို နောက်ကျောဘက်မှ ဓားမြှောင်ဖြင့် ထိုးချလိုက်၏။

"ခွပ်"

"အား"

"ဟာ - ဟောကောင် - ရဲဘုန်းမြတ်မင်း - မင်း - မသေဘူးလား"

"ဟား - ဟား - ဟား - မသေလို့ တွေ့ရ၊ မေ့နိုင်ပါ့မလား - ငါ့လူရာ - ဟား ဟား - ဟား"

ရဲဘုန်းမြတ်က ဓားဖြင့် ထိုးလိုက်သောအခါ ထွန်းခေါင်နောက်သို့ လန်၍ လဲကျသွားခဲ့ရာ ရဲဘုန်းမြတ်ကို မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရသဖြင့် အံ့ဩကြောက်ရွံ့စွာဖြင့် မေးမိ၏။

"ငါလုပ်ခဲ့ သမျှ မှားခဲ့ ပါတယ် သူငယ်ချင်း၊ ငါ မှားမှန်းသိလို့ မင်းပိုင်တဲ့ ပစ္စည်းတွေ မင်းကို ပြန်ပေးမယ်ဆိုပြီး ငါ့အခနေနဲ့ စာချုပ်စာတမ်းတွေ ရေးထားပါတယ်၊ ဟောဟိုက - မှန်ဗီရိုအံဆွဲထဲမှာ ရှိတယ် - သွားယူပါကွာ၊ ငါ့အသက်ကို ချမ်းသာပေးပါ"

"ဟိုသောက်ကောင်မစကားကို နားထောင်မိလို့ ငါမှားခဲ့မိပါတယ်"

ဟု ထွန်းခေါင်က တိုးလျှိုးတောင်းပန်၏။

မေပုလဲသည် ထွန်းခေါင်ပြောသော အံဆွဲကို သွားရောက်ဖွင့်လှစ်ပြီး ကြည့်ရာတွင် စာချုပ်စာတမ်းများကိုတွေ့ရာ ရဲဘုန်းမြတ်ထံသို့ ယူလာပြီး ပြလေ၏။

ရိုစီကတော့ သတိလုံးဝမရသေး၊ သွေးများ စိုရွှဲလျက် မေ့နေ၏။

ရဲဘုန်းမြတ်နှင့် မေပုလဲတို့နှစ်ယောက်စာချုပ်ကိုသဲသဲမဲမဲသေသေချာချာကြည့်နေ၏။ စာချုပ်မှာ အမှန်အကန်ဖြစ်၏။ ပထမ ရဲဘုန်းမြတ်မှ မိမိအား လွှဲပေးခဲ့ခြင်းကိုအခြေခံပြီးယခုရဲဘုန်းမြတ်အား ၎င်းပစ္စည်းများပြန်လွှဲအပ်ကြောင်း စာချုပ်ဖြစ်၏။

ထိုသို့ စာချုပ်ကို ရဲဘုန်းမြတ်တို့ [illegible]ရှုံစူးစိုက်နေစဉ် အခွင့်ကောင်းကိုယူ၍ ထွန်းခေါင်သည် ရဲဘုန်းမြတ်ကို ခုန်၍ အုပ်လိုက်၏။

"ကျား"

"ခွပ်"

"အား"

မိမိထံသို့ ခုန်၍ဝင်လာသော ထွန်းခေါင်အား ပွေ့ယူလိုက်ပြီး ဓားဖြင့်ဗိုက်ကို ရဲဘုန်းမြတ်က မိမိရရ ထိုးသွင်းလိုက်၏။

ထွန်းခေါင်၊ ရဲဘုန်းမြတ်ကို ဖက်လျက် အသက်ထွက်သွား၏။

အသက်ထွက်သွားသောထွန်းခေါင်ကို ရိုစီ၏အနီးတွင် ပက်လက်ချထားလိုက်ပြီး ဓားမြှောင်လက်ကိုင်ကိုအဝတ်ဖြင့် သုတ်၍ မိမိ၏လက်ဗွေရာများကို ဖျက်လိုက်သည်၊ ထိုသို့လက်ဗွေရာများကိုဖျက်ပြီး သတိမေ့နေသော ရိုစီ၏ညာဘက်လက်ထဲသို့ထည့်လိုက်ပြီး ရိုစီတစ်ယောက်၏ လက်ဗွေရာများ ထင်နေအောင် ထားလိုက်၏။

"အဲဒီစာချုပ်ကို ဗီရိုထဲ ပြန်ထည့်ထားလိုက် - ငါတို့ ပြန်ရအောင်"

"ဟင် - ကိုယ့်ပစ္စည်းကိုယ်ရတာ ပြန်မယူခဲ့ဘူးလား"

"အဲဒါကိုယူလာရင် ငါတို့လုပ်တာ သက်သေဖြစ်သွားမှာပေါ့ - မေပုလဲရဲ့၊ ထားခဲ့ - ထားခဲ့ - လာ - မြန်မြန်သွားရအောင်၊ အဲဒီ့ကိစ္စ ရဲတွေ ဆက်လုပ်လိမ့်မယ်"

ဟု ရဲဘုန်းမြတ်က ပြောသဖြင့် မေပုလဲက စာချုပ်ကို ဗီရိုအံဆွဲထဲ ပြန်ထားခဲ့ပြီး တိုက်ပေါ်မှ ဆင်းခဲ့ကြ၏။

အိမ်ဝိုင်းအပေါက်သို့ရောက်သော် တံခါးစောင့် တောက်ထိန်ကို ရဲစခန်းသို့ ဖုန်းဆက်ပြီး သက်သေအဖြစ် ထွန်းခေါင်၏ကောင်မလေး စာရေးမကလေးအား စစ်ဆေးရန် အကြံပေးပြောကြားရန် မှာ

www.burmeseclassic.com

ကြားခဲ့ပြီးနောက် မိမိတို့တိုက်ရှိရာ အောင်မင်္ဂလာအဝေးပြေးကားဂိတ်သို့ မိမိတို့၏ကားကို သွေးအေးအေးဖြင့်ပြန်ခဲ့ကြလေ၏။

ရဲဘုန်းမြတ်သည် တစ်ကောင်ကြွေ၊ သုံးကောင်စား၊ ကင်းပေါက်တျားကွက်ရွှေ၍ ကစားသွားခြင်းဖြစ်၏။

သက်သေခံပစ္စည်းဓားမြှောင်သည် ရိုစီ၏လက်ထဲတွင် ရှိနေခြင်း။

ရိုစီက ထွင့်ခေါင်အားဓားဖြင့်အပြီးကြီးကြီးဖြင့် ထိုးသတ်နေသည်ကို ထွင့်ခေါင်၏ကောင်မလေး စာရေးမကလေးက မြင်တွေ့နေရခြင်း။

ရဲဘုန်းမြတ်တို့ ရောက်လာသည့်အချိန်တွင် ထိုကောင်မလေး မရှိသဖြင့်၊ မသိသဖြင့်ကောင်မလေးသည်ရိုစီသတ်သည်ဟုမင် ထွက်ဆိုမည်ဖြစ်၏။

ရဲဘုန်းမြတ် တွေးထားသည့်အတိုင်းမင် ဇာတ်ပေါင်းသွားခဲ့သည်၊

တောက်ထိန်၏တယ်လီဖုန်းဆက်၍ ခေါ်လိုက်သဖြင့် တောက်ကြဲ့ရဲများရောက်လာပြီး သတိမေ့နေသော ရိုစီကို သက်သေခံပစ္စည်းကိုင်လျက်တွေ့ရှိကာ ဖမ်းယူ၍ အမှုဖွင့် လိုက်လေတော့သတည်း။

[ ]

"လူဆိုးထိန်းမောင်ကြီး - လူဆိုးထိန်းမောင်ကြီး - ဒါ့ကြောင့် လ်ည်းနာမည်ကြီးနေတော့တာပါပဲလားဗျာ"

ဟုအမှုလိုက်မောင်ပိုက်ကမြို့သာရဲစခန်းရုံးခန်းထဲတွင် စုဝေးနေကြသောရဲများကို ချီးကျူးပြောဆိုနေ၏။

ရဲဘုန်းမြတ်၏ အရှုပ်အထုပ်ကြီးရှင်းသွားခဲ့ပါသော်လည်းမြို့သာရဲစခန်းမှရဲများလုံးဝမပင်ပန်းလိုက်ပဲ တရားခံကို မိလိုက်ခြင်းကြောင့်ဖြစ်၏။

ယခု အမှုလိုက်မောင်ပိုက်သည် လူသတ်မှု၊ လိမ်လည်မှုတို့ဖြင့် အမှုဖွင့်ထားသော ရိုစီအား အင်းစိန်အချုပ်ထောင်မှသွားရောက်ဖမ်းဆီးခေါ်ဆောင်ခဲ့ရန်အတွက်မြို့သာမြို့မှ ရန်ကုန်မြို့သို့ သွားသောအဝေးပြေးကားဂိတ်သို့ထွက်ခွာရန်အတွက် ဖမ်းဆီးဝရမ်းနှင့် ခရီးသွားဝရမ်းတို့ ထုတ်ယူရန် နေ့စဉ်မှတ်တမ်းပြု၍ နေလေခြင်း ဖြစ်ပေသတည်း၊

ဆက်လက်ကြိုးစားပါဦးမည်၊

သဝေ့၊ အနိစ္စ၊ သခ်ါရ

→ မကွေး ညိုစိမ့်

- ခေတ်နှင့်လျော်ညီသော ကလေးတို့ သိထိုက်သည့် ဗဟုသုတများကို ကလေးတို့
နှစ်ခြိုက်စေသည့် ကာတွန်းဇာတ်လမ်း ပုံပြင်တို့ဖြင့် ပေါင်းစပ်တင်ဆက်ထားသည့်
- ကလေးများဆိုင်ရာ ဝင်ဆင်နွှဲနိုင်သော ဉာဏ်စမ်းပြိုင်ပွဲများစွာပါသည့် ...

Happy Time
ကလေးရုပ်စုံစာစောင်

ငွေကြိုသွင်း (၆) လစာနှုန်းထား   တစ်အုပ်တန်ဖိုး   ၂၂၀၀ × ၆(လ)   ၁၃၂၀၀
ငွေကြိုသွင်း (၁၂) လစာနှုန်းထား   တစ်အုပ်တန်ဖိုး   ၂၂၀၀ × ၁၂(လ)   ၂၆၄၀၀

ဆုပြည့်စုံထွန်းစာပေ
အမှတ် - ၅၁၈/၅၁၂ (၂-ခ) လွှာ (ပထမထပ်)
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၃၈၆၈၃၃၊ ၃၈၃၆၆၇

BURMESE CLASSIC

ပုံပြင်မကြားဖူးသော မိဘများနှင့် ပုံပြင်ဖတ်ချင်သော ကလေးငယ်များအတွက်

ပုံပြင်ကမ္ဘာ
ကလေးရုပ်စုံစာစောင်

ကလေးများအတွက် အသိဉာဏ်၊ အသိစွာ၊ ဆင်ခြင်ဉာဏ်တိုးပွားစေမည့်
ပုံပြင်များစွာကို အရောင်စုံတင်ဆက်ထားသော ....

ပုံပြင်ကမ္ဘာ
ကလေးရုပ်စုံစာစောင်

တန်ဖိုး (၁၂၀၀) ဖြင့်
လစဉ် (၂၅) ရက်နေ့တိုင်း ထွက်ရှိနေပါပြီ။

ဆုပြည့်စုံထွန်းစာပေ ⇨ အမှတ် (၅၁၈/၅၁၂)၊ ၂-ခ (ပထမထပ်)
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ...

www.burmeseclassic.com